အလင်္ကာဝတ်ရည်
စာပေတိုက်

ချေဂျီဗားရာ

Design:pannzan

အလင်္ကာဝတ်ရည် (စာစဉ် - ၅၃)

အလင်္ကာဝတ်ရည်

အလင်္ကာဝတ်ရည်စာပေ

အမှတ် ၂၈၀ (အေ)၊ ၃၉ လမ်း (အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၃၉၂၅၀၇

ထက်မြက် ၈၉၅.၈၃
ချေ/ ထက်မြက်။–ရန်ကုန်။
အလင်္ကာဝတ်ရည်စာပေ၊ ၂၀၁၂။
စာ –၂၆၂ ၊ စင်တီ – 20.7 cm X 12.7 cm
(၁) ချေ

ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ခြင်း ..... ပထမအကြိမ်
ထုတ်ဝေကာလ ..... ၂၀၁၂ခုနှစ်၊ အောက်တိုဘာ
အုပ်ရေ ၁၀၀၀
တန်ဖိုး ..... ၂၅၀၀ ကျပ်
အဖုံး နှင့် အတွင်း ..... အလင်္ကာဝတ်ရည်ပုံနှိပ်တိုက်
ထုတ်ဝေသူ ..... ဦးဥက္ကာအေး(ယာယီ-၁၁၄၀)
အလင်္ကာဝတ်ရည်စာပေ
မြန်ဆွေနေ(ရန်ကုန်) ..... အလင်္ကာဝတ်ရည်စာပေ
ဖုန်း-၀၁-၃၉၂၅၀၇
မြန်ဆွေနေ(မန္တလေး) ..... ထွန်းဦးစာပေ
ဖုန်း-၀၂-၃၉၈၉၁၊ ၇၃၅၀၂
နဂါးစာပေ
ဖုန်း-၀၂-၃၉၆၆၉
အဖုံးဒီဇိုင်း ..... ပန်းချာန်
စာစီ ..... အလင်္ကာဝတ်ရည်စာပေ

ထက်မြက်

ချေ

ကျောင်းသားဘဝ "ချေ"

ဆရာဦးဖိုးလွင်နှင့် ဝေ့ဝေ့သင်္ဘော

ვიდეო ჩაწერა

ကက်စ်ထရို၊ ချေနှင့် ၄င်း၏သမီး

ჯარისკაც ცაიგერი:

အနက်စတို ချေငွေဖားရား



အနက်စတို ချေဂွေဗားရား

အနက်စတို ချေဂွေဗားရား



အနက်စတို ချေဂွေဗားရား

အနက်စတို ချေငွေဖားရား

အနက်စတို ချေဂွေဗားရား

ფენომენალური ცეკვა

အနက်စတို ချေဂွေဗားရား

အနက်စတို့ ချေငွေမှားရား

အနက်စတို ချေငွေဖားရား

အနက်စတို ချေဂွေဗားရား



ချေ မိန့်ခွန်းပြောကြားစဉ်

ဝတ်လုံနှင့်ဘဝသား

ప్రెసిడెంట్ ఫోర్డ్‌కు

ချေနှင့် ကက်စ်ထရို

ဆရာတော်ဘုရားကြီးနှင့် ဝေါဟာရ ဗဟုသုတ ဆွေးနွေးပွဲတက်ရောက်သူများ

ချုန့် နိုင်ငံခြားည့်သည်များ

ကျောင်းသားများ ဗိုလ်ချုပ်ကို ဝိုင်းရံကြိုဆိုနေကြစဉ်။

ချေ၊ ကက်စ်ထရိုနှင့် ရဲဘော်များ

ချေနှင့် ရဲဘော်များ

ချေ၊ ကက်စ်ထရိုနှင့် ရဲဘော်များ

တော်လှန်ရေးကာလ တောတွင်းတစ်နေရာတွင်

ဖွယ်ခဲ့ဖြိုဖျင်းမှ ပုံပါဝ

ချေတီ အလောင်း

ဒေါက်တာခင်ညြ ပြုပြင်ထိန်းသိမ်းရေးဗဟိုအဖွဲ့ဝင်များ ပြုပြင်ထိန်းသိမ်းရေးဗဟိုအဖွဲ့ဝင်များ ဒုတိယအကြိမ်မြောက် အစည်းအဝေးတက်ရောက်စဉ်

ကိုယ့်လူ ...ငွေဗားရား

(၁)

တလောကတုန်းဆီက လူငယ်များအတွက် ရည်စူးထုတ်ဝေသည့် မဂ္ဂဇင်းတစ်စောင်တွင် အစ်ကိုကြီးလိုခင်ရသည့် မိတ်ဆွေ၏ ကဗျာတစ်ပုဒ်ကို မထင်မှတ်ဘဲ ဖတ်လိုက်ရသည်။ သူ့ကဗျာက ကွယ်လွန်သည်မှာ နှစ်ပေါင်း ၄၀ ပြည့်ပြီဖြစ်သည့် အာဂျင်တီးနား နိုင်ငံသားပြောက်ကျားတော်လှန်ရေးသမား 'ဒေါက်တာ အာနက်စတို ချေဂွေဗားရား'ကို မှတ်မှတ်ရရ ခီးကျူးဂုဏ်ပြုထားသည့် ကဗျာ . . ။

ကဗျာအမည်က 'သူတော်စင်ကြယ်ပွင့်'။

ကြယ်ပွင့်ဂျိမ်း (စ) ဒင်းကို
တစ်ကမ္ဘာလုံးက ငေးကြည့်ရသလို
ငါတို့အားလုံး ချေဂွေဗားရားကို
ငေးကြည့်ခဲ့ရ။

. . . . . .

. . . . . .

သူနိုင်ငံက မြေကြီးကို ချစ်စိတ်နဲ့ နမ်းသလို
တခြားနိုင်ငံက မြေကြီးကိုလည်း ချစ်စိတ်နဲ့ နမ်းခဲ့
တစ်ကမ္ဘာလုံးက မြေကြီးကိုလည်း ချစ်စိတ်နဲ့ နမ်းခဲ့
ဒါကို ကမ္ဘာသိအောင် သမိုင်းကို သွေးနဲ့ရေး
နိုင်ငံမရွေး ဝါဒမရွေး လူမျိုးမရွေး
လူအားလုံးရဲ့ ချစ်ခြင်းကိုရခဲ့
.....
.....
မာရာဒိုနာရဲ့ ဘုရားပေးတဲ့ လက်ပေါ်မှာ
ချေဂွေဗားရားရှိတယ်
အာရှလူငယ်တစ်ဦး ဂျာမနီရောက်တဲ့အခါ
သူလက်မောင်းအိုး အသားနုနုပေါ်က
'ချေ'ရဲ့ ဆေးမင်ရုပ်ကိုမြင်တော့
'ဟေ့ . . ချေလာပြီ . . ချေလာပြီ'လို့
နိုင်ငံစုံက လူငယ်တွေက
လက်ခုပ်တီး သြဘာပေးကြ
လူငယ်တွေရဲ့ ရင်ထဲမှာ ချေရှိတယ်။
.....
.....
၂၀ ရာစုကို သမင်လည်ပြန် ကြည့်တဲ့အခါ
အမှန်တရား ရွှက်လေပေါ်မှာ
လူသားမေတ္တာ ပန်းခြင်းကို သယ်ဆောင်လာသူ
နိုင်ငံမရွေး လူသားအားလုံးကို ချစ်ခဲ့သူ
အဆုံးစွန် ပေးဆပ် စွန့်လွှတ်ခဲ့သူ
ခေတ်သစ်ရဲ့ သူတော်စင်ဖြစ်ခဲ့သူ။
.....

. . . . . .

'It is better to die standing than to live on your kness'.

မောင်ကြူးရင့်

ဒီဘက်နောက်ပိုင်း နှစ်တွေမှာလည်း တစ်ခုသတိထားမိတာ ရှိသည်။ လူငယ်တွေဆောင်းသော ကက်ဦးထုပ်တွေမှာလည်း ပြောက်ကျား ခေါင်းဆောင် ချေဂွေးဗားရား၏ပုံက နေရာယူလာသည်။ မြို့လယ်မှာ ချိတ်ဆွဲရောင်းသည့် တီရှပ်တွေမှာလည်း 'ချေ'၏ပုံကို တော်တော်များများ တွေ့လာရသည်။ ကမ္ဘာကျော် ရုပ်ရှင်မင်းသား၊ မင်းသမီးနှင့် အဆိုတော်တွေ၏ ရုပ်ပုံများကြားတွင် ပြောက်ကျား တော်လှန်ရေးသမား၏ ရုပ်ပုံလွှာက တိုးဝင်နေရာယူနေဆဲပါလား။

ကိုကြူးရင့် ကဗျာထဲကလို 'ချေ'၏ ရုပ်ပုံလွှာက ကမ္ဘာကျော် ဘောလုံးသမား မာရာဒိုနာ၏ လက်မောင်းပေါ်တွင်လည်း ရှိသည်။

ခုတစ်လောတော့ ကျွန်တော်တို့ဆီက လူငယ်ကလေးတွေ၏ လက်မောင်းစုံများပေါ်တွင်ပင် အတွေ့များလာသည်။ ကျွန်တော့် သူငယ်ချင်းတစ်ယောက်၏ သားကလေးမှာ ဆေးတက္ကသိုလ် တက်နေသော်လည်း လူပုံကနွဲ့နွဲ့ ချောချောကလေး။ သူတို့အိမ်ရောက် လို့၊ သူ့ကို စွပ်ကျယ်လက်ပြတ်ကလေးနှင့် တွေ့တော့မှ၊ သူ့လက်မောင်းပေါ်က ဆေးမင်ကြောင်ရုပ်ကို သေချာကြည့်မိသည်။ အလိုလေး 'ဒေါက်တာ ချေဂွေးဗားရား'ပါလား။ ယဉ်ကျေးမှုတက္ကသိုလ်တွင် ပန်းချီပညာသင်ယူနေသည့် သမီးငယ်ကလည်း သူ့လွယ်အိတ်တွင် သူကြိုက်နှစ်သက်သော မင်းသား၊ မင်းသမီးများပါသည့် ရင်ထိုးအဝိုင်းကလေးများကို ချိတ်ဆွဲထားတတ် သည်။ တစ်ခါ . . ကျောင်းသွားခါနီး၊ သူ့လွယ်အိတ်ကို သတိထားမိတော့ . . ကိုရီးယား မင်းသားချောပုံနှင့် ဒေါက်တာချေဂွေးဗားရားပုံကို ယှဉ်တွဲလျက် ချိတ်ထားသည်ကို တွေ့ရသည်။

ဒါနဲ့ . .

"သမီး . . ဒါ ဘယ်သူ့ပုံလဲ . . သမီးကြိုက်လို့လား"
ဟု မေးကြည့်တော့ . .
"မသိဘူး . . အဖေ" ဟု ဖြေသည်။
"မသိဘဲ ဘာလို့တပ်ထားရတာလဲ"
ဟု မေးတော့ . . ခပ်ပေါ့ပေါ့ပင် . .
"ပုံက မိုက်တယ် အဖေရ"
ဟု ပြန်ပြောသည်။ ဒီတော့မှ ကျွန်တော့်အတွေးများက လွန်ခဲ့သည့် အနှစ် ၄၀ ကျော်ကာလ၊ ဘိုလီဗီးယားတောအတွင်း တစ်နေရာတွင် ယုံကြည်ချက်အတွက် အသက်စွန့်သွားခဲ့သည့် အာဂျင်တီးနား နိုင်ငံသား၊ ပညာတတ်ဆရာဝန် တစ်ဦးဖြစ်သည့် ပြောက်ကျားခေါင်းဆောင် 'ဒေါက်တာ အာနက်စတိုချေဂွေဗားရား'၏ ပုံရိပ်များကို တဖြည်းဖြည်း ပြန်လည်မြင်ယောင်လျက် . . ။

(၃)

'ကျွန်တော့်ဘဝမှာ လူတစ်ယောက်ချင်း ခံစားနေကြရတဲ့ ရောဂါတွေကို ကုသပေးရတာထက်၊ လူမျိုးအလိုက် တိုင်းပြည်အလိုက် ခံစားနေကြရတဲ့ရောဂါတွေကို ကုသပေးရတာက ပိုပြီး အကျိုးရှိလို့ပါပဲ'

ချေဂွေဗားရား

ချေဂွေဗားရားကို အာဂျင်တီးနားပြည်၊ အရှေ့မြောက်ဒေသ ပါရာနာမြစ်ကမ်းပေါ်ရှိ ရိုစာရီယိုမြို့ကလေး၌ ၁၉၂၈ ခု၊ ဇွန်လ ၁၄ ရက်နေ့တွင် ဖွားမြင်သည်။ ဖခင်ဖြစ်သူမှာ အာဂျင်တီးနားလူမျိုး အာနက်စတို ဂွေဗားရားလင့် (ချ) ဖြစ်၍ မိခင်မှာ အိုင်းရစ်လူမျိုး ဆီလီယာတာနာ ဖြစ်သည်။ တကယ်တော့ သူ၏နာမည်အပြည့်အစုံမှာ 'အာနက်စတိုချေဂွေဗားရား'ဖြစ်သည်။ အာဂျင်တီးနားတွင် 'ချေ' ဟူသောစာလုံး၏ အဓိပ္ပာယ်မှာ 'ကိုယ့်လူ'ဟု ရင်းရင်းနှီးနှီးခေါ်သော အဓိပ္ပာယ်ဖြစ်သည်။ ချေဂွေဗားရားသည် သားသမီး၄ါးယောက်တွင်

ဆင်နွှဲရန် မက္ကဆီကိုသို့ ရောက်လာခဲ့ခြင်း ဖြစ်သည်။ ထို့နောက် ကပ်စထရိုး၏ ကျူးဘားတော်လှန်ရေးတွင် ကိုယ်တိုင်ကိုယ်ကျပါဝင်ကာ ရှပ်ရှပ်ချိုးချိုး ဆင်နွှဲခဲ့သည်။ ၁၉၅၉ ခု၊ ဇန်နဝါရီ ၁ ရက်တွင် အာဏာရှင် ဘာတစ္စတာအစိုးရသည် ကပ်စ်ထရိုတို့၏ ပြည်သူ့လက်နက်ကိုင်တပ်များ လက်တွင်းသို့ ကျရောက်ခဲ့ရသည်။

ဂွေဗားရားသည် ကျူးဘားတော်လှန်ရေး အောင်ပွဲခံ ပြီးနောက် ၁၉၅၉ ခုနှစ်၊ နိုဝင်ဘာလတွင် ကျူးဘားတော်လှန်ရေး အစိုးရ၏ အမျိုးသားဘဏ်ကြီး၏ ဒါရိုက်တာ ဖြစ်လာသည်။ ၁၉၆၁ ခု၊ ဖေဖော်ဝါရီလတွင်မူ ကျူးဘားတော်လှန်ရေး အစိုးရ အဖွဲ့ဝင် စက်မှုဝန်ကြီးအဖြစ် တာဝန်ယူခဲ့ရသည်။ သူ၏ အရည်အချင်းနှင့် စွမ်းဆောင်မှုများကြောင့် ကျူးဘားပြည်တွင် အသေးစား၊ အလတ်စားနှင့် အကြီးစားစက်မှုလုပ်ငန်းများ တည်ထောင်နိုင်ခဲ့သည်။ မူလက နိုင်ငံခြားသီးသန့်ရွှေနှင့် ငွေဒေါ်လာ သန်း ၅၀ သာ ရှိခဲ့ရာမှ ဒေါ်လာ ၁၉၆ သန်းထိ တိုးပွားလာခဲ့သည်။ ၁၉၆၀ ပြည့်နှစ်တွင် ကျူးဘားတော်လှန်ရေး အစိုးရအဖွဲ့က တိုင်းပြည်စီးပွားရေး တည်ဆောက်မှုအတွက် ဗဟိုစီးပွားရေးစီမံကိန်းဘုတ်အဖွဲ့တစ်ခုကို ဖွဲ့စည်းခဲ့ရာ ဂွေဗားရားမှာ ထိုဘုတ်အဖွဲ့၏ ခေါင်းဆောင်ဖြစ်လာခဲ့သည်။

အာရှ၊ အာဖရိကနှင့် လက်တင်အမေရိက အပါအဝင် နိုင်ငံများက အပြည်ပြည်ဆိုင်ရာ ပြောက်ကျားခေါင်းဆောင်အဖြစ် တညီတညွတ်တည်း အသိအမှတ်ပြုခြင်းခံခဲ့ရသော ဂွေဗားရားသည် ၁၉၆၀ ပြည့်နှစ် နွေရာသီတွင် စပိန်ဘာသာဖြင့် ရေးသော 'ပြောက်ကျားစစ်ဆင်ရေး' စာအုပ်ကြီးကို ပထမဆုံးအကြိမ် ထုတ်ဝေခဲ့သည်။ ဤစာအုပ်ကို ကျူးဘားအစိုးရ၏ အမျိုးသားလယ်ယာမြေ ပြုပြင်ရေးအဖွဲ့ချုပ်ကြီး (INRA)က ကြီးကြပ်ထုတ်ဝေခဲ့ခြင်းဖြစ်သည်။ ဤစာအုပ်ထွက်သည်နှင့် လက်တင်အမေရိကနိုင်ငံအားလုံးတွင် အကြီးအကျယ် ဂယက်ရိုက်သွားသည်။ အုပ်ရေ ငါးသောင်းကျော် ရိုက်နှိပ်ခဲ့ရာ၊ အရောင်းရဆုံးစာရင်းဝင်

သည်။ ပင်ကိုက ကင်ဆာရောဂါဝေဒနာကို စိတ်ဝင်စားသော်လည်း သေခါနီးဆဲဆဲတွင် ကင်ဆာရောဂါဝေဒနာကို မချိမဆံ့ ခံစားသွားခဲ့ရသည့် အတွေ့အကြုံဖြစ်သူကို မြင်လိုက်ရကာ စိတ်ထိခိုက်ပြီး ဆေးပညာကို သင်ယူခဲ့ခြင်းဖြစ်သည်။

ငယ်စဉ်ကပင် ဉာဏ်ပညာထူးချွန်ထက်မြက်သော ဂွေဟားရားမှာ ၇ နှစ်သင်ယူရသော ဆေးပညာကို ၃ နှစ်နှင့် ကြိုးစားပမ်းစား သင်ယူနိုင်ခဲ့သည်။ ဆရာဝန်မဖြစ်မီ ၁၉၅၂ ခုနှစ်တွင်မူ တောင်အမေရိကတိုက်ရှိ တိုင်းပြည်များကို လေ့လာရန်အတွက် တက္ကသိုလ်ကျောင်းပိတ်ရက်တွင် သူငယ်ချင်းတစ်ယောက်နှင့်အတူ မော်တော်ဆိုင်ကယ်တစ်စီးဖြင့် ခရီးထွက်ခဲ့ကြသည်။ ဗျူနိုအေးရီ(စ)မြို့မှ သူတို့ပန်းတိုင်ထားရာ အမေဇုန်မြစ်ကမ်းရှိ အနာကြီးရောဂါကုစခန်းအထိ ကီလိုမီတာ ၈၀၀၀ လောက် ခရီးပေါက်ခဲ့ပြီး အချိန် ၄ လခန့် ကြာခဲ့သည်။

ဂွေဟားရားသည် ဗျူနိုအေးရီ (စ) ဆေးတက္ကသိုလ်တွင် ပထမ ၆ နှစ်ကို ၃ နှစ်တည်းဖြင့် ကြိုးစားပမ်းစား သင်ယူခဲ့သည်။ ပန်းနာရင်ကျပ်ဝေဒနာကိုခံစားရင်း ၆ လအတွင်းမှာ အဓိက စာမေးပွဲကြီး ၁၆ ခုကို အောင်အောင်မြင်မြင် ဖြေဆိုနိုင်ခဲ့သည်။ တက္ကသိုလ်တက်စဉ် အတွင်းတွင်လည်း ညစောင့်၊ သတင်းတောက်၊ ကောက်လုပ်ရေး ကုမ္ပဏီစာရေး စသည့်အလုပ်များကိုလုပ်ရင်း ကျောင်းစရိတ်ကို ကိုယ်တိုင်ရှာဖွေခဲ့သည်။ ၁၉၅၃ ခုနှစ်တွင် ဆရာဝန်ဘွဲ့ကို ရရှိခဲ့သော်လည်း အာဏာရှင်ပီဏူးအစိုးရက ဆရာဝန်များကို ခွေးတပ်ဆွဲ၍ စစ်ထဲသို့သွင်းနေသောကြောင့် အာဂျင်တီးနားမှနေ၍ မက္ကဆီကိုနိုင်ငံသို့ ထွက်ခွာလာခဲ့လေသည်။

၁၉၅၅ ခု ဩဂုတ်လတွင် ကျူးဘားနိုင်ငံမှ လက်ဝဲသမား ပညာတတ် ဝတ်လုံတစ်ယောက်ဖြစ်သည့် ဖီဒယ်ကပ်စထရိုနှင့် တွေ့ဆုံခဲ့သည်။ ကပ်စထရိုမှာ ကျူးဘားတွင် နိုင်ငံတော်ပုန်ကန်မှုဖြင့် ထောင်ကျနေရာမှ ကောင်မှအလွတ်တွင် နောက်တစ်ကြိမ်လက်နက် ကိုင်တော်လှန်ရေး

တက်ကြွခဲ့သည်။

ဤပန်းခြံသို့
သေနတ်ကို ကျည်အပြည့်ထည့်လာသူများ
ရက်စက်စွာ ပစ်သတ်ရန် အမိန့်တော်ကို
ဦးထိပ်ရွက်လာသူများသည်
တေးသံကျူးရင့် လာကုန်သော
လူထုကိုသာ တွေ့ရှိရသည်။
တိုင်းပြည်တာဝန်နှင့် အချစ်စိတ်က
လူအုပ်ကို ပြည်သူအဖြစ် ပြောင်းပစ်လိုက်သည်။
ပိန်ပိန်ပါးပါး မိန်းမငယ်တစ်ဦးသည်
အလံကိုဆုပ်ကိုင်ရင်း လဲကျသွားသည်။
လုလင်ပျိုတစ်ဦးသည်
ဒဏ်ရာကြောင့် ချောင်းဟတ်ကာ လဲကျသွားသည်။
ဤအခြင်းအရာကြောင့်
လူထုသည် ထိတ်လန့်ကာ ငြိမ်သက်သွားပြီး
ကျဆုံးသူများအား ငေးစိုက်ကြည့်နေပြန်သည်။
. . . . . .
. . . . . .

နီရူဒါ၏ ဤကဲ့သို့သော တိုက်ပွဲဝင်ကဗျာများကို ဖတ်ရင်း ဂွေဗားရားသည် ဆယ်ကျော်သက်အရွယ်မှာပင် ကဗျာမှ ရသော တိုက်ပွဲဝင်စိတ်ဓာတ်များ ပေါက်ဖွားလာကာ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေး၊ လူမျိုးစုံသွေးစည်းရေး သဘောတရား များကို ပိုမို၍ စိတ်ဝင်စားလာခဲ့သည်။

၁၉၄၇ ခုနှစ်တွင် ဂွေဗားရားသည် အာဂျင်တီးနားနိုင်ငံ၊ မြို့တော် ဗျူနိုအေးရီ (စ)မှ ဆေးတက္ကသိုလ်တွင် တက်ရောက်၍ ဆေးပညာကို သင်ယူခဲ့သည်။ ထိုစဉ်က သူ့အသက်မှာ ၁၉ နှစ်သာ ရှိသေး

အကြီးဆုံးသားကြီး ဩရသဖြစ်သည်။

သူ ငယ်စဉ်က အလွန်ရောဂါထူ၍ ချူချာသည့် ကလေးတစ်ယောက်ဖြစ်ရာ မိဘနှစ်ပါးက ပိုးမွေးသလို မွေးခဲ့ရသည်။ ချောင်းဆိုးရင်ကျပ်ရောဂါကိုလည်း အရွယ်နှင့်မလိုက်အောင် ခံစားခဲ့ရသည်။ သို့အတွက် မိဘများက မကြည့်ရက်မမြင်ရက်ဖြစ်ကာ သူ ကျန်းမာရေးအတွက် ပိုမိုကောင်းမွန်သည့် ဂရေစီယာမြို့ကလေးသို့ ပြောင်းရွှေ့ခဲ့ရသည်။

ငယ်စဉ်က ရောဂါဝေဒနာဒဏ်ကို ပြင်းပြင်းထန်ထန် ခံခဲ့ရကာ၊ ကျန်းမာရေးဘက်တွင် ချို့တဲ့ခဲ့သော 'ဂွေဗားရား'သည်၊ ကျောင်းသားဘဝရောက်သောအခါတွင်မူ ပညာရေးတွင်ထူးချွန်သော ကျောင်းသားတစ်ယောက်ဖြစ်ခဲ့သည်။ မူလတန်းမှစ၍ အတန်းတိုင်း တွင် ပထမရရှိခဲ့သည်။ အသက် ၁၈ နှစ်တွင် အထက်တန်းပညာကို ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည်။

ငယ်စဉ်ကတည်းက စာဖတ်ဝါသနာပါခဲ့သော ဂွေဗားရားသည် ဖခင်၏ စာအုပ်ပုံကြားတွင်သာ အချိန်ကုန်ခဲ့သည်က များသည်။ သူ ဖတ်သောစာအုပ်များမှာလည်း ဖက်ဆစ်တော်လှန်ရေး၊ အမျိုးသားလွတ်မြောက်ရေးနှင့် နယ်ချဲ့ဆန့်ကျင်ရေးတို့ကို ရည်ညွှန်းသည့် စာနယ်ဇင်းများ၊ ဝတ္ထုများ၊ ကဗျာ၊ ဆောင်းပါးများနှင့် ကွန်မြူနစ်ဝါဒ၊ ဆိုရှယ်လစ်ဝါဒဆိုင်ရာ သဘောတရားကျမ်းတို့ ဖြစ်ခဲ့ကြသည်။

စာဖတ်ဝါသနာကြီးသော ဂွေဗားရားမှာ လူပျိုလူရွယ်ဘဝတွင်ပင်၊ သူများတွေ သွားလာလည်ပတ်နေသည့်အချိန်မျိုး၌ သူမှာ တော့ စာရေးစားပွဲတွင်ထိုင်ကာ သူကြိုက်သောကဗျာတစ်ပုဒ်ကို နှုတ်တိုက်ကျက်မှတ်ရင်း အချိန်ကုန်လွန်ခဲ့သည်။ ဂွေဗားရားသည် ချီလီကဗျာဆရာကြီး ပါဘလိုနီရူဒါ၏ကဗျာများကို လွန်စွာသဘောကျခဲ့သည်။ အထူးသဖြင့် နီရူဒါ၏ပန်းခြံတွင်း၌ သေဆုံးရသူများ (The Dead in the Square)ကဗျာကို အထူးနှစ်ခြိုက်အားရပြီး ဖတ်တိုင်း စိတ်ဓာတ်

စာအုပ်အဖြစ် တွင်ကျယ်ခဲ့သည်။ အာရှ၊ အာဖရိက၊ ဥရောပနှင့် မြောက်အမေရိကတိုက်တို့မှ နိုင်ငံများကလည်း ဘာသာအမျိုးမျိုးဖြင့် ပြန်ဆိုခဲ့ကြသည်။

အမေရိကန်ပြည်ထောင်စု အစိုးရတပ်မတော်၏ စစ်ပညာစာစောင်တစ်ခုဖြစ်သည့် 'ကမ်းတက်အဖွဲ့များ ပြန်တမ်း'တွင်ပါ ထည့်သွင်းဖော်ပြခဲ့ရသည်။ အင်္ဂလန်ပြည်၌ ဤစာအုပ်ကို ၁၉၆၂ ဇူလိုင်လတွင် ပထမအကြိမ်ထုတ်ဝေခဲ့ရာ အရောင်းရတွင်ကျယ်လှသဖြင့် ဒီဇင်ဘာလတွင် ဒုတိယအကြိမ် ပြန်လည်ရိုက်နှိပ်ခဲ့ရသည်။ ၁၉၆၃ ခုနှစ်တွင် နှစ်ကြိမ်ထပ်မံရိုက်နှိပ်ရကာ စုစုပေါင်း လေးကြိမ်တိတိ ပုံနှိပ်ထုတ်ဝေခဲ့ရသည်။

ဂွေဗားရားသည် ၁၉၆၅ ခုနှစ်၊ မတ်လတွင် ကျူးဘားပြည်မှ ရုတ်တရက်ပျောက်သွားကာ ဘိုလီဗီးယားနိုင်ငံသို့ တိတ်တဆိတ် ရောက်သွားပြန်သည်။ သူကတော့ 'ကမ္ဘာပေါ်ရှိ အချို့သောနိုင်ငံများက မိမိ၏လုပ်အားကို တောင်းခံလာကြသည့်အတွက်' ဟု အကြောင်းပြပြောဆိုသည်။ ၁၉၆၆ ခုနှစ်၊ ဇန်နဝါရီလတွင် ကျူးဘားပြည်၊ ဟာဗားနားမြို့တော်တွင် ကျင်းပသော 'တိုက်ကြီးသုံးတိုက် သွေးစည်းညီညွတ်ရေး ကွန်ဖရင့်'သို့ အမည်မဖော်လိုသည့် စခန်းတစ်နေရာမှ ပေးပို့လိုက်သည့် ဂွေဗားရား၏ သဝဏ်လွှာတစ်စောင် ရောက်ရှိလာသည်။

အဆိုပါ သဝဏ်လွှာတွင် ဂွေဗားရားက အာရှ၊ အာဖရိက၊ လက်တင်အမေရိက တိုက်ကြီးသုံးတိုက်မှ အဖိနှိပ်ခံပြည်သူတို့၏ လွတ်မြောက်ရေးတိုက်ပွဲများကို တိုး၍ဆင်နွှဲကြရန်၊ ဤတိုက်ပွဲများအပြန်အလှန် ပေါင်းစည်းဆက်နွယ်၍ တစ်နိုင်ငံနှင့်တစ်နိုင်ငံ အစွမ်းကုန် ကူညီသွားကြရန် ဖော်ပြတိုက်တွန်းထားသည်။ ဗီယက်နမ်လိုနိုင်ငံတွေ များစွာပေါ်ပေါက်လာဖို့လည်း အတိအလင်း လှုံ့ဆော်တိုက်တွန်းထားသည်။ ဂွေဗားရား၏ ထိုသဝဏ်လွှာကြောင့် အမေရိကန်

ဦးစီးသည် အရင်းရှင်နိုင်ငံကြီးများသည် ဂွေဗားရားနှင့် သူ၏ ပြောက်ကျား စစ်ဆင်ရေးဗျူဟာများကို ရှင်းလင်းသုတ်သင်ပစ်ရန် ခေါင်းချင်းရိုက်ခဲ့ကြသည်။

ထိုအချိန်တွင် ဂွေဗားရားမှာ ဘိုလီဗီးယားနိုင်ငံ၏ မြို့တော် လာပက်(ဇ)မြို့သို့ ရုပ်ဖျက်ကာ ဥရုဂွေးအမျိုးသား၊ ရာမုန်ဖာနန်ဒက် (စ)အဖြစ် ပြရိစ္စာ ဝင်ရောက်လာခဲ့ပြီး နာမည်ကျော်ကိုပါကဘား ဟိုတယ်ကြီးတွင်တည်းခိုကာ ဘိုလီဗီးယားကွန်မြူနစ်ခေါင်းဆောင် အချို့နှင့် တိတ်တဆိတ် တွေ့ဆုံဆွေးနွေးခဲ့သည်။ နိုဝင်ဘာလ ၆ ရက် နေ့တွင် လာပက်(ဇ)မြို့မှနေ၍ ကျူးဘားပြည်သူ့တပ်မတော်မှ ဗိုလ်ကြီး အယ်ဘာတို့နှင့်အတူ လက်နက်ကိုင်ပြောက်ကျားတိုက်ပွဲ ဆင်နွှဲရန် ဂျစ်ကားတစ်စီးဖြင့် ထွက်ခွာလာခဲ့သည်။

ဂွေဗားရားသည် နန်ချူဟွာစု မြစ်ကမ်းဘေးမှ ယာခင်းပြင် ကြီးတွင် စခန်းချကာ နယ်မြေဒေသကို လေ့လာခဲ့သည်။ လိုအပ်သည့် ပြင်ဆင်မှုများကို ပြုလုပ်ခဲ့သည်။ အရေးကြီးဆုံးလုပ်ငန်းတစ်ခုဖြစ် သည့် စစ်မြေပြင်ဆေးပေးခန်းတစ်ခုကို ဖွင့်သည်။ စီမံခန့်ခွဲမှုများ ပြုလုပ်ပြီး နောက် နေ့စဉ် အချိန်ဇယားဆွဲကာ တိုက်ပွဲလေ့ကျင့်ခန်းများ စတင်ခဲ့ သည်။

ထိုစဉ်ကာလမှာပင် ဘိုလီဗီးယား အစိုးရကလည်း ဂွေဗားရား၏ သတင်းကို ရသမျှခြေရာခံကာ အင်အား ၂၀၀၀ ရှိသည့် စစ်တပ်ကြီး တစ်တပ်ဖြင့် တောနင်းကာ ပိုက်စိပ်တိုက်ရှာဖွေလျက်ရှိသည်။ ဂွေဗားရား အနေနှင့်လည်း ဤဒေသတစ်ဝိုက်မှ လယ်သမားများကို စနစ်တကျ မစည်းရုံးနိုင်သေးသည့်ပြင် အခြေခံစခန်းတစ်ခုကို အခိုင်အမာ မတည် ဆောက်နိုင်ခြင်းပင်။ ပို၍ဆိုးသည်က သူ၏ ပန်းနာရင်ကျပ်ဝေဒနာမှာ တစ်နေ့တခြား ပို၍ ဆိုးလာခြင်းပင် ဖြစ်သည်။

ဘိုလီဗီးယားပြောက်ကျားများကို ခေါင်းဆောင်နေသူမှာ 'ဂွေဗားရား'ပင် အသေအချာဖြစ်ကြောင်း သိရှိထားသည့် ဘိုလီဗီးယား

အစိုးရကလည်း ငွေဗားရားကို အရှင်ဖြစ်စေ၊ အသေဖြစ်စေ လက်ရဖမ်းဆီးပေးနိုင်သူအား ဆုငွေအဖြစ် ဒေါ်လာ ၄၀၀၀ ချီးမြှင့်မည်ဟု အတိအလင်း ကြေညာထားသည်။ တပ်သား ၂၀၀၀ ကျော်ဖြင့် ပိုက်စိပ်တိုက်ရှာနေသလို လေယာဉ်၊ ရဟတ်ယာဉ်များနှင့်လည်း တောတောင်ထဲ၌ အနိမ့်ဝဲကာ ကင်းထောက်ရှာဖွေခဲ့သည်။

၁၉၆၇ ခု၊ အောက်တိုဘာလ ၈ ရက်။

ဘိုလီဗီးယားနိုင်ငံ၊ ကာမီရီမြို့နှင့် ၇၅ မိုင်အကွာ တောတွင်းတစ်နေရာဖြစ်သည့် ကွေဘရာဒါယူရိုအမည်ရှိ တောင်ကြားဒေသ တွင်ဖြစ်သည်။ မွန်းတည့်ချိန်လောက်တွင် ထိုဒေသ၌ ပြောက်ကျားများနှင့် အစိုးရတပ်တို့တွေ့ဆုံကာ တိုက်ပွဲဖြစ်ကြသည်။ အစိုးရတပ် ကလေးဘက်လေးတန်ဝိုင်းကာ တရစပ်ပစ်ခတ်ကြသည်။ ငွေဗားရားက ဝိုင်းထားသည့် စစ်သားများကို ထိုးဖောက်ထွက်ရန် ခေါင်းဆောင်၍ ရှေ့ကတက်သွားသည်။ ထိုစဉ်မှာပင် ဘယ်ဘက်ပေါင်၌ ဒဏ်ရာတစ်ချက်ရကာ ကိုင်ဆောင်ထားသော အမ်၀မ်းကာဘိုင်သေနတ်ကိုလည်း ကျည်ဆံတိုက်ရိုက်ယိမ့်နဲ့ပြီး ပစ်မရကော့ဘဲဖြစ်ကာ ဒဏ်ရာနှင့် အဖမ်းခံခဲ့ရသည်။

'ငွေဗားရား'မှန်းသိကြသော အစိုးရစစ်ဗိုလ်များက သူ့ကို လူနာထမ်းစင် တစ်ခုဖြင့်တင်ကာ တိုက်ပွဲဖြစ်ရာဒေသနှင့် ၅ မိုင်ခန့် ကွာဝေးသော ဟီးငွေး ရပ်(စ)မြို့ကလေးသို့ ခေါ်ဆောင်လာခဲ့ကြ သည်။ လာပက်(ဇ)မြို့မှ စစ်ဌာနချုပ်တွင်မူ အရာရှိကြီးများမှာ ငွေဗားရားနှင့် ပတ်သက်၍ မည်သို့ အရေးယူဆောင်ရွက်ရမည်ကို ခေါင်းချင်းဆိုင်၍ ညှိနှိုင်းတိုင်ပင်နေကြသည်။

နောက်ဆုံးတွင်တော့ ဘိုလီဗီးယားအစိုးရသည် 'ငွေဗားရား အား ပစ်သတ်ပြီး တိုက်ပွဲတွင် ရရှိသည့်ဒဏ်ရာဖြင့် သေဆုံးသွား ကြောင်း ကြေညာရန်ဆုံးဖြတ်ခဲ့ကြသည်။ 'အရှင်မထားဘဲ ပစ်သတ်လိုက်ပါ' ဟူသော လျှို့ဝှက်အမိန့်သည် နောက်တစ်နေ့၊ အောက်တိုဘာ ၉ ရက်နေ့တွင်

ငွေဗားရားကိုထားသော ဟီးငွေးရပ် (စ)မြို့ကလေးမှ စာသင်ကျောင်း အဆောက်အအုံကလေးထဲသို့ ဝိုင်ယာလက်စက်မှတစ်ဆင့် ရောက်ရှိလာခဲ့သည်။

နောက် ၂ နာရီအကြာတွင် ငွေဗားရားထားရာ အခန်းထဲသို့ ဘိုလီဗီးယားစစ်တပ်မှ ဗိုလ်မှူးကြီးတစ်ယောက်၊ ဗိုလ်မှူးတစ်ယောက် နှင့် အခြားစစ်ဗိုလ်တစ်ယောက်တို့ ဝင်လာခဲ့သည်။ ငွေဗားရားကား အခန်းလယ်ရှိ သစ်သားခုတင်ပေါ်တွင် ပက်လက်လှဲ၍နေသည်။ အပေါ်ပိုင်း အင်္ကျီမပါ။ စစ်ဘောင်းဘီကို ဒူးဆစ်ထိ နှစ်ဖက်လုံး လိပ်တင်ထားသည်။ ခေါင်းရင်းဘက်မှာတော့ လှံစွပ်ကိုင် အစောင့်စစ်သားတစ်ဦး။

ခဏကြာတော့ အရာရှိကြီးနှစ်ယောက်က ပါးကွက်အာဏာသား စစ်ဗိုလ်အား လှမ်းကြည့်ကာ ငွေဗားရားရှိရာဘက်သို့ မေးဆတ်ပြလိုက်သည်။ စစ်ဗိုလ်၏ သေနတ်ပြောင်းဝက ငွေဗားရားရှိရာဘက်သို့ ဦးတည်လာသည်။ သို့သော်လည်း ချောက်ချားနေသည့် စစ်ဗိုလ်၏ လက်နှစ်ဖက်စလုံးက တုန်လှုပ်နေရာ သေနတ်ပြောင်းဝမှာလည်း ငြိမ်၍မနေ။ ငွေဗားရားက စစ်ဗိုလ်ကို စူးစူးရဲရဲ ကြည့်ကာ 'ပစ်ပါ ကြောက်နေသလား' ဟု ပြောလိုက်သည်။ တစ်ခန်းလုံး ယမ်းငွေ့များ ဖြင့် ဖုံးလွှမ်းသွားတော့သည်။ ခုတင်ပေါ်မှာ ငွေဗားရား၏ရင်ဘတ်တွင်ကား နီရဲသောသွေးများစီးဆင်းလျက်။ မလှုပ်မယှက်။

လက်တင်အမေရိက ပြည်သူများ၏ နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲများတွင် အဖိနှိပ်ခံပြည်သူများအတွက် တော်လှန်ရေးသဘောတရားနှင့် လက်တွေ့တိုက်ပွဲပါ ဦးဆောင်ကာ အလင်းရောင်ပေးခဲ့သည့် ကြယ်နီတစ်ပွင့်ကား သူရဲဘောကြောင်လှသော လက်နက်ကိုင် အစိုးရအဖွဲ့တစ်ဖွဲ့၏ လက်ချက်ဖြင့် ကြွေလွင့်ခဲ့ရပါတကား။

(ငွေဗားရားဆိုတာ ဘယ်လိုလူလဲဟု မကြာခဏ မေးလာကြသည့် လူငယ်မောင်မယ်များသို့ . .)

* * *

ချေ

"ချေ" ဟုခေါ်ရုံဖြင့် သူ့ကို ချေဂွေဗားရားဆိုသော တော်လှန်ရေးသမားတစ်ယောက်အဖြစ် နိုင်ငံရေးစိတ်ဝင်စားသူတိုင်းက သိကြသည်။ ကမ္ဘာတစ်ဝန်းလုံးရှိ လူငယ်များကမူ သူသည် တော်လှန်ရေးသမားလား၊ နိုင်ငံရေးသမားလား၊ သူပုန်လားဆိုသည်ကို မသိသော်လည်း သူ့ပုံကိုကား မြတ်မြတ်နိုးနိုးဖြင့် သူတို့၏ ဦးထုပ်များပေါ်တွင် သူတို့၏ တီရှပ်များပေါ်တွင်၊ သူတို့၏ လက်ကိုင်သားရေအိတ်များ၊ ပိုက်ဆံအိတ်များပေါ်တွင်၊ သော့တွဲများပေါ်တွင် ပုံနှိပ်၍ ဝတ်ဆင်ဆောင်ယူသွားတတ်ကြသည်။ ရှေ့တွင် ကြယ်တစ်ပွင့်တပ်ထားသော ဘယ်ရီကက်ခေါ် ဦးထုပ်ပျော့လေးဆောင်းထားပြီး နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးများဖြင့် စူးရှသောမျက်လုံးများ၊ ပေါ်လွင်သော နှာတံတို့ဖြင့် တည်ကြည်ခန့်ညားလှသော လူတစ်ယောက်၏ ရုပ်ပုံသည် ယခုထက်တိုင် ကမ္ဘာတစ်ဝန်းလုံးပေါ် လွှမ်းမိုးလျက်ရှိ သည်။ ထိုသူကား 'ချေ' ဟု ခေါ်သည့် ချေဂွေဗားရားဖြစ်လေသည်။

ကမ္ဘာပေါ်တွင် ကွန်မြူနစ်ဝါဒကို အစပျိုးခဲ့သော မုတ်ဆိတ်မွေးဖားဖားနှင့် ကားမတ်၊ အိန်ဂျယ်မှအစ လီနင်၊ စတာလင်၊ မော်စီတုန်းစသော ကွန်မြူနစ်ခေါင်းဆောင်များ၏ ပုံရိပ်များသည် ထိုဝါဒအား

ယုံကြည်သူများအတွက်သာ ရှိခဲ့ပြီး ယခုအခါ၌ ကမ္ဘာပေါ်တွင် ကျော်ကျယ်ပြန့်ပြန့် လွှမ်းမိုးသြဇာရှိခြင်း လျော့နည်းသွားခဲ့ပေသည်။ သို့သော် 'ချေ'၏ ကြယ်တစ်ပွင့်နှင့် ဦးထုပ်ပျော့ လေးဆောင်းထားသော ပုံရိပ်ကား နံရံကပ်ပိုစတာကြီးများပေါ်တွင်၊ စျေးဆိုင်များပေါ်တွင်၊ အလှပြင်ဆိုင်များရှေ့တွင်၊ ဆံပင်ညှပ်ဆိုင်များ ဘေးတွင်၊ မော်တော်ကားဒက်ရှ်ဘုတ်ပေါ်တွင်၊ လူငယ်များ၏ နာရီပေါ်တွင် ရှိနေသည်မှာ အံ့သြစရာကောင်းလှသည်။ ထို'ချေ'ဆိုသော ပုဂ္ဂိုလ် ဘယ်သူဘယ်ဝါဟု ထိုလူငယ်များ သိချင်မှ သိပေလိမ့်မည်။ ရုပ်ရှင်မင်းသားလား၊ ဘောလုံးသမားလား၊ သူပုန်လားဆိုသည်ကို သူတို့မသိသော်လည်း ထိုလူငယ်များအဖို့ ဒဏ္ဍာရီထဲက သူရဲကောင်း တစ်ယောက်ကဲ့သို့ပင် လေးလေးစားစား အဆောင်လက်ဖွဲ့တစ်ခုလို အမြဲဆောင်ယူသွားတတ်ကြလေသည်။

စင်စစ်အားဖြင့် 'ချေ' သည် ဒဏ္ဍာရီလာ မြင်းတစ်စီး၊ ဓား တစ်လက်ဖြင့် နဂါးကြီးကို သတ်ခဲ့သော သူရဲကောင်းမျိုးလည်း မဟုတ်၊ ဟောလီးဝုဒ်မှ ကြမ်းတမ်းသော ရုပ်ရှင်မင်းသားတစ်ယောက်လည်း မဟုတ်ပေ။ သူသည် အာဂျင်တီးနားနိုင်ငံသား၊ ဆရာဝန် တစ်ယောက် ဖြစ်သည်။ သူသည် ကျူးဘားနိုင်ငံမှ ဝန်ကြီးတစ်ယောက် ဖြစ်သည်။ အမေရိကန်အစိုးရနှင့် အမေရိကန်ဗဟိုထောက်လှမ်းရေး အဖွဲ့ CIA က အသေရရ၊ အရှင်ရရ လိုက်လံဖမ်းဆီးခဲ့သော နိုင်ငံတကာ တော်လှန်ရေးသမားတစ်ယောက်ဖြစ်သည်။

သူ၏နာမည်ရင်းမှာ အာနက်စတိုဂွေဗားရားဒီလာဆာနာ ဖြစ်သည်။ အာဂျင်တီးနားနိုင်ငံ ရိုဆာရီယိုမြို့တွင် ၁၉၂၈ ခုနှစ် ဇွန်လ (၁၄)ရက်နေ့က မွေးဖွားခဲ့သည်။ အာဂျင်တီးနား၏မြို့တော် ဗြူနို့အေးရက်စ်တွင် ဆေးတက္ကသိုလ်ကျောင်းသားအဖြစ် ပညာသင်ကြားခဲ့ပြီးနောက် ဆရာဝန်ဘွဲ့ကို ရရှိခဲ့လေသည်။ ထို့နောက် လက်တင် အမေရိကတစ်ခွင် ခရီးလှည့်လည်သွားလေသည်။ ၁၉၅၄ ခုနှစ်တွင် ဂွာတီမာလာနိုင်ငံတွင် သွားရောက်နေထိုင်သည်။ ထိုအချိန်တွင်

ဂွာတီမာလာတွင် ဂျက်ကိုဘို အာဘင်၏ အစိုးရအဖွဲ့က အုပ်ချုပ်နေ၏။ ထိုဂွာတီမာလာအစိုးရအဖွဲ့ကို ရွေးကောက်ပွဲဖြင့် ပြည်သူလူထုက မဲဆန္ဒပေးရွေးကောက်ခဲ့ခြင်းဖြစ်၏။ ထိုအချိန်တွင် အမေရိကန် CIA ၏ ဩဇာလွှမ်းမိုးထားသော စစ်တပ်က ဂျက်ကိုဘို အာဘင့်အစိုးရအဖွဲ့ကို အာဏာသိမ်းဖြုတ်ခဲ့သည်ကား ဂွေဗာရာ ကိုယ်တိုင်မျက်မြင်တွေ့ကြုံခဲ့သည်။ ထိုကဲ့သို့ အမေရိကန်နယ်ချဲ့ သမား၏ စွက်ဖက်မှုဖြင့် တရားဝင်အစိုးရအဖွဲ့တစ်ဖွဲ့ကို ဖြိုချခဲ့ပြီး သူတို့၏ရုပ်သေးအစိုးရက အာဏာသိမ်းခဲ့သည်မြင်ကွင်းကို သိရှိခံစားလိုက်ရသည့် ဂွေဗာရာသည် နိုင်ငံရေးနယ်ပယ်သို့ ရောက်ရှိလာခဲ့သည်။

ဂွာတီမာလာ နိုင်ငံရေးတွင် တက်ကြွစွာ လှုပ်ရှားနေသော ဂွေဗာရာကို CIA နောက်ခံအာဏာသိမ်းစစ်အစိုးရက ခြိမ်းခြောက်လာသဖြင့် သူအသက်အန္တရာယ်မှာ စိုးရိမ်စရာကောင်းလာသည်။ ထို့ကြောင့် ဂွေဗာရာသည် မက္ကဆီကိုစီတီသို့ ထွက်ပြေးလာခဲ့ရသည်။ မက္ကဆီကိုတွင် ကျူးဘားနိုင်ငံမှ ရှောင်တိမ်းနေခဲ့သော ကျူးဘား တော်လှန်ရေးသမားများနှင့် အမေရိကန်အာဏာရှင် ရုပ်သေးအစိုးရ ဖြစ်သော ယူဂျန်ဆီယို ဘာတစ္စတာအား ဆန့်ကျင်တိုက်ပွဲဝင်သူများ ရှိသည်။ ၁၉၅၅ ခု ဇူလိုင်လတွင် သူသည် ဖီဒဲလ်ကက်စထရိုနှင့် ကျူးဘားပြောက်ကျားအဖွဲ့ဝင်အဖြစ် ချက်ချင်းစာရင်း သွင်းခဲ့၏။ ကက်စထရို၏ စည်းရုံးမှုအောက်သို့ ဂွေဗားရားရောက်ရှိသွားခဲ့သည်။ ထိုအချိန်မှစ၍ ကျူးဘားလူမျိုးများက သူ့ကို ချစ်စနိုးဖြင့် 'ချေ' ဟု ခေါ်ကြလေသည်။ အာဂျင်တီးနားနိုင်ငံတွင် ထိုကဲ့သို့သော နာမည်မှာ ရေပန်းစားလေသည်။

၁၉၅၆ ခုနှစ် နိုဝင်ဘာ (၂၅) ရက်နေ့မှ ဒီဇင်ဘာ (၂)ရက်နေ့အထိ ကာလအတွင်း 'ချေ' သည် ကျူးဘားနိုင်ငံသို့ ဂရန်သဘော်ဖြင့် ထွက်ခွာလာခဲ့လေသည်။ သူသည် ကျူးဘားနိုင်ငံရှိ ဆီးရားယားမေစထရာတောင်တန်းပေါ်တွင် ကျူးဘားတော်လှန်ရေးအတွက် လက်နက်ကိုင် တိုက်ပွဲဆင်နွှဲခဲ့သည်။ သူသည် ထိုသူပုန်တပ်ဖွဲ့၏

ဆရာဝန်အဖြစ် တာဝန်ယူရမည်ဖြစ်သော်လည်း ထိုသူပုန်တပ်ဖွဲ့၏ တပ်မှူးအဖြစ် ၁၉၅၇ ခု ဇူလိုင်လတွင် တာဝန်ယူခဲ့ပါသည်။

၁၉၅၈ ခု စက်တင်ဘာလ၌ 'ချေ' နှင့် ကာမီလိုဆင်ဖူဘိုစ်တို့သည် ပြောက်ကျားတပ်ဖွဲ့တစ်ဖွဲ့စီကို ဦးဆောင်ကာ ဆီးရားယားမေစထရာကျွန်း၏ အနောက်ဘက်မှ အလယ်ပိုင်းသို့ ချီတက်ခဲ့ကြသည်။ တိုက်ပွဲများအပြင်းအထန် တိုက်ခိုက်ပြီးနောက် သူတို့တပ်ဖွဲ့သည် ရန်သူကိုချေမှုန်းကာ ဆက်လက်တိုက်ခိုက်ခဲ့ကြသည်။ သူပုန်တပ် သည် နေရာအသီးသီးတွင် ဘာတစ္စတာ၏ တပ်ဖွဲ့များကို အနိုင် တိုက်နိုင်ခဲ့၏။ ထို့နောက် ၁၉၅၈ ခု ဒီဇင်ဘာလ၌ ချေဂွေဗားရား ခေါင်းဆောင်သော သူပုန်တပ်သည် ဆန်တာကလာရာတိုက်ပွဲတွင် ရန်သူအားလုံးကို ချေမှုန်းပစ်ခဲ့သည်။ ထိုတိုက်ပွဲသည် ကျူးဘား တော်လှန်ရေးအတွက် အဆုံးအဖြတ်ဖြစ်ခဲ့သည်။

၁၉၅၉ ခု ဇန်နဝါရီလ (၁)ရက်နေ့တွင် 'ချေ'တို့၏ သူပုန်တပ်မှာ အောင်ပွဲအများအပြားရရှိခဲ့သလို ချေဂွေဗားရားမှာလည်း တော်လှန်ရေး၏ ခေါင်းဆောင်တစ်ယောက် ဖြစ်ရုံမက တော်လှန်ရေးအစိုးရအဖွဲ့တွင် အဓိကဦးဆောင်သော ပုဂ္ဂိုလ်တစ်ယောက်ဖြစ်လာသည်။ ၁၉၅၉ ခု စက်တင်ဘာလတွင် သူသည် စက်မှုလက်မှုနှင့် အမျိုးသားလယ်ယာပြုပြင်ရေး ခေါင်းဆောင်တစ်ယောက်အဖြစ် စတင် တာဝန်ယူခဲ့သည်။ နိုဝင်ဘာလရောက်သောအခါ ကျူးဘား အမျိုးသားဘဏ်၏ ဥက္ကဋ္ဌဖြစ်လာသည်။ ၁၉၆၁ ခု ဖေဖော်ဝါရီလတွင် သူသည် စက်မှုဝန်ကြီးအဖြစ် တာဝန်ယူသည်။ ၁၉၆၅ ခုနှစ်၊ ကျူးဘားကွန်မြူနစ်ပါတီ တည်ထောင်သောအခါ ကျူးဘားကွန်မြူနစ်ပါတီ၏ ဗဟိုကော်မတီနိုင်ငံရေးဦးဆောင်အဖွဲ့ဝင် ဖြစ်လာခဲ့သည်။

'ချေ' သည် ကမ္ဘာအရပ်ရပ်သို့ ကျူးဘားနိုင်ငံ၏ ခေါင်းဆောင်အဖြစ် သွားရောက်ခဲ့သည်။ အစိုးရ ကိုယ်စားလှယ် အဖွဲ့များစွာကိုလည်း ဦးဆောင်၍ သွားခဲ့သည်။ နိုင်ငံတကာအစည်းအဝေးများနှင့် ကုလသမဂ္ဂ

အစည်းအဝေးများတွင်လည်း ကျူးဘားအစိုးရ ကိုယ်စားလှယ်အဖြစ် တာဝန်ယူတက်ရောက်ခဲ့သည်။ ၁၉၆၅ ခုနှစ်၊ ဧပြီလတွင် ချေ သည် ကျူးဘားနိုင်ငံမှ ထွက်ခွာကာ ပြည်ပတွင် တော်လှန်ရေးတိုက်ပွဲများကို ဦးဆောင်ခဲ့သည်။ ၁၉၆၅ ကျူးဘားနိုင်ငံမှ တိတ်တဆိတ်ထွက်ခွာပြီး ကွန်ဂိုနိုင်ငံသို့ သွားရောက်ကာ တော်လှန်ရေးတိုက်ပွဲများ ဆင်နွှဲသည်။ နောက် ဒီဇင်ဘာလတွင် ကျူးဘားသို့ တိတ်တဆိတ်ပင် ပြန်လာခဲ့သည်။ ၁၉၆၆ ခု နိုဝင်ဘာ တွင်ကား သူသည် ဘိုလီးယားသို့ ရောက်ရှိလာသည်။ ဘိုလီးယား တွင် အမေရိကန်ကို နောက်ခံထားသော CIA အလိုကျ စစ်အာဏာရှင်အစိုးရ အုပ်ချုပ်နေချိန်ဖြစ်၏။ ထိုနယ်ချဲ့နောက်လိုက် အစိုးရကို တိုက်ခိုက်ရန် ပြောက်ကျားအဖွဲ့တစ်ဖွဲ့ကို ချေဖွဲ့စည်းခဲ့သည်။ နောက်ဆုံး တိုက်ပွဲတွင် ချေ၏ ပြောက်ကျားတပ်ဖွဲ့နှင့် အမေရိကန် လေ့ကျင့်ပေးထားသော ဘိုလီးဗီးယားသောင်းကျန်းသူ ဆန့်ကျင်ရေး တိုက်ပွဲများဖြစ်ပွားကာ ချေမှာ အပြင်းအထန် ဒဏ်ရာရခဲ့ပြီး ၁၉၆၇ ခုနှစ် အောက်တိုဘာလ ၈ ရက်နေ့တွင် ပစ်သတ်ခံခဲ့ရလေသည်။

ချေ သေဆုံးသွားသည်မှာ ယုံတမ်းပုံပြင်တစ်ပုဒ်လို ကျူးဘား ပြည်သူများက ခံစားရ၏။ ချေ ကို ချစ်ခင်သော ကမ္ဘာအရပ်ရပ်က ပြည်သူများကလည်း ချေ သေဆုံးသွားသည်ကို မယုံကြည်ခဲ့ပေ။ ဘိုလီးဗီးယားအစိုးရက ချေ ကို အသေဖမ်းမိသည့်အကြောင်း၊ ချေ၏ အလောင်းကို မြုပ်နှံလိုက်သည့်အကြောင်း ကြေညာခဲ့သော်လည်း သူ့ကို လေးစားသူများက သံသယဖြစ်နေဆဲ ဖြစ်သည်။ နောက်ဆုံး သူ၏ နေ့စဉ်မှတ်တမ်းကို ဘိုလီးယားအစိုးရက သူတို့တွင်ရှိကြောင်း ကြေညာ လိုက်သည့်တိုင် လူအများက မယုံတစ်ဝက်၊ ယုံတစ်ဝက်ဖြစ် နေသည်။ နောက်ဆုံး ကျူးဘားသမ္မတဖီဒဲလ်က စထရိုက ချေ၏ နေ့စဉ်မှတ်တမ်းကို ဘိုလီဗီးယားအစိုးရထံမှ ဝယ်ယူပြီး ပုံနှိပ်ထုတ်ဝေသည့်အခါတွင် ချေ အမှန်တကယ် ကွယ်လွန်သွားပြီဖြစ်ကြောင်း ယုံကြည်ခဲ့ကြလေသည်။

ဘိုလီးဗီးယားတွင် CIA နောက်ခံပြုထားသော အစိုးရ ပြုတ်

ကျပြီး အစိုးရအဖွဲ့သစ် တက်လာသောအခါ ချေ၏ အလောင်းကို တူးဖော်ရန်နှင့် ချေဂွေဗားရားအမှန်တကယ် ဟုတ်မဟုတ်ကို စစ်ဆေးကြည့်ရန်အတွက် ဘိလီဗီးယားအစိုးရနှင့် ကျူးဘားအစိုးရတို့ ညှိနှိုင်းပြီး ပညာရှင်အဖွဲ့တစ်ဖွဲ့ကို ဘိုလီဗီးယားသို့ စေလွှတ်လိုက်လေသည်။

ကျူးဘားနိုင်ငံမှ မနုဿဗေဒပညာရှင်များနှင့်အတူ အာဂျင်တီးနားနိုင်ငံမှ မနုဿဗေဒပညာရှင်များ ပူးပေါင်းပါဝင်သော အဖွဲ့သည် ဘိလီဗီးယားသို့ ရောက်ရှိလာကာ သက်ဆိုင်ရာတာဝန်ရှိ သူများနှင့်အတူ ချေဂွေဗားရား၏ အလောင်းမြုပ်နှံထားရာ တောင်ခြေ ရှိ မြေကွက်ကို တူးဖော်ကြလေသည်။ တူးဖော်လိုက်သည့်အခါတွင် ချေ၏ အလောင်းမှာ အရိုးစုများသာ ကျန်နေပေသည်။ ဘိလီဗီးယား အာဏာပိုင်များ၏ မှတ်တမ်းအရ သေနတ်ကျည်ဆံမှန်ခဲ့သော အရိုး ကိုလည်း တွေ့ကြရ၏။ ပညာရှင်များက ချေအလောင်းကို အသေအချာစစ်ဆေးကြည့်သော အခါ၌ ချေဂွေဗာရာအမှန်ဖြစ်ကြောင်း အတည်ပြုလိုက်သည်။ ထိုသို့ အတည်ပြုလိုက်သောအခါ ကျူးဘားမှ ပညာရှင်နှစ်ယောက်မှာ တစ်ဦးကိုတစ်ဦးဖက်ကာ ခုန်ပေါက်ခုံငိုလိုက်၏။ သူတို့၏ တော်လှန်ရေးခေါင်းဆောင်ကြီး သေဆုံးပြီဆိုသည်ကို အသိအမှတ်ပြုလိုက်ခြင်းလည်း ဖြစ်၏။ ထို့အတူ အာဂျင်တီးနားမှ မနုဿဗေဒပညာရှင်များကလည်း ချေ၏ အရိုးစုကိုကြည့်ကာ မျက်ရည်များ လိမ့်ဆင်းလာခဲ့လေသည်။

ချေကို ဖမ်းမိစဉ်က အဖြစ်အပျက်အား ဘိလီဗီးယား တပ်မတော်မှ အရာရှိတစ်ဦးက ပြောပြသည်။ သူသည် တိုက်ပွဲတွင် ပါဝင်ခဲ့သူဖြစ်သည်။ ချေကို ဒစ်ရာဖြင့်ပစ်ခတ်ပြီးဖမ်းဆီးကာ အစိုးရ စစ်စခန်းဆီ သယ်ဆောင်လာခဲ့သည်။ ထိုစဉ် CIA ၏အမိန့်ဖြင့် အထက်မှ ချေကို မြို့သို့ခေါ်မလာဘဲ သတ်ပစ်ရန်ညွှန်ကြားလိုက်သည်။ ထိုအခါ ဒဏ်ရာရနေသောချေကို တပ်မှူးက သတ်ပစ်မည် ဟု ပြောကြားပြီး မှာစရာရှိသည်ကို မှာပါဟု ဆိုလေသည်။

ချေဂွေဗားရားကလည်း "မင်းတို့ ငါ့ကို သတ်မယ်ဆိုတာ ငါ

သိတာပေါ့။ ငါ့ကို ကျည်ဆံတစ်ချက်တည်းနဲ့ သေအောင်သတ်ဖို့တော့ လိုမယ်။ ဒီတော့ ငါမှာချင်တာမှာခဲ့မယ်။ ငါ့မိန်းမ ဟီလဒါကို ပြော လိုက်ပါ။ ငါ့ကို စောင့်မနေတော့ဘဲ အိမ်ထောင်ပြုလိုက်တော့၊ သမီးလေး ကိုလည်း ပညာတတ်အောင် သင်ပေးပါစသဖြင့် မှာကြားခဲ့သည်ကို သူ ကိုယ်တိုင် ကြားခဲ့ရသည်ဟု နယူးဝိမဂ္ဂဇင်းအား ပြော ပြခဲ့လေသည်။

ယခုစာအုပ်သည် ကျူးဘားခေါင်းဆောင်ဖီဒဲလ်ကက်စထရို ရေးသားသော အမှတ်တရစာအုပ်ဖြစ်၏။ သူနှင့် ချေဂြေဗားရားတို့ စတင်တွေ့ရှိပုံ၊ ချေဂြေဗားရား၏ စွန့်လွှတ်ဆောင်ရွက်မှုများ၊ နယ်ချဲ့ စနစ်ကို အသက်ပေး၍ တိုက်ခိုက်သွားပုံများ၊ ကျူးဘားပြည်သူတို့နှင့် အတူ ကျူးဘားတော်လှန်ရေး အောင်မြင်အောင် တိုက်ပွဲဝင်ပုံများကို ရေးသားထားခြင်းဖြစ်သည်။ ချေ၏ အတ္ထုပ္ပတ္တိစာအုပ် တစ်အုပ် မဟုတ်ပေ။ သို့သော် ချေဂြေဗားရားအကြောင်းရေးထားသော သူ့ ရဲဘော်ကြီး ကက်စထရို၏ ရင်တွင်းမှခံစားရပုံများကို တင်ပြထားသော စာအုပ် ဖြစ်သည်။ အီတလီ သတင်းစာဆရာ ဂျီယန်နီမန်နာက တွေ့ဆုံမေးမြန်း ခဲ့သည့် မေးမြန်းချက်၊ ဖြေကြားချက်များလည်း ပါရှိ လေသည်။ ထို စာအုပ်ကို 'ချေ' Che ဟု နာမည်ပေးထားသည်။ ထို စာအုပ်ကို ကက် စထရိုတို့၏တော်လှန်ရေး သံယောဇဉ်ကြီးမားခဲ့ပုံနှင့် သူတို့နှစ်ဦး၏ ကျူး ဘားလွတ်မြောက်ရေးအတွက် အားထုတ်လုံးပမ်းခဲ့ပုံများကို ရေးသား ထားခြင်းဖြစ်သည်။ လူထုအခမ်းအနားများတွင် ဖီဒဲလ်ကက်စထရို 'ချေ' အကြောင်း ပြောကြားထားသော မိန့်ခွန်းများကို ဤစာအုပ်ထဲတွင် ဖော်ပြထားလေသည်။

ထက်မြက်

ချေ
(ကက်ထစရိ၏ ကိုယ်တွေ့မှတ်တမ်း)

CHE

A Momoir by Fidel Castro

ဒေးဗစ်ဒတ်ချ်မင်း(နှ်)က တည်းဖြတ်ပြီး ဂျေးဆပ်မွန်တိန်းက အမှာစာရေးသည်။

Edited by David Deutschmann.

Preface by Jesus Montame

နိဒါန်း

ဒေးဗစ်ဒတ်ချ်မင်း(နှ်)

ဘာတစ်စတာ အာဏာရှင်စနစ်ကို ဖြိုချပြီးသည့်နောက် ၁၉၅၉ ခု ဇန်နဝါရီလ (၁)ရက်နေ့တွင် ဖီဒယ်ကက်စထရို ခေါင်းဆောင်သော အစိုးရသစ်ကို ကျူးဘားနိုင်ငံတွင် တည်ထောင် နိုင်ခဲ့သည်။ တော်လှန်ရေး၏ အောင်ပွဲရလဒ်အဖြစ် အစိုးရသစ်ကို ဖွဲ့စည်းနိုင်ခြင်းဖြစ်၏။ အာဏာရှင်စနစ်၏ ဖိနှိပ်ချုပ်ခြယ်မှုမှာလည်း ကျူးဘားနိုင်ငံတွင် ကြေပျက်သွားခဲ့ရလေသည်။ CIA နောက်ခံပြုသော ဘာတစ်စတာအစိုးရ

ချေ
(ကက်ထစရိ၏ ကိုယ်တွေ့မှတ်တမ်း)

CHE

A Momoir by Fidel Castro

ဒေးဗစ်ဒတ်ချ်မင်း(နှ်)က တည်းဖြတ်ပြီး ဂျေးဆပ်မွန်တိန်းက အမှာစာရေးသည်။

Edited by David Deutschmann.

Preface by Jesus Montame

နိဒါန်း

ဒေးဗစ်ဒတ်ချ်မင်း(နှ်)

ဘာတစ်စတာ အာဏာရှင်စနစ်ကို ဖြိုချပြီးသည့်နောက် ၁၉၅၉ ခု ဇန်နဝါရီလ (၁)ရက်နေ့တွင် ဖီဒယ်ကက်စထရို ခေါင်းဆောင်သော အစိုးရသစ်ကို ကျူးဘားနိုင်ငံတွင် တည်ထောင် နိုင်ခဲ့သည်။ တော်လှန်ရေး၏ အောင်ပွဲရလဒ်အဖြစ် အစိုးရသစ်ကို ဖွဲ့စည်းနိုင်ခြင်းဖြစ်၏။ အာဏာရှင်စနစ်၏ ဖိနှိပ်ချုပ်ခြယ်မှုမှာလည်း ကျူးဘားနိုင်ငံတွင် ကြေပျက်သွားခဲ့ရလေသည်။ CIA နောက်ခံပြုသော ဘာတစ်စတာအစိုးရ

သည် နှစ်ပေါင်းများစွာ ကျူးဘားပြည်သူများကို ဒီမိုကရေစီ အခွင့်အရေးများပိတ်ပင်ပြီး ဖိနှိပ်အုပ်ချုပ်ခဲ့သည်။ ကျူးဘားနိုင်ငံ၏ သယံဇာတများနှင့် ကျူးဘားနိုင်ငံ၏ အကျိုးအမြတ်များကို အာဏာရှင် ဘာတစ်စတာနှင့် သူ၏လက်တစ်ဆုပ်စာ မြေရှင်အရင်းရှင်ကြီးများကသာ ရယူခဲ့ကြလေသည်။ ကျူးဘားပြည်သူများက သူတို့၏ ရပိုင်ခွင့် အားလုံး ဆုံးရှုံးခဲ့ရသည်။ ဖီဒယ်ကက်စထရိုအစိုးရ သစ်တက်လာသော အခါ ကျူးဘားတွင် လူမျိုးရေးခွဲခြားမှုကို တရားမဝင်ကြောင်း ကြေညာခဲ့သည်။ ပစ္စည်းစေးနှုန်းများ၊ အသုံးအဆောင် စျေးနှုန်းများ၊ ငှားရမ်းခများ၊ မြေငှားစရိတ်များ အားလုံးမှာလည်း သိသိသာသာ ကျဆင်းသွား၏။ မြေယာပြုပြင်ပြောင်းလဲရေးဥပဒေကို ကြေညာသည်။ ဧက ၁၀၀၀ အထက် မြေပိုင်ဆိုင်ထားသော မြေပိုင် ရှင်များ၏ မြေများကို နိုင်ငံတော်က သိမ်းယူခဲ့သည်။ ထိုကဲ့သို့ တစ်ဦး တစ်ယောက်တည်းက မြေဧကများစွာ ပိုင်ဆိုင်ထားသော မြေရှင် စနစ်ကိုလည်း ဖျက်သိမ်းပစ်သည်။ သိမ်းယူလိုက်သော မြေယာများကို လယ်သမားရာပေါင်း၊ ထောင်ပေါင်းများစွာကို ခွဲဝေပေးလေသည်။

ထိုကဲ့သို့ တိုင်းပြည်တွင် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်၍ ကျူးဘားပြည်သူများ၏ အကျိုးစီးပွားကို ဆောင်ရွက်နေသော ကျူးဘားအစိုးရသစ်မှာ ဝါရှင်တန်မှဆန့်ကျင်မှုနှင့် ကျူးဘားတွင် ရင်းနှီးမြှုပ်နှံပြီး စီးပွားရေးလုပ်ငန်းများ ထူထောင်ခဲ့သော အမေရိကန် ကော်ပိုရေးရှင်းကြီးများ၏ ဆန့်ကျင်မှုကို ရင်ဆိုင်ခဲ့ရလေသည်။ ကျူးဘားနိုင်ငံတွင်းမှာလည်း ကျူးဘားအစိုးရသစ်ကို ဆန့်ကျင်သူများနှင့် ထောက်ခံသူများဟူ၍ (၂)ပိုင်း ကွဲသွားလေသည်။

ထို (၂)ပိုင်းတွင် တစ်ပိုင်းမှာ ကွန်မြူနစ်များလွှမ်းမိုးမှု ဆိုသော ကွန်မြူနစ်တစ္ဆေအခြောက်ခံရသည့် တစ်စုက အစိုးရအဖွဲ့သစ်ကို ဆန့်ကျင်သည်။ ထိုဆန့်ကျင်သောအဖွဲ့၏ အဓိကဆန့်ကျင် ထိုးနှက်သော ပုဂ္ဂိုလ်မှာ အနက်စတိုချေဂွေဗားရားနှင့် ရာအူးလ်ကက်စထရိုဖြစ်ပါ

သည်။ အာဂျင်တီးနားတွင်မွေးဖွားသော အာဂျင်တီးနားလူမျိုး ဂွေဗားရား မှာ ကျူးဘားနိုင်ငံသားမဟုတ်ဆိုသော စွဲချက်ဖြင့် ဆန့်ကျင်ခြင်းဖြစ်သည်။ သူသည် ကျူးဘားတွင် မွေးခြင်း မဟုတ်။ သူသည် နိုင်ငံခြားသား ဖြစ်သည်ဆိုသော အကြောင်းပြချက်ဖြင့် ဦးတည်၍ အဓိကထိုးနှက်သည်။ ၁၉၅၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၉)ရက်နေ့တွင် အစိုးရအဖွဲ့သစ်ကနေ၍ ချေဂွေဗားရားကို တစ်ယောက်တည်းကွက်၍ ကျူးဘားနိုင်ငံသားအဖြစ် သတ်မှတ်လိုက်လေသည်။ သူသည် တော်လှန်ရေးစစ်ပွဲတစ်လျှောက်လုံး ကိုယ်ကျိုးစွန့်၍ ရဲရဲဝံ့ဝံ့ တိုက်ခိုက်ခဲ့သောကြောင့် သူ့ကို ကျူးဘားနိုင်ငံသားအဖြစ် အသိအမှတ် ပြုလိုက်ခြင်းဖြစ်ပါသည်။

ကျူးဘားနိုင်ငံသားရရှိခဲ့သော ချေဂွေဗားရားကို စက်မှုဝန်ကြီးဌာနတွင် စက်မှုဝန်ကြီးအဖြစ် ခန့်အပ်လိုက်ပြန်သည်။ စက်မှုဝန်ကြီးဌာနသည် အမျိုးသားလယ်ယာ ပြုပြင်ပြောင်းလဲမှုဌာနတွင် တွဲဖက်ထားသည်။ ထို့ကြောင့် အတိုက်အခံများကလည်း ကျူးဘားအစိုးရအဖွဲ့သစ်ကို အဆက်မပြတ် ထိုးနှက်တိုက်ခိုက်သည်။ လက်ယာ နေ့စဉ်သတင်းစာ အဲလ်ဒီယာလီယိုဒီလာမာရီနာက ချေဂွေဗားရားကို တာဝန်ပေးခြင်းနှင့် ပတ်သက်ပြီး နေ့စဉ်လိုလို ဆန့်ကျင်ရေးသားခဲ့ သည်။ ဖီဒဲလ်ကက်စထရိုက ထိုကိစ္စနှင့်ပတ်သက်ပြီး ၁၉၅၉ ခုနှစ်၊ စက်တင်ဘာ ၂၈ တွင် ရုပ်မြင်သံကြားအစီအစဉ်မှ တုံ့ပြန်ပြောဆိုခဲ့သည်။ ထို ရုပ်မြင်သံကြားအစီအစဉ်မှာ 'စီးပွားရေး ဝေဖန်ချက်များ' ဆိုသော အခန်းဖြစ်လေသည်။

"ခက်ခဲတဲ့ အချိန်တွေမှာ ကျွန်တော်တို့နဲ့အတူ ဖြတ်သန်းကျော်လွှားခဲ့တဲ့ လူတစ်ယောက်မှာ ပေါကြွယ်လှတဲ့ အတွေ့အကြုံတွေရှိတယ်ဆိုတာ ကျွန်တော်တို့ သိပါတယ်။ သူဟာ အတွေ့အကြုံ အများအပြားရှိသလို သဘော်နဲ့လိုက်မသွားဘဲ သဘော်ပေါ်က ခုန်ချပြီး အသက်ပေးတိုက်ပွဲဝင်ခဲ့သူဆိုတာလည်း ကျွန်တော်တို့ သိပါတယ်။ လူတစ်ယောက်ဟာ ဘယ်လောက်ဝေးဝေး သွားရမယ်ဆိုတာလည်း

ကျွန်တော်တို့သိပါတယ်။ ဒီတော်လှန်ရေးကြီးမှာ ရဲဘော်တွေနဲ့ အတူ စွန့်လွှတ်တိုက်ပွဲဝင်ခဲ့သူ တစ်ယောက်နဲ့ပတ်သက်ပြီး သူ့ကို ဘယ်လို ဆက်ဆံရမယ်ဆိုတဲ့ အခွင့်အရေး ကျွန်တော်တို့မှာ ရှိပါတယ်။ တော်လှန် ရေးကို မဖျက်ဆီးခင်မှာ ဘယ်သူ့ကို ပထမဆုံး ဖျက်ဆီးပစ်ရမလဲ။ ဘယ်သူ့ကို အောက်ဆုံးရောက်အောင် လုပ်ရမလဲဆိုတာ တော်လှန်ရေး ဆန့်ကျင်သူတွေ သဘောပေါက်ကြတယ်။ အားလုံးကို အသိပေးပါရစေ။ အားလုံး နားထောင်ကြပါ။ နောက်ဆုံး လူကို အောက်ဆုံးရောက်အောင် လုပ်ဖို့ဆိုရင် ပထမဆုံး ကျွန်တော်တို့ အားလုံးကို သတ်ပစ်ရပါလိမ့်မယ်"

ကျူးဘားတော်လှန်ရေးကို မရှုဆိတ်သူများက တာဝန်မဲ့သော လုပ်ရပ်များကို မရှက်မကြောက် လုပ်ကိုင်ကြတယ်။ သူတို့သည် ရာဇဝတ်မှုတစ်ခုကို ကျူးလွန်သလို တော်လှန်ရေးအာဏာပိုင်များ၏ အာဏာလျော့ပါးသွားအောင် တန်ပြန်တော်လှန်ရေးလုပ်ရပ်များတွင် နှစ်မြုပ်ထားကြသည်။ ဤနိုင်ငံထဲတွင် နေထိုင်ကြပြီး တော်လှန်ရေး ကို ပျက်စီးအောင် ကြိုးပမ်းအားထုတ်နေကြ၏။ တချို့ကြိုးပမ်းမှုများ သည် နိုင်ငံအတွက် မယုံကြည်နိုင်လောက်အောင် ကြေကွဲမှုများကို ကြုံတွေ့နေရသည်။ ဤပုဂ္ဂိုလ်များသည် မိုက်မဲရုံမက ဤတော်လှန် ရေးကို မျက်ကွယ်ပြုထားကြလေသည်။ သူတို့သည် ပုဂ္ဂိုလ်ရေး အကျိုးစီးပွား၊ ရည်မှန်းချက်များကိုသာ ဦးထိပ်ထားသူများဖြစ်၏။ လူပုဂ္ဂိုလ်တစ်ဦး၏ အကျိုးစီးပွားအတွက် တော်လှန်ရေးကို ဆန့်ကျင်လျှင် ဒုက္ခရောက်မည် သာဖြစ်သည်။ ကျွန်တော်တို့ကို ဆန့်ကျင်သော ရန်သူများ၏ အကျိုး စီးပွားအတွက်သာ ပြုလုပ်နေမည်ဆိုလျှင် အဆိုးဝါးဆုံးသောဒုက္ခကို ကြုံတွေ့ရမည်ဖြစ်ပေသည်။

သူတို့သည် မည်သူ့ကို ဆန့်ကျင်တိုက်ခိုက်နေပါသလဲ။ ထိုသူ သည် ကျွန်ုပ်တို့ ကျူးဘားပြည်သူများအတွက် စွန့်လွှတ်အနစ်နာခံကာ တိုက်ခိုက်သူတစ်ယောက်ကို ပစ်မှတ်ထား၍ ဆန့်ကျင်နေခြင်း ဖြစ်သည်။ ကျူးဘားပြည်သူများက ကျေးဇူးတင်နေခဲ့သူ တော်လှန်ရေး သူရဲကောင်း

တစ်ယောက်ကို တိုက်ခိုက်နေခြင်းဖြစ်သည်။ သူသည် ကျူဘားနိုင်ငံအတွက် အကြီးကျယ်ဆုံးသော စွန့်လွှတ်မှုများကို ပြု လုပ်ခဲ့သည်။ သူ့ကို ကျွန်တော်တို့က သူရဲကောင်းဟု ခေါ်ကြသည်။ ထိုသူမှာ ရဲဘော်ကြီး ဂွေဗားရားဖြစ်ပါသည်။

ကျူဘားနိုင်ငံအတွက် အကြီးကျယ်ဆုံးသော လုပ်ရပ်များကို သူလုပ်ခဲ့ကြောင်း ကျွန်တော် အထွေအထူး ပြောစရာမလိုပေ။ အဘယ်ကြောင့်ဆိုသော် သူလုပ်ရပ်များကို ဤတိုင်းက သိသောကြောင့် ဖြစ်သည်။ တော်လှန်ရေးအစက တော်လှန်ရေးအတွက် အပျော်တမ်း ဝင်ရောက် တိုက်ခိုက်မည့်သူကို ရှာဖွေရသည်မှာ အလွန်ခက်ခဲလှပါသည်။ ထိုအချိန်တွင် သူသည် ပထမဆုံးရွေးကို ထွက်လာသူဖြစ်ပါသည်။ သာမန်လူများထက် ထူးထူးခြားခြား ရဲရင့်သောသူ ဖြစ်သည်။ မည်သူမှ မလုပ်နိုင်သည်ကို သူက စလုပ်ခဲ့သည်။ ကျွန်တော်တို့ ကျူဘား ပြည်သူများ၏ ရဲဘော်ကြီး ဝီသစ္စာ ပါဝင်ခဲ့သူ ဖြစ်သည်။ စစ်ပွဲအစမှနေ အဆုံးအထိ စွန့်လွှတ်အနစ်နာခံခဲ့သည်။ သူသည် သေရမည်ကိုလည်း အသင့်ပြင်ထားသည်။ ကျွန်တော်တို့၏ တော်လှန်ရေးအကျိုးစီးပွားအတွက် သူ့အသက်ကို ပေးလျှဖို့ အသင့်ရှိ၏။ သူ့တွင် ပန်းနာရင်ကျပ်ရောဂါလည်း ရှိသည်။ ထိုရဲဘော်သည် သူ့ရင်ကျပ်ထလာလျှင် ရှူရမည့်ဆေးဘူးကို အသင့်ယူလာခဲ့၏။ ရွှံ့တော နှံတောများကိုဖြတ်၍ ထိုးစစ်တွင် ရှေ့က ပါဝင်ခဲ့သူလည်း ဖြစ်၏။ အကြမ်းတမ်းဆုံး စစ်ပွဲတော်လှန်ရေးရဲဘော်များနှင့်အတူ သူသည် ကျူဘားအကျိုးစီးပွားအတွက် ပါဝင်တိုက်ခိုက်ခဲ့သူလည်း ဖြစ်သည်။ သူသည် တော်လှန်ရေး၏ ပင်မတိုင်လုံးကြီးများတွင် တိုင် တစ်တိုင်အဖြစ် ပါဝင်ခဲ့သည်။ ရဲဘော်ကြီးချေဂွေဗားရားနှင့် ပတ်သက်၍ ဖီဒယ်ကက်စထရိုက ရုပ်မြင်သံကြားမှနေ၍ ဤသို့ ဆက်ပြောခဲ့ပါသည်။

"ကျွန်တော်တို့ရဲ့ တော်လှန်ရေးဟာ စနစ်တကျစီစဉ်ပြီး ဆင်နွှဲခဲ့တဲ့ တော်လှန်ရေးဖြစ်ပါတယ်။ လူထုနဲ့အဆက်ပြတ်ပြီး အထီးကျန်တဲ့

လုပ်ရပ်မဟုတ်ပါဘူး။ ယခုလို ကျွန်တော်တို့ရဲ့ ရဲဘော်ကြီးကို တိုက်ခိုက်တဲ့ ရည်ရွယ်ချက်က ဘာလဲ။ ရဲဘော်ဂွေဗားရားရဲ့ ရုပ်တည်မှုကို နိမ့်ကျသွားအောင် ချိုးနှိမ်တာဖြစ်တယ်။

ရဲဘော် ဂွေဗားရားဟာ ဘယ်လိုတာဝန်မျိုးမဆို၊ ဘယ်လို ရာထူးမျိုးမဆို၊ ဘယ်လိုညွှန်ကြားမှုမျိုးမဆို ဘယ်နေရာမှာ ဖြစ်ဖြစ် ထမ်းဆောင်မယ့်သူဖြစ်တယ်။ သူဟာ တစ်စက္ကန့်မှ တုံ့နှေးခြင်းမပြုဘဲ ချက်ချင်းဆောင်ရွက်မယ့်သူ ဖြစ်တယ်။ ဒီနိုင်ငံကလိုအပ်တဲ့ ဘယ်လိုတာဝန်မျိုးမဆို ရင်ဆိုင်မှာပဲ။ ဘယ်လောက်ပဲ ကြမ်းတမ်း ဘယ်လိုအခြေအနေပဲတွေ့တွေ့ ပေးတဲ့တာဝန်ကို ထမ်းဆောင်မယ့်သူပါ။ သူဟာ ကျူးဘားပြည်သူတွေအတွက် ပေးဆပ်ဖို့ဝန်မလေးပါဘူး။ အခုအချိန်ဟာ အေးအေးသက်သက် နေရမယ့်အချိန်မျိုး မဟုတ် ပါဘူး။ ဒီလိုအချိန်မှာ ရဲဘော်ဂွေဗားရားဟာ သူတတ်စွမ်းတဲ့ဘက်ကနေ တာဝန်ယူပေးနေတာပဲ။ ကျူးဘားပြည်သူတွေဟာလည်း ဒီ ရဲဘော်ကြီးကို လေးစားကြည်ညိုပါတယ်။

လယ်ယာပြုပြင်ပြောင်းလဲရေး လှုပ်ရှားမှုမှာ ပြည်သူအများက နားလည်သဘောပေါက်ပြီး ထောက်ခံမှုပေးခဲ့ကြတယ်။ လယ်ယာမြေပြုပြင်ပြောင်းလဲမှုလုပ်သလို ကျူးဘားစက်မှုတည်ဆောက်ရေးကိုလည်း လူအများ ထောက်ခံအားပေး ဆောင်ရွက်ဖို့လိုပါတယ်။ လယ်ယာ ပြုပြင်ပြောင်းလဲမှုမှာ လူထုက နားလည်သဘောပေါက်ပြီး ထောက်ခံမှုရရှိဖို့လိုသလို စက်မှုမြှင့်တင်ရေးရဲ့ တိုးတက်အောင် ဆောင်ရွက်ရေးမှာလည်း လူထုထောက်ခံဖို့ လိုပါတယ်။ ဒါကြောင့် ကျွန်တော်တို့ အနေနဲ့ စက်မှုဝန်ကြီးဌာနတစ်ခု ဖွင့်လှစ်ရလိမ့်မယ်။ ဒါကိုလည်း လယ်သမားတွေကို ပြောခဲ့ပါတယ်။ သူတို့ရဲ့ ထောက်ခံမှုနဲ့ ရှေ့ကို ချီတက်ရမယ်။ လူထုရဲ့ အကူအညီကိုလည်း လိုအပ်တယ်။ ပြည်သူ အားလုံးကလည်း ခြိုးခြံချွေတာဖို့ လုပ်ကြရမယ်။ အလုပ်သမား သမဂ္ဂတွေ၊ လယ်သမားသမဂ္ဂတွေစတဲ့ အလုပ်သမား၊ လယ်သမား အဖွဲ့အစည်းတွေကလည်း ပြည်သူ

တွေ ခြိုးခြံချွေတာဖို့နဲ့ စုဆောင်းဖို့ကို အားပေးရပါလိမ့်မယ်။

ကျွန်တော်တို့က အာနက်စတိုဂွေဗားရားကို စက်မှုတည်ဆောက်ရေးဌာနကို ပို့ခဲ့ပါတယ်။ ဘာကြောင့်လဲ။ ရှင်းပါတယ်။ သူမှာ ဒဲဒီလို အရည်အချင်းတွေ ရှိလို့ပဲ။ စစ်ပွဲကာလတုန်းက သူမှာ ဒီ အရည်အချင်းတွေရှိတာ တွေ့ခဲ့တယ်။ ဒီရဲဘော်မှာ တပ်နီတော် တည်ထောင်ရေးအတွက် ခေါင်းဆောင်ခဲ့သူဖြစ်တယ်။ စက်မှုနိုင်ငံ တည်ဆောက်ဖို့ကိုလည်း ရဲဘော်ဂွေဗားရားကိုပဲ လုပ်နိုင်တယ်လို့ ကျွန်တော်တို့ယုံပါတယ်။ ကျွန်တော်တို့ဟာ ဆီးရားယားမေစထရာတည်းက ကျွန်တော်တို့ နိုင်ငံရဲ့ တိုးတက်မှုကို ဆွေးနွေးခဲ့ပါတယ်။ စက်မှု နိုင်ငံတည်ထောင်ဖို့၊ နိုင်ငံကြီးပွားတိုးတက်အောင် ဘယ်လိုလုပ်ကြမလဲ ဆွေးနွေးခဲ့ကြတယ်။ ကျွန်တော်တို့အနေနဲ့ သယံဇာတတူးဖော်မှုတွေ ပြုလုပ်မယ်။ ဖိနပ်စက်ရုံတွေ တည်ဆောက်မယ် အစရှိတဲ့ စက်မှုလုပ်ငန်းတွေ တည်ဆောက်ဖို့ အသေးစားစက်မှုလုပ်ငန်းတွေ၊ အကြီးစားစက်မှုလုပ်ငန်းတွေ တည်ဆောက်ဖို့ စဉ်းစားခဲ့ကြပါတယ်။ ကျူဘားနိုင်ငံလွတ်မြောက်ပြီး တည်ဆောက်ရေးတွေ ဆောင်ရွက်တဲ့ အခါ ငြိမ်းချမ်းတဲ့ကာလမှာ ဘယ်လိုတည်ဆောက်ကြမလဲဆိုတာ ညှိနှိုင်းခဲ့ကြတာ အမှန်ပါပဲ"

၁၉၅၉၊ နိုဝင်ဘာလ ၂၆ တွင်၊ ချေဂွေဗားရားကို ကျူးဘားနိုင်ငံ၏ အမျိုးသားဘဏ်ဥက္ကဋ္ဌအဖြစ် ခန့်အပ်လိုက်၏။ ယခင်ဘဏ်ဥက္ကဋ္ဌဖြစ်သူ ဖီလစ်ရပါကော့နေရာတွင် ခန့်အပ်လိုက်ခြင်းဖြစ်သည်။ ယခင် ဘဏ်ဥက္ကဋ္ဌဟောင်းသည် အစိုးရသစ်ဖြစ်သော တော်လှန်ရေးအစိုးရကို ဆန့်ကျင်သောသူ ဖြစ်လေသည်။ ကျူးဘားနိုင်ငံတော် ဘဏ်ဥက္ကဋ္ဌအဖြစ် ခန့်အပ်ခံရသော ဂွေဗားရားကို တန်ပြန်တော်လှန်ရေးသမားများနှင့် အမေရိကန်ပြည်ထောင်စုတို့က ဆန့်ကျင်ကြ၏။ ကျူးဘားရှိ အတိုက်အခံများကလည်း ဆန့်ကျင်ကြ၏။ ထိုသို့ ဆန့်ကျင်သော တိုက်ခိုက်မှုအများအပြားကို ဂွေဗားရားရင်ဆိုင်ခဲ့ရ၏။ ဘဏ်ဥက္ကဋ္ဌ

ဖြစ်လာသော ငွေဗားရားသည် တိုင်းပြည်ပြင်ပ ရောက်ရှိသွားသော ကျူးဘားနိုင်ငံ၏ ငွေများကို ကျူးဘားနိုင်ငံကို ပြန်လည်ရောက်ရှိရန် ဦးစားပေးဆောင်ရွက်သည်။ နိုင်ငံ၏ငွေကြေးစနစ်ကို တည်ငြိမ်အောင် နှင့် ဝယ်လိုအားကောင်းအောင်လည်း ကြိုးပမ်းအား ထုတ်ဝဲသည်။ နိုင်ငံရှိ ပုဂ္ဂလိကဘဏ်များကို ထိန်းမျုပ်သည်။ သို့သော် နိုင်ငံပိုင်အဖြစ် မသိမ်းခဲ့ပေ။

ငွေဗားရားကို ဘဏ်ဥက္ကဋ္ဌအဖြစ် ခန့်အပ်လိုက်ခြင်းဟာတွက် ကျူးဘားနိုင်ငံတွင်းရော၊ နိုင်ငံတကာတွင်ပါ လှုံ့ဆော်ဆန့်ကျင်ကြလေသည်။ ဥပမာပြရလျှင် ၁၉၆၀ ခုနှစ်၊ ဇူလိုင်လတွင် ထုတ်ဝေသော 'အမေရိကန်ပြည်ထောင်စု သတင်းနှင့် ကမ္ဘာ့အစီရင်ခံစာ' U.S News and World Report ထဲ၌ ဆောင်းပါးတစ်ပုဒ် ရေးထား၏။ ထိုဆောင်းပါး၏ ခေါင်းစဉ်မှာ 'ကက်စထရို၏နောက်ကွယ်က အနီအာဏာရှင်' ဖြစ်သည်။ ထိုဆောင်းပါးထဲတွင်. .

"ဖီဒဲလ်ကက်စထရို၏ နောက်တွင်ရှိသူများကို ကြည့်လိုက်လျှင် သူ၏ညီ ရာအူးရှိပြီး သူ့ကို ကျူးဘား၏ တကယ့်အနီအာဏာရှင်ဟု ခေါ်ကြသည်။ အာနက်စတို (ချေ)ငွေဗားရားမှာ ကက်စထရို၏ ကျူးဘားအစိုးရအဖွဲ့တွင် 'ဦးနှောက်'ဖြစ်လေသည်။ ငွေဗားရားသည် ကျူးဘားလူမျိုးတစ်ယောက် မဟုတ်ပေ။ အာဂျင်တီးနားလူမျိုး တစ်ယောက်ဖြစ်သည်။ သူသည် ပင်ကိုစရိုက်အရ စိတ်ခံစားမှုကို အလေးပေးသော လက်တင်တစ်ယောက်မဟုတ်ဘဲ သွေးအေးအေးနှင့် ချင့်ချိန်ပြီး အမြော်အမြင်ရှိသော ကွန်မြူနစ်တစ်ယောက်ဖြစ်လေသည်။

ငွေဗားရားသည် ကက်စထရို၏ ကျူးဘားနိုင်ငံတွင် ကက်စထရိုနှင့်အတူ ဦးဆောင်နေခြင်းက အနီတို့၏ အောင်ပွဲဖြစ်သလို လက်တင်အမေရိက တစ်ခုလုံးတွင် အနီအောင်ပွဲ၏ လှေကားထစ်တစ်ခုလည်း ဖြစ်လေသည်။

ဖီဒဲလ်နှင့် ရာအူးလ်ကက်စထရိုတို့ မဟုတ်ဘဲ ငွေဗားရားသည်

ကျူးဘားတွင် ပထမဆုံးခြေလှမ်းအဖြစ် အမေရိကန်၏ ရင်းနှီးမြှုပ်နှံမှုများကို ထိန်းချုပ်လိုက်၏။ ဂွေဗားရားသည် နိုင်ငံတကာ ကွန်မြူနစ်ဝါဒ၏ ကိုယ်စားလှယ်တစ်ယောက်အဖြစ် ကျူးဘားတွင် အပြောင်းအလဲများ ဖြစ်လာစေရန် ကြိုးစားသည်။ ကျူးဘား၏ ဘဏ္ဍာရေးနှင့် စီးပွားရေးကို အရင်းရှင်စီးပွားရေးမှနေ ပြောင်းလဲဖို့ ကြိုးစားသည်။ သူသည် ကျူးဘား၏ ဘဏ္ဍာရေးအခြေအနေကို တွေ့ရမည်ဖြစ်သည်။ ဂွေဗားရားသည် ကျူးဘား အမျိုးသားဘဏ်ဥက္ကဋ္ဌအဖြစ် တာဝန်ယူလိုက်သည်။ သူ့လက်တံသည် ဘဏ်စာရင်းအားလုံးပေါ် ရောက်ရှိနေ၏။ ပုဂ္ဂလိကဘဏ်စာရင်းများရော၊ ကျူးဘားကျွန်းပေါ်ရှိ ကော်ပိုရေးရှင်းများကိုပါ ချုပ်ကိုင်ထားနိုင်၏။ ကျူးဘား၏ သယံဇာတများကို ကျူးဘားအစိုးရအတွက် အသုံးချနိုင်သူ ဖြစ်သည်။

ဂွေဗားရားအနေဖြင့် ကျူးဘားသည် သူနှင့်သူ၏ ကွန်မြူနစ်လက်ထောက်များအတွက် သူတို့၏ အတွေးအခေါ် အယူအဆများကို လက်တွေ့လုပ်ကိုင်နိုင်သော ဒေသတစ်ခုဖြစ်လာသည်။ ဤ လုပ်ငန်းသည် ကျူးဘားရှိ ကွန်မြူနစ်များနှင့် ဂွေဗားတို့ အနီးကပ် လက်တွဲလုပ်ဆောင်နိုင်သော လုပ်ငန်းလည်းဖြစ်သည်။ ကျူးဘားကို သူဟုံဒမြေစိုက်စခန်းအဖြစ် ထားရှိပြီး လက်တင် အမေရိကတွင် ကျူးဘားကဲ့သို့ ကွန်မြူနစ်သဘောတရား အခြေခံသော နိုင်ငံများ ဖြန့်ကျက်ရန် ကြိုးစားသူဖြစ်သည်" ဟု ရေးထားလေသည်။ အမေရိကန်၏သတင်းနှင့် ကမ္ဘာ့အစီရင်ခံစာပါ ဆောင်းပါးကို ဖိဒဲလ်ကက်စထရိုက ၁၉၅၉ ခု၊ ဒီဇင်ဘာ ၁၅ ရက်နေ့တွင် တုံ့ပြန် ရှုတ်ချသော မိန့်ခွန်းပြောကြားခဲ့သည်။ သူက ကျူးဘားနိုင်ငံ သကြားအလုပ်သမားများ၏ အမျိုးသားဖက်ဒရေးရှင်းညီလာခံတွင် ပြောကြားခြင်းဖြစ်ပါသည်။

"ကျွန်တော်တို့ဟာ စွန့်လွှတ်အနစ်နာခံရမယ်ဆိုရင် ပထမဆုံးကတော့ ဇိမ်ခံပစ္စည်းတွေကို အတတ်နိုင်ဆုံး အသုံးမပြုဘဲနေဖို့ ဖြစ်တယ်။ ပြည်သူတွေအတွက် ဇိမ်ခံပစ္စည်းတွေဟာ မသုံးရင်လည်း ဖြစ်ကြပါကယ်။

တိုင်းပြည်အတွက် ခြိုးခြံချွေတာဖို့၊ တိုင်းပြည်ရဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းဖို့အတွက် ကျွန်တော်တို့ဟာ ဇိမ်ခံပစ္စည်းတွေကို စွန့်လွှတ်ရမယ်။ အဲဒီ ဇိမ်ခံပစ္စည်းတွေနဲ့ မရှိရင်လည်း ဖြစ်နိုင်တဲ့ ကုန်ပစ္စည်းတွေကို မသုံးဘဲ နိုင်ငံတော်ရဲ့ဘဏ္ဍာငွေကို ချွေတာရမှာပါ။ ကျူးဘားက လယ်သမားတွေရဲ့ဘဝဟာ ဘယ် လောက် ဆင်းရဲလည်းဆိုတာ သိပါတယ်။ သကြားထုတ်လုပ်တဲ့ အလုပ်သမားတွေရဲ့ဘဝဟာ ဘယ်လောက်ခက်ခဲကြမ်းတမ်းသလဲ ဆိုတာလည်း ကျွန်တော်သိပါတယ်။ ဒီနိုင်ငံက အလုပ်သမားတွေရဲ့ ဘဝဟာ ဘယ်လောက်ချို့တဲ့ ကြမ်းတမ်းတယ်ဆိုတာ ကျွန်တော်တို့ သိပါတယ်။ သူတို့ဟာ ပြင်သစ်ရေမွှေးကို သုံးနိုင်တဲ့သူတွေ မဟုတ်ဘူး။ ပိုးထည်၊ ဇာထည်တွေကိုလည်း မဝတ်နိုင်ပါဘူး။ အမေရိကန် ဒီးကရက်ကွေကိုလည်း မသောက်နိုင်ပါဘူး။ ဆင်းရဲတဲ့လယ်သမားတွေ ဘာသုံးလဲဆိုတာ ကျွန်တော်တို့သိတာပေါ့။ ဒါကြောင့် မလိုအပ်တဲ့ ပစ္စည်းတွေကို ဖြတ်တောက်ဖို့ အချိန်ရောက်ပါပြီ။ ဒါကြောင့် ချေကို အမျိုးသားဘဏ်မှာ ဘာကြောင့် တာဝန်ပေးသလဲဆိုတာသိ နိုင်ပါပြီ။

ကျူးဘားအမျိုးသားဘဏ် (ကျူးဘားဗဟိုဘဏ်)ရဲ့ ဥက္ကဋ္ဌ အဖြစ် ချေရဲ့နာမည်ဖော်ပြလိုက်တာနဲ့ ဘယ်သူတွေကစပြီး စိုးရိမ်ပူပန်မှုဖြစ်လာပါသလဲ။ လယ်သမားတွေက စိုးရိမ်ပူပန်မှု မဖြစ်တာတော့ သေချာပါတယ်။ သကြားအလုပ်သမားတွေ ဒါမှမဟုတ် ဆင်းရဲသားတွေကလည်း စိုးရိမ်မှုမဖြစ်တာ သေချာပါတယ်။ ဒါဆိုရင် ဘယ်သူတွေက စိုးရိမ်သောကရောက်နေပါသလဲ။ ဘာကြောင့် ချေကို ဆန့်ကျင်နေရသလဲ။ ချေကို ရှုတ်ချဝေဖန်ကြတယ်။ ချေကို ကဖျက် ယဖျက်နဲ့ ဆန့်ကျင်ပြောဆိုကြတယ်။ သူမှာရှိဘဲ့ သာမန်ဏက်ကို ထူးခြားတဲ့ ကောင်းမြတ်မှုတွေ၊ စွန့်လွှတ်အနစ်နာခံမှုတွေကို သူတို့က မေးခွန်းတွေထုတ်ပြီး ကဖျက်ယဖျက် ပြောဆိုကြတယ်။ သူ့ကို မကောင်းဆိုးဝါးတစ်ယောက်လို ဖန်တီးပြောဆိုကြတယ်။ ဒါပေမဲ့ သူ့ကို အဲ့ဒီလို မကောင်းဆိုးဝါး၊ တစ္ဆေ၊ သရဲလို ဖန်တီးပြောဆိုပေမဲ့ ကျူးဘားပြည်သူ

တွေကတော့ ဒီလို မမြင်ပါဘူး။ ကမ္ဘာ့ပြည်သူတွေကလည်း သူ့ကို အဆိုး မမြင်ပါဘူး။ ချေဟာ ကျူးဘားပြည်သူတွေ ရဲ့ သူရဲကောင်းတစ်ယောက်ပါ။ သူဘဝနဲ့သူ့အသက်ကို စွန့်လွှတ် အနစ်နာခံပြီး ကျူးဘားပြည်သူတွေရဲ့ အကျိုးအတွက် တိုက်ပွဲဝင်ခဲ့သူ ဖြစ်တယ်။ ကျွန်တော်တို့က ကျူးဘားအမျိုးသားဘဏ်ဥက္ကဋ္ဌအဖြစ် သူနာမည်ကို ဖော်ပြလိုက်တဲ့ အချိန်မှာ ကျူးဘားပြည်သူတွေရဲ့ အကျိုးစီးပွားကို မလိုလားသူတွေက အကြီးအကျယ်ကြောက်လန့် တုန်လှုပ်သွားတယ်။ သူတို့ကြောက်လန့်တဲ့ တစ္ဆေ၊ သရဲဟာ သူတို့ ဖန်တီးလိုက်တဲ့ သူတို့ကိုယ်တိုင်ပဲ ဖြစ်နေပါတော့တယ်။

တချို့လူတွေက ဘဏ်ကိုသွားပြီး သူတို့ရဲ့စက္ကူတွေကို ဘဏ်ထဲကနေ ပြန်ထုတ်ကြတယ်။ သူတို့က 'စက္ကူ'ကို ထုတ်ယူကြတယ်။ ဘာကြောင့်လဲဆိုတော့ စိုးရိမ်ပူပန်မှုတွေနဲ့အတူ သူတို့ရဲ့စက္ကူတွေကို ထုတ်ယူကြတာပါပဲ။ စက္ကူဆိုတာက ငွေစက္ကူကို ဆိုလိုတာ ပါ။ ငွေအဖြစ် တန်ဖိုးမထားတော့ဘူးဆိုရင် စက္ကူဖြစ်သွားမှာပဲ။ အဲဒီ စက္ကူနောက်မှာ စီးပွားရေးရှိတယ်။ အဲ့ဒီ စက္ကူတွေမှာ ငွေကြေးအရံတွေ ရှိတယ်။ ဒီစက္ကူတွေနဲ့ ကျွန်တော်တို့စီးပွားရေးကို သုံးစွဲနေရတယ်။ ဒီစက္ကူတွေက အရန်ငွေကြေးကို အကာအကွယ်ပေးနေကြပါတယ်။ ဒီစက္ကူတွေရဲ့ နောက်မှာ စီးပွားရေးလည်း မရှိဘူး၊ အရန်ငွေကြေးလည်း မရှိဘူးဆိုရင် အဲ့ဒီစက္ကူဟာ စက္ကူစုတ်ပဲ ဖြစ်သွားမှာပဲ။ သူတို့က ဘဏ်က အဲ့ဒီစက္ကူတွေထုတ်သွားရင် ကျွန်တော်တို့က အသစ်ထုပ်ရိုက်လို့ ရတာပဲ။

ဒီလိုလူတွေက တန်ပြန်တော်လှန်ရေး လှုပ်ရှားမှုတွေကို လုပ်လာကြပြီဆိုရင် အဲ့ဒီအကျိုးဆက်ကို သူတို့ပဲ ခံရမှာပဲ။ ဘဏ်ကနေ သူတို့ငွေကြေးတွေ ပြန်ထုတ်နေကြရင် ဒါဟာ တန်ပြန်တော်လှန်ရေး လုပ်ရပ်ပဲ။ ရိုးသားတဲ့ ပြည်သူတွေအကြောင်း မဟုတ်ဘဲ ကျူးဘားရဲ့တော်လှန်ရေးကို ကဖျက်ယဖျက်လုပ်ချင်တဲ့ တန်ပြန်တော်လှန်ရေးသမားတွေက ရည်ရွယ်ချက်ရှိရှိ လုပ်ကြတာဖြစ်တယ်။ ဘဏ်ရဲ့

လည်ပတ်မှု၊ ပျက်စီးသွားအောင်၊ ဘဏ်ရဲ့လုပ်ငန်း အားနည်းသွားအောင် လုပ်တာဖြစ်ပါတယ်။ ဒီလိုသာ သူတို့အပ်ထားတဲ့ ငွေတွေကို ပြန်ယူရင် ကျွန်တော်တို့က ငွေစက္ကူအသစ်တွေ ထုတ်ရမှာဖြစ်တယ်။ ဒါဟာ ရိုးရိုးလေးပါပဲ။ နိုင်ငံမှာ လည်ပတ်ဖို့ ငွေစက္ကူမရှိရင် ငွေစက္ကူ အသစ်တွေ ထပ်ထုတ်ရမှာပေါ့။ ဒီလိုလုပ်တဲ့အတွက် အလုပ်သမားတွေမှာ ထိခိုက်မှု မရှိပါဘူး။ သူတို့ရဲ့လုပ်အားခငွေကြေး ၁၀၀ ပုံ တစ်ပုံတောင် ထိခိုက်မှု မရှိပါဘူး။ ဒီလိုငွေတွေ ဘဏ်ကထုတ်ယူလို့ ကျူးဘားရဲ့ စီးပွားရေး ပျက်စီးသွားတယ်ဆိုတာ ဘယ်အရူးကမှ လက်ခံယုံကြည်လိမ့်မယ် မဟုတ်ပါဘူး။ ဘယ်သူကမှလည်း ဒီလိုလုပ် ဖို့ ပြောင်းဆန်သွားမှာ မဟုတ်ပါဘူး။ ကျူးဘားပြည်သူတွေကတော့ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ အအိပ်မပျက်၊ အစားမပျက်နေနိုင်ပါတယ်။ သူတို့က သူတို့ငွေစက္ကူတွေကို ထုတ်ယူသွားတဲ့အတွက် ကျွန်တော်တို့က ဒီငွေစက္ကူတွေကို တို့မှာတောင် မဟုတ်ပါဘူး။ သူတို့ထင်တာနဲ့ တခြားစီပါပဲ။ ကျွန်တော်တို့ စီးပွားရေးကို ကျွန်တော်တို့ ကာကွယ်မှာပါ။ ကျွန်တော်တို့ အရန်ငွေကြေးကိုလည်း ကာကွယ်မှာပါ။ ကျွန်တော်တို့ငွေစက္ကူတွေရဲ့ တန်ဖိုးကျမသွားအောင်လည်း အာမခံချက်ပေးမှာပါ။ ချေကို ဘဏ်ဥက္ကဋ္ဌ တာဝန်ပေးပြီး စေလွှတ်တာဟာ ကျွန်တော်တို့စီးပွားရေးကို ကာကွယ်ဖို့၊ ကျွန်တော်တို့ အရန်ငွေကြေး ကို ကာကွယ်ဖို့ စေလွှတ်လိုက်တာပါ။

ချေကို ကျူးဘားအမျိုးသားဘဏ်ရဲ့ဥက္ကဋ္ဌအဖြစ် တာဝန်ပေးလိုက်တာဟာ အရူးအလုပ် မဟုတ်ပါဘူး။ ဘယ်သူကမှလည်း အမှားလုပ်တာမဟုတ်ပါဘူး။ အရင်ဘုန်းက ဆွေကို အိုဒီယန်ပြည်နယ်ကို စေလွှတ်ပြီး ရန်သူတပ်ဖွဲ့တွေရဲ့ အန္တရာယ်က လပ်စ်ဗိတ်လပ်စ်ကို ကာကွယ်ဖို့ စေလွှတ်လိုက်သလိုပါပဲ။ အခု အမျိုးသားဘဏ်ကို တာဝန်ပေးလိုက်တာဟာလည်း ကျွန်တော်တို့အမျိုးသားငွေကြေးကို ကာကွယ်ဖို့ဖြစ်တယ်။ ကျွန်တော်တို့နိုင်ငံမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနဲ့ နိုင်ငံခြားငွေကြေးကို ကာကွယ်ဖို့ဖြစ်တယ်။ ကျွန်တော်တို့ အရန်ငွေကြေးတွေကို ကာကွယ်ဖို့

သူကိုစေလွှတ်လိုက်တာ ဖြစ်ပါတယ်" ဟု မိန့်ခွန်းပြောကြားခဲ့လေသည်။

၁၉၆၅ ခု၊ မတ်လ (၁၄)ရက်တွင် ချေဂွေဗားရားသည် ကျူးဘားသို့ ပြန်လာ၏။ ၃ လကြာ အာဖရိကနိုင်ငံ အတော်များများသို့ သွားရောက်လည်ပတ်ပြီး ကုလသမဂ္ဂတွင် ကျူးဘားအစိုးရ ကိုယ်စား မိန့်ခွန်း ပြောကြားခြင်းတို့ပြုလုပ်ပြီးနောက် ပြန်လာခြင်းဖြစ်သည်။ ချေသည် ကျူးဘားသို့ ပြန်လာပြီးသည့်နောက် လူမြင်ကွင်းမှ ရုတ်တရက် ပျောက်ကွယ်သွားလေသည်။ ဧပြီလ ကျူးဘားမှ သူထွက်သွားစဉ်က 'တိုက်ပွဲကွင်း' အသစ်တစ်ခုဆီသို့ သွားရောက်မည်ဟု ရေးထားခဲ့လေသည်။

ကျူးဘားမှ ထွက်ခွာသွားခြင်းသည် လုံးဝလျို့ဝှက်၍ သွားခြင်းဖြစ်၏။ ခရီးစဉ်ကို လုံးဝလူသိမခံဘဲ တိတ်တဆိတ်ထွက်ခွာခဲ့၏။ ချေ၏ ပထမဆုံးခရီးစဉ်မှာ ကွန်ဂိုနိုင်ငံဖြစ်၏။ ယနေ့ ဇိုင်ရာနိုင်ငံဟု ခေါ်သော အာဖရိကတိုက်မှ နိုင်ငံတစ်ခုဖြစ်ပါသည်။ ကွန်ဂိုတွင် ပြည်တွင်းစစ်ဖြစ်ပွားနေ၏။ ဘယ်လ်ဂျီယံတို့ထံမှ ၁၉၆၀-ခုနှစ် ကတည်းက လွတ်လပ်ရေးရရန် ကြိုးစားနေကြ၏။ ကွန်ဂို၏ ပထမ ဆုံးသမ္မတမှာ ပက်ထရစ် လူမွန်ဘာသာဖြစ်လေသည်။ ၁၉၆၀ ခု၊ ဒီဇင်ဘာလက အမေရိကန်တို့နောက်ခံကူညီအားပေးသော ကွန်ဂို အစိုးရဆန့်ကျင်ရေးသူပုန်အဖွဲ့က အာဏာသိမ်း၍ ပက်ထရစ်လူမွန်ဘာကို ဖမ်းဆီးခဲ့၏။ ထို့နောက် သူကို သတ်ပစ်ခဲ့၏။ အမေရိကန်တို့လက်ပါးစေမှာ သူပုန်အဖွဲ့ခေါင်းဆောင် မိုင်ဆီရွန်းဘေး ဖြစ်သည်။ သူကိုယ်တိုင် လူမွန်ဘာကို သတ်ဖြတ်ခဲ့ခြင်းဖြစ်လေသည်။ ၁၉၆၄ တွင် ရွန်းဘေးသည် ကွန်ဂိုနိုင်ငံသမ္မတအဖြစ် သူကိုယ်သူ ခန့်အပ်ခဲ့လေသည်။ ထိုသို့ အာဏာသိမ်းအစိုးရအဖွဲ့ကို လူမွန်ဘာ၏တပည့်များက တော်လှန်ခဲ့လေသည်။ အမေရိကန် အကူအညီဖြင့် ဘယ်လ်ဂျီယံတပ်ဖွဲ့များဘက်မှ ပါဝင်တိုက်ခိုက်ကြ၏။ ထိုပြည်တွင်းစစ်ကာလတွင် ကွန်ဂိုပြည်သူ ထောင်ပေါင်းများစွာမှာ ရက်ရက်စက်စက် အသတ်ခံခဲ့ရ၏။

၁၉၆၄ ခုနှစ် ဒီဇင်ဘာလက ကုလသမဂ္ဂအထွေထွေညီလာခံ

တွင် ကျူးဘားနိုင်ငံ၏ ကိုယ်စားလှယ်အဖြစ် ဂွေဗားရားက မိန့်ခွန်းပြောကြားခဲ့သည်။ ထိုမိန့်ခွန်းထဲတွင် "ကွန်ဂိုပြဿနာဟာဆိုရင် အလွန်ကို နာကျင်ကြေကွဲစရာ ကောင်းလှတဲ့အဖြစ်ပါပဲ၊ ခေတ်သစ် ကမ္ဘာရဲ့ သမိုင်းမှာ ပြိုင်ဘက်ကင်းလောက်အောင် ရက်စက်မှုကို ကွန်ဂိုပြည်သူတွေ ခံခဲ့ရတယ်။ ကွန်ဂိုပြည်သူတွေဟာ လုံးဝညှင်းပန်း နှိပ်စက်မှုကို ခံရတယ်။ ရိုင်းစိုင်းယုတ်မာတဲ့လုပ်ရပ်တွေကို ဖောက်ပြန်ရေးသမားတွေက ပြုလုပ်ကြတယ်။ ပြည်သူတွေရဲ့ လူ့အခွင့်အရေးတွေဟာ ဆိုးဆိုးဝါးဝါး မထီမဲ့မြင် အပြုခံနေရတယ်။ ကွန်ဂိုမှာ ပြုလုပ်နေတဲ့ ရာဇဝတ်မှုတွေအတွက် လက်တုံ့ပြန်ဖို့ ပြင်ဆင်ထားရ မယ်" ဟု ပြောကြားခဲ့သည်။ ကျူးဘားနိုင်ငံမှာလည်း ကွန်ဂိုပြည်သူများဖြစ်သော ပက်ထရစ်လူမွန်ဘာ၏ တပ်ဖွဲ့များဘက်မှနေ တိုက်ခိုက်ရန် သွားရောက်ကြသည်။ ကျူးဘားအပျော်တမ်းတပ်သား ရာပေါင်းများစွာသည် ဂွေဗားရားနှင့်အတူ အာဖရိကသို့ ထွက်ခွာသွား၏။ ၁၉၆၅ ဧပြီလတွင် ဂွေဗားရားသည် ကျူးဘားရဲဘော်များနှင့် အတူ ထွက်ခွာခြင်းဖြစ်ပါသည်။ သူတို့သည် ကွန်ဂိုတွင် လပေါင်းများစွာ နေထိုင်၍ ရွှန်းဘေးအုပ်ချုပ်မှုကို ပြည်သူများနှင့်အတူ ပါဝင်တိုက်ခိုက်ခဲ့လေသည်။

သို့ကာလအတွင်း ချေသည် လူမြင်ကွင်းမှ ပျောက်ကွယ်သွားခြင်းဖြစ်ပါသည်။ ထို့ကြောင့် ကမ္ဘာ့မီဒီယာများက ချေ ဘယ်ရောက်သွားသလဲဟု စူးစမ်းလာကြ၏။ ချေ ဘာဖြစ်သွားသလဲ၊ အသက်ရှင်သေးသလားဆိုသည့် ထင်ကြေးအမျိုးမျိုး ပေးကြ၏။ ထိုသို့ ကောလာဟလထွက်၍ ထင်ကြေးအမျိုးမျိုး ပေးခဲ့နေရသော ချေအကြောင်းနှင့် ပတ်သက်၍ ကက်စထရိုက နိုင်ငံခြားသတင်းဌာနများကို ပြောကြားခဲ့လေသည်။ "တပ်မှူးဂွေဗားရားနဲ့ပတ်သက်ပြီး ကျွန်တော်ပြောနိုင်တာတစ်ခုကတော့ သူဟာ တော်လှန်ရေးအတွက် အကျိုးပြုနိုင်ဆုံး နေရာမှာ အမြဲရှိနေတယ်ဆိုတာပဲ ပြောချင်ပါတယ်။ ကျွန်တော်တို့ နှစ်ယောက်ရဲ့ကြား ဆက်ဆံရေးဟာ အကောင်းဆုံး အခြေအနေမှာ ရှိပါတယ်။

ကျွန်တော်တို့ဆက်ဆံရေးနဲ့ ပတ်သက်ပြီး မလိုလားသူတွေက အမြဲ မကောင်းပြောလေ့ရှိပါတယ်။ အဲ့ဒါ မမှန်ပါဘူး။ သူနဲ့တွေ့ ပြီးကတည်းက ဆက်ဆံရေးဟာ အာဖရိကကို သူ သွားရောက်ခဲ့တာလည်း အလွန် အောင်မြင်တဲ့ ခရီးဖြစ်တယ်လို့ ထင်တယ်။ ကျွန်တော်တို့ ကျူးဘားကိုယ်စား လှယ်အဖွဲ့ကို ခေါင်းဆောင်ပြီးတော့ တရုတ်ပြည်ကို သူသွားခဲ့တယ်။ ဂွေဗားရားဟာ ဘက်စုံတော်သူ ဖြစ်ပါတယ်။ အရာရာကို နားလည်ပြီး အရည်အချင်းပြည့်တဲ့ ခေါင်းဆောင်ကောင်း ဖြစ်တယ်"လို့ ပြောကြား ခဲ့သည်။

မည်သို့ဖြစ်စေ ကောလာဟလသတင်းများက ပုံ့နှံ့လျက်ရှိ၏။ တချို့က ကောလာဟလများကို ရည်ရွယ်ချက်ရှိရှိဖြင့် ဖြန့်ပေးကြ၏။ ကျူးဘားကို ရန်စလိုသောသဘောဖြင့် သတင်းဖြန့်လျက်ရှိ၏။ ဒိုမီနီကန် နိုင်ငံကလည်း တရားဝင်သတင်းထုတ်ပြန်ခဲ့၏။ ၁၉၆၅ ခု၊ ဧပြီလ ၂ ရက်နေ့က ကျူးဘား၌ ပုန်ကန်မှုကြီးတစ်ခု ပေါ်ပေါက်ခဲ့ သောကြောင့် ဂွေဗားရားမှာ အမေရိကန်နိုင်ငံကို ထွက်ပြေးခိုလှုံသွားသည်။ ထိုသို့ ထွက်ပြေးစဉ် ကျူးဘားနိုင်ငံ၏ ထိပ်တန်းလျှို့ဝှက်ချက်များကို ဒေါ်လာ ၁၀ သန်းဖြင့် ရောင်းချသွားသည်ဟု ဆိုလေသည်။

၁၉၆၅ ခု၊ ဇွန်လ (၁၆)ရက်တွင် ဖီဒဲလ်ကက်စထရိုက ထို ကောလာဟလများကို ဝေဖန်သော မိန့်ခွန်းပြောကြားခဲ့၏။ ကျူးဘား ပြည်ထဲရေးဝန်ကြီးဌာန ထူထောင်ခြင်း ၄ နှစ်ပြည့် အခမ်းအနားတွင် ထိုမိန့်ခွန်းကို ပြောကြားခြင်းဖြစ်လေသည်။

"တပ်မှူး အနက်စတိုဂွေဗားရားနဲ့ ပတ်သက်ပြီး ယခု ကျွန်တော် ပြောပြချင်ပါတယ်။ သူဟာ သောင်းသောင်းဖျဖျ ချီးမွမ်း သြဘာပေးဖို့ ထိုက်တန်တဲ့ လူတစ်ယောက်ဖြစ်တယ်။ နယ်ချဲ့သမားတွေက အသံ အမျိုးမျိုးနဲ့ ရှုပ်ထွေးအောင် ပြောဆိုနေကြတာကို ကြားမယ်ထင်ပါတယ်။ သူတို့က ရဲဘော်အနက်စတိုဂွေဗားရားဟာ မြင်ကွင်းက ပျောက်ကွယ် သွားပြီ။ သူ့ကို မတွေ့ကြရတော့ဘူး။ မေဒေး အခမ်းအနားမှာလည်း

သူ့ကို မမြင်ကြရတော့ဘူး။ နယ်ချဲ့သမားတွေဟာ ရှုပ်ထွေးအောင် လုပ်နေကြတယ်။ တစ်ချိန်တည်းမှာပဲ ဂွေဗားရားနဲ့ပတ်သက်ပြီး သူတို့ကိုယ်တိုင် ရှုပ်ထွေးနေကြတယ်။ တချို့က ကျူးဘားမှာပဲ သူရှိတယ်။ တချို့က ဘယ်ရောက်သွားပြီလဲလို့ ဆိုကြတယ်။ ပြဿနာတွေ အမျိုးမျိုး ရှိတယ်လို့ ထင်ကြေးပေးကြတယ်။ ဟုတ်ပါတယ်။ သူတို့က ခေါင်းရှုပ်နေကြတာပဲ။ သူတို့ကို ကျွန်တော်တို့က အဖြေတစ်မျိုးတော့ ပေးရလိမ့်မယ်။ ဂွေဗားရား မရှိတာရှိတာ ခင်ဗျားတို့နဲ့ ဘာဆိုင်ပါသလဲ။ သူ ဘာဖြစ်နေတယ်ဆိုတာ ဘာကြောင့် ခင်ဗျားတို့ကို ကျွန်တော်က ပြောရမှာလဲ။ သူနဲ့ပတ်သက်ပြီး ဘာသတင်းမှလည်း ပေးစရာမရှိပါဘူး။ ခင်ဗျားတို့ ရှုပ်ထွေးနေကြတယ်ဆိုရင် အဲဒီအရှုပ်ပုံကြီးကို ခင်ဗျားတို့ဆက်ပြီး သယ်ထား ကြပေါ့။ ဒီအရှုပ်ကြီးဟာ ခင်ဗျားတို့နဲ့ဆိုင်တာ ခင်ဗျားတို့ပဲ ဆက်ပြီး ကိုင်ထားကြပေါ့။ ဒါနဲ့ပတ်သက်ပြီး ခေါင်းမတည်ငြိမ်မှု၊ စိတ်လှုပ်ရှား နေတယ်ဆိုရင်တော့ အိပ်ဆေးဖြစ်ဖြစ်၊ စိတ်ငြိမ်ဆေးအဖြစ် တစ်ခုခု သောက်လိုက်ကြပေတော့။

တခြားတစ်ဖက်က ကြည့်မယ်ဆိုရင်လည်း ကျွန်တော်တို့ လူထုအဖို့ ဒီကိစ္စနဲ့ ဘာမှမပတ်သက်ဘူး။ ကျွန်တော်တို့ ပြည်သူတွေဟာ သူတို့တော်လှန်ရေးကို သူတို့သိကြတယ်။ ရဲဘော်ဂွေဗားရားဟာ အများမြင်ကွင်းမှာ ရပ်ခဲ့ဘူးလား၊ မရှိဘူးဆိုရင်လည်း သူ့အကြောင်းနဲ့သူ ရှိလို့နေမှာပေါ့။ လူမြင်ကွင်းကို ထွက်ဖို့အကြောင်း မရှိလို့နေမှာပေါ့။ သူသတင်းကို မသိရဘူးဆိုတဲ့ အကြောင်းကြားရ တယ်။ သူနဲ့ပတ်သက်ပြီး ဘာသတင်းမှမကြားရဘူးဆိုရင် ဘာသတင်းမှ မရှိလို့ပေါ့။ ရဲဘော်ဂွေဗားရားဟာ လူထုကြားထဲ ထွက်ပေါ်လာဖို့ အတွက် ဓာတ်မတည့်လို့လည်း ဖြစ်ချင်ဖြစ်မှာပေါ့။ ကောလာဟလ သတင်းဖြန့်သူတွေက ကျန်းမာရေးမကောင်းကြဘူးလို့ ဆိုကြတယ်။ သူတို့ကိုယ်တိုင်က ကျန်းမာရေးမကောင်းတာပဲ တွေ့ချင်တာကိုး၊ နယ်ချဲ့သမားတွေက သူ ကျန်းမာရေးမကောင်းတာကို သဘောကျ ကြတယ် မဟုတ်လား။

ကျွန်တော်တို့ကတော့ တပ်မှူးဂွေဗားရားအပေါ် သံသယ မရှိကြဘူး။ သူ့အပေါ်မှာလည်း အလေးအနက်ထားကြပါတယ်။

တပ်မှူး ဂွေဗားရား ဘယ်မှာရှိတယ်ဆိုတာကို ပြည်သူတွေက မသိကြဘူးလား။ တပ်မှူး ဂွေဗားရားဘယ်မှာ ရှိတယ်ဆိုတာရော မသိချင်ကြဘူးလား၊ ခင်ဗျားတို့ သူ ဘယ်မှာရှိတယ်ဆိုတာ သိချင်ကြလား။ သိရပါလိမ့်မယ် ကျွန်တော်တို့က သိဖို့ ဘာလုပ်ပေးနိုင်သလဲ။ ဘာမှ မလုပ်ပေးနိုင်ဘူး။ ဘာထင်ကြသလဲ၊ ကျွန်တော်တို့ ထင်တာကတော့ တပ်မှူးဂွေဗားရားဟာ တော်လှန်ရေးအတွက် လုပ်ငန်းတွေကို လုပ်ကိုင်နေတယ်လို့ပဲ ထင်ပါတယ်။

နယ်ခြဲသမားတွေအနေနဲ့ မသိသလိုလို၊ နားမလည်သလိုလို လုပ်နေတာနဲ့ပတ်သက်ပြီး ကျွန်တော် သဘောမပေါက်နိုင်ဖြစ်နေပါတယ်။ သူတို့ရဲ့ U-2 သူလျှိုလေယာဉ်တွေနဲ့ ဘာကြောင့် ဓာတ်ပုံရိုက်မယူကြတာလဲ။ သူ့ကို တွေ့ရအောင် တခြားနည်းတွေနဲ့လည်း ဘာကြောင့် ဓာတ်ပုံရိုက်မယူတာလဲ၊ ဒါက ရှင်းပါတယ်။ ဒီလူကို ဓာတ်ပုံရိုက်ဖို့ ခက်ခဲလို့ဖြစ်မှာပါပဲ။ သူက ဘယ်လောက်ကြီးမားတဲ့သူ ဖြစ်လို့လဲ။ ဒုံးပျံတစ်စင်းထက်ပိုပြီး ကြီးမားတဲ့သူဖြစ်လို့လားဆိုတာ ပြောစရာ ဖြစ်နေပါတယ်။

နယ်ခြဲသမားတွေအနေနဲ့ ဒီပြဿနာကို ဖြေရှင်းဖို့ အီလက်ထရောနစ်ဦးနှောက်တွေနဲ့ စဉ်းစားနေကြမှာပါ။ ကျွန်တော်တို့ အတွက်ကတော့ ပြဿနာမဟုတ်ပါဘူး။ အေးအေးဆေးဆေး ကျေကျေနပ်နပ်ပါ။ ကျူးဘားမှာရှိတဲ့သူတွေက အေးဆေးစွာနဲ့ ဒီကိစ္စကို ပုံကြီးခဲ့ မပြောကြဘူး။ မေးလည်း မမေးကြဘူး။ နောင်အခါ သူတို့မေးချင် မေးလာမယ်၊ ဒီအခါ ဖြေစရာအဖြေလည်း ရှိပါတယ်" ဟု ကက်စထရိုက ပြောကြားသွားခဲ့လေသည်။

၁၉၆၅-ခုနှစ်နောက်ပိုင်း ကွန်ဂိုမှ ထွက်ခွာလာသောအခါ ဂွေဗားရားသည် တန်ဇန်းနီးယားသို့ သွားရောက်ခဲ့၏။ နောက် အရှေ့

ဥရောပသို့ ခရီးဆက်ခဲ့ပြန်၏။ ၁၉၆၅-ခုနှစ်၊ ဒီဇင်ဘာတွင် သူသည် ကျူးဘားသို့ တိတ်တဆိတ် ပြန်လာခဲ့သည်။ ကက်စထရိုနှင့် တွေ့ဆုံပြီးသည့်နောက် ကက်စထရိုက ဘိုလီဗီးယားတွင် ပြောက်ကျားတပ်ဖွဲ့ကို အကူအညီပေးရန် ပြင်ဆင်သင့်သည်ဟု အကြံပေးခဲ့သည်။ ဂွေဗားရားက ကွန်ဂိုတွင် ပါဝင်တိုက်ခိုက်ခဲ့သော တပ်ဖွဲ့များကိုပင် လှုံ့ဆော်ကာ ဘိုလီဗီးယားတော်လှန်ရေး စစ်ပွဲအတွက် ပါဝင်တိုက်ခိုက်ဖို့ အဖွဲ့တစ်ဖွဲ့ကို ရွေးချယ်ခဲ့လေသည်။ သူက ထိုလက်ရွေးစင် ပြောက်ကျားတပ်ဖွဲ့ကို ကျူးဘားအနောက်ဘက်၊ ပီနာဒဲလ်ရီယိုပြည်နယ်ရှိ ဝေးလံသော တောင်ပေါ်ဒေသများတွင် လေ့ကျင့်ခဲ့ကြလေသည်။

အောက်တိုဘာလ နှောင်းပိုင်းတွင် ဂွေဗားရားသည် ရုပ်ဖျက်ပြီး ကျူးဘားမှ ထွက်ခွာသွားခဲ့သည်။ ဥရောပ ခရီးစဉ်အတိုင်း သွားပြီးနောက် ၁၉၆၆ ခု၊ နိုဝင်ဘာလ (၄)ရက်နေ့တွင် ဘိုလီဗီးယား နိုင်ငံသို့ ရောက်ရှိသွားခဲ့၏။ ဘိုလီဗီးယားအရှေ့တောင်ပိုင်းသို့ တိတ်တဆိတ် သွားရောက်ကာ ပြောက်ကျားအခြေစခန်းကို တည်ထောင်ခဲ့၏။ ထိုနေရာသည် အာဂျင်တီးနား၊ ချီလီနှင့် ပါရာဂွေးနယ်စပ်နားတွင် ရှိလေသည်။ ပြောက်ကျားအဖွဲ့ဝင် ၅၀ ဖြင့် စတင်ခဲ့ပါသည်။ ထိုထဲတွင် ကျူးဘားမှ အပျော်တမ်းတပ်သား ၁၇ ယောက် ပါဝင်သည်။ ပြောက်ကျားတပ်ဖွဲ့ဝင်များတွင် ကွန်မြူနစ်ပါတီဗဟိုကော်မတီဝင် အတော်များများလည်း ပါဝင်ကြသည်။ အစပိုင်းကာလများတွင် ပြောက်ကျားတို့သည် လူထုကိုပါလှုပ်ရှားဖို့အတွက် စည်းရုံးလှုံ့ဆော်ခဲ့၏။ ၁၉၆၇-ခုနှစ်၊ မတ်လတွင် ဘိုလီဗီးယားစစ်တပ်နှင့် ပြောက်ကျားတို့ တွေ့ဆုံတိုက်ခိုက်ကြလေသည်။ ထိုသို့ တိုက်ခိုက်ချိန်အထိ ထိုပြောက်ကျားများတွင် ဂွေဗားရားပါဝင်သည့် အကြောင်း မသိကြသေးသဖြင့် သူနှင့်ပတ်သက်သော ထင်မြင်ချက်များကား အမျိုးမျိုး ပြောဆိုနေကြဆဲဖြစ်၏။ သူ ဘယ်ရောက်နေသလဲဆိုသည်ကိုလည်း ထင်မြင်ချက်အမျိုးမျိုးပေးကြလေသည်။ တချို့က ပီရူးမှာ ရှိသည်ဟု ဆို၏။ တချို့က ကိုလံဘီယာတွင် ရောက်နေသည်ဟု ဆိုကြ

သည်။ တချို့က ဂွာတီမာလာတွင် ရှိသည်ဟု ဆိုကြပြီး တချို့ကမူ ဝေးလံသော ဗီယက်နမ်တွင် ရောက်နေသည်ဟုပင် ပြောကြ၏။

ကျူးဘားမှနေ ဘိုလီဗီးယားသို့ မထွက်ခွာခင် ဂွေဗားရားက အာရှ၊ အာဖရိက၊ လက်တင်အမေရိက သွေးစည်းညီညွတ်ရေးအဖွဲ့ (တိုက်ကြီး ၃ တိုက် သွေးစည်းညီညွတ်ရေးအဖွဲ့ဟူ၍လည်း သိရှိကြသည်) သို့ စာတစ်စောင်ပေးပို့၏။ ထိုအဖွဲ့၏ ညီလာခံကို ၁၉၆၆-ခု၊ ဇန်နဝါရီက ဟာဗားနားတွင် ကျင်းပရန်ရှိလေသည်။ တိုက်ကြီး ၃ တိုက်သို့ ရေးသားခဲ့သော သူ၏စာတွင် ဂွေဗားရားက ဗီယက်နမ်လွတ်မြောက်ရေးအတွက် တိုက်ကြီး ၃ တိုက်မှ ပြည်သူများ သွေးစည်းညီညွတ်ရန် လိုအပ်သည်ဟု ရေးထားသည်။ သူ၏ စာထဲတွင် "နှစ်၊ သုံးပွဲ ဗီယက်နမ်အများအပြားအထိ ဖန်တီးရမည်"ဟု ရေးထားသည်။ ၂ ယောက်၊ ၃ ယောက်မှနေ အများအပြားအထိ သွေးစည်းညီညွတ်ရန်ဖြစ်သည်။ ထို တိုက်ကြီး ၃ တိုက် ညီလာခံပြီး သည့်နောက် ၁၉၆၇ ခု၊ ဇူလိုင်နှောင်းပိုင်းနှင့် ဩဂုတ်လ အစောပိုင်းတွင် ဟာဗားနား၌ကျင်းပသော လက်တင်အမေရိက သွေးစည်း ညီညွတ်ရေးအဖွဲ့ (OLAS) ညီလာခံတွင် ဂွေဗားရားကို ဂုဏ်ထူးဆောင်ဥက္ကဋ္ဌအဖြစ် ရွေးချယ်တင်မြှောက်ခဲ့ကြလေသည်။

၁၉၆၇ - ခုနှစ်၊ ဧပြီလ (၁၆)ရက်နေ့တွင် ဂွေဗားရား၏ သတင်းပို့ချက်ကို လူသိရှင်ကြား ထုတ်ပြန်လိုက်သည်။ 'တိုက်ကြီး ၃ တိုက် မဂ္ဂဇင်း'တွင် အထူးဖော်ပြချက်အနေဖြင့် ထည့်သွင်းထားလေသည်။ ထိုထုတ်ပြန်ချက်ကို ကျူးဘားမှနေ ရုပ်ဖျက်ပြီး ထွက်ခွာသွားသော ဂွေဗားရား၏ဓာတ်ပုံများကို အတွဲလိုက်ဖော်ပြထားသည်။ ထိုဖော်ပြချက်သည် ကမ္ဘာ့မီဒီယာလောကတွင် အဓိကသတင်းအဖြစ် ကျယ်ပြန့်သွားသည်။ သတင်းစာများ၊ မဂ္ဂဇင်းများက ထိုသတင်းနှင့် ဓာတ်ပုံများကို အထူးဖော်ပြခဲ့ကြသည်။

၁၉၆၇ ခုနှစ်၊ ဧပြီလ (၁၉)ရက်နေ့တွင် ဖီဒဲလ်ကက်စထရိုက

ဂွေဗားရား၏အကြောင်းကို မိန့်ခွန်းပြောကြားခဲ့၏။ ထိုမိန့်ခွန်းမှာ ဝက်ပင်လယ်အော်တွင် အမေရိကန်တို့ ကျူးကျော်ခဲ့သည့် ၆ နှစ် မြောက် အခမ်းအနားတွင် ကျူးကျော်ရေးသမားများကို အောင်ပွဲဆင်ခဲ့သော အထိမ်းအမှတ်မိန့်ခွန်း ဖြစ်ပါသည်။

"ကမ္ဘာပေါ်ရှိ တော်လှန်ရေးလှုပ်ရှားမှုများအတွက် တပ်မှူး အနက်စတိုဂွေဗားရားက တိုက်ပွဲဝင်နေပါတယ်။ အရှေ့အာဖရိကနဲ့ လက်တင်အမေရိကမှာ ကျူးကျော်စွက်ဖက်နေတဲ့ နယ်ချဲ့စနစ်ကို ကျူးကျော်တိုက်ပွဲဝင်နေပါတယ်။ သူဟာ အလွန်ထူးခြားတဲ့ အဖြစ် အပျက်ကြီးမှာ ဦးဆောင်တိုက်ပွဲဝင်နေသူဖြစ်တယ်။ ကျွန်တော်တို့ ကျူးဘားပြည်သူတွေဟာ ကျွန်တော်တို့အကြောင်းကို ပြောမနေကြပါဘူး။ ဒီနိုင်ငံမှာရှိတဲ့ ဘယ်သူကမှလည်း လုပ်ကြံမှုတွေ၊ စက်ဆုတ်ဖွယ်ရာ လိမ်ညာမှုတွေကို ပြောဆိုခြင်းမရှိပါဘူး။ နယ်ချဲ့သမားတွေရဲ့ ဖန်တီးပြောဆိုမှုတွေကို ဂရုစိုက်မနေပါဘူး။ ဒီမှာရှိတဲ့ လူတွေဟာ အမှန်တရားကို ကောင်းကောင်းသိကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ဟာ အမှန်တရားကို မျှော်လင့်ကြလို့ပါပဲ။

နယ်ချဲ့သမားတွေဟာ ကမ္ဘာတစ်ဝန်းလုံးမှာရှိတဲ့ အဖြစ်မှန်တွေကို ရှုပ်ထွေးအောင်လုပ်ဖို့၊ လိမ်ညာဖို့ ကြိုးစားကြတယ်။ ချေဟာဟိုနေရာရောက်နေသလိုလို၊ ဒီနေရာ ရောက်နေသလိုလို လှည့်ဖြားပြောဆိုကြတယ်။ သူ့ကို သတ်ပစ်တာလည်း အကြိမ်ပေါင်း မနည်းတော့ပါဘူး။ ယခု ထုတ်ပြန်လိုက်တဲ့ အချက်အလက်တွေဟာ နယ်ချဲ့သမားတွေအတွက် ဦးနှောက်ခြောက်စရာ ဖြစ်သွားတော့တာပဲ။ ချေရဲ့ 'ပြန်လည်ရှင်သန်ခြင်း' တည်ရှိနေခြင်းဟာ နယ်ချဲ့သမားတွေ အဖို့ စိတ်နှလုံး မသာယာစရာ၊ ခေါင်းခဲစရာဖြစ်နေပါတယ်။ မုတ်ဆိတ်မွေးမရှိတဲ့ ချေရဲ့ပုံ၊ မုတ်ဆိတ်မွေးအသစ်နဲ့ ချေရဲ့ ရုပ်ပုံတွေကို တွေ့ရတဲ့အခါ သူတို့အဖို့ ဘာမှ မပြောနိုင်လောက်အောင် ဖြစ်လာ တယ်။ ချေရဲ့ပုံမှာ အမြဲလိုလို ဦးထုပ်ပျော့လေးတစ်လုံး ဆောင်းထား လေ့ရှိတယ်။ အဲဒီလို

ဆောင်းထားတာကို အနီရောင်ဦးထုပ်ပြားလေးလို့ ခေါ်ချင်လည်း ဖြစ်ပါ တယ်။ အဲ့ဒီလို သူရဲ့ဦးထုပ်ဆောင်းထားတဲ့ ရုပ်ပုံဟာ ယန်းကီးနယ်ချဲ့ သမားတွေအဖို့ တုန်လှုပ်ခြောက်ခြားစရာ ပုံရိပ်ဖြစ်နေပါတယ်။

ယခုပြောနေတဲ့ ချေဟာ အလွန်အံ့သြစရာကောင်းတဲ့ ကျန်းမာ ရေးအခြေအနေမှာ ရှိနေပါတယ်။ သူဟာ ဘယ်သူမှ နှိုင်းယှဉ်လို့မရတဲ့ ထက်သန်မှုတွေ ရှိနေပါတယ်။ သူဟာ ပြောက်ကျား တိုက်ပွဲနဲ့ လက်နက် ကိုင် တိုက်ပွဲတွေမှာလည်း အတွေ့အကြုံတွေ ရှိနေတယ်။ နယ်ချဲ့သမား တွေဟာ ချေကို တွေ့လိုက်တော့ အလွန်စိုးရိမ် ကြောက်လန့်ကုန်ကြတယ်။ ဘာကြောင့်လဲဆိုတော့ သူဟာ နိုင်ငံရေးသမားတွေရဲ့ အာရုံစူးစိုက်ရာ ပုဂ္ဂိုလ်ဖြစ်နေလို့ပါပဲ။

ချေ ဘယ်ရောက်နေသလဲ။ နယ်ချဲ့သမားတွေက သိချင်ကြ တယ်။ အမျိုးသားလွတ်မြောက်ရေးတစ်ခုကို စည်းရုံးလှုံ့ဆော်နေသလား၊ အမျိုးသားလွတ်မြောက်ရေး စစ်မျက်နှာတစ်ခုမှာ တိုက်ပွဲဝင်နေသလား၊ နယ်ချဲ့သမားတွေက သိချင်ကြတယ်။ နယ်ချဲ့သမားတွေက သူ့ကို တွေ့ရင်တောင် သူတို့ရဲ့ သိမြင်လိုမှုကို ကျေနပ်ကြဦးမယ် မဟုတ်ဘူး။ သူတို့ သဲသဲယဲကို ဖြေပျောက်နိုင်ဦးမှာ မဟုတ်ဘူး။ သူတို့ 'ဦးထုပ်စိမ်း' တပ်ဖွဲ့တွေရဲ့ ရောဂါကို ကာကွယ်ချင်ကြတယ်။ ဦးထုပ် စိမ်းတပ်ဖွဲ့တွေ ဟာ ချေကို ဘယ်တော့မှ တွေ့နိုင်ကြမှာ မဟုတ်ဘူး။

သူတို့ဟာ လုပ်ကြံဖန်တီးမှုတွေ၊ သတင်းမှားတွေကို ပြုလုပ် ပြီး ချေကို မတွေ့တာနဲ့ သတင်းမှားတွေကို လွှင့်နေကြပါတယ်။ တော်လှန်ရေးကို ဆန့်ကျင်တဲ့ မမှန်သတင်းတွေကို အမှန်လို့ ထင်ရ အောင် ဖြန့်ချိနေတာဖြစ်တယ်။ ချေကိုမတွေ့တာနဲ့ သူတို့မှာ စိုးရိမ် ထိတ်လန့်မှုတွေ ဖြစ်သွားတယ်။ သူတို့ကို ဒဏ်ခတ်မလားလို့ ထင်နေ ကြတယ်။ အဲ့ဒီလို ခံစားရတာဟာ သူတို့ကို သမိုင်းက ဒဏ်ခတ်လိုက် တာပဲ။ နယ်ချဲ့သမားတွေဟာ တော်လှန်ရေးသမားတွေကို အသရေ ဖျက်ကြတယ်။ သူတို့ဟာ လုပ်ကြံဖန်တီးသူတွေ၊ သတင်းမှားတွေ ထုတ်လွှင့်

သူတွေသာ ဖြစ်ပါတယ်။

အခုလို ချေနဲ့ပတ်သက်ပြီး လူသိရှင်ကြား ထုတ်ပြန်လိုက်တဲ့ အတွက် အသရေဖျက်သူတွေအဖို့ ကပြောင်းကပြန် ဖြစ်ကုန်ကြတယ်။ ပူဆွေးသောကလည်း ဖြစ်ကုန်ကြတယ်။ သူတို့အထင်နဲ့ တကယ့် အမှန်တရားက တခြားစီ ဖြစ်နေလို့ပါပဲ။

သမိုင်းဟာ တစ်ကျော့ပြန် လည်လာပါပြီ။ လုပ်ကြံသူတွေ မဟုတ်မတရား စွပ်စွဲသူတွေကို ယခု အမှန်တရားက ဒဏ်ခတ်လိုက်ပါပြီ။ နယ်ချဲ့သမားတွေရဲ့ ကစားပွဲဟာ အရှုံးဘက်ကို ရောက်သွားပါတယ်။ ရဲဘော်ကြီး အနက်စတိုဂွေဗားရားရဲ့ တော်လှန်တဲ့တိုက်ပွဲဝင်မှုဟာ အဆင့်သစ်ကို ရောက်ရှိနေပါပြီ။ သူနဲ့ပတ်သက်ပြီး ဘယ်သူမှ အတိအကျ မသိကြပါဘူး။ ဒါပေမဲ့ သူဟာ သမိုင်းအသစ်တစ်ခုကို ဖန်တီးဖို့အတွက် ကြိုးစားအားထုတ်နေတယ်ဆိုတာကတော့ သေချာပါတယ်။ ကျွန်တော်တို့ဟာ ဒီအချက်အလက်တွေကို ဝမ်းသာပျော်ရွှင်စွာနဲ့ ထုတ်ပြန်လိုက်တာ ဖြစ်တယ်။ ရဲဘော်ကြီးဂွေဗားရားရဲ့ တော်လှန်ရေးတိုက်ပွဲဝင်မှုကို ကျွန်တော်တို့အနေနဲ့ နည်းနည်းမှ သံသယမရှိကြပါဘူး။ ရက်ပေါင်းများစွာ၊ သတင်းပတ်ပေါင်းများစွာ၊ လပေါင်းများစွာ၊ ဒါမှမဟုတ် နှစ်ပေါင်းများစွာ ကြာတဲ့အထိ ချေရဲ့ သတင်းတွေဟာ လတ်ဆတ်ပြီး လူတိုင်းကြားချင်တဲ့ သတင်းတွေ ဖြစ်နေ ပါလိမ့်မယ်။

၁၉၆၅ ခုနှစ်အတွင်း ချေဂွေဗားရားပျောက်ကွယ်သွားခြင်းနှင့်ပတ်သက်ပြီး ကောလာဟလအမျိုးမျိုး ပေါ်ထွက်လာ၏။ တချို့အံ့သြဖွယ်ရာ ဇာတ်လမ်းများလည်း ပါ၏။ ပြည်ပတွင် ထိုသတင်းများမှာ ပို၍ ကျယ်ကျယ်ပြန့်ပြန့် ထွက်ပေါ်လျက်ရှိ၏။ တော်လှန်ရေးကို ဆန့်ကျင်သော သတင်းများကို ရည်ရွယ်ချက်ရှိရှိ ထုတ်လွှင့်ပုံရလေသည်။ ချေဂွေဗားရားနှင့် ဖီဒဲလ်ကက်စထရိုတို့ အကြီးအကျယ် သဘောထားကွဲပြီး ကက်စထရိုက ချေကို လုပ်ကြံခဲ့သယောင်ယောင် သတင်းမျိုး၊ ကျူဘားအစိုးရအဖွဲ့မှ ချေကို ထုတ်ပယ်ပစ်လိုက်ပြီဆို သော သတင်းမျိုး၊

ချေသည် ကက်စထရိုနှင့် တော်လှန်ရေးအပေါ် အကောက်အယူလွဲပြီး ကျူဘားမှ ပျောက်ကွယ်သွားသည်ဆိုသော သတင်းမျိုးကို ဖောက်ပြန်ရေး သမားများက အမျိုးမျိုးထုတ်ပြန်ကြ၏။ နောက်ဆုံး ချေအသတ်ခံရသည် ဟုပင် သတင်းထွက်ပေါ်လာလေသည်။ ထိုကောလာဟလသတင်းများ သည် အနောက်အုပ်စု၊ အနောက်နိုင်ငံများကြားထဲတွင်သာမက လက်ဝဲ သမားများအထဲ၌ပါ ယုန်ထင်ကြောင်ထင် သတင်းမှားများ ထွက်ပေါ် လာလေသည်။ စွပ်စွဲချက်အမျိုးမျိုးဖြင့် ထင်ယောင်ထင်မှား ဖြစ်လာသည် အထိ ကျယ်ပြန့် လာလေသည်။

ထို့ကြောင့် ၁၉၆၅ ခုနှစ်၊ စက်တင်ဘာလ (၂၈)ရက်နေ့က ကျူဘားနိုင်ငံ ဟာဗားနားမြို့၌ ကျင်းပသော ကြားသတင်းတစ်ပုဒ်ကို ကြေညာသည်။ ထိုသတင်းမှာ ကျူဘားမှ ထွက်ခွာမသွားခင် ဂွေဗားရား ရေးထားခဲ့သော စာတစ်စောင်ကို သူလက်ခံရရှိသည့် အကြောင်း ဖြစ်လေ သည်။ "ရဲဘော်အနက်စတို ဂွေဗားရားနဲ့ပတ်သက်ပြီး မကြာခင်မှာ ပြည်သူအားလုံးကို ကျွန်တော်ပြောပြပါမယ်။ ရန်သူ က ဒီအကြောင်း နဲ့ပတ်သက်ပြီး မမှန်မကန် ကောလာဟလသတင်း ပေါင်းစုံ ထုတ်ပြန်လေ့ ရှိတယ်။ သူ ဒီမှာ ရှိသလိုလို၊ ဟိုမှာ ရှိသလိုလို၊ သေဆုံးသွားပြီ လိုလို၊ အသက်ရှင်နေသေးသလိုလို မမှန်သတင်းတွေကို ထုတ်ပြန်နေပါတယ်။ သူတို့ကိုယ်တိုင်လည်း သတင်းမှန်ကို မသိတော့၊ သူတို့ခေါင်းထဲမှာ ရှုပ်ထွေးနေကြတယ်။ တစ်ချိန်တည်းမှာ မရှုပ်ထွေးတာကိုလည်း ရှုပ်ထွေး အောင်လုပ်ကြတယ်။ ကျွန်တော်တို့နိုင်ငံနဲ့ ကျွန်တော်တို့ တော်လှန်ရေးကို စောင်းပါးရိပ်ခြည် မမှန်တဲ့သတင်းတွေ ထုတ်လွှင့်ပြီး တိုက်ခိုက်ကြပါတယ်။ ယခုလတွေအတွင်းမှာ ရဲဘော် အနက်စတိုဂွေဗားရားဆီက သတင်းနဲ့ အထောက်အထားတွေကို ဖတ်ကြရတယ်။ အဲဒီ ရရှိတဲ့ အထောက် အထားနဲ့ သတင်းကို ယခု ('ယခု'ဟု အော်ဟစ်သံကြီး ထွက်ပေါ်လာ သည်။) ကျွန်တော်ပြောမယ့်အရာဟာ သတင်းအထောက်အထား မဟုတ် ဘူး။ အဲဒီအချက်ကို ကျွန်တော် ကြေညာမှာပါ။ ဒီရရှိတဲ့ သတင်းကို

ဖတ်ပြမှာပါ။ ဒါကိုတော့ ပြည်သူတွေအနေနဲ့ ဆွေးနွေးကြပေတော့" ဟု ပြောကြားခဲ့သည်။

ကက်စထရိုသည် ထိုလူထုစည်းဝေးပွဲ၌ ပြောကြားသော မိန့်ခွန်းကို ရုပ်မြင်သံကြားမှလည်း ပြောပြသည်။ ထိုသို့ပြောကြား ရာတွင် သူသည် ကျူးဘားကွန်မြူနစ်ပါတီကို ဗဟိုကော်မတီ၏ ကိုယ်စား ရုပ်မြင်သံကြားမှ ထုတ်လွှင့်လိုက်ခြင်းလည်း ဖြစ်ပါသည်။ ဂွေဗားရားကို မတွေ့ရတဲ့ ပျောက်ကွယ်သွားသည်ဆိုသည့်နောက်ပိုင်း၌ ယခု ဂွေဗားရား၏နာမည်ကို ကျယ်ကျယ်ပြန့်ပြန့် ပြောဆိုလာကြ၏။ ယခု ထုတ်နုတ်ဖော်ပြလိုက်သော အကြောင်းအရာမှာ ၁၉၆၅ ခုနှစ်၊ အောက်တိုဘာလ (၃)ရက်နေ့က ကက်စထရိုပြောကြားသော မိန့်ခွန်းမှ ထုတ်နုတ်ခြင်းဖြစ်၏။ ထိုလူထုစည်းဝေးပွဲကြီးသို့ ဂွေဗားရား၏မိသားစု မှာလည်း ပရိသတ်အဖြစ် တက်ရောက်နားထောင်လေသည်။

ဗဟိုကော်မတီမှနေ တစ်စုံတစ်ယောက် နုတ်ထွက်သွားခြင်း သည် အကြောင်းအမျိုးမျိုး ရှိပါသည်။ လိုအပ်ချက်အရ နုတ်ထွက် သွားခြင်းလည်း ရှိပါသည်။ တခြားတာဝန်များကို ထမ်းဆောင်ရန် အတွက် ဗဟိုကော်မတီမှ အနားယူသွားခြင်းလည်း ရှိပါသည်။ မည်သို့ ပင်ဖြစ်စေ ဗဟိုကော်မတီအဖွဲ့ဝင်တစ်ယောက်အဖြစ်မှ နုတ်ထွက်သွား တိုင်း အကြောင်းအမျိုးမျိုးရှိသည်ဆိုသည်ကို သဘောပေါက်ရန် လိုအပ်ပါသည်။ ရန်သူက မှန်းဆပြီးထင်ကြေးအမျိုးမျိုး ပေးသည်။ ကျွန်တော်တို့၏ အဖြစ်မှန်ကို မျက်လှည့်ပြသလို မှန်းဆချက် ထောင် ပေါင်းများစွာဖြင့် ကျွန်တော်တို့၏ ဂုဏ်သိက္ခာကျဆင်း အောင်လည်း ဆောင်ရွက်တတ်ပါသည်။ ရန်သူသည် ကျွန်တော်တို့ အချင်းချင်း သဘောထားကွဲလွဲသယောင်ယောင်၊ လူအများ သံသယ ဖြစ်အောင်၊ လူအများ၏ အထင်အမြင်ရှုပ်ထွေးအောင် လုပ်ဆောင်တတ်သည်မှာ သဘာဝပင်ဖြစ်သည်။ ကျွန်တော်တို့အနေဖြင့် စိတ်ရှည်သည်းခံ စောင့်ဆိုင်းရမည်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် လိုအပ်ချက်အရ

စောင့်ဆိုင်းရမည့်ကိစ္စဖြစ်သောကြောင့်ပင်။

တော်လှန်ရေးတစ်ခုတွင် တော်လှန်ရေးနှင့် တန်ပြန်တော်လှန်ရေးမှာ မတူညီပေ။ ကွဲလွဲမှု ရှိပါသည်။ နယ်ချဲ့သမားများ လက်အောက်မှ လွတ်မြောက်ရန် တော်လှန်ရေး ဖြစ်လာရသည်။ တော်လှန်ရေး အောင်မြင်ရန် မည်ကဲ့သို့ စောင့်ဆိုင်းရမည်။ မည်မျှ သည်းခံစိတ်ရှည်ရသည့်အတွက် စိတ်ပျက်မှုမရှိပါ။ သို့သော် ဖောက်ပြန်ရေးသမားများ၊ တန်ပြန်တော်လှန်ရေးသမားများ၊ နယ်ချဲ့သမားများမှာမူ စိတ်ရှည်သည်းခံမှု မရှိပါ။ သူတို့သည် အခက်အခဲတွေ့သည်နှင့် စိတ်ပျက်သွားတတ်ကြသည်။ သူတို့က စိတ်မရှည်မှု၊ လိမ်ညာမှု၊ ရယ်စရာကောင်းသော ကလေးကလားဆန်မှုများကို ပြုလုပ်လေ့ရှိပါသည်။

ကြားရသော သတင်းများမှာ တချို့တရားဝင်များဖြစ်လို့ တချို့သတင်းများမှာလည်း ယန်ကီးဆီနိတ်တာ အမတ်များပြောကြားသော သတင်းများဖြစ်၏။ ထိုသတင်းများ မှန်မမှန်ကို မိမိဘာသာ စဉ်းစားတွေးခေါ်ရမည်။ မိမိဘာသာ ပြန်မေးရမည်။ ထိုသတင်းသည် မှန်ကန်နိုင်သလား၊ ဖြစ်နိုင်ချေ ဘယ်လောက်ရှိသလဲ စဉ်းစားရမည်။ ထိုကဲ့သို့ မမှန်ကန်သော သတင်းများကိုပြောသော ထုတ်ပြန်သော သူများ၏ ကွန်ဂရက်လွတ်တော်ဆိုသည်မှာ မည်ကဲ့သို့ မမှန်ကန်သော သူများပါနေသည့် လွတ်တော်ဖြစ်နေပါသလဲ၊ တချို့သတင်းများသည် လုံးဝ အဓိပ္ပာယ်မရှိဘဲ ထွက်ပေါ်လာသော သတင်းများဖြစ်၏။ သူတို့၏ လိမ်ညာမှုများမှာ ကြီးကြီးမားမား အလေ့အကျင့် ဖြစ်နေပါသည်။ လိမ်ညာမှုမရှိဘဲ မနေနိုင်သော အခြေအနေကို ရောက်ရှိ နေပါသည်။ သူတို့၏ နေထိုင်မှုဘဝမှာ ကြောက်ကြောက်လန့်လန့်ဖြင့် နေနေရသော ဘဝဖြစ်လေသည်။

တော်လှန်ရေးအစိုးရက တစ်စုံတစ်ရာကို ကြေညာသည်ဖြစ်စေ၊ ပြောဆိုလိုက်သည်ဖြစ်စေ၊ သူတို့က ထိုကြေညာသော ကြေညာချက်မှာ ကြောက်လန့်စရာကောင်းသော ကြေညာချက်၊ ဆိုးဆိုးရွားရွား

ပြောဆိုလိုက်သော အကြောင်းအရာအဖြစ် ပုံကြိုးခဲ့ ကြသည်။ ကျူးဘား တော်လှန်ရေးအစိုးရ၏ ဆောင်ရွက်ချက်မှာ သူတို့ကို ထိုးနှက်တိုက်ခိုက် နေသည်ဟု ယူဆကြသည်။

သူတို့၏ လုပ်ကြံမှုများကို ပြောရမည်ဆိုလျှင် နားလည်ရန် တော်တော်ခက်ပါသည်။ သူတို့၏ ဦးနှောက်များ မည်ကဲ့သို့ ဖြစ်နေပါ သလဲ။ ဆရာဝန်များ၊ စိတ်ရောဂါကု ဆရာဝန်များဖြင့် ပြသရမလို ဖြစ်နေသည်။ မဟုတ်မမှန် လုပ်ကြံသတင်းများကို လွှင့်ထုတ်ခြင်းများ ဖြင့် ပြောဆိုနေကြသည်။ အလွန်ကြောက်စရာကောင်းသော အကြံ အစည်များဖြင့် တခြားကောင်းသော နည်းဗျူဟာများ မရှိကြလေရော့ သလား၊ အမှန်တရားကို ငြင်းကွယ်ပြီး တခြားကောင်းသော နည်းဗျူဟာ များ ပရိုကြလေရော့သလား။ စိတ်ဓာတ်အရ နိမ့်ကျသော လုပ်ကြံမှုများ ကိုသာ သူတို့အသုံးချ၍ တော်လှန်ရေးကို ဆန့်ကျင် တိုက်ခိုက်ကြ၏။ ကျွန်တော်တို့က အမှန်တရားကို ကိုင်စွဲ၍ ရန်သူများကို နည်းမှန် လမ်းမှန်ဖြင့် တိုက်ခိုက်ကြပါသည်။

ကျူးဘားပြဿနာသည် ကျူးဘား၏ရန်သူများ၊ ဖောက်ပြန် ရေးသမားများ၊ ကျူးဘား၏ တော်လှန်ရေးကို တိုက်ခိုက်လိုသူများက ဤသို့ မမှန်သတင်းကို ထုတ်ပြန်သည့်အတွက် တော်လှန်ရေး ရှုံးနိမ့်သွား အောင် ပြုလုပ်ခြင်းဖြစ်ပါသည်။ အနက်စတိုဂွေဗားရားကို ထုတ်ပစ်လိုက် ပါသလား၊ အနက်စတိုဂွေဗားရား ကျန်းမာရေး မကောင်းတော့ဘူးလား၊ အနက်စတိုဂွေဗားရား မရှိတော့ဘူးလား စသည့် သတင်းများကို ထုတ်ကြ ၏။ ပြည်သူများကမူ တော်လှန်ရေးနှင့် အစိုးရကို ယုံကြည်ကြ၏။ ထို့ကြောင့် မမှန်လုပ်ကြံဇာတ်လမ်းများ ခင်းကာ ပြုလုပ်ကြ၏။ သူတို့က ကျူးဘားတော်လှန်ရေးကို ဆန့်ကျင် ကြသလို ကြောက်မက်ဖွယ်ကောင်း သော ကွန်မြူနစ်အုပ်ချုပ်ရေးဆိုပြီး သိက္ခာချကြသည်။ တော်လှန်ရေး သမားများကို ပျောက်ကွယ်သွားအောင်၊ ပြည်သူများကလည်း အယုံ အကြည်နည်းအောင် တော်လှန်ရေးရှုံးနိမ့်သွားအောင် ဝါဒဖြန့် တိုက်ခိုက်

ခြင်းသာ ဖြစ်သည်။

ကျွန်တော်တို့နိုင်ငံအဖို့ နယ်ချဲ့စနစ်၏ အင်အားစုများကြား တွင် နေထိုင်ရခြင်းဖြစ်သည်။ အင်အားကောင်းသော နယ်ချဲ့သမားနှင့် သူ့လက်ပါးစေများသည် ကျွန်တော်တို့ပတ်လည်တွင် ရှိနေ၏။ ထို့ကြောင့် ကျွန်တော်တို့နေရသည်မှာ ပုံမှန်အခြေအနေအောက်တွင် နေရခြင်း မဟုတ်ပေ။ ယန်းကီးနယ်ချဲ့သမားများသည် ဗီယက်နမ်တွင်လည်း ရာဇဝတ်မှုများ ကျူးလွန်နေကြ၏။ တန်ခိုန်များစွာရှိသော ဗုံးများ ကြဲချပြီး လူများကို သတ်နေကြ၏။ မီးလောင်တိုက်သွင်းမှု၊ အဆိပ်ငွေ့ များဖြင့် သတ်ဖြတ်မှု၊ ဗိုလ်ကျမှုများကို ဗီယက်နမ်ပြည်သူ များမှာ နေ့စဉ် နှင့်အမျှ ခံစားနေရ၍ ကျွန်တော်တို့သည် ပုံမှန် အခြေ အနေဖြင့် နေနေရခြင်း မဟုတ်ပေ။ ယန်းကီးစစ်သား တစ်သိန်းကျော်က အမျိုးသား လွတ်မြောက်ရေးကို ချေမှုန်းပစ်ရန်အတွက် ဗီယက်နမ်နိုင်ငံကို ကျူး ကျော်သိမ်းပိုက်ထားကြ၏။ ဗီယက်နမ်ပြည်သူ့သမ္မတနိုင်ငံကို နယ်ချဲ့ စစ်သားများက ဝင်ရောက်ကျူးကျော်ပြီး နယ်မြေကို သိမ်းယူထား ကြသည်။ ထိုကဲ့သို့ သိမ်းယူခြင်းကို သူတို့၏ တရားဝင် အခွင့်အရေးအဖြစ် ကြွေးကြော်နေကြ၏။ ကမ္ဘာပေါ်ရှိ သမ္မတနိုင်ငံများ၏ နယ်မြေများကို နယ်ချဲ့စစ်သားများက သိမ်းပိုက်ထားခြင်းသည် တရားသည်ဟု ပြောနိုင် ပါမလား။ သူတို့၏ အခွင့်အရေးဟု ပြောနိုင်ပါမလား၊ နိုင်ငံများ၏ အချုပ်အခြာအာဏာပိုင်မှုကို နင်းချေ ပစ်ကြသည်။ ဒိုမီနီကန် သမ္မတ နိုင်ငံ၏ အဖြစ်ကိုပင် ကြည့်ပါ။ ထိုကဲ့သို့ ကျူးကျော်သိမ်းပိုက်ခံ ထားရ သည့် အခြေအနေမျိုးတွင် ကမ္ဘာကြီးမှာ ပုံမှန်အခြေအနေမျိုးတွင် မနေကြရပေ။ ကျွန်တော်တို့ နိုင်ငံ၏ပတ်ဝန်းကျင်ဒေသများတွင် နယ်ချဲ့သမားများသည် ကြေးစား စစ်သားများဖြင့် စစ်ရေးလေ့ကျင့်ခန်း များ လုပ်နေကြသည်။ အကြမ်း ဖက်တိုက်ခိုက်မှုများကိုလည်း အရှက်မဲ့ စွာလုပ်နေကြ၏။ သူတို့၏ အရှက်မဲ့မှုများ၊ အကြမ်းဖက်မှုများကိုလည်း တရားမျှတသယောင် ပြောနေကြ၏။ (ကျူးဘားပြည်ပြေးများဖြင့် စပိန်

ကုန်သည်ကော ဆီးရားယားအာရန်ဇာဇူနှင့် တန်ပြန်တော်လှန်ရေး တိုက်ခိုက်မှုကို ပြုလုပ်ခဲ့ကြသည်။) နယ်ချဲ့သမားများသည် ကျွန်တော်တို့နိုင်ငံကို ကျူးကျော်သိမ်းပိုက်ဖို့ ခြောက်လှန့်သလို လက်တင်အမေရိကသို့မဟုတ် ကမ္ဘာပေါ်ရှိ မည်သည့်နိုင်ငံမဆို သိမ်းပိုက်ဖို့ ခြောက်လှန့်နေကြသည်။ ကျွန်တော်တို့သည် ပုံမှန်အခြေအနေအောက်၌ မနေနိုင်ကြပေ။ ကျွန်တော်တို့သည် ဘာတစ်စတာအာဏာရှင်စနစ်အောက်တွင် ဖိနှိပ်ချုပ်ချယ်ခံရသောကြောင့် တော်လှန်ရေးသမားများက အာဏာရှင်ဘာတစ်စတာကို တော်လှန်တိုက်ပွဲဝင်ခဲ့ကြ၏။ ဘာတစ်စတာလက်အောက် နေထိုင်ရသည်မှာ ကျွန်တော်တို့အနေဖြင့် ပုံမှန်အခြေအနေမျိုးတွင် နေရသည်မဟုတ်ပေ။ ယခု တော်လှန်ရေး အစိုးရအနေဖြင့် ယခု ကျွန်တော်တို့နိုင်ငံကို အုပ်ချုပ်ထားသည်။ ကမ္ဘာ့အစိတ်အပိုင်းများစွာတွင် ပုံမှန်အခြေအနေမျိုး၌ နေထိုင်ကြရသည် မဟုတ်ပေ။

ယခု ရဲဘော်အနက်စတိုဂွေဗားရား၏ စာအကြောင်းကို ကျွန်တော်ရှင်းပြချင်ပါသည်။ စာသည် အစက သူ့လက်ရေးနှင့်ဖြစ်ပြီး ယခုလက်နှိပ်စက် ရိုက်ထားပါသည်။ ရဲဘော်ဂွေဗားရားက သူ ထွက်ခွာသွားရသည့် အခြေအနေကို ရှင်းလင်းပြထားသော စာလည်း ဖြစ်၏။ စာကို ဖော်ပြရခြင်းမှာ ဖြစ်ပေါ်နေသော ကောလာဟလများ ရှင်းသွားအောင်နှင့် ကျွန်တော်တို့၏ မိတ်ဆွေဖြစ်မှု အခြေအနေနှင့် ရင်းနှီးမှု အခြေအနေနဲ့ပတ်သက်ပြီး ထိုစာကို ဖော်ပြရခြင်းဖြစ်ပါ သည်။ ကျွန်တော်တို့ ရင်းနှီးမှု ဘယ်တုံးက စခဲ့သည်။ ဘယ်တုံးက ရင်းနှီးခဲ့သည်ကို အထွေအထူး ရှင်းပြစရာ မလိုပေ။ ကျွန်တော်တို့ အနေဖြင့် ပြည်သူများ သိရှိသင့်သည်ဟု ယူဆ၍ ပြောပြခဲ့ခြင်းဖြစ်၏။ စာကို ဖတ်စဉ်၌ ဟားဟားနားဟု ပါရှိပါသည်။ နေ့စွဲမပါပါ။ ယခုနှစ် ဧပြီလ (၁)ရက်နေ့တွင် ဖြစ်လိမ့်မည်ဟု ယူဆပါသည်။ လွန်ခဲ့သော ၆ လနှင့် ၂ ရက်က ဖြစ်မည်ဟု ယူဆသည်။

ဟားဗားနား လယ်ယာစိုက်ပျိုးရေးနှင့် ဖိဒဲလ်

ယခုအခါမှီတွင် အရာအားလုံးကို သတိရနေပါတယ်။ ခင်ဗျားနဲ့ ကျွန်တော်နဲ့ ဆုံတွေ့ခဲ့တဲ့အိမ် (ကျူးဘားတော်လှန်ရေးသမား မာရီယာ အန်တိုနီယာရဲ့အိမ်)ကိုလည်း သတိရပါတယ်။ ကျွန်တော့်ကို တော်လှန်ရေးထဲပါဝင်ဖို့ ခင်ဗျားအကြံပြုတာကိုလည်း မှတ်မိတယ်။ တော်လှန်ရေးအတွက် ပြင်ဆင်ကြတာတွေ၊ ကျွန်တော်တို့ တွေ့ဆုံဆွေးနွေးကြတာတွေကိုလည်း မှတ်မိပါတယ်။ တစ်နေ့ ကျွန်တော်တို့တစ်တွေ တွေ့ဆုံပြီး တော်လှန်ရေးအတွက် ဆွေးနွေးကြတယ်။ တော်လှန်ရေးအတွက် အသက်ပေးရမယ် ဆိုတာကိုလည်း ပြောဖြစ်တယ်။ နောင်အခါ အသက်ပေးရတာနဲ့ ပတ်သက်ပြီး မှန်ကန်တာကိုလည်း တွေ့ရတယ်။ တော်လှန်ရေးနဲ့ပတ်သက်ပြီး အောင်မြင်ရင်လည်း အောင်မြင်မယ်။ ကျဆုံးရင်လည်း ကျဆုံးနိုင်ပါတယ်။ (ဒီနှစ်ခုထဲက တစ်ခုခုကြုံတွေ့ရမှာ ဖြစ်တယ်) ရဲဘော်တွေဟာ တော်လှန်ရေးခရီးလမ်းကြောင်းမှာ အသက်ပေးစွန့်လှူသွားကြပါတယ်။ ယနေ့ဆိုရင် အဖြစ်အပျက်တွေဟာ ပြဇာတ်မဆန်တော့ဘူး။ ကျွန်တော်တို့ဟာလည်း ပိုပြီး ရင်းနှီးလာကြတယ်။ အဖြစ် အပျက်တွေဟာလည်း တစ်ခုပြီးတစ်ခု ဖြစ်ပျက်နေခဲ့ကြတာပဲ။ ကျွန်တော့်အနေနဲ့ ကျူးဘားတော်လှန်ရေးအတွက် ကျွန်တော့်တာဝန်ကို ထမ်းဆောင်ခဲ့သလို ကျူးဘားရဲ့ပိုင်နက်ဒေသ ကာကွယ်ရေးအတွက်လည်း ကျွန်တော် ထမ်းဆောင်ခဲ့ပါတယ်။ ယခု ခင်ဗျားနဲ့ရဲဘော်တွေ၊ ကျူးဘားပြည်သူတွေ အားလုံးကို နောက်ဆုံး နှုတ်ဆက်ခဲ့ပါတယ်။ သူတို့အားလုံးဟာ ကျွန်တော်နဲ့တစ်သားတည်း ဖြစ်နေကြပါပြီ။

ပါတီရဲ့ဦးဆောင်မှုအောက်မှာရှိတဲ့ ကျွန်တော်တာဝန်ယူမှုအားလုံးကိုလည်း တာဝန်က အနားယူပေးဖို့ ကျွန်တော်တရားဝင် အကြောင်းကြားပါတယ်။ ကျူးဘားတော်လှန်ရေးတပ်မတော်ရဲ့ တပ်မှူးတစ်ဦးအဖြစ်နဲ့ရော၊ ဝန်ကြီးတစ်ဦးအဖြစ်နဲ့ရော ကျူးဘား နိုင်ငံသားတစ်ဦးအဖြစ်နဲ့ရော ကျွန်တော် နုတ်ထွက်ဖို့၊ အနားယူခွင့်ပေးဖို့ တင်ပြခဲ့ပါ

တယ်။ ကျူးဘားနိုင်ငံဟာ ကျွန်တော်နဲ့ တရားဝင် မည်သည့်တာဝန်မှ မရှိတော့ပါဘူး။ ကျွန်တော်နဲ့ ကျူးဘားနိုင်ငံနဲ့ ပတ်သက်မှု မရှိတော့ပါဘူး။ အနှောင်အတည်းဟာ တခြားမှာပဲ ရှိပါလိမ့်မယ်။ ကျွန်တော့်ကို တာဝန်ပေးတဲ့နေရာတစ်ခုမှာပဲ ကျွန်တော်ဟာ ပါဝင်ပတ်သက်မှု ရှိနေပါလိမ့်မယ်။

ကျွန်တော့်ဘဝရဲ့ အတိတ်ဖြစ်ရပ်တွေကို ပြန်ပြောင်းပြောရမယ်ဆိုရင် ကျွန်တော်ဟာ အကောင်းဆုံးလုပ်ကိုင်ခဲ့တယ်လို့ ယုံကြည်ပါတယ်။ ကျွန်တော့် ဂုဏ်သိက္ခာအတွက် တော်လှန်ရေးအောင်ပွဲရရှိရေးအတွက် မြုပ်နှံမှုတွေကို အကောင်းဆုံးဖြစ်အောင် ကျွန်တော် ထမ်းဆောင်ခဲ့တယ်။ ကျွန်တော့်အားနည်းချက်လို့ ပြောရမယ်ဆိုရင် ခင်ဗျားနဲ့ ဆီးရီးယားမေစထရာမှာ ပထမဆုံးစတွေ့စဉ်က တော်လှန်ရေးတာဝန်ကို ချက်ချင်းမယူနိုင်ခဲ့တာ ဖြစ်တယ်။ ဒီလိုစတွေ့စက ခင်ဗျားရဲ့အရည်အချင်းနဲ့ ခင်ဗျားရဲ့ခေါင်းဆောင်မှု၊ တော်လှန်ရေးသမားတစ်ဦးအဖြစ် တည်ရှိမှုကို သဘောမပေါက် နိုင်ခဲ့တာလည်း ကျွန်တော်ရဲ့ အားနည်းချက်ဖြစ်ပါတယ်။

ခင်ဗျားနဲ့ခင်ဗျားရဲ့ဘေးမှာ ခင်ဗျားနဲ့အတူ ရပ်တည်တဲ့ ထူးခြားတဲ့နေ့များ ရှိခဲ့ပါတယ်။ ကျွန်တော်တို့ ပြည်သူတွေအတွက် ထွန်းပြောင်တဲ့ နေ့ရက်တွေကို ဂုဏ်ယူနိုင်ခဲ့သလို ကြေကွဲစရာ ကောင်းတဲ့နေ့တွေ (ဆိုပါစို့ ကာရေဘီယံဒုံးပျံ ပြဿနာဖြစ်တဲ့ နေ့ရက်တွေ)လည်း ရှိပါတယ်။ အဲ့ဒီနေ့ရက်တွေကဆိုရင် နိုင်ငံအကျိုးစီးပွားကို ထမ်းဆောင်တဲ့ နိုင်ငံရေးသမားအဖြစ် ရပ်တည်ခဲ့တာကိုလည်း ကျွန်တော် သိရှိခဲ့ပါတယ်။ ကျွန်တော့်အနေနဲ့ ခင်ဗျားရဲ့ခေါင်းဆောင်မှုကို မတွန့်မဆုတ် နာခံခဲ့ရတာကို ယခုအထိ ဂုဏ်ယူလျက်ရှိပါတယ်။ ခင်ဗျားရဲ့ တွေးခေါ်မှု၊ အန္တရာယ်ကို ရင်ဆိုင်မှု၊ အခြေခံမူတွေကို ကိုင်စွဲနိုင်မှုတွေကိုလည်း မှတ်သားဖို့ ကောင်းလောက်အောင် မြင်တွေ့ခဲ့ရတယ်။

ကမ္ဘာပေါ်မှာရှိတဲ့ တခြားနိုင်ငံတွေဟာ ကျွန်တော်ရဲ့ ကြိုးပမ်း

အားထုတ်မှုကို တွေ့မြင်ကြလိမ့်မယ်။ ကျူးဘားနိုင်ငံကို ခင်ဗျားရဲ့ ခေါင်းဆောင်မှု၊ ခင်ဗျားရဲ့ တာဝန်ယူမှုအပေါ် ကျွန်တော့်အနေနဲ့ နာခံခဲ့တယ်။ ဒါပေမဲ့ ကျွန်တော်တို့တစ်တွေဟာ ခွဲခွာဖို့ အချိန်ကျ ရောက်ခဲ့ပါပြီ။

ကျွန်တော်ဟာ ယခုလို ထွက်ခွာသွားတဲ့အချိန်မှာ ကျူးဘားမှာ ကျွန်တော်ရှိစဉ်က ပျော်ရွှင်မှုနဲ့ ကြေကွဲမှုတွေကို သတိရနေပါတယ်။ ဒီတိုင်းပြည်က ကျွန်တော်ထွက်ခွာသွားပေမဲ့ ဒီတိုင်းပြည် အပေါ် ချစ်မြတ်နိုးဆုံးနဲ့ တည်ဆောက်သူတစ်ယောက် အဖြစ် ကျွန်တော် မျှော်လင့်ချက်တွေကို ထားရှိခဲ့တယ်ဆိုတဲ့အကြောင်း တင်ပြချင်တယ်။ ယခုဆိုရင် ကျွန်တော့်ကို သားတစ်ယောက်လို လက်ခံခဲ့တဲ့ ပြည်သူတွေကိုလည်း ကျွန်တော် ခွဲခွာသွားပါပြီ။ ဒီလို ခွဲခွာသွားတဲ့အတွက် ကျွန်တော့် စိတ်ထဲမှာ ဒဏ်ရာတစ်ခုအဖြစ် ကျန်ရှိခဲ့ပါတယ်။ ကျွန်တော်ဟာ တိုက်ပွဲသစ်တစ်ခုဆီကို သွားရောက်နေ တာဖြစ်တယ်။ တိုက်ပွဲအတွက် ယုံကြည်မှုဟာ ခင်ဗျား ကျွန်တော့် အပေါ်ထားခဲ့တဲ့ ယုံကြည်မှုကနေ တိုက်ပွဲကို ရှာခဲ့တာပဲ။ ကျွန်တော်တို့ ပြည်သူတွေရဲ့ တော်လှန်ရေး စိတ်ဓာတ်ကို ဖော်ဆောင်လိုက်တာလည်း ဖြစ်ပါတယ်။ အမြင့်မြတ်ဆုံး တာဝန်တွေကို ထမ်းဆောင်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့လည်း တိုက်ပွဲ အသစ်ကို ရှာခဲ့တာဖြစ်တယ်။ နယ်ချဲ့စနစ်ကို တိုက်ဖျက်ဆန့်ကျင်ဖို့ ခွဲခွာခဲ့တာလည်း ဖြစ်တယ်။ ကျွန်တော့်ရင်ထဲမှာ နက်နက်ရှိုင်းရှိုင်း ခံစားနေရတဲ့နာကျင်မှုကို တိုက်ပွဲနဲ့ဖြေဖို့ ယခုလို ထွက်ခွာခဲ့တာ ဖြစ်ပါ တယ်။

ကျွန်တော့်အနေနဲ့ ကျူးဘားကို လွတ်မြောက်ဖို့အတွက် အတတ် နိုင်ဆုံး တာဝန်ယူခဲ့ပါတယ်။ ဒီလို ကျူးဘားလွတ်မြောက်ရေး အတွက် တာဝန်ယူခဲ့တဲ့အခါမှာ ချို့ယွင်းချက်တွေလည်း ရှိချင် ရှိနိုင် ပါတယ်။ ကျွန်တော် နောက်ဆုံးနေခဲ့တဲ့ အချိန်ကာလတွေမှာ တခြား ကောင်းကင် တွေအောက်မှာ နေရတယ်ဆိုတာကိုလည်း ကျွန်တော် နားလည်ခဲ့တယ်။

နောက်ဆုံး ကျွန်တော်ရဲ့တွေးခေါ်မှုကတော့ ဒီပြည်သူတွေဟာ အယူးသဖြင့် ခင်ဗျားလို ခေါင်းဆောင်မှုအောက်မှာ နေရတာဟာ အလွန်ကို ကျေနပ်အားရစရာ ကောင်းပါတယ်။ ကျွန်တော့်အနေနဲ့ ခင်ဗျားရဲ့ သင်ပြမှု၊ ခင်ဗျားရဲ့ ဦးဆောင်မှုကို ခံယူရတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျွန်တော်လှုပ်ရှား ဆောင်ရွက်ခဲ့သမျှဟာ ပြည်သူတွေအတွက် အကျိုး သက်ရောက်မှုရှိအောင် ပြည်သူတွေကို သစ္စာရှိစွာ အတတ်နိုင်ဆုံး ကြိုးစားမယ်လို့ ကတိပေးပါတယ်။

ကျွန်တော်တို့ တော်လှန်ရေးရဲ့ နိုင်ငံခြားမူဝါဒကို ကျွန်တော် အလေးအနက်ထားတယ်။ ဒီ နိုင်ငံခြားရေး မူဝါဒအတိုင်းပဲ ဆက်လက် နာခံမှာ ဖြစ်တယ်။ ကျွန်တော် ဘယ်နေရာကို ရောက်ရောက် ကျွန်တော် ဟာ ကျူးဘားတော်လှန်ရေးအတွက် တာဝန်ရှိတယ်လို့ တွေးထားပါတယ်။ ကျွန်တော်ဟာ ကျွန်တော့်ဇနီးနဲ့ကလေးတွေအတွက် ရုပ်ဝတ္ထုပစ္စည်း ဘာမှ မချန်ထားနိုင်ခဲ့တာကို ကျွန်တော် စိတ်မကောင်း မဖြစ်ပါဘူး။ ကျွန်တော် တော်လှန်ရေးလမ်းကြောင်းကို လျှောက်လှမ်းရတဲ့အတွက် ကြည်နူးဝမ်းမြောက်ပါတယ်။ သူတို့ဆီကလည်း ဘာမှ တောင်းဆိုမှု မပြုပါဘူး။ နိုင်ငံတော်ကလည်း သူတို့အတွက် လိုအပ်တာတွေကို တာဝန်ယူပေးပါ လိမ့်မယ်။ သူတို့ရဲ့ ပညာရေးနဲ့ နေထိုင်မှုအတွက်လည်း နိုင်ငံတော်က ဆောင်ရွက်ပေးမှာ ဖြစ်တယ်။

ခင်ဗျားနဲ့ကျွန်တော်တို့ပြည်သူကွေအတွက် ပြောစရာတွေ အများကြီးရှိပါတယ်။ ဒါပေမဲ့ ဒီပြောစရာတွေ မလိုအပ်တော့ဘူးလို့ ခံစားရတယ်။ စကားလုံးတွေ မလိုအပ်တော့ပါဘူး။ ကျွန်တော့်မှာ ပြော စရာတွေ အများကြီးရှိပေမဲ့ ပြောစရာတွေကို ပြောပြဖို့လည်း အချိန် မရှိတော့ပါဘူး။ နောက်ထပ် ဒီထက်ပိုပြီး ရေးစရာလည်း မရှိတော့ဘူးလို့ ထင်ပါတယ်။

အောင်ပွဲကို ဆက်လက်တည်ဆောက်ကြ။
နိုင်ငံကို အသက်ပေးပြီး ကာကွယ်ကြ။

တော်လှန်ရေးစိတ်ဓာတ်နဲ့အတူ ရဲဘော်ကြီးကိုပွေ့
ဖက်လိုက်ပါတယ်။

ခြေ

အခု ဖော်ပြလိုက်သည်မှာ ချေ၏ စာအပြည့်အစုံဖြစ်သည်။ သူပြောခဲ့သည့် တော်လှန်ရေးသမားများနှင့် တော်လှန်ရေးအပြည့်အစုံဖြစ်သည်။ သူ၏ ဖော်ပြချက်တွင် တော်လှန်ရေးသမားများကို အေးအေးဆေးဆေး စဉ်းစားတွေးခေါ်တတ်သူများအဖြစ် နားလည်ကြောင်း ဖော်ပြထားသည်။ တော်လှန်ရေးသမားများသည် စိတ်ဓာတ်ခိုင်မာသူများ ဖြစ်သည်။ ဤစာသည် ခံစားမှုများအားလုံးကို စံပြအဖြစ် ဖော်ပြသော စာ၊ တွေးခေါ်မှုများကို ဖော်ပြသောစာ၊ တော်လှန်ရေး စိတ်ဓာတ်ဖြင့် သန့်ရှင်းဖြူစင်မှုများကို ဖော်ပြသောစာဖြစ်သည်။

သူ့စာနှင့်ပတ်သက်ပြီး ကျွန်တော်တို့ကလည်း အဖြေပေးရပေမည်။

ရဲဘော်ကြီးဂွေဗားရားခင်ဗျာ၊ ဤအတွက် ကျွန်တော်တို့မှာ တာဝန်မရှိကြတော့ဘူးလား။ ရှိပါသည်၊ တော်လှန်ရေးအတွက် ကျွန်တော်တို့အားလုံးမှာ တာဝန်ရှိပါသည်။ တော်လှန်ရေးလှုပ်ရှားမှုကို ကူညီရန် ကျွန်တော်တို့မှာ တာဝန်ရှိပါသည်။ ထိုတော်လှန်ရေး လှုပ်ရှားမှုကို ကျွန်တော်တို့ အတတ်နိုင်ဆုံး၊ အကောင်းဆုံး ကူညီဆောင်ရွက်ရပါမည်။ တော်လှန်ရေးတာဝန်ယူမှုကိုလည်း အလေးအနက် ထားရပါမည်။ အကျိုးသက်ရောက်မှုနှင့် စွန့်စားမှုကိုလည်း ကျွန်တော်တို့ တာဝန်ယူရပါမည်။ ၇ နှစ်ကြာသည်အထိ ရဲဘော်ကြီး ကျွန်တော်တို့နှင့်အတူ တော်လှန်ရေးတာဝန်ယူသည်ကိုလည်း အသိအမှတ်ပြုပါသည်။ နယ်ချဲ့စနစ်ရှိနေသည့် ကာလတစ်လျှောက်လုံး နယ်ချဲ့သမားများက ဤသူများကို သွေးစုပ်ခြယ်လှယ်ခြင်းရှိနေသရွေ့ တော်လှန်ရေးတာဝန်ကို ယူပါမည်။ ဤစွန့်လွှတ်မှုများနှင့် တာဝန်ယူမှုများကို အေးဆေးတည်ငြိမ်စွာ ဆက်လက်ဆောင်ရွက်ကြမည်ဖြစ်သည်။

ထိုရဲဘော်ကြီး၏ ခံစားချက်နှင့်တော်လှန်ရေး တာဝန်ယူမှုကို ကျွန်တော်တို့ ခံစားမှုအပြည့်၊ လေးစားမှုအပြည့်ဖြင့် အသိအမှတ်ပြုပြီး ကျွန်တော်တို့တာဝန်ကို ဆောင်ရွက်ရမည်ဖြစ်သည်။ အမှန်တရားနှင့် လွတ်လပ်မှုကို ကိုယ်စားပြုသော သူ၏လုပ်ရပ်ကို အသိအမှတ်ပြုပါသည်။ သူသည် လွတ်လပ်မှုအတွက် တိုက်ပွဲဝင်ခြင်း ဖြစ်၏။ နှောင်ကြိုးများ တည်ထားသော လွတ်လပ်မှုမဟုတ်ပေ။ ရိုင်ဖယ် သေနတ်များ ကိုင်ထားသော နှောင်ကြိုးများကို ချိုးဖျက်ရန် တိုက်ပွဲဝင်မှုအတွက် ကျွန်တော် သဘောပေါက်နားလည်သည်။ လွတ်လပ်မှုအတွက် တိုက်ပွဲဝင်သောသူ၏ စိတ်ဓာတ်ကို ကျွန်တော်တို့အနေဖြင့် ဂုဏ်မပြုသင့်ပေဘူးလား။

ထိုအကြောင်းသည် နောက်ထပ် လွတ်လပ်မှုအတွက် တိုက်ပွဲဝင်သော ကျွန်တော်တို့၏ လွတ်လပ်ရေး ကြွေးကြော်သံဖြစ်ပါသည်။ ဤသည်ကို မစ္စတာဂျွန်ဆင် (သမ္မတဂျွန်ဆင်) သဘောပေါက် ရပေလိမ့်မည်။ ထိုကဲ့သို့ တိုက်ပွဲဝင်သူများအကြောင်းကို ကျူးဘားမှ ထွက်ခွာသွားပြီး နယ်ချဲ့သမားနှင့် ပူးပေါင်းသူများ သိရှိနားလည်စေလိုသည်။ ထို ထွက်ခွာသွားသူများကို နယ်ချဲ့သမားများက ပြန်လည်စည်းရုံးပြီး ဗီယက်နမ်နှင့် ကွန်ဂိုလိုနေရာမျိုးတွင် သွားရောက်တိုက်ခိုက်ခိုင်းကြသည်။ ဤကဲ့သို့ပင် ကျူးဘားနိုင်ငံတွင်ရှိသော မည်သည့် နိုင်ငံသားမဆို လွတ်လပ်ရေးတိုက်ပွဲဝင်နေသော တခြားနိုင်ငံများက သူတို့လွတ်လပ်ရေးအတွက် အကူအညီတောင်းလာပြီဆိုလျှင် မည်သူမဆို သွားရောက်တိုက်ပွဲဝင်နိုင်သည်။ မည်သူမဆို နယ်ချဲ့သမားဘက်မှ တိုက်ခိုက်နိုင်သလို တော်လှန်ရေးသမားများဘက်မှလည်း တိုက်ခိုက်နိုင်ခွင့် ရှိပါသည်။ မည်သူမဆို တော်လှန်ရေးအတွက် တိုက်ပွဲဝင်မည်ဆိုလျှင် ခွင့်မပြုနိုင်စရာမရှိပေ။

ကျွန်တော်တို့နိုင်ငံသည် လွတ်လပ်သော နိုင်ငံဖြစ်သည်။ မစ္စတာဂျွန်ဆင်ခင်ဗျား ကျွန်တော်တို့နိုင်ငံသည် လူထုအားလုံး လွတ်လပ်မှုရှိသော အစစအရာရာ လွတ်လပ်မှုရှိသော နိုင်ငံဖြစ်ပါသည်။

ဖော်ပြခဲ့သော ချေ၏စာသည် စာတစ်စောင်သက်သက် မဟုတ်ပေ။ ဖတ်ရုံသက်သက်လည်း မဟုတ်ပေ။ ရဲဘော်အများအပြားက ရေးသားခဲ့သော စာများလည်း ရှိကြသည်။ တချို့စာများဆိုလျှင် သားသမီးများသို့၊ မိဘများသို့ ဆိုပြီး လိပ်မူတပ်ထားသော စာများ လည်း ရှိပါသည်။ ထိုစာများတွင် စာရေးသူက သူတို့သားသမီးများနှင့် မိဘများကို ဦးတည်ရေးသားကြသည်။ သူတို့စာများကို သူတို့၏ သားသမီးများ၊ မိဘများ၊ ဆွေမျိုးများထံ ပို့ပေးပါသည်။ လိုအပ်သည်များကို ကျွန်တော်တို့ ဆောင်ရွက်ပေးပါသည်။ သူတို့သည် တော်လှန်ရေးအတွက် အနစ်နာခံသွားသူများ ဖြစ်၏။ သူတို့သည် သမိုင်း၏ အစိတ်အပိုင်းအဖြစ် တော်လှန်ရေးအတွက် ထိုက်တန်သော အချက်အလက်များကို ပေးခဲ့သည်ဟု ယုံကြည်ပါသည်။

ရဲဘော်အနက်စတိုဂွေဗားရားသည် ကျူးဘားပြည်သူများနှင့် ကျူးဘားတော်လှန်ရေးအတွက် အတတ်နိုင်ဆုံး အသက်စွန့်၍ ပါဝင်ကူညီခဲ့သလို ကမ္ဘာ့ပြည်သူများ၏ လွတ်လပ်မှုအတွက်လည်း သူ အတတ်နိုင်ဆုံး ပါဝင်ပြီး တော်လှန်ရေးဆောင်ရွက်နေသူဖြစ်ပါသည်။ သူ့စာသည် အစစအရာရာကို ရှင်းပြထားသည်ဟု ကျွန်တော်ယုံကြည်သည်။ ဤစာတွင် ကျွန်တော်တို့ကို အားလုံးရှင်းပြပြီးသား ဖြစ်ပါ သည်။ စိုးရိမ်ကြောင့်ကြနေသော ကျွန်တော်တို့ရန်သူများအတွက်လည်း ရှင်းပြပြီးသားဖြစ်ပါသည်။ တိုင်းပြည်အတွက် လုပ်ဆောင်နေသော တာဝန်ဝတ္တရားများ၊ ကမ္ဘာကြီးအတွက် ထမ်းဆောင်နေသော တာဝန်များကို သူ့စာထဲတွင် ဖော်ပြခဲ့သည်။ ထိုတာဝန်များကို ကျွန်တော်တို့အားလုံး ဖြည့်ဆည်းပေးရပေလိမ့်မည်။

ဘိုလီဗီးယားမှာ အဲဒီအချိန်တုန်းက ပြည်သူတွေက ပြောက်ကျားတပ်ဖွဲ့တွေနဲ့ သွားရောက်ပူးပေါင်းကြပါတယ်။ ပြောက်ကျားတပ်ဖွဲ့ဆီကို လယ်သမားတွေနဲ့ လူထုအမြောက်အမြား လာရောက် ပူးပေါင်းကြတယ်။ ဒါပေမဲ့ ပြောက်ကျားတွေအတွက် လက်နက်ပြဿနာရှိလာတယ်။

တော်လှန်ရေးတပ်သားတွေဖြစ်လာတဲ့အခါမှာ သူတို့ဟာ ရဲရဲရင့်ရင့်နဲ့ အသက်စွန့်ရမှာ မကြောက်တဲ့သူတွေ၊ စစ်ဆင်ရေးတွေမှာ အလွန်ထူးချွန်တဲ့ တပ်သားတွေ၊ တော်လှန်ရေးမှာ အံ့သြစရာကောင်းလောက်အောင် အလွန့်အလွန် ထူးချွန်တဲ့သူတွေ ဖြစ်လာပါတယ်။ ကျူးဘား တော်လှန်ရေးတုန်းကလည်း တပ်သားစုဆောင်းရေးကို ဖွဲ့နေစရာ မလိုဘူး။ တော်လှန်ရေးအတွက်လည်း မစည်းရုံးရဘဲ လူထုက သူတို့ဆန္ဒအတိုင်း ပါလာတာပဲ။ ဘိုလီဗီးယားမှာလည်း အဲဒီလိုပဲပေါ့။ ပြောက်ကျားတပ်ဖွဲ့ဝင်တွေ တိုးလာတာ အကြောင်းမဟုတ်ဘူး။ အကြောင်းက ရောက်လာတဲ့ လူသစ်တိုင်းကို လက်နက်မပေးနိုင်တာပါပဲ။ သူပုန်တပ်မတော်မှာ တိုက်ပွဲဝင် တပ်သားတွေ ၉၅ % ကျော် များလာတယ်။ သူတို့ဟာ သူတို့သဘော ဆန္ဒအတိုင်း ရောက်လာတာချည်းပဲ။ လူထုကို ထပ်မံစည်းရုံးဖို့ လွှတ်လိုက်တဲ့ စည်းရုံးရေးသမားက နည်းပါတယ်။ ကျွန်တော်တို့ ပြောက်ကျားတပ်ထဲကို သူတို့ဆန္ဒအတိုင်း ပါဝင်လာတဲ့ သူတွေကပဲ များလာပါတယ်။

ဒါပေမဲ့ ပြောက်ကျားအဖွဲ့ထဲ ရောက်လာသူတိုင်း နိုင်ငံရေးအတွေးအခေါ်ကောင်းတွေ မရှိပါဘူး။ တချို့ဆိုရင် ဘာအယူအဆ၊ သဘောတရားကိုမှ ရှင်းလင်းစွာ မသိပါဘူး။ ဘယ်သူ့အတွက် စွန့်လွှတ်အနစ်နာခံသလဲ၊ ဘယ်သူ့အတွက် အသက်ပေးသလဲဆိုတာ သူတို့ ဘာမှ မသိဘူး။ စစ်သားဖြစ်ချင်လို့ ဝင်လာတာရှိတယ်။ ပုဂ္ဂိုလ်ရေးအရ သူပုန်ဖြစ်လာတဲ့သူ ရှိတယ်။ အုပ်ချုပ်သူတွေရဲ့ ဖိနှိပ်မှုကို မခံနိုင်လို့ ပါဝင်လာတာတွေလည်း ရှိပါတယ်။ ဒါကြောင့် တချို့ဆို ပြောက်ကျားအဖွဲ့ထဲပါလာပြီး ထွက်ပြေးသွားတတ်ကြတယ်။ ပြောက်ကျားတွေဟာ တောကြိုအုံကြားတွေထဲ ကိုယ့်ခြေထောက်နဲ့ သွားရတယ်။ တောင်တွေပေါ် တက်ရတယ်။ ဒုက္ခမျိုးစုံ ကြုံတွေ့ရတယ်။ အဲဒီအခါမှာ တော်လှန်ရေးသဘောတရားမရှိဘဲ ပါဝင်လာတဲ့ သူတွေဟာ ပြောက်ကျားအဖွဲ့ထဲက နေ သူရဲဘောကြောင်စွာနဲ့ ထွက်ပြေးကြတာပါပဲ။ တပ်ပြေးတွေဟာ

သစ္စာဖောက်တွေချည်းပဲ။ သူပုန်တွေထဲက ထွက်ပြေးတဲ့အတွက် သူပုန်တွေအကြောင်း သူတို့ပြောရ တော့မှာပေါ့။ ရန်သူလက်ထဲရောက်သွားရင်တော့ သူတို့ဟာ အိတ်သွန်ဖာမှောက် အကုန်ပြောကြတာပါ။ လူဘယ်လောက်ရှိတယ်။ လက်နက် ဘယ်လောက်ရှိတယ်။ ခေါင်းဆောင်က ဘယ်သူဖြစ်တယ်။ လက်နက်တွေက ဘာအမျိုးအစားတွေ ဖြစ်တယ် စတာတွေကို သူကိုသိသမျှ အိတ်သွန်ဖာမှောက် သတင်းပေးကြတာချည်းပဲ။

ချေနဲ့ပတ်သက်ပြီး ဖျားနာနေတယ်လို့ သတင်းရရှိပါတယ်။ အဲဒီလို နေထိုင်မကောင်းတာဟာ ယာယီဖြစ်ပြီး တောထဲမှာရှိတဲ့ တော်လှန်ရေးသမားတွေအဖို့ အဆန်းတကြယ် မဟုတ်တော့ပါဘူး။ ချေဖျားတာက ယာယီအဖျားမျိုး ရရှိခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ ဟာ ချေရဲ့ မိတ္တူကူးထားတဲ့ နေ့စဉ်မှတ်တမ်းကို ရရှိခဲ့တယ်။ အဲဒီမှတ်တမ်းဟာ စက်တင်ဘာ (၁)ရက်နေ့က စတင်ရေးသားတာဖြစ် တယ်။ "ကျွန်တော်တို့အားလုံး လားတွေကို မစီးတော့ဘဲ ခြေလျင် လျှောက်ခဲ့ကြတယ်။ ပစ္စည်းတွေကိုသာ လားပေါ် တင်ပြီး သူတို့ကို ဆွဲပြီးလာခဲ့တယ်။ ဘာကြောင့်လဲဆိုတော့ တစ်ယောက်ဟာ မထင်မှတ်ဘဲ လားပေါ်က လိမ့်ကျသွားလို့ပါ။ လိမ့်ကျသွားတဲ့ ဆရာဝန်ဟာ တော်တော်နဲ့ သတိမရခဲ့ဘူး။ အဲဒီဆရာဝန်က ကျွန်တော်ပါပဲ။ နောက်ကျတော့ ကျွန်တော် ခြေလျင်ကောင်းကောင်း လျှောက်နိုင်ပါ တယ်။ အရင်က ကျွန်တော်စီးတဲ့ လားကို ကျွန်တော်ဆွဲပြီး လျှောက်လာရတယ်"လို့ ရေးထားပါတယ်။ တချို့အကြောင်းအရာတွေကိုလည်း သူက ရေးထားတယ်။ အဲဒါ စက်တင်ဘာ (၁)ရက်နေ့ နေ့စဉ် မှတ်တမ်းပဲ။ သူ သတိရတဲ့အကြောင်း၊ ပုံမှန် အခြေအနေပြန်ရောက် သွားတဲ့အကြောင်းနဲ့ ကျန်းမာရေးကောင်းတဲ့အကြောင်းတွေ ရေးထားတယ်။ သူမှတ်တမ်းကို သူမသေခင် ၂ ရက်အလိုအထိ ရေးထားတယ်။ အဲဒီအထိ သူ့ကျန်းမာရေးက ဒေါင်ဒေါင်မြည်ပဲ။ ရုပ်သံဌာနတွေနဲ့ သတင်းတွေမှာပါသလို သူဟာ

တစ်ခြိန်လုံး ဖျားနာနေတယ်ဆိုတဲ့ သတင်းဟာ မဟုတ်ပါဘူး။

ဒါပေမဲ့ ထွက်ပြေးသွားတဲ့ တပ်ပြေးပြောတာက အရင်တုန်းက ဖျားနာခဲ့တာကို ပြောတာဖြစ်လိမ့်မယ်။ ဒါကတော့ သဘာဝကျပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ရန်သူကတော့ စိတ်ဝင်တစားနဲ့ ပြောက်ကျားတပ်ဖွဲ့တွေရှိတဲ့နေရာကို စုံစမ်းမှာပါပဲ။ သူတို့ဖြတ်သွားတဲ့နေရာတွေ၊ တပ်ပြေးပြောတဲ့နေရာတွေကို သွားစုံစမ်းမှာပဲ။ ဘယ်နေရာမှာ ရှိနိုင်သလဲဆိုတာလည်း အသေအချာ စုံစမ်းကြမှာပဲ။ ဒါကြောင့် စက်တင်ဘာ (၂၉)ရက်နေ့မှာ ရန်သူစစ်တပ်ဟာ တပ်အင်အား ကြီးကြီးမားမားနဲ့ တပ်ဖြန့်ပြီး ဝိုင်းဝန်းတာဖြစ်ပါလိမ့်မယ်။

ပြောက်ကျားတပ်ဖွဲ့က ထွက်ပြေးတဲ့ တပ်ပြေးပေးတဲ့ သတင်းကို စက်တင်ဘာ (၃၀)ရက်နေ့မှာ ထုတ်လွှင့်ခဲ့တယ်။ ဒါကို ကြည့်ခြင်းအားဖြင့် တပ်ပြေးဟာ အစိုးရတပ်ဖွဲ့တွေ လက်ထဲကို လွန်ခဲ့တဲ့ ၃၊ ၄ ရက်ကတည်းက ရောက်ရှိသွားပုံပါပဲ။ သတင်းရရချင်း စစ်တပ်က တပ်ဖွဲ့လိုက်၊ တပ်ဖွဲ့လိုက် ချက်ချင်းပဲ လှုပ်ရှားကြတာပေါ့။ ဘိုလီဗီးယားက စစ်တပ်ဟာ ရတဲ့အခွင့်အရေးကို လက်လွတ်မသွားရအောင် ပြောက်ကျားတပ်ဖွဲ့တွေရှိနိုင်မယ့်နေရာကို အမြန်ဆုံး သွားရောက်ပြီး စစ်ဆင်ရေးစတင်ပါတယ်။ တချို့တပ်ဖွဲ့တွေကတော့ သူတို့သွားတဲ့နေရာမှာ ဘာပြောက်ကျားမှမရှိဘဲ လက်လွတ်ပြန်ခဲ့ရတယ်။ သူတို့ ပြောက်ကျားတွေရှိမယ်လို့ ထင်တဲ့နေရာမှာ ပြောက်ကျားတပ်ဖွဲ့တွေကို မတွေ့ခဲ့ရပါဘူး။ ဒါပေမဲ့ အစိုးရတပ်ဖွဲ့ဝင်တွေဟာ ရရှိတဲ့သတင်းအရ မျှော်လင့်တကြီးနဲ့ အပြင်းအထန် ချီတက်ခဲ့ကြတာပဲ။ ပြောက်ကျားတပ်ဖွဲ့တွေ ဖြတ်သွားတဲ့နေရာတွေကို ခြေရာခံလိုက်တဲ့အခါမှာလည်း အထောက်အထားတွေ ရရှိတယ်။ သူတို့စခန်းချသွားတဲ့နေရာတွေ၊ သူတို့ခိုအောင်းခဲ့တဲ့နေရာတွေကို သိရှိခဲ့ရတယ်။ ဘိုလီဗီးယားတပ်မတော်အဖို့ ပြောက်ကျားတပ်ဖွဲ့တွေကို တိုက်ခိုက်စစ်ဆင်ရာမှာ ဒီတစ်ခါဟာ အကြီးမားဆုံးပဲ။ နည်းပရိယာယ် အောင်ပွဲရအောင် မျှော်လင့်ချက်ကြီးကြီးမားမားနဲ့ စစ်ဆင်ခဲ့

ကြပါတယ်။

အောက်တိုဘာ (၇)ရက်နေ့မှာ ရရှိတဲ့သတင်းကို နယူးယောက် တိုင်းမ် သတင်းစာကြီးက ဆောင်းပါးတစ်ပုဒ် ရေးသားခဲ့တယ်။ ဒီ ဆောင်းပါးက တိုက်ပွဲမဖြစ်ခင် ညနေက အဖြစ်အပျက်ကို ရေးသား တာပါ။ ဒီသတင်းကို အောက်တိုဘာ (၈)ရက်၊ တနင်္ဂနွေထုတ် သတင်းစာ မှာ ဖော်ပြခဲ့ပါတယ်။ ဒီသတင်းဖော်ပြလိုက်တဲ့ မနက်မှာပဲ ချောကို ဝိုင်းဝန်းတိုက်ခိုက်တဲ့ တိုက်ပွဲက ဖြစ်နေပါပြီ။ သတင်းဆောင်းပါးရဲ့ ခေါင်းစဉ်က "ချေဂွေဗားရား၏ နောက်ဆုံးရပ်တည်မှု ဖြစ်နေပြီလား"လို့ ဖော်ပြထားပါတယ်။

"ကာမီလီ၊ ဘိုလီဗီးယား၊ အာနက်စတိုချေဂွေဗားရားလိုပင် လူတစ်ယောက်သည် ခရီးသွားရမည်ဆိုလျှင် အမေဇုန်လွင်ပြင်က တစ်ဖက်ပိတ် တောင်ကြားလမ်းဖြစ်နေသော အန်းဒတ်စ်လိုနေရာမျိုးကို ခရီးလမ်းကြောင်းအရှည်ကြီး ဖြတ်သန်းရမည်ဖြစ်သည်။

နေသည် မိုးလင်းသည်နှင့် ပူပြင်းလာတော့သည်။ တောင်ကြား လွင်ပြင်ထဲတွင် ဖုန်လုံးများ တထောင်းထောင်းထနေသည်။ မြေကြီးမှာ ကြမ်းတမ်းခြောက်သွေ့နေပြီး ဆူးချုံပုတ်များမှာလည်း အနှံ့အပြား ရှိကြသည်။ ထိုနေရာတွင် အင်းဆက်ပိုးကောင်များလည်း ရှိသည်။ ကြီးမားလှသော ယင်ကောင်ကြီးများ၊ ခြင်များ၊ ပင့်ကူများနှင့် အဆိပ်ပြင်း သော ပိုးကောင်များလည်း ရှိသည်။ ထိုနေရာတွင် နွံများရှိကာ ထိုနွံထဲ ကျလျှင် အသက်ရှင်စရာ မရှိတော့ပေ"

ဒီဆောင်းပါးဟာ အဲဒီဒေသရဲ့ အခြေအနေကို အသေးစိတ် ဖော်ပြထားတာပါပဲ။ နောက် အဲဒီဆောင်းပါးက -

"အပူရှိန်နှင့် ဖုန်မှုန့်များ၊ ပိုးကောင်များ၏ ကိုက်ခဲမှုများသည် လူတို့၏ အရေပြားကို အကြီးအကျယ်ဒုက္ခပေးသည်။ ယားနာဖုများ ပေါက်လာသည်။ အရေပြားရောဂါများ စွဲကပ်လာပါသည်။ ထိုနေရာ တွင် အသီးအရွက်များမှာ ကြမ်းတမ်းလှသည်။ အပင်များမှာ ဆူးများ

ပေါက်နေသည်။ ထိုနေရာရှိ အပင်များမှာ ခရီးသွားများကို အလွန် ဒုက္ခပေးလေသည်။ မြစ်ကမ်းပါးကိုရောက်အောင်သွားဖို့ အလွန် ခက်ခဲလှ၏။ ကြမ်းတမ်းမှု၊ စားပင်သီးပင်များ ရှားပါးမှု၊ ဆူးပင်ချုံပုတ်များသာရှိသောကြောင့် ခက်ခဲကြမ်းတမ်းသော လမ်းများ ဖြစ် ပါသည်။

စစ်ဘက်မှ သတင်းပို့ချက်အရ ယခင်က ကျူးဘားဗိုလ်မှူးတစ်ယောက်ဖြစ်သူသည် ခြေကုန်လက်ပန်းကျနေသော ပြောက်ကျားရဲဘော် ၁၆ ယောက်နှင့်အတူ ထိုတောင်ကြား ချိုင့်ဝှမ်းတွင် ရောက်ရှိနေကြသည်။ သူတို့ကို လက်နက်အပြည့်အစုံ တပ်ဆင်ထားသော အင်အားတောင့်တင်းသည့် ဘိုလီဗီးယား တပ်မတော်က လွှမ်ခဲ့သော ၂ ပတ်ကတည်းက ပိတ်ဆို့ဝန်းရံထားသည်။ ဘိုလီဗီးယားတပ်မတော်က ဗိုလ်မှူးဂွေဗာရာသည် ထိုတောင်ကြားထဲမှ အသက်ရှင်လျက် လွတ်မြောက်နိုင်မည်မဟုတ်ဟု ယုံကြည်နေကြလေသည်။

"ဗိုလ်မှူးဂွေဗာရာ၏ အခြေအနေမှာ အလွန်ဆိုးဝါးလှ၏။ သူနှင့် သူ့အဖွဲ့သားများမှာ လွတ်မြောက်ဖို့လမ်း ဝေးကွာလှသည်။ ထိုနေရာသည် ကာမီရီရှိ စစ်ဌာနချုပ်၏ အနောက်မြောက်ဘက် မိုင် ၁၂၀ အကွာတွင်ရှိသော အလွန်ဆိုးဝါးလှသည့် တောင်ကြားချောက်ကြီးဖြစ်ပါသည်။ လက်နက်ကိုင်တော်လှန်ရေးအတွက် ထိုနေရာကို အခြေချရသည်မှာလည်း အန္တရာယ်ကြီးမားလှလေသည်။ ထိုနေရာသည် စစ်စခန်းနှင့် တစ်ဖက်ခြမ်းတွင် ရှိနေလေသည်"လို့ ရေးထားပါတယ်။

စက်တင်ဘာ ၂၉ ရက်နေ့ သတင်းစာတွေထဲမှာ နောက်ထပ် အချက်အလက်တွေလည်း ပါလာပါတယ်။ အဲဒီထဲမှာ တပ်ဖွဲ့တွေရဲ့ လှုပ်ရှားမှုတွေ၊ ပြောက်ကျားတပ်ဖွဲ့တွေကို ဝိုင်းဝန်းမှုတွေကို ရေးထားပါတယ်။ သူတို့က တပ်ပြေးဆီကရတဲ့သတင်းနဲ့ ဒီဒေသတစ်ဝိုက်ကို ပိတ်ဆို့ကြတာပါပဲ။ ဒီလိုပိတ်ဆို့တဲ့သတင်းကို စက်တင်ဘာ (၃၀)ရက်နေ့မှာ ဖော်ပြခဲ့တယ်။ ဘိုလီဗီးယားစစ်တပ်နဲ့ နိုင်ငံခြား သတင်းဌာနတွေက အမြဲအဆက်အသွယ်ရှိတယ်။ နိုင်ငံခြားသတင်းဌာန ကိုယ်စားလှယ်

တွေက ဘိုလီဗီးယားကိုရောက်နေပြီး မပြတ်သတင်း ယူကြတယ်။ သူတို့ဟာ ပြောက်ကျားတွေရှိရာ တောင်ကြားဒေသကိုတောင် သတင်းသွားယူပုံရတယ်။ ဘိုလီဗီးယားစစ်တပ် စစ်ဆင်ရေး လုပ်နေတဲ့ဒေသဟာဆိုရင် လျှိုတွေ၊ ချောက်တွေ အများကြီးရှိပါတယ်။

အလွန်ရှည်လျားပြီး တောင်ကြီး ၂ လုံးကြားမှာရှိတဲ့ လျှိုကြီးထဲကို ဝင်ဖို့ဆိုတာက အန္တရာယ်ကြီးလှတယ်။ ရန်သူက ဘယ်နေရာရှိမှန်း အတိအကျမသိတော့ တပ်ပြေးရဲ့သတင်းပေးချက်အရ ရှိနိုင်မယ်ထင်တဲ့နေရာကို အစိုးရတပ်ဖွဲ့တွေက မှန်းဆပြီး ချီတက်ကြတာပါပဲ။ ဒါပေမဲ့ သူတို့ရရှိတဲ့ သတင်းဟာလည်း ခိုင်လုံနေတာကြောင့် ပြောက်ကျားတွေကို ဝိုင်းဝန်းနိုင်လိမ့်မယ်လို့ ယုံကြည်နေကြတယ်။ လက်နက်အင်အား၊ လူအင်အားက သူတို့ဘက်မှာ အသာစီးရနေတဲ့အတွက် စစ်တပ်အနေနဲ့ ပိုပြီး အင်အားတောင့်တင်းသလို ယုံကြည်ချက်ကလည်း ရှိနေတယ်။ ဒါကြောင့် ရန်သူကို တိုက်ခိုက်နိုင်မယ်လို့ မျှော်လင့်နေတာဖြစ်ပါတယ်။

သူတို့အနေနဲ့ မျှော်လင့်ချက်ရှိတဲ့ ပတ်ဝန်းကျင်ကလည်း ဖန်တီးနေပါတယ်။ ဒါကြောင့် သူတို့ပြောတဲ့ လေသံထဲမှာ ချေမှုန်းနိုင် ရမယ်ဆိုတာက အခိုင်အမာ ဖော်ပြနေတယ်။ သူတို့ ဝိုင်းဝန်းပိတ်ဆို့ ထားတဲ့နေရာက ရန်သူအတွက် ထွက်ပေါက်မရှိဘူး။ တောင်ကြားကြီးက ကျယ်လည်း ကျယ်တယ်။ ဘေးတစ်ဖက်တစ်ချက်က ဖောက်ထွက်လို့လည်း မရနိုင်ပါဘူး။ ဒီလို အင်အားတောင့်တင်းတဲ့သူတွေအတွက် အသာစီးရမယ့် အခြေအနေမျိုးမှာ အစိုးရအတွက် မျှော်လင့်ချက်ရှိနေတယ်ဆိုတာက မဆန်းပါဘူး။ တာဝန်ရှိတဲ့အရာရှိ တွေကတော့ သူတို့ပိတ်ဆို့ထားပြီလို့ ပြောနေကြပါတယ်။ မှန်လည်း မှန်ပါတယ်။ တစ်ဖက်က ဖောက်ထွက်နိုင်တယ်ထားဦး၊ တစ်ဖက်က ပင်လယ်ပဲရှိပါတယ်။ ပင်လယ်ထဲ ဆင်းပြေးလို့လည်း မရပါဘူး။ ကျွန်တော်တို့ ရဲဘော်တွေဟာ ရန်သူရဲ့ပိတ်ဆို့ခြင်းကို အကြီးအကျယ် ခံနေရပါတယ်။ ရှိနေတဲ့နေရာကလည်း ၁၀

ကီလိုမီတာလောက် ကျယ်ပြီး ၂၀ မီတာလောက်ပဲ ရှည်ပါတယ်။ ရန်သူနဲ့လည်း သိပ်မကွာတော့ဘူး။ သူတို့ ကျူးကျော်တိုက်ခိုက်ဖို့ပဲ ရှိပါတော့တယ်။ ကျူးဘားတော်လှန်ရေးတုန်းကလည်း ဒီလိုပါပဲ။ ၁၉၅၇ ခုနှစ်နဲ့ ၁၉၅၈ ခုနှစ်အလယ်ပိုင်းအထိ ကျူးဘားတော်လှန်ရေး ပြောက်ကျားတပ်ဖွဲ့တွေကို ဘာတစ်စတာစတပ်က ထိုးစစ်တွေ ဆင်နွှဲခဲ့တယ်။ အဲဒီမှာ အင်အားအလွန်များတဲ့ ထိုးစစ်ကြီး တစ်ခုပါတယ်။ အဲဒီတုန်းကလည်း ၁၀ ကီလိုမီတာကျယ်ပြီး ၂၀ ကီလိုမီတာရှည်တဲ့နေရာမှာပါပဲ။ အဲဒီတုန်းကတော့ ကျွန်တော်တို့မှာ လူပေါင်း ၃၀၀ လောက် ရှိပါတယ်။

တော်လှန်ရေးဆင်နွှဲတဲ့ ပြောက်ကျားတပ်ဖွဲ့တွေအဖို့ ပိတ်ဆို့ဝိုင်းရံခံရတယ်ဆိုတာ အဆန်းမဟုတ်ပါဘူး။ အစိုးရက ပြောက်ကျားတွေကို ဝိုင်းဝန်းပိတ်ဆို့ ချေမှုန်းပစ်ရမယ်လို့ ဆိုထားပါတယ်။ နည်းဗျူဟာအရလည်း ပိတ်ဆို့မှုအသေးစားလေးတွေကို သူတို့ပြုလုပ် တတ်ကြပါတယ်။ အဲဒါတွေဟာ ပိုပြီးတော့ အန္တရာယ်ရှိတတ်တယ်။ ဒါပေမဲ့ ပြောက်ကျားတွေကလည်း ရန်သူစစ်သားတွေရဲ့ ပိတ်ဆို့မှုကို နည်းပေါင်းစုံနဲ့ ဖောက်ထွက်ပြီး မဟာဗျူဟာနဲ့ နည်းဗျူဟာတွေ ချိုးဖျက်ပစ်တတ်တယ်။ ပြောက်ကျားတပ်ဖွဲ့တွေဟာ အမြဲလိုလို အန္တရာယ်နဲ့ ကြုံတွေ့ရတယ်။ ရန်သူနဲ့ ထိပ်တိုက်မရင်ဆိုင်ဘဲ ရန်သူမသိအောင် ဘေးဘက်၊ အနောက်ဘက်ကနေ ထိုးစစ်ဆင်တာကြောင့် ရန်သူကလည်း ဒီလိုတိုက်ပွဲတွေကို ထိတ်လန့်တုန်လှုပ်ကြပါတယ်။

တောတောင်ထူထပ်တဲ့ ဒေသထဲမှာ လူထုကို အတတ်နိုင်ဆုံးစည်းရုံးပြီး ပြောက်ကျားစစ်ဆင်နွှဲတဲ့အတွက် ရန်သူအနေနဲ့ ဒီလိုနေရာမျိုးကို အလွယ်တကူ တိုက်ခိုက်ဖို့ မလွယ်ပါဘူး။ သတင်း အခိုင်အလုံ အတိအကျရပေမဲ့ ပြောက်ကျားတပ်ဖွဲ့တွေကို ထိပ်တိုက်ရင်ဆိုင်မတွေ့ မချင်းတော့ အစိုးရတပ်ဖွဲ့တွေအဖို့ ထိတ်ထိတ်လန့်လန့်နဲ့ပဲ စစ်ဆင်ရေးကို ပြုလုပ်ရမှာပါ။ အစိုးရတပ်ဖွဲ့တွေဟာ အလျင်အမြန်

ရွှေ့ပြောင်းပြီး သတင်းရတဲ့နေရာကို ဝိုင်းဝန်းပိတ်ဆို့ ချေမှုန်းလေ့ရှိပါ တယ်။

အနက်စတိုင်ဂေဗားရားရဲ့ ပြောက်ကျားတပ်ဖွဲ့တွေကို ဝိုင်းဝန်း ပိတ်ဆို့တိုက်ခိုက်ဖို့အတွက် ရက်သတ္တပတ် ၂ ပတ်ကြာအောင် ပြင်ဆင်ရ တယ်။ အဲဒီဒေသကို အစိုးရတပ်ဖွဲ့တွေ တစ်သုတ်ပြီး တစ်သုတ် ရောက် လာပြီး အတွင်းအပြင် စည်းတွေချကာ ရန်သူကို ဝိုင်းရံထားတာဖြစ် တယ်။ ဒီဒေသဟာ ဘယ်လိုဒေသမျိုးလဲ ကျွန်တော်တို့ မသိပါဘူး။ တခြား ဒေသတွေနဲ့ တူသလား။ သဘာဝ အတားအဆီးတွေ ဘယ်လောက်ရှိ သလဲ။ ဘယ်လောက်ကျယ်ပြန့်သလဲ။ ဒါကိုလည်း ကျွန်တော်တို့မသိပါ ဘူး။ ဒီဒေသမှာ စိုက်ပျိုးဖို့ ခက်တယ်ဆိုတာတော့ သိပါတယ်။ လွင်ပြင် ကြီးဟာ ခြောက်ကပ်ပြီး ကျတ်ကုန်းကြီးလို ဖြစ်နေပါတယ်။ မြင်းလည်း မစီးဘဲ ပတ်ပတ်လည်က တောင်တွေချည်းပဲ။ ဒီအခြေအနေမျိုးကိုလည်း ကျွန်တော်တို့ ကောင်းကောင်း မသိပါဘူး။ အစိုးရတပ်တွေကလည်း ကျွမ်းကျင်လှတယ် မဟုတ်ပါဘူး။ သူတို့လည်း သူတို့ဆီ လက်နက်ချ သတင်းပေးတဲ့ သူကြောင့်သာ ချေတို့ရှိတဲ့နေရာကို သွားရောက်နိုင်တာ ပေါ့။ ပြောက်ကျားတပ်ဖွဲ့တွေ အဲဒီနေရာရှိတယ်ဆိုတာကို သတင်းပေးတဲ့ တပ်ပြေးက တိတိကျကျ အခိုင်အမာ ပြောပြနိုင်ခဲ့ပါတယ်။

သတင်းစာတွေ၊ ရေဒီယိုတွေကတော့ သတင်းတွေ မပြတ် ရရှိ နေပါတယ်။ တိုက်ပွဲဖြစ်တဲ့အခြေအနေကိုလည်း ဖော်ပြပါတယ်။ တောင် ကြားတစ်လျှောက် တိုက်ပွဲဖြစ်ပွားပုံ၊ အစိုးရက ဝိုင်းဝန်းပိတ် ဆို့ထားပုံ၊ လမ်းတွေဟာ ကြမ်းတမ်းခက်ခဲပုံ၊ တောင်ကြားအခြေမှာ သစ်တောကြီး ရှိနေပုံ၊ လျှို့တွေ၊ ချောက်နက်ကြီးတွေ အများအပြား တည်ရှိနေပုံတွေကို သတင်းတွေက ဖော်ပြထားတယ်။

အောက်တိုဘာလ (၆)ရက်နဲ့ (၇)ရက်မှာ ဖော်ပြထားတဲ့ ချေရဲ့ နေ့စဉ်မှတ်တမ်းအရ အဲဒီဒေသအကြောင်းကို သိရပါတယ်။ အောက်တို ဘာ (၆)ရက်က ရေးတဲ့ မှတ်တမ်းထဲမှာ "ရွှေ့ပြေးကင်းက အနားက

အိမ်တစ်လုံးကို တွေ့လိုက်တယ်။ ဒါပေမဲ့လည်း . . " လင်းလင်း မမြင်ရဘူး။ အဲဒီထဲမှာ ဝှက်စာတွေလည်း ပါတယ်။ ချေရဲ့ လက်ရေးဟာ သေးပြီး မှုန်ဝါးနေပါတယ်။ မိတ္တူကူးထားတဲ့ အပေါ်ပိုင်းဟာ မှုန်ဝါးနေတဲ့အတွက် အဲဒီအပိုဒ်ရဲ့စကားဆက်ကို ဆက်စပ်လို့ မရတော့ဘူး။

မှတ်တမ်းကို ဆက်ဖတ်တဲ့အခါ "တောင်ကြားနဲ့ အတော်ဝေးဝေးနေရာမှာ ရေရှိတယ်။ ကျွန်တော်တို့ဟာ . . " အဲဒီအရှေ့က အဆက်ကိုလည်း ကျွန်တော်တို့ ဖတ်လို့မရပြန်ဘူး။ နောက် "ကျွန်တော်တို့ ချက်ပြုတ်စားကြတယ် . . " စာကြောင်းတစ်ကြောင်း ပါမလာဘူး။ အပြည့်အစုံ ဖတ်မရပြန်ဘူး။ နောက် "ကျောက်ဆောင် အောက်ကို ကျွန်တော်တို့ ဝင်လိုက်ကြတယ်။ ကျောက်သားပြင်ကြီးက ကျွန်တော်တို့ကို အမိုးလို အကာအကွယ်ပေးထားပါတယ်။ ဒါကြောင့် ကျွန်တော်တို့ . . "

မှတ်တမ်းထဲမှာ "နေ့လယ် အလင်းရောင်ဟာ တောင်ကြားထဲကို ထွန်းလင်းလာတယ်။ ကျွန်တော်တို့ဟာ တစ်နေရာပြီး တစ်နေရာ ရွှေ့ပြောင်းလာခဲ့ပါတယ်။ ရွှေ့လာတဲ့နေရာက ကျောက်ခေါင်းကြီးတစ်ခုလည်း ပါတယ်" ဒီမှာလည်း စာကြောင်းတွေကို ဖတ်ရတာ ရှင်းရှင်းလင်းလင်း မမြင်ရဘူး။ တချို့စာကြောင်းတွေဟာ ပျောက်နေတယ်။

ဆက်ဖတ်လိုက်တဲ့အခါမှာ "မစားရတာအတော်ကြာပြီဖြစ်တဲ့အစားအသောက်အတွက် ကျွန်တော်တို့ ချက်ပြုတ်ဖို့ ပြင်ဆင် နေကြပြီ။ နောက်ပြီး အရုဏ်တက်တာနဲ့ ချောင်းလက်တက်လေးဆီကို သွားဖို့ ပြင်ဆင်လိုက်ကြတယ်။ ချောင်းလက်တက်လေးနေရာမှာ စမ်းချောင်းလေးတစ်ခု စီးဆင်းနေတယ်။ စမ်းချောင်းလေးအတိုင်း ကျွန်တော်တို့ လျှောက်သွားကြမယ်။ အဲဒီကနေ ရှေ့ဘက်ကိုသွား မယ်ဆိုတာ မှန်းဆလို့ ရတာပေါ့"

မှတ်တမ်းက ဆက်ပြီး ဖော်ပြထားပါတယ်။ "ခရုဇ်ဒဲလ်ဆာရေဒီယိုက တွေ့ဆုံမေးမြန်းခန်းတစ်ခုကို လွှင့်ပါတယ်။ လူတွေနဲ့ တွေ့ဆုံ

ပြောကြတာပဲ။ အဲဒီထဲမှာ အော်လန်ဒိုနဲ့တွေ့တာလည်းပါတယ် . . " မှတ်တမ်းထဲမှာ သေချာရေးထားပါတယ်။ သူဖော်ပြချင်တာကတော့ ဘိုလီဗီးယား လူမျိုးတစ်ယောက်အကြောင်း ဖြစ်ပါလိမ့်မယ်။ ပထမဆုံး နာမည်တစ်ခု ဖော်ပြထားတာပါပဲ။ အာဏာပိုင်တွေထဲကတော့ မဖြစ်နိုင်ဘူး။ နောက် သိရတာကတော့ သူဟာ အကျဉ်းသားတစ်ယောက် ဖြစ်နေပါတယ်။ မှတ်တမ်း အဲဒီနေရာမှာ တစ်ခုခု ရေးထားတယ်။ ဖတ်လို့ မရှင်းလင်းဘူး။ တခြားအကြောင်း အရာတွေလောက်တောင် ရှင်းလင်းမှု မရှိပါဘူး။

မှတ်တမ်းမှာ ဆက်ရေးထားတာက "ချီလီရေဒီယိုက သပိတ်း တစ်ပုဒ် ထုတ်ပြန်သွားတယ်။ ကျွန်တော်တို့ရှိနေတဲ့ ဒေသတစ်ဝိုက်ကို တပ်ဖွဲ့ဝင်ပေါင်း ၁၈၀၀ နဲ့ ဝိုင်းဝန်းထားတယ်လို့ လွှင့် သွားတယ်"

အောက်တိုဘာလ (၇)ရက်နေ့ နေ့စွဲနဲ့ရေးတဲ့ မှတ်တမ်းမှာတော့ "ဒီနေ့ဟာဆိုရင် ပြောက်ကျားစစ်ပွဲ ဆင်နွှဲခဲ့တဲ့ (၁၁)လမြောက် နေ့ပါပဲ။ ဘာမှ ရှုပ်ရှုပ်ထွေးထွေးမရှိဘဲ ရှင်းရှင်းလင်းလင်း ပြောက်ကျား တိုက်ပွဲကို ဆင်နွှဲခဲ့ကြတာပါ" ယခုလို ရေးသားထားတဲ့ "ရှုပ်ရှုပ်ထွေးထွေး မရှိဘဲ (၁၁)လကြာ ပြောက်ကျားတိုက်ပွဲ ဆင်နွှဲခဲ့တယ်"ဆိုတဲ့ အဓိပ္ပာယ်က သူတပ်ဖွဲ့တွေရဲ့ မဟာဗျူဟာမြောက် အခြေအနေကို ရည်ညွှန်းတာ ဖြစ်တယ်။ သူဆုံးဖြတ်ချက်ဟာ အခက်အခဲမရှိဘဲ တိုက်ပွဲကို ဖော်ဆောင်ခဲ့တဲ့ အဓိပ္ပာယ်ပဲ။ သူဟာ သူ့ရည်မှန်းချက်အတိုင်း တော်လှန်ရေးကို စတင်ခဲ့ပါတယ်။ ဒါပေမဲ့ ဒီလိုရေးနေတဲ့အချိန်မျိုးမှာ အရေးကြီးပြီး အဆုံးအဖြတ်ပေးမယ့် အခြေအနေမျိုးရောက်နေတယ်ဆိုတာကိုတော့ ခေျ မစဉ်းစားမိပါဘူး။

အခန်း (၂)

ဖော်ပြပါအကြောင်းအရာမှာ ဘိုလီဗီးယားတွင် ချေ ကျဆုံး သွားခြင်းနှင့်ပတ်သက်ပြီး သတင်းတစ်ခုဖြစ်သည့် ၁၉၆၇၊ အောက်တိုဘာ လ (၁၅)ရက်နေ့တွင် ကျူးဘားရုပ်သံတွင် ဖီဒဲလ် ကက်စထရိုက လူထုကို တင်ပြသော မိန့်ခွန်းဖြစ်သည်။ ထိုအကြောင်းနှင့် ပတ်သက်ပြီး ကက် စထရိုက သူသိရှိသမျှကို ပြောဆိုခဲ့ပါသည်။

ယခု ကျွန်တော်တင်ပြမယ့်အကြောင်းက ဘိုလီဗီးယားက ရောက်လာတဲ့သတင်း ဖြစ်ပါတယ်။ အောက်တိုဘာလ (၉)ရက်နေ့မှာ ဒီသတင်းရောက်လာပြီး ကျွန်တော်တို့ သတင်းစာတွေမှာလည်း လွန်ခဲ့တဲ့ ရက်အနည်းငယ်က ဖော်ပြခဲ့ပြီးပါပြီ။ အဲ့ဒီသတင်းကို ပြည်သူတွေအားလုံး ဝေဖန်အကဲဖြတ်နိုင်အောင် ကျွန်တော်က တင်ပြခဲ့တာပါ။

ဒီသတင်းကတော့ ကျွန်တော်တို့ရဲ့ တပ်မှူးကြီး အာနက်စတို ဂွေဗားရားကျဆုံးသွားတယ်ဆိုတဲ့ သတင်းပါပဲ။ ဒီသတင်းရရှိပုံနဲ့ အဖြစ် အပျက်ကို နားလည်အောင် တင်ပြချင်ပါတယ်။ သတင်းကို လေ့လာ သုံးသပ်ပြီးတဲ့အခါမှာ အာနက်စတိုဂွေဗားရား ကျဆုံးသွားတာ အမှန်ပဲလို့ နာကြည်းစွာ ကျွန်တော် တင်ပြလိုပါတယ်။ သူ ကျဆုံးသွားတယ်ဆိုတဲ့ သတင်းစာတွေက ဖော်ပြခဲ့တာရှိတယ်။ ဒါပေမဲ့ သတင်းခိုင်လုံမှု

မရှိတဲ့အတွက် အတည်ပြုပြောဆိုနိုင်ခြင်း မရှိသေးပါဘူး။

အောက်တိုဘာလ (၉)ရက်နေ့မှာတော့ သူ ကျဆုံးတဲ့သတင်းကြေးနန်းရောက်ရှိလာခဲ့တယ်။ တချို့ အချက်အလက်တွေကိုလည်း ခိုင်ခိုင်လုံလုံ သိရှိခဲ့ပါတယ်။ ဒါပေမဲ့ သတင်းတွေရခါစက ခိုင်လုံခြင်း မရှိသေးပါဘူး။ ၁၀ ရက်နေ့အထိ သတင်းတွေက ရရှိနေဆဲပါပဲ။ ရရှိတဲ့သတင်းတွေနဲ့ အစီရင်ခံစာတွေက တစ်ခုနဲ့တစ်ခု ဆက်စပ်မှုမရှိဘဲ ဆန့်ကျင်ဘက်ဖြစ်နေတာကြောင့် အတည်မပြုနိုင်သေးတာပါ။ သူတို့က သတင်းကို တင်ပြရာမှာ ဥပမာအားဖြင့် ချေရဲ့ ဘယ်ဘက်လက်မှာ အမာရွတ်တစ်ခုရှိတယ်လို့ ဖော်ပြတယ်။ ဒါပေမဲ့ တပ်မှူးကြီး ဂွေဗားရာရဲ့ ဘယ်လက်မှာ အမာရွတ်ရှိတယ်ဆိုတာကို ဘယ်သူကမှ မမှတ်မိကြပါဘူး။ ကျွန်တော်တို့ မှတ်မိတာကတော့ သူ့ရဲ့ခြေထောက်နဲ့ လည်ပင်းမှာသာ အမာရွတ်တွေရှိတာပါ။ တော်လှန်ရေးတိုက်ပွဲကာလ တုန်းက သေနတ်မှန်လို့ ရရှိခဲ့တဲ့ အမာရွတ်တွေပဲ။ သူ့ရဲ့ ဘယ်ဘက်မျက်နှာမှာလည်း မတော်တဆ ကျည်ဆံရှပ်ထိသွားလို့ အမာရွတ်ရှိတယ်။ ဒါပေမဲ့ အဲဒီ အမာရွတ်တွေအကြောင်း အသေးစိတ်ဖော်ပြခြင်း မရှိဘူး။ ဒီတော့ သတင်းမှာ ဖော်ပြတဲ့အချက်နဲ့ ကျွန်တော်တို့သိတဲ့အချက် တွေ ပဋိပက္ခဖြစ်နေတာပေါ့။ နောက်တစ်ခုက ဘိုလီဗီးယားကလာတဲ့ သတင်းဖြစ်တဲ့အတွက် မယုံကြည်ရဘူး၊ စိတ်ချရတဲ့ သတင်းဇာစ်မြစ်လည်း မဟုတ်ဘူး။ အောက်တိုဘာလ (၁၀)ရက် နေ့လယ်ကျတော့ အစီရင်ခံစာနဲ့ သတင်းတွေဟာ တိကျခိုင်မာလာတယ်။ သံသယဖြစ်စရာတွေ ပါပေမဲ့ သတင်းတွေက ဖြစ်ကတတ်ဆန်း မဟုတ်တော့ပါဘူး။

တချို့ဖော်ပြတဲ့သတင်းတွေဆိုရင် ခိုင်လုံတိကျသလို ပထမ ဆုံးထုတ်ပြန်လိုက်တဲ့ ဓာတ်ပုံကိုလည်း ရရှိပါတယ်။ ဓာတ်ပုံကားချပ် တစ်ခုဆိုရင် အောက်တိုဘာ (၁၀)ရက်နေ့ညမှ ရရှိတာဖြစ်တယ်။ ဒီဓာတ်ပုံဟာ ချေနဲ့အလွန်တူပါတယ်။ ပထမဓာတ်ပုံကို တွေ့စကတော့ ကျွန်တော်တို့က ဒါ ချေရဲ့ပုံမဟုတ်ဘူးလို့ ပယ်ချလိုက်ပေမဲ့ နောက်ပိုင်းမှာ သူ့ပုံအမှန်

ဖြစ်တာ သိလိုက်ရပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် သတင်းပို့တဲ့ တိုင်းပြည်နဲ့လူတွေကို သိပ်မယုံနိုင်သေးဘူး။ သူတို့က သတင်းမှားတွေကို ကျယ်ကျယ်ပြန့်ပြန့် လွှင့်ထုတ်တတ်တဲ့ သူတွေဖြစ်တယ်။ ဓာတ်ပုံကိုကြည့်တဲ့အခါ ပီပီ ပြင်ပြင် မဟုတ်တဲ့အတွက် လန်ကြုတ်ဓာတ်ပုံများလားလို့ ထင်မိတယ်။ ဒါပေမဲ့ အသေအချာ ထပ်ခါထပ်ခါ ကြည့်မိတဲ့အခါကျတော့ အမှန်နဲ့တူလာတယ်။ သူ့ဓာတ်ပုံမဟုတ်ဘူးလို့လည်း မပြောနိုင်ပါဘူး။

ဒီဓာတ်ပုံကို ကူးယူခဲ့တာက တီဗွီကင်မရာနဲ့ ရိုက်ထားတာကို ကူးယူခဲ့တာပါ။ ကြည်ကြည်လင်လင် ပြတ်ပြတ်သားသားတော့ မရှိဘူး။ နောက် နာရီအနည်းငယ်အကြာမှာတော့ ဓာတ်ပုံတွေ ထပ်ရ ပြန်တယ်။ မှားစရာမရှိတော့ပါဘူး။ သူမှ သူဖြစ်နေတယ်။ နောက်ရ တဲ့ ဓာတ်ပုံက မည်းနေတယ်။ ဒါပေမဲ့ အသေအချာကြည့်တဲ့အခါ သူဖြစ်ကြောင်း ပြောနိုင်လာတယ်။ သူသေဆုံးနေတဲ့ပုံကို မြင်ရတော့မှ ခေါ ကျဆုံးသွားပြီဆိုတဲ့ သတင်းဟာ အမှန်ဖြစ်မယ်လို့ ကျွန်တော်တို့ ယူဆလိုက်တယ်။

နောက်ထပ် တတိယဓာတ်ပုံအကြောင်းကို ပြောပါရစေ။ တတိယဓာတ်ပုံကတော့ သူ့တစ်ကိုယ်လုံးကို ရိုက်ကူးထားတဲ့ ဓာတ်ပုံပါ။ ထမ်းစင်ပေါ်မှာ ပက်လက်အိပ်ပြီး ပါလာတယ်။ ဓာတ်ပုံက အဖြူနဲ့ အမည်းများနေတော့ သူဖြစ်တယ်လို့ အတိအကျ မပြောနိုင်သေးဘူး။ ထမ်းစင်ပေါ်မှာ ဒဏ်ရာနဲ့ပါလာတာဖြစ်တယ်။ ရုပ်ကတော့ သူ့ရုပ်နဲ့ တူတယ်လို့ ကျွန်တော်တို့ ယေဘုယျယူဆထား ပါတယ်။

နောက်တစ်နေ့ရောက်တော့ နောက်ထပ် ဓာတ်ပုံတွေ ရလာပြန်ပါတယ်။ အဲဒီအခါမှာတော့ ဓာတ်ပုံတွေဟာ ကြည်ကြည်လင် လင်ပြတ်ပြတ်သားသား ရိုက်ကူးထားတယ်။ ဟောဒီ ဓာတ်ပုံဆို ရင် (ကက်စထရိုက ရုပ်မြင်သံကြားပေါ်တွင် ဓာတ်ပုံတစ်ပုံကို ပြသလိုက်ပါသည်။)အလွန်ကို ရှင်းလင်းပြီး တပ်မှူး ဂွေဗားရားဖြစ်ကြောင်း လည်း သိသာပါတယ်။ ပီပီပြင်ပြင်လည်း မြင်ရပါတယ်။ ကျွန်တော် ပြောချင်

တာကတော့ ဓာတ်ပုံတွေရတိုင်းလည်း အမှန်လို့ မပြောနိုင်သလို အတု အယောင်တွေချည်းပဲလို့လည်း မပြောနိုင်ပါဘူး။ ကျွန်တော်ရရှိတဲ့ ဓာတ်ပုံတွေထဲမှာ ယုံကြည်လက်ခံနိုင်တာတွေလည်း ပါပါတယ်။ အဖြစ် အပျက်အားလုံးကို ဓာတ်ပုံတွေနဲ့ဆက်စပ်ပြီး ကြည့်နိုင်ပါတယ်။ ကျွန်တော်တို့က ဒီဓာတ်ပုံတွေဟာ အမှန်လို့ ယူဆပါတယ်။ ဖြစ်ပေါ်နေတဲ့ အခြေအနေတွေ၊ ရရှိတဲ့ သတင်းအချက် အလက်တွေ၊ ရရှိတဲ့ဓာတ်ပုံတွေကြောင့် ချေ ကျဆုံးသွားတယ်ဆိုတာ အစစ်အမှန်ဖြစ်ကြောင်း ကျွန်တော်ရှင်းပြဖို့ အချိန်ရောက်လာပါတယ်။

သတင်းစာတွေမှာလည်း ဖော်ပြကြပြီ။ ဓာတ်ပုံတွေနဲ့ သတင်း အချက်အလက်တွေနဲ့ ဖော်ပြကြတယ်။ အဲ့ဒါတွေဟာ အမှန် ဖြစ်တယ်လို့ လူတွေက ယုံကြည်လာကြပါပြီ။ သတင်းစာမှာ ဖော်ပြတဲ့ ဟောဒီဓာတ်ပုံဆိုရင် ရုပ်မြင်သံကြားစက်ထဲမှာ ကြည်ကြည်လင်လင် မမြင်ရပါဘူး။ ဒါပေမဲ့ သတင်းစာထဲမှာတော့ ရှင်းရှင်းလင်းလင်း မြင်နေရပါတယ်။ ရရှိတဲ့ဓာတ်ပုံကို သတင်းစာက ပြန်လည် ကူးယူဖော်ပြတာတောင်မှ ဒီဓာတ်ပုံက ရှင်းရှင်းလင်းလင်းနဲ့ မဟုတ်ပါလား။

ဓာတ်ပုံတွေကနေပြီး သတင်းအချက်အလက်တွေ ရရှိလာပါတော့တယ်။ ကျွန်တော်တို့က ရရှိလာတဲ့သတင်းတွေကို စုစည်းယူတယ်။ ဓာတ်ပုံတွေ၊ သတင်းတွေ ရရှိတော့မှသာ ဒီသတင်း မှန်မမှန် ကောက်ချက်ချပါတယ်။ ဒါကြောင့် သတင်းတွေကို စုစည်းပြီးတော့မှ တပ်မှူးကြီးငွေဗားရား ကျဆုံးသွားပြီဆိုတာ သိရတယ်။ ဒီသတင်းတွေထဲမှာ သံသယဖြစ်စရာလည်း မတွေ့ပါဘူး။ သက်သေ အထောက်အထားတွေလည်း တွေ့ရတယ်။ တခြားနေရာကရရှိတဲ့ သတင်းတွေက အမှန်ဆိုတာလည်း ငြင်းလို့မရတော့ဘူး။ နိုင်ငံခြား သတင်းစာတွေမှာ ဖော်ပြတဲ့ သတင်းတွေ၊ ဓာတ်ပုံတွေ၊ အချက်အ လက်တွေအရလည်း သူ ကျဆုံးသွားပြီလို့ ကောက်ချက်ချခဲ့ပါတယ်။ သတင်းတွေကို အသေးစိတ်စစ်ဆေးပြီးမှ သေဆုံးသွားပြီလို့ ကောက်ချက်ချခဲ့တာ

ဖြစ်ပါတယ်။

နောက်ရက်အတန်ကြာတဲ့အခါမှာ နောက်ထပ် ဓာတ်ပုံတစ်ပုံကို ကျွန်တော်တို့ ရရှိပြန်ပါတယ်။ အဲဒီ ဓာတ်ပုံကတော့ ဘိုလီဗီးယားမှာ အစိုးရအဖွဲ့တွေက သိမ်းဆည်းမိလိုက်တဲ့ ချေရဲ့ နေ့စဉ်မှတ်တမ်းကို ရိုက်ထားတဲ့ ဓာတ်ပုံပါပဲ။ ချေရဲ့ ဒိုင်ယာရီပေါ့။ အခု ကျွန်တော်ပြတဲ့ ဓာတ်ပုံတွေက ချေဒိုင်ယာရီရဲ့ ဓာတ်ပုံတွေပါပဲ။ (ကက်စထရိုက ဓာတ်ပုံများကို ပြသနေသည်။) ဓာတ်ပုံတွေကတော့ ၂ ပုံတည်းပါ။ ဒိုင်ယာရီကို နှစ်ဖက်ရိုက်ထားတဲ့ ပုံတွေပါပဲ။ သူ့ ဒိုင်ယာရီ အစစ်အမှန် ဟုတ်မဟုတ် ဆိုတာကိုတော့ မပြောနိုင်သေးပါဘူး။ ကျွန်တော်တို့ရဲ့ ထင်မြင်ချက်ကိုလည်း မပေးနိုင်သေးပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ နောက်ထပ် ခိုင်မာတဲ့ သတင်းအချက်အလက်တွေ လိုနေပါသေးတယ်။

တစ်ခ်ျိန်တည်းမှာ ချေမိသားစုနဲ့ပတ်သက်ပြီး အဖြစ်မှန်ကို သိရှိဖို့ လိုပါတယ်။ အဖြစ်မှန်ကို ဘယ်သူက အကြောင်းကြားမလဲ။ ဘယ်လို ပြောမလဲဆိုတာကလည်း မေးခွန်းတစ်ခုပါပဲ။ သူမှာ သူ့ အဖေရယ်၊ ညီရယ်ရှိတယ်။ သူမိသားစုဟာ အာဂျင်တီးနားမှာရှိပြီး စာရေးဆက်သွယ်လို့လည်း ရပါတယ်။ သူတို့ဟာ ချေနဲ့ပတ်သက်ပြီး သတင်းအမှန်ကို သိရှိဖို့ ဘိုလီဗီးယားကို သွားဖို့ ပြင်ဆင်ထားပါတယ်။ ထုံးစံအရပြောရရင်လည်း ဘိုလီဗီးယားသွားပြီးသားဖြစ်တဲ့သူ၊ အစ်ကိုဖြစ်သူနဲ့ပတ်သက်တဲ့ အခွင့်အရေးလည်း သူတို့မှာ ရှိကြတယ်။ သေတယ်ဆိုရင်လည်း သူတို့ရဲ့ အသိအမှတ်ပြုချက်ကို ရယူရမယ်။ သေဆုံးသူဟာ ချေ ဟုတ်မဟုတ် ဆိုတာ ပထမဆုံး သူတို့ရဲ့ အတည်ပြုချက် ရယူရမှာဖြစ်တယ်။ အဲဒီ အခွင့်အရေးကို ဘိုလီဗီးယား အာဏာပိုင်တို့က ပေးဖို့ ကျွန်တော်တို့ စောင့်နေကြပါတယ်။ သေဆုံး တဲ့သူက ချေဟုတ်မဟုတ်ဆိုတာ သူတို့က အတည်ပြုချက်ပေးရမှာပေါ့။ ဒါပေမဲ့ သူတို့မှာ အခွင့်အရေး မရခဲ့ကြပါဘူး။ ချေရဲ့ ရုပ်အလောင်းကိုကြည့်ရှုဖို့ သူတို့ကို ခွင့်မပေးခဲ့ကြပါဘူး။

ဘယ်လိုပဲဖြစ်ဖြစ် သိမ်မွေ့တဲ့အခြေအနေကို ရင်ဆိုင်ခဲ့ကြ

ရတယ်။ အာဂျင်တီးနားက ချေရဲ့ ဆွေမျိုးသားချင်းတွေအနေနဲ့ တရား ဥပဒေအရရော၊ ထုံးတမ်းစဉ်လာအရပါ သူတို့သားချင်းရဲ့ ရုပ်အလောင်းကို အတည်ပြုချက်ပေးရမယ်။ သင်္ဂြိဟ်ခွင့်နဲ့ ကြည့်ရှုခွင့်လည်း ပေးရပါမယ်။ ဒါပေမဲ့ သတင်းတွေက အမျိုးမျိုးထွက်လာတယ်။ ပထမတော့ သူ့အလောင်းကို မြေမြှုပ်သင်္ဂြိဟ်လိုက်တယ်လို့ ထွက်လာတယ်။ နောက် အဲဒီသတင်းက ချက်ချင်းပျောက်သွားပြီး ရုပ်အလောင်းကို မီးသင်္ဂြိဟ်လိုက်ပြီလို့ သတင်းထွက်လာပါတယ်။ နောက်တော့ ရုပ်အလောင်းကို ဘယ်လိုမှ အတည်ပြုချက်ပေးလို့ မရတော့ဘူး။ မြေမြှုပ်သင်္ဂြိဟ်တာ မဟုတ်ဘဲ မီးသင်္ဂြိဟ်လိုက်တဲ့အတွက် ချေ ဟုတ်မဟုတ်ဆိုတာကို မပြောနိုင်တော့ပါဘူး။ ကျွန်တော်တို့အပိုင်းကကြည့်ရင်လည်း သူ သေဆုံးသွားပြီဆိုတာ မှန်မမှန်ကို အတည်ပြုချက်တော့ ယူရပါလိမ့်မယ်။ ဒါပေမဲ့ ကျွန်တော်တို့အနေနဲ့ ချေရဲ့ ရုပ်အလောင်းကို အတည်ပြုချက်မရရှိ သလို မသူ့မိသားစုနဲ့ဆွေမျိုးသားချင်းတွေကိုလည်း သတင်းအမှန် မပြောနိုင်ပါဘူး။ ချေရဲ့ ရုပ်အလောင်းကို ဘယ်သူရဲ့အတည်ပြုချက်မှ မယူဘဲ သူတို့ ထင်သလို လုပ်လိုက်တဲ့အတွက် ကြည့်ခွင့်မရတော့ ပါဘူး။ သူ့အဖေရော၊ ဆွေမျိုးသားချင်းတွေရဲ့ အတည်ပြုချက်မရတဲ့အတွက် ဒီသတင်းဟာ မှားတယ်လို့ ယူဆလိုက်ကြပါတယ်။

ဆွေမျိုးသားချင်းတွေနဲ့ပတ်သက်တဲ့ကိစ္စကတော့ ပုဂ္ဂိုလ်ရေးကိစ္စတွေပါပဲ။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ ဒါကို တွန်းတွန်း တိုက်တိုက် မပြောပါဘူး။ ဒီကိစ္စကိုလည်း လူသိရှင်ကြား ထင်မြင်ချက်ပေးဖို့တို့၊ ဘာတို့ကိုလည်း မပြောပါဘူး။ ဒါပေမယ့် ချေ ကျဆုံးတဲ့ကိစ္စဟာ တစ်ကမ္ဘာလုံးက အာရုံစိုက်နေတဲ့ ကိစ္စဖြစ်ပါတယ်။ တစ်ကမ္ဘာလုံးက ပြည်သူတွေက ဒီသတင်းကို အရေးတကြီးနဲ့ စောင့်မျှော်နေပါတယ်။ ကျွန်တော်တို့ပြည်သူတွေအတွက်ကတော့ အလွန် လေးနက်တဲ့ပြဿနာဖြစ်နေပါတယ်။ သူ ကျဆုံးတယ်။ မကျဆုံးဘူးဆိုတာကို အလေးအနက်ထားပြီး စောင့်မျှော်နေကြတာလည်း ဖြစ်တယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ပြဿနာ

တစ်ခုလို တာဝန်အရ ကျွန်တော်တို့အနေနဲ့ ဒီသတင်းကို အတည်ပြုချက် ရယူလိုပါတယ်။

ချေနဲ့ပတ်သက်ပြီး ကျွန်တော်တို့စဉ်းစားတဲ့အခါမှာ သံသယ အနည်းငယ်တော့ ရှိပါတယ်။ အဲဒီသံသယကို ဖော်ပြောသင့်တာကလည်း ကျွန်တော်တို့တာဝန် ဖြစ်ပါတယ်။ ချေ ကျဆုံးသွားတဲ့ သတင်းဟာ သတင်းမှားဖြစ်တယ်ဆိုပါတော့ ကျွန်တော်တို့က မှားတယ်လို့ ပြောပြီး သတင်းမှန်ဖြစ်နေရင် ကျွန်တော်တို့ မှားသွားမှာပေါ့။ သူ ကျဆုံးသွားပါ တယ်လို့ပြောပြီး သတင်းက မှားနေပြန်ရင် ကျွန်တော်တို့ မှာ တာဝန်ရှိပါ တယ်။ ဒါကြောင့် ချေ ကျဆုံးသွားပြီလို့သိရတဲ့ သတင်းမှန်မမှန်ကို ကျွန်တော်တို့ သက်သေတွေနဲ့ အတည်ပြုရပါမယ်။ ဘိုလီဗီးယားအာဏာ ပိုင်တွေရဲ့ လုပ်ရပ်ကလည်း သံသယဖြစ် စရာပါပဲ။ သူ့ရဲ့မိဘ၊ ဆွေမျိုး သားချင်းတွေကို လူသိရှင်ကြား သွားရောက်ကြည့်ရှု အတည်ပြုခွင့်မပေး ဘူး။ သူတို့ပြောတဲ့ သတင်းတွေကလည်း မြေမြှုပ်လိုက်ပြီ။ နောက် သင်္ဂြိဟ် လိုက်ပြီလို့ အမျိုးမျိုးပြောနေတဲ့အတွက် သံသယဖြစ်စရာချည်းပါပဲ။

သေချာဖို့က ကျွန်တော်တို့အနေနဲ့ ဒိုင်ယာရီကိုကြည့်မှ သေချာ မှာပေါ့။ ချေရဲ့လက်ရေးကို ကျွန်တော်တို့ မြင်တွေ့ရဖို့ လိုတယ်။ ချေရဲ့ လက်ရေးကိုမြင်ရရင်တော့ ငြင်းပယ်နိုင်စရာ မရှိပါဘူး။ သူ့လက်ရေးက လိုက်တုရေးဖို့ မလွယ်တဲ့လက်ရေးပါပဲ။ လက်ရေးတု ရေးတဲ့သူတွေက တော့ ဘယ်လက်ရေးမဆို တူအောင်တုပြီး ရေးတတ်ကြတယ်။ ဘယ်လိုပဲ ဖြစ်ဖြစ် ချေရဲ့လက်ရေးအမှန်ကိုတွေ့ရရင် ရေးထားတဲ့စာတွေကို တွေ့ရ ရင် သူရဲ့လက်ရေးကိုရော၊ သူစာရေး ဟန်ကိုရော ဟုတ်မဟုတ် ကျွန်တော် တို့ အကဲဖြတ်လို့ ရပါတယ်။ ချေဟာ ကျွန်တော်တို့နဲ့ နှစ်ပေါင်းများစွာ အတူတကွ နေထိုင်ခဲ့တဲ့အတွက် သူရဲ့ စာရေးသားဟန်၊ လက်ရေး၊ သူရေးတဲ့ အကြောင်းအရာတွေကို ကျွန်တော်တို့က အကဲဖြတ်လို့ ရပါတယ်။ အရင် က သူရေးခဲ့တဲ့ စာတွေနဲ့လည်း တိုက်ကြည့်လို့ရပါတယ်။ ပုဒ်ထီး၊ ပုဒ်မ ချတာက အစ။ သူလေသံတွေ ရေးဟန်တွေကို ဒီမှာရှိတဲ့ ရဲဘော်တွေက

အစ သိပြီးသားပါ။ အဲဒီလို အချက်အလက်ပေါင်းစုံနဲ့ အခု သိမ်းမိထားတဲ့ ချေရဲ့ နေ့စဉ်မှတ်တမ်းနဲ့ တိုက်ကြည့်ရင် ချေရဲ့နေ့စဉ် မှတ်တမ်းအစစ်အမှန် ဟုတ်မဟုတ်ကို ကျွန်တော်တို့ ပြောလို့ရပါပြီ။

သူ့ရဲ့နေ့စဉ်မှတ်တမ်းကို ဖတ်ကြည့်တဲ့အခါ သူ ကျဆုံးတဲ့အကြောင်းမပါပါဘူး။ ဒါကလည်း သဘာဝကျပါတယ်။ တိုက်ပွဲမှာ ဒဏ်ရာရပြီး ရန်သူအဖမ်းခံရတဲ့အတွက် နေ့စဉ်မှတ်တမ်းကို ဘယ်လို ရေးနိုင်မလဲ။ ဒိုင်ယာရီကို ရခဲ့တာလည်း လမ်းကရခဲ့တယ်ဆိုတာ ဖြစ်နိုင်ပါတယ်။ ကျောပိုးအိတ်ထဲထည့်လာပြီးမှ ကျသွားတာ ဖြစ်နိုင်ပါတယ်။ စစ်သားတွေကပဲဖြစ်ဖြစ်၊ အရပ်သားတွေကပဲ ဖြစ်ဖြစ် ကောက်ရပြီး အခုလို ပေါ်ပေါက်လာတာ ဖြစ်ပါတယ်။ ဒီနေ့စဉ် မှတ်တမ်းထဲမှာ အောက်တိုဘာ (၇)ရက်နေ့အထိ ရေးထားတာကို ဖတ်ရပါတယ်။ အဲဒါကတော့ တိုက်ပွဲမဖြစ်ခင် (၂)ရက်လောက်က ရေးသားထားတာပါ။ (၇)ရက်နေ့ညနေမှာ တိုက်ပွဲဖြစ်တာပါ။ အဖမ်းခံရပြီးနောက် (၂)ရက်အကြာမှာ သူ့ကို သတ်လိုက်ပါတယ်။ တိုက်ပွဲ ဖြစ်စဉ် အတော်များများ မှတ်တမ်းထဲမှာ ရေးသားထားတာ တွေ့ရတယ်။ ဒါကြောင့် နေ့စဉ် မှတ်တမ်းဟာ အောက်တိုဘာ (၈)ရက်နေ့ လောက်မှာ ကျပျောက်တာ ဖြစ်နိုင်ပါတယ်။ (၈)ရက်နေ့မှာ တိုက်ပွဲက ပြင်းပြင်းထန်ထန် ဖြစ်နေပါပြီ။

ချေ ကျဆုံးသွားတာနဲ့အတူ သတင်းအချက်အလက်တွေ၊ သူ့အကြောင်းတွေကို ကျွန်တော်ဆက်ပြီး ရရှိခဲ့ပါတယ်။ ဘိုလီဗီးယား မှာ ချေရှိနေစဉ်က ဓာတ်ပုံတွေ၊ တစ်ပုံနဲ့တစ်ပုံ မတူကြတာလည်း တွေ့ရတယ်။ ချေနဲ့ပတ်သက်တဲ့ ဓာတ်ပုံတွေဟာ တစ်ကမ္ဘာလုံးကို ပျံ့နှံ့သွားပါပြီ။ သတင်းစာတွေမှာလည်း ပုံနှိပ်ထုတ်ဝေပြီး ဖြစ်သွားပါပြီ။ လူတွေက ချေ ကျဆုံးသွားပြီဆိုတာကို အတည်ပြုပြောဆိုနေကြတယ်။ တစ်ကမ္ဘာလုံးက ချေ့အတွက် ကြေကွဲဝမ်းနည်းနေကြတယ်။ တချို့ သတင်းစာတွေဆိုရင် သူ့ကျောပိုးအိတ်ထဲက ဟောဒီဓာတ်ပုံတွေ အတော်များများကို ရရှိခဲ့တယ်။ အဲဒီထဲမှာ ကျောပိုးအိတ်တစ်လုံးနဲ့ အမ်-၂ ရိုင်ဖယ်သေနတ်နဲ့

အတူ တောထဲ ခရီးသွားနေတဲ့ ပုံတွေလည်း ပါတယ်။ ဟောဒီ ဓာတ်ပုံဆိုရင် လားတစ်ကောင်ကိုစီးပြီး ခရီးသွားနေတဲ့ ချေရဲ့ပုံပါပဲ။ ဟောဒီ ဓာတ်ပုံကတော့ မတ်မတ်ရပ်နေတဲ့ ချေရဲ့ ဓာတ်ပုံပေါ့။ သူဆိုတာ ငြင်းလို့ မရပါဘူး။ ကြည့်ရတာကတော့ ဓာတ်ပုံရိုက်နေတဲ့သူကို သူတစ်ခုခု ရယ်စရာ ပြောနေပုံပါပဲ။ ဒီ ဓာတ်ပုံတွေအားလုံးဟာ တကယ့်ချေရဲ့ ဓာတ်ပုံတွေချည်းပဲ။ မသေခင် ရိုက်ခဲ့တဲ့ဓာတ်ပုံတွေအဖြစ် သူ့ကျောပိုးအိတ်ထဲကရော၊ တိုက်ပွဲဖြစ်နေတဲ့ နေရာကရော သိမ်းယူရမိတာ ဖြစ်တယ်။ တချို့ ဘယ်လိုပဲဖြစ်ဖြစ် အခုရရှိတဲ့ ဓာတ်ပုံတွေ၊ ပစ္စည်းပစ္စယတွေ၊ သတင်းတွေကိုကြည့်ရင် ကျွန်တော်တို့ လက်ခံနိုင်လောက်ပါတယ်။ သူဟာ ဘိုလီဗီးယားမှာ ကျဆုံးခဲ့တယ်ဆိုတာ သက်သေပြလို့ ရနေပါပြီ။

တခြားရရှိတဲ့ အချက်အလက်တွေကတော့ မကြာသေးခင် ရက်သတ္တပတ်တွေက ဘိုလီဗီးယားမှာရှိတဲ့ ပြောက်ကျားတွေကို အစိုးရကလိုက်လံတိုက်ခိုက်နေတယ်ဆိုတဲ့ သတင်းပါပဲ။ အဲဒီ သူပုန်နှိမ်နင်းတဲ့ စစ်ဆင်ရေးမှာ တပ်သားတွေအလုံးအရင်းနဲ့ အသုံးပြုနေ တယ်လို့ဆိုတယ်။ အဲဒီထဲမှာ လေ့ကျင့်ထားတဲ့ ကွန်မန်ဒိုတွေ နယ်ချဲ့ သမားတွေရဲ့ အေးဂျင့်တွေ၊ ထောက်လှမ်းရေးတွေလည်း ပါတယ်။ ပြောက်ကျားချေမှုန်းရေးတိုက်ပွဲမှာ နယ်ချဲ့လက်ပါးစေတွေက ပြင်းပြင်းထန်ထန် တိုက်ခိုက်တာပဲ။

ဒီအချက်အလက်တွေအားလုံးကို စုစည်းကြည့်လိုက်တဲ့အခါမှာ ချေဘာကြောင့် ကျဆုံးခဲ့တယ်ဆိုတာကို ချုပ်လိုက်လို့ရပါပြီ။ ကျွန်တော်တို့ရဲ့ သုံးသပ်ချက်အရဆိုရင်တော့ သူဒိုင်ယာရီဟာ လုံးဝမှန်ကန်တဲ့ ဒိုင်ယာရီ အစစ်ဖြစ်တယ်ဆိုတာပါပဲ။ နောက်ပြီး ရိုက်ထားတဲ့ ဓာတ်ပုံတွေကလည်း အမှန်တကယ် အစစ်တွေဖြစ်ပါတယ်။ ဒီလို ဓာတ်ပုံတွေကို စစ်ဆေးကြည့်တဲ့အခါမှာ ကျွန်တော်တို့က မျက်လုံးလောက်နဲ့ စစ်ကြည့်တာမဟုတ်ဘူး။ နည်းပညာတွေသုံးပြီး စစ်ကြည့်တယ်။ 'ဖောက်ပြန်ရေးသမားတွေဟာ အမှန်တရားကို ဖုံးကွယ်ချင်တဲ့အတွက် ပြုပြင်ထားတာတွေကို လုပ်ကြံပြီး

ဖော်ပြကြတယ်။ ဒါကြောင့် ကျွန်တော်တို့က နည်းပညာတွေနဲ့ အစစ်ဟုတ်၊ မဟုတ် စစ်ဆေးကြည့်ရတာ ဖြစ်တယ်။ အချက်အလက်တွေ ဆိုလည်း လေ့လာပြီးမှ အကဲဖြတ်တာပါ။ နေ့စဉ်မှတ်တမ်းဖြစ်တဲ့ ဒိုင်ယာရီရယ်၊ ဓာတ်ပုံတွေရယ်၊ သတင်းတွေရယ် ဒါတွေကို ဆက်စပ်မှု ရှိမရှိဆိုတာ ပေါင်းချုပ်ကြည့်လိုက်ပါတယ်။ ဒီလိုပေါင်းချုပ်တဲ့အခါမှာ ဖန်တီးထားတဲ့ မဖြစ်နိုင်တာတွေကို ဖယ်ပစ်တယ်။ ခိုင်လုံတာတွေကို ထည့်သွင်းတယ်။ ခေတ်မီတဲ့ နည်းပညာတွေနဲ့ စစ်ဆေးပြီးတော့ မှန်မမှန် သိရှိရပါတယ်။

ဘိုလီဗီးယားက အုပ်ချုပ်တဲ့သူတွေကိုလည်း ကျွန်တော်တို့က သုံးသပ်ဖို့ လိုပါတယ်။ သူတို့အနေအထားကိုလည်း နက်နက်ရှိုင်းရှိုင်း သိဖို့လိုတယ်။ ဘိုလီဗီးယားအုပ်ချုပ်သူတွေထဲမှာလည်း ပဋိပက္ခတွေ ရှိနေပါတယ်။ တစ်ယောက်နဲ့တစ်ယောက် ပြိုင်ဆိုင်မှုတွေ ပြဿနာတွေလည်း သူတို့အစိုးရနဲ့ အာဏာပိုင်ကြေကြား ရှိနေတယ်။ ဒါကြောင့် လိမ်တယ်ဆိုရင် တစ်သံတည်း မထွက်နိုင်ဘူး။ တချို့ကိစ္စတွေဆိုရင် သူတို့ လိမ်ချင် လိမ်ကြတယ်။ အဲဒီအလိမ်ကို ဖော်တဲ့သူတွေလည်း ရှိပါတယ်။ ပြောက်ကျားတပ်ဖွဲ့တွေကို ချေမှုန်းတိုက်ခိုက်တာ ရှိပါတယ်။ သေတဲ့သူတွေကို သူတို့ဘယ်တော့မှ အမှန်မဖော်ပြဘူး။ ဖောက်ပြန်တဲ့ အစိုးရတွေက တချို့သတင်းတွေကိုတော့ ထုတ်ပြန်ကြတယ်။ ဒါပေမဲ့ အရေးကြီးတဲ့ သတင်းတွေကို သူတို့ဖုံးကွယ်ကြတယ်။ ချေရဲ့သတင်းကိုတော့ အမှန်ဖြစ်တော့ သူတို့ထုတ်ပြန်ခဲ့ ကြပါတယ်။

ချေဂွေဗားရားလို ပုဂ္ဂိုလ်မျိုးက ကမ္ဘာသိပုဂ္ဂိုလ်ပါ။ သူကျဆုံးသွားပြီဆိုတာကို လိမ်ညာလို့ မဖြစ်နိုင်ဘူး။ ခေတ်မီနည်းပညာတွေ ဘက်ကကြည့်ရင်လည်း ဘိုလီဗီးယားအဖို့ လိမ်ညာလို့မရတာကြောင့် အခြေအနေနဲ့ သတင်းအမှန်ကို ထုတ်ပြန်ရမှာဖြစ်တယ်။ နောက်တစ်ခုက ဒီသတင်းကို သူတို့ဘယ်လို ဖန်တီးမလဲ။ ဖြစ်စဉ် ၁၀ ရက်၊ ၁၅ ရက် ဒါမှမဟုတ် အရက် ၂၀ အတွင်း ဖျောက်ဖျက်ဖုံးကွယ်လို့ မရနိုင်ဘူး။ အနီးပတ်ဝန်းကျင်က ဖြစ်ဖြစ်၊ သူတို့တပ်သားတွေထဲက ဖြစ်ဖြစ်

ချေကိုသတ်လိုက်ပြီဆိုတာ ပျံ့နှံ့နေပြီ။ ၁၀ ရက်၊ ၁၂ ရက် အတွင်းမှာ ကောလာဟလလိုလို အမှန်လိုလိုနဲ့ ပြည်သူတွေကြား ပျံ့နှံ့နေပါပြီ။ ဒီသတင်းကို ဖုံးကွယ်လို့ မရတော့ပါဘူး။ ဒီသတင်းကို မဟုတ်ပါဘူးလို့ သူတို့က ငြင်းကြသေးတယ်။ အဲ့ဒီလို ငြင်းကြရင်းနဲ့ သတင်းတွေက အကြီးအကျယ် ပျံ့နှံ့နေပြီ။ သတင်းစာတွေ၊ ရုပ်သံဌာနတွေကလည်း ဒီသတင်းကို ဖော်ပြနေကြတယ်။ ဒါကြောင့် ဘိုလီဗီးယားစစ်တပ်နဲ့ အစိုးရအနေကလည်း တရားဝင် သတင်းအမှန်ကို ထုတ်ပြန်ရပါတယ်။ သတင်းအမှန်ထုတ်ပြန်တဲ့အတွက် မှားစရာလည်း မရှိတော့ဘူး။ ကျွန်တော်တို့ကလည်း ရရှိတဲ့သတင်းတွေ၊ တရားဝင်ထုတ်တဲ့ သတင်းတွေကို စုစည်းရယူလိုက်ပါတယ်။

ကျွန်တော်တို့အနေနဲ့ သတင်းတွေကို စုစည်းပြီး အဓိပ္ပာယ် ကောက်ယူတဲ့ အလေ့အကျင့်ဟာ ရရှိပြီးသားပါ။ သတင်းအမှန်ကို ရယူတဲ့ အတွေ့အကြုံလည်း ရှိပါတယ်။ နေ့စဉ်လိုလို သတင်းတွေ အားလုံးကို ကျွန်တော်တို့ ဖတ်ပါတယ်။ အစိုးရတွေနဲ့ သဘောထားတွေ၊ သူတို့ရဲ့ လုပ်ဟန်တွေ၊ သူတို့ရဲ့ တုံ့ပြန်မှုတွေကိုလည်း အကဲဖြတ်နိုင်ပါတယ်။ ဘိုလီဗီးယားအစိုးရရဲ့ အခြေအနေနဲ့ စရိုက်တွေကိုလည်း ခန့်မှန်းနိုင်တယ်။ ဒါကြောင့် ရရှိတဲ့အချက်အလက်တွေ၊ တခြားသတင်းတွေကြောင့် ဘိုလီဗီးယားအစိုးရဟာ ဒီသတင်းကို သတိကြီးစွာထားပြီး ထုတ်ပြန်လိုက်တယ်ဆိုတာ အကဲဖြတ်လို့ရပါတယ်။

ဘိုလီဗီးယားမှာ ပြောက်ကျားတွေ ရှိနေတယ်ဆိုတာ သံသယ ဖြစ်စရာ မလိုပါဘူး။ ပြောက်ကျားတွေဟာ သူတို့ခြေထောက်ပေါ် သူတို့ရပ်ပြီး ဘယ်သူ့အကူအညီမှမပါဘဲ လှုပ်ရှားနေကြသူတွေဖြစ်တယ်။ ကိုယ့်သိက္ခာကိုယ်ရှာ၊ ကိုယ့်လက်နက် ကိုယ်ရှာပြီး ပြည်သူ တွေအတွက် တိုက်ပွဲဝင်နေကြတာပါ။ မတရားတဲ့အုပ်စိုးသူတွေရဲ့ ဖိနှိပ်မှုကို မခံမရပ် နိုင်ဖြစ်လွန်းတာကြောင့် ပြောက်ကျားအဖွဲ့ဝင်တွေ ဟာ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ပြီး ပြည်သူလူထုကို စည်းရုံး၊ ပြည်သူတွေရဲ့ အကူအညီ

ကိုရယူပြီး တိုက်ပွဲဝင်နေကြတယ်။ ပြောက်ကျားအဖွဲ့ဝင်တွေမှာ အခက်အခဲတွေ ရှိပါတယ်။ အင်အား နည်းနေသေးတဲ့ ဒီပြောက်ကျားတွေကိုပဲ ရန်သူက မြန်မြန်ဆန်ဆန် ချေမှုန်းခဲ့ကြတယ်။ ရန်သူရဲ့ စစ်ဆင်ရေးဟာ တစ်ပတ်၊ ဒါမှမဟုတ် ၈ ရက်၊ ၁၀ ရက်အတွင်း အဆုံးသတ်လိုက်တာပဲ။

ရန်သူဟာ တချို့ မမှန်သတင်းတွေကို ထုတ်ပြန်တယ်။ ဒီသတင်းတွေကို ပြောက်ကျားတပ်ဖွဲ့ဝင်တွေ ကြားရတဲ့အခါ မမှန်ကြောင်း သိကြတယ်။ ရန်သူပို့တဲ့သတင်းတွေကို ပြောက်ကျားတပ်ဖွဲ့တွေ ကြားရတဲ့အခါ အားရပါးရ ရယ်ကြပါတယ်။ ဒါကြောင့် ပြောက်ကျားတပ်ဖွဲ့တွေရဲ့ သတင်းတွေ၊ အစီရင်ခံစာတွေဟာ အမှားတွေဖြစ်နေတတ်တယ်။ တကယ့်အဖြစ်အမှန်နဲ့ ဆန့်ကျင်ဘက်တွေကို ထုတ်လွှင့်ကြတယ်။ ဒါကြောင့် သူတို့ဆီကလာတဲ့ သတင်းတွေကို ကျွန်တော်တို့က အတတ်နိုင်ဆုံး အချိန်ပေး စိစစ်ကြရပါတယ်။ ၁၀ ခွက် ၁ ခွက်တင် သတင်းတွေလို့ ဆိုရမယ်။ တစ်ခါတစ်ရံ လုံးဝမှားတဲ့ သတင်းတွေကိုတောင် ထုတ်ပြန်ကြပါတယ်။

ကျွန်တော့်အနေနဲ့က တပ်မှူးအာနက်စတို ဂွေဗားရားကျဆုံးတဲ့ သတင်း၊ သူ့ရဲ့ နေ့စဉ်မှတ်တမ်းကို ရရှိလာတယ်ဆိုတဲ့ သတင်းတွေကို ဖြစ်နိုင်ခြေရှိတဲ့ အထောက်အထားတွေအရ ယုံကြည်လက်ခံလိုက်တာပါ။ ဘိလီဗီးယားအာဏာပိုင်တွေအနေနဲ့ ဘယ်လိုရည်ရွယ်ချက်နဲ့ ဒီသတင်းတွေကို ထုတ်ပြန်သလဲ။ သူတို့အတွက် ဘယ်လောက် အကျိုးအမြတ် ရသလဲဆိုတာလည်း ကျွန်တော်တွက်ဆ ကြည့်ပါတယ်။

နေ့စဉ်မှတ်တမ်းနဲ့ပတ်သက်ပြီး တချို့အချက်တွေကို စစ်ဆေးကြည့်ပါတယ်။ မတ်တမ်းထဲမှာပါတဲ့ တချို့အကြောင်းအရာတွေက အဲ့ဒီမဒေသ ပတ်ဝန်းကျင်အခြေအနေကို ရေးထားတာ တွေ့ရတယ်။ ဓာတ်ပုံတွေကိုတော့ အစိုးရက ထုတ်ပြန်လိုက်တာ မဟုတ်ဘူး။ သတင်းစာဆရာတွေဆီက ရရှိတာဖြစ်တယ်။ သတင်းစာ ဆရာတွေဆီက ဓာတ်ပုံတွေရယ် အဘက်ဘက်ကရလာတဲ့ သတင်းတွေရယ် ပေါင်းချုပ်လိုက်

တဲ့အခါ ခါးသီးဖွယ်ကောင်းတဲ့ ဒီသတင်းအမှန်ဖြစ်တယ်လို့ သတ်မှတ်လိုက်ပါတယ်။ ဒီသတင်းဆိုးမျိုးတွေကို ရန်သူနဲ့ဖောက်ပြန်ရေးသမားတွေက ဖန်တီးလေ့ရှိတယ်။ ပြည်သူတွေ လေးစားကြည်ညိုတဲ့ ပြည်သူတွေ ယိမ်းယိုင်မှုရှိတဲ့ ပုဂ္ဂိုလ်တွေ၊ ခေါင်းဆောင်တွေကို သေဆုံးပြိုလို့ သတင်းလွှင့်၊ ဂုဏ်သိက္ခာပျက်စီး အောင်လည်း မဟုတ်မမှန် သတင်းတွေ လွှင့်ကြပါတယ်။ ဒီသတင်းမျိုးဟာ ကမ္ဘာပေါ်မှာရှိတဲ့ တော်လှန်ရေးသမားတိုင်း ကြုံတွေ့ရဘာပဲ။ ကျွန်တော်တို့က ဖြစ်နိုင်ခြေမရှိတဲ့သတင်းတွေကို ပယ်ချပြီး ဖြစ်နိုင်ခြေရှိတဲ့ သတင်းတွေကိုတော့ ဘက်ပေါင်းစုံက စိစစ်သုံးသပ်ပြီးမှ လက်ခံအတည်ပြုတတ်ပါတယ်။ ဘိုလီဗီးယားအစိုးရဟာ ဂုဏ်သိက္ခာမရှိတဲ့အစိုးရအဖွဲ့ထဲက ယုံကြည်စိတ်ချနိုင်လောက်တဲ့ အရည်အချင်းမရှိတဲ့ အစိုးရအဖွဲ့မျိုးပဲ။ ဒါကြောင့် သူတို့ဆီကရတဲ့ သတင်းကို သံသယနဲ့ ကြည့်ရတာပါ။ ယခု ချေရဲ့သတင်းမျိုးကျတော့ သူတို့ အတွက် အကျိုးလည်း ရှိတယ်။ သူတို့နောက်ကွယ်က ကူညီထောက်ပံ့နေတဲ့လူတွေက လိုလားတဲ့သတင်းမျိုးလည်းဖြစ်တယ်။ ဒါကြောင့် ဝမ်းသာအားရနဲ့ ထုတ်လွှင့်လိုက်တာပါပဲ။ အဲ့ဒီအစိုးရရဲ့နောက်ကွယ်မှာ ယန်းကီးနယ်ခဲ့သမားက ရပ်တည်ပေးနေတယ်။ ဘိုလီဗီးယား အစိုးရနဲ့ အလားတူတဲ့ ဖောက်ပြန်တဲ့အစိုးရအဖွဲ့တွေကလည်း သူတို့ကို ထောက်ပံ့ အားပေးကြတယ်။ အစပိုင်း ဒီသတင်းကို ကျွန်တော်တို့ဖတ်ရတဲ့အခါ ဒီသတင်း ဟုတ်မဟုတ်ဆိုတာ မသေချာဘူး။ သတိကြီးစွာထားပြီး ဒီသတင်းကို စောင့်ကြည့်ကြတယ်။ နောက်တော့ အထောက်အထားတွေက ခိုင်မာလာတယ်။ တခြား သတင်းဌာနတွေကလည်း သတင်းတွေထွက်လာတဲ့အခါ အမှန် ဘက်ကို တိမ်းညွတ်လာတယ်။

အာနက်စတိုဂွေဗားရားအကြောင်းကို ကျွန်တော်တို့ ကောင်းကောင်း သိကြပါတယ်။ ကျွန်တော့်အနေနဲ့ သူ့အကြောင်းကို အထူးသဖြင့် ကောင်းကောင်းသိပါတယ်။ အာနက်စတိုဂွေဗားရား အကြောင်းပြောတဲ့အခါ အတိတ်ကို အထူးပြုပြီး အရင်တုန်းကပေါ့ လေလို့ ဘယ်သူမှ

မပြောကြပါဘူး။ အရင်တုန်းကရှိပြီး ယခု ပျောက်ကွယ်သွားတဲ့ လူလို့ လည်း သဘောမထားပါဘူး။ သူက ကျွန်တော်တို့ အနားမှာ အမြဲရှိနေ ပါတယ်။ သူနဲ့ ဆုံတွေ့ခဲ့ကြတဲ့ အတွေ့အကြုံတွေကို အများကြီး ပြောစရာ ရှိပါတယ်။ သူလို ဂုဏ်သိက္ခာရှိတဲ့သူ၊ ရဲစွမ်းသတ္တိရှိတဲ့သူ၊ သူလို ခန့်ညားပြီး ရုပ်လက္ခဏာရှိတဲ့သူဟာ ပြောက်ကျားနဲ့ စစ်တပ်ကြားတိုက်ပွဲဖြစ်ပြီး သေဆုံး သွားတယ်ဆိုတာ မယုံနိုင်အောင်ပါပဲ။ သူ သေဆုံးသွားတာကို ကျွန်တော် တို့ လက်မခံနိုင်အောင် ပါပဲ။ သူ့ကို အလွယ်တကူနဲ့ သေဆုံးနိုင်တဲ့သူ မဟုတ်ဘူးလို့ ယုံကြည်ထားတဲ့အတွက် သူသေဆုံးတယ်ဆိုတာ ကြားရတဲ့ အတွက် ကျွန်တော်တို့ မယုံကြည်ကြပါဘူး။ အာနက်စတိုဂွေဗားရားဟာ သာမန်လူတွေအတွက် ထူးခြားတဲ့သူပါပဲ။ သူနဲ့ရင်းနှီးကျွမ်းဝင်တဲ့ တစ်လျှောက်လုံးမှာ အလွန်ရဲရင့်တဲ့သူတစ်ယောက် ဖြစ်တယ်။ ခက်ခဲ ကြမ်းတမ်းတဲ့ ဘေးအန္တရာယ်ကြားကို ဖြတ်သန်းကြတဲ့အခါ အနည်းနဲ့ အများ တွန့်ဆုတ်တတ်ကြပါတယ်။ ဒါပေမဲ့ ဂွေဗားရားကတော့ မတွန့် မဆုတ် ဖြတ်သန်းရဲသူပါပဲ။ တိုက်ပွဲထဲမှာ ပျော်ပြီး ပြည်သူ အတွက် အသက်စွန့်ရမှာကို နောက်မတွန့်တဲ့သူ ဖြစ်တယ်။ ဘာကြောင့် ရဲစွမ်း သတ္တိရှိသလဲလို့ ပြောရသလဲဆိုရင် အတူတိုက်ခဲ့တဲ့ ကျွန်တော်တို့ ဆီယာရားမေစထရာနဲ့ လက်ဗီလက်စ်တိုက်ပွဲတွေမှာ သူရဲ့ ရဲစွမ်းသတ္တိနဲ့ စွမ်းဆောင်ချက်တွေကြောင့်ပါပဲ။

အာနက်စတိုဂွေဗားရားနဲ့ပတ်သက်ပြီး ကျွန်တော်တို့အနေနဲ့ ယုံကြည်မှုအပြည့်ရှိပါတယ်။ သူ့ကို ဆန့်ကျင်ရှုတ်ချတဲ့ စွပ်စွဲချက်တွေ ရှိရင်လည်း သူဘက်က ကျွန်တော်တို့ ရပ်တည်ပါတယ်။ သူက တိုက်ပွဲ ရှိတဲ့နေရာမှာ အမြဲရှိသူဖြစ်တယ်။ အဖိနှိပ်ခံပြည်သူဘက်မှာ သူက ရပ် တည်ပြီး ဖောက်ပြန်ရေးသမားနဲ့ နယ်ချဲ့သမားတွေကို တိုက်ပွဲဝင်သူ ဖြစ်ပါတယ်။ ဒုက္ခရောက်နေတဲ့ နိုင်ငံတွေက ပြည်သူတွေကို အကူအညီ ပေးဖို့နဲ့ သူတို့တွေရဲ့ အကျိုးအတွက် ကိုယ်ကျိုးစွန့် အနစ်နာခံသူအဖြစ် သူ့ကို ကျွန်တော်တို့က ဂုဏ်ယူခဲ့ တယ်။ သူဟာ အရေးပါတဲ့ မဟာဗျူဟာ

မြောက် တိုက်ပွဲကြီးတွေကိုလည်း တိုက်နိုင်ခဲ့သူပါ။ သူနဲ့ပတ်သက်ပြီး ကျွန်တော်တို့ အမြဲဝိုးရိမ် ပူပန်ခဲ့ပါတယ်။ အန္တရာယ်ကြီးထဲကို သွားရောက်ခဲ့တဲ့အတွက် သူ့ရဲ့ တော်လှန်ရေးလုပ်ရပ်ကို ဂုဏ်ယူပေမဲ့လည်း သူ့ကို ဆုံးရှုံးသွားမှာတော့ ကျွန်တော်တို့ နှမြောပါတယ်။ တော်လှန်ရေး ကာလတစ်လျှောက်လုံးမှာ သူဟာ ရှေ့တန်းက ရန်သူကို ကင်းထောက်တဲ့ အလုပ်ကို အမြဲတမ်း မတွန့်မဆုတ်လုပ်လေ့ရှိတယ်။ အရေးပါတဲ့တိုက်ပွဲတွေ အဆုံးအဖြတ်ပေးရမယ့် တိုက်ပွဲတွေမှာ သူပဲ ရှေ့ကနေ မတွန့်မဆုတ် တိုက်လေ့ရှိတယ်။ ဒီလို ပြတ်သားတဲ့ သူ့ရဲ့လုပ်ရပ်ကို ဘယ်သူမှ လိုက်လို့ မမီခဲ့ပါဘူး။ ဒါဟာ သူ့ရဲ့စွမ်းဆောင်မှုတွေပါပဲ။ တော်လှန်ရေးတိုက်ပွဲ တွေမှာ ရှေ့ပြေးအဖြစ် တိုက်ပွဲဝင်ခဲ့သလို ပြည်သူတွေရဲ့ အောင်ပွဲကြီးတွေ ရရှိအောင်လည်း ဖန်တီးပေးခဲ့သူ ဖြစ်တယ်။ ထူးခြားတဲ့ အခြေအနေမျိုး အောက်မှာ ထူးခြားတဲ့ နည်းဗျူဟာတွေချမှတ်ပြီး အောင်ပွဲရအောင် စွမ်းဆောင်နိုင်ခဲ့ပါတယ်။ တိုက်ပွဲတွေမှာ တချို့ဖန်တီးပေးသူထက် ရှေ့တန်းက တိုက်ပွဲဝင်သူအဖြစ် အနစ်နာခံပါတယ်။ သူလိုလူမျိုးဟာ အကြီးကျယ်ဆုံးသော အောင်ပွဲကို ဖန်တီးသူများအနက် တစ်ဦးဖြစ်တယ်လို့ အလေးအနက် ပြောကြားချင်တယ်။ ကျူးဘားပြည်သူတွေနဲ့ ကျွန်တော်တို့တွေဟာ သူ့ကို အလွန်ချစ်ခင်ကြတယ်။ သူ့အပေါ်မှာလည်း အလေးအနက်ထားကြတယ်။ သူ့ရဲ့စွန့်လွှတ် အနစ်နာခံမှုကိုလည်း နားလည်ကြတယ်။ သာမန်လူသားတွေ မလုပ်နိုင်တဲ့အစွန့်လွှတ်ခံမှုကို သူက လုပ်နိုင်တယ်။ သူ့ရဲ့ ဂုဏ်သိက္ခာ၊ သူ့ရဲ့ ရဲစွမ်းသတ္တိ၊ သူ့ရဲ့ စွန့်လွှတ် အနစ်နာခံမှုကို သူ့ရဲ့သမိုင်းမှာ ဘယ်တော့မှ ဖျက်လို့မရနိုင်ပါဘူး။

ယခုလို ရုပ်မြင်သံကြားပေါ်မှနေ ပြောကြားရာမှာ ကျွန်တော့် အနေနဲ့ လေးလေးနက်နက်ထားပြီး အာနက်စတိုဂွေဗားရားအတွက် ပြောကြားခြင်းဖြစ်တယ်။ ကျွန်တော့် အယူအဆ၊ ကျွန်တော့်အမြင်၊ ကျွန်တော့်ရည်ရွယ်ချက်ကို ပြောကြားခြင်းဖြစ်ပါတယ်။ တပ်မှူး အာနက် စတိုဂွေဗားရား ဘိုလီဗီးယားမှာ ကျဆုံးသွားတယ်ဆိုတာ အမှန်ဖြစ်ပါ

တယ်။ သတင်းစာဆရာတွေပေးပို့တဲ့ ဓာတ်ပုံတွေနဲ့ ဘိုလီဗီးယား အစိုးရ ထုတ်တဲ့ သတင်းတွေကို ပေါင်းချုပ်ပြီး သူကျဆုံး သွားပြီဆိုတာ အတည် ပြုလိုက်ရခြင်း ဖြစ်တယ်။ ဒီသတင်းကို ကျွန်တော်တို့ ကြားသိရချိန်မှာ ဘယ်သူမှ မယုံကြည်ကြပါဘူး။ သူဟာ အခုလို ကျဆုံးသွားလိမ့်မယ်လို့ လည်း မယုံကြည်ကြပါဘူး။ ဒါပေမဲ့ တိုက်ပွဲဖြစ်ပွားတဲ့နေရာမှာ ရန်သူ ဟာ အင်အားတောင့်တင်းပြီး အလျင်အမြန် လှုပ်ရှားနိုင်တဲ့ တပ်ဖွဲ့ များလည်း ရှိတယ်။ ပြောက်ကျားတပ်ဖွဲ့တွေကို ဝိုင်းဝန်းပိတ်ဆို့ဖို့ သူတို့ရဲ့ စစ်တပ်ကိုလည်း ကြီးကြီးမားမား ဖြန့်ကျက်ချထားပါတယ်။ အခြေအနေ က ရန်သူဘက်မှာ အသာစီးရနေတာကို ကျွန်တော်တို့ ငြင်းကွယ်လို့ မရနိုင်ပါဘူး။ နယ်မြေဒေသအရဆိုရင်လည်း ရန်သူ အင်အားတောင့် တင်းတဲ့ နယ်မြေထဲကို ဒေသကျွမ်းကျင်မှုမရှိတဲ့ အာနက်စတို ဂွေဗားရား အနေနဲ့ အချိန်မရွေး ဒုက္ခရောက်သွားနိုင်တယ်။ ပြည်သူလူထုကြားထဲ မှာ အချိန်ကြာမြင့်စွာ အမြစ်တွယ်နေနိုင်ဖို့ ပြည်သူကို ကျယ်ကျယ်ပြန့်ပြန့် စည်းရုံးလှုံ့ဆော်နိုင်ဖို့တွေက အရေးကြီးပါတယ်။ အာနက်စတိုဂွေဗားရား အနေနဲ့ ဘယ်လောက်စွမ်းဆောင်နိုင်ခဲ့ပြီလဲ။ သူလို ပုဂ္ဂိုလ်မျိုးက ပြောက် ကျားတပ်ဖွဲ့ကို ဦးဆောင်နေတယ်ဆိုတာ ရန်သူကသာ သိသွားပြီဆိုရင် ရှိသမျှအင်အားနဲ့ အမြန်ဆုံးချေမှုန်းဖို့ ကြိုးစားကြမှာပဲ။ သူနဲ့ပတ်သက်တဲ့ သတင်းစာတွေ၊ စာနယ်ဇင်းတွေမှာပါတဲ့ သတင်းဆောင်းပါးတွေကို ဖတ်ရှုပြီးတဲ့အခါမှာ တချို့သတင်းတွေကို ကျွန်တော်ဖတ်ပြချင်ကယ်။ ဥပမာအားဖြင့် စက်တင်ဘာ ၂၉ ရက် နေ့စွဲနဲ့ ထုတ်ပြန်လိုက်တဲ့ သတင်း ဆိုပါစို့။

အခန်း (၃)

၁၉၆၇ ခုနှစ်၊ အောက်တိုဘာလ (၁၈)ရက်နေ့တွင် ကျူးဘား နိုင်ငံ ဟားဗားနားမြို့တော်ရှိ ဟားဗားနားတော်လှန်ရေးရင်ပြင်တွင် ပြုလုပ်သော ချေဂွေဗားရားအောက်မေ့ဖွယ် အခမ်းအနားသို့ ပြည်သူ လူထု ၁ သန်းနီးပါး တက်ရောက်ခဲ့သည်။ ထိုအခမ်းအနား၌ ဖီဒဲလ် ကက်စထရိုက ချေအတွက် အမှတ်တရ မိန့်ခွန်းကို ပြောကြားခဲ့ပါ သည်။

"ချေကို ကျွန်တော်စတွေ့ခဲ့တာဟာ ၁၉၅၅ ခုနှစ်က ဖြစ်ပါ တယ်။ ဇူလိုင်လ ဒါမှမဟုတ် ဩဂုတ်လရဲ့ နေ့တစ်နေ့မှာ စတွေ့ခဲ့တာ ပါ။ တစ်ညမှာ သူနဲ့ကျွန်တော် စကားပြောဖြစ်ကြတယ်။ သူက သူ့ အကြောင်းကို ပြောပြတယ်။ အနာဂတ်မှာ ဂရန်မာမော်တော်နဲ့ ခရီးသွား မယ့်ခရီးသွားအဖွဲ့ဝင်တစ်ယောက်ဖြစ်လာမယ့် ချေဟာ သူ့အကြောင်းတွေ ပြောပြခဲ့တယ်။ အဲဒီတုန်းက ခရီးအကြောင်းပြောနေပေမဲ့ ကျွန်တော် တို့မှာ သင်္ဘောလည်း မရှိ၊ လှေလည်း မရှိ၊ လက်နက်လည်း မရှိ၊ တပ်သားတွေလည်း မရှိသေးပါဘူး။ အဲဒီအချိန်က ကျွန်တော်က ရာအူးလ်နဲ့ ဆိုတော့ ချေရောက်လာတဲ့အခါမှာ ဂရန်မာခရီးစဉ်ရဲ့ စာရင်းထဲ ကျွန်တော့်အပြင် နှစ်ယောက်တိုးလာတာပေါ့။

အဲဒီအချိန်ကတည်းက ၁၂ နှစ်ကြာလာတဲ့အခါမှာ သူတို့ တစ်တွေဟာလည်း ၁၂ နှစ်ကြာ တိုက်ပွဲအတွေ့အကြုံတွေနဲ့ ထူးခြား

တဲ့သမိုင်းဖြစ်စဉ်တွေကို ဖြတ်သန်းဖူးပါပြီ။ ဒီကာလတွေမှာ ရဲရင့်တဲ့ လူအများအပြားဟာလည်း တန်ဖိုးမဖြတ်နိုင်တဲ့ သူတို့ရဲ့အသက်တွေကို စွန့်လွှတ်ခဲ့ကြရတယ်။ တော်လှန်ရေးအတွက် သေဆုံးရ၊ အနစ်နာခံခဲ့ ရပါတယ်။ ဒါပေမဲ့ ဒီလို စွန့်လွှတ်အနစ်နာခံတဲ့ တစ်ချိန်တည်းမှာ ကျွန်တော်တို့ရဲ့ တော်လှန်ရေးဟာလည်း ကြီးထွားအားကောင်းလာ တယ်။ အနစ်နာခံတဲ့ လူပေါင်းများစွာဟာလည်း ပေါ်ထွက်လာခဲ့ပါ တယ်။ ပြည်သူတွေကြားထဲမှာ တော်လှန်ရေးအပေါ် ယုံကြည်အားထားမှု တွေလည်း တိုးမြှင့်လာခဲ့တယ်။ တော်လှန်ရေးဟာ ပြည်သူတွေ ကြား အမြစ်တွယ်ခဲ့ပါတယ်။ တစ်ဦးအပေါ် တစ်ဦး ချစ်ခင်မှုနဲ့ မိတ်ဆွေဖြစ်မှု ဟာလည်း အသွင်သဏ္ဌာန်မျိုးစုံနဲ့ ပြည်သူတွေကြားထဲမှာ အားကောင်း လာခဲ့သလို လေးနက်ခိုင်ခံ့လာခဲ့ပါတယ်။

ယနေ့ည ကျွန်တော်တို့ တွေ့ဆုံကြတာဟာ ဒီအကြောင်းတွေ ကို ပြောပြဖို့ ဖြစ်ပါတယ်။ ချေရဲ့ စွန့်လွှတ်အားထုတ်မှုတွေကို ပြောပြဖို့ သူ့အပေါ်မှာ ကျွန်တော်တို့ရဲ့ ခံစားမှုတွေကို တင်ပြဖို့၊ သူဟာ ကျွန်တော် တို့ထဲမှာ အခုထိ အရင်းနှီးဆုံးနဲ့ မကင်းမကွာ ရှိနေပုံကို ပြောပြဖို့အတွက် စုရုံးခဲ့ကြတာပါပဲ။ သူဟာ ကျွန်တော်တို့ရဲ့ အချစ်မြတ်နိုးဆုံးနဲ့ အလေး စားဆုံး ပုဂ္ဂိုလ်တစ်ယောက် ဖြစ်တယ်ဆိုတာ သံသယရှိစရာ မရှိပါဘူး။ သာမန်ထက်ကို ထူးခြားတဲ့ တော်လှန်ရေးရဲဘော်တစ်ယောက်၊ အလေး စားဆုံး တော်လှန်ရေး ရဲဘော်တစ်ယောက်အဖြစ် ဖော်ပြဖို့ စုရုံးခဲ့ကြ တာပါပဲ။ သူနဲ့အတူ တိုက်ပွဲဝင်ခဲ့တဲ့ သူရဲကောင်းတွေအတွက်လည်း ကျွန်တော်တို့ ပြောပြ ချင်တယ်။ သူနဲ့အတူ ကျဆုံးခဲ့ကြတဲ့သူတွေ၊ သူနဲ့ နိုင်ငံတကာ ဝါဒီတပ်မတော်ထဲမှာ ပါဝင်ခဲ့တဲ့သူတွေအကြောင်းလည်း ကျွန်တော် ပြောချင်ပါတယ်။ သူတို့ဟာ သမိုင်းစာမျက်နှာအပေါ်မှာ ဂုဏ်ရောင် အပြောင်ဆုံးနဲ့ ဖျောက်ဖျက်လို့မရနိုင်တဲ့ သူရဲကောင်း တွေအဖြစ် မှတ်တမ်းတင်ထားခဲ့ပါပြီ။

အဲဒီလို ပုဂ္ဂိုလ်တွေထဲမှာ ချေဟာ တစ်ယောက်အပါအဝင်

ပါပဲ။ သူရဲကောင်းတွေလိုပဲ သူဟာ စွန့်လွှတ်သွားသူပါပဲ။ သူ့ရဲ့ ရိုးသားမှု၊ သူ့ရဲ့ စရိုက်လက္ခဏာ၊ သူ့ရဲ့ ရဲဘော်ပီသတဲ့အသွင်အပြင်၊ သူ့ရဲ့ ပြုမူနေထိုင်ပုံ၊ သူ့ရဲ့ မူလဇာတိရွာ စတာတွေကို ကျွန်တော်တို့အနေနဲ့ ဂုဏ်ယူပြီး ပြောပြချင်တယ်။ သာမန်လူတွေနဲ့မတူလောက် အောင်ကို ထူးခြားတဲ့ ကောင်းမြတ်မှုတွေ၊ သူ့ရဲ့ စရိုက်တွေကို ကျွန်တော်တို့ စံနမူနာထား လေ့လာရအောင်လည်း ပြောပြချင်ပါတယ်။

ကျွန်တော်တို့တော်လှန်ရေးအစပိုင်း ပထမနေ့ရက်တွေမှာတော့ သူဟာ ရဲဘော်တွေရဲ့ ဆေးမှူးဆရာဝန်တစ်ယောက်အဖြစ် ပါလာခဲ့တယ်။ နေ့ပေါင်းများစွာ အတူတွဲပြီး တိုက်ပွဲဝင်လာရင်း ကျွန်တော်တို့ဟာ ပိုပြီး ရင်းနှီးကျွမ်းဝင်ခဲ့တယ်။ နွေးထွေးတဲ့ဆက်ဆံမှုတွေ၊ ရင်းနှီးမှုတွေလည်း တိုးပွားလာခဲ့ပါတယ်။ သူဟာ နယ်ခဲ့စနစ်ကို ရွံရှာမုန်းတီးတဲ့ စိတ်ဓာတ်အပြည့်အဝရှိတယ်။ သူရဲ့ နိုင်ငံရေး ခံယူချက်နဲ့ တော်လှန်ရေးအတွေ့အကြုံဟာလည်း ပိုမိုအားကောင်းလာပါတယ်။ ကျွန်တော်တို့နဲ့ တွေ့ဆုံပြီး မကြာခင်အတွင်းမှာပဲ နယ်ခဲ့သမားရဲ့ ကျူးကျော်မှုနဲ့ ရာဇဝတ်မှုတွေကို သူ ကောင်းကောင်းသိလာတယ်။ ဂွာတီမာလာမှာ ကြေးစားစစ်သားတွေဟာ တော်လှန်ရေးကို ဖျက်ဆီးဖို့ ပြုလုပ်ခဲ့တာကို ကျွန်တော်တို့ သိရှိခဲ့ရတယ်။

ချေလို ပုဂ္ဂိုလ်မျိုးဟာ သူလုပ်မယ့်အလုပ်အတွက် အသေးစိတ် ငြင်းခုံ ရှင်းလင်းဖို့ မလိုအပ်ဘူးလို့ ယူဆတဲ့သူဖြစ်ပါတယ်။ ကျူးဘားနိုင်ငံနဲ့တူတဲ့ အခြေအနေမျိုးရှိရင် အဲဒီမှာ သူအတွက်လုပ်ရမှာ လုံလောက်တယ်။ ဒီအခြေအနေမျိုးကို ပြောင်းလဲဖို့ သူက ဆုံးဖြတ်ခဲ့တယ်။ သူလက်ထဲမှာ သေနတ်ကိုင်ပြီး ကျူးဘားလို အုပ်စိုးသူတွေကို သူ ဖြေရှင်းခဲ့တယ်။ လက်တွေ့ပြပြီး ဖြေရှင်းတာနဲ့ပဲ သူ့ရဲ့အကြောင်းပြမှုဟာ လုံလောက်နေပြီ ဖြစ်တယ်။ ဒါဟာ စစ်မှန်တဲ့တော်လှန်ရေးသမားတွေရဲ့ လုပ်ရပ်ပါပဲ။ ဒီထက် အကြောင်းပြစရာ မလိုအပ်တော့ပါဘူး။

၁၉၅၆ ခုနှစ်၊ နိုဝင်ဘာလကုန် နေ့တစ်နေ့မှာပေါ့။ သူဟာ

ကျွန်တော်တို့နဲ့အတူ ကျူးဘားကို သွားမယ့်ခရီးစဉ်အတွက် လိုက်ပါလာခဲ့တယ်။ ဒီခရီးစဉ်ဟာ သူ့အတွက် ပင်ပန်းခက်ခဲတဲ့ခရီးစဉ်တစ်ခုဆိုတာ ကျွန်တော်ပြန်သတိရမိတယ်။ အဲ့ဒီတုန်းကလည်း ကျွန်တော်တို့ တော်လှန်ရေးသမားတွေအဖို့ ကိုယ့်အသိနဲ့ ကိုယ် တော်လှန်ရေးမှာ ပါဝင်ခဲ့တဲ့အတွက် ခရီးစဉ်မှာ အထွေအထူး ပါဝင်လှုံ့ဆော်နေဖို့ မလိုပါဘူး။ သူဟာ လိုအပ်တဲ့ဆေးဝါးတွေယူပြီး ကျွန်တော်တို့နဲ့အတူ လိုက်လာခဲ့တယ်။ ခရီးစဉ်မှာ သူနဲ့ပတ်သက်ပြီး သတိရမိတာကတော့ သူမှာ စွဲကပ်နေတဲ့ ပန်းနာရောဂါထလာတာပါပဲ။ ပန်းနာရောဂါဟာ သူ့ကို အပြင်းအထန် ဒုက္ခရောက်စေတယ်။ ဒါပေမဲ့ သူ့ရောဂါနဲ့ ပတ်သက်ပြီး ခရီးစဉ်ကို စွန့်ခွာဖို့ ဘယ်လိုမှ သူမကြိုးစားခဲ့ဘူး။ ဘာအကြောင်းမှလည်း သူ အထွေအထူး မပြောပါဘူး။

ဒီလိုနဲ့ ကျူးဘားကို ကျွန်တော်တို့ ရောက်ခဲ့ကြတယ်။ ကျူးဘားမြေပေါ် ပထမဆုံးခြေချမိတာနဲ့ ပြင်ဆင်စရာရှိတာတွေကို ပြင်ဆင်ရတယ်။ ရက်သတ္တပတ် အတော်ကြာတဲ့အထိ အနှောင့်အယှက်တွေကတော့ ရှိနေတာပေါ့။ ဂရန်မာခရီးသည်တွေဟာ အသက်ရှင်ကျန်ဖို့ ပြန်လည်စုစည်းခဲ့ကြတယ်။ အဲ့ဒီကနေ လျှောက်ရ မယ့်တော်လှန်ရေးခရီးစတင်ခဲ့တယ်။ ချေကတော့ ကျွန်တော်တို့ အုပ်စုမှာ ဆရာဝန်အဖြစ် ပါဝင်ခဲ့တာပေါ့။

ပထမဆုံးတိုက်ပွဲမှာတော့ ကျွန်တော်တို့ အောင်ပွဲရခဲ့တယ်။ ချေဟာ စစ်သားတစ်ယောက်အဖြစ် တိုက်ပွဲမှာ ဝင်တိုက်ခဲ့တယ်။ တစ်ချိန်တည်းမှာ ချေဟာ စစ်သားအဖြစ်ရော၊ ဆရာဝန်အဖြစ်ပါ လုပ်ခဲ့တယ်။ ဒုတိယတိုက်ပွဲဖြစ်ခဲ့တဲ့ အဲ့ဒီမှာတော့ ချေဟာ သာမန် စစ်သားမဟုတ်တော့ဘူး။ ထူးထူးခြွန်ခြွန် တိုက်ခိုက်နိုင်တဲ့ အောင်မြင် တဲ့စစ်သား တစ်ယောက် ဖြစ်လာပြီ။ ပထမဆုံးဆင်နွှဲခဲ့တဲ့ တော်လှန်ရေးမှာ သူ့အနေနဲ့ လက်တွေ့တိုက်ပွဲတွေ တိုက်ခဲ့ရတယ်။ ကျွန်တော်တို့တပ်ဖွဲ့ဟာ အားကောင်းလာပါတယ်။ အဆက်မပြတ် တိုက်ပွဲတွေ ဆက်တိုက်ခဲ့တဲ့အတွက်

မကြာခင်မှာ ကျွန်တော့်တို့ အရေးပါတဲ့တိုက်ပွဲကြီးတွေကို အောင်မြင်အောင် တိုက်နိုင်ခဲ့တယ်။

ကြာလာတဲ့အခါ အခြေအနေကလည်း မလွယ်တော့ပါဘူး။ သတင်းတွေကို ကြားတာနဲ့ ကျွန်တော်တို့ဟာ လူထုထောက်ခံမှုကို ပိုရလာတယ်။ လူထုကလည်း ယုံကြည်လာတယ်။ ရန်သူကလည်း အင်အားအများအပြားနဲ့ ကျွန်တော်တို့ကို တိုက်ခိုက်ပါတယ်။ ပြောက်ကျားစစ်ဆင်ရေးနဲ့ ဥပဒေသအတိုင်း ရန်သူ့လက်နက်ဟာ ကျွန်တော်တို့ လက်နက်ဖြစ်လာတယ်။ တစ်ခါတစ်ရံမှာ တိုက်ပွဲဟာ တစ်နေ့လုံး တိုက်ရတယ်။ မနက်အရုဏ်တက်ကနေ မိုးချုပ်အထိ တိုက်ရတယ်။ အင်အားကောင်းအောင်နဲ့ ခုခံတိုက်ရတဲ့တိုက်ပွဲတွေကိုလည်း ကြုံခဲ့တယ်။ ပင်လယ်ရဲ့အစွန်းပိုင်းမှာ ရန်သူနဲ့အပြင်းအထန် ရင်ဆိုင်တွေ့ကြရတယ်။ လက်နက်အပြည့်အစုံတပ်ဆင်ထားတဲ့ရန်သူတွေကို ကျွန်တော်တို့က ရဲရဲရင့်ရင့် ရင်ဆိုင်ခဲ့တယ်။ ရန်သူတွေက ကျွန်တော်တို့နောက်ဘက်ကလည်း ဝိုင်းတိုက်တယ်။ သိပ်ပြီး မကွာလှပါဘူး။ ရန်သူရဲ့ ဝိုင်းတိုက်မှုကို ရင်ဆိုင်ရပြီး အခြေအနေကရှုပ်ထွေးနေပါတယ်။ အဲ့ဒီအခါမှာ ပြည်သူလူထုက ကျွန်တော်တို့ကို အကြီး အကျယ်အကူအညီပေးတဲ့အတွက် ကျွန်တော်တို့အသာစီးရခဲ့ပါတယ်။

ရဲဘော်ဟွမ်အယ်လ်မေဒါဆိုရင် အလွန့်အလွန် ခက်ခဲကြမ်းတမ်းတဲ့စစ်ဆင်ရေးတစ်ခုနဲ့ ကြုံခဲ့ပါတယ်။ တောင်ကြားထဲမှာ ပိတ်မိနေတဲ့အခြေအနေမျိုးနဲ့ ကြုံတယ်။ တစ်ဖက်က တောင်နံရံကြီးပဲ ရှိတယ်။ ရန်သူကလည်း အင်အားကောင်းကောင်းနဲ့ တိုက်ခိုက်နေတယ်။ စစ်ဆင်ရေးက အန္တရာယ်အကြီးဆုံးပါပဲ။ ဒီအချိန်မှာ ဆေးမှူးအဖြစ် ပါဝင်ခဲ့တဲ့ချေဟာ ရဲဘော်သုံးလေးယောက်ကို သူ့ကိုပေးဖို့ တောင်းပြီး ပိတ်မိနေတဲ့ရဲဘော်တွေထိုးဖောက်ထွက်နိုင်အောင် သူက ဦးဆောင် တိုက်ပေးခဲ့တယ်။ ရဲဘော်တစ်ယောက်လက်ထဲမှာ စက်သေနတ်ပါတယ်။ ရန်သူဟာ မထင်မှတ်ဘဲ အတိုက်ခံရတဲ့အတွက် ပိတ်မိနေတဲ့ရဲဘော်တွေ လွတ်မြောက်ခဲ့

တယ်။ ဒီတိုက်ပွဲဟာ ထင်ရှားတဲ့ တိုက်ပွဲတစ်ခုပဲ။ ဒီလိုပဲ သူဟာလည်း ထင်ရှားတဲ့ ဆရာဝန် တစ်ယောက်ပါပဲ။ ဒဏ်ရာရလာတဲ့ ရဲဘော်တွေကို ကောင်းကောင်း ကုသပေးသလို တစ်ချိန်တည်းမှာ ကျွန်တော်တို့ကြောင့် ဒဏ်ရာရလာတဲ့ ရန်သူစစ်သားတွေကိုလည်း အသက်ရှင်အောင် ကုသပေးနိုင်ခဲ့တယ်။

ဒီတိုက်ပွဲမှာတော့ ရန်သူကို ချေမှုန်းနိုင်ခဲ့ပြီး စခန်းကိုလည်း သိမ်းနိုင်ခဲ့တယ်။ ရန်သူလက်နက်တွေလည်း သိမ်းပိုက်နိုင်ခဲ့တယ်။ ဒါပေမဲ့ ကျွန်တော်တို့ဟာ ရန်သူစခန်းကို အကြာကြီး မသိမ်းပိုက်ဘဲ အလျင်အမြန် ဆုတ်ခွာသွားဖို့လိုပါတယ်။ ဒါကြောင့် ကျွန်တော်တို့ထက် အင်အားသာလွန်တဲ့ ရန်သူတွေရဲ့ဝိုင်းဝန်းတိုက်ခိုက်မှုကို မခံရခင်မှာ ကျွန်တော်တို့ ဆုတ်ခွာလာခဲ့ပါတယ်။ အဲ့ဒီလို ဆုတ်ခွာလာခဲ့တဲ့အချိန်မှာ နောက်မှာကျန်ခဲ့တဲ့သူကတော့ ချေဖြစ်ပါကယ်။ ချေဟာ ဒဏ်ရာရတဲ့ရဲဘော်တွေနဲ့အတူ နောက်ဘက်ကနေ လိုက်လာတယ်။ သူ့ကို ရဲဘော်အနည်းငယ်က အစောင့်အဖြစ်နဲ့ အကာအကွယ်ပေးပါတယ်။ သူဟာ ဒဏ်ရာရတဲ့ ရဲဘော်တွေကို ကောင်းမွန်စွာ ပြုစုသလို သူတို့ရဲ့ အသက်တွေကိုလည်း ကယ်တင်ပေးနိုင်ခဲ့တယ်။ ရန်သူနဲ့ ဝေးကွာသွားတဲ့ အခါမှသာ ကျွန်တော်တို့ဟာ ပြန်ပြီးစုစည်းနိုင်ခဲ့ တယ်။

အဲ့ဒီကစပြီး သူဟာ တော်လှန်ရေးမှာ ထူးချွန်စွာပါဝင်တိုက်ခိုက်နိုင်သလို ရဲရင့်တဲ့ခေါင်းဆောင်လည်း ဖြစ်လာတယ်။ ခက်ခဲ ကြမ်းတမ်းတဲ့တိုက်ပွဲတွေကို သူက ပြောင်မြောက်အောင် တိုက်ခိုက်နိုင်သလို ရန်သူရဲ့ ပိတ်ဆို့မှုကိုလည်း ထိုးဖောက်တိုက်ခိုက်နိုင်တယ်။ တာဝန်တစ်ခုပေးတဲ့အခါမှာလည်း ဒီတာဝန်ကို ထမ်းဆောင်နိုင်ပါ့မလားဟု မေးစရာမလိုအောင် ထူးချွန်တဲ့ပြောက်ကျားခေါင်းဆောင် တစ်ယောက်လည်း ဖြစ်လာပါတယ်။

ဒီလိုနဲ့ ကျွန်တော်တို့တစ်တွေဟာ အယ်လ်အူဗာရိုတိုက်ပွဲကြီးကို တိုက်ခဲ့ရပါတယ်။ အရင်က ကျွန်တော်တို့ရင်ဆိုင်ခဲ့ရတဲ့ တိုက်ပွဲနဲ့

မတူပါဘူး။ သစ္စာဖောက်တစ်ယောက်ရဲ့ သတင်းပေးချက်နဲ့ ရန်သူက ကျွန်တော့်တို့တပ်ဖွဲ့တွေကို လာရောက်တိုက်ခိုက်တယ်။ ရုတ်တရက် လေယာဉ်တွေနဲ့ ကျွန်တော်တို့ကို စတင်တိုက်တော့တာပဲ။ ကျွန်တော်တို့ ရှိတဲ့နေရာတွေကို ပုံးတွေနဲ့ကြဲပြီး တိုက်တဲ့အတွက် ကျွန်တော်တို့တပ်တွေဟာ နောက်ဆုတ်ခဲ့ရပါတယ်။ တော်လှန်ရေးရဲ့ အရှိန်ကလည်း ရလာပြီဖြစ်တဲ့အတွက် လယ်သမားတွေကလည်း ပြောက်ကျားတွေအဖြစ် တိုက်ပွဲထဲပါဝင်လာတော့တယ်။ တော်လှန်ရေးသမားအားလုံးဟာ တောကြိုအုံကြားမှာ ခြေထောက်နဲ့ လျှောက်နေရတဲ့ အခြိန်ပါပဲ။ လယ်သမားရဲဘော်တွေကို ရိုင်ဖယ် တွေပေးထားပါတယ်။ လယ်သမားတပ်သားတွေဟာ သူတို့မိသားစုတွေဆီ ခဏပြန်လည်ဖို့ ခွင့်တောင်းတယ်။ တော်လှန်ရေးထဲ ယခုမှ ပါလာတဲ့အတွက် လယ်သမားရဲဘော်တွေအဖို့ တော်လှန်ရေး အတွေ့အကြုံကလည်း မရှိ၊ စည်းကမ်းလည်း သိပ်မရှိပါဘူး။ သန္ဓေတည်စ တပ်မတော်အဖို့ စနစ်ကျဖို့ အားနည်းနေပါသေးတယ်။ ဒါကြောင့် ရန်သူက ပုံးကြဲတိုက်ခိုက်ချိန်မျိုးမှာ လယ်သမားရဲဘော်တွေဟာ လက်ထဲက သေနတ်တွေပစ်ချပြီး ထွက်ပြေးတာမျိုး၊ ပြေးရင်းလွှားရင်း သေနတ်တွေ ကျကျန်ခဲ့တာမျိုးတွေရှိတယ်။ ကျွန်တော်ကလည်း ဒီကိစ္စကို ဝေဖန်ပါတယ်။ ချေကိုလည်း ဒီပြဿနာအတွက် စနစ်တကျ ကိုင်တွယ်ဖို့ သတိပေးထားတယ်။ ဒါကြောင့် သေနတ်ပစ်ချထားတဲ့သူတွေက လက်နက်ကို ပြန်ယူရမယ်၊ လက်နက်မရှိရင်လည်း ရှိအောင်လုပ်ရမယ်လို့ သူတို့အားလုံးကို သတိပေးခဲ့ပါတယ်။

ဒါက မူနဲ့ပတ်သက်တဲ့ကိစ္စပါ။ ဒီလို တော်လှန်ရေး ရဲဘော်တွေကို စည်းစနစ်ရှိဖို့၊ ချမှတ်ထားတဲ့မူကို လိုက်နာဖို့ ဆွေးနွေးတဲ့အခါ သဘောပေါက်ကြပါတယ်။ ချေကတော့ အန္တရာယ်အရှိဆုံး တာဝန်တွေကို ယူချင်တဲ့အကြောင်း သူ့သဘော၊ သူ့ဆန္ဒနဲ့ တောင်းဆိုလေ့ရှိတယ်။ တစ်ကြိမ်မဟုတ်၊ နှစ်ကြိမ်မဟုတ် အသက်အန္တရာယ်အတွက် အသက်ကို ပဓာနမထားဘဲ တိုက်ခိုက်လိုတဲ့သူရဲကောင်း တစ်ယောက်ရဲ့ စိတ်ဓာတ်

မျိုးပဲ။ ကိုယ်ကျိုးမကြည့်ဘူး။ ရဲဘော်တွေ၊ ပြည်သူတွေအတွက် စွန့်လွှတ်ရမှာ ဝန်မလေးဘူး။ သူဟာ ခက်ခဲတဲ့တာဝန်တွေကို ရှေ့ဆုံးကနေ တောင်းဆိုခဲ့တဲ့ ရဲဘော်တစ်ယောက်ပါ။

ဒီလို ရဲရဲရင့်ရင့် တိုက်ခိုက်ခဲ့တဲ့အတွက်လည်း သူဟာ ဆီးယားရားမေစထရာတိုက်ပွဲမှာ ဒုတိယစစ်ကြောင်းရဲ့တပ်မှူးအဖြစ် တာဝန်အပေးခံရတာပါပဲ။ သူပါဝင်ခဲ့တဲ့တိုက်ပွဲတွေမှာ မဟာဗျူဟာ အရရော၊ နည်းဗျူဟာအရပါ ထူးထူးခြားခြားအောင်မြင်အောင် တိုက်နိုင်တဲ့အတွက် သူ့ကို တပ်မှူးတစ်ယောက်အဖြစ် ရဲဘော်အားလုံးက တာဝန်ပေးလိုက်တာပဲ။ စစ်ပွဲကာလတစ်လျှောက်လုံး ရွှပ်ရွှပ်ခွဲခွဲ တိုက်ခဲ့တဲ့အတွက်လည်း အမြင့်ဆုံးတာဝန်ကို သူရခဲ့တာ ဖြစ်တယ်။

ချေဟာ နှိုင်းယှဉ်လို့မရလောက်တဲ့ စစ်သားတစ်ယောက် ဖြစ်တယ်။ ချေဟာ နှိုင်းယှဉ်လို့မရလောက်အောင် ထူးချွန်တဲ့ စစ်သား တစ်ယောက်လည်း ဖြစ်တယ်။ ချေမှာ စစ်ရေးအမြင် ထူးထူးချွန်ချွန် ရှိသလို အလွန်ကျွမ်းကျင်တဲ့ ခေါင်းဆောင်တစ်ယောက် ဖြစ်ပါတယ်။ သာမန် ထက်ပိုပြီး ထူးချွန်တဲ့အရည်အချင်းလည်း ရှိတယ်။ ရဲစွမ်းသတ္တိလည်း ရှိတယ်။ စိတ်ဓာတ်လည်း ပြင်းထန်ပါတယ်။ ပြောက်ကျား ရဲဘော်တစ်ဦးအဖြစ် အဘက်ဘက်မှာ ထူးချွန်ပြောင်မြောက်ပေမဲ့ သူ့မှာ ပျော့ကွက်တစ်ခုတော့ ရှိပါတယ်။ အဲဒီပျော့ကွက်ကတော့ စိတ်ဓာတ် အလွန်အကျွံ ပြင်းထန်မှုပါပဲ။ အဲဒီလို ပြင်းထန်မှုဟာ အန္တရာယ်ကို ဖြစ်စေနိုင်တဲ့ ပျော့ကွက်လို့ ဆိုရမှာပါပဲ။

ချေအဖို့ အဲဒီပျော့ကွက်ကြောင့်လည်း ရန်သူက သူ့ကို သတ်ဖြတ်ပစ်လိုက်နိုင်တာ ဖြစ်လိမ့်မယ်။ ချေဟာ စစ်ပွဲမှာ ဆရာတစ်ဆူ ဖြစ်တယ်။ ပြောက်ကျားတိုက်ပွဲမှာ အနုပညာမြောက်လောက်အောင် တိုက်ခိုက်နိုင်စွမ်းရှိတဲ့ ပြောက်ကျားတစ်ယောက်ဖြစ်တယ်။ အကြိမ်ဘယ်လောက်များများ သူ့အနေနဲ့ ရန်သူကို မပြတ်တိုက်ခိုက်နိုင်စွမ်းရှိသူ ဖြစ်ပါတယ်။ ချေဟာ အလွန်ထူးခြားတဲ့ စွမ်းဆောင်မှု ၂ ခုကို

လက်တွေ့ပြသနိုင်ပါတယ်။ တစ်ခုကတော့ ထိုးဖောက်တိုက်ခိုက်ခြင်း ဖြစ်တယ်။ အဲ့ဒီ ထိုးဖောက်တိုက်ခိုက်နိုင်တဲ့ စစ်ကြောင်းကို သူက ဦးဆောင်နိုင်ပါတယ်။ အဲ့ဒီတုန်းက ထောင်နဲ့ချီတဲ့ ရန်သူတပ်ဖွဲ့တွေဟာ ကျွန်တော်တို့နောက်ကို လိုက်လံတိုက်ခိုက်ခဲ့ပါတယ်။ အဲ့ဒီလို ရန်သူတွေ ဝိုင်းပတ်ထားတဲ့အချိန်မှာလည်း ရန်သူရဲ့တပ်တွေကို ထိုးဖောက်ပြီး ထွက်နိုင်ခဲ့တယ်။ ရန်သူအကြီးအကျယ်ကျဆုံးပြီး သူနိုင်ခဲ့ပါတယ်။ နောက်တစ်ခုကတော့ လပ်စ်ဗီလပ်ပြည်နယ်မှာ ရန်သူကို အနိုင်တိုက်ခဲ့နိုင်တာပါပဲ။ စင်တာကလာရာမြို့မှာ ရန်သူတပ်ဖွဲ့ဝင်တွေဟာ တင့်ကားတွေ၊ အမြောက်ကြီးတွေနဲ့ အခိုင်အမာ နေရာယူထားခဲ့တယ်။ ခြေလျင်တပ်သား ထောင်ပေါင်းများစွာလည်း အဲ့ဒီ မြို့မှာ ရှိပါတယ်။ ဒါပေမဲ့ ချေဟာ ဒီမြို့ကို နည်းဗျူဟာမြောက်စွာနဲ့ တိုက်ခိုက်သိမ်းပိုက်နိုင်ပါတယ်။ အဲ့ဒီတုန်းက သူ့မှာ လူအင်အား ၃၀၀ လောက်ပဲ ရှိတယ်။ ဒီလို ထူးခြားတဲ့စွမ်းဆောင်မှုတွေရှိတဲ့အတွက် သူ့ကို အလွန်ထူးချွန်တဲ့ တပ်မှူးကြီးအဖြစ် အသိအမှတ်ပြုလိုက်ရတာပါ။ အလွန်ရဲရင့်တဲ့ အခုလို စွမ်းဆောင်ချက် ၂ ခုကြောင့် စစ်ရေးအရ အလွန်ပြောင်မြောက်တဲ့ ခေါင်းဆောင်တစ်ဦးအဖြစ်၊ ပြောင်မြောက်တဲ့ စစ်ပညာဆရာတစ်ဆူအဖြစ် တော်လှန်ရေးရဲ့ အနုပညာရှင်တစ်ဦးအဖြစ် အသိအမှတ်ပြုလိုက်ကြခြင်း ဖြစ်ပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် အခုတော့ ချေဟာ သူရဲကောင်းပီပီသသနဲ့ ဂုဏ်ပြောင်စွာ ကျဆုံးသွားခဲ့ပါပြီ။ တချို့ကတော့ အမှန်တရားနဲ့ သူရဲ့ဂုဏ်ကို နင်းချေဖို့ ကြိုးစားနေကြပါတယ်။ သူဟာ ပြောက်ကျားစစ်ပွဲရဲ့မူတွေကို ချမှတ်နိုင်ခဲ့တဲ့ ပညာရှင်တစ်ယောက်လည်း ဖြစ်တယ်။ သူရဲ့ပြောက်ကျားအယူအဆတွေဟာ အလွန်ထူးချွန်ပြောင်မြောက် တာကို ကျွန်တော်တို့ကိုယ်၌က လက်တွေ့ကျင့်သုံးခဲ့ပြီးပါပြီ။ သူရဲ့ စစ်ဆင်ရေးတွေဟာ အနုပညာမြောက်လှပါတယ်။ အန္တရာယ်ကြီးတဲ့ တော်လှန်ရေးတိုက်ပွဲမှာ ယခုဆိုရင် ပြောင်မြောက်စွာတိုက်ခိုက်ရင်း သူဟာ ကျဆုံး

သွားခဲ့ပါပြီ။ သူဘဝကို ပြည်သူလူထု လွတ်မြောက်ရေး စစ်ပွဲထဲမှာ မြုပ်နှံထားပြီး သူအသက်ကိုလည်း တော်လှန်ရေးထဲမှာ ပေးဆပ်ခဲ့တယ်။

ကျူးဘားတော်လှန်ရေးကို အောင်မြင်အောင် တိုက်ခိုက်နိုင်ခဲ့တဲ့ ကျူးဘားပြည်သူတွေ လွတ်မြောက်ဖို့ အနုပညာမြောက်မြောက် ရယူနိုင်ခဲ့တဲ့ သူတစ်ယောက်ဟာ ဘာကြောင့် ဒီလိုကျဆုံးခဲ့ပါသလဲ။ သူဘဝတစ်လျှောက်လုံး အသက်ကိုပေးဆပ်ပြီး တိုက်ပွဲဝင်ခဲ့တာ ချည်းပဲ။ ဒါကြောင့် တော်လှန်ရေးစစ်ပွဲမှာ အသက်ပေးရမယ်ဆိုတာ အဆန်းတကြယ်တော့ မဟုတ်ပါဘူး။ အနားမပေးတမ်း တိုက်ပွဲဝင်ခဲ့တဲ့ တော်လှန်ရေးသမားတစ်ယောက် တစ်ချိန်မဟုတ် တစ်ချိန် အသက်ပေးရမယ်ဆိုတာကတော့ သဘာဝပါပဲ။ သူ့အနေနဲ့ကတော့ သူ့အသက်ကို စွန့်လွှတ်ဖို့ ဆုံးဖြတ်ပြီးသားဖြစ်တဲ့အတွက် အခုလို ကျဆုံးသွားတာဟာ သူရဲ့ဆုံးဖြတ်ချက်အတိုင်း ဖြစ်ပေါ်ခဲ့တယ်လို့ ဆိုရမယ်။ အခုတိုက်ပွဲမှာ သူကျဆုံးခဲ့ပေမဲ့ အရင်က တိုက်ပွဲတွေမှာ သူ အောင်နိုင်ခဲ့တယ်။ အရင်က တိုက်ပွဲအများအပြားမှာလည်း သူ့အသက်ကို ပဓာနမထားခဲ့ပါဘူး။ သူက တိုက်ပွဲဝင်တဲ့အခါမှာ အသက်ကို အလေးမထားဘဲ တိုက်ပွဲဝင်ခဲ့တယ်။ တိုက်ပြီဆိုတာနဲ့ ဘာကိုမှ အလေးမထားဘဲ တိုက်ခိုက်တယ်။ အဲ့ဒီလို ပြင်းထန်တဲ့ စိတ်ဓာတ်ဟာ သူရဲ့ပျော့ကွက်လို့ ကျွန်တော်ပြောခဲ့တာ ဖြစ်ပါတယ်။

သူဟာ သူ့အသက်ကို ပဓာနမထားဘဲ ပြည်သူလူထုအတွက်ပဲ မနားမနေ လုပ်ကိုင်တဲ့အတွက် သူ့ကို ကျွန်တော်တို့က ဖျောင်းဖျ တဲ့အခါ သူက သဘောမတူပါဘူး။ သူ့အတွက် ဘယ်တုန်းကမှ မရှိခဲ့ဘူးလို့ ပြောပါတယ်။ သူရဲ့ အတွေ့အကြုံနဲ့ ရင့်ကျက်တဲ့ သမ္ဘာရင့် ခေါင်းဆောင်ဖြစ် တော်လှန်ရေးမှာ စွန့်လွှတ်အနစ်နာခံ လုပ်ဆောင်ခဲ့တယ်။ သူဟာ ဘယ်သူနဲ့မှ နှိုင်းယှဉ်မရတဲ့ တော်လှန်ရေးခေါင်းဆောင်တစ်ယောက် ဖြစ်ပါတယ်။ သူ ဖြတ်သန်း ခဲ့တဲ့ဘဝ၊ တော်လှန်ရေး လှုပ်ရှားမှု၊ စွန့်လွှတ်အနစ်နာခံမှုတွေဟာ သူ့ဘဝထက်တောင် ပိုပြီး တန်ဖိုးရှိတယ်လို့ ပြောချင်

တယ်။ ဒါကို တခြားသူတွေက ယုံချင်မှ ယုံကြပါလိမ့်မယ်။ သူဟာ တန်ဖိုး မဖြတ်နိုင်တဲ့ သူရဲကောင်းတစ်ယောက်ပါပဲ။

သူရဲ့ စွမ်းဆောင်မှုတွေဟာ ပြည်သူလူထုအတွက် အာရုံထားပြီး လုပ်ဆောင်ခဲ့တဲ့အတွက် သမိုင်းမှာ အလွန်တန်ဖိုးရှိပါတယ်။ တော်လှန်ရေး အယူအဆကလည်း ပြည်သူလူထုအတွက် အလွန် တန်ဖိုးရှိပါတယ်။ အင်အားကောင်းတဲ့ ပြည်သူတွေဟာ ဒီလိုထူးချွန်တဲ့ အယူအဆတွေနဲ့အတူ ရှေ့ကို ချီတက်ခဲ့ကြတယ်။ ခေါင်းဆောင်တွေ ကျဆုံးသွားပေမဲ့ သူတို့ဟာ မှန်ကန်ကဲ့လမ်းစဉ်အတိုင်း ရှေ့ကို ချီတက်ခဲ့ကြပါတယ်။

ချေဟာ တော်လှန်တဲ့ပြည်သူတွေအတွက် လွန်ရှားပါးတဲ့ ခေါင်းဆောင်တစ်ယောက်ပါပဲ။ သူရဲ့အတွေ့အကြုံ၊ သူရဲ့ရပ်တည်မှု အောက်မှာ တော်လှန်တဲ့ ပြည်သူတွေဟာ မယိမ်းမယိုင် လိုက်ပါခဲ့ကြတယ်။ ကျွန်တော်တို့အနေနဲ့ သူရဲ့အမူအယာကို အပြည့်အဝ တန်ဖိုးထားပါတယ်။ ချေလျှောက်ခဲ့တဲ့ လမ်းကြောင်းအတိုင်း လုံးဝသဘော ပေါက်နားလည်ပြီး လျှောက်ဖို့လိုတယ်။ ချေလို ခေါင်းဆောင်တစ်ယောက်၊ တော်လှန်ရေးသမားတစ်ယောက်ကို နောင်တွေ့ဖို့ဆိုတာ မလွယ်လှပါဘူး။ ကျွန်တော်တို့က ဒီလိုပုဂ္ဂိုလ်မျိုးကို ထူးထူးခြားခြား ကြုံတွေ့ရတဲ့အတွက် ဂုဏ်ယူဝမ်းမြောက်ဖို့ ကောင်းတယ်။ မဖြစ်ဘူး ဆိုတာကို ဖြစ်အောင်လုပ်ပြတယ်။ သူ့ကိုယ်ကျိုးစီးပွားအတွက် မြူတစ်မှုန်တောင် မလုပ်ဘဲ အသက်စွန့်သွားသူဖြစ်တယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ သူ့ကို စံနမူနာယူပြီး အမြဲတစေ သူလမ်းကြောင်းအတိုင်း လျှောက်လှမ်းရမှာ ဖြစ်တယ်။

ချေဟာ တိုက်ခိုက်ရေးသမားတစ်ယောက်အဖြစ် တော်လှန်ရေးဆင်နွှဲရတာကို လိုလားရုံသာမက ကြီးမားတဲ့စွမ်းဆောင်မှုတွေကိုလည်း ဦးဆောင်လုပ်ကိုင်နိုင်စွမ်းရှိသူလည်း ဖြစ်ပါတယ်။ သူဘာလုပ်ခဲ့သလဲ ဆိုတာကို ကျွန်တော်တို့ တွေ့ကြရတယ်။ သူဟာ လူလက်တစ်ဆုပ်စာလေးလောက်နဲ့ ဖောက်ပြန်တဲ့ စစ်တပ်တွေကို အနိုင်ယူနိုင်တယ်။

ဖောက်ပြန်ရေးသမားတွေကို အနိုင်ယူနိုင်တယ်။ ယန်းကီးတို့ရဲ့ နယ်ချဲ့စနစ်ကို ကိုယ်စားပြုသူတွေကိုလည်း တိုက်ခိုက် နိုင်စွမ်းရှိပါတယ်။ သူတို့ဟာ သူတို့ရဲ့ အိမ်နီးချင်းနိုင်ငံတွေမှာ ရှိနေကြတယ်။ သူတို့က ဖောက်ပြန်တဲ့အုပ်စိုးမှုနဲ့အတူ ပြည်သူတွေကို ဖိနှိပ်နေတာ ဖြစ်တယ်။

ကျွန်တော်တို့အနေနဲ့ သမိုင်းစာမျက်နှာတွေကို ရှာဖွေကြည့်တဲ့အခါ ဘယ်လိုခေါင်းဆောင်တွေက ပြည်သူကို ဘယ်လောက် အကျိုးပြုခဲ့တယ်။ ဘယ်ခေါင်းဆောင်တွေဟာ ပြည်သူကို ဘယ်လောက် ဖိနှိပ်ညှဉ်းပန်းလဲဆိုတာ တွေ့ရပါတယ်။ ချေဟာ ပြည်သူအတွက် အသက်စွန့်ရမှာကို နည်းနည်းမှမတွန့်တဲ့သူဖြစ်တယ်။ အင်အားကြီးတဲ့ရန်သူတပ်ဖွဲ့တွေကို ရဲရဲရင့်ရင့် ရင်ဆိုင်ရဲတဲ့သူ ဖြစ်ပါတယ်။ သူက သူ့ကိုယ်သူ ယုံကြည်မှုရှိသလို ပြည်သူတွေကိုလည်း ယုံကြည်မှုရှိအောင် ဦးဆောင်လမ်းပြသူဖြစ်တယ်။ တိုက်ပွဲဝင်ရာမှာလည်း စွန့်လွှတ်အနစ်နာခံ တိုက်ပွဲဝင်သူလည်း ဖြစ်ပါတယ်။ သမိုင်း စာမျက်နှာတွေမှာ ကြည့်မယ်ဆိုရင် သူလိုခေါင်းဆောင်ကို ခဲခဲယဉ်းယဉ်း တွေ့ရပါတယ်။

ယခုတော့ သူ ကျဆုံးသွားပါပြီ။

ရန်သူက သူ့အသက်ဇီဝိန်ကို ခြွေသွားသလို သူသဘောတရား အယူအဆတွေကိုလည်း အနိုင်ယူခဲ့တယ်လို့ ယုံကြည်နေတယ်။ သူရဲ့ ပြောက်ကျားစစ်ပွဲ အယူအဆ၊ လက်နက်ကိုင်တိုက်ပွဲဝင်ရေး အမြင်တွေကို အနိုင်ရသွားတယ်လို့ ထင်နေတယ်။ တကယ်တော့ သူတို့ ထင်တာမှားနေပါတယ်။ သူတို့ဟာ ချေကို ရှုပ်ပိုင်းဆိုင်ရာအရ သတ်ဖြတ်နိုင်ခဲ့ပေမဲ့ သူရဲ့ အယူအဆသဘောထား၊ စိတ်ဓာတ်ကို တော့ အနိုင်မရခဲ့ပါဘူး။ စစ်ပွဲမှာ တိုက်တိုက်ဆိုင်ဆိုင် အနိုင်ရလိုက်တာ ဖြစ်ပါလိမ့်မယ်။ တကယ့်ဖြစ်ပေါ်မှုမှာ သူ့အနေနဲ့ ဘယ်လိုတိုက်ခိုက်ခဲ့တယ်၊ ဘယ်လို ရင်ဆိုင်ခဲ့တယ်ဆိုတာကိုတော့ အမှန်အတိုင်း မသိရပါဘူး။ သူဟာ အန္တရာယ်ကို မကြောက်တဲ့သူ၊ သူ လုပ်ချင်တဲ့အလုပ်ကို မတွန့်မဆုတ် လုပ်တတ်တဲ့သူ ဖြစ်တာကြောင့် မထင်မှတ်ဘဲ ကျဆုံးသွားတာဖြစ်နိုင်ပါ

တယ်။

ကျွန်တော်တို့နိုင်ငံရဲ့ လွတ်လပ်ရေးအတွက် တောင်းဆို တိုက်ပွဲဝင်တုန်းကလည်း ဒီအဖြစ်မျိုးတွေ ကြုံခဲ့ရပါတယ်။ ကျူးဘား လွတ်လပ်ရေးအတွက် ခေါင်းဆောင်ခဲ့တဲ့ ဒေါ်စီရီရော့(ဟိုဆေးမာတီ) ဟာလည်း အသတ်ခံခဲ့ရပါတယ်။ သူဟာ ကျွန်တော်တို့နိုင်ငံရဲ့ အာဇာနည်လည်းဖြစ်တယ်။ နိုင်ငံရေးဗိသုကာကြီးလည်း ဖြစ်တယ်။ ကျွန်တော်တို့ လွတ်လပ်ရေးရဲ့တမန်တော်လည်း ဖြစ်ပါတယ်။ ပန်တာဘရာဗာတိုက်ပွဲတုန်းက ဖောက်ပြန်ရေးသမားတွေက အန်တိုနီယိုမာဆီနိုကို သတ်ဖြတ်ခဲ့ကြတယ်။ တိုက်ပွဲတွေ ရာနဲ့ချီပြီး ဖြစ်ခဲ့ပါတယ်။ (ကျူးဘားလွတ်လပ်ရေးစစ်ပွဲကာလ) မရေတွက်နိုင်တဲ့ ခေါင်းဆောင်တွေ၊ မျိုးချစ်တွေဟာ လွတ်လပ်ရေးစစ်ပွဲကာလက ကျဆုံးခဲ့ကြတယ်။ သူတို့ ကျဆုံးတာဟာ ပြည်သူလူထု လွတ်လပ်ဖို့အတွက် အသက်ပေးခဲ့တာလည်း ဖြစ်တယ်။ ဘယ်လိုပဲဖြစ်ဖြစ်၊ ကျူးဘားအရေးတော်ပုံအတွက် စွန့်လွှတ်အနစ်နာခံသွားသူချည်းဖြစ်ပါတယ်။

ချေ ကျဆုံးသွားတာဟာ လွန်ခဲ့တဲ့ ရက်အနည်းငယ်က ဖြစ်ပါတယ်။ ဒီလို ကျဆုံးတာဟာ တော်လှန်ရေး လှုပ်ရှားမှုကို ကြီး ကြီးမားမား ထိုးနှက်လိုက်တာလည်း ဖြစ်ပါတယ်။ တော်လှန်ရေး ကျဆုံးသွားအောင် ထိုးနှက်လိုက်တာလည်း ဖြစ်ပါတယ်။ အတွေ့အကြုံအရှိဆုံး ခေါင်းဆောင်တစ်ယောက် ကျဆုံးသွားတာဟာ တော်လှန်ရေးအတွက် အများကြီး နစ်နာမှုရှိသွားတယ်ဆိုတာ သံသယဖြစ်စရာ မလိုပါဘူး။

ဒါပေမဲ့ ဖောက်ပြန်ရေးသမားတွေကတော့ တော်လှန်ရေးခေါင်းဆောင်တွေ ကျဆုံးသွားတဲ့အတွက် အောင်ပွဲရပြီလို့ ကြွားဝါနေကြလိမ့်မယ်။ သူတို့ရဲ့အမြင်ဟာ မှားပါတယ်။ ချေ ကျဆုံးသွားတာဟာ သူရဲ့ အယူအဆသဘောတရားတွေ ပြီးဆုံးသွားပြီလို့ ထင်နေကြတယ်။ သူရဲ့ နည်းဗျူဟာတွေ အဆုံးသတ်သွားပြီ၊ သူရဲ့ ပြောက်ကျားစစ်ဆင်ရေးဟာ ရှုံးနိမ့်သွားပြီ၊ သူရဲ့သဘောတရားဟာ ဇာတ်သိမ်းသွားပြီလို့ ထင်ကြ

ပါတယ်။ သူဟာ လူတစ်ယောက်ဖြစ်တဲ့အတွက် သေတယ်ဆိုတာ အဆန်းမဟုတ်ပါဘူး။ ကျည်ဆန်တွေကို ရင်ဆိုင်ရင်း ကျဆုံးသွားတယ်ဆိုတာလည်း အဆန်းမဟုတ်ပါဘူး။ စစ်သားတစ်ယောက်အနေနဲ့ ခေါင်းဆောင်တစ်ယောက်အနေနဲ့ အကြိမ်ပေါင်း ထောင်နဲ့ချီပြီး သေဆုံးသွားနိုင်ပါတယ်။ သူ့ကို သတ် ချင်သတ်နိုင်ပါလိမ့်မယ်။ ဒါပေမဲ့ သူရဲ့ တော်လှန်ရေး အယူအဆ၊ ပြောက်ကျားစစ်ဆင်ရေးတို့ကိုတော့ ပျောက်ဆုံးသွားအောင် ချေမှုန်းလို့ မရပါဘူး။

တော်လှန်ရေးသမားတွေဟာ ဒီလို အဟန့်အတားတွေကို ခံရချင်ခံရမယ်။ ဆုံးရှုံးမှုတွေလည်း တွေ့ချင်တွေ့နိုင်ပါတယ်။ ဒါပေမဲ့ သူတို့ရဲ့ ခေါင်းဆောင်မှုနဲ့ အယူအဆတွေကတော့ ဘယ်တော့မှ ကြေပျက်သွားမှာ မဟုတ်ပါဘူး။ သူဟာ လက်တင် အမေရိက သွေးစည်းညီညွတ်ရေးညီလာခံမှာ သူရဲ့အယူအဆကို တင်ပြခဲ့ဖူးပါတယ်။ အဲ့ဒီတင်ပြချက်ထဲမှာ နိုင်ငံတကာမှာရှိတဲ့ ပြည်သူတွေအနေနဲ့ နယ်ချဲ့သမားနဲ့ ဖောက်ပြန်ရေးသမားတွေကို တိုက်ခိုက်ရာမှာ သွေးစည်းညီညွတ်ဖို့ဖြစ်တယ်လို့ ဆိုပါတယ်။ သူရဲ့ တိုက်ပွဲခေါ် သံဟာ ယခုအထိ တိတ်ဆိတ်သွားတယ် မရှိဘူး။ ကမ္ဘာ အရပ်ရပ်မှာရှိတဲ့ ပြည်သူတွေက လက်ခံကျင့်သုံးဆဲပါပဲ။

သူရဲ့တိုက်ပွဲခေါ် သံဟာ တော်လှန်လိုတဲ့သူတစ်ယောက်ရဲ့ နားထဲကို ရောက်ရုံမကဘူး သန်းပေါင်းများစွာသော အဖိနှိပ်ခံ ပြည်သူများရဲ့နားထဲကိုလည်း ရောက်ပါတယ်။ သန်းပေါင်းများစွာရှိတဲ့ ပြည်သူတွေရဲ့လက်တွေဟာ သူ့ကို နမူနာယူပြီး သူရဲ့လက်တွေကို ဆန့်တန်းကောင်းချီးပေးကြတယ်။ တော်လှန်ရေးအတွက် လက်နက်ကိုင်စွဲဖို့ သူတို့လက်တွေကို မြှောက်တန်းပြီး အသင့်ပြင်ထားကြတယ်။ ခေါင်းဆောင်သစ်တွေက ပြည်သူတွေကို ဦးဆောင်ပြီး တော်လှန်ရေးလမ်းကြောင်းကို ချီတက်ကြလိမ့်မယ်။ သန်းပေါင်းများစွာသော ပြည်သူတွေရဲ့ နားတွေဟာ သူရဲ့တိုက်ပွဲခေါ် သံကို ဝမ်းသာအားရ နားဆင်ကြသလို သူတို့ရဲ့ လက်တွေကို ဖြန့်ပြီး အသစ်ရောက်လာမယ့် ခေါင်းဆောင်တွေကိုလည်း

ကြိုဆိုနေကြပါတယ်။ တော်လှန်ရေးအားလုံးဟာ ဘယ်လိုပဲဖြစ်ဖြစ် ဦးဆောင်ဆင်နွှဲမယ်ဆိုရင် ပြည်သူတွေက ကြိုဆိုနေကြမှာ ဖြစ်တယ်။

အဲ့ဒီလို ကြိုဆိုနေတဲ့ ပြည်သူတွေရဲ့လက်ထဲကို သာမန် ခေါင်းဆောင်နဲ့မတူတဲ့ ချေလို ခေါင်းဆောင်ကို အလွယ်တကူရနိုင် မယ်လို့ မထင်ပါဘူး။ သူဟာ အတွေ့အကြုံရင့်ကျက်ပြီး စွမ်းအင်လည်း မြင့်မား တဲ့ ထူးထူးခြားခြား ခေါင်းဆောင်တစ်ယောက်ဖြစ်တယ်။ ခေါင်းဆောင် တွေဟာ တိုက်ပွဲတွေထဲက ပေါက်ဖွားလာတာချည်းပဲ။ ခေါင်းဆောင် တွေဟာ ပြည်သူသန်းပေါင်းများစွာ ကြားနေတဲ့နားတွေထဲကနေ ထွက် လာတာချည်းပဲ။ သန်းပေါင်းများစွာရှိတဲ့ လက်ရုံးတွေမှာ အနှေးနဲ့ အမြန်ဆိုသလို လက်နက်တွေကိုင်စွဲပြီး တော်လှန်ရေးဆင်နွှဲကြလိမ့်မယ်။

သူ ကျဆုံးသွားတဲ့အတွက် ကျွန်တော်တို့အားလုံး ခံစားကြရ တယ်။ အဲ့ဒီအတွက် ဂယက်ရိုက်ခတ်မှုတွေကလည်း အမျိုးမျိုးဖြစ်ပေါ် လာတယ်။ တော်လှန်ရေးတိုက်ပွဲမှာ ကျဆုံးသွားတဲ့အတွက် သူရဲ့ သေဆုံးမှုဟာ မြင့်မြတ်ပြီး ဂုဏ်ပြောင်လှပါတယ်။ ချေက လက်နက် ကိုင်စွဲပြီး တော်လှန်ရေးဆင်နွှဲခဲ့ရာမှာ အောင်ပွဲကို ချက်ချင်းရမယ်လို့ သူ မယူဆခဲ့ပါဘူး။ တော်လှန်ရေးဆင်နွှဲတိုင်း အောင်ပွဲအမြန်ရမယ် လို့လည်း သူ မထင်ပါဘူး။ သူ့အနေနဲ့လည်း နယ်ချဲ့စနစ်နဲ့ ဖောက် ပြန်ရေးသမားတွေကို တိုက်ခိုက်ရာမှာ ပြည်သူအားလုံးပါဝင်လာရေး၊ ပြည်သူကို လမ်းပြပေးရေးအတွက် လက်နက်ကိုင်စွဲခဲ့တာဖြစ်တယ်။ အတွေ့အကြုံရှိတဲ့ တိုက်ခိုက်ရေးသမားတစ်ယောက်အနေနဲ့ တော်လှန် ရေးကာလကို ရေရှည်ဆင်နွှဲဖို့ ပြင်ဆင်ထားပါတယ်။ တော်လှန်ရေး တိုက်ပွဲဟာ ၅ နှစ်၊ ၁၀ နှစ်၊ ၁၅ နှစ် ဒါမှမဟုတ် အနှစ် ၂၀ အထိ ဆင်နွှဲရမယ်လို့ သူ သဘောပေါက်ပါတယ်။ လိုအပ်ရင် လိုအပ်သလို အချိန်ယူရမှာ ဖြစ်တယ်။ သူ့အသက်ကို လိုအပ်သလို စွန့်လွှတ် အနစ်နာခံရမယ်ဆိုတာကိုလည်း သူသဘောပေါက် နားလည်ထားတယ်။ ဒါ့ကြောင့် ရှေ့ကနေ သူက နမူနာပြပြီး စွန့်လွှတ်သွားတယ်။ ဒီအတွက်

ဂရုစိုက်မှုတွေ ကြီးကြီးမားမားလည်း ဖြစ်လာမှာပဲ။ မမြင်နိုင်တဲ့ အင်အားတွေဟာ သူ့ကို နမူနာယူပြီး ပေါ်ပေါက်လာပါလိမ့်မယ်။

ချေဟာ ထူးခြားတဲ့စစ်ရေးခေါင်းဆောင်တစ်ယောက် ဖြစ်တယ်။ သူမှာ အတွေ့အကြုံနဲ့ အရည်အချင်း အများအပြားရှိတဲ့ တော်လှန်ရေးခေါင်းဆောင်တစ်ယောက်လည်း ဖြစ်တယ်။ ကျွန်တော်တို့ဟာ ချေကို သတိရတယ်။ ချေကို စဉ်းစားတဲ့အခါ သူမှာတော်လှန်ရေးအရ ထူးခြားတဲ့ အရည်အချင်းတွေကို မစဉ်းစားမိကြဘူး။ တကယ်တော့ သူဟာ အလွန်တော်တဲ့ စစ်ရေးပါရဂူတစ်ယောက်ပဲ။ သူရဲ့ပြောက်ကျားစစ်ဆင်ရေးဟာ ထူးချွန်ပြီး တော်လှန်ရေးသမားတွေ နမူနာထား ဆောင်ရွက်ရမှာ ဖြစ်တယ်။ စစ်ပွဲဟာ တော်လှန်ရေးသမားတွေရဲ့ လက်နက်ပါပဲ။ တော်လှန်ရေးဟာ အရေးအပါဆုံးဖြစ်တယ်။ တော်လှန်ရေးအရေးတော်ပုံအတွက် အရေးအကြီးဆုံးဟာ တော်လှန်တဲ့သဘောတရားပါပဲ။ တော်လှန်ရေးအတွက် အရေးအကြီးဆုံးအရာဟာ တော်လှန်တဲ့ရည်မှန်းချက်၊ တော်လှန်တဲ့ သဘောထား၊ တော်လှန်တဲ့ အကျင့်သီလတွေဖြစ်တယ်။

ဒီလိုတော်လှန်ရေးနယ်ပယ်မှာ တော်လှန်တဲ့သဘောတရားတွေရှိရမယ်။ တော်လှန်တဲ့ခံယူချက်တွေ ရှိရမယ်။ တော်လှန်တဲ့ အကျင့်သီလတွေ ရှိဖို့အတွက် ဉာဏ်ရည်ထက်မြက်သူ ဖြစ်ရမယ်။ သူရဲ့ စစ်ရေးအကျင့်သီလတွေဟာ အလွန်ကို ကြီးကျယ်လှပါတယ်။ သူ ကျဆုံးသွားတာဟာ တော်လှန်ရေးလှုပ်ရှားမှုအတွက် ဆုံးရှုံးမှုကြီး ဖြစ်တာကြောင့် ကျွန်တော်တို့အနေနဲ့ ဖော်မပြနိုင်အောင် နာကျင် ခံစားရတယ်။ ချေဟာ သာမန်ထက် ထင်ရှားတဲ့စရိုက်ရှိသူ ဖြစ်ပါတယ်။ သူရဲ့ ကောင်းမြတ်မှုတွေကို အများအပြားတွေ့ရတယ်။ တခြားသူတွေဟာ သူ့ကို စံနမူနာယူရပါမယ်။ တော်လှန်ရေးကို ဦးဆောင်ဆင်နွှဲတဲ့နေရာမှာ သူလိုလူမျိုး အလွန်ရှားတယ်။ သူဟာ အရာရာကို ထိုးဖောက်မြင်နိုင်စွမ်းရှိသလို ပညာဉာဏ်ကြွယ်ဝတဲ့ ပုဂ္ဂိုလ်တစ်ယောက်လည်းဖြစ်တယ်။ ယဉ်ကျေးမှုကို ကောင်းကောင်း နားလည်သလို လေးနက်တဲ့အတွေးအခေါ်သမား တစ်

ယောက်လည်း ဖြစ်တယ်။ အတွေးအခေါ်ရှိတဲ့သူ၊ အရာရာကို လက်တွေ့ လှုပ်ရှားနိုင်တဲ့သူဟာ အလွန်ရှားပါးပါတယ်။ အဲ့ဒါဟာ ချေမှာပဲ ရှိပါ တယ်။

ချေမှာ ထူးခြားမှုလက္ခဏာရပ် ၂ ခု ရှိရုံမကဘူး။ သဘော တရားကောင်းကောင်းရှိတဲ့သူ၊ လေးနက်တဲ့ အယူအဆရှိတဲ့သူ၊ လက်တွေ့ လှုပ်ရှားနိုင်တဲ့သူ ဖြစ်ပါတယ်။ တော်လှန်ရေးသမား တစ်ယောက်အဖြစ်နဲ့ သူဟာ တော်လှန်ရေးသဘောတရားကို အခိုင်အမာ ကိုင်စွဲထားနိုင်ခဲ့ တယ်။ ကိုယ်ကျင့်တရား၊ ဂုဏ်သိက္ခာ၊ အတွေး အခေါ်၊ ရဲရင့်မှု၊ စွန့်လွှတ်မှု စတာတွေ သူမှာ အကုန်လုံးရှိပါတယ်။ ဒါ့ကြောင့် အလွန်ကို ထူးခြားတဲ့ စံပြတော်လှန်ရေးသမားအဖြစ် သူ့ကို သတ်မှတ်ထားကြတာဖြစ်တယ်။

လူများ သေဆုံးတဲ့အခါမှာ သူတို့အကြောင်းကို အမှတ်တရ ပြောဆိုလေ့ရှိကြပါတယ်။ အထူးသဖြင့် သူတို့နဲ့ပတ်သက်ပြီး လွမ်းဆွတ် စရာတွေကို ပြောကြတယ်။ သူတို့ရဲ့ ကောင်းမြတ်မှုတွေ ကို အထူးပြုပြီး ပြောကြပါတယ်။ ချေကွယ်လွန်သွားတဲ့အခါမှာ သူနဲ့ပတ်သက်တဲ့အကြောင်း တွေကို ပြောလို့မကုန်နိုင်ပါဘူး။ သူမှာ အဆိုးဆိုတာ မရှိသလောက် ဖြစ်တဲ့အတွက် သူ့ရဲ့ကောင်းမြတ်မှုတွေကိုပဲ ပြောကြပါတယ်။ သူရဲ့ စွန့်လွှတ်မှု၊ ရဲရင့်မှု၊ သူရဲ့ အတွေးအခေါ်၊ တော်လှန်ရေးသမားပီသမှု၊ သူရဲ့ ဖြတ်သန်းမှုတွေကို ကျွန်တော်တို့ အမြဲပြောနေပါတယ်။ သူ အကြောင်းပြောတဲ့အခါ သူရဲ့ ဉာဏ်ရည်ဉာဏ်သွေး ကောင်းမွန်မှုကို ပြောရုံမကဘူး။ သူရဲ့တော်လှန်ရေး အတွေ့အကြုံ၊ သူရဲ့ အသက်စွန့် လောက်တဲ့ အနစ်နာခံမှုတွေကို ကျွန်တော်တို့ အူထဲအသည်းထဲက လှိုက် လှိုက်လဲ့လဲ့ ပြောကြတယ်။ သူဟာ သာမန်မဟုတ်ဘဲ ထူးခြားလေးနက်တဲ့ လူသားတစ်ယောက် အဖြစ် ပြောဆိုကြပါတယ်။

ချေဟာ အနာဂတ်မျိုးဆက်အတွက် သူရဲ့တော်လှန်ရေး အမွေ တွေ၊ အတွေ့အကြုံတွေကို ထားပစ်ခဲ့ပါတယ်။ သူဟာ ထူးခြားတဲ့ စစ်သား တစ်ယောက်အဖြစ် အတွေ့အကြုံနဲ့ အသိဉာဏ်ကြွယ်ဝ သူ တစ်ယောက်

ဖြစ်တယ်။ ဉာဏ်ရည်ဉာဏ်သွေး၊ အသိဉာဏ်တွေကို နောက်လူတွေအတွက် ထားပစ်ခဲ့သလို တော်လှန်ရေးအတွေ့အကြုံနဲ့ ပြောက်ကျားစစ်ပွဲအတွေ့အကြုံစာအုပ်တွေကိုလည်း ရေးထားခဲ့တယ်။ စစ်နဲ့ပတ်သက်တဲ့ သူရဲ့စာတွေဟာ အလွန်ထူးခြားပါတယ်။ တော်လှန်ရေးအတွေ့အကြုံနဲ့ ပတ်သက်တဲ့သူရဲ့ အရေးအသားတွေဟာလည်း အနာဂတ်မျိုးဆက်သစ်တွေအတွက် စံနမူနာထား လေ့လာရမှာဖြစ်ပါတယ်။ ခေါအနေနဲ့ ကျွန်တော်တို့ နိုင်ငံအတွက် အများကြီး လုပ်ပေးခဲ့တယ်။ သူရှိနေတဲ့ ကာလတွေမှာ နိုင်ငံတည် ဆောက်ရေးတွေမှာ ပါဝင်ကြိုးပမ်းခဲ့တယ်။ တော်လှန်ရေးကာလမှာလည်း သူကိုယ်တိုင် ခေါင်းဆောင်ပြီး နယ်ချဲ့တွေကို တိုက်ထုတ်ခဲ့တယ်။ ကျူးဘားတော်လှန်ရေးပြီးဆုံးပြီး နိုင်ငံရဲ့ အမျိုးသားဘဏ်ရဲ့ ဥက္ကဋ္ဌအဖြစ်၊ ဗဟိုစီမံကိန်းဌာနဘုတ်အဖွဲ့ရဲ့ ညွှန်ကြားရေးမှူးအဖြစ်၊ စက်မှုဌာနဝန်ကြီးအဖြစ်၊ စစ်ဒေသတွေရဲ့ တပ်မှူးကြီးအဖြစ် တာဝန်ယူခဲ့သလို နိုင်ငံရေးနဲ့ စီးပွားရေးအကြီးအကဲ မဟာမိတ်ပါတီတွေကို သွားရောက်တဲ့ကိုယ်စားလှယ်အဖွဲ့တွေရဲ့ အကြီးအကဲအဖြစ် တာဝန်ယူခဲ့ပါတယ်။ သူဟာ အဲ့ဒီလို တာဝန်ယူရအောင်လည်း အရည်အချင်း ပြည့်ဝနေတယ်။ နိုင်ငံတကာညီလာခံတွေကိုလည်း သူတက်ရောက်ခဲ့တယ်။ တိုက်ပွဲတွေမှာ ရွှပ်ရွှပ်ခွံခွံ တိုက်မိုက်နိုင်စွမ်းရှိသလို ဆွေးနွေးပွဲတွေမှာလည်း တစ်ဖက်ဆွေးနွေးဖက်တွေ နားလည်အောင် ဆွေးနွေးနိုင်စွမ်းရှိတယ်။ အတွေးအခေါ်ရော၊ လက်တွေ့မှာပါ ပြောစရာ မရှိတဲ့သူဖြစ်တယ်။ အချိန်ရှိသရွေ့ အလုပ်ကိုချည်းလုပ်နေတာကြောင့် သူ့မှာ အနားယူဖို့ အချိန်လုံးဝမရှိခဲ့ပါဘူး။

ခေါဟာ အလုပ်လုပ်တဲ့အခါမှာ နေ့ရယ်၊ ညရယ်မရှိဘူး၊ သူ့ရုံးခန်းထဲမှာ အချိန်ပြည့်လိုလို ရှိနေတယ်။ သူ့ရုံးခန်းပြတင်းပေါက်တွေကနေ အပြင်ကိုကြည့်လိုက်တဲ့အခါမှာ ညပိုင်းမီးရောင်တွေကို ကောင်းကောင်းမြင်ရတယ်။ သူ့အတွက် နေရောင်နဲ့ကောင်းကင်ကြီးကို မမြင်ဖူးလောက်အောင် အလုပ်လုပ်တယ်။ သူ့ရုံးခန်းထဲမှာပဲ စာဖတ်

မယ်၊ လေ့လာမယ်။ အလုပ်လုပ်မယ်။ ဒီလိုနဲ့ သူဟာ အချိန်ပြည့်အလုပ်သမားတစ်ယောက်ဖြစ်လာပါတယ်။ သူဟာ ပြဿနာတွေကို လေ့လာသင်ယူတဲ့သူလည်း ဖြစ်လာတယ်။ သူမျက်လုံးတွေက အမြဲစာဖတ်နေတယ်။ လေ့လာသင်ယူရမှာကိုလည်း အငမ်းမရ ဖြစ်နေတယ်။ သူ့အတွက် အိပ်ချိန်ထဲကတောင်မှ လေ့လာဖို့၊ စာဖတ်ဖို့ အချိန်ကို ခိုးယူအသုံးချလေ့ရှိပါတယ်။

နေ့စဉ်လုပ်ရတဲ့အလုပ်တွေထဲမှာ သူဟာ သူ့အလုပ်အပြင် တခြားအလုပ်တွေကိုလည်း အပျော်တမ်း ကူညီပေးတာ အများကြီးရှိတယ်။ ပြည်သူထောင်ပေါင်းများစွာ တိုင်းပြည်တည်ဆောက်ရေးအတွက် အလုပ်လုပ်နေကြတယ်။ သူဟာ ပြည်သူတွေနဲ့အတူ လိုအပ်ရင် လိုအပ်သလို ဝိုင်းလုပ်လေ့ရှိတယ်။ အလုပ်ကြမ်းတွေလည်း ဝင်လုပ်တာပဲ။ အချိန်လေးရရင် ရသလောက် အလုပ်တွေ ဝင်လုပ်ပါ တယ်။ ချေဟာ တော်လှန်ရေးသမားတစ်ယောက်အဖြစ်၊ ကွန်မြူနစ် တော်လှန်ရေးသမားတစ်ယောက်အဖြစ် ကိုယ်ကျိုးစွန့် အနစ်နာခံခဲ့တဲ့အတွက် ကွန်မြူနစ်ပီသသူဖြစ်ပါတယ်။ စိတ်ဓာတ်ရဲ့မြင့်မြတ်မှု တန်ဖိုးကို ယုံကြည်သူဖြစ်တယ်။ လူသားရဲ့အသိစိတ်ဓာတ်ကိုလည်း အကန့်အသတ်မဲ့ယုံကြည်သူဖြစ်တယ်။ ချေဟာ ရှုပ်ပိုင်းဆိုင်ရာအရ အနစ်နာခံ အလုပ်လုပ်သလို စိတ်ဓာတ်လည်း ကြီးမြတ်သူဖြစ်တယ်။ လူ့အဖွဲ့အစည်းမှာ ကွန်မြူနစ်စနစ်ကို တည်ဆောက်ဖို့အတွက် ထက်ထက်သန်သန် လုပ်ကိုင်ခဲ့သူဖြစ်ပါတယ်။ သူက စဉ်းစားတွေးခေါ်ပြီး ရေးသင့်တဲ့စာတွေကို အများကြီးရေးတယ်။ အခုဆို ချေရေးခဲ့တဲ့စာတွေကို ပြည်သူတွေဖတ်ရအောင် ကျွန်တော်တို့ ဖော်ထုတ်သင့်ပါပြီ။ ချေရဲ့နိုင်ငံရေးရဲ့ တော်လှန်ရေးသဘောတရားတွေကို ကျူးဘားပြည်သူတွေသိအောင် ဖော်ထုတ်ရမယ်။ သူရဲ့အယူအဆတွေမှာ သံသယဖြစ်စရာ ဘာမှ မရှိဘူး။ လက်တွေ့လည်း တကယ်လုပ်ပါတယ်။ အတွေးအခေါ်လည်း ရှိတယ်။ မြင့်မြတ်တဲ့စိတ်ဓာတ်လည်း ရှိတယ်။ လူသားပီသပြီး အစွန်း

အထင်းမရှိတဲ့ပုဂ္ဂိုလ်လည်း ဖြစ်တယ်။ သူမှာ အကောင်းဆုံးသော တန်ဖိုးတွေရှိပြီး သူ့တန်ဖိုးတွေကို ကျွန်တော်တို့ စံနမူနာယူရမှာဖြစ်တယ်။ သူမှာ နောက်ထပ် အရည်အချင်းတစ်ခုလည်း ပိုင်ဆိုင်ထားပါကယ်။ ဒီအရည်အချင်းဟာ ပညာတတ်တွေမှာရှိတဲ့ အရည်အချင်းလည်း မဟုတ်ဘူး၊ အတွေ့အကြုံကနေရတဲ့ အရည်အချင်းလည်း မဟုတ်ဘူး။ တိုက်ပွဲကနေရတဲ့ အရည်အချင်းလည်း မဟုတ်ပါဘူး။ နှလုံးသားထဲကလာတဲ့ အရည်အချင်းရှိသူပါပဲ။ သူဟာ သာမန်ထက် ထူးခြားတဲ့ခံစားမှု ရှိသူတစ်ယောက်ပါပဲ။

သူဘာပြောတယ်။ သူ့ဘဝအကြောင်းကို ကျွန်တော်တို့ ဘယ်လိုတွေးကြတယ်၊ သူ့ဘဝအကြောင်းကို ဘယ်လိုညွှန်ပြသလဲ ဆိုတာကို သိရှိဖို့လိုပါတယ်။ သူဟာ သာမန်လူသားထက်ကို လုပ်နိုင်စွမ်းရှိတဲ့ လူ တစ်ယောက်ပါပဲ။ သူရဲ့ပင်ကိုအရည်အသွေးဟာ ထူးခြားရုံမကဘူး။ သူရဲ့လှုပ်ရှားဆောင်ရွက်မှုဟာ သာမန် လူတွေထက်ကို အားကောင်းတယ်။ အတွေးအခေါ်ရှိတဲ့သူ၊ တော်လှန်တဲ့လုပ်ရပ်တွေအပေါ် အမြဲတစေ ဦးဆောင်မှုပေးနိုင်တဲ့ သူ၊ ထူးခြားတဲ့စဉ်းစားတွေးခေါ်မှုရှိတဲ့သူ၊ တကယ့်သံနဲ့လုပ်ထားတဲ့ အရည်အချင်းရှိတဲ့သူ ဖြစ်ပါတယ်။ သူ့စိတ်ဓာတ်ကလည်း သံမဏိလို မာကြောလှပါတယ်။

သူဟာ အနာဂတ်မျိုးဆက်တွေအတွက် သူရဲ့အတွေ့အကြုံတွေကို ထားခဲ့ရုံမကဘူး၊ သူရဲ့ဉာဏ်ပညာကလည်း စစ်သားကောင်းတစ်ယောက်အဖြစ် ဖော်ပြနေတယ်။ သူရဲ့ဉာဏ်ပညာအသီးအပွင့်တွေဟာ အနာဂတ်မျိုးဆက်သစ်တွေအတွက် စံနမူနာယူစရာပဲ။ ကျွန်တော်တို့အတွက် စာအုပ်တွေကို ရေးခဲ့တယ်။ သူရဲ့အတွေ့အကြုံတွေနဲ့ တော်လှန်ရေးတွေးခေါ်မှုတွေဟာ ဘယ်သူနဲ့မှမတူအောင် ဆန်းသစ်လှတယ်။ ပြည်သူလူထုနဲ့တော်လှန်ရေးအတွက်သာ ရေး ထားပြီး တခြားကိစ္စတွေကို မရေးပါဘူး။ သူရေးတဲ့စာတွေကို ကျွန်တော်တို့ သံသယဖြစ်စရာ ဘာမှမရှိပါဘူး။ တော်လှန်ရေး အတွေ့အကြုံအပေါ်

မှာ ဂန္ဓဝင်မြောက်အထောက်အထား ပေးထားခဲ့တဲ့စာတွေ ဖြစ်ပါတယ်။ သူရဲ့ဘက်ပေါင်းစုံနှံ့စပ်တဲ့ အသိဉာဏ်ဟာ ဘယ်လုပ်ငန်းမဆို လုပ်ကိုင်တဲ့အခါ အောင်မြင်ခဲ့တာချည်းပဲ။ နိုင်ငံတကာညီလာခံတွေမှာ ကျွန်တော်တို့နိုင်ငံကို ကိုယ်စားပြုပြီး တက်ရောက်ခဲ့တယ်။ အဲ့ဒီမှာလည်း သက်ဆိုင်ရာ ဘာသာရပ်တွေကို ကျွမ်းကျင်စွာကိုင်တွယ်ဖြေရှင်းနိုင်ခဲ့တယ်။ တိုက်ပွဲမှာဆုံးရှုံးရင်လည်း ရန်သူကို ရဲရဲရင့်ရင့် ချေမှုန်းနိုင်ခဲ့တယ်။ ဒါ့အပြင် ချေဟာအလုပ်သမားတွေနဲ့အတူ အလုပ်လုပ်ရင်လည်း စံပြအလုပ်သမား တစ်ယောက် ဖြစ်တယ်။ သူမှာ အားလပ်တယ်ဆိုတာ မရှိဘူး။ အနားယူတဲ့အချိန်လည်း သူမှာ မရှိပါဘူး။

နယ်ချဲ့သမားတွေအနေနဲ့ သူ့ကို သတ်လိုက်ရတဲ့အတွက် အောင်ပွဲရပြီလို့ ကြွားဝါနေကြပါတယ်။ ပြောက်ကျားတိုက်ခိုက်ရေးသမားတစ်ယောက်ကို သူတို့နိုင်သွားပြီလို့ ထင်နေကြတယ်။ ဒါပေမဲ့ သူတို့ရဲ့အထင်နဲ့အမြင်ဟာ တခြားစီပါပဲ။ ဒီလိုကောင်းမြတ်တဲ့ လူတစ်ယောက်သေဆုံးတဲ့အတွက် ဝမ်းနည်းနေရတယ်။ သူ့အတွက် ကြေကွဲမှုက မဖော်ပြလောက်အောင် နက်ရှိုင်းပါတယ်။ အသက် ၃၉ နှစ်သာရှိသေးတဲ့ တော်လှန်ရေးသမားတစ်ယောက်ရဲ့ ကျဆုံးမှုဟာ အလွန်ဝမ်းနည်းစရာကောင်းတယ်။ အတွေ့အကြုံ ကြွယ်ဝတဲ့သူ၊ ဉာဏ်ပညာ ကြွယ်ဝတဲ့သူ တစ်ယောက်ဆုံးရှုံးရတာဟာ ကျွန်တော်တို့အတွက် အလွန်ကြေကွဲစရာကောင်းပါတယ်။

သူ့ကို သုတ်သင်နိုင်လိုက်ပြီလို့ သူတို့က အရှက်မဲ့စွာနဲ့ ကြေညာခဲ့ကြတယ်။ ဒီလိုကြေညာဖို့လည်း တံ့နှေးမှုမရှိဘူး။ ဒဏ်ရာ ပြင်းထန်စွာရပြီးတဲ့လူတစ်ယောက်ကို ရက်စက်ကြမ်းကြုတ်စွာနဲ့ သတ် ဖြတ်ခဲ့တာကိုလည်း သူတို့ကိုယ်သူတို့ ဂုဏ်ယူဝင့်ကြွားနေကြတယ်။ ဒါဟာ အရှက်မဲ့တဲ့လုပ်ရပ်ဆိုတာကို ကမ္ဘာ့ပြည်သူအားလုံးက နားလည်ကြတယ်။ လမ်းဘေးက ကြမ်းပိုးသူခိုးတွေ၊ လူမိုက်လူရမ်း ကားတွေ၊ ကြေးစားတွေရဲ့ လုပ်ရပ်နဲ့ ဒဏ်ရာရနေတဲ့ တော်လှန်ရေး သမားတစ်ယောက်ကို သတ်ပစ်လိုက်တာ

ဟာ အလွန်သူရဲဘောကြောင်တဲ့ လုပ်ရပ်ပါပဲ။

ပိုပြီးဆိုးတာက သူတို့ဘာကြောင့် လုပ်ခဲ့သလဲဆိုတာကို ရှင်းပြ နေတာပဲ။ သူတို့ရဲ့ယုတ်ညံ့မှုနဲ့ မသမာမှုကို ဖော်ပြလိုက်သလို ဖြစ်နေ တယ်။ တကယ်တော့ ဒီလို တော်လှန်ရေးသမားတစ်ယောက်ကို ထားစရာ နေရာ ရှာမတွေ့တာကြောင့် ယခုလို အရှက်မဲ့စွာ သတ်ဖြတ်ပစ်လိုက် ကြတာ ဖြစ်ပါတယ်။ နယ်ချဲ့လက်ပါးစေတွေဟာ သူ့ကိုသုတ်သင် ပစ်လိုက်ပြီး သူ့အလောင်းကိုလည်း ဖျောက်ဖျက်ဖို့ ကြိုးစားပါတယ်။ အဲဒါဟာ သူတို့ ဘယ်လောက်ကြောက်လန့်နေသလဲဆိုတာကို ဖော်ပြ ပါတယ်။ တကယ်တော့ သူခန္ဓာကိုယ်ကို ဖျောက်ဖျက်ပစ်လိုက်လို့ရ ပေမယ့် သူ့အယူအဆတွေကိုတော့ ဖျောက်ဖျက်ပစ်လို့ မရပါဘူး။ ချေဟာ ဘယ်သူ့အကျိုးစီးပွားအတွက် သေဆုံးခဲ့ရတာလဲ။ ဖိနှိပ်တဲ့သူတွေ ဖောက် ပြန်ရေးသမားတွေရဲ့အကျိုးစီးပွားအတွက် သေဆုံးခဲ့ရတာ မဟုတ်ဘဲ လက်တင်အမေရိကတိုက်ကြီးမှာရှိတဲ့ ဖိနှိပ်ခံပြည်သူတွေ၊ သွေးစုပ်ခံ နေရတဲ့ ပြည်သူတွေရဲ့အကျိုးစီးပွား အတွက် သေဆုံးခဲ့ရတာပါ။ ချေဟာ အနှိမ်ခံနေရတဲ့ ဒီကမ္ဘာမြေက ဆင်းရဲသားတွေရဲ့ အကျိုးစီးပွားအတွက် သေဆုံးခဲ့တာဖြစ်တယ်။ချေရဲ့ စွန့်လွှတ်အနစ်နာခံမှုဟာ ကမ္ဘာ့ပြည်သူ တွေကြားမှာ ဘယ်တော့မှ ဘယ်တော့မှ မေ့ပျောက်မှာ မဟုတ်ဘူး။ သူ့ရန်သူတွေ ကြားမှာတောင် ချေကို သတ်လိုက်တဲ့အတွက် အငြင်း အခုံဖြစ်နေကြသေးတယ် မဟုတ်လား။

သမိုင်းမတိုင်မီခေတ်က လူတွေဟာ လူတစ်ယောက်လုပ်တဲ့ အတိုင်း လိုက်လုပ်ကြတယ်။ ဆင်းရဲတဲ့သူတွေရဲ့ အကျိုးအတွက် လူတွေ အားလုံးကလည်း အလုပ်လုပ်ကြတယ်။ အဲဒီကာလက မရှိတာကို အတူတူမျှဝေစားကြတယ်။ ဆင်းရဲ၊ ချမ်းသာဆိုတဲ့ ကွဲပြားတဲ့ အဆင့် အတန်းမရှိခဲ့ကြဘူး။ နေထိုင်စရာအတွက် ပိုပြီး လုံခြုံတဲ့ နက်ရှိုင်းတဲ့ နေရာတွေမှာ အတူတကွနေထိုင်ခဲ့ကြတယ်။ လူတန်းစားကွဲပြားမှု ရှိလာတဲ့အခါ နယ်ချဲ့စနစ်ရှိလာတဲ့အခါ နယ်ချဲ့သမားရန်သူတွေဟာ

သူတို့ရဲ့အကျိုးစီးပွားအတွက်ပဲ လူတွေအပေါ်မှာ ဖိနှိပ်သွေးစုပ်ခဲ့ကြပါ တယ်။ ချေဟာ အဲ့ဒီလိုနယ်ချဲ့သမားတွေကို ဆန့်ကျင်တိုက်ပွဲဝင်ရင်း ကျဆုံးသွားခဲ့ပါတယ်။ သူရဲ့ကျဆုံးခြင်းဟာ ကျန်တဲ့သူတွေကို စံနမူနာ ပြလိုက်တာပါပဲ။ ပြည်သူတွေအတွက် မျိုးစေ့ချပေးလိုက်တာပဲ။ သူရဲ့ စွန့်လွှတ်မှုကို နမူနာယူဖို့ ပြည်သူတွေကို ပြလိုက်တာဖြစ်တယ်။ လူပေါင်း များစွာဟာ သူရဲ့နမူနာအတိုင်း လျှောက်လှမ်းကြဖို့ သံန္နိဋ္ဌာန်ချခဲ့ကြ ပါတယ်။

ချေ ကျဆုံးသွားတဲ့ထိုးနှက်မှုကနေ ကျွန်တော်တို့လက်တင် အမေရိကတိုက်ဟာ ပြန်လည်နာလန်ထလာပြီး ကျွန်တော်တို့တိုက်ရဲ့ တော်လှန်ရေးအကျိုးစီးပွားအတွက် ဆက်လက်တိုက်ပွဲဝင်မယ်ဆိုတာကို ကျွန်တော်တို့ လုံးဝသဘောပေါက်ပါတယ်။ ဒီလို ထိုးနှက်မှုဟာ ဒီ လက်တင်အမေရိကတိုက်ရဲ့ တော်လှန်ရေးလှုပ်ရှားမှုတွေကို ဖြိုခွင်းလို့ မရနိုင်ဘူးဆိုတာ နားလည်သဘောပေါက်သင့်ပါတယ်။ တော်လှန်တဲ့ အမြင်၊ ပြည်သူလူထုရဲ့အမြင်ကနေ ကြည့်မယ်ဆိုရင် ချေရဲ့နမူနာဟာ ဘယ်လောက်ထွန်းပြောင်သလဲဆိုတာ သိမြင်ရမယ်။ သူကို ဆုံးရှုံးခဲ့ရတဲ့ အတွက် ကျွန်တော်တို့ ဘယ်လောက်ခံစားခဲ့ရသလဲ ဆိုတာလည်း သိရှိရ တယ်။ သူ ကျဆုံးသွားတဲ့အတွက် သူရဲ့အရေး အသားတွေကို အသစ် တွေ့ရှိတော့မှာ မဟုတ်ဘူး။ သူအသံကိုလည်း ကြားရတော့မှာ မဟုတ်ပါ ဘူး။ ဒါပေမဲ့ ချေက ကမ္ဘာကြီးကို အမွေပေးခဲ့ပါတယ်။ ကြီးမားတဲ့ အမွေဖြစ်တယ်။ စွန့်လွှတ်အနစ်နာ ခံမှုဆိုတဲ့ သူရဲ့နမူနာကို ကမ္ဘာကြီးက သိရှိသွားစေတယ်။

ကျွန်တော်တို့အတွက် တော်လှန်တဲ့တွေးခေါ်မှုကို ထားရစ်ခဲ့ သလို၊ တော်လှန်တဲ့အကျင့်သီလကိုလည်း ထားရစ်ခဲ့ပါတယ်။ သူရဲ့ အတွေးအခေါ်၊ သူရဲ့စရိုက်၊ သူရဲ့အကျင့်သီလ၊ ဇွဲသတ္တိနဲ့ သူရဲ့ အလုပ် အပေါ် ထားရှိတဲ့အမြင်တွေကိုလည်း ကျွန်တော့်တို့အတွက် ထားရှိခဲ့ပါ တယ်။ စကားတစ်လုံးတည်းနဲ့ ပြောရမယ်ဆိုရင်တော့ သူရဲ့ စံပြနမူနာကို

ကျွန်တော်တို့အတွက် ထားရစ်ခဲ့တယ်လို့ ဆိုရမယ်။ ချေရဲ့ နမူနာဟာ စံပြလည်းဖြစ်တယ်။ ကျွန်တော်တို့ပြည်သူတွေအားလုံး နမူနာယူစရာ ဖြစ်တယ်။ ချေရဲ့နမူနာဟာ ကျွန်တော်တို့ ပြည်သူတွေအားလုံးအတွက် တကယ့်ကို စံထားရတဲ့ နမူနာဖြစ်ပါတယ်။

ကျွန်တော်တို့တော်လှန်ရေးအတွက် ကျွန်တော်တို့ဖော်ညွှန်းချက် ကို ဖော်ပြမယ်ဆိုရင် ကျွန်တော်တို့ဟာ အမြဲတမ်း တိုက်ပွဲဝင်နေမယ့် တိုက်ပွဲဝင်စစ်သည်တွေအဖြစ် အမြဲတမ်း ထက်သန်နေတဲ့ စိတ်ဓာတ်ကို ပြည်သူတွေအားလုံးမှာ ရှိနေကြရမယ်။ ကျွန်တော်တို့ တော်လှန်ရေး အကျိုးစီးပွားအတွက် တိုက်ပွဲဝင်နေသူတွေဖြစ်နေမယ်ဆိုတာ တံ့နှေးခြင်းမရှိပြောဆိုရပါမယ်။ ချေလိုဖြစ်အောင် မကြိုးစားသင့်ဘူးလား။ အနာဂတ်မျိုးဆက်တွေမှာ ချေဟာ ဘယ်လိုပုဂ္ဂိုလ်မျိုး ဖြစ်သလဲဆိုတာ ရှင်းလင်းပြောပြရမယ်။ သူတို့ကို အဲ့ဒီလို သူရဲကောင်း ဖြစ်ခွင့်လည်း ပေးရမယ်။ ကျွန်တော်တို့ကလေးတွေကို ပညာပေးတဲ့အခါ ချေ ဆိုတဲ့တော်လှန်ရေးသမား တစ်ယောက်ဖြစ်ဖို့၊ သူတို့စိတ်ထဲမှာ နက်နက်ရှိုင်းရှိုင်း စွဲနေဖို့ ကျွန်တော်တို့က သွန်သင် ဆုံးမရမယ်။ အနာဂတ်မျိုးဆက်တွေမှာ လူသားတွေရဲ့ စံနမူနာအဖြစ် ချေဘယ်လို ဆောင်ရွက်ခဲ့သလဲဆိုတာ သိရှိစေရပါမယ်။ စံပြသူရဲကောင်းတစ်ယောက်ကို ကျွန်တော့်ရဲ့ အနက်ရှိုင်းဆုံးတစ်နေရာမှာ ထားရှိထားပါတယ်။ သူရဲ့လှုပ်ရှားမှုကို ကျွန်တော့် အနေနဲ့ တစ်ကြိမ်တစ်ခါမှ သံသယမရှိခဲ့ပါဘူး။ သူရဲ့အပြုအမူဟာ လုံးဝယုံမှားစရာမရှိတဲ့ အပြုအမူဖြစ်တယ်။ ကျွန်တော်တို့ရဲ့ကလေးတွေအားလုံးကို ဘယ်လိုဖြစ်စေချင်သလဲဆိုရင် ချေလို သူရဲကောင်းဖြစ်စေချင်တယ်ဆိုတာ ထုတ်ဖော်ပြသရမယ်။ ကျွန်တော်တို့ရဲ့ နှလုံးသားထဲကနေ ချေလို သူရဲကောင်းတွေ ရှိရမယ်လို့ ပိုင်းပိုင်းဖြတ်ဖြတ် ဆုံးဖြတ်ထားရမယ်။ ကျွန်တော်တို့ဟာ ချေလို ဖြစ်အောင် ကြိုးစားကြပါစို့။

အနာဂတ်လူသားတွေအတွက် ဘယ်လိုစံပြပုဂ္ဂိုလ်ဖြစ်သင့်သလဲဆိုရင် ကျွန်တော်တို့က ချေကို လက်ညှိုးထိုးပြရပါမယ်။ ကျွန်တော်တို့

နိုင်ငံက ပြည်သူတွေတင်မကဘူး။ လက်တင်အမေရိက တိုက်တစ်ခုလုံးက ပြည်သူတွေအတွက်ပါ စံပြပုဂ္ဂိုလ်ဖြစ်တယ်။ စွန့်လွှတ်အနစ်နာခံမှုဆိုတဲ့ တော်လှန်ရေးစိတ်ဓာတ်ကို ပြသခဲ့တယ်။ ဘော်လှန်တဲ့တိုက်ပွဲဝင်မှုကိုလည်း ပြနိုင်ခဲ့တယ်။ အလုပ်အတွက် လက်တွေ့တိုက်ပွဲဝင်ပြနိုင်ခဲ့တယ်။ ချေဟာ မာ့စ်ဝါဒ၊ လီနင်ဝါဒရဲ့ အခြေခံအကြောင်းတွေကို ယူဆောင်လာနိုင်ခဲ့သလို လတ်ဆတ်တဲ့၊ သန့်ရှင်းတဲ့ တော်လှန်ရေးစိတ်ဓာတ်ကို ဖော်ပြနိုင်ခဲ့တယ်။ သူရဲ့ ပစ္စည်းမဲ့ နိုင်ငံတကာဝါဒအတွက် အစွန့်လွှတ်အနာခံတဲ့ စိတ်ဓာတ်ကို ကျွန်တော်တို့ခေတ်က ဘယ်သူမှ အကောင်အထည်မဖော်နိုင်ခဲ့ဘူး။

ကျွန်တော်တို့ဟာ ပစ္စည်းမဲ့နိုင်ငံတကာ ဝါဒီတစ်ယောက် အကြောင်းကို ပြောတဲ့အခါ သူ့ကို နမူနာထားပြီး ပြောဆိုကြရတယ်။ ချေရဲ့ နမူနာအတိုင်း နိုင်ငံတကာဝါဒီဖြစ်အောင် ရှင်းပြကြရပါတယ်။ နိုင်ငံတော်အလံတွေ၊ အာယာတတွေ၊ လူမျိုးကြီးဝါဒတွေ၊ ကိုယ်ကျိုးစီးပွားရှာတဲ့အမြင်တွေဟာ သူရဲ့အမြင်မှာ လုံးဝပျောက်ကွယ်သွားခဲ့ပြီ။ တစ်နိုင်ငံ၊ လူမျိုးတစ်မျိုးဆိုတဲ့ ကိုယ်ကျိုးစီးပွားမရှိတော့ဘူး။ သူဟာ တော်လှန်ရေးအတွက် အသက်ပေးလှူတဲ့ စိတ်ဓာတ်ရှိနေသူ ဖြစ်တယ်။ ဒါကြောင့် သူဟာ ဘယ်လူမျိုးအတွက်မဆို၊ ဘယ်နိုင်ငံအတွက်မဆို သူတို့အကျိုးစီးပွားကို ဆောင်ရွက်ပေးမယ်လို့ ပိုင်းဖြတ်ထားသူ ဖြစ်ပါတယ်။

ဒါ့ကြောင့် သူရဲ့သွေးတွေဟာ ကျွန်တော်တို့မြေမှာ စွန်းထင်းနေပါပြီ။ တိုက်ပွဲများစွာမှာ သူ ဒဏ်ရာတွေရခဲ့တဲ့အတွက် ကျွန်တော်တို့မြေမှာ သူ့သွေးတွေ စွန်းထင်းနေတာဖြစ်ပါတယ်။ အဲ့ဒီသွေးတွေနဲ့ အတူ ဘိုလီဗီးယားမှာကျခဲ့တဲ့ သွေးတွေဟာ ရောယှက်သွားပါတယ်။ ဒီသွေးတွေဟာ သွေးစုတ်ခံနဲ့ အဖိနှိပ်ခံခဲ့ရတဲ့လူတွေ ကျဆုံးခဲ့တဲ့ သွေးတွေဖြစ်တယ်။ ဒီသွေးတွေဟာ သွေးစုတ်ခံအားလုံး၊ အဖိနှိပ်ခံ အားလုံးအတွက် ကျဆုံးခဲ့တဲ့ သွေးတွေလည်းဖြစ်တယ်။ ချေရဲ့ သွေးတွေဟာ

အမေရိကက ပြည်သူတွေအားလုံး၊ ဗီယက်နမ်က ပြည်သူတွေအားလုံး အတွက် ကျဆင်းခဲ့တာ ဖြစ်တယ်။ သူဟာ ဘိုလီဗီးယားမှာ တိုက်ပွဲဝင်ရင်း တခြားနိုင်ငံကလူတွေအတွက်ပါ တိုက်ပွဲဝင်ခဲ့သူဖြစ်တယ်။ နယ်ချဲ့စနစ်နဲ့ ဗိုလ်ကျစိုးမိုးနေတာကို သူက ဆန့်ကျင်တိုက်ပွဲဝင်ခဲ့တယ်။ သူရဲ့ စိတ်ဓာတ်ဟာ ဗီယက်နမ်ပြည်သူတွေအတွက် အမြင့်မားဆုံး စံပြစိတ်ဓာတ်အဖြစ် ဗီယက်နမ်က ပြည်သူတွေအားလုံး ယုံကြည်ခဲ့ပါတယ်။

ဒီအကြောင်းအချက်နဲ့ ကျွန်တော်တို့ဟာ တော်လှန်ရေး ရဲဘော်တွေအားလုံး အနာဂတ်ကို မျက်နှာမူပြီး ပိုင်းဖြတ်ချက်ရှိရှိနဲ့ စိတ်ဓာတ်ပြင်းပြစွာနဲ့ ချေရဲလုပ်ဆောင်ချက်ကို အခိုင်အမာ စိုက်ထူရမယ်။ အကောင်းမြင်ဝါဒနဲ့ကြည့်ရမယ်။ ချေရဲ့ နမူနာကိုယူပြီး ချေရဲ့ လမ်းကြောင်းအတိုင်း လိုက်လျှောက်ရမယ်။ တိုက်ပွဲဝင်စိတ်ဓာတ်၊ ဇွဲရှိသူ၊ ရန်သူကို မပြတ် ထိုးနှက်မှု၊ နိုင်ငံတကာဝါဒ စိတ်ဓာတ်တွေ ကျွန်တော်တို့မှာ အမြဲရှိနေရမယ်။

ဒါကြောင့် ဒီနေ့လို အခမ်းအနားကျင်းပပြီးတဲ့နောက် ပြည်သူ အမြောက်အမြား ပါဝင်ဆင်နွှဲတဲ့ လူထုဆန္ဒပြပွဲကြီးကို ကျင်းပ ပြီးတဲ့နောက် ကျွန်တော်တို့အနေနဲ့ သွေးစည်းညီညွတ်တဲ့စိတ်ဓာတ်ကို ကိုင်စွဲရမှာဖြစ်တယ်။ ချေရဲ့ စံနမူနာကိုယူပြီး ချေကို အမြဲသတိရ နေကြပါတယ်။ သူရဲ့ စွန့်လွှတ်မှု၊ တိုက်ပွဲဝင် စိတ်ဓာတ်၊ ရဲစွမ်းသတ္တိကို မမေ့မပျောက်ဘဲ ပြည်သူတွေအားလုံး သွေးစည်းညီညွတ်နေကြပါတယ်။ တော်လှန်ရေး အောင်တံခွန်တွေကို မြင့်မြင့်မားမား စိုက်ထူ၊ တော်လှန်ရေးမူတွေကို ကိုင်စွဲပြီး မပြီးဆုံးသေးတဲ့ တော်လှန်ရေးကို ဆက်လက်ဆင်နွှဲရလိမ့်မယ်။ အနာဂတ်အတွက် အကောင်းမြင်ဝါဒကို စိုက်ထူရမယ်။ အကောင်းမြင် စိတ်ဓာတ်ကို ခံယူထားရမယ်။ ချေနဲ့ သူရဲကောင်းတွေအသက်ပေး တိုက်ပွဲဝင်ခဲ့သလို ကျွန်တော်တို့လည်း တိုက်ပွဲဝင်မယ်လို့ ဒီနေရာကနေ ပြောကြားလိုပါတယ်။

"အောင်ပွဲအတွက် ချီတက်ကြစို့
နိုင်ငံအတွက် အသက်ပေးကြစို့
ကျွန်တော်တို့အောင်ပွဲခံမှာ သေချာပါတယ်။"

အခန်း(၄)

ချေဂွေဗားရား၏နေ့စဉ်မှတ်တမ်းကို ကိုယ်နှင့်မကွာ သူယူ ဆောင်သွားလေ့ရှိသည်။ ဘိုလီဗီးယား ပြောက်ကျားစစ်ပွဲကာလတွင် သူကိုယ်၌ ထိုနေ့စဉ်မှတ်တမ်းပါလာသလို နေ့စဉ်လည်း ရေးလေ့ရှိသည်။ ၁၉၆၇ ခုနှစ် အောက်တိုဘာလ (၈)ရက်နေ့ သူကို ပစ်ခတ်ဖမ်းဆီး မိစဉ်မှာ သူ့ဒိုင်ယာရီကို စစ်တပ်က သိမ်းဆည်းယူငင်သွားလေသည်။ ထိုသို့ယူသွားပြီးနောက် မိတ္တူကူး၍ ဘိုလီဗီးယားအစိုးရက ပင်တဂွန် စစ်ဌာနချုပ်နှင့် CIA တို့ကို ပေးပို့ခဲ့လေသည်။ မူရင်းကိုမူ သူတို့ယူထားသည်။ CIA ကို ပေးပို့သော မိတ္တူမှန်၍ အနံ့ခံကောင်းသော သတင်းစာဆရာများက ထပ်မံမိတ္တူကူးယူ၍ သတင်းစာထဲတွင် ထည့်လိုက်သည်။ ဘိုလီဗီးယားအစိုးရကလည်း ချေ၏ မူရင်းဒဏ္ဍာရီကို သူတို့ပိုင်ဆိုင်သည့်အလား ပုံနှိပ်ထုတ်ဝေတော့သည်။ ပုံနှိပ်မည့် ထုတ်ဝေသူကို ဒေါ်လာ ၃ သိန်းမက ရောင်းချခဲ့သည်။ သို့သော် ထိုစာအုပ်မှာ ကြာကြာ မခံပါ။ အဘယ့်ကြောင့်ဆိုသော် ကျူးဘားအစိုးရသည် ထိုနေ့စဉ်မှတ်တမ်း၏မိတ္တူများကို ဘိုလီဗီးယား ပြည်ထဲရေးဝန်ကြီးမှတစ်ဆင့် လက်ခံရရှိခဲ့သည်။ ပြည်ထဲရေးဝန်ကြီးမှာ အန်တိုနီယိုအာဂွိဒက်စ်ဖြစ်သည်။ ထိုသို့ ရောင်းချသည့်အတွက် အာဂွိဒက်စ်က ဘိုလီဗီးယားတွင် နေထိုင်လျှင် သူ့အသက်အန္တရာယ် စိုးရိမ်ရသောကြောင့် နိုင်ငံခြားသို့

ထွက်ပြေးတိမ်းရှောင်ခဲ့လေသည်။

မူရင်းဒိုင်ယာရီ၏မိတ္တူအစစ်အမှန်ကို ရရှိခဲ့သော်လည်း ပိုမို၍ သေချာအောင် စစ်ဆေးခဲ့ပါသည်။ လက်ရေးလက်သားကအစဟုတ်၊ မဟုတ်ကို အသေအချာ စစ်ဆေးသည်။ ထို့ပြင် ဘိုလီဗီးယားသို့ ချေနှင့်အတူ ပါသွားပြီး ချေကျဆုံးသော တိုက်ပွဲ ကျူးဘားတပ်သား ၃ ယောက်၏ အတည်ပြုချက်ကို ရယူခဲ့သည်။ ချေကို ဘိုလီဗီးယားစစ်တပ်က ချုံခိုတိုက်ခိုက်စဉ်တွင် ကျသူ ကျ၊ ဒဏ်ရာရသူ ရ၊ တောထဲသို့ ထွက်ပြေးသူက ထွက်ပြေးဖြစ်နေစဉ်တွင် ထိုရဲဘော် ၃ ယောက်မှာ လူစု ကွဲသွားသည်။ နောက် သူတို့ ၃ ယောက် ပြန်တွေ့ခဲ့ပြီး အန်းဒက်စ်ဒေသကို တိတ်တဆိတ်ဖြတ်ပြီး ချီလီဒေသသို့ ခြေလျင်ခရီးဆက်ခဲ့ကြပါသည်။ ၁၉၆၈ ခု၊ ဇူလိုင် ၁ ရက်နေ့၌ ချေ၏နေ့စဉ်မှတ်တမ်းကို ကျူးဘားတွင် ပုံနှိပ်ထုတ်ဝေကာ ကျူးဘားပြည်သူများကို အခမဲ့ဖြန့်ဝေပေးခဲ့သည်။ တခြားနိုင်ငံများသို့ လည်း ဘာသာပြန်၍ ဖြန့်ချိလေသည်။ အင်္ဂလိပ်ဘာသာဖြင့် ပြန်ဆိုသော ချေ၏နေ့စဉ်မှတ်တမ်းကို ရန်းပတ်စ်မဂ္ဂဇင်း Ranparts Magazine ၏ အထူးထုတ်တွင် ဖော်ပြ၏။ ထိုဖော်ပြသော မဂ္ဂဇင်းကို စောင်ရေ ၂ သိန်းကျော် ထုတ်ဝေခဲ့ပါသည်။

ထိုနေ့စဉ်မှတ်တမ်းနှင့်ပတ်သက်ပြီး အစစ်အမှန်မဟုတ်၊ အတုဖြစ်သည်ဟု တချို့က ဆိုကြသည်။ ဘိုလီဗီးယားသမ္မတ ဘာရီယန်တော့စ်က "နေ့စဉ်မှတ်တမ်းမှာ အတုဖြစ်သည်။ ချေ၏ နေ့စဉ်မှတ်တမ်း အစစ်မဟုတ်။ စိတ်ကူးယဉ်ရေးထားသော ဒိုင်ယာရီဖြစ်သည်"ဟု စွပ်စွဲလေသည်။ ကက်စထရိုကလည်း မိမိတို့ရရှိထားသော မိုက်ကရိုဖလင်ကို နိုင်ငံတကာမီဒီယာများသို့ပေးပို့ပြီး ထို မိုက်ကရိုဖလင်နှင့် ဒိုင်ယာရီအစစ်တူ မတူကို ဘိုလီဗီးယားအစိုးရက စစ်ဆေးကြည့်နိုင်သည်။ ဘိုလီဗီးယားအစိုးရအနေဖြင့် မူရင်းကို ထုတ်ဝေလျှင် အစစ်၊ အတုခွဲခြား၍ ရနိုင်မည်ဟု ပြန်လည်တုံ့ပြန် ပြောဆိုလေသည်။ အောက်တွင်ဖော်ပြချက်များမှာ ၁၉၆၈ ခုနှစ်က ထုတ်ဝေသော ချေ၏ဒိုင်ယာရီတွင် ဖီဒဲလ်

ကက်စထရိရေးသားသော အမှာဖြစ်ပါသည်။

"ဒိုင်ယာရီရေးခြင်းသည် ချေ၏စရိုက်ဖြစ်ပါသည်။ ပြောက်ကျား စစ်ပွဲနေ့ရက်များက (ကျူးဘားတော်လှန်ရေးစစ်ပွဲကာလကို ဆိုလိုသည်) သူသည် နေ့စဉ် အဖြစ်အပျက်များကို မပြတ်ဂရုစိုက်ပြီး မှတ်တမ်းရေးလေ့ရှိသည်။ သူ၏ပုဂ္ဂိုလ်ရေးဒိုင်ယာရီတွင် သူရေးချင်သော အကြောင်းများကို ရေးထည့်ထားပါသည်။ ထိုပြောက်ကျား စစ်ပွဲကာလကလည်း ခရီးရှည်ခြီတက်ရာတွင် ခလုတ်တံသင်းများ၊ တောတောင်များ၊ တောင်စောင်းများကို သွားရာတွင် သူသည်နားသည်နှင့် ဒိုင်ယာရီကို ရေးပါသည်။ ရွှံနွံတောများ၊ သစ်တောများထဲ ဖြတ်သန်းရင်းနှင့်လည်း နေ့စဉ်မှတ်တမ်း ရေးလေ့ရှိ၏။ ထိုအချိန်က ကျွန်တော်တို့ကျောမှားပေါ်တွင် လက်နက်ခဲယမ်းများနှင့် ပစ္စည်းများကို သယ်ပိုးထား၍။ လက်တွင်လည်း လက်နက်များကို ကိုင်ဆောင်ထားရပါသည်။ ထိုသို့သွားပြီး ခဏနားသည့်အချိန် သို့မဟုတ် ရှေ့ပြေးကင်းထောက်တပ်ဖွဲ့သတင်းကို ရယူစဉ် တစ်အောင့်ကာလ၌ သူသည် နေ့စဉ်မှတ်တမ်းကို ရေးချသည်။ မည်မျှမောပန်းနေသည့်တိုင် ချေသည် သူ၏အလေ့အထကို ဖျက်မပစ်ပါ။ သူ ချစ်စနိုးနောက်ပြောင်ခေါ်လေ့ရှိသည့် ကျူးဘားများထဲမှ မှတ်စုစာအုပ်ကလေးများကို တောင်းယူ၍ နေ့စဉ်မှတ်တမ်းကို မပြတ်ရေးလေ့ရှိသည်။ ဆရာဝန်တစ်ယောက် လက်ရေးပီပီ ဖတ်ရသည်မှာလည်း ရှုပ်ရှုပ်ထွေးထွေးဖြင့် သူသည် သူ၏ဒိုင်ယာရီကို မပြတ်ရေး လေ့ရှိပါသည်။

ကျူးဘားတော်လှန်ရေးစစ်ပွဲကာလက သမိုင်းဝင် အဖြစ်အပျက်များကို အလွန်ပင် အံ့သြစရာကောင်းသော အဖြစ်အပျက်များ ရေးသားထားသည့် သူ၏နေ့စဉ်မှတ်တမ်းများကို သိမ်းဆည်းထားပါသည်။ ထိုနေ့စဉ်မှတ်တမ်း တစ်လျှောက် အဖြစ်အပျက်များကို အပြည့်အစုံ ဖော်ပြ၏။ လူသားတို့၏ အနှစ်သာရများကိုလည်း ဖော်ပြသည်။ ပညာပေးရေးအတွက်လည်း အလွန် အသုံးဝင်ပါသည်။ ယခု နေ့စဉ်

မှတ်တမ်းတွင်မူ အဓိကကျသော အဖြစ်အပျက်များကိုသာ နေ့စဉ် ရေးသားခဲ့သည်ကို တွေ့ရသည်။ ထို့အတွက် သူ့ကို ကျေးဇူးတင်ရမည် ဖြစ်သည်။ ဖြစ်စဉ်အတိအကျများကို ရေးသားခဲ့သည်မှာ တန်ဖိုးမဖြတ်နိုင်ပါ။ ဘိုလီဗီးယားတွင် တိုက်ပွဲဝင်ခဲ့သော သူ၏နောက်ဆုံးလများအတွင်း ဖြစ်စဉ်အတိအကျကို ရေးပြီးသတင်းအဖြစ် ထားရှိခဲ့သဖြင့် ကျွန်တော်တို့အခြေအနေမှန်ကို သိရပါသည်။ ဤမှတ်တမ်းကို အများအတွက် ပုံနှိပ်ထုတ်ဝေရန် ရေးသားခဲ့ခြင်း မဟုတ်ပေ။ အဖြစ်အပျက်များအကြောင်း၊ အခြေအနေအကြောင်းနှင့် ပြည်သူများအကြောင်းကို သူတွေ့ရှိသမျှ ရေးသားခဲ့ခြင်းဖြစ်သည်။ ထိုပြောက်ကျားစစ်ပွဲကာလက အခြေအနေများကို စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာအရ အကဲဖြတ်ထားသည်။ တချို့ရယ်စရာကောင်းသော အဖြစ်အပျက်များကိုလည်း ရေးသား ထားသည်။ အစမှအဆုံးတိုင် အခြေအင်နှင့် ပြောက်ကျားစစ်ပွဲအကြောင်းကို အဆက်အစပ်ရှိရှိ ရေးသားထားသော နေ့စဉ်မှတ်တမ်းဖြစ်ပါသည်။

နေ့စဉ် ကြုံတွေ့ခဲ့သောအဖြစ်များကို ဦးနှောက်ထဲသိမ်းဆည်းထားပြီးနောက် အနားယူချိန်လေးအတွင်းမှာ ပြန်လည်ရေးချခြင်း ဖြစ်သည်။ နားချိန်နည်းလွန်းသောကြောင့် ဤကဲ့သို့ အဖြစ်များကိုချမရေးနိုင်ဘဲ ခေါင်းထဲထားခဲ့ခြင်းဖြစ်ပါသည်။ ဤသို့ လုပ်ရပ်မျိုးကို သာမန်လူများ မလုပ်နိုင်ပေ။ သူက မှတ်ဉာဏ်ကောင်းပြီး သူ ကြုံတွေ့ခဲ့သမျှကို အသေးစိတ်ရေးသားနိုင်ပါသည်။ ခက်ခဲပြင်းထန်သော အချိန်များတွင် ပြောက်ကျားတပ်ဖွဲ့များမှာ ရန်သူအချေအမှုန်း မခံရအောင် ရှောင်လွှဲနေရသည်။ လက်နက်မှာလည်း အားနည်း၊ လူအင်အားမှာလည်း အဆမတန်ကွာသောကြောင့် ရန်သူ၏စစ်ကြောင်းနှင့် လွှဲရှာသို့ ပြေးလွှားနေရသည်။ ထိုအချိန်မျိုးမှာပင် ချေသည် သူ၏နေ့စဉ်မှတ်တမ်းကို ရေးခဲ့လေသည်။

နေ့စဉ်မှတ်တမ်းတွင် ကြုံတွေ့ခဲ့သောအဖြစ်အပျက်များကို

အသေးစိတ် ချရေးခဲ့သလို သုံးသပ်မှုများလည်းပါသည်။ နေ့စဉ် မှတ်တမ်းများကို နေ့စဉ် ချရေး၊ နေ့စဉ် သုံးသပ်သည်။ တိုက်ပွဲအနိုင်၊ အရှုံးကိုလည်း ဝေဖန်သုံးသပ်၏။ တော်လှန်သော ပြောက်ကျားတိုက်ပွဲတွင် ဤကဲ့သို့ ဝေဖန်သုံးသပ်မှုမှာ အရေးကြီးလှသည်။

ပြောက်ကျားတပ်ဖွဲ့အတွင်း၌ မိမိ၏အခြေအနေ၊ ရန်သူ၏ အခြေအနေကို သုံးသပ်ဖို့မှာ အလွန်အရေးပါ၏။ ရန်သူ့အင်အား၊ မိမိအင်အားကို သုံးသပ်ရမည်ဖြစ်သလို လက်နက်ခဲယမ်းမီးကျောက် နှင့် ပတ်သက်၍လည်း သုံးသပ်ရမှာ အလွန်အရေးကြီးသည်။ ထိုသို့ သုံးသပ်ရာတွင် အသေးအဖွဲ ပြဿနာများကိုပါ သုံးသပ်ဖို့လိုသည်။ စစ်ပွဲတွင် အသေးအမွှားဟုထင်ရသောအချက်က အကြီးမားဆုံး ပြဿနာဖြစ်တတ်သလို အဆုံးအဖြတ်ပေးရသော ကိစ္စမျိုးလည်း ဖြစ်နိုင်သည်။ သူသည် အဖြစ်အပျက်တစ်ခုစီကို သုံးသပ်ထားသည်။ ရဲဘော်များ အနေဖြင့် အနာဂတ်တိုက်ပွဲများကို ဆင်နွှဲရာ၌ ယခုအခြေအနေများကို ပြန်လည်သုံးသပ် သင်ခန်းစာယူရမည်ဖြစ်သည်။ အနာဂတ်ကေဒါများမှာ ထိုသို့ အဖြစ်အပျက်များကို သင်ခန်းစာယူနိုင်မှ တော်လှန်ရေးကို အောင်မြင်အောင် ဆင်နွှဲနိုင်မည်ဖြစ်သည်။

ပြောက်ကျားတပ်ဖွဲ့ဝင်တစ်ယောက်ကို လေ့ကျင့်ပျိုးထောင်ပေးရသည်မှာ အရေးကြီးလှပါသည်။ လူတစ်ယောက်စီ၏ အသိစိတ်ဓာတ်နှင့် သူတို့၏ အလေးထားမှုပေါ်မူတည်ပြီး ပြောက်ကျားကောင်းတစ်ယောက်ဖြစ်လာရပါသည်။ ချေသည် တော်လှန်ရေးသမားတစ်ယောက်နှင့် မည်သို့ထိတွေ့ဆက်ဆံရမည်ကို သဘော ပေါက်သည်။ တော်လှန်ရေးသမားကောင်းဖြစ်အောင် လေ့ကျင့်ပျိုး ထောင်ပေးရာတွင် စိတ်ရှည်ဖို့၊ သည်းခံဖို့ လိုအပ်သည်။ မားကို့စ်ကို တော်လှန်ရေးအဖွဲ့ထဲ ပါဝင်ဖို့ ချေက အမျိုးမျိုး စည်းရုံးခဲ့သည်။ သူကလည်း အမြင်ငြင်းပယ်ခဲ့၏။ သူ့အနေဖြင့် ပြောက်ကျားအဖွဲ့ထဲဝင်ဖို့ အရည်အချင်းမရှိဟု ဆိုသည်။ မားကို့စ်က "ကျွန်တော့်ကို စည်းရုံး မနေပါနဲ့ဗျာ။ ပစ်သာ သတ်လိုက်ပါ

တော့" ဟု ပြောလေ့ရှိသည်။ သို့သော် နောက်ဆုံး သူပြောက်ကျားတပ်ဖွဲ့ ထဲဝင်လာပြီး တိုက်ပွဲတိုင်းတွင် ထူးချွန်စွာ တိုက်ခိုက်နိုင်သူဖြစ်လာသည်။ ချေမှာ ထိုသို့စိတ်ရှည်စွာ စည်းရုံးနိုင်သူဖြစ်လေသည်။ သူ့ကြောင့်လည်း တော်လှန်ရေးသမား အမြောက်အများ ပေါ်ထွန်းလာခဲ့သည်။ ချေက သူ့ကိုယ်သူ တော်လှန်ရေးသမားအဖြစ် ခံယူထားသောကြောင့် အဖိ နှိပ်ခံ လူထုအတွက် စွန့်လွှတ်ဖို့ အဆင်သင့်ရှိလေသည်။ သူသည် ရဲဘော်ရဲဘက် ပီသသော၊ လူဆန်သော ခေါင်းဆောင်တစ်ယောက် ဖြစ်ပါသည်။ တစ်ချိန် တည်းတွင် ရဲဘော်များထံမှ တိုက်ပွဲတွင် ရဲရဲရင့်ရင့် တိုက်ခိုက်ဖို့ ဆုံးဖြတ် ချက်ကို တောင်းခံနိုင်သူလည်း ဖြစ်သည်။ သူကအရာရာကို အလေး ထား၏။ ကျန်သည့်ရဲဘော်များကိုလည်း အလေးထားစေချင်သည်။ သူက ပြတ်ပြတ်သားသားဖြင့် အရာရာကို အလေးထားတတ်၏။ ပြောက်ကျား တပ်၏စိတ်ဓာတ် ကောင်းမှုမှာ စည်းကမ်းကို အခြေခံထားသည်ဟု သူ နားလည်သည်။ သူကိုယ်တိုင်ကလည်း ရဲဘော်များအတွက် နမူနာပြခဲ့ပါ သည်။

နေ့စဉ်မှတ်တမ်းထဲတွင် ဒီဘရေးကို ညွှန်းဆိုထားချက် အများ အပြားပါဝင်သည်။ ဒီဘရေးကို ချေက အလွန်လေးစား၏။ သူသည် တော်လှန်သောစာရေးဆရာတစ်ယောက်ဖြစ်ကာ အဖမ်းခံရပြီး ထောင် ကျသွားခဲ့သည်။ ဥရောပသို့ တာဝန်ဖြင့်စေလွှတ်ခဲ့ဖူးသော ရဲဘော်တစ် ယောက်လည်း ဖြစ်ပါသည်။ ချေက သူ့ကို ပြောက်ကျားတပ်ဖွဲ့တွင် နေစေလိုပါသည်။ ဒီဘရေး၏ စံပြလုပ်ရပ်များကို ချေက သူ၏မှတ်တမ်း ထဲတွင် ရေးထည့်ထားသည်။ တစ်ခါတစ်ရံတွင် ချေသည် သည်းမခံတတ် ပေ။ တချို့က ချေ၏အပြုအမူနှင့်ပတ်သက်ပြီး သံသယဝင်တတ်ကြ သည်။

ဒီဘရေး (Debray)၏ခ ရီးစဉ်နှင့်ပတ်သက်ပြီး ချေ မသိခဲ့ပေ။ ဒီဘရေးသည် ဖောက်ပြန်ရေးတပ်ဖွဲ့များ၏ လက်ထဲကျရောက် ပြီး နောက် အကြီးအကျယ် နှိပ်စက်ခံရသည်။ သို့သော် သူသည် ရဲရင့်

ပြောင်မြောက်စွာဖြင့် ရန်သူများကို ရင်ဆိုင်ခဲ့သည်။ သူ့ကို ဖမ်းထား သူများက သူ့ကို လူစဉ်မမီအောင် ရက်စက်ညှင်းပန်းခဲ့၏။ သူကလည်း မှတ်တမ်းရေးထားခဲ့လေသည်။ ထို့နောက် အောက်တိုဘာလ (၃)ရက်နေ့ တွင် ရုံးတင်စစ်ဆေးကာ သူ့ကို သတ်ဖြတ်ပစ်လိုက်လေသည်။ ချေ မသေခင် ၆ ရက်လောက်က ဒီဘရေးနှင့်ပတ်သက်ပြီး မှတ်တမ်းထဲတွင် ရေးထား၏။ ဒီဘရေးကို အပြင်းအထန် ညှင်းပန်းခဲ့ပုံ၊ ဒီဘရေး၏ ရဲရင့် စွာ ရင်ဆိုင်ခဲ့ပုံများကို ရေးထားသည့် "ဒီဘရေးကို စစ်ဆေးမေးမြန်းသည့် အကြောင်း ကျွန်တော်တို့ ကြားရပါသည်။ အလွန်ပင် ရဲစွမ်းသတ္တိရှိသူ ဖြစ်ပြီး ရန်သူကို မတွန့်မဆုတ် ရင်ဆိုင်ခဲ့သည်။ သူသည် ကျောင်းသား ခေါင်းဆောင်တစ်ယောက်ဖြစ်ပြီး တော်လှန်ရေးသမားကောင်း တစ် ယောက်လည်းဖြစ်သည်"ဟု ရေးထားသည်။ ထိုမှတ်တမ်းမှာ ထိုစာရေး ဆရာအား နောက်ဆုံး ရည်ညွှန်းဖော်ပြခဲ့သော မှတ်တမ်းဖြစ်လေသည်။

ကျူးဘားတော်လှန်ရေးအကြောင်းကို မှတ်တမ်းတင်ရာ၌ ချေ၏ နေ့စဉ်မှတ်တမ်းထဲမှ ရေးသားထားချက်များကို များစွာအခြေခံ၍ မှတ်တမ်းတင်ရပါသည်။ ကျွန်တော်တို့၏မှတ်မိသမျှအကြောင်း အရာ များ၊ ပြောပြချက်များ ပါဝင်သော်လည်း ချေက သူ၏ မှတ်တမ်းထဲတွင် အသေးစိတ်ရေးခဲ့သောကြောင့် သူ့မှတ်တမ်းကို အခြေခံရလေသည်။ တော်လှန်ရေးရန်သူများ၏ ပြုမူမှု၊ တော်လှန်ရေးတွင် စွန့်လွှတ်ခဲ့သော ရဲဘော်များ၏ အနစ်နာခံမှုကို မှတ်တမ်းထဲတွင် ရေးထားသောကြောင့် တိတိကျကျ ခြေခြေမြစ်မြစ် ဖော်ပြနိုင်သည်။ ယန်းကီးနယ်ချဲ့များနှင့် သူတို့၏ မဟာမိတ်များအကြောင်း၊ လက်တင် အမေရိကရှိ ဖောက်ပြန် ရေးသမားများအကြောင်း၊ ကျွန်တော်တို့ကို ပိတ်ဆို့ရန် ကြံစည်ခဲ့ပုံ၊ အထီး ကျန်ဖြစ်ရန် ကြံစည်ခဲ့ပုံနှင့် ကျူးဘားကို တိုက်ခိုက်ရန် ကြံစည်ခဲ့ပုံများ ကိုလည်း ဖော်ပြခဲ့ပါသည်။

အချက်အလက်များကို လေ့လာအကဲဖြတ်မည်ဆိုလျှင် ယန်းကီး နယ်ချဲ့စနစ်သည် ထိုရာဇဝတ်မှုများကို ဦးဆောင်ပြုလုပ်ခဲ့သည်ကို

တွေ့ရှိရမည်ဖြစ်သည်။ ကမ္ဘာပေါ်ရှိ နေရာတိုင်းတွင် ရာဇဝတ်မှုများကို ယန်းကီးတို့ကသာ ကျင့်သုံးခဲ့ခြင်းဖြစ်သည်။ ကျူးဘားနိုင်ငံ၏တော်လှန်ရေး စသောအခါ၌ ပထမဆုံးတော်လှန်ရေး ဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ ကျူးဘားပြည်သူများမှာ အာဏာရှင်စနစ်ကို ဆန့်ကျင်ပြီး ဒီမိုကရေစီစနစ်ထူထောင်ရန်ဖြစ်သော်လည်း ယန်းကီးတို့က အာဏာရှင်ဘာတစ်စတာဘက်မှရပ်ပြီး ကျူးဘား ပြည်သူများကို ဆန့်ကျင်ခဲ့သည်။ ကမ္ဘာအရပ်ရပ်နှင့် လက်တင်အမေရိကတိုက်တစ်ခုလုံးတွင် ထိုကဲ့သို့ သူ၏ရုပ်သေးအာဏာရှင်များကို ကူညီပံ့ပိုးပြီး ထားရှိခဲ့သည်။ ထို့ကြောင့် နယ်ချဲ့စနစ်သည် ကမ္ဘာ့ စစ်ပုလိပ်ကြီးဖြစ်ခဲ့သည်။ ယန်းကီးတို့သည် တန်ပြန်တော်လှန်ရေးသမားများကို စနစ်တကျကူညီပံ့ပိုးကာ ပြည်သူ့အရေးတော်ပုံများကို ဆန့်ကျင်ခဲ့လေသည်။ ခေတ်နောက်ပြန်ဆွဲပြီး လူသားမဆန်သည့် လူမှုအဆောက်အအုံကို ကမ္ဘာပေါ်တွင်တည်ရှိနေအောင် အကာအကွယ်ပြုထားလေသည်။

တော်လှန်ရေးလှုပ်ရှားမှုတွင် သွေးစည်းညီညွတ်ဖို့ အရေးကြီးသည်။ ယန်းကီးတို့၏ နယ်ချဲ့မှုကို တွန်းလှန်ရာ၌ သွေးစည်းမှုသာ အနိုင်ယူနိုင်မည်ဖြစ်သည်။ သွေးစည်းညီညွတ်မှုတစ်ခုတည်းကလည်း တကယ့်အမှန်တကယ် အောင်ပွဲရစေနိုင်သော အချက်မဟုတ်သလို တော်လှန်ရေးလှုပ်ရှားမှုတစ်ခုတည်းကလည်း အောင်ပွဲရနိုင်မည် မဟုတ်ပေ။ သွေးစည်းညီညွတ်သော တော်လှန်ရေးမှသာလျှင် ယန်းကီးနယ်ချဲ့သမားများနှင့် သူ၏မဟာမိတ်များကို အောင်ပွဲရမည် ဖြစ်သည်။ ၄င်းကုလားအုပ်နှင့်တူသော မူဝါဒသည် နိုင်ငံတကာဝါဒီတစ်ဦးအတွက် အကျိုးပြုမည်မဟုတ်သလို ယနေ့လူမှုတော်လှန်ရေး တွင်လည်း ထိုတစ်ခုတည်းနှင့် ပြီးပြည့်စုံမည် မဟုတ်ပေ။ ထို့ကြောင့် တော်လှန်ရေးလှုပ်ရှားမှုနှင့် သွေးစည်းညီညွတ်မှုတို့ကို စွန့်ပယ်ပစ်ရန် မရနိုင်ပေ။ ယန်းကီးနယ်ချဲ့စနစ်၏မူဝါဒမှာ ကမ္ဘာကြီးကို လွှမ်းမိုးပြီး ကျွန်ပြုရန်ဖြစ်ပါသည်။

ကျူးဘားသည် နိုင်ငံငယ်လေးတစ်ခုဖြစ်ကာ စီးပွားရေးလည်း မဖွံ့ဖြိုးသေးပေ။ ရာစုနှစ်ပေါင်းများစွာကို ကိုလိုနီစနစ်နှင့် နယ်ချဲ့စနစ်၏အုပ်ချုပ်မှုအောက်တွင် နေခဲ့ရသည်။ ကျူးဘားသည် အမေရိကန်ပြည်ထောင်စု၏ မိုင် ၉၀ ခန့်သာ ဝေးသောနေရာတွင် ရှိသည်။ ကျူးဘားပို့ဂ်နယ်မြေပေါ်တွင် ယန်းကီးတို့က သူတို့၏ ရေတပ်အခြေစိုက်ခန်းကို ထားရှိခဲ့သည်။ ဂွာတာနာမိုခေါ်သော ထိုစခန်းကို ယခင်ကတည်းက အင်္ဂါးစာအုပ်ဖြင့် သိမ်းယူထားခြင်း ဖြစ်သည်။ ထို့ကြောင့် ကျူးဘားအနေဖြင့် အခက်အခဲမျိုးစုံကို ရင်ဆိုင်နေရပါသည်။ မိမိ နိုင်ငံနှင့် အနီးဆုံးနေရာတွင် အကြီးဆုံးနယ်ချဲ့ နိုင်ငံကြီးက ရှိနေသည်။ သို့သော် နယ်ချဲ့သမားသည် ဤအချက်များဖြင့် ကျူးဘားပြည်သူများကို အလျှော့ပေးအောင် မလုပ်နိုင်ပေ။ ကျူးဘားပြည်သူများတွင် တော်လှန်ရေးလမ်းကြောင်းရှိသောကြောင့် ဤအခက်အခဲများကို ရဲရဲဝံ့ဝံ့ ကျော်လွှားနိုင်ခဲ့လေသည်။

တော်လှန်သောရွှေထောင့်မှကြည့်မည်ဆိုလျှင် ချေ၏ ဘိုလီဗီးယားနေ့စဉ်မှတ်တမ်းကို ပုံနှိပ်ထုတ်ဝေရမည်ဆိုသော လုပ်ဆောင်ချက်ကို ပြောင်းလဲပစ်ရန် မရှိပေ။ ထိုမှတ်တမ်းသည် ဘာရီယန်တော့စ်၏ လက်ထဲသို့ ရောက်နေသည့်တိုင်အောင် ကျူးဘားအစိုးရအနေဖြင့် မလုပ်မဖြစ် လုပ်ရမည်ဖြစ်သည်။ ဘာရီယန်တော့စ်က ချေ၏ ဒိုင်ယာရီကို မိတ္တူကူး၍ CIA ပင်တဂွန် စစ်ဌာနချုပ်နှင့် အမေရိကန်စစ်ဌာနချုပ်တို့သို့ ပို့ခဲ့သည်။ CIA နှင့် အဆက်အသွယ်ရှိသော သတင်းစာဆရာများက ထိုနေ့စဉ်မှတ်တမ်းနှင့် ပတ်သက်သောအချက်အလက်များကို ရခဲ့သည်။ ဘိုလီဗီးယားနိုင်ငံ တွင်းမှ အချက်အလက်များ၊ မိတ္တူဓာတ်ပုံများကိုလည်း ရရှိခဲ့သည်။ သတင်းစာဆရာများက ရရချင်း ပုံနှိပ်ထုတ်ဝေခြင်း မပြုပါဟု ကတိပေးခဲ့သည်။ ထိုကိစ္စအပြင်ပေါက်ကြားမှသာ ပုံနှိပ် ထုတ်ဝေခြင်းပြုမည်ဟု ဆိုခဲ့သည်။

ဘာရင်တော့စ်အစိုးရအဖွဲ့မှ ထိပ်ပိုင်းစစ်အရာရှိများက ထို

နေ့စဉ်မှတ်တမ်းကို ပုံနှိပ်ထုတ်ဝေရန် မသင့်ဆိုသောအကြောင်းပြချက် ခိုင်ခိုင်မာမာ မရှိခဲ့ပါ။ သူတို့တပ်မတော်အနေဖြင့် ပြောက်ကျားတို့၏ တိုက်ခိုက်မှုကို အကြိမ်များစွာ ခံခဲ့ရပြီး အရှုံးနှင့်သာ ရင်ဆိုင်ခဲ့ရသည်။ ဆုံးဖြတ်ချက်ပြတ်သားသော ကျန်လက်တစ်ဆုပ်စာ ပြောက်ကျားများက စစ်တပ်ကို ချုံခိုတိုက်ခိုက်ပြီး စစ်လက်နက်နှင့် ရိက္ခာပစ္စည်းများကို မကြာခဏ သိမ်းယူသွားခဲ့ရာ အစိုးရစစ်တပ်မှ လက်နက်ပေါင်း ၂၀၀ ကျော်မှာ ပြောက်ကျားများလက်ထဲ ရောက်သွားခဲ့သည်။ ထို့ထက်မက ချေက ဘာရီယန်တော့စ်နှင့် သူ၏နောက်ပါများသည် ပြည်သူလူထု၏ဒဏ်ခတ် ချက်ကို ခံရဖို့ မကြာတော့ပါဟု ဆိုသည်။ ထိုသို့ ပြည်သူ၏လက်စားချေမှုကို သမိုင်း စာမျက်နှာမှ ဖျက်ပစ်ရန်မရပါဟု ချေက ပြောခဲ့လေသည်။

နယ်ခဲ့စနစ်မှာလည်း သူ့အကြောင်းများနှင့်သူ ရှိလေသည်။ သူ့စနစ်ရပ်တည်မှုအတွက် ကိုယ်စားပြုသော ဓနရှင်လူတန်းစားကို သူတို့ ၏ ကြွယ်ဝချမ်းသာရေးအတွက် နည်းပေါင်းစုံနှင့် ကျင့်သုံးကြသည်။ ထို့ကြောင့် ချေ၏တော်လှန်ရေးလုပ်ရပ်များမှာ အားကောင်းလာခြင်း ဖြစ်၏။ ချေ၏နမူနာကို အဖိနှိပ်ခံပြည်သူများက ယုံကြည်စွာ ကျင့်သုံး လာကြသည်။ ကမ္ဘာပေါ်တွင် အဖိနှိပ်ခံရသော လူထုမှာလည်း တိုးပွား သထက် တိုးပွားလာသည်။ များသထက် များပြားလာပါသည်။ သူ၏ အယူအဆ၊ သူ၏ ပုံရိပ်၊ သူ၏နာမည်နှင့် သူ၏ အောင်တံခွန်တို့မှာ ကမ္ဘာပြည်သူများကြား တလူလူဝင့်နေပါသည်။ တရားမျှတမှုမရှိသော ဒေသများတွင် အဖိနှိပ်ခံရသူများ၊ သွေးစုပ်ခံ ရသူများမှာ ချေ၏ နမူနာ ကို ယူလာကြသည်။ ကမ္ဘာတစ်ဝန်းလုံးရှိ ကျောင်းသားများ၊ ပညာတတ် များကြားတွင် သူ့ကို စိတ်ဝင်တစား ရှိလာကြပြီး သူ၏လမ်းကြောင်းကို အလေးအနက်ထား လာကြသည်။

အမေရိကန်ပြည်ထောင်စုမှာလည်း လူမည်းများ၏ လှုပ်ရှား မှုများ၊ တိုးတက်သော ကျောင်းသားလှုပ်ရှားမှုများမှာ အင်အားကောင်း စွာဖြင့် ပေါ်ပေါက်လာခဲ့သည်။ လူမည်းများနှင့် ကျောင်းသားများမှာ

ချေ၏ ရုပ်ပုံကို သူတို့လှုပ်ရှားမှု၏သင်္ကေတအဖြစ် သယ်ဆောင်ခဲ့ကြသည်။ တက်ကြွလှုပ်ရှားသော ဆန္ဒပြပွဲများလည်း အမေရိကန်၌ ဖြစ်ခဲ့သည်။ ပြည်သူ့အခွင့်အရေးတောင်းဆိုမှု တိုက်ပွဲများ၊ ဗီယက်နမ် ကျူးကျော်မှု ဆန့်ကျင်သည့်ပွဲများတွင် ချေ၏ ရုပ်ပုံကို ကိုင်စွဲကာ တိုက်ပွဲဝင်အောင်တံခွန်အဖြစ် ဝှေ့ယမ်းခဲ့ကြလေသည်။ သမိုင်းဖြစ်စဉ် အတော်များများတွင် ဤကဲ့သို့ အဖြစ်မျိုး အမေရိကန်၌ မဖြစ်ဖူးခဲ့ပေ။ လူပုဂ္ဂိုလ်တစ်ယောက်၏ ပုံရိပ်၊ နာမည်ကို ရှေ့တန်းတင်ပြီး ဆန္ဒပြမှုများမှာ ယခုချေသည် တစ်ကမ္ဘာလုံး၏ သင်္ကေတအဖြစ် နမူနာပြခဲ့လေသည်။ သူ့ကို ပြည်သူများက တော်လှန်ရေး၏ နမူနာအဖြစ် ပြခဲ့လေသည်။ ထိုသို့ ပြခဲ့သည်မှာချေ၏ စွန့်လွှတ်အနစ်နာခံမှု၊ ချေ၏ တော်လှန်ရေးအယူအဆများကြောင့် ဖြစ်ပါသည်။ ချေသည် အသန့်ရှင်းဆုံးနှင့် အစွန့်လွှတ်ဆုံး လူတစ်ယောက်ဖြစ်ပါသည်။ နိုင်ငံတကာဝါဒီတစ်ယောက်လည်း ဖြစ်သည်။ သူ၏တော်လှန်ရေးစိတ်ဓာတ်ကို တစ်ကမ္ဘာလုံးက အသိ အမှတ်ပြုခဲ့သည်။ ယနေ့သာမက မနက်ဖြန်မှာပါ ချေသည် တော်လှန်ရေး၏ သင်္ကေတ ဖြစ်နေပေသည်။

ကျွန်တော်တို့၏နိုင်ငံနှင့် လက်တင်အမေရိကတိုက်မှာ မနေ့က ကိုလိုနီလွှမ်းမိုးမှုကို ခံခဲ့ရပြီး ယနေ့ကွင် ကောက်ကျစ်သော ယန်းကီးနယ်ချဲ့သမားများ၏ ဖိနှိပ်မှုကိုခံခဲ့ရသည်။ ကျွန်တော်တို့ ဒေသမှာ ခေတ်နောက်ကျပြီး မဖွံ့ဖြိုးသေးသောဒေသအဖြစ် ရှိနေသေးသည်။ လက်တင်အမေရိကတိုက်ရှိပြည်သူများက ကမ္ဘာလုံးဆိုင်ရာ အမှန်တရားလို ဖြစ်နေသော တော်လှန်ရေးတိုက်ပွဲကို ဆင်နွှဲနေရခြင်းဖြစ်သည်။ နယ်ချဲ့သမားများနှင့် ကိုလိုနီဝါဒီများက ယခုထက်တိုင် အာရှအာဖရိကနှင့် လက်တင်အမေရိကပြည်သူများကို ယခုထက်တိုင် ဖိနှိပ်ညှင်းပန်းနေဆဲဖြစ်ပါသည်။

ယန်းကီးနယ်ချဲ့သမားတို့သည် ပြည်သူများ၏ တော်လှန်ရေးအင်အားကို ကြောက်ရွံ့သည်။ နယ်ချဲ့စနစ်ကို ပြည်သူများက တွန်းလှန်

လာမှာကို အလွန်စိုးရိမ်သည်။ ထို့ကြောင့် ထိုအင်အားစုများကို နည်းမျိုးစုံဖြင့် ဖြိုခွဲလာကြလေသည်။ ချေ၏ နေ့စဉ်မှတ်တမ်းသည် သာမန်မှတ်တမ်းတစ်စောင် မဟုတ်ပေ။ သာမန် ပုဂ္ဂိုလ်ရေး ခံစားချက်ကို ရေးသားသော မှတ်တမ်းမဟုတ်ပေ။ ချေ၏ မှတ်တမ်းသည် တော်လှန်ရေးသဘောတရားများ၊ တော်လှန်ရေးဖြစ်ရပ်များ၊ ပြောက်ကျားစစ်ဆင်ရေးများ၊ ပြောက်ကျားစစ်ဆင်ရေးမှ သင်ခန်းစာများ၊ ရုရှားများကို မှတ်တမ်းတင်ထားသော နေ့စဉ်မှတ်တမ်းဖြစ်ပါသည်။ သူ၏ မှတ်တမ်းသည် လက်တင်အမေရိကပြည်သူများ၏ ယမ်းထုပ်ကြီးလည်းဖြစ်ပါသည်။ သူ၏နေ့စဉ်မှတ်တမ်း ဖတ်ရသော သူများမှာ တော်လှန်ရေးစိတ်ဓာတ်များ နိုးထလာပါသည်။ နယ်ချဲ့ စနစ်နှင့် ဖောက်ပြန်ရေးသမားများ၏ ဖိနှိပ်ရက်စက်မှုများကိုလည်း ပိုမိုသဘောပေါက်လာကြသည်။ နယ်ချဲ့သမားနှင့် ဖောက်ပြန်ရေး သမားများကို တွန်းလှန်ဖယ်ရှားရာတွင် တော်လှန်ရေးနည်းလမ်း တစ်ခုသာရှိကြောင်း သိရှိနားလည်လာကြပါသည်။ ထို့ကြောင့် နယ်ချဲ့သမားနှင့် သူတို့၏ကြေးစား စစ်တပ်များ၊ သူတို့၏ ရုပ်သေးများက ချေ၏ တော်လှန်ရေးလှုပ်ရှားမှု ပြောက်ကျားစစ်ပွဲကို ပြိုပျက်အောင် ချေမှုန်းဖို့ ကြိုးစားခြင်းဖြစ်သည်။ သူတို့အနိုင်ရသည်ဟူသော အထင်ဖြင့် ချေ သေဆုံးသွားပြီဖြစ်ကြောင်း၊ ဤ နေ့စဉ်မှတ်တမ်းကို ရရှိကြောင်း သက်သေပြကြလေသည်။ စင်စစ်အားဖြင့် သူတို့၏အထင်နှင့်အမှန် တရားမှာ တခြားစီဖြစ်နေပါတော့သည်။

ချေ၏ နေ့စဉ်မှတ်တမ်းနှင့်ပတ်သက်ပြီး ကမ္ဘာသိ အသိပေးဖြန့်ချိလိုသူများနှင့် ဖြန့်ချိရန်မသင့်ဟု ယူဆသူများကြား အယူအဆကွဲပြားနေသည်။ နေ့စဉ်မှတ်တမ်းကို မဖြန့်ချိလိုသူများသည် တော်လှန်ရေး သမားအတုများ ဖြစ်သည်။ အခွင့်ရေးသမားများ ဖြစ်သည်။ အယောင်ဆောင်များဖြစ်ပေသည်။ သူတို့သည် သူတို့ကိုယ်သူတို့တော့မှစ်ဝါဒီများ၊ ကွန်မြူနစ်များ၊ တခြားနာမည် အမျိုးမျိုးတပ်နေသော်လည်း စင်စစ်သူတို့မှာ အတုအယောင်များသာ ဖြစ်ချေသည်။ သူတို့က

ချေကို စွန့်စားရေးသမားဟု ပြောင်ခေါ်ဖို့ နှောင့်နှေးနေကြသည်။ သူ၏ လုပ်ရပ်မှာမှားသည်ဟု လူသိရှင်ကြား ထုတ်ဖော်ပြောဖို့လည်း နှောင့်နှေးနေကြသည်။ ထို့ထက်သိမ်မွေ့သော စကားလုံးကိုလည်း သူတို့ရွေးချယ်နေကြလေသည်။ လက်တင်အမေရိကတွင် လက်နက်ကိုင်တော်လှန်ရေးတိုက်ပွဲဝင်သူများကို ဂုဏ်ပြုတေးများ သီဆို၍ အလေးပြုကြသည်။ ချေကို တော်လှန်ရေး ခေါင်းဆောင်တစ်ယောက်၊ ပြောက်ကျားအဖွဲ့ဝင် တစ်ယောက်၊ ဘိုလီဗီးယားတွင် အဖိနှိပ်ခံ ပြည်သူများအတွက် ကျဆုံးခဲ့သူ တစ်ယောက်၊ နိုင်ငံတကာ ဝါဒီတစ်ယောက်ဟု ပြည်သူများက ဂုဏ်တင်ပြောဆိုကြပါသည်။ ယခု ချေကျဆုံးသွားသောကြောင့် ထိုအချောင်သမားများ ဝမ်းသာနေကြမည်မှာ မလွဲပင်ဖြစ်ပါသည်။

ထိုအချောင်သမားများသည် နယ်ချဲ့သမားများနှင့် နယ်ချဲ့နောက်လိုက် အရင်းရှင်ကြီးများကဲ့သို့ပင် ချေအား တွေ့ရာသချိုင်းဓားမဆိုင်း သုတ်သင်ပစ်လိုသူများ ဖြစ်ပါသည်။ ချေက သူမကျဆုံးခင်တွင် သူ၏နေ့စဉ်မှတ်တမ်းကို နောက်ဆုံးရေးသွားခဲ့သည်။ လက်တင်အမေရိကတွင် တော်လှန်ရေးကို ဆက်လက်ဆင်နွှဲရမည်ဟု ဖော်ပြခဲ့သည်။ တော်လှန်ရေးကသာ လက်တင်အမေရိကပြည်သူများ၏ ခေတ်နောက်ကျခြင်းနှင့် ဆင်းရဲမွဲတေခြင်းကို ကယ်တင်နိုင်မည်။ သူက တိုက်ကြီး ၃ တိုက်နှင့်ပတ်သက်ပြီး သူ၏မက်စ်ဆော့ချ်ကိုလည်း ရေးထားခဲ့သည်။ "ကျွန်တော်တို့၏လှုပ်ရှားမှုမှန်သမျှမှာ နယ်ချဲ့သမား ကို ဆန့်ကျင်သော တိုက်ပွဲခေါ်သံဖြစ်သည်။ ကျွန်တော်တို့တွင် ကျဆုံးခြင်းဆိုသည်မှာ အချိန်မရွေးဖြစ်နိုင်ပါသည်။ မည်သို့ပင်ဖြစ်စေ တိုက်ပွဲခေါ်သံကို လက်ကမ်းကြိုဆိုရမည်။ ကျွန်တော်တို့နားထဲ တွင်လည်း တိုက်ပွဲခေါ်သံကို နားစွင့်ထားရမည်။ ရရှိလာသော လက်နက်များဖြင့် နယ်ချဲ့သမားများကို တိုက်ပွဲဝင်ကြရမည်"ဟု ရေးထားပါသည်။

ချေက သူ့ကိုယ်သူ တော်လှန်ရေးတပ်သားတစ်ယောက်အဖြစ် မှတ်ယူထားပါသည်။ တော်လှန်ရေးတပ်သားတစ်ယောက်အနေဖြင့်

သေဆုံးခြင်း၊ ရှင်သန်ခြင်းဆိုသည်မှာ အဓိကမဟုတ်တော့ပေ။ ဘိုလီဗီးယားတွင် သူကျဆုံးသွားသည့်အတွက် သူ့ အယူအဆများလည်း ကျဆုံးသွားသည်ဟု တချို့က ထင်မြင်နေကြသည်။ အမှန်မှာ သူကျဆုံးသွားခြင်းနှင့် သူ့အယူအဆ ကျဆုံးသွားခြင်းမှာ မည်သို့မှ မသက်ဆိုင်ပေ။ တော်လှန်ရေးသမားအများစုက သူ့အယူအဆလမ်းကြောင်းအတိုင်း ဆက်လက်လိုက်ကြလေသည်။ မာ့စ်ဝါဒတွင် မာ့စ် ဝါဒကိုထူထောင်ခဲ့သူများ မရှိကြသော်လည်း သေဆုံးသွားကြသော်လည်း မာ့စ်ဝါဒသည် တစ်ကမ္ဘာလုံး ပျံ့နှံ့ပြီး အားကောင်းနေသည်ကို အသိအမှတ်ပြုကြရမည်။ မာ့စ်ဝါဒသည် တစ်ကမ္ဘာလုံးရှိ အဖိနှိပ်ခံ ပြည်သူများ၊ အလုပ်သမား လူတန်းစားများကြားတွင် တိမ်ကောပျောက်ကွယ်သည် မရှိခဲ့ပေ။ အောက်ဆုံးလွှာလူတန်းစားများအတွက် ထိုဝါဒကသာ မှီခိုရာဖြစ်သည်ကို သဘောပေါက်ကြသည်။ ထိုသို့ပင် ဘိုလီဗီးယား၌ ချေကျဆုံးသော်လည်း ချေ၏ အယူအဆ၊ ချေ၏ အနစ်နာခံမှုတို့မှာ ဘိုလီဗီးယားပြည်သူများကြား လုံးဝမေ့ပျောက်နိုင်မည် မဟုတ်ပေ။

ကျူးဘားလွတ်လပ်ရေးတိုက်ပွဲများ၌ မာတီနှင့် မာဆီယိုတို့မှာ ကျဆုံးသွားခဲ့ကြသည်။ ထို့နောက် ယန်းကီးကျူးကျော်မှုလည်း ထက်ကြပ်မကွာ ရောက်ရှိလာခဲ့သည်။ လွတ်လပ်ရေးစစ်ပွဲပြီးသည်နှင့် အမျိုးသားလွတ်မြောက်ရေးစစ်ပွဲကို ဆက်လက်ဆင်နွှဲကြသည်။ ထို့ နောက် ဆိုရှယ်တော်လှန်ရေးတွင်လည်း ထူးချွန်သောသူများ ပေါ်လာခဲ့သည်။ ဂျူလီယို အန်တိုနီယို မယ်လာတို့လို ပုဂ္ဂိုလ်မျိုးလည်းပေါ်လာသည်။ သို့သော် သူလည်း အသတ်ခံခဲ့ရသည်။ နယ်ချဲ့စနစ်ကို အလုပ်အကျွေးပြုသူများက ထိုသို့ တော်လှန်ရေးသမားများကို သတ်ဖြတ်ခဲ့ကြသည်။ နယ်ချဲ့သမား၏ အေးဂျင့်များက ထိုသို့ တော်လှန်ရေးသမားများကို သတ်ခဲ့ကြ၏။ သို့သော် တော်လှန်ရေးကြီးကား ပြီးဆုံးမသွားပေ။ ဖောက်ပြန်ရေးသမားသည် တော်လှန်ရေး ခေါင်းဆောင်တစ်ယောက်ကို သတ်လိုက်သည်နှင့် ပြည်သူ့ တော်လှန်ရေးပြီးဆုံးသွားသည်ဟု အယူလွဲ

နေကြပါသည်။ တော်လှန်ရေးခေါင်းဆောင်ကို သုတ်သင်နိုင်သည်နှင့် တော်လှန်ရေးများ ရပ်ဆိုင်းသွားမည်ဟု အမှတ်မှားနေကြသည်။ သူတို့၏ အထင်နှင့် အမြင်မှာ တခြားစီဖြစ်၏။ ကျူးဘားတော်လှန်ရေးအမြင်ကို ကြည့်မည်ဆိုလျှင် တစ်ဗိုလ်ကျတစ်ဗိုလ်တက် ခေါင်းဆောင်လက်ဆင့် ကမ်းလာသည်ကို တွေ့ရမည်။ လွန်ခဲ့သောနှစ်ပေါင်း ၁၀၀ မှ ယနေ့အထိ အတိုင်း တွေ့ရမည်ဖြစ်သည်။ တရားမျှတမှုနှင့် လွတ်လပ်မှုကို ပြည်သူများသည် ခေါင်းဆောင်ကောင်းကို ရွေးချယ်ခဲ့သည်မှာ လွန်ခဲ့သော ရာစုနှစ်ပေါင်းများစွာကတည်းက ယခုထက်တိုင် ဖြစ်ပါသည်။ ထိုအယူအဆမှာ အခြေခံဖြစ်ပြီး အခိုန် ကန့်သတ်မှုလည်း မရှိပေ။ တိုက်ခိုက်ရေးသမားများမှာ အမြဲလိုလို ထွက်ပေါ်လျက်ရှိ၏။ တော်လှန်ရေးခေါင်းဆောင်များ၊ တော်လှန်ရေးသမားများမှာလည်း အမြဲလိုလို ဖြစ်ထွန်းလျက်ရှိသည်။ ကျူးဘားတော်လှန်ရေးသမားများမှာ တိုက်ပွဲများကြားထဲတွင် ဆေးသားတင်ပြီး ပေါ်ပေါက်ခဲ့ကြလေသည်။

ချေ၏နေ့စဉ်မှတ်တမ်းထဲတွင် ရေးထားချက်များမှာ ဘိုလီဗီးယားတော်လှန်ရေး၏ဖြစ်စဉ်များအပြင် တော်လှန်ရေး၏ အောင်ပွဲများ၊ ပြောက်ကျားတော်လှန်ရေး၏ လှုပ်ရှားမှုများ၊ ပြောက်ကျားစစ်ပွဲအပေါ် သုံးသပ်ချက်များကို ဖော်ပြထားသည်။ ဘိုလီဗီးယားစစ်တပ်များ၏ အားနည်းချက်များကိုလည်း ဖော်ပြထားပါသည်။ "ဘိုလီဗီးယားအစိုးရမှာ ပြိုကွဲလျက်ရှိသည်။ သူတို့၏ အားနည်းချက်များကို ကျွန်တော်တို့က အဆက်မပြတ် တိုက်ခိုက်လျက်ရှိပါသည်။ သူတို့ကလည်း ကျွန်တော်တို့၏အင်အားကို အားနည်းသွားအောင် ဖြိုခွဲဖို့ ကြိုးစားပါသည်။ ရှက်စရာကောင်းသော ဝါဒဖြန့်မှုများ ပြုလုပ်ခဲ့သည်။ ယခု ကျွန်တော်တို့တွင် လူ ၁၀၀ ပြည့်အောင်တောင် မရှိတော့ဟု မမှန်သတင်းလွှင့်ခဲ့ပါသည်"ဟု ဆိုပါသည်။

ကျူးဘားတွင် ကျွန်တော်တို့၏ ပြောက်ကျားတပ်ဖွဲ့များကို နည်းနည်းလေးမှ၊ အင်အားကောင်းလာအောင် ဆောင်ရွက်လျက်ရှိ၏။

တိုက်ပွဲကို တိုက်ရသည်။ တိုက်ပွဲမရှိလျှင် အင်အားလည်း တိုးလာမည် မဟုတ်ပေ။ ကျွန်တော်တို့ကို ပြည်သူများကလည်း တစ်နေ့တခြား ထောက်ခံလာပြီး တော်လှန်ရေးသမားများ အင်အားတောင့်တင်းလာခြင်းဖြစ်သည်။ မည်သည့်အကြောင်းအရာမဆို လူပ်ရှားမှုရှိမည်။ ရပ်နေသူသည် ရှေ့ကိုရောက်မည် မဟုတ်။ တော်လှန်ရေး အောင်ပွဲရလိုလျှင် တော်လှန်ရေးဆင်နွှဲမှသာ ဖြစ်ပေမည်။ ပြောက်ကျားစစ်ပွဲတွင် တိုက်ပွဲများဝင်ရင်း အမှားများတွေ့လာသည်။ ချို့ယွင်းချက် များရှိလာသည်။ ထိုအမှားများ၊ ချို့ယွင်းချက်များမှနေ၍ သင်ခန်းစာယူရင်း၊ ပြင်ဆင်ရင်းဖြင့် အောင်ပွဲများ ရလာသည်။ ကျူးဘားတော် လှန်ရေးတွင်လည်း ထိုကဲ့သို့ပင် ကျင့်သုံးခဲ့သည်။ သမိုင်းတွင် တော်လှန်ရေးများ၌ ထိုကဲ့သို့ အတွေ့အကြုံများ ရရှိခဲ့သည်။ တိုက်ပွဲတိုက်ရင်း တိုက်ပွဲတွင်းမှနေ အမှားနှင့် အမှန်များကို တွေ့ရှိလာမည် ဖြစ်သည်။ အမှားများကိုဖယ်၍ အမှန်ကို ယူကာ တော်လှန်ရေးကို ဆက်လက်ဆင်နွှဲရမည်ဖြစ်သည်။ ကျွန်တော်တို့သည် ကျူးဘားတွင် ထိုကဲ့သို့ အတွေ့အကြုံမှနေ အောင်ပွဲရခဲ့ခြင်းဖြစ်သည်။ မွန်ကားဒါး စစ်ဆင်နှဲကို ဝင်တိုက်ရင်း အတွေ့အကြုံများရရှိခဲ့ပြီး နောက် ၆ နှစ် ကြာတွင် အောင်ပွဲရခဲ့သည်။ ပြည်သူတို့၏ လက်နက်ကိုင် တိုက်ပွဲသည် မည်ကဲ့သို့ အောင်ပွဲရအောင် စွမ်းဆောင်နိုင်ခဲ့ပါသလဲ။

၁၉၅၃ ခု၊ ဇူလိုင်လ (၂၆)ရက်နေ့တွင် ကျူးဘားနိုင်ငံ ဆန်တီယာဂိုဒီကျူးဘားတွင်ရှိသော မွန်ကားဒါးစစ်ဆင်နှဲကို တိုက်ခိုက်ခဲ့ကြသည်။ ၁၉၅၆ ခု ဒီဇင်ဘာလ (၂)ရက်နေ့တွင် ဂရမ်မာစက်လှေဖြင့် ကျွန်တော်တို့သည် ကျူးဘားကမ်းခြေကို ထွက်ခဲ့ကြသည်။ ထိုအချိန်တွင် ခေတ်မီလက်နက်များ တပ်ဆင်ထားသည့်အင်အား ကောင်းသော ရန်သူတပ်ဖွဲ့များကို ကျွန်တော်တို့ ထိုးနှက်တိုက်ခိုက်ခဲ့ပါတော့သည်။ လက်တစ်ဆုပ်စာမျှသာရှိသော တော်လှန်ရေးသမားများက ထိုကဲ့သို့ တိုက်ခိုက်ခြင်းကို အံ့မက်မက်နေသည်ဟု ယူဆကြပါလိမ့်မည်။ တချို့ကလည်း ကျန်လက်တစ်ဆုပ်စာ လူတစ်စုသည် အမှားကို ကြီးကြီးမားမား လုပ်နေကြ

သည်ဟု သတ်မှတ်ကြသည်။ ထိုအချိန်က ကျူးဘားပြောက်ကျားများမှာ အတွေ့အကြုံလည်း မရှိ၊ လက်နက်ခဲယမ်း မီးကျောက်လည်း လုံလုံလောက်လောက် မရှိခဲ့ပေ။ ၁၉၅၆ ခု ဒီဇင်ဘာလ (၅)ရက်နေ့အထိ ထိုလက်တစ်ဆုပ်စာ လူတစ်စုမှာ အတွေ့အကြုံ မကြွယ်ဝသေးခြင်း၊ ပြည်သူလူထုကို လုံလုံလောက်လောက် စည်းရုံးနိုင်ခြင်းလည်း မရှိသေးပေ။ ၂၅ လ အကြာတွင် ပြည်သူလူထုတွင် စည်းရုံးလှုံ့ဆော်ခြင်းဖြင့် အားကောင်း လာခဲ့သည်။ ပြောက်ကျားတပ်ဖွဲ့များအတွင်း ဤလူများသည် အလုအယက်ဝင်လာကြသည်။ ထိုအခါတွင် ပြောက်ကျားတပ်ဖွဲ့များသည် အတွေ့အကြုံလည်း ရှိလာသည်။ ခေတ်မီလက်နက်များလည်းရှိအင်အားလည်း တောင့်တင်းသော ရန်သူတပ်ဖွဲ့များကို ဖြိုခွဲလာနိုင်ခဲ့ပါသည်။

ဤအဖြစ်ကို သမိုင်းက သက်သေပြခဲ့ပါသည်။ တော်လှန်ရေးတိုက်ပွဲတွင်းမှ ရရှိသည့်သဘောတရားလည်း ဖြစ်သည်။ အရေးကြီးသည်မှာ ပြည်သူလူထုကို အခြေခံပြီး ပြည်သူလူထုအကျိုးစီးပွား အတွက်သာ ကြည့်မည်ဆိုလျှင် ဖောက်ပြန်ရေးသမားများကို အနိုင်တိုက်နိုင်သည်ဟူသော အမှန်တရားနှင့် လက်တွေ့ဖြစ်ပါသည်။ အကယ်၍သာ ကျူးဘားပြည်သူများအနေဖြင့် လွတ်လပ်ရေးအတွက် တိုက်ပွဲမဝင်ခဲ့ဘူးဆိုလျှင် ပြည်သူများအနေဖြင့် လွတ်လပ်ရေးလည်း မရပေ။ ထိုကဲ့သို့ပင် ကျူးဘားတော်လှန်ရေး ရမည်မဟုတ်ပေ။ ထိုအချက်မှာ ငြင်းကွယ်၍ မရသောသမိုင်းသင်ခန်းစာပင် ဖြစ်ပါသည်။

ချေ၏ နေ့စဉ်မှတ်တမ်းထဲတွင် ဖြစ်စဉ်များကို ရေးထားသည့် လက်တင်အမေရိကတွင် တော်လှန်ရေးမျိုးစေ့ချပေးခဲ့ပုံနှင့် ရှင်သန်လာပုံများကိုလည်း ဖော်ပြထားသည်။ ထို့ပြင် ဘိုလီဗီးယား ကွန်မြူနစ်ပါတီ၏ အတွင်းရေးမှူးဖြစ်သူ မာရီယိုမွန်ဂျေးနှင့်ပတ်သက်၍လည်း ရေးသားထားပါသည်။ သူသည် နိုင်ငံရေးနှင့်စစ်ရေး ခေါင်းဆောင်အဖြစ် တာဝန်ယူထားသော ချေနှင့်တော်လှန်ရေး လှုပ်ရှားမှုအပေါ် သဘော

ထားကွဲလွဲခဲ့ပါသည်။ မွန်ဂျေးက ဘိုလီဗီးယားတော်လှန်ရေးအတွက် လှုပ်ရှားမှုများကို သူသာ ခေါင်းဆောင်ရမည်ဟု တောင်းဆိုခဲ့သော်လည်း ပါတီဝင် ရဲဘော်များနှင့် ပြောက်ကျားရဲဘော်များက ချေကိုသာ တာဝန်ပေးခဲ့သည်။ တာဝန်ယူမှုမှာ ပြဿနာမဟုတ်သော်လည်း စစ်ရေးနှင့် နိုင်ငံရေး မူဝါဒများချမှတ်ရာတွင် သဘောထားချင်း မတိုက်ဆိုင်ကြပေ။ ထို့ကြောင့် မွန်ဂျေးသည် သူပါတီမှ နုတ်ထွက်သွားသည်။

အမှန်စင်စစ်မှာ မာရီယိုမွန်ဂျေးသည် ပြောက်ကျားစစ်နှင့် ပတ်သက်ပြီး အတွေ့အကြုံမရှိပေ။ ပြောက်ကျားစစ်ပွဲကို တစ်ကြိမ်မှ သူ တိုက်ခဲ့ဖူးခြင်း မရှိသေးပေ။ သူသည် လက်တွေ့မရှိသောသူလည်း ဖြစ်ပါသည်။ သာမန် အမျိုးသားရေဝါဒီတစ်ဦးသာ ဖြစ်ပြီး ဘိုလီဗီးယား၏ ပထမဆုံး လွတ်လပ်ရေးတောင်းဆိုသည့် တိုက်ပွဲကို ထောက်ခံခဲ့သူ ဖြစ်သည်။ ဘိုလီဗီးယားမှာ လွတ်လပ်ရေးတိုက်ပွဲတစ်ခုသာ အတွေ့အကြုံရှိခဲ့သော တော်လှန်ရေးတိုက်ပွဲဖြစ်သည်။ ထို့ကြောင့် ယခုလို ပြောက်ကျားစစ် ဆင်နွှဲရေး၊ နယ်ချဲ့သမားနှင့် သူ၏ နောက်လိုက်များကို လက်နက်ကိုင်တိုက်ပွဲဝင်ရေးမှာ အခက်အခဲ ဖြစ်နေသည်။

ဤလက်တင်အမေရိကတိုက်တွင် နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲ နိုးကြွနေမှုကို တချို့က ကွန်မြူနစ်တံဆိပ်တပ်၍ ကွန်မြူနစ် ခေါင်းဆောင်များက ဖန်တီးသည်ဟု နာမည်ဖျက်ခဲ့ကြသည်။ ကွန်မြူနစ် ဆန့်ကျင်ရေးကြွေးကြော်သံဖြင့် အမျိုးသား လွတ်မြောက်ရေးကို အာရုံပြောင်းအောင် ပြုလုပ်ခဲ့ကြလေသည်။ ဥရောပ ကိုလိုနီကျွန်ပြုရေး သမားများကလည်း ယခင်က ဤဒေသတွင် လာရောက်ကျူးကျော်ကာ ယဉ်ကျေးမှုရှိရေး၊ ဖွံ့ဖြိုးတိုးတက်ရေး အကြောင်းပြချက်များဖြင့် ကျွန်ပြုခဲ့ကြလေသည်။ ကျွန်တော်တို့ အနေဖြင့်လည်း နိုင်ငံတကာဝါဒကို စွဲကိုင်ထားပြီး ဤဒေသမှ ပြည်သူများလွတ်မြောက်ရေးအတွက် လုံးပမ်းရပေမည်။

ဘိုလီဗီးယားနိုင်ငံ ထိုနိုင်ငံ၏သမိုင်းဝင် မြို့ဆူကရီမှာ ထင်ရှားလှပါသည်။ ဘိုလီဗီးယားနိုင်ငံကို ပထမဆုံးလွတ်မြောက်အောင်

ဦးဆောင်တိုက်ပွဲဝင်ခဲ့သော ဆိုင်မွန်ဘိုလီဗီးယားနှင့် အန်တိုနီယို ဆေးဒီဆူကရီတို့က ကိုလိုနီစနစ်က လွတ်မြောက်အောင် တိုက်ပွဲဝင်ခဲ့ကြသည်။ သူတို့ ၂ ဦးစလုံးမှာ ဗင်နီဇွဲလားနိုင်ငံသားများ ဖြစ်၏။ ဤနိုင်ငံတွင်လည်း ပြည်သူများလွတ်မြောက်ရေးအတွက် တိုက်ပွဲဝင်ခဲ့သော ခေါင်းဆောင်အဖွဲ့အစည်းမှာ ကွန်မြူနစ် ပါတီဖြစ်သည်။ ကွန်မြူနစ်ပါတီမှာ နိုင်ငံရေး၊ စည်းရုံးရေး၊ စစ်ရေး စသည်တို့ကို ပေါင်းစပ်ကာ စစ်မှန်သော တော်လှန်ရေးခေါင်းဆောင်မှု အခန်းကနေ နိုင်ငံကို လွတ်မြောက်အောင် ဖန်တီးခဲ့သည်။ ဘိုလီဗီးယားတွင် တော်လှန်ရေးမပေါ်ပေါက်အောင် ဖောက်ပြန်သောအုပ်စုများက နယ်စပ်များကို တင်းကျပ်စွာ ပိတ်ဆို့ထားခြင်း၊ ဂုဏ်သိက္ခာမဲ့စွာဖြင့် ပြည်သူများ၏အမှန်တရား တောင်းဆိုမှုများကို ပြင်းထန်စွာဖိနှိပ်ခြင်း စသည်တို့ကို ပြုလုပ်ထားသော်လည်း လက်ရှိ ဖြစ်ပေါ်နေသော အခြေအနေအရပ်ရပ်ကို ခေတ်၏တောင်းဆိုချက် အရ ရှောင်လွှဲ၍ မရခဲ့ပေ။

ဘိုလီဗီးယားသည် ကုန်းတွင်းပိတ် နိုင်ငံဖြစ်၏။ ပင်လယ် ထွက်ပေါက်မရှိပေ။ ထို့ကြောင့် ရေလမ်းမှနေ၍ ဘိုလီဗီးယားလွတ်မြောက်ရေးအတွက် ဆင်နွှဲဖို့ မလွယ်ကြပေ။ မြေပြင်မှသာ အဆက်အသွယ်လုပ်၍ရသည်။ မိမိနိုင်ငံ လွတ်မြောက်ရေးအတွက် တော်လှန်ရေးဆင်နွှဲရာတွင် အုပ်စိုးသူများက ရက်စက်ကြမ်းကြုတ်သော ပိတ်ဆို့မှုများကို အသေအချာ လုပ်ထားနိုင်သည်။ ထို ပိတ်ဆို့မှုများကို ရှောင်ကွင်း၍ တိုက်ခိုက်မှု လုပ်ရလေသည်။ ထို့ကြောင့် ဘိုလီဗီးယားသည် သူ့ပတ်ဝန်းကျင်နိုင်ငံများထက်ပို၍ တော်လှန်ရေး အောင်ပွဲ ရအောင်လုပ်ဖို့ လိုအပ်နေပါသည်။ ချေသည် ဘိုလီဗီးယားသို့သွားပြီး တော်လှန်ရေးဆင်နွှဲရသည်မှာ ဘိုလီဗီးယား၏ အခြေအနေကြောင့် ဖြစ်သည်။ ထိုနိုင်ငံရှိ အုပ်စိုးသူများမှာ အလွန်ရက်စက်ကြမ်းကြုတ်ပြီး ပြည်သူများမှာ အလွန်ဒုက္ခရောက်ကြရသည်။ ထိုနိုင်ငံရှိလူထုမှာ အညှဉ်းပန်း အနှိပ်စက်ခံရဆုံး ဖြစ်သည်။ ချေက အလွန်ကြီးမားသော သြဇာအာဏာ၊

စွမ်းရည်၊ အတွေ့အကြုံများကို အသုံးချ၍ ဘိုလီဗီးယားတော်လှန်ရေး အရှိန်မြင့်အောင် ကြိုးစားခဲ့ခြင်း ဖြစ်ပါသည်။

ဘိုလီဗီးယားတွင် တော်လှန်ရေးနှင့်ပတ်သက်ပြီး သဘောထားများ ကွဲပြားလာသဖြင့် ဘိုလီဗီးယားကွန်မြူနစ်ပါတီမှာကွဲဖို့ အခြေအနေဖန်တီးလာသည်။ ထိုသို့မကွဲမီအချိန်မှာပင် ချေက ဘိုလီဗီးယားသို့ ရောက်ရှိလာသည်။ သူက ကွဲတော့မည့်ပါတီကို ပြန်လည်ညှိနှိုင်း၏။ ခေါင်းဆောင်များနှင့် ပါတီဝင်များကြားတွင် ညှိနှိုင်းစေ့စပ်ပေးသည်။ တောင်အမေရိကရှိ တော်လှန်ရေးအဖွဲ့ အစည်းများ၏ အကူအညီကိုလည်း တောင်းခံသည်။ ထို့ပြင် ဘိုလီဗီးယားတွင် အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲများ ဆင်နွှဲဖို့၊ တော်လှန်ရေးတစ်ရပ်ပြုလုပ်ဖို့ ပါတီမှရဲဘော်များကို စည်းရုံးသည်။ ထို့ကြောင့် ပါတီမှတချို့တော်လှန်ရေး ရဲဘော်များက ချေနှင့်အတူ တော်လှန်ရေးဆင်နွှဲဖို့ သဘောတူခဲ့သည်။ ဘိုလီဗီးယား ကွန်မြူနစ် ပါတီပြိုကွဲသွားသောအခါ အခြေအနေသစ်တစ်ရပ် ဖြစ်လာသည်။ ပါတီဝင်အများအပြားမှာ ချေနှင့်အတူ ပါဝင်ဖို့ ဆုံးဖြတ်ကြသည်။ တချို့မှာ အနားယူသွားကြသည်။ ချေကလည်း ပါတီခေါင်းဆောင် အချို့နှင့် ပူးပေါင်းကာ ဘိုလီဗီးယားတွင် ပြောက်ကျားစစ်ပွဲဆင်နွှဲကြတော့သည်။ အမေရိကန်နယ်ချဲ့သမားနှင့် သူ၏လက်ပါးစေ ရုပ်သေးအစိုးရတို့က ဘိုလီဗီးယားတွင် အနိုင်ကျင့်ခြယ်လှယ်နေခြင်းကို ပြည်သူများက မကျေနပ်ကြပေ။ ဖောက်ပြန်ရေးသမားများ၏ သွေးစုပ်မှုကြောင့် လယ်သမားများမှာ ပို၍ ငတ်သည်ထက် ငတ်လာကြသည်ထိ အခြေအနေတွင် ချေ၏တော်လှန်ရေးလှုပ်ရှားမှုဌ လယ်သမားများပါ ပါဝင်လာပါတော့သည်။

ဘိုလီဗီးယားကွန်မြူနစ်ပါတီတွင် မွန်ဂျေးခေါင်းဆောင်သော ပါတီကိုယ်စားပြုအဖွဲ့ဝင်များ ကျန်ခဲ့ပါသည်။ သူတို့ကလည်း သူတို့ နည်း သူတို့ဟန်ဖြင့် နယ်ချဲ့နောက်လိုက်များကို တိုက်ခိုက်နေသည်။ ချေသည် ရဲရင့်တက်ကြွသော လူများနှင့် တော်လှန်ရေးဆင်နွှဲနေသော်လည်း

မွန်ဂျေးတို့အုပ်စုနှင့် ပူးပေါင်းဆောင်ရွက်ဖို့ ကြံစည်ခဲ့သည်။ ပထမဆုံး သူဆောက်ထားသော စခန်းကို မွန်ဂျေးအားလည်ပတ်ရန် ဖိတ်ခေါ်ခဲ့၏။ နောက်ထပ်ကွဲသွားသော အုပ်စုမှ မွိုက်ဆီဂွေဗားရားကိုလည်း သူ့စခန်းသို့ လာရောက်လည်ပတ်ရန် ဖိတ်ခေါ်သည်။ မွိုက်ဆီက ဘိုဇီဗီးယား ကွန်မြူနစ်ပါတီမှ ခွဲထွက်ပြီး တခြားအဖွဲ့အစည်းထဲ ဝင်ခဲ့သည်။ ထိုအဖွဲ့ကို အော်စကာဇာမိုရာက ဦးဆောင်လေသည်။ နောင်အခါ ထိုအဖွဲ့တွင် ဇာမိုရာနှင့်အယူအဆ မတူညီသောကြောင့် သူထွက်သွားပြန်သည်။ ဇာမိုရာမှာ နောက်ထပ်မွန်ဂျေးလို လူတစ်ယောက်ဖြစ်လေသည်။ ဇာမိုရာက ချေတို့ ပြောက်ကျားအဖွဲ့ကို ထောက်ခံကူညီပါမည်ဟု ကတိပေးခဲ့သည်။ ဘိုလီဗီးယားပြောက်ကျားစစ်တွင် ပါဝင်ပါမည်ဟု ဆိုခဲ့သည်။ သို့သော် နောင်အခါ သူလည်းမပါတော့ဘဲ သူရဲဘောကြောင်စွာ ရှောင်တိမ်းသွားခဲ့သည်။ ချေ ကျဆုံးပြီးနောက် ဇာမိုရာသည် မာ့စ်၊လီနင်ဝါဒကို အပြင်းအထန် ဝေဖန်သောလူတစ်ယောက် ဖြစ်လာခဲ့သည်။ မွိုက်ဆီဂွေဗားရားမှာ တံ့နှေးမှုမရှိဘဲ ချေနှင့်ပူးပေါင်းခဲ့ပါသည်။ ဘိုလီဗီးယားသို့ ချေမရောက်ခင်ကတည်းက ပြောက်ကျားစစ် ဆင်နွှဲရန် ကြံစည်နေသူဖြစ်သည်။ သူသည် တော်လှန်ရေးအတွက် သူ့အသက်ကို ပေးစွန့်လွတ်ခဲ့သူ ဖြစ်လေသည်။

မွန်ဂျေး၏စည်းရုံးရေးအောက်တွင် ရှိခဲ့ဖူးသော ပြောက်ကျားရဲဘော်များမှာလည်း ဘိုလီဗီးယားတွင် ချေ၏ပြောက်ကျားအဖွဲ့နှင့် ပူးပေါင်းခဲ့သည်။ လိုအပ်သလို အန်တိုနင်ကိုကိုပါရေဒိုတို့က ခေါင်းဆောင်ခဲ့လေသည်။ သူတို့သည် ရဲစွမ်းသတ္တိရှိပြီး ထူးချွန်သော တိုက်ခိုက်ရေးသမားများဖြစ်ပါသည်။ မွန်ဂျေးဘက်မှနေ ချေဆီ ရောက်လာသောသူများမှာ ချေကို ထောက်ခံကာ ချေနှင့်အတူ ပိုင်းဖြတ်ချက်ရှိရှိ တိုက်ပွဲဝင်ခဲ့ကြသည်။ ထိုအခါ မွန်ဂျေးက သူ့လူအတော်များများ ချေဘက်ရောက်သွားသဖြင့် ချေတို့၏ တော်လှန်ရေးကို အနှောင့်အယှက်ပေးရန် ဖျက်ဆီးရန် ကြံစည်ခဲ့၏။ လက်ပတ်စ်တွင်

သတင်းရသည်။ ကွန်မြူနစ်စစ်သွေးကြွများသည် ပြောက်ကျားအဖွဲ့များနှင့် ပူးပေါင်းသွားသည်ဟု သတင်းရရှိသည်။ မွန်ဂျေးက တချို့သတင်းများကို အာဏာပိုင်အဖွဲ့အစည်းများကို ပေးအပ်ခဲ့သည်။

ချေအနေဖြင့်မူ သူပုဂ္ဂိုလ်ရေးအရ ရာထူးဆိုသည်ကို စိတ်မဝင်စားပေ။ ဂုဏ်ပြုခံရမှာ၊ ခေါင်းဆောင်အနေဖြင့် ယူရမှာကို သူအနေဖြင့် အထူးအထွေ စိတ်မဝင်စားပေ။ ပြောက်ကျားစစ်ဆင်နွှဲရမည်ကိုသာ အလေးထားသည်။ လက်တင်အမေရိက ပြည်သူများအတွက် ပြောက်ကျားစစ် ဆင်နွှဲရေးသာ အလေးအနက်ထားသည်။ သူက အဖိနှိပ်ခံနေရသော နိုင်ငံများတွင် စစ်ရေး၊ နိုင်ငံရေး၊ ခေါင်းဆောင်မှု ကောင်းကောင်းဖြင့် ပြောက်ကျားစစ် ဆင်နွှဲနိုင်လျှင် အောင်မြင်မှုရမည်ဟုလည်း ခိုင်မာစွာ ယုံကြည်ထား၏။ ပြောက်ကျားအဖွဲ့အစည်းများသည် မြို့ကြီးများပေါ်ရှိ ဗြူရိုကရက်ခုံးဌာနများနှင့် မတူညီစေရ။ ထို့ကြောင့် ဘိုလီဗီးယားပြောက်ကျားစစ်ပွဲ စတင်နေစဉ်တွင် ခေါင်းဆောင်မှယူရေးအတွက် သူ ပြင်ဆင်ခြင်း မရှိပေ။ သို့သော် သူ၏ခေါင်းဆောင်မှု၊ သူ၏ ရဲရင့်သော အတွေ့အကြုံ၊ သူ၏ စွန့်လွှတ်မှု၊ သူ၏ ပြတ်သားမှန်ကန်သော ဆုံးဖြတ်ချက်တို့ကြောင့် ဘိုလီဗီးယားတွင် ခေါင်းဆောင်မှုနေရာ ရရှိခဲ့သည်။ ကျဉ်းမြောင်းသော လူမျိုးရေးဝါဒကို ဆန့်ကျင်သလို လူမျိုးကြီးဝါဒကိုလည်း ဆန့်ကျင်ခဲ့၏။ အဖိနှိပ်ခံနေရသော ဘိုလီဗီးယားပြည်သူများနှင့် လယ်သမားများ လွတ်မြောက်ရေး၊ အလုပ်သမားများ လွတ်မြောက် ရေးတို့ကိုသာ စွမ်းစွမ်းတမံ တိုက်ပွဲဝင်နေခြင်းဖြစ်သည်။

"စစ်မှန်သော ပစ္စည်းမဲ့နိုင်ငံတကာဝါဒကို တိုးတက်ဖွံ့ဖြိုးအောင် ကျွန်တော်တို့ကြိုးပမ်းကြပါစို့"ဟု တိုက်ကြီး ၃ တိုက် ညီလာခံသို့ သူက သဝဏ်လွှာပေးပို့ခဲ့လေသည်။ ထို သဝဏ်လွှာထဲတွင် "လူသားများလွတ်မြောက်ရေးအတွက် ကျွန်ုပ်တို့တိုက်ပွဲဝင်နေသော မြင့်မြတ်သော အောင်လံကို တလူလူ လွှင့်ထူကြရမည်။ ဗီယက်နမ်၊ ဗင်နီဇွဲလား၊ ဂွာတီမာလာ၊ လာအို၊ ဂီရီ၊ ကိုလံဘီယာစသော ဒေသအသီးသီးမှ

အသားအရောင်မျိုးစုံ၊ လူမျိုးပေါင်းစုံတို့၏ အသက်စွန့် တိုက်ပွဲဝင်နေခြင်းကို ကျွန်ုပ်တို့ ဂုဏ်ပြုကြပါစို့။ လက်တင်အမေရိက၊ အာရှ၊ အာဖရိကနှင့် ဥရောပတို့မှ ဂုဏ်ရောင်ပြောင်သော ပြည်သူများ၏ နယ်ချဲ့စနစ်အပေါ် တိုက်ပွဲဝင်မှုကို ဂုဏ်ယူကြပါစို့။ ထိုဒေသမှပြည်သူများ၏ သွေးစည်းညီညွတ်မှုကို မြှင့်တင်ရမည်၊ အမျိုးသားအောင်လံတော်အောက်တွင် ကျဆင်းခဲ့သော သွေးများသည်အတူတကွ ပေါင်းစည်းသွားပါလိမ့်မည်။ မိမိတို့၏ နိုင်ငံအသီးသီးမှ လွတ်မြောက်ရေးအတွက် အသက်ရှင်ကျန်နေသူများက ပါဝင်ရမည်ဖြစ်သည်။ အမျိုးသားလွတ်မြောက်ရေးအတွက် နိုင်ငံအသီးသီးမှ ပြည်သူအားလုံး လက်ချင်းတွဲ၍ ဖောက်ပြန်ရေး သမားများနှင့် နယ်ချဲ့သမားများကို တိုက်ပွဲဝင်ကြပါစို့"ဟု ရေးသား ပေးပို့ခဲ့သည်။

ချေသည် လက်တင်အမေရိကနိုင်ငံများရှိ ပြည်သူအားလုံး ပြောက်ကျားတပ်ဖွဲ့များ ဖွဲ့စည်းကာ နိုင်ငံအသီးသီးရှိ နယ်ချဲ့လက်ပါးစေ ရုပ်သေးအစိုးရများကို တိုက်ခိုက်ရမည်။ ဘိုလီဗီးယားကို တော်လှန်ရေး၏ ကျောင်းတော်ကြီးအဖြစ် ထားရှိရမည်။ ထိုနေရာတွင် နိုင်ငံအသီးသီးမှ ရဲဘော်များလာရောက်ပြီး တိုက်ပွဲဝင် သင်တန်းများလာရောက်တက်ဖို့လည်း လိုသည်ဟု ဆိုသည်။ ထိုသို့လာရောက်ခြင်းမှာ ဘိုလီဗီးယားလွတ်မြောက်ရေးအတွက် အကူအညီပေးရာလည်း ရပါသည်။ ဘိုလီဗီးယားတွင် ကလာပ်စည်းလေးများဖွဲ့ကာ ပြောက်ကျားစစ်ဆင်ရေးအတွက် အတွေ့အကြုံယူရမည့် ဆီးရားယားမေစထရာတွင် သူတို့ရဲဘော်များ လက်တွဲတိုက်ပွဲဝင်ခဲ့ သလို ယခုလည်း ဘိုလီဗီးယားတွင် တိုက်ပွဲဝင်ကြရမည်။ ကျူဘား တော်လှန်ရေးတိုက်ပွဲတုန်းက သူကိုယ်တိုင် ပါဝင်ပြီး စွန့်လွှတ်တိုက်ပွဲဝင်ခဲ့သလို လက်တင်အမေရိကမှ အခြားရဲဘော်များကလည်း ဝင်ရောက်ကူညီသင့်သည်။ ပြောက်ကျားရဲဘော်များ၏ စွမ်းရည်၊ ရဲစွမ်းသတ္တိ၊ ကိုယ်ကျိုးစွန့်စိတ်ဓာတ်အားလုံးကို ချေက သိသည်။ ထိုသူများသည် သူ၏တော်လှန်ရေးတွင် ပါဝင်တိုက်ခိုက်ကြသည်။ သူ

ရဲဘော်များသည် သူ့ကို စွန့်ခွာသွားခြင်းမရှိ။ သူ့ရဲဘော်များသည် တစ်ယောက်မှ ရန်သူထံ အည့ဲခံခြင်း မရှိကြ။

ချေသည် ဘိုလီဗီးယားလှုံ့ဆော်မှုဖြင့် နိုင်ငံတကာဝါဒကို အကောင်အထည်ဖော်ရန် ကြိုးစားခဲ့ပါသည်။ ဘိုလီဗီးယား ပြောက်ကျားစစ်ဆင်ရေးသည် အရေးပါ၏။ တာဝန်ရှိသည်ဟူသော တာဝန်သိစိတ်ဖြင့် သွားရောက်တိုက်ခိုက်ခြင်းဖြစ်သည်။ ပြောက်ကျား တပ်ဖွဲ့အနေဖြင့် ပေါ့ဆမှုအမှားများ ရှိသည်ကိုကား ဝန်ခံရမည်။ ထိုသို့ အမှားများ တွေ့သောအခါ ချေကသိရှိပြီး ချက်ချင်းပြင်ဆင်ခဲ့သည်။ ထိုသို့ အမှားများတွေ့ပြီး ပြင်ဆင်သည်ကို ချေက သူ၏ နေ့စဉ်မှတ်တမ်း၌ ရေးသားခဲ့ပါသည်။

အခန်း (၅)

၁၉၇၁ ခုနှစ်က ဖီဒဲလ်ကက်စထရိုသည် ချီလီနိုင်ငံသို့ သွားရောက်လည်ပတ်ခဲ့သည်။ ဆယ်စုနှစ်တစ်ခုကျော်အတွင်း လက်တင်အမေရိကနိုင်ငံတစ်ခုသို့ ပထမဆုံးသွားရောက် လည်ပတ်ခြင်းဖြစ်သည်။ ချီလီသမ္မတ ဆဲလ်ဗာဒေါ့အယန်းဒေးက သူ့ကို ဖိတ်ခေါ်သည့်အတွက် သွားရောက်လည်ပတ်ခြင်းဖြစ်သည်။ ၁၉၇၃ ခု စက်တင်ဘာလ၌ အမေရိကန်တို့ ထောက်ခံကူညီသော စစ်တပ်က အာဏာသိမ်းကာ အသတ်ခံခဲ့ရသောသမ္မတ ဖြစ်ပါသည်။ ချီလီသို့ ရောက်ရှိခဲ့သော ဖီဒဲလ်ကက်စထရိုသည် မြို့တော်ဖြစ်သော ဆန်တီယာဂိုဒီချီလီရှိဆန်မစ်ဂွဲယ်တွင် ပြောကြားခဲ့သောမိန့်ခွန်းဖြစ်သည်။ ဆန်မစ်ဂွဲယ်တွင် ချေဂွေဗားရားအမှတ်တရ ရုပ်တုကြီးကို တည်ဆောက်ထားသည်။ ချီလီသို့ရောက်ရှိနေသော ကက်စထရိုက ထိုရုပ်တုရှေ့တွင် တက်ရောက်လာသော ပြည်သူလူထုအား မိန့်ခွန်း ပြောကြားခဲ့ခြင်းဖြစ်သည်။

"လွန်ခဲ့တဲ့ရက်ပိုင်းအတွင်းလောက်က ကျွန်တော်ဟာ ဟိုဆေးမာတီရဲ့ ကြေးရုပ်ကို သွားရောက်အလေးပြုခဲ့ပါတယ်။ အဲ့ဒီမှာပဲ မကြာခင် ချေရဲ့ ကြေးရုပ်ရှိရာကို လာရောက်အလေးပြုမယ့် အကြောင်း၊ အဲ့ဒီတုန်းက ရောက်ရှိနေတဲ့ ပြည်သူလူထုကို ပြောကြားခဲ့ပါတယ်။

ဒီနေ့ ကျွန်တော် ဒီကိုရောက်လာတဲ့အခါမှာ ဒီအသိုင်းအဝိုင်း

က ကျွန်တော့်ကို 'အထင်ကရ သားတော်'ဆိုတဲ့ ဂုဏ်ထူးကို ခီးမြှင့်တဲ့ အတွက် ဆန်မစ်ဂွဲယ်အသိုင်းအဝိုင်းကို ကျေးဇူးတင်တဲ့အကြောင်း ပြောကြားလိုပါတယ်။

ယခုဒီကို ရောက်လာတဲ့ ကျွန်တော်ရဲ့အလုပ်က ကျွန်တော်ရဲ့ အလေးအမြတ်ပြုမှုနဲ့ အမှတ်တရရှိတဲ့ အဖြစ်အပျက်တွေကို ပြောပြဖို့ ဖြစ်တယ်။ ချေရဲ့ဘဝနဲ့ သူရဲ့ ဂုဏ်ပြုထိုက်တဲ့ မြင့်မြတ်မှုတွေ အကြောင်း၊ သူရဲ့စရိုက်တွေကို ပြောပြဖို့ ဖြစ်ပါတယ်။ ဒီနေရာကို ရောက်ရှိလာပြီး သူရဲ့အထိမ်းအမှတ်ကြေးရုပ်ရှေ့မှာ ပန်းခွေချ ဂုဏ်ပြုပါတယ်။ ဒီအခွိန်မှာ ကျွန်တော့်ခေါင်းထဲကို သူ့အကြောင်း ရောက်ရှိလာပါတယ်။ ပထမဆုံးပြောချင်တာက သူဟာအမှတ်ရစရာ လူတစ်ယောက်ဖြစ်ပါတယ်။ ကျွန်တော်တို့တွေရဲ့ ညီအစ်ကိုတော်လည်း ဖြစ်တယ်။ ကျွန်တော်တို့နိုင်ငံလွတ်မြောက်ရေးအတွက် အတူလက်တွဲ တိုက်ပွဲဝင်ခဲ့တဲ့ ရဲဘော်တစ်ယောက်ဖြစ်တယ်ဆိုတာပါပဲ။ ယခုလို ကြေးရုပ်အဖြစ် ပြောင်းလဲသွားသူ ပုဂ္ဂိုလ်တစ်ယောက်ကို မြင်တွေ့ခဲ့ရတဲ့ အကျိုးသက်ရောက်မှုကို ပြောပြချင်တယ်။ သူနဲ့ သိရှိခဲ့ရတဲ့အခွင့်အရေး၊ သူနဲ့ တစ်ခါတုန်းက တိုက်ပွဲဝင်ခဲ့ရတဲ့ အခွင့်အရေးတွေကို ကျွန်တော်ပြောပြချင်ပါတယ်။

ယခုလို ဘဝမှာ ကျွန်တော်သိတဲ့သူတစ်ယောက်ရဲ့ ရုပ်တု တစ်ခုရှေ့ရောက်ရှိလာတာဟာ ကျွန်တော့်အတွက် ပထမဆုံးအကြိမ်ပါပဲ။ အများအားဖြင့် ရုပ်တုတွေက အနုပညာရှင်တွေ၊ ထင်ရှားကျော်ကြားသူတွေရဲ့ အမှတ်တရ ရုပ်တုတွေ ဖြစ်ပါတယ်။ ကြေးရုပ်တို့၊ ကျောက်ရုပ်တို့ စတဲ့ ရုပ်တုတွေ ထုလုပ်တာဟာ လူသားမျိုးနွယ်အတွက် ကြိုးပမ်းအားထုတ်ခဲ့သူတွေ၊ ပြည်သူတွေအတွက် စွန့်လွှတ်ကြိုးပမ်းခဲ့တဲ့သူတွေကို အထိမ်းအမှတ်ပြုပြီး အမှတ်ရနေဖို့ ထုလုပ်ထားတာဖြစ်တယ်။ နောင်နှစ်ပေါင်းများစွာ၊ ထောင်ပေါင်းများစွာ ဒီပုဂ္ဂိုလ်တွေကို မမေ့အောင် ထုလုပ်ထားတာဖြစ်ပါတယ်။ အလွန်ထူးခြားတဲ့ အခြေအနေတစ်ရပ်အောက်မှာ ပြည်သူလူထုနဲ့ အုပ်စိုးသူတွေက သူတို့အလေးထားတဲ့ အထင်ကရ

ပုဂ္ဂိုလ်ကို အမှတ်ရနေအောင် ထုလုပ်ထားကြတာလည်း ဖြစ်တယ်။ သမိုင်းမှာ သူတို့ရဲ့ စွမ်းဆောင်မှုတွေနဲ့ စွန့်လွှတ်အနစ်နာခံမှုတွေကို နောင်လာနောက်သားတွေ မမေ့အောင်၊ နှစ်ပေါင်းများစွာ တည်ရှိနေအောင် ကျောက်ရုပ်၊ ကြေးရုပ်တွေ ထုလုပ်ကြတာဖြစ်ပါတယ်။ ဆန်မစ်ဂွဲယ်က တော်လှန်တဲ့ပစ္စည်းမဲ့တွေဟာ ချေရဲ့ ကြေးရုပ်ကို ပြည်သူအားလုံး အမှတ်ရနေအောင် ထုလုပ်ချင်ကြတယ်။ ဒါကြောင့် ၁၉၇၀ အောက်တို ဘာလ ချေကျဆုံးပြီးတဲ့ ၃ နှစ်မြောက်နေ့မှာ ဒီ ကြေးရုပ်ကို ဖွင့်လှစ်ခဲ့တာပါပဲ။

ကျွန်တော်ဟာ ချေကို ၁၉၅၅ ခုနှစ်က မက္ကဆီကိုမှာ စတင်တွေ့ဆုံခဲ့တာ ဖြစ်ပါတယ်။ သူဟာ အာဂျင်တီးနားမှာမွေးတဲ့ အာဂျင်တီးနားလူမျိုးတစ်ယောက်ပါပဲ။ ဒါပေမဲ့ သူရဲ့နှလုံးသားထဲမှာ လက်တင်အမေရိကစိတ်မာတ်ပဲ ရှိတယ်။ လက်တင်အမေရိက ပြည်သူအားလုံးဟာ သူရဲ့အမျိုးသားတွေလို့ပဲ ခံယူထားပါတယ်။ သူက မက္ကဆီကိုကို ဂွာတီမာလာကနေ ရောက်ရှိလာတာပါ။

ချေအကြောင်း ပြောရတဲ့အခါမှာ တခြားတော်လှန်ရေးသမားတွေအကြောင်းလိုပဲ ဇာတ်လမ်းတွေ၊ ပုံပြင်တွေ အများကြီးရှိတယ်။ အဖြစ်မှန်တွေရော၊ အဖြစ်မှန်ကို ပိုပြီး ခဲ့ကားထားတာရော၊ တချို့က မိမိစိတ်ကူးနဲ့ပြောတာတွေ အများကြီး ရှိပါတယ်။ တချို့က သူ့ကို တော်လှန်ရေးသမားတစ်ယောက်အဖြစ် လေးလေးစားစား ဆက်ဆံကြသလို၊ တချို့ကတော့ အဖျက်သမားအဖြစ် နောက်ကွယ်က ကြိုးကိုင်သူလို့ ပြောတယ်။ တချို့ကတော့ တော်လှန်ရေးကို ဖျက်ဆီးဖို့ အကြံအစည်နဲ့ ရောက်ရှိလာတယ်လို့ ပြောပါတယ်။ ဒီလိုလုပ်ကြပြီး မမှန်သတင်းပြောသူတွေကတော့ လက်တစ်ဆုပ်စာပဲ ရှိပါတယ်။ ချေရဲ့ စွန့်လွှတ်အနစ်နာခံမှု၊ နိုင်ငံတကာ ဝါဒီတစ်ယောက်အဖြစ် တွေ့ရတဲ့ အခါမှာ အဖျက်အမှောင့်လုပ်သူဆိုတဲ့ အပြောက ပပျောက်သွားတော့တယ်။ အာဂျင်တီးနားမှာမွေးခဲ့တဲ့ အာဂျင်တီးနား လူမျိုးချေဟာ တခြား

ကျောင်းသားလူငယ်တွေလိုပဲ ပညာကို ကြိုးစားတဲ့သူ၊ ဘွဲ့ရဖို့ လုံးပမ်းခဲ့တဲ့ ကျောင်းသားတစ်ယောက်အဖြစ် စတင်ခဲ့ပါတယ်။ သူနိုင်ငံရဲ့ တက္ကသိုလ်တစ်ခုမှာ ဘွဲ့ရကျောင်းသားဖြစ်ခဲ့တယ်။ တခြားဘွဲ့ရကျောင်းသားတွေလိုပဲ ဆေးကျောင်းကနေ ဆရာဝန်ဖြစ်ခဲ့တာပါပဲ။ ဒါပေမဲ့ ချေရဲ့ထူးခြားတာကတော့ လက်တင်အမေရိကက ပြည်သူတွေကို စိတ်ဝင်စားတာပါပဲ။ တောင်အမေရိကကို စူးစမ်းလေ့လာချင်တဲ့ စိတ်ဓာတ်သူမှာ ရှိခဲ့တယ်။ အဲ့ဒီလို အထူးစိတ်ဝင်စားမှုနဲ့အတူ သူဟာ လက်တင်အမေရိကတခြားနိုင်ငံတွေကို လေ့လာခဲ့တယ်။ သူရဲ့ ဉာဏ်ပညာနဲ့အတူ ပြည်သူအားလုံးရဲ့အခြေအနေကို နားလည်အောင် ကြိုးပမ်းအား ထုတ်ခဲ့တယ်။ ဒါကြောင့် ဆေးကျောင်းကနေ ဆရာဝန်လည်း ဖြစ်လာရော လက်တင်အမေရိကက နိုင်ငံအများအပြားကို ခရီးလှည့်ခဲ့တာပါပဲ။ သူမှာ သူပိုင်ဆိုင်တဲ့ ဘွဲ့တစ်ခုကလွဲပြီး ဘာမှ မရှိခဲ့ပါဘူး။

လက်တင်အမေရိကတစ်ခွင် ခရီးလှည့်လည်စဉ်က မော်တော်ဆိုင်ကယ်ဖြင့် သွားခဲ့သလို တစ်ခါတစ်ရံ ခြေလျင်လျှောက်ပြီးလည်း သွားခဲ့ပါတယ်။ တစ်နိုင်ငံပြီးတစ်နိုင်ငံ ဖြတ်သန်းသွားလာခဲ့တယ်။ ကျွန်တော်တို့တစ်တွေ ချူကာမာတ (ချီလီမြောက်ပိုင်းတွင် ရှိသည်)ကို ရောက်ရှိစဉ်က ချေလာရောက်ခဲ့တဲ့နေရာကို သွားကြည့်ကြပါတယ်။ ဆေးကျောင်းဆင်းပြီးကာစက သူနိုင်ငံ အာဂျင်တီးနား အပြင်ဘက်ထွက်ပြီး လက်တင်အမေရိကနိုင်ငံအသီးသီးကို သွားရောက်ခဲ့စဉ်က ဖြစ်ပါတယ်။ (မော်တော်ဆိုင်ကယ် နေ့စဉ် မှတ်တမ်းရုပ်ရှင်ကားတွင် ထိုလက်တင်အမေရိက ခရီးစဉ်အား ရိုက် ကူးထားလေသည်။) အဲ့ဒီအချိန်က ချေမှာ ပိုက်ဆံမရှိပါဘူး။ သူဟာ ကမ္ဘာလှည့်ခရီးသွားတစ်ယောက်လည်း မဟုတ်ဘူး။ ရောက်တဲ့နေရာမှာ အလုပ်ရှာလုပ်တယ်။ အလုပ်ခေါ်တဲ့ အလုပ်နေရာ တန်းစီနေတဲ့ အလုပ်သမားတွေကြားထဲရောက်နေတတ်တယ်။ ဆေးရုံတွေကိုလည်း ရောက်တယ်။ သမိုင်းဝင်နေရာတွေကိုလည်း ရောက်တယ်။ သူဟာ အင်ဒက်စ်တောင်တန်းကြီးကို ဖြတ်ကျော်

ခဲ့သလို မြစ်ကြောင်းအတိုင်း လှေတစ်စီး ဒါမှမဟုတ် ဖောင်တစ်ခုနဲ့ ကျော်ဖြတ်ခဲ့တယ်။ အမေဇုန်မှာရှိတဲ့ ကုဋ္ဌန္နနာဆေးရုံကိုလည်း သူသွားရောက်ခဲ့ပါတယ်။ အဲ့ဒီဆေးရုံမှာ အချိန်အတော်ကြာအထိ ဆရာဝန်အဖြစ် လူနာတွေကို ဆေးကုပေးခဲ့ပါတယ်။

အဲ့ဒီနောက် ချေဟာ ခရီးဆန့်ခဲ့ပါတယ်။ ဂွာတီမာလာကိုလည်း သူရောက်ရှိခဲ့တယ်။ ဘရာဇီး၊ ဗင်နီဇွဲလားနဲ့ ကိုလံဘီယာတို့ကိုလည်း သူသွားရောက်ခဲ့တယ်။ ဂွာတီမာလာကို သူ ရောက်တဲ့အချိန်က အဲ့ဒီက အစိုးရအဖွဲ့ဟာ တိုးတက်တဲ့အမြင် ရှိတဲ့အစိုးရအဖွဲ့ ဖြစ်ပါတယ်။ အဲ့ဒီအစိုးရအဖွဲ့ကို ဂွာကိုတိုအာဘင့်စ်က ဦးဆောင်နေတယ်။ တိုင်းပြည်ရဲ့အာဏာကို ရယူထားတဲ့ အဲ့ဒီတိုးတက်တဲ့အစိုးရအဖွဲ့ဟာ မြေယာပြုပြင်ပြောင်းလဲရေးတွေကို ပြုလုပ်ခဲ့ပါတယ်။ ၁၉၅၃ ခုနှစ် မွန်ကားဒါး စစ်စခန်းကို ဝင်တိုက်စဉ်က အသက်ရှင်ကျန်ရစ်သူတွေ လည်း ရှိတယ်။ အသက်ရှင်ကျန်ရစ်သူတွေဟာ ချေနှင့်အပေါင်းအ သင်းဖြစ်ခဲ့ကြပါတယ်။ ချေဟာ ဂွာတီမာလာမှာလည်း အလုပ်လုပ်ခဲ့ ဖူးပါတယ်။ ကျွန်တော်မှတ်မိသလောက်ပြောရမည်ဆိုရင်တော့ သူဟာ ဆရာဝန်တစ်ယောက်အဖြစ်နဲ့ ဂွာတီမာလာမှာ အလုပ်လုပ်ခဲ့တာဖြစ်တယ်။

ဂွာတီမာလာမှာ တခြားစိတ်ဝင်စားစရာအဖြစ်အပျက်တွေလည်း ရှိခဲ့တယ်။ သူဟာ အဲ့ဒီနိုင်ငံ ပြုပြင်ပြောင်းလဲရေးအတွက် စိတ်ဝင်စားမှုရှိခဲ့သလို ဗဟုသုတအသိအမြင်တိုးတက်ပြောင်းလဲမှုအတွက်လည်း သူဟာ စာတွေကို ဖတ်ခဲ့တယ်။ သူ စာဖတ်တာဟာ ရေဆာနေတဲ့သူတစ်ယောက် ရေသောက်သလို အငမ်းမရဖတ်တာဖြစ်တယ်။ ကားမာ့က်၊ အိန်ဂျယ်နဲ့လီနင်တို့ရဲ့ သဘောတရားစာအုပ်တွေကိုလည်း သူ အငမ်းမရ ဖတ်ရှုခဲ့ပါတယ်။ စူးစမ်းလေ့လာလိုစိတ်ရှိပြီး မှတ်ဉာဏ်လည်းကောင်းသလို သူဟာ တော်လှန်ရေးဆိုင်ရာ စာအုပ်အတော်များများကိုလည်း အချိန်ရလျှင်ရသလို ဖတ်ရှုခဲ့ပေမဲ့ ချေဟာ ဘယ်နိုင်ငံရေးပါတီကိုမှ မဝင်ခဲ့ပါဘူး။ သူဟာ မာ့က်ဝါဒ အတွေး

အခေါ်ကို လက်ခံထားသူလည်း ဖြစ်ပါတယ်။

ချေဟာ ခါးသီးတဲ့အတွေ့အကြုံတွေကို သူရဲ့ ခရီးစဉ်မှာ ရရှိခဲ့တယ်။ သူဘဝမှာ မကြုံဖူးတဲ့အတွေ့အကြုံတွေကိုလည်း ရရှိခဲ့တယ်။ ဂွာတီမာလာမှာ CIA ဦးဆောင်တဲ့ နယ်ချဲ့သမားတွေရဲ့ ကျူးကျော်တိုက်ခိုက်မှုကို သူကြုံတွေ့ခဲ့ရလေတယ်။ အိမ်နီးချင်း တိုင်းပြည်တစ်ပြည်ကနေပြီး CIA ဟာ အထူးလေ့ကျင့်ထားတဲ့ တပ်ဖွဲ့တစ်ဖွဲ့နဲ့ ဂွာတီမာလာကို ကျူးကျော်တိုက်ခိုက်ခဲ့တာဖြစ်တယ်။ ခေတ်မီလက်နက်အစုံအလင်နဲ့ ဝင်ရောက်တိုက်ခိုက်ခဲ့တာလည်း ဖြစ်ပါတယ်။ အဲဒီလို တိုက်ခိုက်တာဟာ ကျူးဘားမှာရှိတဲ့ ဂီရွန်ခေါ် ဝက်ပင်လယ်အော်ကို ဝင်ရောက်တိုက်ခိုက်တာနဲ့ တူနေပါတယ်။ နယ်ချဲ့တပ်ဖွဲ့တွေနဲ့ CIA က လေ့ကျင့်ပေးထားတဲ့ နောက်လိုက်တွေ ဟာ လေကြောင်းကသာမက မြေပြင်ကပါ ထိုးစစ်ဆင်တိုက်ခိုက်ပြီး ဂွာတီမာလာက တော်လှန်ရေးအစိုးရကို ဖြုတ်ချနိုင်တယ်။

အဲဒီဒေသခ်ိန်တုန်းက ဂွာတီမာလာမှာရှိတဲ့ ပြည်သူတွေနဲ့ လက်တင်အမေရိကနိုင်ငံအသီးသီးမှာရှိတဲ့ ပြည်သူတွေဟာ ဂွာတီမာလာအစိုးရကို ထောက်ခံကူညီကြတယ်။ အဲဒီအစိုးရက လက်တွေ့သဘာဝအရ ရိုးရိုးသားသား အလုပ်တွေကိုပဲ လုပ်ကိုင်ခဲ့ကြပါတယ်။ နောက်ပြီး ပြည်ပကရောက်ရှိနေတဲ့ လက်တင်အမေရိက တိုက်ကလူများက နိုင်ငံရေးမဟုတ်ဘဲ ရိုးရိုးသားသား အလုပ်တွေကို သာ ကူညီခြင်းဖြစ်ပါတယ်။ အဲဒီလို CIA ဝင်ရောက်ကျူးကျော်တဲ့အခါ သူတို့ဟာ ဒီနိုင်ငံက ထွက်ခွာပြီး မက္ကဆီကိုကို ရောက်ရှိသွားကြပါတော့တယ်။

၁၉၅၅ ခုနှစ်မှာ ပထမဆုံး မွန်ကားဒါးစစ်စခန်းကို တိုက်ခိုက်ခဲ့သူတွေဟာ အကျဉ်းထောင်က လွတ်မြောက်ပြီး ကျူးဘားကိုရောက်ရှိလာခဲ့တယ်။ ပထမဆုံးလွတ်မြောက်လာသူကတော့ ရာအူးကက်စထရိုပဲ ဖြစ်ပါတယ်။ သူက မက္ကဆီကိုကိုကို ရောက်ရှိခဲ့တယ်။ ကျွန်တော်လည်း မကြာခင်မှာပဲ မက္ကဆီကိုကို ရောက်ရှိသွားပါတယ်။ ရာအူးက အကျဉ်း

ထောင်ထဲက မိတ်ဆွေများကို စုစည်းတွေ့ ဆုံခဲ့တယ်။ အဲဒီလို မိတ်ဆွေသစ်၊ မိတ်ဆွေဟောင်းတွေနဲ့ တွေ့ဆုံရာကနေ ရာအူးဟာ ချေနဲ့တွေ့ဆုံခဲ့ပါတယ်။ ကျွန်တော်လည်း ရက်သတ္တပတ် အနည်းငယ်အကြာမှာ မက္ကဆီကိုက အိမ်လေးတစ်လုံးမှာ ချေနဲ့တွေ့ဆုံခဲ့ပါတယ်။ အဲဒီမှာ ကျူးဘားတော်လှန်ရေးသမားတွေ ရှိပါတယ်။ အဲဒီအိမ်ဟာ အင်ပါရန့်လမ်းပေါ်မှာ ရှိပါတယ်။ အဲဒီအိမ်လေးကို ကျွန်တော်အခုထိ မှတ်မိနေပါသေးတယ်။ အိမ်နံပါတ်ကိုတော့ မမှတ်မိတော့ပါဘူး။

ချေ ရဲ့နာမည်ဟာ ချေ မဟုတ်ပါဘူး။ သူ့နာမည်က အာနက် စတိုဂွေဗားရားဖြစ်ပါတယ်။ အာဂျင်တီးနားထုံးစံအရ ပြည်သူများက 'ချေ'လို့ ခေါ်ခြင်းဖြစ်ပြီး ကျူးဘားတွေကလည်း 'ချေ'လို့ လိုက်ခေါ်တာဖြစ်တယ်။ အဲဒီနာမည်ဟာ နောင်အခါမှာ ထင်ရှားလာခဲ့တယ်။ နာမည်တစ်ခုဟာ သင်္ကေတတစ်ခုအဖြစ် လူထုက အသိအမှတ်ပြုခေါ်ဝေါ်လာတာဖြစ်ပါတယ်။ အခုအကြောင်းဟာ သူနဲ့ကျွန်တော် စတင်တွေ့ဆုံတဲ့အကြောင်း ဖြစ်ပါတယ်။ သူကိုယ်တိုင်လည်း အဲဒီအကြောင်းကို စာရေးတဲ့အခါ ထည့်သွင်းရေးသားခဲ့တယ်။ ကျွန်တော်တို့နဲ့တွေ့ပြီးနောက် သူဟာ ကျူးဘားတော်လှန်ရေး အတွက် ချက်ချင်းပါဝင်လုပ်ဆောင်ခဲ့တယ်။ ဆွေးနွေးပြီးတဲ့အခါ သူလည်း ကျူးဘားတော်လှန်ရေးမှာ ပါဝင်မယ်လို့ ကမ်းလှမ်းကတိ ပြုလာခဲ့တယ်။

ဂွာတီမာလာမှာ သူမြင်တွေ့ခဲ့ရတဲ့ ခါးသီးတဲ့အတွေ့အကြုံတွေကို ချေဟာ စက်ဆုပ်ရွံရှာလွန်းတဲ့အတွက် သူ့စိတ်ဓာတ်အရ အဲဒီနိုင်ငံကနေ ထွက်ခွာလာခဲ့ပြီဖြစ်ပါတယ်။ CIA နဲ့ နယ်ချဲ့သမားတွေဟာ သူတို့ရဲ့လက်ပါးစေတွေကို စေခိုင်းပြီး အရှက်မဲ့စွာနဲ့ ဝင်ရောက်လာကြတယ်။ ပြည်သူတွေရဲ့ မျှော်လင့်ချက်ကို ရိုက်ချိုးခဲ့တယ်။ သူတို့နိုင်ငံ တိုးတက်ဖွံ့ဖြိုးရေးအတွက် ဂွာတီမာလာပြည်သူတွေ ကြိုးပမ်းအားထုတ်နေစဉ်မှာ အဲဒီလို ကျူးကျော်ခဲ့တာဖြစ်တယ်။ တော်လှန်ရေးစိတ်ဓာတ်ကို ရိုက်ချိုးခဲ့သလို တော်လှန်ရေးသမားတွေ ကိုလည်း ဖိနှိပ်

တိုက်ခိုက်ခဲ့တယ်။ ဒါကြောင့် ချေဟာ မတ္တဆီကိုမှာ သေးငယ်တဲ့ကျူးဘား အုပ်စုလေးနဲ့ ပူးပေါင်းမိခဲ့ပါတယ်။ ဒီအုပ်စုလေးက ကျွန်တော်တို့နိုင်ငံရဲ့ တိုက်ပွဲကို စာမျက်နှာသစ်တစ်ခုဖွင့်ဖို့ အားထုတ်လုံးပမ်းနေတဲ့အုပ်စုလေးဖြစ်တယ်။

ကျွန်တော်တို့ဟာ မတ္တဆီကိုမှာ ၁ နှစ်ကျော်ကျော်ကြာ နေထိုင်ခဲ့တယ်။ နေရေး၊ ထိုင်ရေး၊ စားရေး၊ သောက်ရေးကအစ အခက်အခဲများစွာ ရှိခဲ့တယ်။ ဒါပေမဲ့ ဒီကိစ္စဟာ အကြောင်း မဟုတ်ပါဘူး။ ကျွန်တော်တို့တော်လှန်ရေး အောင်မြင်ဖို့ အနစ်နာခံမယ့် စိတ်ဓာတ်ရှိပါတယ်။ ကျူးဘားတော်လှန်ရေးအတွက် ဘယ်လို ဆောင်ရွက်မလဲဆိုတာကိုလည်း အသေးစိတ်အစီအစဉ်တွေ ရေးဆွဲချမှတ်ခဲ့ကြတယ်။ ခေါင်းဆောင်မှူလိုအပ်နေတဲ့ ကျူးဘားပြည်သူတွေကို ကျွန်တော်တို့တော်လှန်ရေးသမားတွေကသာ ဦးဆောင်တိုက်ပွဲဝင် ခဲ့ရင် ကျူးဘားပြည်သူတွေဟာ တစ်ခဲနက် အုံကြွလာမှာဖြစ်တယ်။ ဒါကြောင့် နောက်ဆုံး ၁၉၅၆ ခု နိုဝင်ဘာလ (၂၅)ရက်နေ့မှာ ကျွန်တော်တို့အုပ်စု ကျူးဘားကို ထွက်ခွာလာခဲ့ပါတော့တယ်။

ကျွန်တော်တို့ရဲဘော်တွေမှာ ကြွေးကြော်သံတစ်ခုထားရှိခဲ့တယ်။ အဲ့ဒါကတော့ သံသယဝါဒကို ဆန့်ကျင်ဖို့ပဲ ဖြစ်ပါတယ်။ နိုင်ခြေမရှိဘူး။ မျှော်လင့်ချက်မရှိဘူး။ လူထုက ထောက်ခံပါ့မလား စတဲ့ သံသယတွေကို ဆန့်ကျင်ရမယ့် ပြည်သူလူထုက အင်အားတစ်ခု ဖြစ်ပါတယ်။ ပြည်သူလူထုကို စည်းရုံးနိုင်လျှင် လက်နက်မဲ့ရာကနေ လက်နက်ရှိလာမယ်။ အင်အားမရှိရာက အင်အားများလာနိုင်မယ်။ သေးရာက ကြီးလာနိုင်မယ်။ ရှုံးရာမှ နိုင်လာနိုင်ပါလိမ့်မယ်။ ၁၉၅၆ ခုနှစ်မှာ ကျွန်တော်တို့ဟာ လွတ်လပ်ကြမလား၊ အာဏာနည်အဖြစ်ခံမလားဆိုတဲ့ လမ်းကို ကြွေးကြော်ခဲ့ကြပါတယ်။ အဲ့ဒီကြွေးကြော်သံဟာ ကျူးဘားနိုင်ငံအတွက် အခိုင်အမာဖြစ်စေတဲ့ ကြွေးကြော်သံ ဖြစ်တယ်။ တိုက်ပွဲအတွက် ကျွန်တော်တို့ရဲ့ဆုံးဖြတ်ချက်လည်း ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ယုံကြည်မှုကို နှောင့်နှေး

ကြန့်ကြာမှုမရှိဘဲ တိုက်ပွဲဝင်ဖို့ ဆုံးဖြတ်ချက်ချခဲ့ပါတော့တယ်။

အဲ့ဒီဆုံးဖြတ်ချက်ဟာ မှန်ကန်လှပါတယ်။ ပြည်သူအများက လည်း ထောက်ခံကြတယ်။ ကျွန်တော်တို့အဖွဲ့အစည်းထဲက လူတွေ ချည်းပြောတာ မဟုတ်ပါဘူး။ ကျူးဘားပြည်သူအားလုံးက နားလည် ကြပါတယ်။ သူတို့သဘောမပေါက်တာက လက်တွေ့အရ ဘယ်လို ဦးဆောင်စည်းရုံးပါမလဲဆိုတာနဲ့ ဘယ်နေ့ဘယ်တော့ တိုက်ပွဲဝင်မလဲ ဆိုတာကိုပဲ သူတို့သိချင်ကြပါတယ်။ ကျူးဘားပြည်သူတွေဟာ အာဏာရှင်ဘာတစ်စတာရဲ့ ဖိနှိပ်မှုကို နှစ်ပေါင်းများစွာခံနေရသလို ဖောက်ပြန်ရေးသမားတွေ ကိုယ်ကျိုးရှာနိုင်ငံရေးသမားတွေရဲ့ လိမ်ညာ လှည့်ပတ်မှုကိုလည်း ခံနေရတဲ့အတွက် လက်တွေ့မပါတဲ့ ကြွေးကြော်သံကို ယုံကြည်ဖို့ ခက်ခဲနေကြတယ်။ ဒါကြောင့် သူတို့မှာ သံသယစိတ်ရှိတယ်ဆိုတာ မဆန်းလှပါဘူး။ ပြည်သူတွေကို မစားရဝမခမန်း မက်လုံးတွေပေးပြီး လက်တွေ့မှာ ဘာမှဖြစ်မလာတာတွေ ရှိတယ်။ သူတို့ ဘဝဟာ ယခင်အတိုင်းပဲ အဖိနှိပ်ခံရမြဲ၊ အနိုင်ကျင့် ခံရမြဲဖြစ်နေတယ်။ ဘာတစ်စတာအာဏာရှင်စနစ်ဟာ သူတို့ကိုဆက်ပြီး ဖိနှိပ်နေပြီး နိုင်ငံရေးသဘောတူချက်တွေကိုလည်း နိုင်ငံရေး သမားတွေနဲ့ရယူပြီး ပြည်သူတွေရဲ့ တော်လှန်တဲ့တိုက်ပွဲနဲ့ ယုံကြည် ချက်တွေကို ချေမှုန်းခဲ့ပါတယ်။

အဲ့ဒီအခြေအနေက ကျွန်တော်တို့ ဘာကြောင့် ကျွန်တော် တို့ရဲ့ ကြွေးကြော်သံကို ကိုင်စွဲရသလဲဆိုတဲ့အချက်ပဲ ဖြစ်ပါတယ်။ ကောင်းသည် ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ သံသယမရှိတဲ့ ကျွန်တော်တို့ ရဲ့ကြွေးကြော်သံမှာ တော်လှန်ရေးနဲ့ ကိုက်ညီတယ်လို့ ဆိုရမှာ ဖြစ်တယ်။ လက်တွေ့ရော၊ သဘောတရားအရပါ လေ့လာဆန်းစစ်ပြီးကြပါပြီ။ အဲ့ဒီအချက်ကို နောက်ထပ် ဆွေးနွေးငြင်းခုံစရာမလိုတော့ပါဘူး။ ကျွန်တော်တို့က လက်တွေ့တိုက်ပွဲဝင်ပြရင် ကျူးဘားပြည်သူတွေကလည်း တစ်ခဲနက် ထောက်ခံမှာ မြေကြီးလက်ခတ်မလွဲပါ။ ပြည်သူတွေဟာ သမိုင်းကို

သူတို့ကြိုက်သလို ပြောင်းလဲသူတွေ မဟုတ်ကြပါဘူး။ ပြောင်းလဲလာတဲ့ ခေတ်အရ ပြည်သူတွေက သမိုင်းကို ဖန်တီးခြင်းဖြစ်တယ်။ အဲဒီလိုပဲ သမိုင်းကလည်း ပြည်သူတွေကို ပြောင်းလဲစေပါတယ်။ ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ ကျွန်တော်တို့ရဲ့တော်လှန်ရေးကြွေးကြော်သံကို ဟစ်ကြွေးနိုင်ခဲ့ပါတယ်။ ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ အဲဒီကြွေးကြော်သံအတိုင်း ဆောင်ရွက်ကြဖို့ ကျွန်တော်တို့ ဆုံးဖြတ်ချက်ချခဲ့ပါတယ်။

ထူးခြားတဲ့အခြေအနေအရပ်ရပ်ကလည်း ဖြစ်ပေါ်လာခဲ့တယ်။ ကျွန်တော်တို့ ကျူးဘားကို ထွက်ခွာခဲ့တဲ့ အစောပိုင်းကာလက အလွန်ကို ရှုပ်ထွေးတဲ့အဖြစ်တွေလည်း ဖြစ်လာတယ်။ ကျွန်တော်တို့မှာ လက်နက်အနည်းငယ်သာရှိပြီး အဲဒီလက်နက်တွေကို ဖွက်ထားခဲ့တယ်။ စတင်ထွက်ခွာရာမှာလည်း အကုန်လုံး တစ်ပြိုင်နက်မသွားနိုင်ပါဘူး။ တချို့က စောင့်နေပြီး တချို့က ထွက်ခွာခဲ့တယ်။ ဂရန်မာသဘော်ပေါ်မှာ တိုက်ခိုက်ရေးသမား ၈၂ ယောက် လိုက်ပါခဲ့ပါတယ်။ ကက်ဘင်အခန်းသေးလေးထဲမှာ စုပြုံပြီး လိုက်ပါရခြင်းဖြစ်တယ်။ ကီလိုမီတာ ၂၄၀၀ ဝေးကွာတဲ့အထိ လိုက်ပါလာခဲ့ပြီး ၁၉၅၆ ခုနှစ်၊ ဒီဇင်ဘာလ (၂)ရက်နေ့မှာ ကျူးဘားကမ်းခြေကို ကျွန်တော်တို့ဆိုက်ရောက်ခဲ့ပါတယ်။ အခုဆိုရင် ကျူးဘားကမ်းခြေကို ဆိုက်ရောက်ခဲ့တာ ၁၅ ကြိမ်မြောက် အခမ်းအနားကို ၂ ရက်၊ ၃ ရက် ကျူးဘားမှာ အောင်ပွဲဆင်နွှဲခဲ့ပါတယ်။ အဲဒီနေ့ဟာ ကျူးဘားတပ်မတော်ကို မွေးဖွားခဲ့တဲ့နေ့ဖြစ်တယ်။ ဒီဇင်ဘာ (၂)ရက်နေ့ကို လက်နက်ကိုင်တပ်မတော်နေ့လို့ သတ်မှတ်ခဲ့ပါတော့တယ်။

ထိုသို့ဖြင့် တိုက်ပွဲစတင်ခဲ့တော့တယ်။ သမိုင်းဖြစ်ရပ်အားလုံးကို ကျွန်တော့်အနေနဲ့ ပြောပြဖို့ မလိုပါ။ ကျွန်တော်တို့တပ်ဖွဲ့များ စုစည်းမှု၊ ပြင်ဆင်မှု၊ တိုက်ပွဲဝင်ခဲ့ကြပုံ အခြေအနေအရပ်ရပ်ကိုသာ ပြောပြချင်ပါတယ်။

အဲဒီတုန်းက ချေဟာ ဘာတာဝန်ယူပြီး ဘယ်နေရာမှာ ရှိ

သလဲ။ တပ်ဖွဲ့ရဲ့ဆရာဝန်အဖြစ် သူ ပါဝင်လာပါတယ်။ ဘာနိုင်ငံရေး မှုမှု မဟုတ်ဘူး။ သူလက်အောက်မှာ ဘာတပ်ဖွဲ့၊ ဘာတပ်သားမှ မရှိပါ ဘူး။ သူဟာ ရိုးရိုးဆရာဝန်တစ်ယောက်ပါပဲ။

သူရဲ့ထက်သန်မှု ဉာဏ်ရည်ဉာဏ်သွေး မြင့်မားမှု သူရဲ့ စရိုက် လက္ခဏာတွေကြောင့် ချေကို မက္ကဆီကိုမှာရှိကတည်းက ကျူးဘားရဲဘော် အုပ်စုတစ်ခုရဲ့ ခေါင်းဆောင်အဖြစ် တာဝန်ပေးခဲ့ပါ တယ်။ တစ်နေ့တော့ သူခေါင်းဆောင်တဲ့အုပ်စုထဲက လူတချို့ရဲ့ သူ့ခေါင်းဆောင်မှုကို မလိုလား တဲ့အဖြစ် ကြုံခဲ့ရပါတယ်။ သူ့ခေါင်းဆောင်မှုအောက်မှာရှိတဲ့ ကျူးဘား ရဲဘော် ၂၀၊ ၃၀ လောက်ရှိပါတယ်။ အဲဒီထဲမှာ ၂ ယောက်၊ ၃ ယောက် လောက်က သူစကားကို နားမထောင်ကြဘူး။ သူဟာ ကျူးဘားမဟုတ်ဘဲ အာဂျင်တီးနား ဖြစ်နေတယ်ဆိုတဲ့အမြင်နဲ့ ဆန့်ကျင် ကြတာဖြစ်တယ်။ ကျွန်တော်တို့က ဒါကို ဝေဖန်ရေးလုပ်ခဲ့ကြ တယ်။ လူတန်ဖိုးဆိုတာကို လည်း ဝေဖန်ရေးမှာ ဆွေးနွေးကြတယ်။ တော်လှန်ရေးတစ်ခုမှာ ဘယ်မှာ မွေးတယ်။ ဘယ်လူမျိုးဆိုတာ အရေးမပါပါဘူး။ တော်လှန်ရေး မှာ သူ့ရဲ့သွေးပေါင်းစည်းနိုင်ရင် သူဟာ ဘယ်နိုင်ငံသား၊ ဘယ်ဇာတိ ဆိုတာ အရေးမကြီးတော့ပါဘူး။ ဒီအဖြစ်ဟာ ကျွန်တော့်ရင်ကို ထိခိုက် စေပါတယ်။ ချေဟာလည်း လူမျိုးမတူတဲ့ခံစားမှု ခံစားရလိမ့်မယ်လို့ ထင်ပါတယ်။ သူ ကျူးဘားတော်လှန်ရေးကို ပါဝင်ပတ်သက်လာတာ ပုဂ္ဂလိက ရည်မှန်းချက် ဘာမှမရှိဘူး။ အာဏာလိုချင်လို့၊ ရာထူးလိုချင်လို့ စတာတွေ ဘာမှမရှိဘူး။ ကျူးဘားပြည်သူတွေ လွတ်မြောက်ဖို့၊ ကျူးဘား နိုင်ငံ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်ဖို့ ရည်ရွယ်ချက်တွေပဲ သူမှာရှိပါ တယ်။ ဒါကြောင့် အာဂျင်တီးနားဖြစ်တယ်၊ ကျူးဘားဖြစ်တယ်ဆိုတာ သူ့အဖို့ အဓိက မကျပါဘူး။

ကျွန်တော်တို့နိုင်ငံကို သူရောက်လာတဲ့အခါ ကျွန်တော် ထပ် ပြောချင်တာက သူဟာ ကျွန်တော်တို့တပ်ဖွဲ့ရဲ့ ဆရာဝန်တစ်ယောက် အနေနဲ့ပါ။ အထွေထွေလုပ်သားတစ်ယောက်အနေနဲ့လည်း သူ ပါဝင်ခဲ့

ပါတယ်။ အဲဒီမှာ စိတ်ဝင်စားစရာကောင်းတာက ချေ စစ်သားတစ်ယောက် ဘယ်လိုဖြစ်လာသလဲဆိုတာပါပဲ။ ထူးချွန်တဲ့ စစ်သားတစ်ယောက် ဘယ်လိုလုပ်ဖြစ်လာတယ်၊ အဲဒီ စရိုက်လက္ခဏာတွေက ဘာလဲဆိုတာပါပဲ။

ချေပါဝင်ပတ်သက်ပုံနှင့် သူရဲ့ခေါင်းဆောင်ပုံ အရည်အချင်းတချို့ကို ကျွန်တော်ဥပမာ ပြောပြလိုပါတယ်။ ဒီဇင်ဘာလ (၅)ရက်နေ့မှာ နည်းပရိယာယ်အမှားတွေကြောင့် ကျွန်တော်တို့ ရုတ်တရက် ရန်သူရဲ့တိုက်ခိုက်မှုကိုခံရပြီး သားကောင်တွေဖြစ်သွားတယ်။ တစ်စုတစ်စည်းတည်းဖြစ်နေတဲ့ ကျွန်တော်တို့အဖွဲ့ တကွဲတပြားစီ ဖြစ်သွားပါတယ်။ အင်အားနည်းနေတဲ့ ကျွန်တော်တို့ကို ရန်သူက သူတို့ရဲ့ တောင့်တင်းတဲ့အင်အားနဲ့ ဖြိုခွဲဖို့ ကြိုးစားခဲ့တယ်။ ကျွန်တော်တို့ဟာ အုပ်စု ၃ စု ကွဲသွားပါတယ်။ တစ်စုကို ရာအူးလ်က ခေါင်းဆောင်ပြီး နောက်တစ်စုထဲမှာ ချေပါဝင်ပါတယ်။ အဲဒီတုန်းက ချေဟာ အုပ်စုခေါင်းဆောင်မဟုတ်သေးပါဘူး။ ရဲဘော်အယ်လ်မေဒါက သူတို့အုပ်စုထဲမှာ ပါဝင်တယ်။ နောက်ဆုံးအုပ်စုကတော့ ကျွန်တော့် အုပ်စုပါပဲ။ ကျွန်တော်တို့နဲ့ ပထမဆုံးပြန်ပေါင်းမိတာကတော့ အယ်လ်မေဒါအုပ်စုပဲ။ နောက်ရက်အနည်းငယ်အကြာမှာ ရာအူးလ်တို့အုပ်စုက လာပေါင်းတယ်။ နောက်ဆုံး ကျွန်တော်တို့ အားလုံး ပြန်ပေါင်းစည်းမိပြီး တိုက်ပွဲကို ဆက်လက်တိုက်ကြပါတော့တယ်။

၁၉၅၇ ခုနှစ်၊ ဇန်နဝါရီလ (၁၇)ရက်မှာ ကျွန်တော်တို့ ပထမဆုံးတိုက်ပွဲကို တိုက်ခဲ့တယ်။ အဲဒီတုန်းက ကျွန်တော်တို့မှာ ၁၇ ယောက်ပဲရှိတယ်။ ရရှိတဲ့လက်နက်တွေကို သယ်ဆောင်လာပါတယ်။ လက်နက်အပြည့်အစုံနဲ့ ကျည်ကောင်းကောင်းသုံးနိုင်တာက လူ ၇ ယောက်ပဲရှိပါတယ်။ ဒီဇင်ဘာလ (၅)ရက်နေ့ ကျွန်တော်တို့တစ်ဖွဲ့စီ ကွဲသွားလောက်အောင် အတိုက်ခံရတဲ့အဖြစ်ဟာ ချေကို ပထမဆုံး လက်နက်ကိုင်တိုက်ပွဲထဲ သွတ်သွင်းလိုက်တဲ့တိုက်ပွဲဖြစ်တယ်။ ချေတင်မကဘူး

တခြားရဲဘော်တွေလည်း ပထမဆုံးစစ်တိုက်ဖူးခြင်းဖြစ်တယ်။ အဲဒီတုန်းက အသက်လုပြီးပြေးရတဲ့ တိုက်ပွဲပါ။ ဒါပေမဲ့ ဇန်နဝါရီ (၁၇)ရက် တိုက်ပွဲကတော့ ကျွန်တော်တို့ ပထမဆုံးအောင်ပွဲရတဲ့ တိုက်ပွဲပါပဲ။

ဒုတိယတိုက်ပွဲတိုက်ရတဲ့အခါမှာတော့ ချေက အသားကျလာပြီး တိုက်ပွဲမှာလည်း ထူးထူးခြွန်ခြွန် တိုက်ခိုက်နိုင်ပါတယ်။ အဲဒီ တိုက်ပွဲမှာ ချေဆိုတာကို သူ ပြသနိုင်ပါပြီ။ ကျွန်တော်တို့ကို လိုက်တိုက်နေတဲ့ ရန်သူတပ်ဖွဲ့တွေကို ရင်ဆိုင်ကြရပါတယ်။ အဲဒီလို ရင်ဆိုင်ရာမှာ သူရဲ့ တစ်ဦးချင်း ရဲစွမ်းသတ္တိကို ပြသခဲ့တယ်။ ရန်သူစစ်သားတစ်ယောက်နဲ့ သူဟာ တစ်ဦးချင်းတိုက်ခိုက်အနိုင်ယူခဲ့ပါတယ်။ ရန်သူနဲ့တိုက်ရင်း သူ့သေနတ်ဟာ လွင့်ကျသွားခဲ့တယ်။ ဒီအခါမှာ ရန်သူကို အနိုင်တိုက်ပြီး ရန်သူတွေပစ်နေတဲ့ကျည်ဆံကြားကနေ သူ့သေနတ်ကိုရအောင် ပြန်ယူနိုင်ခဲ့တယ်။ သေနတ်ရတဲ့အခါ ရန်သူကို အဆက်မပြတ် ပစ်ခတ် တိုက်ခိုက်ရင်း ဖောက်ထွက်လာနိုင်ခဲ့ပါတယ်။ သူဟာ ရဲရင့်ပြီးထင်ရှားတဲ့ တပ်မှူးတစ်ယောက်ပဲ။ တပ်ဖွဲ့ကို ဦးဆောင်နိုင်တဲ့ အရည်အချင်းလည်း ရှိတယ်။ စစ်ပွဲကို အနိုင်ရအောင် ခေါင်းဆောင်နိုင်စွမ်းရှိတဲ့သူလည်း ဖြစ်ပါတယ်။

နောက် ၆ ရက်၊ ၇ ရက်လောက်အကြာ ဇန်နဝါရီကုန်လောက်တွင် ကျွန်တော်တို့မှာ သစ္စာဖောက်ခံရပါတယ်။ သစ္စာဖောက်မှုရဲ့ အကျိုးဆက်ကိုလည်း ခံစားခဲ့ရပါတယ်။ ကျွန်တော်တို့မှာ စည်းရုံးပြီး လူ ၃၀ လောက်ရလာတယ်။ ၈ ယောက်၊ ၆ ယောက်လောက်က လယ်သမားတွေဖြစ်ကြတယ်။ အဲဒီတုန်းက ကျွန်တော်တို့ဟာ စနစ်တကျဖွဲ့ထားတဲ့ အဖွဲ့မဟုတ်သေးပါဘူး။ ခွင့်နဲ့ပြန်သွားတဲ့ လယ်သမားရဲဘော်တွေဟာ သူတို့ကိုင်တဲ့လက်နက်တွေကို ထားပစ် ခဲ့ပါတယ်။ တစ်နေ့ အရုဏ်တက်ချိန်မှာ စစ်လေယာဉ်အုပ်စုတစ်စုဟာ ကျွန်တော်တို့စခန်းကို ဗုံးကြဲချပါတယ်။ စက်သေနတ်တွေနဲ့လည်းပစ်တယ်။ ပြင်းပြင်းထန်ထန်ကို တိုက်ခိုက်ပါတယ်။ ကျွန်တော်တို့ အဖွဲ့ စခန်းချတဲ့နေရာအတိအကျကို

ပစ်ခတ်တိုက်ခိုက်နေတာပါ။ ကျွန်တော်တို့အဖို့လည်း အတွေ့အကြုံက သိပ်မရှိသေးတော့ ခပ်ပေါ့ပေါ့ပဲ နေခဲ့ကြတာပေါ့။ ဒီလို အတိအကျ လာတိုက်တဲ့အတွက် အံ့သြစရာဖြစ်သွားပါတယ်။ တော်လှန်ရေးအစမှာ အခုလို ပြင်းပြင်းထန်ထန် အတိုက်ခံရတဲ့တွက် အကြမ်းတမ်းဆုံး အတွေ့အကြုံတစ်ခု ဖြစ်ခဲ့ပါတယ်။

ကျွန်တော် အခုလိုပြောနေရတာဟာ ဘာကြောင့်လဲဆိုတော့ တော်လှန်ရေးသမားတွေအနေနဲ့ တော်လှန်ရေးဆင်နွှဲရာမှာစခန်းချတာ ကအစ လုံလုံခြုံခြုံ သတိနဲ့နေရမယ်။ ဒါကြောင့် အဲ့ဒီလိုတိုက်ခိုက်ခြိန်မှာ ကျွန်တော်တို့ တောင်စောင်းတွေဆီ ပြေးခဲ့ကြတယ်။ ဒီလို ကိုယ့်ပစ္စည်း ကိုယ်ယူပြေးလာစဉ်မှာ လယ်သမား ၅ ယောက်၊ ၆ ယောက်ထားခဲ့တဲ့ လက်နက်တွေ ကျန်ခဲ့တာ သတိရတယ်။ ဒီလက်နက်တွေကို ပြန်သွားယူမှ ဖြစ်မှာပါ။ ဒါကြောင့် ရဲဘော်တွေထဲက ဘယ်သူသွားယူနိုင်မလဲလို့ မိမိဆန္ဒနဲ့ သွားယူနိုင်မယ့်သူကို မေးလိုက်ပါတယ်။ အဲ့ဒီမှာ မေးမေးချင်း တွန့်ဆုတ်ခြင်းမရှိဘဲပြောတဲ့ သူက ချေပါပဲ။ သူက "ကျွန်တော်သွားမယ်" လို့ ဆိုတယ်။ ချေနဲ့ ရဲဘော်တစ်ယောက်က ရန်သူဗုံးကြဲနေတဲ့နေရာကို သွားကြတယ်။ လက်နက်တွေကိုသွားယူပြီး လုံခြုံစိတ်ချမှုရှိတဲ့နေရာမှာ ပုံက်ထားလိုက်ပါတယ်။ နောက် ကျွန်တော်တို့တပ်ဖွဲ့တွေနဲ့ သူပြန်လာ ပူးပေါင်း ခဲ့ပါတယ်။

ချေနဲ့ပတ်သက်လို့ ဆရာဝန်တစ်ယောက်သာမက တခြားအကြောင်းကလည်း ပါဝင်ပတ်သက်လာပါတယ်။ ကျူးဘား တော်လှန်ရေးတုန်းက ချေဟာ ဆရာဝန်တစ်ယောက်အဖြစ် ရဲဘော်တွေကို ကုသပေးခဲ့ပါတယ်။ ဘယ်တပ်ဖွဲ့ကိုမှ သူ အမိန့်ပေးညွှန်ကြားခြင်း မရှိခဲ့ပါဘူး။ ဒါပေမဲ့ အဲ့ဒီနှစ် မေလကတော့ ထူးခြားတဲ့အဖြစ်တွေ ရှိလာပါတယ်။ မေလ (၂၈)ရက်နေ့မှာပါ။ ကျွန်တော်တို့တပ်ဖွဲ့မှာ အားလုံး လူ ၂၀၀ လောက်ရှိတယ်။ ကျွန်တော်မှတ်မိသလောက်ကတော့ အဲ့ဒီအရေအတွက်ပါပဲ။ ကျူးဘားတော်လှန်ရေးမှာပါဝင်ဖို့ တခြားနိုင်ငံရေးအဖွဲ့ အစည်း

တစ်ခုကလည်း ပြည်နယ်ရဲ့မြောက်ပိုင်းမှာ ရောက်လာပါတယ်။ ကျူဘား တော်လှန်ရေးသမားတွေ စုစည်း မိတဲ့နေရာပါပဲ။ ကျွန်တော်တို့ဟာ ကျူဘားနိုင်ငံပေါ်ကို အခြေချ လာတဲ့အချိန်က အခက်အခဲတွေနဲ့ ကြုံခဲ့ ရတယ်ဆိုတာ သတိရနေပါသေးတယ်။ အဲဒီ ကျွန်တော်တို့မတိုင်ခင် မြောက်ပိုင်းမှာ အခြေချထားတဲ့တော်လှန်ရေးအဖွဲ့ကိုလည်း ကူညီခဲ့ တယ်။ ဒါကြောင့် ကျွန်တော်တို့ကူညီနိုင်တာတွေကို ယူဆောင်ပြီး ကူညီ ပေးတယ်။ ကျွန်တော်တို့တပ်ဖွဲ့ဟာ ကမ်းခြေဘက်ကနေစတင်ပြီး အခြေ ချခဲ့တယ်။ အဲဒီနေရာမှာ ရန်သူခြေလျင်တပ်ခွဲတစ်ခုက အခြေစိုက်ထား တယ်။ ကတုတ်ကျင်းတွေနဲ့ ခံတပ်တွေလည်း ဆောက်ထားပါတယ်။

ရရှိတဲ့သတင်းအချက်အလက်တွေကို အခြေခံပြီး အဲဒီရန်သူ တပ်ကိုတိုက်ဖို့ အစီအစဉ်ရေးဆွဲကြတယ်။ မနက် အရုဏ်တက်မှာ ရုတ်တရက်ထိုးစစ်ဆင်ဖို့လည်း အစီအစဉ်ရှိပါတယ်။ ဒါပေမဲ့ မနက် အရုဏ်တက် ကျွန်တော်တို့ တိုက်တော့မယ့်အချိန်မှာ အခြေအနေ ရှုပ် ထွေးသွားပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ရတဲ့သတင်း မခိုင်လုံလို့ပါ။ ရန်သူနေရာယူတဲ့နေရာကို ကျွန်တော်တို့ မသိတော့ဘူး။ တော်တော်ရှုပ်ထွေးတဲ့ အခြေအနေပါပဲ။ ဒါပေမဲ့ ရှေ့တိုးပြီးတိုက်ခဲ့ တယ်။ ကျွန်တော်တို့က အင်အားနည်းတယ်။ တပ်ဖွဲ့က ခပ်သေးသေးပဲ။ တပ်စုနဲ့တပ်စိတ်လေးတွေပဲ ရှိပါတယ်။ ဒါပေမဲ့ အဲဒီတပ်ဖွဲ့လေးတွေကို ဖြန့်ထားတယ်။ နောက် ရန်သူရှိတဲ့ နေရာကို ဝိုင်းပတ်ထားလိုက်ပါတယ်။ ကီလိုမီတာတစ်ခုခွဲလောက် ဝိုင်းပတ်လိုက်တယ်။ ရှေ့ကိုတိုက်ဖို့ကလွဲပြီး တခြားရွေးချယ်စရာလမ်း မရှိပါဘူး။

တိုက်ပွဲတိုက်နေချိန်မှာ ချေဟာ ဗဟိုအဖွဲ့မှာ ပါဝင်ပါတယ်။ သူတာဝန်ရှိသမျှအားလုံးကို သူ လုပ်ဆောင်တယ်။ ကျွန်တော်တို့ အနေနဲ့လည်း ရန်သူကိုတိုက်ဖို့အတွက် ၂ နေရာ၊ ၃ နေရာလောက်က ထိုးဖောက်ဝင်ရောက်ဖို့ ကြိုးစားကြတယ်။ အယ်လမေဒါရဲ့တပ်စုကို ရန်သူရှိရာ အမြန်ဆုံးထိုးဖောက်တိုက်ခိုက်ဖို့ အမိန့်ပေးပါတယ်။ ရန်သူရဲ့

ကတုတ်ကျင်းတွေရှိရာ အနီးဆုံးကို သူတို့တက်ရောက်သွားခဲ့တယ်။ ဒီလို စွန့်စားတိုက်ခိုက်မှုဟာ ဒဏ်ရာရသူများပြီး ကျဆုံးသူလည်းရှိတဲ့ တိုက်ခိုက်မှုပဲ။ ကျွန်တော်တို့ကတော့ အနောက်ဘက်ကနေ ထိုးဖောက်တိုက်ခိုက်ပါမယ်။ နေရာယူပြီးတဲ့အခါ ဘယ်လို ထိုးဖောက်မလဲဆိုတာ သုံးသပ်တိုင်ပင် ဆွေးနွေးကြတယ်။ အဲဒီအခါ ချောက သူ့အနေနဲ့ အုပ်စုတစ်စုနဲ့ အတူ ရန်သူကို ထိုးဖောက်ဝင်ရောက်ချင်တယ်လို့ တောင်းဆိုပါတယ်။ ကျွန်တော်တို့ကလည်း မောင်းပြန်သေနတ်တွေချည်း ကိုင်ဆောင်ထားတဲ့ တပ်ဖွဲ့တစ်ဖွဲ့ကို ချေနဲ့အတူ ထည့်ပေးလိုက်ပါတယ်။ အဲ့ဒီအဖွဲ့က ဗဟို အဖွဲ့ရဲ့တပ်ဖွဲ့ပေါ့။ သူလူတွေနဲ့အတူ ချေဟာ ရှေ့ကို အမြန်ဆုံးထွက်ခွာသွားပါတယ်။ မိမိဆန္ဒနဲ့ မိမိတိုက်ခိုက်ဖို့ တောင်းဆိုတဲ့အခါ ချောက အရင်ဆုံးဆန္ဒပေးခဲ့သူ ဖြစ်တယ်။ အခုအကြိမ်နဲ့ဆို သူ့ဆန္ဒနဲ့သူ တိုက်ခိုက်ဖို့ တောင်းဆိုတာ ၃ ကြိမ်ရှိပါပြီ။ လိုအပ်တဲ့အခါ သူကရှေ့ထွက်လာတတ်တယ်။ သူ့ဆန္ဒနဲ့တိုက်ဖို့ထွက်တဲ့အခါ သူက ဘယ်တော့မှ နောက်မကျဘူး။ အရင်ဆုံးထွက်လာတယ်။ ဘယ်လောက်ခက်ခဲအန္တရာယ်ကြီးတဲ့ တိုက်ပွဲပဲဖြစ်ဖြစ် ချေဟာ နောက်မတွန့်ဘူး။ ဒါဟာ ချေရဲ့ ပြတ်သားတဲ့သဘောထားပဲ ဖြစ်ပါတယ်။ ဘယ်လိုအခက်အခဲပဲ ဖြစ်ဖြစ် ချေဟာ ချက်ချင်းပဲ တိုက်ခိုက်ဖို့ ဆောင်ရွက်တယ်။ အထက်ကပေးတဲ့တာဝန်ကိုလည်း တုံ့ဆိုင်းခြင်းမရှိဘဲ ကျေပွန်အောင် ထမ်းရွက်ပါတယ်။

ဒီတိုက်ပွဲဟာ အလွန်ပြင်းထန်တဲ့တိုက်ပွဲဖြစ်တယ်။ ၃ နာရီ ကျော်ကြာအောင် တိုက်ရပါတယ်။ ရန်သူနဲ့ကျွန်တော်တို့ ၂ ဖက်စလုံး ၃၀%လောက် ကျဆုံးဒဏ်ရာရကြပါတယ်။ ဒီတိုက်ပွဲဟာ မြောက်ပိုင်းမှာ ကျွန်တော်တို့အခြေချနိုင်အောင် ရည်ရွယ်ပြီး တိုက်တဲ့တိုက်ပွဲဖြစ်ပါတယ်။ ရန်သူကို ဝိုင်းပတ်ပြီး ကျွန်တော်တို့က အပြင်းအထန် တိုက်ခိုက်တယ်။ ရန်သူက နောက်ဆုံးအလျှော့ပေးခဲ့ရပါတယ်။ ၃ နာရီကြာ စစ်ဆင်ရေးကြီးကို ဆင်နွှဲပြီးတဲ့အခါ သေဆုံးဒဏ်ရာရသူ အများအပြား ရှိခဲ့တယ်။ ၂ ဖက်စလုံး ဒဏ်ရာရသူ များပြားပါတယ်။ အဲ့ဒီအချိန်မှာ

ချေဟာ ဆရာဝန်အဖြစ်နဲ့ ကျွန်တော်တို့ဘက်က လူတွေရော၊ ရန်သူဘက်က ဒဏ်ရာရသူတွေကိုပါ ကုသပေးတယ်။ သူဟာ ဆရာဝန်တစ်ယောက်အဖြစ်ရော၊ တော်လှန်ရေးသမားတစ် ယောက်အဖြစ်ပါ ဆေးလည်း ကုတယ်။ တိုက်ပွဲလည်း ဝင်ပါတယ်။

နောက်ပိုင်းမှာ တိုက်ပွဲတွေဟာ ပိုပြီး များပြားလာခဲ့တယ်။ ရန်သူတပ်ဖွဲ့တွေကို ကျွန်တော်တို့က ထိုးနှက်တယ်။ ရန်သူကလည်း တပ်ဖွဲ့အများကို ကျွန်တော်တို့ရှိတဲ့နေရာတွေဆီပို့ပြီး တိုက်ခိုက်တယ်။ ဒီအခါ ကျွန်တော်တို့ကလည်း ချုံခိုထိုးစစ်ဆင် တိုက်ခိုက်ပါတယ်။ ဒဏ်ရာရကျဆုံးသူတွေလည်း အများအပြား ရှိပါတယ်။ ရန်သူ ဝိုင်းဝန်း တိုက်ခိုက်တာခံရတဲ့အချိန် ကျွန်တော်တို့က ထိုးဖောက်ထွက်ခဲ့တယ်။ ရန်သူကို အလစ်မှာ ဝင်ရောက်တိုက်ခိုက်တာလည်း ရှိပါတယ်။ ရန်သူ တုံ့ပြန်တဲ့အခါ ကျွန်တော်တို့ စွန့်ခွာသွားရတဲ့အချိန် ရှိတယ်။ ရန်သူဘက်က ထိခိုက်သလို ကျွန်တော်တို့ဘက်ကလည်း ထိခိုက်ပါတယ်။ ဒဏ်ရာရတဲ့ ရဲဘော်တွေရှိရင် ချေဟာ နောက်တန်း မှာနေခဲ့ပြီး ဒဏ်ရာရသူတွေကို ကုသပေးတယ်။ သူဟာ ခက်ခဲကြမ်းတမ်းတဲ့အချိန်မျိုးမှာ သူဟာ ရန်သူတွေကို ထောင့်ကပ်သွားအောင် ပြင်းထန်တဲ့တိုက်ခိုက်မှုတွေကိုလည်း ပြုလုပ်ခဲ့တယ်။ ရဲဘော်တွေကို ဆေးပဲကုသပေးတာချည်း မဟုတ်ပါဘူး။ တိုက်ခိုက်ရေးမှာလည်း တိုက်စွမ်းရည်ရှိသူ ဖြစ်ပါတယ်။

ကျွန်တော်တို့တပ်ဖွဲ့တစ်ခုဟာ တောင်စောင်းတွေရှိတဲ့နေရာကို ချီတက်ခဲ့တယ်။ အဲ့ဒီနေရာဟာ အလွန်ခက်ခဲကြမ်းတမ်းတဲ့နေရာပဲ။ ရန်သူက ဝိုင်းပတ်ထားတဲ့အတွက် ကျွန်တော်တို့ဟာ ထိုးဖောက်ခဲ့တယ်။ ဒါပေမဲ့ ချေဟာ ဒဏ်ရာရတဲ့ရဲဘော်တွေနဲ့အတူ နောက်မှာ ချန်နေခဲ့ပါတယ်။ ရဲဘော်အနည်းငယ်နဲ့အတူပါ နောက်ချန်ပြီး သူနေခဲ့ရတဲ့နေရာမှာ ရက်အတော်များများ နေခဲ့ရတယ်။ ဒဏ်ရာရရဲဘော်တွေ သက်သာလာတဲ့အထိပေါ့။ နောက် နေကောင်းလာတဲ့ရဲဘော်တွေနဲ့အတူ ချေဟာ ကျွန်တော်တို့ရှိတဲ့နေရာကို လာရောက်

ပူးပေါင်းခဲ့တယ်။ ရန်သူဆီက ရရှိတဲ့လက်နက်တွေကို ဒီရဲဘော်တွေဆီ ပြန်တပ်ဆင်ပေးခဲ့တယ်။ အင်အားတောင့်လာတဲ့အတွက် နောက်တပ်ဖွဲ့သစ်တစ်ခုကို ထပ်ဖွဲ့လိုက်တယ်။ ဒုတိယတပ်ဖွဲ့ပါပဲ။ ဒီတပ်ဖွဲ့ကို ဦးဆောင်ဖို့ ချောကိုတာဝန်ပေးလိုက်တယ်။ အဲဒီတပ်ဖွဲ့ရဲ့ တပ်မှူးအဖြစ်လည်း ခန့်အပ်ခဲ့တယ်။ တော်လှန်ရေးတပ်ဖွဲ့ကြီးတစ်ခုလုံးရဲ့ ဒုတိယဦးစီးချုပ်အဖြစ် ချေတာဝန်ယူလိုက်ရပါတယ်။ အသစ် ဖွဲ့လိုက်တဲ့ သူ့တပ်ဖွဲ့အင်အားက သိပ်မရှိပါဘူး။ သူဟာ ထူးခြားတဲ့ စစ်ဆင်ရေးတွေကို ဆင်နွှဲခဲ့ပါတယ်။ ပထမတပ်ဖွဲ့နဲ့ သိပ်မလှမ်းတဲ့ နေရာမှာ သူ့တပ်ဖွဲ့က နေရာယူပြီး ရန်သူရဲ့အခြေအနေကို လေ့လာ သုံးသပ်ခဲ့တယ်။

ကျွန်တော်ဟာ တစ်ချိန်လုံး သူရဲ့တိုက်ခိုက်ရေးစွမ်းရည်၊ သူရဲ့ကိုယ်ကျိုးစွန့်မှု၊ သူရဲ့ တော်လှန်ရေးအပေါ် သဘောထားတို့ကို လေ့လာခဲ့တယ်။ သူဟာ ရဲတင်းတဲ့သဘောထားရှိတယ်။ ပြင်းထန်တဲ့နေရာမှာလည်း ပြင်းထန်တယ်။ ရန်သူကိုလည်း ရဲရဲတင်းတင်း ထိုးနှက်တိုက်ခိုက်တယ်။ လပေါင်းများစွာ တိုက်ပွဲဝင်လာတဲ့အခါ ချေရဲ့ဦးဆောင်နိုင်မှုနဲ့ စွမ်းရည်ကိုပိုပြီး သတိထားမိလာတယ်။ လူအင်အား၊ လက်နက်အင်အား နည်းပေမယ့် ကျွန်တော်တို့ဟာ ရန်သူကို အနိုင်တိုက်နိုင်တာချည်းပဲ။ ချောကလည်း ဇွဲရှိရှိနဲ့ စစ်သားကောင်းတစ်ယောက်ပီသစွာ တိုက်လာနိုင်တယ်။ သူရဲ့ စစ်ကြောင်းကိုလည်း ဦးဆောင်နိုင်ခဲ့တယ်။ နေ့ရော၊ ညပါ မနားမနေ တိုက်ခိုက်နိုင်စွမ်းရှိသူ ဖြစ်ပါတယ်။

ဒီနေရာမှာ ကြုံကြိုက်လို့ပြောရရင် သူဟာ တော်လှန်ရေးကာလမှာ တချို့စည်းကမ်းတွေကိုတောင် ချိုးဖျက်ချင် ချိုးဖျက်တတ်တယ်။ ရန်သူနဲ့တိုက်ခိုက်တဲ့အခါ အပေါ်ကတစ်မျိုးသဘောထားပေမဲ့ သူက သူ့သဘောနဲ့ သူတိုက်ခိုက်တာရှိတယ်။ ဒါပေမဲ့ ချေဟာ ရဲဘော်တွေစံထားရတဲ့သူပဲ။ သူတိုက်တဲ့နည်းလမ်းတွေဟာ ပြောင်မြောက်လှတယ်။ သူဟာ အသက်ကို ပဓာနမထားဘဲ တိုက်တယ်။ အလွန်အကျွံ စွန့်စားမှုတွေ မလုပ်ပါနဲ့လို့ အထက်က ဆိုပေမဲ့ သူက သူ့အသက်ကို ပဓာန

မထားဘဲ တိုက်ခိုက်တတ်သူဖြစ်တယ်။ နောက်ပြီး သူက ခေါင်းမာတဲ့သူပဲ။ ဘာ့ကြောင့်လဲဆိုတော့ ရန်သူအင်အားကြီးတဲ့တိုက်ပွဲမှာ သူအင်အားက နည်းနည်းလေးဖြစ်ပေမဲ့ အကြောက်အရွံ့မရှိ ထိုးဖောက်တိုက်ခိုက်တတ်သူဖြစ်ပါတယ်။ ရန်သူကို ရဲရဲရင့်ရင့် တိုက်တဲ့အတွက် ရန်သူက အလန့်တကြား နောက်ဆုတ်သွားတယ်။ ဒါဟာ သူရဲ့စိတ်ဓာတ်ဖြစ်တယ်။ သူရဲ့ ဇွဲလည်း ဖြစ်တယ်။ သူရဲ့တိုက်ခိုက်ရေးစွမ်းရည်လည်း ဖြစ်ပါတယ်။

ဒါကြောင့် ချေက တိုက်ပွဲတွေမှာ ရှေးရိုးတိုက်ခိုက်ရေး စည်းကမ်းတွေကို ဘေးချရင် ချထားပါတယ်။ အခြေအနေနဲ့ကိုက်ညီတဲ့ လမ်းညွှန်ချက်၊ စည်းကမ်းတွေကို သူရဲဘော်တွေကို ညွှန်ကြားတယ်။ သူအပေါ် ကျွန်တော်တို့လေးစားတာ ဘာလဲ။ နှစ်သက် သဘောကျတာ ဘာလဲ။ သူကို အားကျမိတာ ဘာလဲ။ ချေရဲ့စိတ်ဓာတ်နဲ့ ဝိညာဉ်ကိုလား။ အဲ့ဒါကိုပြောရရင် ချေရဲ့စိတ်ဓာတ် အရည်အချင်းတွေလို့ ပြောရပါမယ်။ ချေရဲ့အနစ်နာခံမှုတွေ၊ လုံးဝညှိုး ကိုယ်ကျိုးစွန့်မှုတွေ ဒါဟာ သူရဲ့ထူးခြားတဲ့အရည်အချင်းတွေပါပဲ။ သူဟာ ကျူးဘားတော်လှန်ရေးသမားအတော်များများနဲ့ တွေ့ခဲ့တယ်။ ရဲဘော်တွေနဲ့အတူ တိုက်ပွဲဝင်ခဲ့တယ်။ ဒီအခါ သူစရိုက်နဲ့ သူရဲ့ စွန့်လွှတ်အနစ်နာခံမှုကို တွေ့ရတဲ့အခါ သူကို လေးစားချစ်ခင် လာကြပါတယ်။ သူရဲ့ ကိုယ်ကျိုးစွန့်အနစ်နာခံမှုနဲ့ သူရဲ့ရက်ရောမှုကို ရဲဘော်တွေက စံထားကြတယ်။ တော်လှန်ရေးစကတည်းက သူအသက်ကို နည်းနည်းမှ ဂရုမထားဘဲ တိုက်ပွဲဝင်ခဲ့တာ အားလုံးတွေ့ ရှိခဲ့ရတယ်။ ဒုတိယ၊ တတိယတိုက်ပွဲတွေမှာလည်း ဒီလိုပါပဲ။ ကျွန်တော်တို့နိုင်ငံကနေ ကီလိုမီတာများစွာဝေးတဲ့ တိုင်းပြည်မှာ မွေးခဲ့တာဖြစ်ပေမယ့် ချေဟာ ကျူးဘားက တခြားလူတွေမလုပ်နိုင်တာမျိုး ပြုလုပ်ခဲ့သူဖြစ်တယ်။ ပေးအပ်တဲ့အမိန့်တွေကို နာခံပြီး ဆောင်ရွက်ခဲ့တယ်။ ကျူးဘားမှာ မမွေးခဲ့ပေမဲ့ ဒီနိုင်ငံရဲ့ အကျိုးစီးပွားကို သူအကျိုးစီးပွားလို သဘောထားခဲ့သူဖြစ်တယ်။ သူဆန္ဒနဲ့ တိုက်ခိုက်ခဲ့တဲ့တိုက်ပွဲတွေဟာ အလွန်အန္တရာယ် ကြီးပါတယ်။ ဒီ အန္တရာယ်ကြီးတဲ့တိုက်ပွဲတွေကို အဆုံး

စွန်ထိ စွန့်လွှတ်အနစ်နာခံပြီး တိုက်ပွဲဝင်ခဲ့တဲ့ သူတစ်ယောက်လည်း ဖြစ်ပါတယ်။

ချေဟာ ပုဂ္ဂိုလိကရည်မှန်းချက်ဆိုတာ မရှိတဲ့သူတစ်ယောက်ပါပဲ။ ဘာလုပ်ချင်တယ်။ ဘာလိုချင်တယ်ဆိုတဲ့ သူရဲ့ ကိုယ်ကျိုးစီးပွားအတွက် မရှိတဲ့သူတစ်ယောက်ပဲ။ သူ ဘာလိုချင်တယ်။ သူ့ကို ပေးမယ့်တော်လှန်ရေးအမိန့်ကိုပဲ လိုချင်တယ်။ သူ ဘာလုပ်ချင်တယ်။ သူဟာ တော်လှန်ရေးကိုပဲ လုပ်ချင်ပါတယ်။ သူဟာ တော်လှန်ရေးအတွက် ကိုယ်ကျိုးစွန့် အသက်ပဓာနမထားတဲ့ သူပါပဲ။ သူဟာ တကယ့်ကို ကိုယ်ကျိုးစွန့်အနစ်နာခံတတ်သူဆိုတာ ဝိဝါဒကွဲစရာ မရှိပါဘူး။ အစောပိုင်း သူရဲ့တော်လှန်ရေးနေ့ရက်တွေကဆိုရင် ချေဆိုတဲ့သူဟာ ဒီလိုဖြစ်လာမယ်လို့ မမျှော်လင့်ပါဘူး။ သူ့အသိုင်းအဝိုင်း၊ သူ့အပေါင်းအသင်းတွေကြားမှာ သူ့ကို အလေးအနက်ထားကြတယ်။ ဒီနေရာမှာ သူ့ရုပ်တုကို တည်ဆောက်ပြီး သူ့ရှေ့မှာ ဘာကြောင့် ဂုဏ်ပြုနေကြသလဲဆိုတာ သူ့အကြောင်းကိုသိကြရင် ပိုပြီး လေးနက်သွားပါလိမ့်မယ်။

ချေဟာ အောင်ပွဲအတွက် တိုက်ခိုက်တာမဟုတ်ဘူး။ ရုပ်ဝတ္ထုပစ္စည်းပိုင်ဖို့အတွက် တိုက်ခိုက်တာ မဟုတ်ဘူး။ သူရဲ့ ပုဂ္ဂလိက ရည်မှန်းချက်အတွက် တိုက်ခိုက်တာ မဟုတ်ဘူး။ သူဟာ ကျော်ကြားမှု၊ အောင်မြင်မှုအတွက် ဘယ်တော့မှ တိုက်ခိုက်မှာ မဟုတ်ပါဘူး။ တခြားနိုင်ငံကလာပြီး တိုက်ပွဲဝင်ခဲ့သူပါ။ ပထမဆုံးတိုက်ပွဲမှာတင် သူ့အသက်ကို စွန့်လွှတ်ပြီး တိုက်ပွဲဝင်ခဲ့တယ်။ ရန်သူကို သုတ်သင်ခဲ့တယ်။ အဲ့ဒီပထမဆုံးတိုက်ပွဲမှာ သူ ကျဆုံးသွားမယ်ဆိုရင် သူ့ကို အမှတ်ရစရာ ကြီးကြီးမားမား ကျွန်တော်တို့မှာ ရှိမယ်မထင်ပါဘူး။ သူရဲ့စရိုက်၊ သူရဲ့ ရုပ်လက္ခဏာဆိုတာတွေကလည်း ကျွန်တော်တို့ တွေ့ရှိခဲ့တာနဲ့တင် ပြီးဆုံးသွားမှာပါ။ ပထမတိုက်ပွဲ၊ ဒုတိယတိုက်ပွဲ၊ တတိယတိုက်ပွဲ၊ စတုတ္ထတိုက်ပွဲ၊ ပဉ္စမတိုက်ပွဲတွေမှာလည်း စွန့်စွန့်စားစား တိုက်ပွဲဝင်ခဲ့တယ်။ အဲ့ဒီ

တိုက်ပွဲတိုင်းဟာ အသက်အန္တရာယ်နဲ့ နီးကပ်တဲ့တိုက်ပွဲတွေချည်း ပါပဲ။ ဒါကြောင့် ချေဟာ ကိုယ်ကျိုးစီးပွားအတွက်ဆိုတာတွေ ဘာကိုမှ တွေးမနေပါဘူး။ သူဟာ သူရဲ့ အနစ်နာခံမှု၊ တော်လှန်ရေးအတွက် ကိုယ်ကျိုးစွန့်ဖို့ကိုသာ ခေါင်းထဲ ရှိတာဖြစ်ပါတယ်။ ကိုယ်ကျိုးစီးပွားအတွက် လုံးဝသန့်စင်တဲ့သူ ဖြစ်သလို၊ လုံးဝစွန့်လွှတ်အနစ်နာခံတတ်တဲ့သူ ဖြစ်တယ်ဆိုတာ ကျွန်တော်တို့ ပြောနိုင်ပါတယ်။

ဆီးရားယားမေစထရာတိုက်ပွဲတုန်းကဆိုရင် ချေဟာ အသက်ရှင်သန်ခဲ့ရပါတယ်။ ဘာကြောင့်လဲဆိုတော့ သူဟာ တော်လှန်ရေးရဲ့ အခြေခံမူတွေကို လေ့လာပြီး တိုက်ခိုက်ခဲ့လို့ ရှင်သန်ခဲ့တယ်လို့ ကျွန်တော်တို့ ပြောနိုင်ပါတယ်။ ခေါင်းဆောင်တစ်ယောက်အဖြစ် နောက် အသက်ရှင်သန်ခဲ့တယ်လို့ ထင်ပါတယ်။ အရေးကြီးတဲ့တိုက်ပွဲတွေ အများကြီး ရှိခဲ့တဲ့အတွက် တိုက်ပွဲငယ်လေးတွေကို မပြောတော့ပါဘူး။

၁၉၅၈ ခုနှစ် မေလမှာတိုက်ခိုက်ခဲ့တဲ့ ထိုးစစ်ကြီးတစ်ခုအကြောင်းကို ပြောပြချင်တယ်။ အဲ့ဒီတုန်းက အာဏာရှင် ဘာတစ်စတာရဲ့စစ်သားတွေဟာ ၁၀၀၀၀ လောက် ရှိပါတယ်။ ကျွန်တော်တို့ တပ်ဖွဲ့တွေကို အလုံးအရင်းနဲ့ တိုက်ခိုက်ကြတယ်။ အဲ့ဒီတုန်းက ကျွန်တော်တို့မှာ ပြောက်ကျားစစ်သား ၃၀၀ လောက်ပဲ ရှိပါတယ်။ အဲ့ဒါ အများဆုံးပါပဲ။ ချေ ဦးဆောင်တဲ့စစ်ကြောင်းက ရဲဘော်တွေဟာ စည်းစည်းလုံးလုံးနဲ့ နေရာယူထားခဲ့ကြတယ်။ သတ္တိရှိရှိ ခွဲကောင်းကောင်းနဲ့ တိုက်ခိုက်ခဲ့ကြပါတယ်။ ရက်ပေါင်း ၇၀ လောက်ကြာအောင် တိုက်ပွဲဝင်ခဲ့ကြတယ်။ ကျွန်တော်တို့ရဲဘော်တွေဟာ တိုက်ပွဲအတွေ့အကြုံကောင်းကောင်းရသွားပြီး ပြင်းထန်တဲ့ တိုက်ပွဲတွေနဲ့တွေ့ခဲ့ပြီးတဲ့အခါ ကျွန်တော်တို့ရဲဘော်တွေဟာ အစမ်းသပ်ခံစစ်သားတွေလည်း ဖြစ်လာပြီ။ လက်နက်အင်အားနည်းပေမဲ့ ရန်သူရဲ့ထိုးစစ်ကို ရိုက်ချိုးနိုင်ခဲ့ပါတယ်။ ရန်သူတွေရဲ့ လက်နက်အတော်များများကိုလည်း ရရှိခဲ့တယ်။ ပြည်သူလူထုကိုလည်း စည်းရုံးနိုင်ခဲ့တယ်။ တော်လှန်ရေးအစက လူပေါင်း ၃၀၀

လောက်သာရှိပေမဲ့ နောက် လူပေါင်း ၈၀၅ ယောက်ကျော် တိုးပွား လာတယ်။ အားလုံး လက်နက်တပ်ဆင်ထားသူတွေချည်းပါပဲ။

အဲ့ဒီလို စည်းရုံးသိမ်းသွင်းလို့ရတဲ့ တော်လှန်ရေးရဲဘော်တွေကို တပ်ဖွဲ့ ၂ ဖွဲ့ ဖွဲ့စည်းခဲ့တယ်။ တစ်ဖွဲ့က ကာမီလိုက တပ်မှူးအဖြစ် ဦးဆောင်ပြီး နောက်တစ်ဖွဲ့ကို ချောက ဦးဆောင်ပါတယ်။ သူတို့ကို ကျွန်တော်တို့မှာရှိတဲ့ အကောင်းဆုံးလက်နက်တွေ တပ်ဆင်ပေးတယ်။ ရဲဘော်တွေထဲက အတော်ဆုံးသူတွေကို ရွေးထုတ်ဖွဲ့စည်းလိုက်တဲ့ အတွက် အကောင်းဆုံးတပ်ဖွဲ့တွေလို့ ဆိုရမယ်။ ဒီ ၂ ဖွဲ့ဟာ ဆီးရားယား မေစထရာက စတင်ပြီး တိုက်ပွဲတွေ ဆင်နွှဲခဲ့ကြတယ်။ ကာမီလိုရဲ့အဖွဲ့မှာ လူ ၉၀ ပါပြီး ချောရဲ့တပ်ဖွဲ့မှာတော့ လူ ၁၄၀ ပါပါတယ်။ တပ်ဖွဲ့တွေဟာ အနောက်ပိုင်း လက်ဖီးလက်စ်ပြည်နယ်ကို ခြိုတက်သွားကြတယ်။ သူတို့ဟာ ကီလိုမီတာ ၅၀ ကျော် ကျယ်ပြောတဲ့ မြေပြန့်ဒေသကို ဖြတ်သွားကြ ပါတယ်။ အဲ့ဒီဒေသကြီးမှာ လူနေ အိမ်ခြေမရှိသလောက်ကို ရှားပါးတယ်။ ရွာရယ်၊ လူရယ်လို့ မရှိသလောက်ကိုပါပဲ။ တပ်ဖွဲ့ ၂ ဖွဲ့ဟာ စက်တင်ဘာလ လောက်က ဆီးရားယားမေစထရာ ထွက်ခွာသွားကြတာပါ။ ရန်သူ နောက်ကို ခြေဖဝါးထက်ကြပ်မကွာ ခြိုတက်ခဲ့ကြသလို ရန်သူနဲ့လည်း တိုက်ပွဲ များစွာ တိုက်ခဲ့ရပါတယ်။ တောင်စောင်းတွေ၊ တောင်ကြားတွေ မှာ ရန်သူနဲ့ သူတင်ကိုယ်တင် တိုက်ကြရတယ်။ သူတို့ရဲ့တိုက်ခိုက်ရေး ခရီးစဉ်ပြီးတဲ့အခါ ကျွန်းအလယ်မှာရှိတဲ့ ကျွန်တော်တို့စခန်းကို ပြန်လာ ကြပါတော့တယ်။

ဒီဇင်ဘာလကုန်လောက်မှာ ကျွန်တော်တို့ရဲ့တော်လှန်ရေး တပ်ဖွဲ့တွေက အိုရီယင်ပြည်နယ်ကို ထိန်းချုပ်ထားနိုင်ပါပြီ။ ကျူးဘား ကို ပြည်နယ် ၂ ခု ခွဲခြားထားခဲ့တယ်။ အိုရီယင်ပြည်နယ်အပြင် လက်ဖီး လက်စ်ဆိုပြီး ခွဲထားတာပါ။ ချောဟာ တော်လှန်ရေးမှာ နောက်ဆုံးတိုက်ပွဲ တွေကို ဦးဆောင်နိုင်ခဲ့ပါတယ်။ ချောဟာ ဆန်တာကလာရာမြို့ကို လူ ၃၀၀ လောက်နဲ့ ခြိုတက်တိုက်ခိုက်ခဲ့ တယ်။ မြို့ပြင်ဘက်ကို သံချပ်ကာ

ရထားနဲ့ ရောက်ရှိလာခဲ့တယ်။ရန်သူရဲ့ဌာနချုပ်နဲ့ မီးရထားသံလမ်းကြား မှာရှိတဲ့ အဆက်အသွယ်တွေအားလုံးကို ဖြတ်တောက်လိုက်ပါတယ်။ ရထားခရီးစဉ်တွေကို ရပ်ဆိုင်းလိုက်တယ်။ နောက် မြို့ကို ဝိုင်းလိုက် ပါတယ်။ မြို့ထဲမှာရှိ တဲ့ ရန်သူတပ်ဖွဲ့တွေကို လက်နက်ချဖို့ အကြောင်း ကြားလိုက်တယ်။ ရန်သူတွေဟာ ဆန်တာကလာရာမြို့ထဲမှာ ၃၀၀ လောက်ပဲ ရှိပါတယ်။ အချိန်တိုတွင်းမှာ ကျွန်တော်တို့လူတွေ မြို့ထဲကို ဝင်ရောက် ထိုးဖောက်တိုက်ခိုက်တဲ့အတွက် မြို့ကျသွားတယ်။

ဒီလိုတိုက်ပွဲတွေ တိုက်ခိုက်လာသလို လက်နက်တွေလည်း သိမ်းမိလာတယ်။ ပြည်သူတွေလည်း တော်လှန်ရေးထဲ ပါလာတယ်။ ပြည်သူတွေကိုယ်တိုင် တော်လှန်ရေးထဲပါဝင်လာပြီး တိုက်ခိုက်တဲ့ အတွက် ဘာတစ်စတာအုပ်ချုပ်ရေးဟာ နောက်ဆုံးတော့ ဇန်နဝါရီ (၁)ရက်နေ့မှာ ပြိုကျသွားခဲ့တယ်။ ကျူဘားတော်လှန်ရေးကြီး အောင်ပွဲ ရတဲ့နေ့မှာပဲ ကာမီလိုခေါင်းဆောင်တဲ့စစ်ကြောင်းနဲ့ ချေ ခေါင်းဆောင် တဲ့စစ်ကြောင်းတွေဟာ ဟားဘားနားမြို့ကို စစ်ကြောင်း ၂ ကြောင်းခွဲပြီး ခြိုတက်လာခဲ့တယ်။ ဇန်နဝါရီ (၂)ရက်နေ့မှာ စစ်ကြောင်း ၂ ကြောင်းဟာ မြို့တော်ကိုရောက်ရှိပြီး သိမ်းပိုက်နိုင်ခဲ့ တယ်။ သမ္မတနိုင်ငံရဲ့မြို့တော်ကို ကျွန်တော်တို့ ထူထောင်နိုင်ခဲ့ပါတယ်။ အဲ့ဒီနေ့မှာ ကျွန်တော်တို့ ပြတ် ပြတ်သားသား အောင်ပွဲခံနိုင်ခဲ့သလို ခရီးရှည်ကြီးလည်း စတင်ခဲ့ပါတော့ တယ်။

ကျူဘားလူထုရဲ့ဘဝဟာလည်း ပြောင်းလဲသွားပါပြီ။ အလုပ် အကိုင်တွေလည်း ပေါ်ထွန်းလာပါတယ်။ တိုက်ခိုက်ရေး သမားတွေဟာ အုပ်ချုပ်ရေးပိုင်းမှာ တာဝန်ရှိသူတွေ ဖြစ်လာတယ်။ လပေါင်းအနည်း ငယ်အကြာမှာ ချေလည်း စက်မှုဝန်ကြီးအဖြစ် တာဝန်စယူတယ်။ အဲ့ဒီ တာဝန်ကို နှစ်ပေါင်းများစွာ သူတာဝန်ယူပြီး လုပ်ဆောင်ခဲ့ပါတယ်။

ကျွန်တော်က ချေကို စစ်သားတစ်ယောက်အဖြစ်နဲ့ ပြောပြ ချင်တာပါ။ ဒါပေမဲ့ သူဟာ ဘယ်နေရာမှာမဆို စွမ်းဆောင်နိုင်တဲ့

အရည်အချင်းရှိတယ်။ အဲဒီအရည်အချင်းရှိသလို သိသိသာသာ လည်
စွမ်းဆောင်နိုင်ပါတယ်။ သူမှာ ထူးခြားတဲ့ယဉ်ကျေးမှုလည်း ရှိတယ်လို
ဆိုရမယ်။ ကျွန်တော်သိသလောက် သူရဲ့စိတ်ဓာတ်ဟာ အလွန်ကောင်းမွန်
ပါတယ်။ ရက်ရောတဲ့ စိတ်ဓာတ်၊ စွန့်လွှတ် အနစ်နာခံတဲ့ စိတ်ဓာတ်
ရဲစွမ်းသတ္တိရှိတဲ့ စိတ်ဓာတ်၊ တော်လှန်ရေးသမားတစ်ယောက်ရဲ့ စရိုက်
လက္ခဏာတွေ သူမှာရှိနေသလို ထူးချွန်တဲ့တော်လှန်ရေးသမားအဖြစ်
လည်း သူ့ကို သတ်မှတ်နိုင်ပါတယ်။ သူရဲ့ ခံစားမှု၊ ပြည်သူလူထုအပေါ်
သူရဲ့ အနစ်နာခံမှု၊ အာရှ အာဖရိကပြည်သူတွေအတွက် စွန့်စား လုပ်
ဆောင်မှု၊ တစ်ကမ္ဘာလုံးအတွက် သူ လွတ်မြောက်အောင် စွမ်းဆောင်မှု
စတာတွေဟာ သူမတူတဲ့ အရည်အချင်းတွေ ဖြစ်ပါတယ်။

အဲဒီအချိန်က အယ်လ်ဂျီးရီးယားပြည်သူတွေက လွတ်လပ်
ရေးအတွက် တိုက်ပွဲဝင်နေချိန်ဖြစ်တယ်။ ပြင်သစ်အစိုးရလက်အောက်
ကနေ လွတ်မြောက်ဖို့ လွတ်လပ်ရေးတိုက်ပွဲတွေကို ၁၉၅၄ ခုနှစ်က
နေ ၁၉၆၂ ခုနှစ်အထိ ဆင်နွှဲခဲ့တာဖြစ်ပါတယ်။ ဖွဲ့ဖြိုးမှုမရှိသေးတဲ့
နိုင်ငံတွေနဲ့ တခြားတိုက်ကြီးတွေက ဆင်းရဲတဲ့ပြည်သူတွေက အသွင်
မျိုးစုံနဲ့ လွတ်လပ်ရေးတိုက်ပွဲဝင်နေကြပါတယ်။ ချေက ကမ္ဘာတစ်ဝန်း
လုံးက တိုက်ပွဲဝင်ပြည်သူတွေနဲ့ အဆက်အသွယ်ရအောင် ကြိုးစားဖို့
လိုတယ်လို့ သဘောပေါက်ပါတယ်။ ချေဟာ နိုင်ငံများစွာကို သွားရောက်၊
နိုင်ငံကို ကိုယ်စားပြုပြီး နိုင်ငံအသီးသီးကို အကြောင်းအမျိုးမျိုးနဲ့ သွား
ရောက်ခဲ့တာဖြစ်ပါတယ်။ ရင်းရင်းနှီးနှီး ဆက်သွယ်ခဲ့တယ်။ ကူးသန်း
ရောင်းဝယ်ရေးနဲ့ ကုန်သွယ်ရေးတွေကို တည်ဆောက်ခဲ့တယ်။ ကျွန်တော်
တို့နိုင်ငံရဲ့ ခေတ်နောက်ကျနေတာတွေကို ခေတ်မီကောင်းမွန်လာ
အောင် သူဟာ ပင်ပင်ပန်းပန်း အလုပ်လုပ်ခဲ့ပါတယ်။ ကျွန်တော်တို့
နိုင်ငံကို စီးပွားရေးပိတ်ဆို့ထားမှုကနေ ကျော်လွှားနိုင်အောင် သူ ကြိုးစား
အားထုတ်ခဲ့တယ်။

ပလေယာဂီရွန်လို့ခေါ်တဲ့ ဝက်ပင်လယ်အော်ပြဿနာဖြစ်လာ

ခြိန်မှာ ချေဟာ ပီနာဒဲလ်ယိုပြည်နယ်တပ်ဖွဲ့တွေရဲ့ တပ်မှူးကြီး ဖြစ်ပါ တယ်။ ကျွန်တော်တို့ကျွန်းရဲ့တောင်ပိုင်း ဗဟိုဒေသဖြစ်တဲ့ ပလေယာ ဂိရွန်ကို စတင်တိုက်ခိုက်လာတဲ့အခါမှာ သူက ဦးဆောင်ပြီး ပြန်လည် တွန်းလှန်ခဲ့ပါတယ်။ ပထမအစ ရန်သူတွေ ဝင်ရောက်လာစဉ်က ကျွန်တော်တို့ မသိသေးပါဘူး။ ရန်သူတွေဟာ ကမ်းပေါ် တက်လာပြီး တိုက်ခိုက်လာခြင်း ဖြစ်တယ်။ ဒီဒေသကိုလည်း ကျွန်တော်တို့က စစ်ဒေသ အဖြစ် သတ်မှတ်ထားတယ်။ အဲ့ဒီအခြိန်က ချေဟာ စက်မှုဝန်ကြီးဌာန ရဲ့ ဝန်ကြီးအဖြစ်သာမက ပြည်နယ်ရဲ့ တပ်မှူးကြီးလည်း ဖြစ်တယ်။ ရန်သူတွေတက်လာတယ်လည်းသိရော သူဟာ ချက်ချင်း အဲ့ဒီဒေသကို ထွက်ခွာသွားခဲ့တယ်။ အဲ့ဒီအခြိန်က အောက်တိုဘာ ဒုံးပျံအကျပ်အတည်း ဖြစ်ပွားခြိန်ပဲ။ ၁၉၆၂ ခုနှစ်က ဖြစ်ပါတယ်။ အလွန်အန္တရာယ်ကြီးမားတဲ့ အခြိန်ပါပဲ။ ချေအနေနဲ့ အဲ့ဒီစစ်ဒေသကို ကွပ်ကဲထိန်းချုပ်လိုက်တယ်။

ဒီလို အခြေအနေအမျိုးမျိုးကို ကျွန်တော်တို့ဟာ ချေနဲ့အတူ ဖြတ်သန်းကျော်လွှားခဲ့ပါတယ်။ ကြီးမားတဲ့ ဘေးဒုက္ခတွေကိုလည်း ကျွန်တော်တို့အနေနဲ့ မဖြစ်မနေ ရင်ဆိုင်ခဲ့ရတယ်။ လိုအပ်ရင် လိုအပ် သလို တိုက်ပွဲတွေ ဆင်နွှဲတယ်။ ချေဟာ ဘယ်ကိစ္စမဆို သူမှာ တာဝန် ရှိတယ်လို့ ယူဆပါတယ်။ တစ်ခြိန်တည်းမှာ သူဟာ စစ်ရေးနဲ့ ပတ်သက် ပြီး၊ စစ်သိပ္ပံနဲ့ပတ်သက်ပြီး ကြိုးကြိုးစားစား လေ့လာမှုလည်းရှိပါတယ်။

ချေဟာ အလွန်အလွန် လေ့လာအားထုတ်သူတစ်ယောက် ဖြစ်ပါ တယ်။ သူတာဝန်ကျတဲ့အလုပ်ကို မနားမနေလုပ်ကိုင်ပြီး အလုပ်ခြိန်ပြီးတဲ့ အခါ အေးအေးချမ်းချမ်း အနားယူမှုကို မပြုလုပ်ပါဘူး။ အိပ်ခြိန်ကိုမပေး ဘဲ အိပ်ခြိန်အစား စာဖတ်တယ်။ စာရေး တယ်။ သူက စက်မှုဝန်ကြီး အဖြစ် အလုပ်လုပ်ကိုင်ပြီး အဲ့ဒီအခြိန်ပြီးတဲ့အခါ ဧည့်သည်တွေလာရင် ဧည့်သည်တွေနဲ့တွေ့ စကားပြောတယ်။ ဧည့်သည်တွေပြန်တဲ့အခါ သူရဲ့ ပြောက်ကျားစစ်ဆင်ရေးနဲ့ ပတ်သက်တာတွေကို ရေးသားပါတယ်။ တခြားနိုင်ငံတွေကိုသွားတဲ့ အတွေ့အကြုံ၊ ကျူးဘားကို ကိုယ်စားပြုတဲ့

ကိုယ်စားလှယ်အဖွဲ့ရဲ့ အတွေ့အကြုံတွေကို ရေးသားခဲ့တယ်။ သူက သူတွေ့ကြုံခဲ့တာတွေကို ရိုးရိုးသားသားပဲ ရေးသလို အရေးအသားလည်း ရှင်းလင်းပါတယ်။ တော်လှန်ရေးကာလက အတွေ့အကြုံတွေနဲ့ဆိုရင် ရေးစရာက တစ်ပုံကြီးပေါ့။ ဒီလိုရေးခဲ့တာကြောင့် ကျွန်တော်တို့ပြည်သူတွေအနေနဲ့ လေ့လာမှတ်သားစရာတွေကိုလည်း မှတ်သားရတယ်။ ကျူးဘားတော်လှန်ရေးသမိုင်းကိုလည်း သိရှိကြရပါတယ်။

ကျူးဘားမှာ အပျော်တမ်းလုပ်အားပေးမှုကို စတင်ခဲ့တာက ချေပါပဲ။ သူဟာ စက်မှုဝန်ကြီးဌာနမှာ တာဝန်ရှိသူဖြစ်တဲ့အတွက် အလုပ်ဌာနအတော်များများနဲ့ အဆက်အသွယ်ရှိတယ်။ အလုပ်ရုံတွေ ကို သွားရောက်လည်ပတ်တယ်။ အလုပ်သမားတွေနဲ့ တွေ့ဆုံစကား ပြောပြီး သူတို့ရဲ့ပြဿနာတွေကိုလည်း ဖြေရှင်းပေးတယ်။ တနင်္ဂနွေ နေ့တိုင်းမှာ ချေဟာ အလုပ်ရုံတွေဆီသွားတယ်။ တစ်ခါတစ်ရံ သင်္ဘောကျင်းတွေဆီ သွားပြီး သင်္ဘောကျင်းအလုပ်သမားတွေနဲ့ တွေ့ ဆုံတယ်။ အလုပ်အတူ လုပ်ပါတယ်။ တစ်ခါတစ်ရံ မိုင်းတွင်းတွေဆီ သွားတယ်။ ကျောက်မီးသွေးတွင်း၊ သတ္တုတွင်းစတဲ့ မိုင်းတွင်းတွေက မိုင်းအလုပ်သမားတွေနဲ့ စကားပြောတယ်။ အလုပ်လည်း အတူလုပ်တယ်။ ကြိမ်စိုက်ထားတဲ့ ကြိမ်တောထဲသွားတယ်။ သူကိုယ်တိုင် ကြိမ်ခုတ်တယ်။ ဆောက်လုပ်ရေး အလုပ်သမားတွေဆီ သွားတယ်။ တနင်္ဂနွေနေ့ဟာ သူရဲ့ ကိုယ်ပိုင်အချိန် မဟုတ်တော့ပါဘူး။ တနင်္ဂနွေနေ့မှာလည်း သူဟာ မနားပါဘူး။ ချေဟာ အေးအေးချမ်းချမ်း နားနေမှုဆိုတာကို ပစ်ပယ်ထားခဲ့တယ်။ ကျူးဘားမှာ သူရှိနေစဉ်က ကျူးဘားပြည်သူတွေအတွက် အလုပ်အားလုံးကို သူ လုပ်ခဲ့တာပဲ။ သူ ကျန်းမာရေးအခြေအနေကိုတောင် ဂရုမစိုက်ဘဲ လျစ်လျူရှုထားတယ်။ သူမှာ ပန်းနာရင်ကျပ်ရောဂါ ရှိပါတယ်။ တော်လှန်ရေးကာလ တစ်လျှောက်လုံးမှာလည်း ပန်းနာထနေပေမဲ့ တော်လှန်ရေးဆင်နွှဲခဲ့တာပဲ။ အနားယူတာ မရှိပါဘူး။ ရင်ကျပ်နေချိန်တောင် နေ့မနား၊ ညမနား အလုပ်လုပ်ပါတယ်။ စာရေးတယ်။ တစ်နိုင်ငံပြီးတစ်နိုင်ငံ

လှည့်လည်သွားလာပါတယ်။ ပန်းနာရီနေလျက်နဲ့ မိုင်းတွင်းကို သွားတယ်။ မိုင်းအလုပ်သမားတွေနဲ့ တွေ့တယ်။ မိုင်းတွင်းတွေထဲ ဆင်းပါတယ်။ မိုင်းတွင်းလို အောက်ဆီဂျင်သိပ်မရ၊ လေကောင်းလေသန့် မရတဲ့နေရာမျိုးကိုသွားပြီး အလုပ်သမားတွေနဲ့ သွားတွေ့ပါတယ်။ မသွားပါနဲ့၊ နားပါလို့ပြောတာတောင် သူသွားချင်တဲ့နေရာတွေသွားပြီး တွေ့ချင်တဲ့သူတွေနဲ့ တွေ့ပါတယ်။ စက်မှုဝန်ကြီးဌာနမှာ သူ့ တာဝန်တွေအပြင် သူ့အလုပ်မဟုတ်တဲ့ အလုပ်တာဝန်တွေကိုလည်း လုပ်ကိုင်ပေးတယ်။ အလုပ်ချိန်ပြီးရင် စာရေး၊ စာဖတ်တယ်။ ဒါမှမဟုတ် အလုပ်ဌာနတွေသွားပြီး လုပ်အားပေး သွားလုပ်တဲ့သူမျိုးပါပဲ။

ချေဟာ ယုံကြည်မှုအပြည့်ရှိတဲ့ သူ၊ လူသားအဆန်ဆုံးသူ ဖြစ်တယ်။ သူဟာ စံပြပုဂ္ဂိုလ်တစ်ယောက်အဖြစ်နှင့် နေထိုင်ခဲ့ပါတယ်။ စံပြပုဂ္ဂိုလ်အဖြစ်နှင့်လုပ်ပြီး နေထိုင်တာ မဟုတ်ပါဘူး။ သူ့ စရိုက်ကိုက ဖြစ်နေတာပါ။ ကိုယ်ကျိုးစွန့် အနစ်နာခံတဲ့နေရာမှာလည်း အလွန်ကိုကြီးကျယ်မြင့်မြတ်လှပါတယ်။ သူ့ကိုယ်သူ အနစ်နာခံနေထိုင်ဖို့ သူ့ကိုယ်ကျိုးစီးပွားကို လုံးဝလျစ်လျူရှုဖို့ဆိုတာက သူ့ပင်ကို စရိုက်ပါပဲ။ ဒါကြောင့် သူ့မူက သူ့ကို နမူနာဖြစ်အောင် လုပ်ပေးတာ ဖြစ်တယ်။

သူဘဝတစ်ခုလုံးနဲ့ သူရဲ့စံပြလုပ်ရပ်ဟာ ကျွန်တော်တို့ အသိုင်းအဝိုင်း ဘယ်နယ်ပယ်မှာမဆို ပြောစမှတ်ပြုစရာပဲ။ ပြောစမှတ်ပြုစရာဆိုတာက သူ့ကို ခွီးကျူးပြီး စံပြအဖြစ်နဲ့ ပြောကြတာပါ။ စိတ်ဓာတ်၊ ဂုဏ်သိက္ခာကြီးမြတ်သူ၊ သူ ယုံကြည်တဲ့မူကို မယိမ်းမယိုင် ကိုင်စွဲသူ၊ အနာဂတ်ကို မျှော်ကြည့်တဲ့ နိုင်ငံရေးသမား ကောင်းတစ်ယောက်အဖြစ်နဲ့ သတ်မှတ်ကြတယ်။ အနာဂတ်လူသားတွေအတွက် လူသားရဲ့တန်ဖိုးတွေကို ထုတ်ပြခဲ့ပါတယ်။ စိတ်ဓာတ်တန်ဖိုး၊ ကိုယ်ကျိုးစွန့်မှု၊ စည်းလုံးညီညွတ်မှု၊ အဓမ္မမှုကို ငြင်းပယ်နိုင်မှုဆိုတဲ့ တန်ဖိုးတွေကို သူက ထုတ်ဖော်ပြသခဲ့တယ်။ အခုလို သူ့အကြောင်းတွေ အတတ်နိုင်ဆုံးပြောပြခဲ့ပေမဲ့ တချို့အကြောင်းတွေက ကျွန်တော်ကိုယ်တိုင်ပြောပြဖို့ စကားလုံး

မရှာနိုင်အောင်ပါပဲ။ ချဲ့ကားပြီးပြောနေတာလည်း မဟုတ်ပါဘူး။ ကျွန်တော်တို့သိတဲ့ သူ့ အကြောင်းကို ရိုးရိုးသားသား ပြောခဲ့တာပါ။ သိရှိတဲ့သူတွေကလည်း သိရှိတဲ့အကြောင်းကို ရိုးရိုးသားသား ပြောဆိုတာပါပဲ။

ဒီနေရာက သူ့ကို အမှတ်တရထားတဲ့ သူ့ကျောက်တိုင်တည်ရှိတဲ့နေရာပါပဲ။ အနုပညာရှင် ပန်းပုဆရာတစ်ယောက်က သူ့ပုံပန်းကို အတတ်နိုင်ဆုံး ပုံဖော်ထားတဲ့ ကျောက်ရုပ်ပါ။ ဒါပေမဲ့ ချေလိုလူတစ်ယောက်ရဲ့စိတ်ဓာတ်နဲ့လုပ်ရပ်တွေကို ဒီရုပ်တုက ပြည့်စုံအောင် ဖော်ပြနိုင်စွမ်းမရှိပါဘူး။ ကျွန်တော်တို့မှာ ချေရေးခဲ့တဲ့ စာတွေ၊ သူပြောခဲ့တဲ့စကားတွေ၊ မိန့်ခွန်းတွေရှိပါတယ်။ သူတို့သိတဲ့ ချေအဖြစ်လူတွေကနားလည်ထားပါတယ်။ ကျွန်တော်တို့နိုင်ငံစက်ရုံက အလုပ်သမားတွေကလည်း သူတို့စက်ရုံဆီ ချေလာလည်သွားပါလားလို့ ဂုဏ်ယူနေတယ်။ လုပ်အားပေးဌာနတွေကလည်း ချေလာလုပ်အားပေးသွားပါလားဆိုပြီးကြွားဝါနေပါတယ်။

သိပ်မကြာသေးခင်က ကျွန်တော်ဟာ ချည်စက်တစ်ခုကို သွားလည်ခဲ့တယ်။ ဒီစက်ရုံက အဆင့်မြင့်စက်ရုံပါပဲ။ နိုင်ငံခြား ဧည့်သည်တွေလာရင်လည်း ကျွန်တော်တို့က ဒီချည်စက်ရုံကို ပြသလေ့ရှိတယ်။ ဒီစက်ရုံက အလုပ်သမားတွေက ဆိုင်လေးတစ်ဆိုင် ဖွင့်ထားတယ်။ အဲ့ဒီဆိုင်လေးကိုလည်း အမြတ်တနိုးထားတယ်။ အဲ့ဒီ ဆိုင်ထဲမှာ သူတို့မိသားစုရတနာတွေ ထားသလို အမြတ်တနိုး သိမ်းဆည်းထားပြီး အဲ့ဒီစက်ရုံကို ချေလုပ်အားပေးလာစဉ်က သူကိုယ်တိုင်လုပ်ခဲ့တဲ့ ရက်ကန်းစင်လည်း အဲ့ဒီဆိုင်မှာ ရှိပါတယ်။ ချေသွားလုပ်ခဲ့တဲ့မိုင်းတွင်းက အလုပ်သမားတွေကလည်း ချေနဲ့သူတို့တွေ့ခဲ့တဲ့ အမှတ်ရစရာတွေကို ပြန်ပြောပါတယ်။ သူ့ကို တခြားသူတွေနဲ့ မတူအောင် လေးစားချစ်ခင်လျက်ရှိဆဲပါပဲ။

ချေဟာ သမိုင်းအတွက် နေထိုင်ခဲ့တာ မဟုတ်ဘူး။ အောင်မြင်

မှုနဲ့ ဂုဏ်ပြုမှုအတွက်လည်း နေထိုင်ခဲ့တာမဟုတ်ဘူး။ စစ်မှန်တဲ့တော်လှန်ရေးသမားတွေလို နေထိုင်ခဲ့သူဖြစ်တယ်။ တခြားတော်လှန်ရေးကို ဖြတ်သန်းခဲ့တဲ့ သူရဲကောင်းတွေလို နေထိုင်ခဲ့သူ ဖြစ်ပါတယ်။ သာမန်ထက် ထူးခြားတဲ့ပုဂ္ဂိုလ်ဆိုတာ ဘာလဲ၊ သူ သိတယ်။ သာမန်လူတွေထက်ပိုပြီး ကြီးကျယ်မြင့်မြတ်လှတဲ့ မျိုးချစ် ခေါင်းဆောင်ကြီး ဟိုဆေးမာတီအကြောင်းလည်း သူသိပါတယ်။ ဒီနေရာကို လာရောက်ဂုဏ်ပြုကြတဲ့သူတွေအားလုံးလည်း ဟိုဆေးဖာတီအကြောင်း သိကြပါတယ်။ သူက ဘာပြောခဲ့သလဲဆိုတော့ "ကမ္ဘာမှာရှိတဲ့ အောင်ပွဲအားလုံးဟာ ပြောင်းဖူးတစ်ဖူးထဲက ပြောင်းစေ့တွေလိုပါပဲ" လို့ ပြောခဲ့ပါတယ်။

တော်လှန်ရေးသမားတွေဟာ အောင်ပွဲအတွက်၊ ဂုဏ်ပြုဖို့အတွက် စွန့်လွှတ်တိုက်ပွဲဝင်ခဲ့ကြတာ မဟုတ်ဘူး။ သမိုင်းမှာ နေရာရဖို့အတွက်လည်း စွန့်လွှတ်ခဲ့တာ မဟုတ်ပါဘူး။ ချေဟာ နေရာရခဲ့ပါပြီ။ နေရာရခဲ့သူအားလုံးဟာလည်း သူတို့ရဲ့ ကြီးကျယ်မြင့်မြတ်မှုကို သမိုင်းမှာ မှတ်တမ်းတင် နေရာယူခဲ့ကြပါပြီ။ ဘာကြောင့်လဲဆိုတော့ သူတို့ရဲ့သမိုင်းမှာ နေရာရဖို့ဆိုတာ သူတို့အတွက် အရေးမကြီးပါဘူး။ ချေလည်း ဒီလိုပါပဲ။ ပထမ စပြီးတိုက်တဲ့တိုက်ပွဲကတည်းက ချေဟာ သူ့ကိုယ်သူ လူသေလိုသဘောထားခဲ့တယ်။ ဘာကြောင့်လဲဆိုတော့ သူဟာ ကိုယ်ကျိုးမကြည့်ဘဲ စွန့်လွှတ်အနစ်နာခံလိုတဲ့စိတ်ဓာတ်ရှိ တာကြောင့်ပါပဲ။ အခုတော့ သူရဲ့ဘဝဟာ မဟာကဗျာရှည်ကြီး တစ်ပုဒ်အဖြစ်နဲ့ ဖြစ်လာပါပြီ။ မော်ကွန်းကြီးတစ်ခု ဖြစ်လာပါပြီ။ သူရဲ့ဘဝဟာ စံပြပုဂ္ဂိုလ်တစ်ဦးအဖြစ် တည်ရှိခဲ့ပါပြီ။ ကျွန်တော်တို့ အနေနဲ့ ကျွန်တော်တို့ပြည်သူတွေကို ပြောချင်တာက ဒီလိုလုပ်ဆောင်ချက်ဟာ အခြေခံအယူအဆအတွေးအခေါ်ဖြစ်တယ်။ အဲဒီ အခြေခံဖြစ်တဲ့ စွန့်လွှတ်အနစ်နာခံမှုဆိုတဲ့ ဆောင်ပုဒ်ကို စွဲကိုင်ထားရမယ်။ အဲဒီလိုစွဲကိုင်ပြီး ကျွန်တော်တို့သားစဉ်မြေးဆက်တွေကို ချေလို သူရဲကောင်းဖြစ်အောင် လုပ်ရမယ်။ ချေလို စိတ်ဓာတ်လည်း မွေးမြူ ပေးရမယ်။ ကျွန်တော်လည်း ချေလိုဖြစ်ချင်ပါ

တယ်။ ဒါကို ကျူဘား မိဘတွေ၊ ကလေးတွေတင် မကဘူး၊ နိုင်ငံအားလုံးက ပြည်သူတွေဟာ ချေလိုပုဂ္ဂိုလ်မျိုးကို သူတို့ဘဝမှာစံထားပြီး ကလေးတွေကို လမ်းညွှန်ပြသပေးရပါလိမ့်မယ်။

ဒီနေ့ကမ္ဘာဖြစ်တဲ့ ခေတ်ပြိုင်ကမ္ဘာကြီးမှာ လူသားရဲ့သမိုင်းသစ်ကို ရေးမယ်ဆိုရင် ပိုပြီးကောင်းတဲ့ ကမ္ဘာတစ်ခုကို တည်ဆောက်ဖို့ ကြိုးစားရမယ်။ ဒီအခါမှာ အလွန်ကို ရွှေ့ပြောင်းတဲ့ပြဿနာတွေနဲ့ ရင်ဆိုင်ရမှာပဲ။ တိုက်ပွဲတွေ၊ အခက်အခဲတွေကို ကျော်ဖြတ်ရမှာပဲ။ ဒီနေ့ကမ္ဘာမှာ စံပြဆိုတာကို ရှာဖွေမယ်ဆိုရင် စံပြထားရမယ့် လူတွေရဲ့အရည်အချင်းကို ဘယ်လိုနားလည်သဘောပေါက်ရမလဲ။ ကျွန်တော်တို့ကတော့ ချေလိုပုဂ္ဂိုလ်မျိုးကို စံပြပုဂ္ဂိုလ်အဖြစ် မှတ်ယူ တယ်။ ချေလိုပုဂ္ဂိုလ်မျိုးကို စံပြအဖြစ် ထားရမယ့် အလွန်ကြီးမားတဲ့ အခွင့်အလမ်းရှိတယ်။ ကျွန်တော်တို့ပြည်သူတွေက သူ့ကိုနားလည် သဘောပေါက်ကြတယ်။ သူသာလျှင် အလွန်ထူးခြားတဲ့ သာမန်နဲ့ မတူတဲ့ ထိုက်ထိုက်တန်တန် စံပြသူရဲကောင်းဆိုတာကို ကျွန်တော်တို့ ယုံကြည်နေပါတယ်။

မျိုးဆက်သစ်ကလေးတွေအတွက် ချေဟာ နမူနာယူရမယ့် သူဖြစ်ပါတယ်။ ချေလိုပုဂ္ဂိုလ်မျိုးကို စံပြအဖြစ် ပြသနိုင်ခဲ့ရင် ဘယ်လောက်အံ့သြစရာကောင်းလိမ့်မလဲ။ အနာဂတ်မျိုးဆက်သစ်တွေအတွက် ချေကို စံပြအဖြစ် ထားနိုင်အောင် ပြုလုပ်ရမယ်။ ချေလို ပုဂ္ဂိုလ်မျိုးကို သိရှိအောင် ပြုလုပ်ရပါမယ်။ ကွန်မြူနစ်စနစ်ဟာ မလွဲမသေ ဖြစ်ထွန်းလာမှာသေချာပါတယ်။

သူက သူရဲ့နမူနာကို ကျွန်တော်တို့မျိုးဆက်တွေဆီမှာ ထားရစ်ခဲ့ပါတယ်။ ဖြူစင်တဲ့စိတ်ဓာတ်ကို ထားရစ်ခဲ့ပါတယ်။ သူရဲ့ အရာရာကို ခြိုးခြံတဲ့စရိုက်ကိုလည်း ပြသခဲ့ပါတယ်။ သူရဲ့နှလုံးသားဟာ သံမဏိနှလုံးသားဖြစ်တယ်။ အရာရာကို စွန့်လွှတ်အနစ်နာခံတဲ့ သံမဏိမျိုးနဲ့ တည်ဆောက်ထားတဲ့ နှလုံးသားဖြစ်ပါတယ်။ မြင့်မြတ်တဲ့ခံစားမှုရှိတဲ့ ရက်ရောတဲ့သူရဲ့စိတ်ဓာတ်ဟာ ကျွန်တော်တို့ပြည်သူတွေ အတွက်တော့

အမြဲစံထားခဲ့ရပါတယ်။ သူရဲ့ဉာဏ်ရည်၊ သူရဲ့ နှလုံးသား၊ သူရဲ့ အေးချမ်းတဲ့လက်တွေကို ကျွန်တော်တို့ဆီမှာ ထားရစ်ခဲ့ပါပြီ။ သူရဲ့နေ့စဉ်မှတ်တမ်း၊ အဲဒီမှာ သူရဲ့ နောက်ဆုံးနေ့ရက်တွေကို ရေးထားခဲ့တယ်။ အကျဉ်းရေးထားသလို ရှင်းရှင်းလင်းလင်းလည်း ရေးထားတယ်။ သူရဲ့အရေးအသားအတိုင်း တိုတိုပြတ်ပြတ်လည်း ရေးထားပါတယ်။ အဲဒီမှတ်တမ်းမှာ သူရဲ့ နောက်ဆုံးနေ့တွေကို ပီပြင်စွာ တွေ့ရပါတယ်။ တကယ်ပြောင်မြောက်တဲ့ စာပေမော်ကွန်းကြီး တစ်စောင်ကို ရေးထားတယ်လို့ ဆိုရမယ်။ သူရဲ့ မှတ်တမ်းထဲမှာ ထူးခြားပြောင်မြောက်တဲ့အကြောင်းအရာတွေ ပါတယ်။ အားလုံးလိုလိုကို ခံစားလို့ရပါတယ်။

ဒါကြောင့်လည်း ကမ္ဘာပေါ်မှာရှိတဲ့လူငယ်တွေဟာ ချေကို သင်္ကေတအဖြစ်နဲ့ လေးစားကြတာဖြစ်တယ်။ ချေရဲ့ရုပ်ပုံဟာ သူတို့အလွန်လေးစားတဲ့ ပုဂ္ဂိုလ်၊ စံထားရမယ့်ပုဂ္ဂိုလ်အဖြစ် လေးလေးစားစားနဲ့ ထားရှိကြတယ်။ အာဖရိကတွေပေါ်မှာ၊ ဦးထုပ်တွေပေါ်မှာ၊ မီးခြစ်တွေပေါ်မှာ၊ နာရီတွေပေါ်မှာ ချေရဲ့ရုပ်ပုံကို အမှတ်တရ ခတ်နှိပ်ထားကြပါတယ်။ အယ်လ်ဂျီးရီးယားပြည်သူတွေအတွက် ချေကို မေ့ဖျောက်လို့မရပါဘူး။ သူ့ကို အလွန်အလွန် လေးစားကြတယ်။ ကမ္ဘာ့ တိုက်ကြီးတွေမှာ ချေကို မသိသူမရှိသလောက်ပါပဲ။ ချေရဲ့ပုံနဲ့ ချေရဲ့ နာမည်ဟာ အမေရိကမှာတောင် ကြီးကျယ်ခမ်းနားစွာ ရောက်ရှိနေပါပြီ။ လူအခွင့်အရေးတိုက်ပွဲဝင်သူတွေ၊ ကျူးကျော်မှု ဆန့်ကျင်တိုက်ပွဲဝင်သူတွေ၊ ငြိမ်းချမ်းရေးအတွက် တိုက်ပွဲဝင်သူတွေ၊ တိုးတက်တဲ့သူတွေ၊ အမေရိကန်ပြည်သူတွေဟာ သူတို့တိုက်ပွဲရဲ့ ဦးစီးဦးဆောင် အဖြစ် သတ်မှတ်ထားကြတယ်။ ချေရဲ့နာမည်ကို သူတို့ရဲ့အလံမှာ ရေးခြယ်ပြီး တံခွန်အဖြစ်နဲ့ ကိုင်စွဲကြတယ်။ ဒါကြောင့် ချေဟာ အလွန်ကြီးကျယ်ခမ်းနားတဲ့ ပုံရိပ်အဖြစ် တန်ဖိုးထားလာကြတယ်။ ဒီလို အခြေအနေရောက်မယ်လို့ ဘယ်သူက ထင်ခဲ့မှာလဲ။ ဘယ်သူကရော သူ့လို စွန့်လွှတ်အနစ်နာခံမှာလဲ။ သူရဲ့ ရုပ်ပုံကားချပ်တွေ၊ သူရဲ့ ရုပ်တုတွေနဲ့ သူပုံပါတဲ့ တံခွန်တွေ

ဒီလောက် ကမ္ဘာအနှံ့ ပျံ့နှံ့နေမယ်လို့ ဘယ်သူမှ ထင်ခဲ့ကြမှာ မဟုတ်ပါဘူး။ အခုတော့ ချေဟာ ကမ္ဘာ့ပြည်သူတွေရဲ့ပုံရိပ်အဖြစ် ထင်ထင်ရှားရှား ပေါ်လွင်နေခဲ့ပါပြီ။

ချေကိုယ်တိုင် သူရဲ့ပုံရိပ်ကို သူရဲ့ဘဝမှာ စပြောင်းလဲတာပါ။ သူရဲ့ဘဝအကျဉ်းကိုကြည့်မယ်ဆိုရင် သူရဲ့ပုံရိပ်ကို သူပဲ စပြောင်းခဲ့တာပါ။ ငယ်စဉ်ဘဝက ပုံရိပ်ကို ကမ္ဘာကသိတဲ့ပုဂ္ဂိုလ်အဖြစ် သူကိုယ်တိုင်ပဲ ပြောင်းလဲခဲ့တာပါပဲ။ ဒီလိုပြောင်းလဲတာ သူ့ရည်ရွယ်ချက်တော့ မဟုတ်ပါဘူး။ သူကိုယ်တိုင်က ဖိနှိပ်ခံပြည်သူတွေ အတွက် သူ့ဘဝကို စွန့်လွှတ်အနစ်နာခံကတည်းက ဒီပုံရိပ်ပြောင်း လဲခဲ့တာပါပဲ။ သူရဲ့ကိုယ်ကျိုးစွန့်မှု၊ အနစ်နာခံမှု၊ သူရဲ့ရဲစွမ်းသတ္တိရှိမှု အဲ့ဒါတွေက ဒီကနေ့ သူ ရရှိခဲ့တဲ့ ပုံရိပ်၊ သူရရှိခဲ့တဲ့ တံခွန်ဖြစ်ပါတယ်။ အခုဆို သူဟာ လမ်းပြတစ်ယောက်ဖြစ်လာပြီး မြင့်မြတ်မှုအားလုံးရဲ့ အထိမ်းအမှတ်၊ တရားမျှတမှုရဲ့ စိတ်ဓာတ်ဖြစ်လာပြီ။ ချေဟာ တော်လှန်ရေးအတွက် စံပြတိုက်ခိုက်ရေးသမား၊ ကမ္ဘာပြည်သူ အားလုံးရဲ့ စံပြကွန်မြူနစ်တစ်ယောက် ဖြစ်လာပါပြီ။

အခန်း (၆)

ဖော်ပြပါအင်တာဗျူး (အမေးအဖြေ)မှာ ၁၉၈၇ ခုနှစ်က ဖီဒဲလ် ကက်စထရို အီတလီသတင်းစာဆရာ ဂျီယန်နီမီနာက တွေ့ဆုံ မေးမြန်း ချက်ဖြစ်ပါသည်။ ချေကွယ်လွန်ခြင်း အနှစ် ၂၀ မြောက်တွင် မေးမြန်း ခဲ့ခြင်းဖြစ်သည်။ ထိုအင်တာဗျူးအပြည့်အစုံကို "ဖီဒဲလ်နှင့် တွေ့ဆုံခြင်း" ဆိုသော နာမည်ဖြင့် ပုံနှိပ်ထုတ်ဝေခဲ့ပြီး ဖြစ်သည်။

မေး (ဂျီယန်နီမီနာ) - သမ္မတကက်စထရိုခင်ဗျာ။ သမ္မတကြီး တို့နဲ့ ခေတ်ပြိုင်ပုဂ္ဂိုလ်တွေထဲမှာ သမ္မတကြီးဟာ သမိုင်းကို အသိဆုံး သက်သေတစ်ယောက်အဖြစ်နဲ့ ကျန်ရှိနေပါတယ်။ ကျွန်တော်တို့ ခေတ်က တခြားသူတွေအကြောင်းကိုလည်း သမ္မတကြီးသိရှိပါတယ်။ အခု တွေ့ဆုံမေးမြန်းချက်မှာ အဲ့ဒီခေတ်ပြိုင် သမိုင်းက ပုဂ္ဂိုလ်တွေ အကြောင်းကို သိချင်ပါတယ်။ သမ္မတကြီးနဲ့ အရင်းနှီးဆုံးဖြစ်တဲ့ ရဲဘော်တွေ၊ အထူးသဖြင့် ချေဂွေဗားရားနဲ့ ကာမီလိုဆီယင်ဖျူဂေါ်စ်တို့ အကြောင်း ကို ပြောပြစေချင်ပါတယ်။ ဥပမာ- ချေဆိုရင် သင်္ကေတတစ်ခုကို ကိုယ်စားပြုတဲ့သူ ဖြစ်တယ်။ စံပြပုဂ္ဂိုလ်လည်း ဖြစ်တယ်။ ဥရောပနဲ့ ကမ္ဘာကြီးမှာရှိတဲ့ နောက်ဆုံးမျိုးဆက် ၃ ဆက်အထိ သူဟာ ထင်ရှား ကျော်ကြားနေတဲ့သူလည်း ဖြစ်ပါတယ်။ ဒါကြောင့် သမ္မတကြီးအနေနဲ့ ခင်ဗျားရဲ့မိတ်ဆွေချေအကြောင်းကိုတွေးတဲ့အခါ ခင်ဗျားစိတ်ထဲမှာ

ဘယ်လိုအဖြစ်မျိုးတွေ ပေါ်လာတတ်ပါသလဲ။

ဖြေ (ဖဒဲလ်ကက်စထရီ) - ကျွန်တော့်ခေါင်းထဲမှာတော့ ချေကွယ်လွန်သွားပြီဆိုတာကို လက်ခံဖို့ခက်ခဲနေတုန်းပါပဲ။ ကျွန်တော် ဟာသူ့အကြောင်းကို အကြိမ်ပေါင်းမရေတွက်နိုင်အောင် အိပ်မက်မက်ခဲ့တယ်။ တစ်ခါတစ်ရံ လူတွေကို အိပ်မက်အကြောင်း ပြောမိတယ်။ အိပ်မက်ရော မက်ကြလားလို့ မေးမိတယ်။ ကျွန်တော် ချေအကြောင်း အိပ်မက်မက်တာကို သူတို့ကို ပြောပြတယ်။ အိပ်မက်ထဲမှာ သူက အသက်ရှင်နေပါတယ်။ ဒါဟာ ထူးခြားတယ်လို့ ပြောရမှာပေါ့။ လူတစ်ယောက်သေဆုံးသွားပေမဲ့ သူ့အကြောင်း မေ့ဖျောက်လို့ မရတာက ထူးခြားမှုပေါ့။ ဘာကြောင့်လဲ ကျွန်တော့်အထင်ကတော့ သူဟာ အမြဲထာဝရရှိတဲ့ သူတစ်ယောက်အဖြစ် ခေါင်းထဲမှာ မေ့ဖျောက်လို့မရတဲ့သူလို့ ယူဆတဲ့အတွက်ကြောင့်ပါပဲ။

သူ ကွယ်လွန်သွားတဲ့နေရာက ကျွန်တော်တို့နဲ့အဝေးကြီးမှာ ရှိပါတယ်။ ကျွန်တော်တို့နိုင်ငံနဲ့ ကီလိုမီတာအများကြီးဝေးတဲ့နေရာမှာ သေသွားတာပါ။ ချေ သေဆုံးသွားပြီဆိုတဲ့ အယူအဆဟာ လက်ခံဖို့ အလွန်ခက်ခဲတဲ့ အယူအဆဖြစ်ပါတယ်။ တခြားရဲဘော်တွေ သေဆုံးတာကို လက်ခံနိုင်ပေမဲ့ ချေသေဆုံးတယ်ဆိုတာကို လက်မခံနိုင် ဖြစ်နေတယ်။ ကျွန်တော်တို့တော်လှန်ရေးတိုက်ပွဲမှာရော အခြား အကြောင်းတွေမှာပါ ရဲဘော်အတော်များများ သေဆုံးခဲ့တာကို ကျွန်တော်မြင်ခဲ့ပါတယ်။ ချေကျတော့ အခုထိ ရှိနေသေးတယ်လို့ ခံစားရပါတယ်။ သူဟာသင်္ကေတလိုဖြစ်နေလို့ပါပဲ။ ဘာကြောင့်လဲဆိုတော့ သူရဲ့ စရိုက်၊ သူရဲ့မူတွေ ရှင်သန်နေတဲ့အတွက် သူ သေဆုံးတယ်ဆိုတာ မယုံနိုင်လောက်အောင် ဖြစ်နေတာပါ။ သူ့မှာ ခြွင်းချက်ထားရမယ့် အရည်အချင်းတွေ အများကြီးရှိတယ်။ တခြား ပုဂ္ဂိုလ်တွေနဲ့မတူတဲ့ အရည်အချင်းတွေပါသူ့အကြောင်းကို ကျွန်တော်ကောင်းကောင်း သိတာပေါ့။ မကွဆီကိုမှာ ကျွန်တော်တို့နဲ့ ပထမဆုံးဆက်သွယ်မိတဲ့ အချိန်ကစပြီး နောက်ဆုံး

ကျူဘားက သူ ထွက်ခွာခဲ့တဲ့အချိန်အထိ သူနဲ့ကျွန်တော် အရင်းနှီးဆုံး ရှိခဲ့တာပါ။

ချေကွယ်လွန်တဲ့အကြောင်းတွေ့လိုက်တိုင်း ကျွန်တော် အလွန် ဝမ်းနည်းပါတယ်။ ကြီးမားတဲ့စိတ်ဓာတ်တစ်ခု ဆုံးရှုံးသွားပြီ လို့လည်း ခံစားရပါတယ်။ သူဟာ ဆိုရှယ်လစ်စနစ် တည်ဆောက်ဖို့ အတွက် သဘောတရားနဲ့ လက်တွေ့ကို ပေါင်းစပ်နိုင်တဲ့ ပုဂ္ဂိုလ်တစ်ဦး ဖြစ်လို့ပဲ။

မေး - ချေ နောက်ဆုံးကျူဘားကထွက်မသွားခင် သမ္မတကြီးထံ စာတစ်စောင် ရေးခဲ့တယ်လို့ သိရပါတယ်။ စာထဲမှာ သူစိတ်ထဲမှာ ခါးသီးတဲ့ ခံစားချက်ရှိတယ်လို့ ရေးခဲ့ကြောင်း ကြားရတယ်။ အဲ့ဒီအကြောင်း နဲ့ပတ်သက်ပြီး မှတ်မိသလောက် ပြောပြစေချင်ပါတယ်။

ဖြေ - ဘာကိုပြောရမလဲ။ ပထမဆုံးပြောချင်တာက ချေဟာ အလွန်ကို စကားနည်းတဲ့သူတစ်ယောက်ပဲ။ သူ့ခံစားချက်ကို သူ ဖော်ပြလေ့မရှိဘူး။ သူ့စိတ်ထဲရှိတဲ့အကြောင်းအရာတွေကို ထုတ်ဖော် ပြောလေ့လည်း မရှိဘူး။ ခံစားရတာတွေကို သူ့ရင်ထဲမှာထားပြီး အပြင်ကို ပြောလေ့လည်း မရှိဘူး။ စကားဖြတ်ပြီး ပြောရမယ်ဆိုရင် ကျွန်တော်နဲ့ ပတ်သက်ပြီး သူ့အနေနဲ့ အလွန်နွေးထွေးတဲ့ ခံစားချက်နဲ့ ကဗျာတွေ ရေးခဲ့တယ်လို့ ကြားရတယ်။ တစ်ယောက်ယောက်က သိမ်းထားရင်တော့ ဖတ်ရမှာပေါ့လေ။

သူဟာ မူလကိုက လက်တင်အမေရိကနဲ့ပတ်သက်ပြီး သူ့စိတ် ထဲမှာ သံသယရှိနေခဲ့တယ်။ အထူးသဖြင့် လက်တင်အမေရိက နိုင်ငံရေး သမားတွေနဲ့ပတ်သက်ပြီးတော့ပေါ့။ သူက ကျွန်တော်တို့ တော်လှန်ရေး ပြီးဆုံးတဲ့အခါ အဲ့ဒီနည်းလမ်းအတိုင်း တခြား တော်လှန်ရေးတွေကိုလည်း ပြီးဆုံးသွားစေချင်တဲ့သဘောထားရှိပါတယ်။ ဒါပေမဲ့ တကယ့် အစစ် အမှန်အတိုင်းပြောရရင်တော့ ကျွန်တော့်ခေါင်းဆောင်မှုနဲ့ပတ်သက်ပြီး သူ့မှာ နည်းနည်းလေးမှ သံသယဖြစ်စရာ အရိပ်လက္ခဏာ မတွေ့ရပါ ဘူး။ ကျွန်တော်နဲ့သူဟာ ညီအစ်ကိုရင်းတွေလိုပဲ ရင်းနှီးတဲ့မိတ်ဆွေတွေ

ဖြစ်တယ်။ ကျွန်တော့်ကို လေးစားချစ်ခင်မှုလည်း ရှိပါတယ်။ ဇူလိုင် ၂၆ ရက်နေ့ လှုပ်ရှားမှုနဲ့ ပတ်သက်ပြီး ကျွန်တော့်အပေါ်မှာ ယုံကြည်မှုအနည်းငယ်လောက် လျော့ပါးသွားချင်လည်း သွားပါလိမ့်မယ်။ ကျွန်တော်တို့လှုပ်ရှားမှုဟာ အရောရောအထွေးထွေး ဖြစ်နေတယ်ဆိုတာကို သူသတိထားမိပါတယ်။ နေရာပေါင်းစုံ၊ လူတန်းစားပေါင်းစုံက လူတွေအားလုံး ပါဝင်ပတ်သက်နေလို့ပါပဲ။

သူဟာ တော်လှန်ရေးပညာရှိ အကောင်းဆုံးရရှိခဲ့သူဖြစ် ပါတယ်။ မာ့က်ဝါဒပညာရေးကိုလည်း အသေအချာ အားထုတ်ခဲ့သူပါ။ ပညာရပ်လေ့လာမှုကို အလေးအနက်ထားတယ်။ ဆေးကျောင်းကနေ ဘွဲ့ရတဲ့သူဖြစ်ပြီး လက်တွေ့သုတေသနလုပ်ခဲ့သူလည်း ဖြစ်တယ်။ ဒီနောက် သူဟာ မာ့က်ဝါဒနဲ့ပတ်သက်ပြီး မေးခွန်းတွေ အဖြေတွေကို အလွန် ပြင်းပြင်းထန်ထန် လက်တွေ့အသုံးချလေ့လာခဲ့သူ ဖြစ်ပါတယ်။ အဲ့ဒါကြောင့်လည်း သူမှာ အရာရာကို ယုံမှားသံသယအနည်းငယ်တော့ ထားရှိတယ်လို့ ထင်ပါတယ်။ သူ ရေးခဲ့တဲ့စာနဲ့ပတ်သက်ပြီး တခြားအထွေအထူး ပြောစရာ ကျွန်တော့်မှာ ဘာမှ မရှိပါဘူး။ သူ့အနေနဲ့ သူ မကျေနပ်တာရှိချင် ရှိနိုင်ပါတယ်။ ကျွန်တော်ကတော့ အဖွဲ့အစည်းပေါင်းစုံ၊ ဌာနပေါင်းစုံ၊ လူတန်းစားပေါင်းစုံနဲ့ တွေ့ဆုံရင်ဆိုင်နေရတဲ့အတွက် တချို့ပြဿနာတွေကို ကျွန်တော်မကိုင်တွယ်မိ တာတွေ ရှိတယ်။ ဒါတင်မကဘူး၊ ညီညွတ်ရေးအတွက်လည်း အဓိကထားတယ်။ သဘောထားမတူတဲ့ ရဲဘော်တွေမှာ အလုပ်သဘောအရ ညီညွတ်အောင် ဆောင်ရွက်ပေးရတာရှိတယ်။ သူတို့အားလုံးနဲ့ ဆက်ဆံတဲ့အခါ ကျွန်တော် စိတ်ရှည်သည်းခံရပါတယ်။

ချေရဲ့စရိုက်က စိတ်လိုက်မာန်ပါ လုပ်တတ်တယ်။ အလွန်လည်း ရဲရင့်ပြတ်သားသူ ဖြစ်တယ်။ ဒါကြောင့် သူဟာ တချို့အလုပ်တွေကို မဆင်မခြင် လုပ်လိုက်မိတာ ရှိပါတယ်။ သူ့ကို ကျွန်တော် အထူးလေးစားပါတယ်။ တော်လှန်ရေးမှာ အရေးကြီးတဲ့အကြောင်း ကိစ္စကြီး

ငယ်တစ်ခုခု ပေါ်လာတိုင်း သူဟာ ရှေ့ဆုံးထွက်ရပ်သူပါပဲ။ ဘယ်လို တာဝန်ကိုမဆို လက်ခံဖို့အသင့်ရှိနေတယ်။ တာဝန်ပေးဖို့ ဖိတ်ခေါ်လိုက်ပြီဆိုရင် ပထမဆုံး မိမိဆန္ဒနဲ့ မိမိရှေ့ဆုံးရောက်လာသူက ချေပါပဲ။ သူ တာဝန်ယူခဲ့တဲ့တိုက်ပွဲတွေ၊ အလုပ်တွေဟာ အလွန်ခက်ခဲတဲ့ တိုက်ပွဲတွေ၊ လုပ်ရပ်တွေဖြစ်တယ်။ တိုက်ပွဲအလယ်ကတည်းက သူဟာ မတွန့်မဆုတ် ကျပတာဝန်ကို ယူခဲ့တယ်။ ပြောရမယ်ဆိုရင် ချေဟာ ကိုယ်ကျိုးမကြည့်ဘူး၊ အများအကျိုးပဲ ကြည့်တယ်။ ကျူးဘား နိုင်ငံဟာ သူရဲ့ဇာတိနိုင်ငံမဟုတ်ပါဘူး။ ဒါပေမဲ့ သူဟာ ကျွန်တော်တို့နဲ့အတူ ကျူးဘားနိုင်ငံတိုးတက်ရေးနဲ့ လွတ်မြောက်ရေးအတွက် လာရောက်လုပ်ကိုင်ပေးတယ်။ တော်လှန်ရေးအတွက် သူ့အသက်ကို စွန့်လွှတ်ဖို့ အသင့်ပြင်ထားသူ ဖြစ်ပါတယ်။

ကျွန်တော်ကလည်း အရေးကြီးတဲ့တာဝန်တွေကိုပေးတဲ့အခါ မှာ အသင့်လျော်ဆုံး ကေဒါကို တာဝန်ပေးတတ်ဖို့ အရေးကြီးပါတယ်။ ပိုပြီးအရေးကြီးတဲ့တာဝန်ဆိုရင် ပိုပြီးကျွမ်းကျင် ပိုပြီးတော်တဲ့ ကေဒါကို ပေးရမယ့်အတွေ့အကြုံလည်း ရှိရမယ်။ တာဝန်ကို အောင်မြင်အောင် လုပ်ဆောင်နိုင်စွမ်းလည်း ရှိရပါမယ်။ ဒါကြောင့် တော်လှန်ရေး တာဝန်ကိုပေးပြီဆိုရင် တာဝန်ယူတဲ့ကေဒါကလည်း သူ့ဆန္ဒနဲ့ သူလိုလိုလားလား ရှိရလိမ့်မယ်။ အဲဒီလို ဆန္ဒရှိသည့်တိုင် ဒီတာဝန်ကို ထမ်းဆောင်နိုင်တဲ့ အရည်အချင်းလည်း ရှိရမယ်။ အဲဒီလို အခြေအနေမျိုးမှာ တာဝန်ပေးရတာပါပဲ။ အန္တရာယ်ကြီးတဲ့ အခြေအနေမျိုးမှာ အရည်အချင်းမရှိတဲ့ ကေဒါကို တာဝန်ပေးလိုက်တဲ့အခါ ဒီလုပ်ငန်းဟာ မအောင်မြင်ဘဲ ဆုံးရှုံးသွားမှာပါ။ ဒါကြောင့် ကျွန်တော်တို့ဟာ ကေဒါတွေကို မွေးမြူရတယ်။ အကာအကွယ်ပေးရတယ်။ ထိန်းသိမ်းရတယ်။ ကေဒါဆိုတာ နေ့ချင်းညချင်းဖြစ်လာတာ မဟုတ်ဘဲ နှစ်ပေါင်းများစွာ လေ့ကျင့်လာရတယ်။ စိတ်ဓာတ်လည်းကောင်းဖို့ လိုတယ်။ ရဲစွမ်းသတ္တိရှိဖို့လည်း လိုပါတယ်။ အရေးကြီးတဲ့တာဝန်တွေဆိုရင် ကျွန်တော်တို့ထိန်းသိမ်းထားတဲ့ အတော်

ဆုံး ကေဒါတွေကို ထုတ်သုံးရတာပေါ့။

အလုပ်ရဲ့ပုံစံကိုကြည့်ပြီး ကေဒါထဲကထိုက်တန်တဲ့သူကို ပေးရတယ်။ လိုက်ဖက်တဲ့သူကို ချိန်ဆပြီး တာဝန်ပေးရတယ်။ ချေ ဆိုပါစို့ . . သူက ကေဒါကောင်းတစ်ယောက်ပဲ။ သူ့ကို ယုံကြည်ပါ တယ်။ သူက အခြေအနေနဲ့ကိုက်ညီအောင် လုပ်ဆောင်တတ်တယ်။ မူဝါဒနောက်ချည်း လိုက်နေတာ မဟုတ်ဘဲ သူ့ကိုယ်ပိုင်ဉာဏ်နဲ့ တာဝန်ကိုချိန်ဆပြီး လုပ်ဆောင်တယ်။ ချေရဲ့ဉာဉ်နဲ့စရိုက်ကို ကျွန်တော်က သိပါတယ်။ တော်လှန်ရေးစစ်ပွဲမှာ သူဟာ အသက်ရှင်သန်ခဲ့သူလည်း ဖြစ်တယ်။ တိုက်ပွဲတွေကို အောင်မြင်အောင်လည်း တိုက်ခိုက်ခဲ့တယ်။ ချေဟာ အလွန်ရိုးသားဖြောင့်မတ်သူပါ။ ဘယ်ကာလမှာမဆို သူက မှန်ကန်တဲ့ လမ်းကြောင်းအတိုင်း လုပ်တယ်။ ဒါပေမဲ့ အရာရာကို လုံးဝဥဿုံယုံကြည်တာတော့ မဟုတ်ဘူး။ ကိစ္စတစ်ခုမရှင်းလင်းဘူးဆိုရင် သူ့ခေါင်းထဲမှာ သံသယနဲ့ ဒီမရှင်းလင်းမှုကို လုပ်ကိုင်လေ့ရှိတယ်။ သူပြောတဲ့ စကား၊ သူလုပ်တဲ့အလုပ်ကို တာဝန်ယူရဲသူလည်း ဖြစ်တယ်။ ချေဟာ အဲ့ဒီလမ်းကြောင်းအတိုင်း လျှောက်ခဲ့တာပါ။

မေး - ကျူးဘားတော်လှန်ရေးဟာ အလွန်ကို ထူးခြား ပါတယ်။ ချေလို ပညာတတ်တွေနဲ့ ခင်ဗျားလို ပညာတတ်တွေ၊ ကာမီလိုလို သာမန် ပုဂ္ဂိုလ်တွေ ညီညီညွတ်ညွတ် စည်းစည်းလုံးလုံးနဲ့ ဆင်နွှဲခဲ့တဲ့ တော်လှန်ရေးဖြစ်တယ်။ အလွှာပေါင်းစုံ၊ လူတန်းစားပေါင်းစုံက လူတွေအားလုံး စည်းလုံးပြီး ဆင်နွှဲခဲ့တဲ့ တော်လှန်ရေးဖြစ်ပါတယ်။ သူတို့အားလုံးဟာ ဘုံအိပ်မက်တစ်ခုကို ရှင်းရှင်းလင်းလင်းမြင်ပြီးတည်ဆောက်နိုင်ခဲ့တယ် မဟုတ်လား။

ဖြေ - ခင်ဗျားပြောတဲ့သူတွေက လူ ၃ မျိုးပါ။ မူလ လူတန်းစား ၃ မျိုးကနေ ပေါက်ဖွားလာတဲ့သူတွေပါ။ စရိုက်လက္ခဏာမတူကွဲပြားတဲ့သူတွေ ဖြစ်ပါတယ်။

ဘာ ထူးခြားပါသလဲဆိုရင် ချေဆိုပါတော့။ သူက ကျူးဘား မဟုတ်ဘူး။ အာဂျင်တီးနားလူမျိုးဖြစ်တယ်။ သူ့ကို ကျွန်တော် စတွေ့

တာက မက္ကဆီကိုမှာပါ။ အဲ့ဒီတုန်းက ဂွာတီမာလာမှာ သူ ဆရာဝန်အဖြစ် အလုပ်လုပ်နေတဲ့အချိန်ပဲ။ ဂွာတီမာလာက နိုင်ငံရေးအခြေအနေကို သူအလွန်စိတ်ဝင်စားနေတယ်။ အဲ့ဒီမှာ မြေယာပြုပြင်ပြောင်းလဲရေးအတွက် လယ်သမားတွေ လှုပ်ရှားနေကြတယ်။ အဲ့ဒီမှာ အမေရိကန်ကဝင်ရောက်စွက်ဖက်နေတာကို သူ တွေ့ခဲ့ရတယ်။ ဒါကို သူ ခံပြင်းစိတ်လည်း ဖြစ်တယ်။ ဒေါသလည်း ထွက်တယ်။ ဒီ လယ်ယာမြေပြဿနာကိုလည်း သူ စိတ်ဝင်စားပါတယ်။ အဲ့ဒီမှာ ကျွန်တော်တို့နဲ့ သူတွေ့ခဲ့တာ။ ကျွန်တော်တို့ကလည်း ကျူးဘား တော်လှန်ရေးအတွက် ပြင်ဆင်နေတဲ့အချိန် သူနဲ့ဆုံတာပါပဲ။ အဲ့ဒီလို ကျွန်တော်တို့စတွေ့စဉ်မှာ စကားဝိုင်းလေးတစ်ခု ဖြစ်ခဲ့တာပါပဲ။

သူက နယ်ချဲ့ဆန့်ကျင်မှုတော်လှန်ရေးတစ်ခုကို မျှော်မှန်းထားပါတယ်။ ဒီတော်လှန်ရေးဟာ အမျိုးသားလွတ်မြောက်မှု တော်လှန်ရေးတစ်ခုပါပဲ။ သူက အဲ့ဒီတုန်းက ဆိုရှယ်လစ်တော်လှန်ရေးကို မျှော်မှန်းတယ်လို့ မပြောသေးပါဘူး။ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးကနေ ဆိုရှယ်လစ်တော်လှန်ရေးကို ချီတက်ရမယ်ဆိုတာ သူ သဘောပေါက်ချင်မှ ပေါက်ဦးမယ်။ သူ့ တော်လှန်ရေး လမ်းကြောင်းဟာ နည်းနည်း နိမ့်ချင်လည်း နိမ့်နေပါဦးမယ်။ ဒါပေမဲ့ သူက တော်လှန်ရေးလမ်းကြောင်းကို လုံးဝလျှောက်ဖို့ အဲ့ဒီကတည်းက ဆုံးဖြတ်ထားပုံရပါတယ်။

ဒါတင်မကဘူး။ ချေဟာ ကျွန်တော်တို့ ဆရာဝန်လည်းဖြစ်ပါတယ်။ သူ့ကို ကြီးကျယ်တဲ့စစ်သားကောင်းတစ်ယောက် ဖြစ်လာမယ်လို့ ဘယ်သူမှ မထင်ပါဘူး။ သူက အားကစားကိုလည်း ဝါသနာပါတယ်။ ပိုမိုကာတက်ပဲလ်တောင်ကို သူတက်ဖို့ ကြိုးစားခဲ့ပါတယ်။ အပတ်စဉ်တိုင်း တောင်တက်ခဲ့တယ်။ ဒါပေမဲ့ တောင်ထိပ်ကိုတော့ သူ ဘယ်တုန်းကမှ မရောက်ခဲ့ပါဘူး။ တောင်ထိပ်ကိုမရောက်ခဲ့ပေမဲ့ သူက အပတ်တိုင်း ဒီတောင်ကို တက်ခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ သူက ပန်းနာ

ရင်ကျပ်သမားကိုး။ အဲ့ဒီရောဂါက သူ့အားနည်းချက်တစ်ခုပါပဲ။ ဒါပေမဲ့ သူ အလျှော့မပေးပါဘူး။ အဲဒီ မီးတောင်ထိပ်ရောက်အောင် တက်ဖို့ သူရဲကောင်းတစ်ယောက်လို ကြိုးစားခဲ့တယ်။ ဒါပေမဲ့ ထိပ်ကို တော့ မရောက်ခဲ့ပါဘူး။ မရောက်ပေမဲ့ သူက မတက်ဘဲလည်း မနေပါဘူး။ ဒီတစ်ကြိမ် မရောက်ရင် နောက်တစ်ကြိမ် တက်မယ်။ နောက်တစ်ကြိမ်မရောက်ရင် နောက် ထပ်တစ်ကြိမ် တက်ပါတယ်။ အဲ့ဒီလို ဇွဲကြီးတယ်။ အလုပ်တစ်ခုကို မလျော့တမ်းလုပ်တာ သူ့စရိုက်ပါပဲ။ သူက ကျွန်မတော်တို့ရဲ့ ဆရာဝန်ပါ။ ကျွန်တော်တို့ရဲ့ ရဲဘော်တွေဆီကို ဆရာဝန်တစ်ယောက်အဖြစ် လိုက်ပါလာတာပါ။ အဲ့ဒီလို ဆရာဝန်လုပ်ရတာလည်း သူရဲ့ ပန်းနာရင်ကျပ်ရောဂါ အားနည်းချက်ကြောင့် ဖြစ်ပါတယ်။ ဆရာဝန် တစ်ယောက်အဖြစ် တော်လှန်ရေးမှာပါလာတဲ့သူကို ဘယ်သူက စစ်သားတစ်ယောက်လို့ ထင်မှာပါလဲ။ ဒါပေမဲ့ သူက ပညာတတ် မဆန်ပါဘူး။ တော်လှန်ရေးမှာ သူဟာ တကယ့် စစ်သားကြီးတစ်ယောက်အဖြစ် ကြီးပြင်းခဲ့ပါတယ်။

ကာမီလိုကတော့ သာမန်ပြည်သူတစ်ယောက်ပဲ။ အစပိုင်းကတော့ သူ့အရည်အချင်းကို ဘယ်သူမှ မှန်းဆလို့ မရဘူး။ နောက်ပိုင်းကတော့ သူ့အရည်အချင်းတွေပေါ်လာတယ်။ သူဟာ တော်လှန်ရေးအတွက် အများကြီး ကျူဘားတော်လှန်ရေးသမား ၈၂ ယောက်မှာ ကာမီလိုလည်း ပါပါတယ်။ ဒီအကြောင်းတွေကို နောင် ကျွန်တော် စဉ်းစားကြည့်တဲ့အခါကျတော့ အဲ့ဒီထဲက တော်လှန်ရေးခေါင်းဆောင်ဖြစ်လာသူဟာ ၄၀ ရှိပါတယ်။ အဲ့ဒီထဲက တချို့ကတော့ အသက်ရှင်ကျန်ခဲ့ပါတယ်။ ထူးချွန်တဲ့သူတွေလည်း ပေါ်လာပါတယ်။ ကာမီလို၊ ချေနဲ့တခြားသူတွေပါပဲ။ အဲ့ဒီလိုပဲ ထင်ရှားတဲ့ခေါင်းဆောင်ဖြစ်ပြီး ကျွန်တော်ဖော်ထုတ် မပြောသေးတဲ့ သူကတော့ ရာအုံးလ်ပါပဲ။

မေး - ကာမီလိုနဲ့ချေတို့ရဲ့ မတူညီတာတွေကို ပြောပြပါဦး။

ဖြေ - သူတို့ ၂ ယောက်ဟာ တစ်ယောက်နဲ့တစ်ယောက်

စရိုက်ချင်း မတူကြဘူး။ အဲဒီလို စရိုက်ချင်းမတူပေမဲ့ သူတို့ ၂ ယောက် ဟာ ချစ်ခင်ကြတယ်။ အပြန်အလှန်လည်း လေးစားကြတယ်။ ကာမီလိုက ပျော်ပျော်နေတတ်တယ်။ အမြဲတမ်း ဟာသညာဏ်ရှင်သူလည်း ဖြစ်ပါ တယ်။

မေး - သူက ကျူးဘား လူမျိုးလား။

ဖြေ - သူက ကျူးဘားတစ်ယောက်ရဲ့ ဟာသညာဏ်ရှိတယ်လို့ ဆိုရမယ်။ အမြဲတမ်း ရယ်မောနေတာပါပဲ။ သူက လက်ရဲဇက်ရဲ ရှိတဲ့ သူ။ သူက ချေလိုပညာမတတ်ပေမဲ့ အလွန်တော်တဲ့ခေါင်းဆောင် တစ်ယောက်ပါ။ ရန်သူနဲ့တွေ့တဲ့အခါ ရန်သူကို အခွင့်အရေး လုံးဝ မပေးဘူး။ အလွန်တော်တဲ့သူပါ။ ချေလို တစ်ဇွတ်ထိုးလုပ်တဲ့သူလည်း မဟုတ်ဘူး။ ချေက သေခြင်းတရားကို ရှာဖွေတဲ့သူတစ်ယောက်၊ ကာမီလိုကတော့ သေခြင်းတရားကို ရင်ဆိုင်ရဲတဲ့သူတစ်ယောက်ပါပဲ။ ကာမီလိုက ဆင်ခြင်တုံတရား မကင်းမဲ့ဘူး။ ဒါဟာ သူတို့ ၂ ယောက် ရဲ့ မတူတဲ့အချက်ပါပဲ။ ဒီလိုမတူညီပေမဲ့ သူတို့ ၂ ယောက်ဟာ အချင်းချင်း အလွန်လေးစားချစ်ခင်တာကို ကျွန်တော်သိပါတယ်။

မေး - သမ္မတကြီးရဲ့ညီ ရာအူးလ်ကရော။

ဖြေ - နောက်ထပ် ခေါင်းဆောင်တစ်ယောက်ကတော့ သူပေါ့။ သူ့ကို မပြောတာက ဆက်စပ်မှုမရှိသေးလို့ပါ။ ရာအူးလ်ဟာ တော်လှန် ရေးကို ဦးဆောင်နိုင်စွမ်းရှိတယ်။ တာဝန်ယူမှုရှိတယ်။ အလွန်တက်ကြွ ဖျတ်လတ်သူဖြစ်တယ်။ အရေးကြီးတဲ့အခန်းကဏ္ဍမှာ ပါဝင်သူလည်း ဖြစ်ပါတယ်။ တော်လှန်ရေးကာလတစ်လျှောက်လုံး အသက်ရှင်သန်ခဲ့သူ အုပ်စုထဲမှာ ရာအူးလ်လည်း ပါပါတယ်။ အဲဒီတုန်းက လူငယ်အများ အပြားဟာ တော်လှန်ရေးထဲ တက်တက်ကြွကြွ ပါဝင်ကြတယ်။ ခေါင်းဆောင် အဖြစ်လည်း သူက ထိုက်ထိုက်တန်တန် တာဝန်ယူခဲ့တယ်။ ကျွန်တော်တို့ အုပ်စုထဲမှာ တိုးထွက်လာတဲ့သူပါပဲ။ တော်လှန်ရေးအတွက် အခွင့်အရေး နဲ့တာဝန်ယူမှု ၂ ခု စလုံးကိုရအောင် ထမ်းဆောင်နိုင်တဲ့ ခေါင်းဆောင်

တွေပဲ ဖြစ်ပါတယ်။

မေး - *လွန်ခဲ့တဲ့ အနှစ် ၂၀ ကျော်က ချေဟာ ကျူးဘားက ခွာပြီး ဘိလီဗီးယားမှာ တိုက်ပွဲဝင်ဖို့ သွားခဲ့တယ်။ အဲဒီလို သွားခဲ့တာ နဲ့ပတ်သက်ပြီး ဟားဗားနားက သူခွာပြီး ဘိလီဗီးယားကို မရောက်ခင် အချိန်အထိ သူ ဘယ်မှာရှိပါသလဲ။ သမ္မတကြီး ပြောပြနိုင်ပါသလား။*

ဖြေ - ချေက တောင်အမေရိကကို အလွန်သွားချင်တယ်။ အရင် ကတည်းက သူခေါင်းထဲမှာ ဒီအတွေးက ရှိနေတယ်။ မက္ကဆီကိုမှာ ကျွန်တော်တို့နဲ့စတွေ့ကတည်းက ကျူးဘားတော်လှန်ရေးမှာ သူလည်း ပါဝင်ချင်တယ်။ အဲဒီလို ပါဝင်လာမယ်ဆိုရင် သူ့ကို ကတိတစ်ခုတော့ ပေးရမယ်လို့ ဆိုပါတယ်။ ဘာလဲလို့ ကျွန်တော်က မေးတော့ "ကျွန်တော် ဖြစ်ချင်တာက ကျူးဘားတော်လှန်ရေး အောင်ပွဲရပြီးတဲ့အခါ အာဂျင် တီးနားမှာ ဆက်လက်တိုက်ပွဲဝင်ဖို့ပဲ" လို့ ပြောပါတယ်။ သူနိုင်ငံမှာလည်း ကျူးဘားလိုတော်လှန်ရေး ဆင်နွှဲဖို့ပါ။ အာဂျင်တီးနားမှာ တော်လှန် ရေးလုပ်ဖို့ကို သူ့ကို မတားပါနဲ့။ အကြောင်းပြချက်တွေ ခိုင်ခိုင်လုံလုံ မရှိဘဲနဲ့ တော်လှန်ရေး မဆင်နွှဲဖို့ မပြောပါနဲ့လို့ ကျွန်တော့်ကို ပြောခဲ့ဖူး တယ်။ ကျွန်တော်ကလည်း သူ တောင်းတဲ့ကတိအတိုင်း ဆောင်ရွက်ပါ မယ်လို့ ကတိပေးခဲ့တယ်။ ကြာတော့ အတော်ကြာခဲ့ပါပြီ။ အဲဒီတုန်းက ကျွန်တော်တို့ဟာ တော်လှန်ရေးအောင်မယ်၊ ရှုံးမယ်လို့ အသေအချာ မပြောနိုင်ခဲ့သလို ဘယ်သူတွေ အသက်ရှင် ကျန်ရစ်မယ်ဆိုတာလည်း အသေအချာ မပြောနိုင်ပါဘူး။ သူဟာ တော်လှန်ရေးစိတ်ပြင်းသူပါ။ သူ အသက်ရှင်နေမယ်ဆိုရင် အခွင့်အရေးလေး နည်းနည်းရတာနဲ့ တော်လှန်ရေး ဆင်နွှဲဖို့ အသင့်ပြင်ထားခဲ့တယ်။ အဲဒီကတည်းက သူ့မှာ တော်လှန်ရေးဆင်နွှဲဖို့ စိတ်ဓာတ်ရှိနေခဲ့တာပဲ။ ကျူးဘားတင် မကဘူး။ တောင်အမေရိကမှာ တော်လှန်ရေးဆင်နွှဲဖို့ဆိုတဲ့ စိတ်ဓာတ်ရှိတယ်။ ဆီးရားယားမှာ ကျွန်တော်တို့ရှိခဲ့တုန်းက ဒီအစီအစဉ်ကို ကျွန်တော့်ကို ပြောပြပြီး ကျွန်တော့်ဆီက ကတိတောင်းယူခဲ့ပါတယ်။ သူဟာ တော်လှန်

ရေးနဲ့ပတ်သက်ပြီး အမြင်ကျယ်တဲ့သူတစ်ယောက်ဆိုတာ သေချာပါ တယ်။

ဆီးရားယားမေစထရာက အတွေ့အကြုံရပြီးတဲ့အခါမှာ သူ့ အယူအဆဖြစ်တဲ့ တောင်အမေရိကမှာ တော်လှန်ရေးဆင်နွှဲဖို့ဆိုတဲ့ စိတ် က ပိုထက်သန်လာပါတယ်။ အထူးသဖြင့် သူနိုင်ငံမှာ တော်လှန်ရေး ဆင်နွှဲဖို့ပါပဲ။ ပထမဆုံးကတော့ ကျွန်တော်တို့ ကျူးဘားမှာ အတွေ့ အကြုံရဖို့ပဲ။ အစပိုင်းကတော့ အခက်အခဲအမျိုးမျိုးနဲ့ တွေ့ကြုံခဲ့ရတယ်။ ကျူးဘားတပ်မတော်ကိုစပြီး တည်ဆောက်ရတဲ့ အခက်အခဲ၊ တိုက်ပွဲကို ဆင်နွှဲရတဲ့ အခက်အခဲ၊ ယုံကြည်မှုကြီးကြီးမားမားနဲ့ တော်လှန်ရေး တိုး တက်အောင်မြင်အောင် လုပ်ဆောင်ရတဲ့ တာဝန်စတာတွေကို လုပ် ဆောင်ခဲ့ရတာပဲ။ တောင်အမေရိကမှာ တော်လှန်ရေးလုပ်ဖို့ ဖြစ်နိုင်ချေ တွေကို တွက်ဆကြည့်ရတယ်။ တောင်အမေရိကလို့ ကျွန်တော်ပြောတဲ့ အခါမှာ တောင်အမေရိကရဲ့ တောင်ပိုင်း အစိတ်အပိုင်းကို ပြောတာပါ။ သူ့ကို ကျွန်တော်က ကတိပေးခဲ့တယ်။ နောက်ပြီး "စိတ်ချစမ်းပါ။ ကျွန်တော်တို့က ကျွန်တော်တို့စကားကို ဘယ်တော့မှ မဖျက်ပါဘူး"လို့ ပြောလိုက် တယ်။ ဒီအကြောင်းကို သူဟာ ၂ ကြိမ်၊ ၃ ကြိမ်လောက်ကို ထပ်ခါထပ်ခါ ပြောခဲ့တာဖြစ်ပါတယ်။

တော်လှန်ရေး အောင်မြင်ပြီးတဲ့အခါကျတော့ နိုင်ငံ တည် ဆောက်ရေးအတွက် အလုပ်တွေ တစ်ပုံတစ်ပင်ကြီး ဖြစ်လာတယ်။ ဖြေရှင်း စရာပြဿနာတွေလည်း ဒုနဲ့ဒေးပါပဲ။ နိုင်ငံရေးပြဿနာ၊ ကျွန်တော်တို့တပ်ဖွဲ့တွေ စည်းစည်းလုံးလုံးဖြစ်ဖို့ ပြဿနာတွေ၊ လူမျိုးစု ပြဿနာတွေ၊ နိုင်ငံရဲ့ ပြဿနာပေါင်းစုံအပြင် စီးပွားရေး ပြဿနာတွေ ကိုလည်း ဖြေရှင်းနေရတယ်။ စစ်သားကြီး ချေတစ်ယောက်လည်း သူပြောခဲ့တဲ့ကိစ္စကို အမြဲအာရုံစိုက်နေမယ်လို့ ဘယ်သူက သိမှာလဲ။ ဒါပေမဲ့ သူ့ခေါင်းထဲမှာတော့ တောင်အမေရိကမှာ တော်လှန်ရေး လုပ်ဖို့ဆိုတဲ့ ရည်မှန်းချက်ကတော့ ရှိနေဆဲပါ။ ကျွန်တော်တို့ ဆရာဝန်ဟာ

တော်လှန်ရေးနဲ့ ပတ်သက်တဲ့လုပ်ဆောင်ချက်တွေကို လက်တွေ့ပြသခဲ့ပြီးပြီ။ ပထမဆုံးဆင်နွှဲတဲ့တိုက်ပွဲတွေကစပြီး နောက်တိုက်ပွဲတွေကိုလည်း ရွှပ်ရွှပ်ခွဲခွဲ တိုက်နိုင်တဲ့အတွက် ကြီးမားတဲ့စစ်ခေါင်းဆောင်အဖြစ် ထင်ရှားလာခဲ့တယ်။ တကယ့်တပ်မှူးကြီး တစ်ယောက်အဖြစ်လည်း ရောက်ရှိလာခဲ့ပါတယ်။ သူနဲ့ ကာမီလိုကအရေးပါတဲ့ အောင်မြင်မှုတွေကို စွမ်းဆောင်နိုင်ခဲ့ကြတယ်။ နိုင်ငံရဲ့အလယ်ပိုင်းကို ထိုးဖောက်ပြီး ခက်ခဲတဲ့အခြေအနေတွေ ကြုံခဲ့ပေမဲ့ သူတို့ဟာ အောင်ပန်းဆင် နိုင်ခဲ့တယ်။ သူတို့နဲ့ပတ်သက်တဲ့အကြောင်းတွေ ပြောစရာအများကြီး ရှိပါတယ်။ အချိန်မရောက်သေးလို့ပါ။

ကျွန်တော်တို့ဟာ တော်လှန်ရေးအောင်ပွဲရပြီးတဲ့အခါ အလုပ်တွေ အများကြီး လုပ်ရတယ်။ တိုင်းပြည်ကလည်း ချွတ်ခြုံကျနေပြီး ဘာတစ်စတာက တိုင်းပြည်ရဲ့ဘဏ္ဍာတွေကို ထင်တိုင်းကြဲ သွားသလို စစ်ပွဲအတွင်း ဆုံးရှုံးမှုတွေကလည်း များပါတယ်။ အစိတ်စိတ်အမြွာမြွာ ဖြစ်နေတဲ့ အုပ်ချုပ်ရေးပိုင်းကိုလည်း ပြန်လည်ဖွဲ့စည်းရတယ်။ တိုင်းပြည်တည်ဆောက်ရေးအတွက် တော်လှန်ရေးအဖွဲ့တွေကို သိမ်းသွင်းစည်းရုံးရတယ်။ အများတကာ့ အများစုဖြစ်တဲ့ ပြည်သူလူထုရဲ့ထောက်ခံမှုရအောင်လည်း စည်းရုံးရတယ်။ ကျွန်တော်တို့ဟာ သြဇာအာဏာကိုသုံးပြီး ညှဉ်းတ်ရေးကို တည်ဆောက်ရပါတော့ တယ်။ ဂိုဏ်းဂဏဝါဒကို အမြဲတိုက်ခိုက်နေရပါတယ်။ ကျွန်တော်တို့ အတွေ့အကြုံအရ တော်လှန်ရေးအင်အားစုတွေ ညှဉ်းတ်ရေးဟာ အရေးကြီးမှန်းသိတယ်။ ကာမီလိုက အဲ့ဒီလို ညှဉ်းတ်ဖို့ အများကြီးဆောင်ရွက်ခဲ့တယ်။ စောစောစီးစီး ကျဆုံးသွားတဲ့အတွက် အလွန် နှမြောစရာကောင်းပါတယ်။ သူ ကျဆုံးသွားတာက ၁၉၅၉ ခုနှစ် အောက်တိုဘာလမှာပါ။ ကာမာဂွေးမှာ ဟူးမားမာတော့စ်ပြဿနာ ဖြစ်စဉ်က ကျဆုံးသွားတာ ဖြစ်တယ်။

တော်လှန်ရေးပြီးတဲ့အခါမှာ ချေကို စက်မှုဝန်ကြီးဌာနမှာ ဦးဆောင်ဖို့ တာဝန်ပေးခဲ့ပါတယ်။ သူက အလွန်ကို စနစ်တကျ အလုပ်

လုပ်ပါတယ်။ တခြား တာဝန်အများအပြားများကိုလည်းယူပြီး လုပ်တယ်။ စိတ်ဓာတ်ပြင်းထန်တဲ့ ရဲဘော်တစ်ယောက်ဟာ အရေးကြီးတဲ့ဌာနမှာ လိုအပ်တာ အမှန်ပါပဲ။ ချေက ဒီအလုပ်ကို လုပ်ဖို့ သဘောတူခဲ့တာပါ။ နောက်ပြီး သူ့ကို ကျူးဘားအမျိုးသား ဘဏ်ရဲ့ ဥက္ကဋ္ဌအဖြစ်လည်း ခန့်အပ်ခဲ့တယ်။ ဘဏ်လုပ်ငန်း ကျွမ်းကျင်သူတွေ၊ အတွေ့အကြုံရှိတဲ့ သူတွေ အထူးပုဂ္ဂိုလ်တွေဟာ စီးပွားရေးလုပ်ငန်းမှာ ပါဝင်ပတ်သက်ဖို့ လိုပါတယ်။ ဒါပေမဲ့ နိုင်ငံရေးအရ သူတို့ကို လမ်းညွှန်ဖို့လည်း လိုအပ်နေတယ်။ စီးပွားရေးလုပ်ငန်းဟာ စွန့်ပစ်ထားသလို ဖြစ်နေပြီမဟုတ်လား။ ချေနဲ့ ပတ်သက်ပြီး ပြည်သူတွေကြားမှာ ဟာသတစ်ခုတောင် ဖြစ်နေပါတယ်။ အဲဒါက ဘာလဲဆိုတော့ တစ်နေ့ အစည်းအဝေးတစ်ခုမှာ အစည်းအဝေးတက်ရောက်သူတွေက စီးပွားရေးပညာရှင်တစ်ယောက် မတ်တတ်ရပ်ပါလို့ ပြောတဲ့အခါ ချေကထပြီး မတ်တတ်ရပ်ပါတယ်။ အဲ့ဒီတော့ တက်ရောက်လာသူတွေက "ခင်ဗျားက စီးပွားရေးပညာ ရှင်လား" လို့ မေးလိုက်တယ်။ ချေက "ကျွန်တော်က ကွန်မြူနစ် တစ်ယောက်ပါ" လို့ ပြန်ဖြေလိုက်တယ်။ ကျွန်တော်တို့နိုင်ငံထဲမှာ အယူအဆတိုက်ပွဲက လည်း ဖြစ်ပေါ်နေပါပြီ။ လက်ယာအုပ်စုက ချေကို လက်ဝဲသမားတစ်ယောက်ဖြစ်တယ်။ ကွန်မြူနစ်ဖြစ်တယ်လို့ တိုက်ခိုက်ကြပါတယ်။

ဒါပေမဲ့ ချေဟာ အမြဲလိုလို ဩဇာအာဏာ အလွန် ကြီးမား သူဖြစ်ပါတယ်။ သူ့ကိုပေးလိုက်တဲ့ ဘယ်တာဝန်တိုင်းကိုမဆို ပြီးပြည့်စုံအောင် ဆောင်ရွက်နိုင်သလို တိတိကျကျလည်း ဆောင်ရွက်နိုင်ခဲ့သူ ဖြစ်ပါတယ်။ တာဝန်တိုင်းကို ထူးချွန်စွာလည်း ထမ်းဆောင် နိုင်ခဲ့ပါတယ်။ အလုပ်ကို ပြင်းပြင်းထန်ထန် လုပ်တယ်။ အနားမပေးဘဲ လုပ်တယ်။ ဆိုရှယ်လစ်စနစ် တည်ဆောက်မှုဟာ သူ့အတွက် ပထမဆုံးဖြစ်ပေမဲ့ ဒါကို သူတည်ဆောက်ခဲ့တယ်။ စက်မှုလက်မှု ကဏ္ဍကို သူ တာဝန်ယူရပါတယ်။ သူဌာနမှာ အလုပ်ကို အပြင်းအထန်လုပ်ပြီး ကုန်ထွက်တိုးဖို့ သူ့အလုပ်သမားတွေကို စည်းရုံးနိုင်ခဲ့တယ်။ အလုပ်ချိန်ကန့်သတ်မှုမရှိဘဲ

နဲ့လည်း အလုပ်လုပ်တယ်။ အနားယူချိန်ရတယ်လို့ သူမှာ မရှိပါဘူး။ သူဟာ အပျော်တမ်း လုပ်အားပေးတဲ့ သူတွေထဲမှာ ရှေ့ဆုံးမှာရှိတဲ့သူပဲ။ သူလုပ်နိုင်တဲ့ ဘယ်အလုပ်မဆို ပါဝင်လုပ်ဆောင်တယ်။ အလုပ်တိုင်းကိုလည်း ပါဝင်လုပ်ကိုင်တယ်။ အားကြိုးမာန်တက် အလုပ်လုပ်တတ်တဲ့ သူရဲ့စရိုက်ဟာ ပြည်သူတွေ ကြားမှာ စံပြပုဂ္ဂိုလ်ဖြစ်စေပါတယ်။

တော်လှန်ရေးရဲ့ပထမနှစ်ကာလတွေမှာ လွတ်မြောက်ရေးနဲ့ ဆိုရှယ်လစ်စနစ်တည်ဆောက်ရေးအတွက် စိုက်လိုက်မတ်တတ် သူစွမ်းဆောင်ခဲ့တယ်။ နောက်တစ်နှစ်ကျတော့ သူခေါင်းထဲမှာ သူ့ရည်မှန်းချက်တွေ ပြန်ပေါ်လာတယ်။ တောင်အမေရိကမှာ တော်လှန်ရေးလုပ်ဖို့ဟာ သူ့အာရုံထဲ ပြန်ရောက်လာပြီး စိတ်မရှည်နိုင်တော့ဘူး။ အချိန်ကြာလာတာနဲ့အမျှ သူအကောင်အထည်မဖော် နိုင်တာကို အားမလိုအားမရ ဖြစ်လာတယ်။ သူမှာ ရုပ်ပိုင်းဆိုင်ရာ ကြံ့ခိုင်မှုလည်း ရှိတယ်။ စိတ်ဓာတ်လည်း ပြင်းပြတယ်။ ဒါကို သူ လုပ်နိုင်မယ်လို့ ထင်ပါတယ်။ အဲ့ဒီတုန်းက သူရဲ့ရုပ်ပိုင်းနဲ့စိတ်ပိုင်းဆိုင်ရာ အမြင့်ဆုံးရောက်နေချိန်လို့ ဆိုရမယ်။ ကျူးဘားတော်လှန်ရေးကရတဲ့ အောင်ပွဲရလဒ်တွေကို တခြားပြည်သူတွေကိုလည်း ခံစားစေချင်တယ်။ အဲ့ဒီအတွေ့အကြုံကနေပြီး ဇာတိနိုင်ငံမှာ တော်လှန်ရေးဆင်နွှဲရင် ရနိုင်မယ်လို့ သူ ယုံကြည်နေတယ်။ ပထမဆုံး သူတော်လှန်ရေးစလုပ်ဖို့ စဉ်းစားတာက သူ့ဇာတိနိုင်ငံဖြစ်ပါတယ်။ အာဂျင်တီးနားနိုင်ငံတစ်ခုတည်းကိုပဲ သူက တွက်ချက်တာ မဟုတ်ပါဘူး။ အမေရိကမှာရှိတဲ့ နိုင်ငံအားလုံးကို သူက တော်လှန်ရေးဆင်နွှဲချင်တာပါ။ ယေဘုယျအားဖြင့်တော့ တောင်အမေရိကပေါ့။

ကြာလာတဲ့အခါ သူ စိတ်မရှည်တော့ပါဘူး။ ကျွန်တော်တို့ကိုယ်ပိုင်အတွေ့အကြုံတွေကနေပြီး တော်လှန်ရေးကို ဆင်နွှဲဖို့ အစပိုင်းဟာ အခက်အခဲတွေ တော်တော်ကြုံပါတယ်။ တော်လှန်ရေး လုပ်ချင်စိတ်တစ်ခုတည်းနဲ့ မဖြစ်ပါဘူး။ အခြေအနေအရပ်ရပ်ကလည်း လိုအပ်ပါတယ်။ တော်လှန်ရေးအတွက် မိမိကိုယ်ကို စွန့်လွှတ်ဖို့ လိုအပ်သလို

ရဲဘော်တွေအားလုံးအတွက် ရုပ်ဝတ္ထုပစ္စည်းတွေလည်း လိုအပ်ပါတယ်။ အဲဒီအချိန်ရောက်မှ တော်လှန်ရေးဆင်နွှဲဖို့ ဖြစ်နိုင်ပါတယ်။ သူက သူ့ရည်ရွယ်ချက်အတိုင်း တော်လှန်ရေးလုပ်ချင်နေပါတယ်။ ကျွန်တော်တို့ အားလုံးက သူ့ကို စိတ်ရှည်ဖို့ ပြောဆိုကြပါတယ်။ အချိန်ယူဖို့လည်း လိုအပ်တယ်။ မိမိဆင်နွှဲမယ့်နေရာနဲ့ တော်လှန်ရေး အခြေအနေ ရင့်မှည့်အောင်လုပ်ဖို့လည်း လိုတယ်လို့ သူ့ကို သဘောပေါက်အောင် ပြောဆိုကြပါတယ်။ သူကတော့ အမြန်ဆုံးထွက်ခွာ ချင်တာပါ။ သူနဲ့အတူ လိုက်မယ့် ရဲဘော်တွေကလည်း အတွေ့အကြုံနည်းရင် နည်းပါစေ။ စိတ်ဓာတ်ရှိရင် ရပြီလို့ သူခေါင်းထဲမှာရှိတယ်။ တော်လှန်ရေးဖြစ်ဖို့သာ အရေးကြီးတယ်လို့ သူတွက်ပုံရပါတယ်။ ချေဟာ နိုင်ငံတကာပြဿနာတွေကိုလည်း စိတ်ဝင်စားပါတယ်။ အဲဒီက အာဖရိကက ပြည်သူတွေရဲ့ပြဿနာတွေကို စိတ်ဝင်စားတယ်။ အဲဒီအချိန်မှာ အာဖရိကတိုက်ကို ကြေးစားစစ်သားတွေ ရောက်နေတယ်။ ဖောက်ပြန်တဲ့အုပ်စိုးသူတွေက ကြေးစားစစ်သားတွေဌားရမ်းခေါ်ယူပြီး ဆန့်ကျင်သူတွေကို ချေမှုန်းပါတယ်။ အရင်က ဘယ်လ်ဂျီယံကွန်ဂိုလို့ခေါ်ပြီး အခု ဇိုင်ယာနိုင်ငံမှာ ကြေးစားစစ်သားတွေ ရောက်ရှိနေပါတယ်။ အဲဒီက မျိုးချစ်ခေါင်းဆောင်လူမွန်ဘာ အသတ်ခံလိုက်ရတယ်။ ကိုလိုနီလက်သစ်အုပ်ချုပ်ရေးကို တည်ထောင်ပြီး ဇိုင်ယာနိုင်ငံရဲ့အမျိုးသားလွတ်မြောက်ရေး လှုပ်ရှားမှုတွေကို အတင်းအဓမ္မဖိနှိပ်ခဲ့တယ်။ အရင်က ဒီအကြောင်းကို ကျွန်တော်ထုတ်ဖော်ပြောဆိုခြင်းမရှိခဲ့ပါဘူး။ ဒါပေမဲ့ တော်လှန်ရေးလှုပ်ရှားမှုအတွက် ဘာတွေလုပ်ခဲ့သလဲ။ ဘာတွေ ဆောင်ရွက်ခဲ့သလဲလို့ မေးမြန်းပြောဆိုကြလွန်းတဲ့အတွက် ကျွန်တော် ရှင်းပြတာပါ။ ပြည်သူတွေရဲ့မေတ္တာရပ်ခံချက်ကြောင့် ကျွန်တော်တို့ အကူအညီပေးခဲ့တယ်။ ဇိုင်ယာတော်လှန်ရေးသမားတွေအတွက် သင်တန်းဆရာတွေပေးပို့ခဲ့တယ်။ တိုက်ခိုက်ရေးသမားတွေ၊ နိုင်ငံတကာဝါဒကို ကျင့်သုံးတဲ့အဖွဲ့တစ်ဖွဲ့ စေလွှတ်ခဲ့ပါတယ်။

မေး - လူမွန်ဘာ အရေးအခင်းနဲ့ပတ်သက်ပြီး ပြောပြပါဦး။

ဖြေ - အဲ့ဒီအချိန်က အဓိကခေါင်းဆောင်က ဆူမီယာလော့ ဖြစ်ပါတယ်။ အဲ့ဒီလှုပ်ရှားမှုမှာ လူမွန်ဘာ သေဆုံးခဲ့တာပေါ့။ ကျွန်တော့် အယူအဆ ချေကို ပြောခဲ့ပါတယ်။ အကြံလည်း ပြုခဲ့ပါ တယ်။ သူ့ဆီမှာ အချိန်တွေ ရှိတယ်။ အလောသုံးဆယ် လုပ်စရာမလိုဘဲ စောင့်နေလို့ လည်း ရပါတယ်။ တစ်ချိန်တည်းမှာ သူဟာ အဲ့ဒီကေဒါတွေကို ရင့်ကျက် အောင်လည်း လုပ်ချင်တယ်။ သူ့ကို ခေါင်းဆောင်ခန့်ပြီး ဒီကနေ ဇိုင်ယာဒေသက တော်လှန်ရေးသမားတွေကို ကူညီဖို့စေလွှတ်ခဲ့တာပါ။ တန်ဇန်းနီးယားကို သွားတဲ့လမ်းအတိုင်း ရပါတယ်။ တန်ဂန်ယီကရေကန်ကြီး ကိုဖြတ်ပြီး သွားရတယ်။ အဲ့ဒီမစ်ရှင်အဖွဲ့မှာ ကျူးဘားရဲဘော် ၁၀၀ လောက်ပါတယ်။ ဘယ်လ်ဂျီယံကွန်ဂိုမှာ လပေါင်းများစွာ နေထိုင်ပြီး တော်လှန်ရေး ဘက်တော်သားတွေကို ကူညီရမယ်လို့ သူတို့ကို မှာကြား လိုက်ပါတယ်။

သူနဲ့သူ့ရဲဘော်တွေဟာ ဇိုင်ယာက တော်လှန်ရေးသမားတွေဆီ ရောက်တော့ ပြောက်ကျားစစ်ဆင်ရေးအကြောင်း စစ်ရေးသင်တန်း တွေ ပို့ချခဲ့တယ်။ ကျူးဘားရဲဘော်တွေနဲ့ ဇိုင်ယာမျိုးချစ်ရဲဘော်တွေဟာ ဇိုင်ယာအစိုးရက ဌာနရမ်းထားတဲ့ လူဖြူရဲဘော်တွေနဲ့ တိုက်ခိုက်ခဲ့ရ တယ်။ အထူးသဖြင့် ကြေးစားစစ်သားတွေနဲ့ တိုက်ခဲ့ရတာပါပဲ။ ကျွန်တော်တို့ ကျူးဘားရဲဘော်တွေကို ဇိုင်ယာစစ်သားတွေနဲ့ မတိုက်ရဘူးလို့ မှာထား ခဲ့ပါတယ်။ အကူအညီပေးရေး ရဲဘော်တွေဟာ စစ်ပွဲမှာ ပါဝင်မတိုက်ရ ဘူး သင်တန်းပေးရန်ပါပဲ။ သူတို့ကို စစ်သင်တန်းတွေ သင်ကြားပို့ချပေး ရန်ပါပဲ။

ဒါပေမဲ့ ဇိုင်ယာမှာ လွတ်မြောက်ရေးလှုပ်ရှားမှုက အစပဲ ရှိသေးတယ်။ အင်အားလည်း မတောင့်သေးဘူး။ ညီညွတ်ရေးလည်း တော်လှန်ရေးသမားချင်း မရသေးပါဘူး။ နောက်ဆုံးတော့ အရင် ဘယ်လ်ဂျီယံကွန်ဂိုတိုက်ပွဲဝင်ခဲ့တဲ့ တော်လှန်ရေးခေါင်းဆောင်တွေက ဒီလွတ်မြောက်ရေးတိုက်ပွဲကို ရပ်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ ကျွန်တော်တို့

အကူအညီပေးရေး ရဲဘော်တွေလည်း ပြန်လာရမယ်လို့ ဆုံးဖြတ် လိုက်တယ်။ ဒီဆုံးဖြတ်ချက်ဟာ တကယ်မှန်ပါတယ်။ ဒီအချိန် ဇိုင်ယာမှာ ဖြစ်ပေါ်မှုတွေက ရှုပ်ထွေးနေတယ်။ တော်လှန်ရေးလှုပ်ရှားမှုတွေကလည်း မကောင်းလှပါဘူး။ တစ်ချိန်တည်းမှာ ကျူးဘားတပ်ဖွဲ့တွေ ရောက်နေပြီး ကျူးဘားတပ်ဖွဲ့တွေက သူပုန်တွေဘက်က ဝင်တိုက်ပေးနေပြီလို့ သတင်းတွေက ကျယ်ကျယ်လောင်လောင် ဖြစ် လာတယ်။ ဒါကြောင့် ဇိုင်ယာက ဆုတ်ခွာရမယ်လို့ ဆုံးဖြတ်ခဲ့တယ်။ ဇိုင်ယာ တော်လှန်ရေးသမားတွေနဲ့လည်း နားလည်မှုယူခဲ့တယ်။ ကျူးဘား တပ်ဖွဲ့တွေနဲ့ ကျူးဘားအကူအညီပေးရေး အရာရှိတွေဟာ ဇိုင်ယာကနေ ဆုတ်ခွာလာခဲ့ကြပါတယ်။ ဒါကြောင့် ကျူးဘားတွေဟာ မိမိတို့ တိုင်းပြည်ကို ပြန်လာခဲ့ကြတယ်။

အဲ့ဒီအချိန်က ကျူးဘားတွေဟာ ဇိုင်ယာမှာ ၆ လလောက် နေထိုင်ကူညီခဲ့ကြပါတယ်။ တပ်ဖွဲ့တွေ ပြန်ဆုတ်လာတဲ့အချိန်မှာ ချေက တန်ဇန်နီးယားကို ဝင်ခဲ့ပါတယ်။ သူက အာဖရိကမှာ အတွေ့အကြုံ ရအောင် နေခဲ့တာဖြစ်တယ်။ ဇိုင်ယာမှာ တာဝန်နဲ့ သူသွားပြီး ကူညီခဲ့ ချိန်မှာ သူရဲ့ အပြုအမူနဲ့ အနေအထိုင်ဟာ ဇိုင်ယာပြည်သူတွေအတွက် ရော၊ တော်လှန်ရေးသမားတွေအတွက်ပါ တကယ့်စံပြ ဖြစ်ခဲ့ပါတယ်။ အာဖရိကမှာ သူသွားရောက်ကူညီခဲ့တာဟာ ခဏပါပဲ။ သူမှာ ရည်မှန်းချက်အတိုင်းလုပ်ဖို့ စောင့်ဆိုင်းနေတဲ့ကာလအတွင်းက အာဖရိကကို သွားခဲ့တာပါ။

ဒီကာလတစ်လျှောက်လုံး ကျွန်တော်တို့အနေနဲ့ကတော့ အခြေအနေကို သိပ်သဘောမကျလှပါဘူး။ ချေက ကျွန်တော်တို့ကို သူလုပ်ငန်း စတေ့မယ့်အတွက် နှုတ်ဆက်သွားပါတယ်။ သူ မသွားခင်မှာ စာရေးထားခဲ့တယ်။ ဘယ်သူမှမသိဘဲ တိတ်တဆိတ် ထွက်ခွာသွားတာပါ။ လျှို့ဝှက်လုပ်ငန်းလုပ်တဲ့အတိုင်း ဘယ်သူမှမသိအောင် သွားတာဖြစ်တယ်။ သူရေးခဲ့တဲ့စာကိုလည်း ကျွန်တော်တို့ သိမ်းထားတယ်။ အဲ့ဒီလို

သူ ထွက်ခွာသွားတဲ့အတွက် အပြင်မှာ သတင်းအမျိုးမျိုး ထွက်နေတယ်။ ကောလာဟလတွေ ထွက်နေပါတယ်။ လုပ်ကြံသတင်းတွေလည်း ထွက်နေတယ်။ တချို့ ချေ ရုတ်တရက် ထွက်သွားတယ်။ တချို့က သေသွားတယ်လို့ ပြောတယ်။ အားလုံးဟာ ပုံပြင်လိုလို၊ ဒဏ္ဍာရီလိုလို ဖြစ်နေတယ်။ ကောလာဟလ သတင်းတွေ၊ လုပ်ကြံသတင်းတွေကိုလည်း ကျွန်တော်တို့ ကြားနေရပါတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ သူ ထွက်ခွာသွားတဲ့သတင်းအတွက် အန္တရာယ်မဖြစ်စေချင်ဘူး။ သူ ရည်မှန်းချက်ကို မထိခိုက် စေချင်ပါဘူး။ တောင်အမေရိကမှာ တော်လှန်ရေး ဆင်နွှဲရမယ်ဆိုတဲ့ သူရဲ့နောက်ဆုံး ပန်းတိုင်ကိုလည်း အနှောင့်အယှက် မဖြစ်စေချင်ပါဘူး။

ဇိုင်ယာမှာ သွားရောက်ကူညီပြီးတဲ့အခါ တန်ဇန်းနီးယားကို သူ ထွက်ခွာသွားတယ်။ ဒါက မှတ်သားထားရမယ့်အချိန်ပဲ။ တန်ဇန်းနီးယားမှာ သူ အနည်းငယ်နေပြီး အရှေ့ဥရောပက ဆိုရှယ် လစ်နိုင်ငံတစ်ခုကို သူ သွားရောက်ခဲ့ပါတယ်။ ဒီထက်ပိုပြီး ပြောစရာ ကျွန်တော့်မှာ မရှိပါဘူး။ သူသွားရောက်ခဲ့တဲ့ကိစ္စတွေကိုလည်း အသေးစိတ် ပြောစရာမရှိပါဘူး။ အဲ့ဒီဆိုရှယ်လစ်နိုင်ငံမှာ သူနေတဲ့အခါ ကျူးဘားကို သူ ပြန်မလာခင်ပါဘူး။ သူစာအရဆိုရင် ကျူးဘားကို ပြန်လာရမှာ သူ စိတ်အနှောင့်အယှက် ဖြစ်ပုံရပါတယ်။

သူစာကို ပုံနှိပ်ထုတ်ဝေဖို့ကိစ္စဟာ မရှောင်မလွှဲသာ ဖြစ်ပေါ်လာခဲ့ပါတယ်။ ဒီအတိုင်းထားလိုက်မယ်ဆိုရင် အလွန်အန္တရာယ်ကြီးလာတဲ့အတွက် ဘယ်လိုမှ အဖြေမပေးဘဲ ရေငုံနူတ်ပိတ်နေလို့လည်း မဖြစ်တော့ပါဘူး။ ဒါကြောင့် စာကို မူရင်းအတိုင်းထုတ်ဝေဖြန့်ချိလိုက်တာက အကောင်းဆုံးလို့ ယူဆပါတယ်။ ကမ္ဘာကိုဖြန့်ချိလိုက်တဲ့ အတွက် လူထုရဲ့သဘောထားကိုလည်း သိရှိနိုင်ပါတယ်။ ဒါကြောင့် ပုံနှိပ်ဖြန့်ချိလိုက်တာဖြစ်ပါတယ်။ စာထဲမှာ သူ့အလုပ်နဲ့ပတ်သက်ပြီး အထူးဖော်ပြချက်မရှိပါဘူး။ ဘယ်ကိုသွားပြီး တော်လှန်ရေးလုပ်မယ်။ ဘယ်ကို

ထွက်မယ်ဆိုတာလည်း မပါပါဘူး။ စာထဲမှာ ကမ္ဘာပေါ်မှာရှိတဲ့ ဒေသ တစ်ခုကိုသွားမယ်ဆိုတာလောက်ပဲ သူက ဖော်ပြထားပါတယ်။

စာကို ပုံနှိပ်ဖြန့်ချိလိုက်တဲ့အတွက် နိုင်ငံရေးအရလည်း မရှောင်မလွဲသာ ရင်ဆိုင်ရမယ့် ပြဿနာတစ်ခုကို ဖြေရှင်းလိုက်တဲ့ သဘောလည်း သက်ရောက်ပါတယ်။ ချေရဲ့ ထူးခြားတဲ့စရိုက် လက္ခဏာ အရ သူဟာ ကျူးဘားကို ပြန်လာပြီး နှုတ်ဆက်သွားပါသေးတယ်။ ကျူးဘားပြန်လာဖို့အတွက် သူ့ကို ကျွန်တော် ဖျောင်းဖျခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ သူနဲ့ပတ်သက်ပြီး ဘေးဘန်းမှာလည်း ကောလာ ဟလသတင်းတွေ ထွက်ကြ။ သူသေသွားပြီလို့လည်း ဆိုကြတဲ့အတွက် ကျွန်တော်တို့အတွက် ဒီပြဿနာတွေကို ဖြေရှင်းရတာလည်း ရှိတယ်။ သူအနေနဲ့ ကျူးဘားကိုပြန်လာရန်လည်း ဖျောင်းဖျခဲ့တယ်။ ဒါကြောင့် သူ ကျူးဘားကို ပြန်လာခဲ့တယ်။ ဟိုးဝေးသီတဲ့ဒေသလေးတစ်ခုကိုသွားပြီး တိုက်ပွဲအတွက် ပြင်ဆင်တယ်။ သူနဲ့လိုက်ပါမယ့် ရဲဘော်တွေရော သူကိုယ်တိုင်ပါ တောင်တန်းဒေသမှာ သွားရောက်လေ့ကျင့်ခဲ့ပါတယ်။ တော်လှန်ရေး အတွက် စိတ်ဝင်စားမယ့်ရဲဘော်တွေကို စုစည်းပြီး သူက အသေအချာ မေးခဲ့တယ်။ ရဲဘော်ဟောင်းတွေရော၊ ရဲဘော်သစ်တွေပါ ပါပါတယ်။ ဇိုင်ယာကို သူသွားစဉ်ကပါတဲ့ ရဲဘော်တွေလည်း ပါတယ်။ တစ်ယောက်ချင်းဆီကို ချေက အသေအချာ မေးခဲ့ပါတယ်။ တော်လှန်ရေး တစ်ခုလုပ်ဖို့ ရှိတယ်။ အရှင်ထက် အသေမျှားတယ်။ အသက်စွန့်ရမှာ ဖြစ်တယ်။ လိုက်မလား၊ မလိုက်ဘူးလား၊ ကိုယ့်ဆန္ဒနဲ့ ပြတ်ပြတ်သားသား ဆုံးဖြတ်ပါလို့ ဆိုခဲ့တယ်။ သူတို့ကလည်း တော်လှန်ရေးဆင်နွှဲဖို့ မိမိ အကျိုးစီးပွားကို လုံးဝစွန့်လွှတ်ထားတာကြောင့် လိုက်ပါဖို့ မတွန့်မဆုတ် ဖြေကြားခဲ့တယ်။ ဒီခရီးမှာ အတွေ့အကြုံရှိသူတွေပါဖို့ လိုမှန်း ချေ သဘောပေါက်ပါတယ်။ သူတို့နဲ့ ချေဟာ လပေါင်းများစွာ လေ့ကျင့်ခဲ့ကြ တယ်။ မြေပြင်စစ်ဆင်ရေး တွေကိုလည်း လေ့ကျင့်ကြတယ်။ အသေ အချာပြင်ဆင်ပြီး သူတို့ဟာ ဘိုလီဗီးယားကို ခရီးဆန့်ခဲ့ကြပါတော့တယ်။

တော်လှန်ရေးဆင်နွှဲဖို့အတွက် ချေက ဒေသကို ရွှေးချယ်တယ်။ ဘယ်နိုင်ငံမှာ တော်လှန်ရေးလုပ်မလဲဆိုတာကိုလည်း အသေအချာ တွက်ချက်ပြီး ထွက်ခဲ့ပါတယ်။ ကျွန်တော်တို့က သူ ရည်မှန်းချက်အတွက် လိုအပ်သမျှ ကူညီပါတယ်။ ရုပ်ဝတ္ထုပစ္စည်း အားလုံး ပံ့ပိုးကူညီပေးတယ်။ ကျွန်တော်တို့အားလုံးဟာ မွေးရာပါ ဉာဉ်အရလို့ ပြောရမလား မသိဘူး။ အခုလို စွန့်စားလုပ်ကိုင်တာကို သဘောကျ လက်ခံသူတွေ ဖြစ်ပါတယ်။ ပိုပြီးကောင်းမွန်အောင်၊ အဆင်ပြေအောင်အတွက် လှုပ်ရှားမှုကို စတင် ဆောင်ရွက်ခဲ့ကြတယ်။ ချေက သူရဲ့လုပ်ငန်းကို သူ အကောင်အထည် စဖော် ပါတော့တယ်။ လက်တင်အမေရိကက ဘယ်နိုင်ငံကိုလုပ်မယ် ဆိုတာလည်း သူဘာသာ သူရွေးချယ်တယ်။ လိုက်ပါမယ့်သူတွေရဲ့ဆန္ဒကို မေးပြီး သူဘာသာ ဆုံးဖြတ်ပါတယ်။ အစပိုင်းကတော့ ခက်ခက်ခဲခဲ စတင် ခဲ့ရတာပါ။

တကယ်တော့ ဒီလုပ်ငန်းအားလုံးကို စနစ်တကျ စည်းရုံး သိမ်းသွင်းပြီး လုပ်ရတာ ဖြစ်တယ်။ ချေနဲ့ တခြားရဲဘော်တွေဟာ သူတို့ သွားမယ့်နေရာကို ဘယ်သူမှမသိအောင် သွားရောက်ကြပြီး ရွေးချယ် ခဲ့တဲ့နေရာမှာ စခန်းချခဲ့ကြတယ်။ သူတို့ဟာ ခက်ခဲတဲ့ အတားအတီးတွေ၊ ဆူးငြောင့်ခလုတ်တွေကို ရှင်းလင်းပြီး စခန်းချခဲ့ တယ်။ လွယ်လွယ်ကူကူနဲ့ သွားရောက်နိုင်ခဲ့တာ မဟုတ်သလို လွယ်လွယ်ကူကူနဲ့ စခန်းချနိုင်ခဲ့တာလည်း မဟုတ်ပါဘူး။ သင့်လျော်တဲ့နည်းလမ်းတွေကို အသုံးချရတဲ့အတွက် ရဲဘော်တွေရော၊ ဒေသခံ ပုဂ္ဂိုလ်တွေကိုပါ ကျေးဇူးတင်ရမှာ ဖြစ်ပါတယ်။ စခန်းချတဲ့ နန်ကာဟူဇုဒေသမှာရှိတဲ့ ရဲဘော်တွေဟာ ဝမ်းသာအားရနဲ့ သူတို့နဲ့ ပူးပေါင်းခဲ့တယ်။ သူစိတ်တိုင်းကျ ရွေးချယ်ထားတဲ့ ဘိုလီဗီးယားက နေရာတစ်ခုလည်း ဖြစ်ပါတယ်။

သူဟာ အာဖရိကမှာ သွားရောက်ခဲ့ပြီး တန်ဇန်းနီးယားမှာ နေထိုင်ခဲ့သလို ဇိုင်ယာအရှေ့ပိုင်းမှာလည်း နေထိုင်ခဲ့တယ်။ တန်ဇန်း နီးယားကအပြန်မှာ ဥရောပက ဆိုရှယ်လစ်နိုင်ငံတစ်နိုင်ငံကို သွားရောက်

ခဲ့တယ်။ နောက် ကျူးဘားကို ပြန်လာတယ်။ နောက်တော့ ဘိုလီဗီးယား က သူ ရွေးချယ်ခဲ့တဲ့နေရာတစ်ခုကို သွားရောက်ပြီး တော်လှန်ရေးဆင် နွှဲခဲ့တာ ဖြစ်ပါတယ်။

မေး - တော်လှန်ရေးအတွက် ပြည်သူတွေက အဆင်သင့် မဖြစ်သေးတဲ့ ဘိုလီဗီးယားလိုနိုင်ငံမျိုးမှာ သူ တော်လှန်ရေးလုပ်ဖို့ ရွေးချယ်ခဲ့တာ မှားတယ်လို့ ထင်ပါသလား။ နည်းဗျူဟာ ခရရော၊ မဟာ ဗျူဟာအရပါ တော်လှန်ရေးလုပ်ဖို့ မသင့်တဲ့နေရာ၊ ပထဝီ အနေအထား အရ တော်လှန်ရေးလုပ်ဖို့ ရွေးချယ်လိုက်တဲ့အတွက် ဒီရွေးချယ်မှုကို စိတ်ကူးယဉ်တဲ့ ဆုံးဖြတ်ချက်လို့ ယူဆပါသလား။

ဖြေ - အဲ့ဒီလိုတော့ ကျွန်တော် မပြောပါဘူး။ ပြောစရာလည်း မရှိပါဘူး။ သူက အာဂျင်တီးနားကို စိတ်ဝင်စားပါတယ်။ တော်လှန်ရေး ဆင်နွှဲရမယ်ဆိုတဲ့ အယူအဆကို သူ စိုက်ထူထားခဲ့တယ်။ ဒါပေမဲ့ ကျွန်တော်တို့မှာ တောင်အမေရိကက နိုင်ငံတွေနဲ့ အဆက်အသွယ်မရှိ သေးဘူး။ တောင်အာဖရိကကနိုင်ငံတိုင်းလိုလိုဟာ အမေရိကန်နဲ့ အဆက် အသွယ်ရှိပြီး အမေရိကန်အလိုက္ခ ကျူးဘားကို ဆန့်ကျင်သူချည်းပါပဲ။ အစပိုင်းက ချေဟာ အာဂျင်တီးနားက အုပ်စု တစ်စုနဲ့ဆက်သွယ်ခဲ့ဖူး တယ်။ အဲ့ဒီထဲမှာ ဂျော့ရီဂါလိုမာဆက်တီလည်း ပါပါတယ်။ ားရား ားး မေစထရာတုန်းကတော့ သူနဲ့ပတ်သက် ခဲ့ဖူးတယ်။ သတင်းထေ ာက် တစ်ယောက်အဖြစ် တော်လှန်ရေးထဲ ပါခဲ့ဖူးပါတယ်။ ပရင်ဆာလက် တီနာဆိုတာကို ထူထောင်ခဲ့သေးတယ်။ အာဂျင်တီးနားမှာ တော်လှန်ရေး လှုပ်ရှားမှုလုပ်ဖို့ ချေက စည်းရုံးခဲ့တယ်။ မာဆက်တီကလည်း သဘောတူ တယ်။ မြောက်ပိုင်း အာဂျင်တီးနားက ဆော်တာဒေသမှာ အခြေခံ နယ်မြေတည်ထောင်ဖို့ သူတို့ကြိုးစားခဲ့တယ်။ အဲ့ဒီလို ကြိုးစားရင်း မာဆက်တီဟာ သေဆုံးသွားခဲ့ပါတယ်။

ချေဟာ အလွန်ကိုစိတ်ဓာတ်ကြီးတဲ့သူ ဖြစ်တယ်။ သူ့ရဲဘော် တွေနဲ့ပတ်သက်ပြီးလည်း အထိမခံဘူး။ သူ့အနေနဲ့ အာဂျင်တီးနားမှာ

တော်လှန်ရေးလုပ်ဖို့ဆိုတာကို ဘယ်တော့မှ ခေါင်းထဲက ဖျောက်မထားဘူး။ သူ့အကြံအစည်ကို အောင်မြင်အောင်လုပ်ဖို့လည်း အမြဲကြိုးပမ်းအားထုတ်နေတယ်။ တချို့ရဲဘော်တွေဆိုရင် တော်လှန်ရေးလုပ်ဖို့ ကြိုးစားရင်း သူတို့အသက်တွေကို ပေးလျှဉ်းခဲ့ရပါတယ်။ အဲ့ဒီဒေသကို တော်လှန်ရေးလုပ်ဖို့ သူလေ့လာခဲ့တာဟာ မေးစရာ ပုစ္ဆာတစ်ခုပါပဲ။ ဘိုလီဗီးယားဟာ အာဂျင်တီးနားနဲ့ နယ်စပ်ချင်းကပ်နေတဲ့ နိုင်ငံပဲ။ သူ ရွေးချယ်ခဲ့တာဟာ အာဂျင်တီးနားတော်လှန်ရေးအတွက် ဘိုလီဗီးယားကလည်း အရေးကြီးတယ်လို့ ယူဆပြီး ရွေးချယ်ခဲ့တာလား မသိပါဘူး။

ဘိုလီဗီးယားလယ်သမားတွေဟာ အေးအေးဆေးဆေး နေတတ်သူတွေဆိုတာ ချေသိပါတယ်။ သူတို့ဟာ အေးအေးဆေးဆေး နေတတ်သလို တခြားသူကိုလည်း အယုံအကြည်နည်းပါတယ်။ ဘိုလီဗီးယားကလယ်သမားတွေဟာ ကျူးဘားက လယ်သမားတွေနဲ့ ကွဲပြားတာကိုလည်း ချေသိပါတယ်။ အာဂျင်တီးနားမှာ ဆေး ကျောင်းတက်ပြီး ဘွဲ့ရတုန်းက ဆိုရင် သူဟာ တောင်အမေရိကက နိုင်ငံတွေကို မော်တော်ဆိုင်ကယ် တစ်စီးနဲ့ ခရီးသွားခဲ့ဖူးပါတယ်။ နိုင်ငံ အတော်များများက ဒေသအတော်များများကို သူ သွားရောက်ခဲ့တယ်။ အမေဇုန်အထိ အဝေးဆုံးသွားခဲ့ပါတယ်။ တောင်အမေရိကတိုက်က လူတွေနဲ့လည်း ရင်းနှီးခဲ့တယ်။ သူတို့အကြောင်းတွေလည်း သိခဲ့ရတယ်။ အဲ့ဒီက အိန္ဒိယဒေသခံလူမျိုးတွေရဲ့ ကြေကွဲစရာအဖြစ်တွေလည်း သိခဲ့ရပါတယ်။ အိန္ဒိယလူမျိုးတွေရဲ့ စရိုက်လက္ခဏာကိုလည်း သိခဲ့ရတယ်။ အဲ့ဒီအကြောင်းကို သူတစ်ခါက ကျွန်တော့်ကို ပြောဖူးတယ်။ အဲ့ဒီဒေသက လူထုရဲ့အကြောင်းတွေ အဖိနှိပ်ခံရပုံတွေကို ကျွန်တော့်ကို တစ်ခါမက ထပ်ခါထပ်ခါ ပြောဖူးတယ်။ သူတို့ကို ဘယ်လိုလုပ်ပေးရမလဲဆိုတာလည်း ဆွေးနွေးဖူးပါတယ်။ အဲ့ဒီဒေသကလူတွေ လွတ်မြောက်ဖို့ဆိုတာ ခက်ခဲပါတယ်။ ဒီလို ခက်ခဲတဲ့ အလုပ်ကိုပဲ သူက လုပ်ချင်တာဖြစ်တယ်။

ဒီတော့ သူ ဘာလုပ်မလဲ။ ကျွန်တော်တို့တော်လှန်ရေးမှာ ပါဝင်

ခဲ့ရတော့ သူမှာ အလွန်ကြီးမားတဲ့ အတွေ့အကြုံရှိနေပါပြီ။ ရရှိတဲ့ အတွေ့အကြုံနဲ့အတူ တော်လှန်ရေးမှာ စိတ်ဝင်စားတဲ့သူကို အုပ်စုလေးတွေ ဖွဲ့တယ်။ အလွန်ကြမ်းတမ်းတဲ့ အခြေအနေမျိုးအောက် မှာ တော်လှန်ရေးဆင်နွှဲဖို့လည်း သူတို့ဆွေးနွေးဖြစ်ကြပါတယ်။ ချေဟာ တိုက်ပွဲအတွက်ဆိုရင် မျက်စိမှိတ်ပြီး ဆုံးဖြတ်ချက်ချတဲ့ လူမျိုးပဲ။ ဖြစ်နိုင်ချေ မဖြစ်နိုင်ချေကို သိပ်မတွက်ဘဲ ဖြစ်ကိုဖြစ်ရမယ်လို့ မျက်စိမှိတ် ဆုံးဖြတ်တဲ့ သူပါပဲ။ ဒီလိုတော်လှန်ရေးလုပ်ချင်တဲ့သူမှာ ကြီးမားတဲ့ အတွေ့အကြုံက ရရှိထားတော့ သူ့ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ဖို့ပဲ ရှိတော့တာပေါ့။

ဒီတော့ ဒေသကို သူ ရွေးရပါတယ်။ နေရာကို သူ ရွေးရပါတယ်။ ကျွန်တော်က တကယ်လိုအပ်တဲ့နေရာမျိုးကို ရွေးပါ။ သူရဲ့ ရွေးချယ်မှုမှာ အမှားအယွင်းမရှိပါစေနဲ့လို့ ပြောခဲ့ပါတယ်။ ဘယ်လို အမှားမျိုးမှ သူ မလုပ်ခဲ့ပါဘူး။ ဒေသကိုရွေးချယ်ပြီးတဲ့အခါ အဲ့ဒီ ဒေသမှာရှိတဲ့ နိုင်ငံရေးအင်အားစုတွေရဲ့ ထောက်ခံမှုရအောင် သူ လုပ်ခဲ့ပါတယ်။ ဘိုလီဗီးယားကွန်မြူနစ်ပါတီရဲ့ ထောက်ခံမှုကို ရအောင် သူ စည်းရုံးခဲ့တယ်။ တခြား တော်လှန်ရေးအင်အားစုတွေရဲ့ ထောက်ခံမှုကိုလည်း သူ ရရှိခဲ့ပါတယ်။ သူနဲ့အတူလည်း ပူးပေါင်းတိုက်ပွဲဝင်ခဲ့ကြတယ်။ ဘာလို့လဲဆိုတော့ ဘိုလီဗီးယားမှာ အဲ့ဒီတုန်းက တော်လှန်ရေးအဖွဲ့တွေ ကွဲပြမှုလည်း ရှိနေတယ်။ လက်တွေ့ကျတဲ့ သူရဲ့လုပ်ရှားမှုအပေါ် တခြားအဖွဲ့တွေက ကူညီလာတာပါပဲ။

မေး - ဒီနေရာမှာ ကျွန်တော်သိချင်တာက ချေကျဆုံးသွားတာနဲ့ပတ်သက်ပြီး ချေရဲ့အဖေက ချေကျဆုံးမှုမှာ ဘိုလီဗီးယား ကွန်မြူနစ်ပါတီမှာ တာဝန်ရှိတယ်လို့ လူသိရှင်ကြား ပြောကြားခဲ့ပါတယ်။ ဒီနေရာမှာ ဘိုလီဗီးယားကွန်မြူနစ်ပါတီအနေနဲ့ သစ္စာမဖောက်ဘူးဆိုရင်တောင် သူ့ကို အကူအညီမပေးဘဲ သေသွားတဲ့အထိ ပစ်ပယ်ထားတယ်လို့ ထင်ပါသလား။ ဒီလိုပစ်ပယ်ထားရင်ရော မှန်ကန်ပါသလား။ ရိုဂစ်ဒီဘရေးရဲ့

ပြောပြချက်အရဆိုရင် ကိုချာဘန်ပါတိုက်ပွဲတုန်းက ဘိုလီဗီးယား ကွန်မြူနစ် လူငယ်လေးတွေကို ချေက ကယ်တင်ခဲ့တယ်လို့ ဆိုပါတယ်။ အဲဒါ ဟုတ်ပါသလား။

ဖြေ - ကျွန်တော်အသေအချာ မသိပါဘူး။ ဒီလို အမြင်မျိုးနဲ့ ပတ်သက်ပြီးလည်း ကျွန်တော့်မှာ ဖြေစရာမရှိပါဘူး။ ဒါပေမဲ့ ဒီ မေးခွန်းတွေနဲ့ပတ်သက်ပြီး ကျွန်တော် ယုံကြည်မှုနဲ့ ဖြေပြပါမယ်။

ကွန်မြူနစ်ပါတီမှာ ခေါင်းဆောင်အများအပြား ရှိပါတယ်။ အထွေထွေအတွင်းရေးမှူး မာရီယွန်မွန်ဂျေးလည်း ရှိပါတယ်။ သူကလည်း သူသိသလောက် ပြောပြပြီးပါပြီ။ တခြားခေါင်းဆောင်တွေကလည်း အဖြစ်အပျက်တွေမှာ ပါဝင်ပတ်သက်မှု ရှိတာကို ကျွန်တော်တို့ သိရပါတယ်။ မွန်ဂျေးနဲ့ချေမှာ သဘောထားကွဲလွဲမှုတွေ ရှိပါတယ်။ အားလုံးသိကြတဲ့အတိုင်းပါပဲ။ သမိုင်းမှာလည်း ဒီလိုသဘောထား ကွဲလွဲတာတွေက ကျန်ရစ်မှု ရှိမှာပါ။ မွန်ဂျေးရဲ့နေရာနဲ့ပတ်သက်ပြီး ချေနဲ့ မွန်ဂျေးကြားမှာ တချို့ပြဿနာတွေ ရှိပုံရပါတယ်။ သူတို့ ၂ဦး ကြားမှာ ပဋိပက္ခတွေ ဖြစ်နေကြတယ်။ မွန်ဂျေးက သူရဲ့ခေါင်းဆောင်မနဲ့ ပတ် သ ြ ားအာက်ခြေရဲ့ဆန္ဒကို လက်မခံတာမျိုး၊ ဟန်ဆောင် နေတာမျိုးကို ချေက လက်မခံပါဘူး။

မွန်ဂျေးရဲ့အတွေးအခေါ်နဲ့ပတ်သက်ပြီးလည်း သဘောထားမတိုက်ဆိုင်တာ ရှိပါလိမ့်မယ်။ တချို့ကိစ္စတွေမှာလည်း သူတို့ မတူညီတာရှိတယ်လို့ ကျွန်တော်ထင်ပါတယ်။ သူနိုင်ငံရဲ့ အခြေအနေ မှန်ကိုတော့ မွန်ဂျေးက သိမှာပါ။ တော်လှန်ရေးကို ဘယ်လိုစမယ် ဆိုတာလည်း သူသိမှာပါ။ သူပါတီရဲ့ အတွင်းရေးမှူးပဲ။ ဒါပေမဲ့ ဘိုလီဗီးယား တော်လှန်ရေးနဲ့ပတ်သက်ပြီး အလေးအနက်ထားတယ်။ တော်လှန်ရေးကို ဘယ်လိုအစီအစဉ်တွေ ချထားမယ်ဆိုတာတော့ ချေထက် ပိုတော်တဲ့သူ၊ အလေးအနက်ထားတဲ့သူ မရှိပါဘူး။ သူက ဘိုလီဗီးယားနယ်စပ်တွေကို တောင် ဖြတ်ကျော်ပြီး လိုအပ်ရင် လိုအပ်သလိုလုပ်တဲ့ သူပါပဲ။ သူတို့

၂ ယောက်ကြားမှာ စေ့စပ်ညှိနှိုင်းလို့မရတဲ့ အခြေအနေကိုတောင် ရောက်လာပါတယ်။ မွန်ဂျွေးက ချေကို ထောက်ခံကူညီမှု မလုပ်တော့ပါဘူး။

ဒီသတင်းကို ကျွန်တော်တို့ ရပါတယ်။ ဒါကြောင့် တစ်ယောက်နဲ့ တစ်ယောက် တွေ့ဆုံစည်းဝေးဖို့ ပါတီဝင်တွေ၊ ခေါင်းဆောင်တွေနဲ့တွေ့ဖို့ လုပ်ခဲ့ကြတယ်။ အဲ့ဒီထဲမှာ ကော်လေးနဲ့ ဆိုင်မွန်ရီးရက်စ်တို့လည်း ပါဝင်ပါတယ်။ သူတို့ဟာ ပါတီဝင်တွေ အားလုံးသိတဲ့ အလွန်တော်တဲ့ အလုပ်သမားခေါင်းဆောင်တွေပါ။ သူတို့ကို ကျူးဘားလာခဲ့ဖို့ ဖိတ်ခေါ်ခဲ့တယ်။ သူတို့နဲ့တွေ့ပြီး အခြေအနေ မေးမြန်းခဲ့ပါတယ်။ "အကျပ်အတည်းကတော့ တွေ့လာ မှာပဲ။ သိမ်မွေ့တဲ့အခြေအနေဖြစ်နေတယ်။ ရဲဘော်တို့ကို ကျွန်တော် အကြံပြုချင်တာကတော့ ကျွန်တော်တို့နဲ့လည်း တွေ့ပါ။ ချေအတွက် လုပ်တဲ့အကူအညီတွေကို အတတ်နိုင်ဆုံး ပေးကြပါတယ်"လို့ ပြောခဲ့တယ်။ သူတို့ကလည်း ကတိပေးတယ်။ သူတို့က ထောက်ခံကူညီဖို့ရော၊ ပူးပေါင်းဆောင်ရွက်ဖို့ပါ အသင့်ရှိတယ်လို့ ဆိုကြတယ်။ ပါတီ အတွင်းရေးမှူးနဲ့ သဘောထားမတူပေမဲ့လည်း သူတို့ကူညီကြတယ်။ ဖြစ်စဉ်က အလွန်မြန်ပါတယ်။ ပြောဆိုနေတဲ့အချိန်ထက်ကို မြန်မြန်ဆန်ဆန် ဖြစ်သွားတာ ရှိတယ်။ သူတို့ကူညီနေပေမယ့် တခြားအချိန်လေးတွေမှာ မကူညီနိုင်လောက်အောင် ဖြစ်ပျက်သွားတာတွေလည်း ကြုံရတယ်။ ဒီရဲဘော်တွေဟာ အလွန်တော်တဲ့ ရဲဘော်တွေပါ။ ကော်လေးဟာ နောင်အခါမှာ ပါတီခေါင်းဆောင်ဖြစ်လာတယ်။ မွန်ဂျွေးကို အထွေထွေအတွင်းရေးမှူးအဖြစ်က ဖယ်ရှားပြီး ကော်လေးကို တာဝန်ပေးခဲ့တယ်။ ဆိုင်မွန်ရီးရက်စ်လည်း ပါတီခေါင်းဆောင်မှုမှာ အရေးကြီးတဲ့နေရာရရှိခဲ့တယ်။ သူတို့ ကွန်မြူနစ်ပါတီမှာ ပါဝင်ပြီး တော်လှန်ရေးမှာ နှစ်မြှုပ်ထားသူတွေ ဖြစ်တယ်။

ကျွန်တော်တို့ဟာ ဘိုလီဗီးယားက သတင်းတွေကိုလည်း ရရှိခဲ့ပါ တယ်။ အခြေအနေတွေကို ဖြေရှင်းဖို့လည်း ကျွန်တော်တို့က အကြံ

ဉာဏ်တွေ ပေးတယ်။ ဖြေရှင်းနိုင်မယ့်နည်းလမ်းတွေကိုလည်း သူတို့ကို ပြောပြတယ်။ တခြားလက်တင်အမေရိကက တော်လှန်ရေးတွေကိုလည်း ဆွေးနွေးပြီး တတ်နိုင်သမျှ အကူအညီပေးတယ်။ မတူညီတဲ့အခြေအနေတွေ ရှိနေတာပါပဲ။ တချို့က ရှုပ်ထွေးနေတဲ့ အတွက် ကျွန်တော်တို့ဘာမှ မတတ်နိုင်ကြပါဘူး။ နိုင်ငံအသီးသီးမှာ မတူတဲ့အခြေအနေတွေ၊ မတူတဲ့ တော်လှန်ရေး လှုပ်ရှားမှုတွေ ရှိနေကြတယ်။ ဒါကြောင့် အချိန်အနည်းငယ်တော့ ယူရလိမ့်မယ်လို့ ကျွန်တော်တို့ ယူဆခဲ့ပါတယ်။ မွန်ဂျေးမှာ ထိုက်သင့်သလောက် တာဝန်ရှိတယ်ဆိုတာ ကျွန်တော်လက်ခံပါတယ်။ ဒါပေမဲ့ သမိုင်းဖြစ်စဉ်အရဆိုရင်တော့ ကွန်မြူနစ်ပါတီမှာ လုံးဝ တာဝန်ရှိတယ်လို့တော့ မယူဆနိုင်ပါဘူး။ ကွန်မြူနစ်ပါတီက ရဲဘော်အတော်များများဟာ ချေနဲ့ပူးပေါင်းပြီး တော်လှန်ရေးဆင်နွှဲခဲ့ပါတယ်။ အဲ့ဒီထဲမှာ ပရေဇိုးညီအစ်ကိုတွေလည်း ပါဝင်ပါတယ်။ သူတို့ဟာ အလွန်တော်တဲ့ ရဲဘော်တွေပဲ။ ပြောက်ကျားစစ်ထဲမှာ ပါဝင်လာကြပြီး ချေကို ထောက်ခံအားပေးခဲ့ကြတယ်။ သူတို့ရဲ့ကူညီအားပေးမှုဟာ အလွန်ကြီးမားလှတယ်။ ချေအတွက်လည်း အထောက်အကူ ရပါတယ်။ ပါတီထဲက အရေးပါတဲ့ကေဒါတွေဟာ မွန်ဂျေးနဲ့ အများကြီးကွာခြားပါတယ်။ ပါတီရဲဘော်တွေက ချေကို လိုလိုလားလား ထောက်ခံချင်ကြတယ်။ ထောက်ခံမှုလည်း ပေးခဲ့ကြတယ်။ မွန်ဂျေးကတော့ ချေနဲ့ သဘောထားကွဲပြီး ကူညီထောက်ပံ့မှု မလုပ်တော့ဘူး။ တာဝန်ရှိတဲ့ သူတွေကိုလည်း ထောက်ခံမှုမလုပ်ဖို့ သူက တားမြစ်တယ်။ ပါတီက ခေါင်းဆောင်ရဲဘော်တွေ၊ တခြားကေဒါတွေက ချေကို ထောက်ခံဖို့ သဘောတူကြတယ်။ ဒါကြောင့် ဘိုလီဗီးယား ကွန်မြူနစ်ပါတီနဲ့ ချေရဲ့ သဘောထားကွဲမှုတွေမှာ ကွန်မြူနစ်ပါတီမှာ လုံးဝတာဝန်ရှိတယ်လို့ အပြစ်ဖို့တာမျိုးကို ကျွန်တော်တို့ လက်မခံနိုင်တာပါ။

မေး - ဥရောပမှာလည်း ဒီလိုပဲ ပြောနေကြတယ် မဟုတ်လား။

ဖြေ - ဒီအတွက်ကတော့ ကျွန်တော့်မှာ ပြန်ပြောစရာ မရှိပါ

ဘူး။ တချို့ကလည်း ထင်ကြေးပြောတာတွေ ရှိပါတယ်။ တချို့က လည်း ကြားတဲ့သတင်းပြောတာ ရှိပါတယ်။ စိတ်ကူးသက်သက်နဲ့ ထင်ကြေးပြော တာတွေကိုတော့ အလေးထားစရာ သိပ်မရှိပါဘူး။ ချေတို့ပြောက်ကျား စစ်ကို စတဲ့အခါမှာ ရဲဘော်အနည်းငယ်ကိုပဲ စည်းရုံးပြီး စတင်ခဲ့ကြတယ်။ အဲဒီက တော်လှန်ရေးအဖွဲ့တွေကလည်း ချေကို ကူညီအားပေးခဲ့ကြတယ်။ သူတို့ပြောက်ကျားအဖွဲ့မှာ လက်နက်ရယ်လို့ အသေအချာ မရှိဘူး။ တချို့ဆို သေနတ်တောင် မကိုင်နိုင်ဘူး။ လေ့ကျင့်ထားခြင်းလည်း မရှိဘူး။ တချို့ဆို သေနတ်တောင် မပစ်တတ်ပါဘူး။ သင်တန်းဆရာလည်း မရှိ ဘူး။ သီအိုရီ သက်သက်ပဲ ရှိတယ်။ တော်လှန်ရေးစိတ်ဓာတ်ပဲ ရှိပါတယ်။ ဒါဟာ ပုံမှန်မျက်နှာချင်းဆိုင်တိုက်ရတဲ့တိုက်ပွဲမဟုတ်ဘူး။ ဒါကို နားလည် ဖို့ လိုပါတယ်။ အဲဒီလို ပြောက်ကျားစစ်ဟာ သာမန်စစ်မဟုတ်ဘဲ ဥပဒေ တို့ဘာတို့ မရှိဘူး။ ကိုယ်ကြိုက်သလို တိုက်လို့ရတယ်။ ဒီနည်းလမ်းက မရရင် ဟိုနည်းလမ်းက တိုက်မှာပဲ။ ဒီလို ပြဿနာကို ခင်ဗျားရော ဘယ်လိုဖြေရှင်းနိုင်မှာလဲ။

မေး - *ဥရောပထုတ်ဝေသူ မယ်တရီနှယ်လီက ချေ ကျဆုံး တဲ့အကြောင်းကို စာအုပ်ထုတ်ဝေခဲ့ပါတယ်။ အဲဒီမှာ CIA ရဲ့သတင်း ပို့ချက်အရ ဘိုလီဗီးယားစစ်သားတွေက ချေကို နောက်ယောင်ခံ လိုက်ခဲ့ကြတယ်။ ချေရဲ့တပ်ဟာ လက်တစ်ဆုပ်စာလောက်ပဲရှိပြီး ဘယ်လို ဂရန်ဒေနားက သစ်တောထဲမှာ အဝိုင်းခံရတယ်လို့ ဆိုတယ်။ ဒါဟာ မှန်ပါသလား။*

ဖြေ - အဲဒီလိုအကြောင်းပြောတာကို အခု ပထမဆုံး ကြားဖူး တာပဲ။ အရင်က မကြားဖူးခဲ့ပါဘူး။ ကောလာဟလသတင်းမျိုးစုံ၊ အမြင် မျိုးစုံကိုလည်း ကျွန်တော် ကြားနေရတာပါပဲ။ အခု ဖယ်တရီနယ်လီရေးတဲ့ အကြောင်းအရာကတော့ နည်းနည်းလေးမှ မဖြစ်နိုင်ပါဘူး။ အခုဆို ချေတိုက်ပွဲမှာ ကျခဲ့ပုံ၊ အသတ်ခံရပုံ အဲဒါတွေ အကုန်လုံး တရားဝင် သိနေကြပြီမဟုတ်လား။ ချေကျဆုံးခဲ့တဲ့ သမိုင်း ဖြစ်စဉ်ကို လူတိုင်းလိုလို

သိနေကြပြီ။ ဒီအကြောင်းတွေကို စာအုပ်ထဲမှာလည်း ရေးခဲ့ကြပြီ။ ကျွန်တော်လည်း ဖတ်ခဲ့ရပါတယ်။ အဲ့ဒီထဲမှာ ချေရဲ့ နေ့စဉ်မှတ်တမ်းလည်း ပါပါတယ်။ ကျွန်တော် ချေရဲ့ဒိုင်ယာရီကို အသေအချာ တစ်လုံးချင်းဖတ်ပြီးပါပြီ။ သူ့အကြောင်းကို ကျွန်တော်သိပါတယ်။ အဲ့ဒီလို သိတဲ့အတွက် သူရေးတာ မှန်မမှန် သိရပါတယ်။ သူ့ဒိုင်ယာရီဖြစ်တယ်။ သူရေးတာအမှန်သိတာကို ဖတ်ပြီးတဲ့အခါ သိခဲ့ရပါတယ်။ သံသယဖြစ်စရာ မရှိပါဘူး။

အထောက်အထားအားလုံးကိုတော့ ဘိုလီဗီးယားတပ်မတော် ကနေရရှိတာပဲ။ အသေးစိတ်ရေးသားပေးပို့တဲ့သတင်းကို ရရှိတာပါ။ တိုက်ပွဲဘယ်လိုဖြစ်တယ်၊ ဘယ်လိုတွေ့တယ်၊ ဘယ်နေရာမှာ တိုက်တယ်ဆိုတာ အသေးစိတ် သိရတာပါ။ ဒါကိုလည်း စာရေးခဲ့ပါတယ်။ ဒါပေမဲ့ တော်လှန်ရေးသမားတွေအကြောင်းကို ရေးတာတော့ မဟုတ်ပါဘူး။ အသက်ရှင်ကျန်ခဲ့တဲ့ ရဲဘော်တွေကလည်း ဒိုင်ယာရီ တွေရေးကြတယ်။ ချေနဲ့နောက်ဆုံး အတူတူနေခဲ့ကြတဲ့ ရဲဘော်တွေ ကလည်း ချေအကြောင်း သိကြတယ်။ သူတို့ဟာ အသတ်မခံရဘဲ အသက်ရှင်ကျန်သူတွေပါ။ ဒီစာအုပ်တွေဟာ ဘိုလီဗီးယားတပ်မတော်ထဲ ရောက်ကုန်တယ်။ ကျွန်တော်တို့က အထောက်အထားတွေ ရှိတာကို သိတယ်။ ကျွန်တော်တို့က ဖြစ်စဉ်အမှန်ကို သိချင်ပါတယ်။ သူ့ကို ဖမ်းမိတဲ့အချိန်မှာလည်း စည်းကမ်းတကျ မလုပ်ကြဘူး။ ဥပဒေ ချိုးဖောက်မှုတွေရှိတယ်။ ဖယ်တရိနယ်လီဟာ ဒီအကြောင်းတွေကို မသိဘူး။ ဘယ်သူမှလည်း သိကြမှာ မဟုတ်ဘူး။ ထင်ကြေးနဲ့ပြောကြ၊ ထင်ကြေးနဲ့ ရေးကြတယ်။ အခု ကျွန်တော်တို့သိတဲ့အချက်တွေက အသေးစိတ်သိတဲ့အချက်တွေပါ။

အဲ့ဒီမှာ ကျွန်တော်တစ်ခု ပြောပြချင်တယ်။ သူတို့က အဲ့ဒီမှာ အခန်းတစ်ခု ဆောက်ကြတယ်။ ပတ်ဝန်းကျင်အခြေအနေအားလုံးကို သုံးသပ်ပြီး ဆောက်ကြတာပါ။ ဘိုလီဗီးယားစစ်တပ်က သစ္စာဖောက်သွားသူတွေရဲ့ သတင်းပေးချက်၊ သူတို့ရရှိတဲ့သတင်းတွေနဲ့ ချေတို့

နောက်ကို လိုက်ကြတယ်။ အခြေအနေတိုက်ဆိုင်မှုအရ ချောတို့ကို ဝိုင်းမိတာပဲ။ ချေနဲ့ သူ့ရဲဘော်တွေဟာ တောင်စောင်းမှာ ရန်သူကို အပြင်းအထန် ခုခံတိုက်ခိုက်ကြတယ်။ စခန်းမှာရှိတဲ့ လူသစ်တွေလည်း စခန်းကို စွန့်ပြီး သွားကြပါတယ်။ ဒီစခန်းကို အဲ့ဒီနေရာမှာ ရွှေးပြီးချထားတာကလည်း သိပ်မကြာသေးဘူး။ ခရီးရှည်ကြီးကို ချီတက်ဖို့ တစ်ထောက်နားလိုက်တာပါပဲ။ ဒီအကြောင်းတွေကို ချေရဲ့ ဒိုင်ယာရီထဲမှာ အသေးစိတ် ရေးထားပါတယ်။ တောင်တွေပေါ် ဘယ်လိုတက်ရတယ်။ ရေစီးသန်တဲ့မြစ်တွေအကြောင်း အဲ့ဒါတွေကို သူ့ဒိုင်ယာရီမှာ ဖော်ပြထားတယ်။ ရေနစ်သေတဲ့ ရဲဘော်တွေ၊ ဒဏ်ရာရတဲ့ ရဲဘော်တစ်ယောက်၊ နှစ်ယောက်အကြောင်းကိုလည်း ကျွန်တော်တို့ ဖတ်ကြရပါတယ်။

ရက်သတ္တပတ်ပေါင်း အတော်ကြာ ချီတက်ခဲ့ပြီးတဲ့နောက် တပ်ဖွဲ့တွေဟာ ခြေကုန်လက်ပမ်းကျပြီး ပြန်လာခဲ့ကြတယ်။ စခန်းကို ရောက်တဲ့အခါ တချို့ပြဿနာတွေလည်း ရှိတယ်။ အဲ့ဒီအချိန်မှာ ချေမရှိပါဘူး။ စည်းကမ်းချိုးဖောက်မှုတွေ အမိန့်မနာခံမှုတွေလည်း ရှိပါတယ်။ တခြား အခက်အခဲတွေလည်း ရဲဘော်တွေဆီမှာ ကြုံတွေ့ရပါတယ်။ ဒါပေမဲ့ အဆိုးဆုံးပြဿနာကတော့ ရဲဘော်တွေ အတော်များများဟာ နေထိုင်မကောင်းတာနဲ့ ခြေကုန်လက်ပမ်းကျ နေတာပါပဲ။ သူတို့မှာ နားနေချိန်လည်း မရှိပါဘူး။ ရန်သူနဲ့အမြဲလိုလို ရင်ဆိုင်နေရတဲ့အတွက် အနားယူချိန်ဟာ တိုက်ပွဲတွင်းမှာပဲ ရှိနေတော့တယ်။ စစ်တပ်ကလည်း ကျွန်တော်တို့ကိုလိုက်ပြီး တိုက်နေတဲ့အတွက် ကျွန်တော်တို့တပ်ဖွဲ့တွေဟာ အေးအေးဆေးဆေး မနားနိုင်ဘဲ ရန်သူနဲ့ ရင်ဆိုင်ရတာပေါ့။ အတွေ့အကြုံရှိတယ်ဆိုပေမယ့် ချေရဲ့ လူတွေဟာ အတော်လေးကို ပင်ပင်ပန်းပန်း တိုက်ခဲ့ရတယ်။ ဒါပေမဲ့ စိတ်ဓာတ်တော့ မကျကြပါဘူး။ သူတို့ဟာ ရန်သူကို ချုံခိုု တိုက်ခိုက်တယ်။ ရန်သူဆီက ရတဲ့လက်နက်တွေနဲ့ ရန်သူကို ပြန်တိုက်ခိုက်ပါတယ်။

ဒါပေမဲ့ ယခုလို ဖြစ်ပျက်မှုအားလုံးဟာ အချိန်မရောက်

သေးဘဲနဲ့ တိုက်ခိုက်တယ်လို့ ကျွန်တော်ပြောရပါမယ်။ ရန်သူဟာ ကျွန်တော်တို့နောက်ဘက်ကနေ ဝင်တိုက်ခဲ့တယ်။ တပ်မတစ်ခုကို စစ်ကြောင်း ၂ ခုနဲ့ ထိုးနှက်တာဖြစ်ပါတယ်။ စစ်ကြောင်း ၂ ခုဟာ တစ်ခုနဲ့တစ်ခု အဆက်အသွယ်လုပ်ပြီး တိုက်တာဖြစ်တယ်။ ဒီလို တိုက်နေစဉ်မှာ ချေဟာ သူ့ပန်းနာရောဂါဆေးပြတ်နေခဲ့လို့ဖြစ်တယ်။ ဒီလိုအဖြစ်မျိုးကို ဂရန်မာမော်တော်ပေါ်မှာလည်း ကြုံခဲ့ဖူးပါတယ်။ ကျူးဘားကို ကျွန်တော်တို့ရေကြောင်းက လာခဲ့စဉ်က သူ့မှာ ပန်းနာဆေးမရှိတော့ဘူး။ ဆီးရားယားမေစထရာမှာလည်း ချေရဲ့ ပန်းနာဆေးပြတ်သွားတယ်။ ဆေးကို ဘယ်လောက်ပဲပေးရပေးရ ဝယ်ဖို့လည်း ကြိုးစားခဲ့ပါတယ်။ ချေဟာ ဒီဆေးမရှိရင် လေဖြတ်သွားနိုင်တယ်။ ချေမှာ ဆေးအလွန် လိုအပ်ပါတယ်။ ဒါပေမဲ့ တော်လှန်ရေးကာလတစ်လျှောက်လုံးမှာ သူ ဆေးအလုံအလောက်မရဘဲ ပြတ်နေလေ့ရှိပါတယ်။

ဒီလို အဖြစ်အပျက်တွေအားလုံးကို ချေရဲ့ဒိုင်ယာရီမှာ ရေးခဲ့ပါတယ်။ သူဟာ ဒိုင်ယာရီရေးသားရာမှာ တိကျတယ်။ မဖြစ်မနေ ရေးသားလေ့ရှိတယ်။ နေ့စဉ်ကြုံတွေ့တဲ့ အဖြစ်အပျက်တွေကို ပြန်လည်ဖော်ပြနိုင်တဲ့ အရည်အချင်းလည်း ရှိတယ်။ စာမျက်နှာတစ်မျက်နှာချင်း၊ တစ်ရွက်ချင်း သူရေးခဲ့တဲ့ အဖြစ်အပျက်တွေဟာ အလွန်ပဲ ရှင်းလင်းပါတယ်။ ဒါဟာ သူရဲ့ဒိုင်ယာရီအရေးကောင်းတဲ့ စွမ်းဆောင်မှုပါပဲ။ သူတို့ဟာ လပေါင်းအတော်ကြာကြာ စစ်တပ်နဲ့ ရင်ဆိုင်တိုက်ခိုက်ခဲ့ပါတယ်။ ရန်သူကို ပြောက်ကျားစစ်ဆင်နွှဲခဲ့တယ်။ မထင်မှတ်တဲ့နေရာက ဝိုင်းပတ်ထိုးနှက်တယ်။ သူတို့ ဘယ်နေရာမှာ ရှိမှန်း ဘယ်သူမှမသိပါဘူး။ အဆက်အသွယ်ပြတ်တောက်နေတယ်။ ရန်သူက ဆက်သွယ်လို့မရအောင် ဖြတ်တောက်ထားတာပါ။ မြို့ထဲမှာရှိတဲ့ အဆက်အသွယ်တွေကိုလည်း ရန်သူက လိုက်လံဖမ်းဆီးပါတယ်။

အဲ့ဒီအခြေအနေမျိုးမှာ ပြောက်ကျားတွေရဲ့ ကံကြမ္မာဟာ

သူတို့ရဲ့ လူပ်ရှားမှုအပေါ်မှာပဲ မူတည်နေတော့တယ်။ သူတို့ဟာ အဆက်အသွယ်လည်း ပြတ်၊ အကူအညီလည်း ပြတ် ဖြစ်နေတဲ့ အတွက် ရန်သူကို ထိုးဖောက်ထွက်နိုင်ဖို့၊ ချေမှုန်းပစ်နိုင်ဖို့ဟာ သူတို့ အတွက် အခွင့်အလမ်းပဲ ဖြစ်ပါတယ်။ သူတို့ပြောက်ကျားတပ်ဖွဲ့မှာ လူ ၁၀ လောက်ပဲ ရှိတယ်ဆိုတာ ချေသိပါတယ်။ အခုအထိ လူ ၂၀ လောက်ပဲ အသက်ရှင်ပြီး ပင်မစခန်းဆိုတာလည်း မထားနိုင်ဘူး။ အမ်တီကစခန်းနဲ့ ကိုကိုပယ်ရေတိုစခန်းတွေပဲ သိကြပါတယ်။ သူတို့ဟာ နောက်ဆုံးအနေနဲ့ အဲ့ဒီစခန်းတွေရှိရာ ဦးတည်ပြီး ချီတက်ခဲ့ကြတယ်။ သူတို့အတွက် အခွင့်အရေးက ဒီစခန်းတွေရှိရာ ရောက်ဖို့ပဲဆိုတာ ချေသိပါတယ်။

ဒီအဖြစ်အပျက်တွေကို သူရဲ့ဒိုင်ယာရီနဲ့ ဘိုလီဗီးယားစစ်တပ် ထုတ်ပြန်ချက်တွေကနေ သိရတာ ဖြစ်တယ်။ ချေဟာ သူ ဦးတည်တဲ့ နေရာကို မရောက်နိုင်ခဲ့ဘူး။ လမ်းခရီးတစ်လျှောက် အခက်အခဲတွေ ရှိသလို စစ်တပ်အင်အားကို မကျော်လွှားနိုင်တာလည်း ပါပါတယ်။ ရန်သူကလည်း သူတို့ကို မျက်ခြည်မပြတ် လိုက်လံတိုက်ခိုက်နေပါ တယ်။ ပြောက်ကျားတပ်ဖွဲ့တွေဟာ တခြားစခန်းတွေ၊ ရဲဘော်တွေနဲ့ အဆက် အသွယ်ပြတ်တောက်လာတယ်။ အကျအဆုံးတွေလည်းများ လာပါတယ်။ ဘိုလီဗီးယားစစ်တပ်က ပေးပို့တဲ့သတင်းတွေအရရော၊ ကျွန်တော်တို့သိရှိ တဲ့ သတင်းတွေအရပါဆိုရင် ပြောက်ကျားရဲဘော် တွေရဲ့ အကျအဆုံးဟာ တော်တော်များလာမှန်း သိရှိရတယ်။ ချေရဲ့ ပြောက်ကျားတပ်ဖွဲ့ဝင်တွေ အကျပ်အတည်းတွေ့နေရတာကို ကျွန်တော်တို့ တော်လှန်ရေးအတွေ့ အကြုံအရ ကျွန်တော် မှန်းဆလို့ရပါတယ်။ ပေးပို့တဲ့ကြေးနန်းသတင်း တွေအရဆိုရင် အဖြစ်မှန်ကို ဖော်ထုတ်လို့ရပါတယ်။ တာမာရာ၊ ဂျိုကွင်းတို့တပ်ဖွဲ့ဝင်တွေဆိုရင် ရန်သူရဲ့သုတ်သင်မှုကို ခံလိုက်ရတယ်။ ချေကတော့ ရန်သူကို အတတ်နိုင်ဆုံး တွန်းလှန်ပြီး ရှောင်တိမ်းနေနိုင် ပါတယ်။ သူဒိုင်ယာရီကို ဖတ်ကြည့်ရင် လပေါင်းအတော်ကြာ ရှောင်တိမ်း နေနိုင်မှန်း သိပါတယ်။ ရန်သူကလည်း သတင်းတွေကို ခဲ့ကားဖော်ပြတာ

ရှိတယ်။ သူတို့တိုက်တာထက် ပုံကြီးချဲ့တယ်။ မှားယွင်းတဲ့သတင်းတွေ ပို့တာ တွေကို သိရှိရပါတယ်။ အဲဒီလို ရန်သူဆီကရတဲ့သတင်းတွေရယ်၊ ပြည်သူတွေဆီက သိတဲ့သတင်းတွေရယ်၊ သတင်းဌာနဟွေက ထုတ်တဲ့ သတင်းတွေရယ်ကို စုစည်းပြီး အနီးစပ်ဆုံး ခန့်မှန်းရတာပါ။ ချေတို့ ပြောက်ကျားတပ်ဖွဲ့ဟာ ကွဲနေတဲ့တပ်တွေနဲ့ ပေါင်းမိအောင် ကြိုးစား တာ တွေ့ရတယ်။ ကွဲနေတဲ့တပ်တွေကို ရန်သူက သာလွန်တဲ့အင်အားနဲ့ ချေမှုန်းနေတာကြောင့် တပ်တွေပေါင်းမိရင် ရန်သူကို ပြန်တိုက်နိုင်ပြီ လို့ ယူဆတယ်။ ဒါကြောင့် ရန်သူနဲ့ဝေးတဲ့ တပ်တွေပေါင်းမိနိုင်မယ့် အခြေခံဒေသကို ချီတက်ဖို့ ကြိုးစားကြတာပါ။ အဲဒီအချိန်က ချေရဲ့ တပ်ဖွဲ့မှာ ထူးချွန်တဲ့ ဘိုလီဗီးယားကေဒါတွေ ရှိနေသေးတယ်။ အဲဒီ ရဲဘော်တွေအပြင် တခြားရောက်နေတဲ့ကေဒါတွေ၊ တပ်ဖွဲ့တွေနဲ့ ပေါင်း နိုင်ရင် သူတို့ရှင်သန်ဖို့ မျှော်လင့်ချက်ရှိတယ်လို့ ယူဆခဲ့တယ်။

ရဲဘော်တွေ ကျဆုံးသွားတဲ့အတွက် သူစိတ်ဓာတ် ဘယ်လောက် ထိခိုက်သွားနိုင်သလဲ။ ကျွန်တော့်အထင်ကတော့ သူစိတ်ဓာတ်ကို အကြီး အကျယ် ထိခိုက်မယ်လို့ မယုံကြည်ပါဘူး။ သူရဲ့ဒိုင်ယာရီထဲမှာလည်း ရဲဘော်တွေရဲ့ အကျအဆုံး၊ သူတို့ တိုက်ပွဲအခြေအနေတွေကို ရေးပြ ထားတာ ဖတ်ရပါတယ်။ "ရေဒီယိုဘင်ဘာက အခြေအနေတွေကို အသံ လွှင့်ပေးတယ်။ လူတိုင်းကလည်း ကျွန်တော်တို့ကို မျှော်လင့်နေကြ ပါတယ်။ ကျွန်တော်တို့ ရောက်ရှိလာတဲ့အကြောင်း ရေဒီယို ဘင်ဘာက အသံလွှင့်ထားပြီး ဖြစ်တယ်"လို့ သူဒိုင်ယာရီထဲမှာ ရေးထားတယ်။ ဒါကို ကျွန်တော်တို့ အားလုံး ဖတ်ပြီးပါပြီ။ ဒီအခြေအနေကိုကြည့်ခြင်းအားဖြင့် သူတို့ ရောက်ရှိမှာကို ဒေသခံပြည်သူတွေက စောင့်မျှော်နေမှန်း သိရှိရ တယ်။

ဂျီကွင်းရဲ့တပ်ဖွဲ့ ချေမှုန်းခံရတာနဲ့ပတ်သက်ပြီး သူ စိတ်ထိ ခိုက်တယ်လို့ ထင်ပါတယ်။ သူစိတ်ဓာတ်ကို ကျွန်တော်သိပါတယ်။ သူဟာ ရဲဘော်တွေနဲ့ပတ်သက်ပြီး အတော်အလေးထားတဲ့ ပုဂ္ဂိုလ်ပါ။ မဆင်မခြင်

လုပ်တတ်တဲ့ စရိုက်ရှိပေမဲ့ သူ့ရဲဘော်တွေကိုတော့ အလွန်အလေး အနက်ထားသူ ဖြစ်ပါတယ်။

ဒီလိုနဲ့ ချေဟာ ဆက်ပြီးခိုတက်ခဲ့တယ်။ နေ့လယ်ဘက်မှာ မြို့တွင်းကို ရောက်ခဲ့တယ်။ ဒါပေမဲ့ မြို့ထဲမှာ ဘာမှ မရှိတော့ဘူး။ မြို့ထဲမှာ လူတစ်ယောက်မှ မတွေ့ရတဲ့အတွက် တော်တော်ထူးခြား နေပါတယ်။ မြို့ထဲက လူတွေကို စစ်တပ်က ရှောင်ခိုင်းထားလိုက် တာပါ။ သူတို့လည်း ဝင်သွားရော လမ်းတွေပေါ်ရောက်သွားတာနဲ့ ရန်သူက ချုံခိုတိုက်ခိုက်ပါတော့တယ်။ တောထဲမှာမဟုတ်ဘဲ နေ့ခင်းကြောင် တောင်ကြီး မြို့ထဲမှာ တိုက်တာပါ။ ရှေ့ပြေးတပ်ဖွဲ့ဟာ အတိုက်ခံလိုက်ရ ပါတယ်။ ရဲဘော်အတော်များများ ကျဆုံးပြီး အထိနာခဲ့ပါတယ်။

သူတို့ဟာ ဒဏ်ရာရတဲ့ ရဲဘော်တွေကိုသယ်ပြီး နောက်ပြန် ဆုတ်ခဲ့ပါတယ်။ အဲ့ဒီထဲမှာ ဖျားနေတဲ့ဆရာဝန်တစ်ယောက်လည်း ပါပါ တယ်။ ချေက ဒဏ်ရာရနေတဲ့ရဲဘော်တွေကိုသယ်ပြီး ပြန်ဆုတ် ရမယ်လို့ အမိန့်ပေးတယ်။ တိုက်ပွဲတွေနဲ့ ကြုံခဲ့တာရော၊ ခရီးအရှည်ကြီး ခြီတက် ခဲ့တာရောကြောင့် ရဲဘော်တွေဟာ ခြေကုန်လက်ပမ်းကျနေပြီ။ သူတို့ဟာ အနားယူဖို့ လိုအပ်နေပါပြီ။ ဒါပေမဲ့ ရန်သူက အဆက်မပြတ် လိုက်တိုက်နေတဲ့အတွက် စခန်းချမယ့်နေရာ မတွေ့သေးဘူး။ ချေက လည်း အဆင်ပြေမယ့်နေရာ ရှာနေတာပါ။ တောင်ကြားတစ်ခုထဲကို သူတို့ဖြတ်လာတဲ့အခါ ရန်သူက တိုက်တဲ့အတွက် ရဲဘော်တွေ ထပ်ကျ ပြန်တယ်။ ပရေဒိုညီအစ်ကိုတွေထဲက တစ်ယောက် ကျသွားတယ်။ ဘိုလီဗီးယားရဲဘော်တွေထဲမှာ သူတို့ဟာ အတော်သတ္တိရှိပြီး အတိုက် အခိုက်ကောင်းတဲ့ ရဲဘော်တွေဖြစ်ပါတယ်။

ကျန်ရှိနေတဲ့ ချေတို့တပ်ဖွဲ့ဟာ တောင်စောင်းတွေကို တက် လာခဲ့ကြတယ်။ ခရီးကတော့ အတော်ခက်ခဲပါတယ်။ သူတို့ အခြေအနေ ကလည်း အလွန်ဆိုးဝါးနေပြီး အဆုံးအဖြတ်ပေးမယ့် အခြေအနေမျိုးကို ရောက်လာတယ်။ သူကိုယ်တိုင်ကလည်း ဒဏ်ရာရခဲ့တယ်။ ရန်သူက

လည်း သူ့ကို ပစ်မှတ်ထားပြီး တိုက်တဲ့အတွက် သူ့အသက်အန္တရာယ် စိုးရိမ်လာရတယ်။ သူ့ရိုင်ဖယ်ကလည်း ပျက်စီးသွားပြီး ရန်သူက ဝိုင်းပြီး တိုက်ခိုက်တဲ့အတွက် သူ လမ်းမလျှောက်နိုင်တော့ဘဲ ရန်သူရဲ့ဖမ်းဆီးမှုကို ခံလိုက်ရပါတော့တယ်။

ချေဟာ ဘိုလီဗီးယားကေဒါရဲ့ ရဲဘော်တချို့အပါအဝင် ပြောက်ကျားရဲဘော် ၂၀ နဲ့ လမ်းအတိုင်း ခရီးတက်ခဲ့ပုံရတယ်။ သူတို့ဟာသူတို့အသက်ရှင်သန်ဖို့ ထွက်ပြေးနေတာထက် ရန်သူကို ပြောက်ကျားတိုက်ခိုက်ဖို့ အားထုတ်ခဲ့ပုံလည်း ရပါတယ်။ ချေရဲ့ အကြောင်းကို ကျွန်တော်သိသလောက် ကောက်ချက်ချရမယ်ဆိုရင် သူဟာ အသက်ရှင်ရပ်တည်ဖို့ထက် ရန်သူကိုတိုက်ခိုက်ဖို့ ပိုအာရုံ စိုက်ပါတယ်။ နေ့လယ်ကြောင်တောင်ကြီးမှာ လူသွားလမ်းအတိုင်း ခရီးတက်လာတဲ့အတွက် ရန်သူက ချုံခိုတိုက်ခိုက်တာ ဖြစ်ပါတယ်။

သူ ကျဆုံးသွားမှုဟာ လူတိုင်းအတွက် အံ့သြတုန်လှုပ်စရာပါပဲ။ ကျွန်တော်တို့တင်မကဘူး။ အနိုင်နိုင်ငံက ပြည်သူတွေလည်း တုန်လှုပ်သွားကြတယ်။ သူ့ကို သူရဲကောင်းတစ်ယောက်အဖြစ် လေးစားကြည်ညိုကြတဲ့အတွက် ချေကျသွားတယ်ဆိုတာကို တချို့ ယုံတောင် မယုံကြပါဘူး။ ကျွန်တော်တို့လည်း မယုံကြပါဘူး။ သတင်း အချက်အလက် အခိုင်အလုံရမှ သူကျဆုံးသွားတယ်ဆိုတာကို လက်ခံခဲ့ကြတာဖြစ်တယ်။ ချေရဲ့လူသွားလမ်းအတိုင်းမသွားဘဲ သတိကြီးကြီးနဲ့ လမ်းကြောင်းပြောင်းသွားမယ်ဆိုရင် ဒါမှမဟုတ် တောထဲက သွားမယ်ဆိုရင် ဒါမှမဟုတ် နေ့ခင်းမသွားဘဲ ညဘက်မှချီတက်မယ်ဆိုရင် ဒီလိုအခြေအနေ ရောက်ချင်မှ ရောက်မှာပါ။ ညဘက်ဆိုရင် ရန်သူက ချုံခိုတိုက်ခိုက်သည့်တိုင် အောင် သူတို့ထင်သလို မဖြစ်နိုင်ပါဘူး။ အလင်းရောင်မရှိတဲ့ညမှာ ရန်သူကရမ်းပြီး တိုက်ရမှာ ဖြစ်တယ်။ နေ့ခင်းဆိုတော့ ပစ်မှတ်ကိုရွေးတိုက်ကြတာပေါ့။ ကျွန်တော်က ချေရဲ့ဒိုင်ယာရီကို တစ်ခေါက်မက အခေါက်ခေါက်အခါခါဖတ်ပြီးတဲ့ အခါ ချေရဲ့ မဆင်မခြင်လုပ်တတ်တဲ့

ဆုံးဖြတ်ပြီးရင် လုပ်တတ်တဲ့ သူရဲ့အကျင့်တွေကြောင့် အခြေအနေတွေကို မှန်းဆကြည့်နိုင်ပါတယ်။

မေး - *အဲ့ဒီလို အခြေအနေမျိုးမှာ ခင်ဗျားအနေနဲ့ ဘယ်လို အကူအညီပေးဖို့ စိတ်ကူးခဲ့ပါသလဲ။ ကျွန်တော်ဆိုလိုတာက နောက်ဆုံးအချိန် ရောက်နေတဲ့အခါမှာ ချေရဲ့အခက်အခဲကို ဘယ်လို ကယ်တင်နိုင်မလဲဆိုတာကို ပြောတာပါ။*

ဖြေ - ကူညီဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ကျွန်တော်တို့အနေနဲ့ တပ်မတစ်ခု၊ တပ်ခွဲတစ်ခု ပို့မလား၊ အမြဲတပ်မတော်ကြီးတစ်ခုကို ပို့မလား၊ ပြောက်ကျားစစ်ရဲ့ ဥပဒေသတွေနဲ့ မကိုက်ညီပါဘူး။ ပြောက်ကျားစစ်ဆင်နွှဲတဲ့အခါမှာ တပ်မတွေ၊ တပ်မဟာတွေနဲ့တိုက်လို့ မဖြစ်ပါဘူး။ ပြောက်ကျားတပ်ဖွဲ့တွေအနေနဲ့ သူတို့ဘာသာ တိုက်ခိုက်ရမယ်။ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်ပြီး တိုက်ပွဲဝင်ရမှာ ဖြစ်တယ်။ တိုက်ပွဲက အမြင့်ဆုံးရောက်နေချိန်မှာလည်း သူတို့ဘာသာ သူတို့တိုက်ပွဲကို ပြီးဆုံးအောင် တိုက်ရမှာပဲ။ ဘိုလီဗီးယားစစ်တပ်မှာ ဗိုလ်ချုပ်ကြီးတစ်ယောက် ရှိတယ်။ သူက ဗိုလ်ချုပ်ကြီး ဂယ်ရီပရာဒိုပါပဲ။ သူရေးတဲ့ "ချေကို ကျွန်တော် ဘယ်လိုဖမ်းဆီးခဲ့သလဲ" ဆိုတဲ့ စာအုပ်ကို ကျွန်တော် ဖတ်ဖူးတယ်။ ဒါက သူတို့ဘက်က အမြင်နဲ့ ရရှိတဲ့အချက်အလက်တွေအပေါ် အခြေခံပြီး ရေးတာပါ။ ဒါပေမဲ့ ဒီစာအုပ်ထဲမှာ သူ့ရန်သူအပေါ် သဘောကျမှုကို ဖုံးကွယ်ထားလို့မရပါဘူး။

ချေဟာ စစ်ပွဲတော်တော်များများကို တိုက်ခိုက်ခဲ့ဖူးသူ ဖြစ်ပါတယ်။ ကျွန်တော်တို့အတူ တိုက်ခဲ့တုန်းက အတွေ့အကြုံအရ ဘာလုပ်ရမယ်ဆိုတာ သူသိတယ်။ ကျူးဘားတော်လှန်ရေးတုန်းက ဆီးရားယားမေစထရာကို ရောက်ခဲ့စဉ်ကလည်း ကျွန်တော်တို့ကွဲသွားခဲ့တယ်။ သေနတ် ၇ လက်နဲ့အတူ စုစည်းပြီး ကျွန်တော်တို့တော်လှန်ရေး ဆက်လုပ်ခဲ့တာပဲ။ ဒီလိုနဲ့ ဆီးရားယားမေစထရာကို စတင်နိုင်ခဲ့တယ်။ အဲ့ဒီတုန်းက သေနတ် ၇ လက်ပဲ ရှိတာပါ။ နောက် လူ ၂၀

ရှိလာတယ်။ လူတွေကို လက်ချိုးရေလို့ ရတယ်။ ချေဟာ အင်အားနည်း ပေမဲ့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်ချသူ ဖြစ်တယ်။ ဖြစ်နိုင်ချေ ကိုတွက်ချက်ပြီး ဘာလုပ်ရမယ်ဆိုတာကို သိသူဖြစ်တယ်။

ဒီလိုအခြေအနေမျိုးမှာ ပြောက်ကျားတပ်ဖွဲ့ဟာ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ပြီး တော်လှန်ရေးဆင်နွှဲခဲ့တယ်။ နိုင်ငံခြားအကူအညီကိုလည်း မမျှော်လင့်ကြဘူး။ လက်တွေ့ကျရင်လည်း နိုင်ငံခြားအကူအညီဆိုတာ ရဖို့မလွယ်ပါဘူး။ လျှို့ဝှက်အကူအညီဆိုတာ ဝေးပါသေးတယ်။ ဒီလို အခြေအနေမျိုးမှာ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ပြီး ကိုယ့်အားကိုယ်ကိုးတာ အကောင်းဆုံးပါပဲ။ ပြောက်ကျားစစ်ဆိုတာ သမားရိုးကျမဟုတ်ဘူး။ တစ်ဖက်ကို ထိပ်တိုက်ရင်ဆိုင်ရတာလည်း မဟုတ်ဘူး။ အင်အားကြီးတဲ့တစ်ဖက်ကို မိမိ အင်အားအနည်းငယ်နဲ့ ပြည်သူကို စည်းရုံးပြီး တိုက်ခိုက်ရတာ ဖြစ်ပါတယ်။

မေး - *သမ္မတ ကက်စထရိုခင်ဗျာ။ ချေကျဆုံးသွားတဲ့ အကြောင်းကို ဥရောပမှာ သမ္မတကြီး ပြောခဲ့တာ ရှိပါတယ်။ နယူးကျာစီမှာ ပြုလုပ်တဲ့ ဆိုဗီယက်နဲ့ အမေရိကန်ထိပ်သီးအစည်းအဝေးမှာ ဆိုဗီယက် ဝန်ကြီးချုပ်ကို ဆီဂျင်နဲ့ အမေရိကန်သမ္မတဂျွန်ဆင်တို့ တက်ရောက်ခဲ့ကြတယ်။ အဲ့ဒီမှာ ဆိုဗီယက်နဲ့ အမေရိကန်တို့က အာရှနဲ့လက်တင်အမေရိကနဲ့ပတ်သက်ပြီး မှန်မှန်ကန်ကန် ချဉ်းကပ်ဖို့ ဆုံးဖြတ်ခဲ့ကြတယ်။ ကျွန်းဘားအနေနဲ့ ဘိုလီဗီးယားမှာရောက်နေတဲ့ ချေကို ဘာကြောင့် ထိထိရောက်ရောက် အကူအညီမပေးနိုင်ခဲ့ပါသလဲ။*

ဖြေ - ဥရောပမှာ ကောလာဟလသတင်းတွေ ထွက်နေတာနဲ့ ပတ်သက်ပြီး ကျွန်တော်အံ့သြပါတယ်။ ကမ္ဘာမှာ ဥရောပဒေသဟာ သတင်းအများဆုံး ထွက်တဲ့နေရာလို့ ကျွန်တော် ထင်ပါတယ်။

မေး - မဟုတ်ဘူးလား။

ဖြေ - ထိပ်သီးအစည်းအဝေးနဲ့ပတ်သက်ပြီး ကျွန်တော် သိပ်မမှတ်မိတော့ပါဘူး။ အဲ့ဒီတုန်းက ဗီယက်နမ်စစ်ပွဲဟာ အထွတ်အထိပ်

မှာ ရောက်နေတယ်။ ချေကလည်း သူ့ တော်လှန်ရေးလှုပ်ရှားမှုတွေ ကို ပြုလုပ်နေတယ်။ သူရဲ့ တော်လှန်ရေးလှုပ်ရှားမှုတွေ ဘယ်သူ့ဆီကမှ အကူအညီတောင်းတာ မရှိဘူး။ ဆိုဗီယက်တွေလည်း ပါဝင်ပတ်သက်တာ မရှိဘူး။ မဟာဗျူဟာနဲ့ပတ်သက်ပြီးလည်း ဘာမှ ဆွေးနွေးတာ၊ တိုင်ပင်တာ မရှိပါဘူး။ ချေရဲ့တော်လှန်ရေးလှုပ်ရှားမှုတွေအပေါ် မှာ ကျွန်တော်တို့က သစ္စာရှိရှိ ထိန်းသိမ်းရမှာပါ။ တောင်းဆိုတဲ့ရဲဘော်တွေကိုလည်း သူတို့ဆန္ဒအတိုင်း သူနဲ့လိုက်ပါခွင့်ပေးပါတယ်။ သူ လိုအပ်တဲ့ဟာတွေကိုလည်း ကျွန်တော်တို့က ကူညီပါတယ်။ သူ့ကို ပေးထားတဲ့ကတိကိုလည်း စောင့်ထိန်းကြပါတယ်။

ပြောက်ကျားစစ်ပွဲကို ဘယ်မှာလုပ်ရင် ပိုကောင်းမလဲဆိုတာကို ချေက စောင့်ဆိုင်းခဲ့ပါတယ်။ သူရဲ့စောင့်ဆိုင်းမှုကိုလည်း ကျွန်တော်က သဘောကျတယ်။ ပြောက်ကျားစစ်မျက်နှာ ဘယ်မှာဖွင့်မလဲ။ အခြေအနေကောင်းတဲ့နေရာမှာ ပြောက်ကျားစစ်ဆင်နွှဲတာကိုလည်း ကျွန်တော် လက်ခံပါတယ်။ သူ့ဆန္ဒအတိုင်း လုပ်တာက အကောင်းဆုံးမဟုတ်လား။ ကျွန်တော်တို့ဟာ နိုင်ငံရေးပြဿနာတွေကို ရင်ဆိုင်ရမယ်ဆိုတာ သိပါတယ်။ တချို့ပြဿနာတွေမှာ နိုင်ငံနဲ့ချီတဲ့ ပြဿနာတွေ ရှိတယ်။ ရှုတ်ချပြစ်တင်တာတွေ ရှိတယ်။ ဒါကြောင့် သူ့အနေနဲ့ သူ လုပ်ချင်တာလုပ်ဖို့ နေရာဒေသ၊ အချိန်၊ ပစ္စည်းပစ္စယ၊ လူ စတာတွေ သူတောင်းဆိုတာတွေကို ကျွန်တော်တို့ လုပ်ပေးခဲ့တယ်။ သူ့ဆုံးဖြတ်ချက်ကိုလည်း လက်ခံပေးခဲ့တယ်။ သူ့စွမ်းဆောင်မှုကိုလည်း ယုံကြည်ပါတယ်။ သူ့အနေနဲ့ သူလုပ်ကိုင်တဲ့ အလုပ်အကိုင်ကို အောင်အောင်မြင်မြင် လုပ်နိုင်လိမ့်မယ်လို့လည်း ယုံကြည်ပါတယ်။

ကျွန်တော် အမြဲတမ်းပြောသလိုပါပဲ။ အောင်မြင်မှု၊ ကျဆုံးမှု ဆိုတာ လုပ်ရပ်တစ်ခု မှန်မမှန်ဆိုတာ ကဲသေ၊ ကံမ ပြောလို့ မရပါဘူး။ တော်လှန်ရေးလုပ်ရပ်ဟာ ကောင်းပါတယ်။ တော်လှန်ရေး တစ်ခုဟာ အောင်ပွဲရချင်လည်း ရမယ်။ ရှုံးနိမ့်ချင်လည်း ရှုံးနိမ့်ပါလိမ့်မယ်။

ကျွန်တော်တို့ တိုက်ပွဲဝင်နေတဲ့ကာလအတွင်း ကျဆုံးချင်လည်း ကျဆုံးသွားပါလိမ့်မယ်။ ပြောက်ကျားစစ်မှာ ဖြစ်ဖြစ်၊ ဆိုရှယ်လစ် စနစ်တည်ဆောက်ရင်း ဖြစ်ဖြစ် ဆုံးရှုံးမှုတွေ ရှိနိုင်သလို ကျဆုံးသွား နိုင်တာလည်း ရှိပါတယ်။ တော်လှန်ရေးလုပ်ရင်း ကျွန်တော်တို့ ကျဆုံးသွားခဲ့ရင် လူတွေက ကျွန်တော်တို့ရဲ့ တော်လှန်ရေးက မှားတယ်လို့ ပြောချင်လည်း ပြောကြပါလိမ့်မယ်။ ဒါပေမဲ့ ကျွန်တော်တို့ တော်လှန်ရေးလုပ်ရင်း ကျဆုံးသွားတဲ့အခါ မှန်တယ်လို့ ပြောချင်လည်း ပြောကြပါမယ်။ ကျွန်တော်ကတော့ ကျွန်တော်တို့လျှောက်တဲ့ လမ်းကြောင်းဟာ မှန်တယ်လို့ ထင်ပါတယ်။ ကျူးဘားတော်လှန်ရေး ကာလတုန်းက အင်အားစုအတော်များများ ပါဝင်တယ်။ မစဉ်းစားမိတဲ့ အင်အားစုတွေလည်း ပါပါတယ်။ ဆန့်ကျင်တဲ့သူတွေလည်း ရှိပါတယ်။ တော်လှန်ရေးမှာ ကျွန်တော်တို့ ကုသိုလ်ကံလည်းကောင်း တယ်လို့ ပြောရမှာပါ။ အဲ့ဒီလို ခက်ခက်ခဲခဲ ရုန်းကန်လှုပ်ရှားနေတဲ့ အချိန်မှာ ကျွန်တော်တို့ရဲ့အသက်တွေဟာ ချောက်ကမ်းပါးထိပ်မှာ ရောက်နေသလိုပဲ။ အချိန်မရွေး ချောက်ကမ်းပါးအောက် ရောက်သွားနိုင်တာလည်း ရှိပါတယ်။ အသက်မသေဘဲ ကျန်ရစ်ခဲ့တာ အံ့ဩစရာကောင်းပါတယ်။ ဇာတ်လမ်းရှည်ကြီးတစ်ခုကို ကျွန်တော်တို့ ဖြတ်သန်းလျှောက်လှမ်းခဲ့ပါတယ်။ အောင်ပွဲအသေအချာရမယ်လို့ ထင်ထားလို့မရပါဘူး။ ဒါပေမဲ့ ကျွန်တော်တို့တော်လှန်ရေးလုပ်ရပ် မှန်တယ်ဆိုတာကိုတော့ တော်လှန်ရေးသမားအားလုံး ယုံကြည်ကြတယ်။ အောင်ပွဲရဖို့ မျှော်လင့်ပေမဲ့ ရုံးနိမ့်ချင်လည်း ရုံးနိမ့်မယ်လို့ တွက်ထားကြတယ်။ အခု ချေရဲ့တော်လှန်ရေးလမ်းကြောင်းဟာ မှန်ကန်တယ်လို့ ကျွန်တော်လက်ခံပါတယ်။ ဒါပေမဲ့ အဲ့ဒီလုပ်ရပ်နဲ့ ပတ်သက်ပြီး မေးလာမယ့် မေးခွန်းကိုတော့ ကျွန်တော် ဖြေစရာ မလိုပါဘူး။ အလွန်အန္တရာယ်ကြီးတဲ့ တော်လှန်ရေးကို ကျွန်တော်တို့က အတင်းအဓမ္မ တွန်းပို့တာမဟုတ်ပါဘူး။ သူ့ဆန္ဒနဲ့သူ လျှောက်ခဲ့တာပါ။ သူဟာ နိုင်ငံရေးနဲ့ စစ်ရေးအုပ်စုတွေနဲ့ ပူးပေါင်းပြီး ပြောက်ကျားစစ်ဆင်နွှဲခဲ့တဲ့ တော်လှန်ရေးသမား

တစ်ယောက် ဖြစ်ပါတယ်။

ချေဟာ ရဲစွမ်းသတ္တိရှိသူ တစ်ယောက်ပါ။ သူရဲ့ အရည်အချင်းတွေ၊ အရေးပါမှုတွေကို ကျွန်တော်တို့ တော်လှန်ရေးစစ်ပွဲမှာ ပြသခဲ့ပြီးပါပြီ။ အရေးပါတဲ့တာဝန်တွေ၊ အန္တရာယ်ကြီးတဲ့ လုပ်ရပ်တွေကို အောင်မြင်အောင် လုပ်ဆောင်ခဲ့ပြီးပါပြီ။ အခု သူ လုပ်ဆောင်ခဲ့တဲ့ တာဝန်ကိုတော့ ကျွန်တော်တို့ပေးခဲ့တာ မဟုတ်ပါဘူး။ ဘိုလီဗီးယားမှာ တော်လှန်ရေးဆင်နွှဲတဲ့ လုပ်ဆောင်ချက်ကိုတော့ ကျွန်တော်တို့ တာဝန်ပေးခဲတာ မဟုတ်ပါဘူး။ အဲ့ဒီတော်လှန်ရေးအတွက် သူ အယူအဆနဲ့သူ၊ သူ့အစီအစဉ်နဲ့ သူ ဆောင်ရွက်သွားတာဖြစ်တယ်။ အစစအရာရာ သူ့ဘာသာ သူ ချင့်ချိန်တွက်ဆပြီး ဆောင်ရွက်ခဲ့တာပါ။ ကျွန်တော်တို့က သူ့ဆန္ဒအတိုင်း ပါဝင်ကူညီပါတယ်။ သူ့အယူအဆကိုလည်း မှန်တယ်လို့ ကျွန်တော်တို့ ထင်ပါတယ်။ သူ လိုအပ်တာတွေကို ကျွန်တော်တို့ စီစဉ်ပေးပါတယ်။ သူ ရည်မှန်းတဲ့အတိုင်း သူ လုပ်ကိုင်ခဲ့တာပါပဲ။ ယခုတာဝန်ကို ကျွန်တော့်အနေနဲ့ ဘယ်လိုမှ ဝေဖန်အကဲဖြတ်စရာ အကြောင်းမရှိပါဘူး။ ဘိုလီဗီးယားကိုသွားပြီး ပြောက်ကျားစစ်ဆင်နွှဲတယ်။ အဲ့ဒီမှာ ချေ ကျဆုံးသွားခဲ့တယ်။ ဒီ စစ်ပွဲမှာ သူ မှန်တယ်မှားတယ်ကို ကျွန်တော် အကဲဖြတ်စရာ မရှိဘူး။ တော်လှန်ရေးတစ်ရပ်မှာ အောင်မြင်မှုနဲ့ ကျဆုံးမှုဆိုတာ ရှိတာပဲ။ ကျဆုံးသွားတာနဲ့ တော်လှန်ရေးဟာ မှားတယ်လို့ မပြောနိုင်ပါဘူး။ ကျွန်တော့်အမြင်ကို ပြောရရင် သူဟာ တော်လှန်ရေးလုပ်ရင်း ကျဆုံးသွားတဲ့ သူရဲကောင်းတစ်ယောက်ပဲ ဖြစ်ပါတယ်။ ဒီလို ဘိုလီဗီးယား ပြောက်ကျားစစ်နဲ့ပတ်သက်ပြီး ကျွန်တော့် အမြင် တစ်ခုပြောရရင်တော့ ကျွန်တော်တို့သင်ခန်းစာယူရမယ့် စံတစ်ခုလည်း ဖြစ်ပါတယ်။ ဒီစံဟာ မှားချင်လည်း မှားပါလိမ့်မယ်။ ဒါပေမဲ့ ဒီအဖြစ်ဟာ နမူနာတစ်ခုတော့ မဟုတ်ပါဘူး။ ဒီလိုဖြစ်ရပ်မျိုး ရှိခဲ့တာကိုလည်း ကျွန်တော်တို့ သတိထားမိပါတယ်။ ဖရန်စစ္စကိုကာမင်နိုဟာ တော်လှန်ရေးလုပ်ရင်း သူနိုင်ငံဖြစ်တဲ့ ဒိုမီနီကန်သမ္မတနိုင်ငံကို ပြန်သွား

ခဲ့တယ်။ သူဟာ အလွန်ရဲစွမ်းသတ္တိရှိသူ တစ်ယောက်ပါ။ သူ မအောင်မြင်ခဲ့ဘူး။ တော်လှန်ရေးကို ရေရှည်မလုပ်နိုင်တဲ့အတွက် ပြန်ခဲ့ရပါတယ်။ သူနဲ့ကျွန်တော် အကြာကြီးစကားပြောခဲ့တယ်။ သူ့ အကြောင်းကို ကျွန်တော် ကောင်းကောင်းသိပါတယ်။

ယခုဖြစ်ရပ် ၂ ခုကို ကျွန်တော်တို့ ယှဉ်ကြည့်လို့ ရပါတယ်။ သူတို့ဟာ အသက်စွန့်ဖို့ အဓိဋ္ဌာန်ပြုပြီး တော်လှန်ရေးလုပ်ခဲ့တဲ့ သူတွေပါပဲ။ စိတ်မရှည်နိုင်ဘဲ သူတို့ဆန္ဒအတိုင်း သူတို့ လုပ်ခဲ့တာ ပါ။ ယခုတော့ သူတို့ ၂ ဦးစလုံး ကျဆုံးသွားကြပါပြီ။ သူတို့ဟာ အလွန်ကို စွမ်းဆောင်မှုရှိတဲ့ကေဒါကြီး ၂ ဦးဖြစ်တယ်။ တော်လှန်ရေးမှာပဲ အသက်စွန့်သွားတဲ့ သူတွေပါပဲ။ ကာမင်နိုဆိုရင် စစ်ရေးနဲ့ ပတ်သက်ပြီး အလွန်ထူးချွန်တဲ့ စစ်သားကြီးပဲ။ စစ်ပွဲထဲမှာ ကောင်းကောင်းထုသားပေသားရပြီး လေ့ကျင့်မှုရှိခဲ့သူ ဖြစ်တယ်။ ဒါပေမဲ့ သူ့အနေနဲ့ အလွန်သေးငယ်တဲ့ အုပ်စုတစ်စုကို ဦးဆောင်တိုက်ပွဲဝင် ခဲ့ရတဲ့အတွက် ခက်ခဲကြမ်းတမ်းတဲ့အဖြစ်တွေကို ရင်ဆိုင်ခဲ့ရပါတယ်။ တန်ဖိုးရှိတဲ့ အဲ့ဒီကေဒါရဲဘော်ကြီးတွေဟာ သူတို့အသက်ကို စွန့်လွှတ်ပြီး ပြည်သူတွေရဲ့ လွတ်မြောက်ရေးမှာ စတေးသွားခဲ့ကြပါတယ်။

ဒီရဲဘော်တွေနဲ့ပတ်သက်ပြီး သူတို့အပေါ်ကို ကျွန်တော်တို့ အနေနဲ့ ဝေဖန်နေစရာမလိုသလို ကျွန်တော်တို့အမြင်တွေကိုလည်း ပြောပြနေစရာ မလိုပါဘူး။ တစ်ချိန်တည်းမှာ သူတို့ရဲ့ ရဲစွမ်းသတ္တိ ရှိတဲ့ လုပ်ရပ်တွေကိုလည်း တားဆီးကန့်ကွက်နေစရာလည်း မလိုပါဘူး။ သူတို့က ကျွန်တော်တို့ကို ယုံကြည်သလို ကျွန်တော်တို့ကလည်း သူတို့ကို ယုံကြည်ပါတယ်။ သူတို့နဲ့ ခင်မင်မှုမှာ အကန့်အသတ် တားမြစ်ချက်တွေ မရှိဘူး။ ချေဆိုရင် ကျွန်တော့်အမြင်ကို လေးလေးနက်နက် ခံယူတယ်။ ပြဿနာတွေအပေါ် ကျွန်တော်သုံးသပ်တာ တွေကို လေးလေးစားစား ခံယူကျင့်သုံးပါတယ်။ ကျွန်တော်တို့ရဲ့ မိတ်ဆွေဖြစ်မှုဟာ သူ ကျဆုံးသွားတဲ့အထိ နက်နက်ရှိုင်းရှိုင်း တည်ရှိနေတယ်ဆိုတာကို ကျွန်တော်

ပြောပြချင်ပါတယ်။ ဘိလိပ်ဗီးယားမှာ တော်လှန်ရေးသွားလုပ်တဲ့အထိ သူနဲ့ကျွန်တော် ဆက်ဆံရေးဟာ ကွဲ ပြားမသွားပါဘူး။ အရင်အတိုင်းပဲ ရင်းနှီးတဲ့ဆက်ဆံရေးရှိတယ်။ သူ့ အပေါ်လည်း သဘောထားမပြောင်း သလို သူကလည်း ကျွန်တော့်အပေါ် သဘောထား မပြောင်းပါဘူး။ ဒါကြောင့် ချေနဲ့ကျွန်တော် ဆက်ဆံရေးကို ပြောဆိုနေကြတဲ့ သတင်း စကားများဟာ မမှန်ဘဲ ကောလာဟလ သက်သက်သာ ဖြစ်တယ်လို့ ပြောပြချင်ပါတယ်။

ကျူးဘားမှာမရှိတော့ဘဲ တခြားနိုင်ငံမှာ တော်လှန်ရေးသွား လုပ်တဲ့တိုင် ကျွန်တော်တို့က သူ့ကို ကူညီပါတယ်။ ကျွန်တော်တို့ စဉ်းစားလို့ရတဲ့သူ လိုအပ်မယ်ထင်တဲ့ အကူအညီတွေ ပေးခဲ့ပါတယ်။ မဖြစ်နိုင်တဲ့ အခြေအနေမျိုးမှာ မဖြစ်နိုင်တဲ့အကူအညီကိုတော့ မပေး ပါဘူး။ အကြောင်းအမျိုးမျိုးနဲ့ မပေးနိုင်တဲ့ အကူအညီမျိုးကိုတော့ မပေးခဲ့ပါဘူး။ အဲ့ဒီလို မပေးနိုင်တဲ့အကြောင်းအရင်းကို သူ့ကို ပြောပြ ဖို့ ကျွန်တော်တို့မှာ တာဝန်ရှိပါတယ်။ ပြောလည်း ပြောပြပါတယ်။ မဖြစ် နိုင်တဲ့ အခြေအနေတွေလည်း ရှိပါတယ်။ သူတာဝန်ယူနေတဲ့ ပြောက် ကျားစစ်ပွဲမှာ ကျွန်တော်တို့ရဲဘော်တွေကို စွန့်လွှတ်ဖို့ ခွင့်မပြု နိုင်ဘူး။ ဒါပေမဲ့ သူကတော့ သူလုပ်နိုင်တာကို လုပ်ခဲ့ပါတယ်။ ကျွန်တော်လည်း အတတ်နိုင်ဆုံး ပါဝင်ကူညီခဲ့တယ်။ ကျွန်တော် ယုံကြည်တာကို ယုံကြည် သလောက် ကူညီခဲ့ပါတယ်။

သူနဲ့ကျွန်တော် သဘောထားချင်း မတူတဲ့အချက်တစ်ချက် တော့ ရှိတယ်။ အမြင်ချင်း မတူဘူးလို့ပြောလို့ရပါတယ်။ ကျွန်တော် က တော်လှန်ရေးလှုပ်ရှားမှုတစ်ခုမှာ အင်အားကောင်းတဲ့ လှုပ်ရှားမှု မဖြစ်ခင်အချိန်အထိ ကေဒါတစ်ယောက်ဟာ စိတ်ရှည်ရှည်နဲ့ အခြေ အနေ၊ အချိန်အခါကို စောင့်ဆိုင်းရမယ်။ ဒီကေဒါဟာ သူ့ အရည်အချင်း၊ အရေးပါတဲ့ မဟာဗျူဟာလမ်းစဉ်ကို မချမှတ်နိုင်သေး တဲ့အချိန်အထိ ဒီလှုပ်ရှားမှုကို စောင့်ဆိုင်းရမယ်။ သူက ဒီအခြေအနေကို မစောင့်ဆိုင်း

ပါဘူး။ သူ့အယူအဆအတိုင်း လှုပ်ရှားခဲ့တယ်။ ဒါဟာ အလွန်အန္တရာယ်ကြီးပြီး အလွန်ခက်ခဲပါတယ်။ ဒီလို စိတ်ရှည်ရှည် မစောင့်ဆိုင်းနိုင်တဲ့ အကျိုးဆက်ကတော့ သူ့အသက်ကို ပေးဆပ်လိုက်ရတာပါပဲ။

မေး - *ဘိလီဗီးယား အာဏာပိုင်တွေဟာ ချေရဲ့ရုပ်အလောင်းကို ဘာကြောင့်မပေးကြတာလဲ။ သူ ကွယ်လွန်သွားတဲ့တိုင်အောင် သူ့ကို ကြောက်လန့်နေလို့ မပေးတာလား။*

ဖြေ - ချေရဲ့ရုပ်အလောင်းကို ပြည်သူတွေက လာရောက်ကြည့်ရှုမယ်။ ဂါရဝပြုကြမယ်။ အလေးပြုကြမယ်ဆိုတဲ့အဖြစ်ကို သူတို့ မလိုလားပါဘူး။ အဲ့ဒီလို ပြည်သူလူထုက အလေးအနက်ထားမှာကို သဘောမကျတဲ့အတွက် အလောင်းကို ပြန်မပေးတာ ဖြစ်ပါတယ်။ သူတို့ ချေရဲ့အလောင်းကို ဘာလုပ်တယ်၊ ဘယ်မှာမြုပ်ထားတယ်ဆိုတာ ကျွန်တော် မသိဘူး။ ထားရှိတဲ့နေရာကိုလည်း အတိအကျ မသိရပါဘူး။ မြေမြုပ်ပစ်သလား၊ ရေထဲမျောသလား၊ မီးရှို့ပစ်သလားဆိုတာ မသိပါဘူး။ ဖြစ်နိုင်ချေက အမျိုးမျိုးရှိတယ်။ သတင်းတွေက အဘက်ဘက်က ရပါတယ်။ တချို့သတင်းတွေက လက်ခံနိုင်ပေမဲ့ တချို့သတင်းတွေကတော့ လုံးဝလက်ခံနိုင်စရာ မရှိပါဘူး။ သူတို့ကတော့ ချေရဲ့ ရုပ်အလောင်းကို ပျောက်ကွယ်သွားစေချင်မှာ သေချာပါတယ်။ ယန်းကီးတွေက ချေရဲ့ရုပ်အလောင်းကို ကမ္ဘာမြေကနေ လုံးဝ ပျောက်ကွယ်သွားစေချင်ပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ချေကတော့ အခုအခါ ကမ္ဘာမှာ ကြီးမားတဲ့ သင်္ကေတတစ်ခုဖြစ်လာခဲ့ပါပြီ။ သူရဲ့သူရဲကောင်း ပီသမှု၊ တော်လှန်ရေးသမား ပီသမှုကို စံပြအဖြစ်နဲ့ ပြသခဲ့ပါပြီ။ သူဟာ တတိယကမ္ဘာမှာ အထင်ရှားဆုံး တော်လှန်ရေးသမားတစ်ယောက်၊ တိုက်ပွဲဝင် သူရဲကောင်းတစ်ယောက်ဖြစ်တယ်ဆိုတာကို ကျွန်တော် ထပ်လောင်း ပြောပြချင်ပါတယ်။ ကမ္ဘာပေါ်မှာရှိတဲ့ သူရဲကောင်းတွေ ထဲမှာ သူဟာ အထင်ရှားဆုံး သူရဲကောင်းပါပဲ။ ချေရဲ့ပုံရိပ်ဟာ ကမ္ဘာ့ပြည်သူတွေရဲ့ အား

အကျဆုံးနဲ့ အလေးစားဆုံးပုံရိပ်ဖြစ်တယ်ဆိုတာကို အငြင်းပွားစရာ ရှိမယ်မထင်ပါဘူး။

မေး - ချေကျဆုံးသွားပြီးတဲ့နောက်မှာ တိုက်တိုက်ဆိုင်ဆိုင် တိုက်ခိုက်မှုတွေ ဖြစ်ပါတယ်။ ချေကျဆုံးတာနဲ့ပတ်သက်ပြီး ဖြစ်တာလို့ ဆိုနိုင်တယ်။ ဘိုလီဗီးယားမှာ လူ ၁၆ ယောက်၊ ၁၇ ယောက်လောက်ဟာ ချေကျဆုံးပြီးတဲ့နောက် အသတ်ခံရတယ်လို့ သိရတယ်။ ဒီလူတွေဟာ ချေကိုလုပ်ကြံစဉ်က တိုက်ရိုက်ပတ်သက်တဲ့သူတွေ ပါဝင်သလို တစ်ဆင့် ပတ်သက်တဲ့လူတွေလည်း ပါဝင်တယ်။ ဒီလူတွေ သေဆုံးတာ အတိအကျတော့ မသိရသေးဘူးပေါ့။ ဒီလိုသေဆုံးတာနဲ့ ပတ်သက်ပြီး သမ္မတကြီး ဘယ်လိုသဘောထားပါသလဲ။

ဖြေ - ဒီလိုအခြေအနေမျိုးတွေဟာ ရှိနိုင်ပါတယ်။ ကျွန်တော်တို့ အနေနဲ့က အတိအကျ ပြောရတာ ခက်ပါရဲ့။ ဒါပေမဲ့ ချေကို သတ်ဖြတ်ပစ်လိုက်တဲ့အတွက် သူ့ကို သတ်လိုက်တဲ့သူတွေဟာ ပြည်သူတွေရဲ့ ဒဏ်ခတ်ခြင်းကို ခံရမှာပါ။ အခုလို သေဆုံးတဲ့ သူတွေဟာ ချေကျဆုံးမှုနဲ့ပတ်သက်ပြီး သတ်ခံရတာလည်း ဖြစ်နိုင်တယ်။ သူတို့ဘာသာ အသတ်ခံရတာလည်း ဖြစ်နိုင်ပါတယ်။ တစ်စုံတစ်ယောက်က စနစ်တကျ စည်းရုံးပြီး လုပ်တာဖြစ်ချင်လည်း ဖြစ်နိုင်တယ်။ ပြည်သူတွေက သူတို့နာကြည်းချက်နဲ့ ရုတ်တရက် လက်တုံ့ပြန်လိုက်တာလည်း ဖြစ်နိုင်ပါတယ်။ လူတွေက သူတို့ရဲ့ မကျေနပ်မှုကို သူတို့နည်း သူတို့ဟန်နဲ့ လက်တုံ့ပြန်လိုက်တာတွေ ရှိနိုင်တယ်လို့ ထင်ပါတယ်။ သူ့ကို တိုက်ခိုက်ခဲ့တဲ့ စစ်သားတွေကိုတော့ ကျွန်တော် ရည်ညွှန်းမပြောဆိုပါဘူး။ သူတို့ကတော့ အထက်ကပေးတဲ့ အမိန့်အတိုင်း တိုက်ခိုက်ရတာပါ။ ဒါပေမဲ့ သူ့ကို တိုက်ခိုက်ဖမ်းမိနိုင်အောင် သတင်းပေးတဲ့ သတင်းပေးတွေ၊ သစ္စာဖောက်တွေနဲ့ လက်ကိုင်တုတ်တွေကိုတော့ ကျွန်တော် နာကြည်းမုန်းတီးတဲ့အကြောင်း ပြောချင်ပါတယ်။

မေး - သတင်းပေးတဲ့ လယ်သမားတစ်ယောက်ရှိတယ် မဟုတ်

လား။ ဘယ်သူပါလိမ့်။

ဖြေ - သူနာမည်က ဟိုနိုရာတိုလို့ ထင်ပါတယ်။

မေး - *ဟိုနိုရာတိုရိုဂျက်စ်ကို ပြောတာလား။*

ဖြေ - သူအကြောင်းကို ကျွန်တော်က စာအုပ်ထဲမှာ ဖတ်ရတာပါ။ ရေးသူက ဘိုလီဗီးယား ဝိုလ်ချုပ်ကြီး ဂယ်ရီပရာဒိုဖြစ်ပါတယ်။ သူဟာ ကျန်းမာရေး သိပ်မကောင်းဘူးလို့ သိရပါတယ်။ အခုဆိုရင် ဝါရှင်တန်မှာ စစ်သံမှူးအဖြစ် တာဝန်ယူနေပါတယ်။ သူ ရေးတဲ့စာအုပ်ဟာ အလွန်ကို လက်တွေ့ကျပြီး လေးစားဖို့ ကောင်းပါတယ်။ စိတ်ကူးနဲ့ ရေးတာမဟုတ်ဘဲ အချက်အလက်နဲ့ ရေးတာပါ။ ဘိုလီဗီးယားတပ်မတော်ကို သူက ခိုးမြောက်ပြီးရေးတဲ့ စာအုပ်လည်း ဖြစ်ပါတယ်။ ဒီအကြောင်းတွေကို ကျွန်တော် မငြင်းချင်ပါဘူး။ ဘိုလီဗီးယားစစ်သားတစ်ယောက်ဟာ သူ့အဖွဲ့အစည်းအပေါ်မှာတော့ သဘောကျနှစ်ခြိုက်မှာပါပဲ။ တကယ်တော့ ဘိုလီဗီးယားစစ်တပ်ဟာ အလွန်လေ့ကျင့်မှု အားနည်းတဲ့ စစ်တပ်ပါ။ အဲ့ဒီအချိန်က အတွေ့အကြုံလည်း နည်းသေးတယ်။ ယန်းကီးတွေကတော့ ဘိုလီဗီးယားစစ်တပ်ကို အတတ်နိုင်ဆုံး ထောက်ပံ့ခဲ့တယ်။ လေ့ကျင့်ရေးအစီအစဉ်တွေလည်း ရေးဆွဲပေးခဲ့တယ်။ ဘာကြောင့်လဲဆိုတော့ ယန်းကီးတွေက ချေကို ချေမှုန်းပစ်ချင်တာကိုး။

မေး - ချေနဲ့သမ္မတကြီးဟာ အလွန်ရင်းနှီးခင်မင်တဲ့သူတွေလို့ သိရှိရတယ်။ နောက်ဆုံး သူနဲ့မခွဲခွာခင် တွေ့ခဲ့တဲ့အကြောင်းကို ပြောပြပါ။ နောက်ဆုံး ကျူးဘားက မထွက်ခင် တွေ့ခဲ့တုန်းက ခင်ဗျားတို့ မိတ်ဆွေ ၂ ယောက် ပွေ့ဖက်ပြီး နှုတ်ဆက်ခဲ့ကြသလား။ လက်ဆွဲပြီးပဲ နှုတ်ဆက်ခဲ့ကြပါသလား။

ဖြေ - ကျွန်တော်တို့ ၂ ယောက်ဟာ အချိန်အကြာကြီး လက်တွဲအလုပ်လုပ်ခဲ့ပါတယ်။ တစ်ယောက်နဲ့တစ်ယောက် နွေးထွေးချစ်ခင်မှု ရှိကြသလို ယုံကြည်မှုလည်း ရှိကြပါတယ်။ နောက်ဆုံးတွေ့တုန်းကတော့ တစ်ယောက်နဲ့တစ်ယောက် ပွေ့ဖက်ပြီး မနှုတ်ဆက်ခဲ့

ပါဘူးဗျာ။ လွန်လွန်ကဲကဲ နှုတ်ဆက်တာမျိုးလည်း မရှိပါဘူး။ ကျွန်တော်တို့ဟာ တစ်ယောက်ကို တစ်ယောက် ချစ်ခင်ယုံကြည်မှု ရှိပါတယ်။ ဒါပေမဲ့ လိုတာထက်ပိုတဲ့ အမူအရာမျိုးတော့ မလုပ်ခဲ့ပါဘူး။ ကျွန်တော်တို့ ၂ ယောက်ဟာ စကားတွေ အများကြီးလည်း ပြောဖူးတယ်။ ပီနာဒီရီပြည်နယ်မှာ သူတို့ရှိတုန်းကဆိုရင် ကျွန်တော် သူ့ဆီသွားပြီး မကြာခဏ စကားပြောခဲ့ဖူးတယ်။ အဲဒီတုန်းက တော်လှန်ရေးအတွက် လေ့ကျင့်နေတဲ့အချိန်ပေါ့။

မေး - သူ ထွက်ခွာသွားတဲ့နေ့က အဖြစ်အပျက်ကို ပြောပြပါဦး။

ဖြေ - သူ ကျူးဘားက ထွက်ခွာသွားတဲ့နေ့က ကျွန်တော်တို့ဟာသလေးတစ်ခုတောင် ပြောသေးတယ်။ သူ ထွက်ခွာသွားတုန်းက ကျွန်တော်ပါတီခေါင်းဆောင်တွေကို ဖိတ်ခေါ်ပြီး နှုတ်ဆက်ခဲ့တယ်။ အဲဒီထဲမှာ အယုံကြည်ရဆုံး၊ အရင်းနှီးဆုံးလူတွေပါတာပေါ့။ တခြား လူစိမ်းတွေမပါဘဲ ကျွန်တော်တို့တွေချည်းပဲ နေ့လယ်စာစားကြတယ်။ ည့ဲသည်းကတော့ ချေပေါ့။ အဲဒီတုန်းက ချေက ရုပ်ဖျက်ထားပြီးပြီ။ သူ့ကို ချေဗဟားရားလို့ ဘယ်သူမှ မပြောနိုင်ဘူး။ တကယ်ကို ပီပီရိရိ ရုပ်ဖျက်ထားတာပါ။ သူ ကျူးဘားက မထွက်ခင် ဟားဗားနားက အိမ်တစ်အိမ်မှာတွေ့ဆုံပြီး နေ့လယ်စာ စားကြတယ်။ နေ့လယ်စာ စားကြတဲ့ ရဲဘော်တွေဟာ အရင်က တိုက်ပွဲအတူဝင်ခဲ့ကြတဲ့ ရဲဘော် တွေဖြစ်ပါတယ်။ အဲဒီမှာ ချေရောက်လာတဲ့အခါ သူမှန်း ဘယ်သူမှ ရုတ်တရက် မသိကြဘူး။ ရဲဘော်တွေအားလုံးစုံပြီး နေ့လယ်စာ စားကြမှ ကျွန်တော်က သူဟာ ချေဖြစ်ပါတယ်လို့ မိတ်ဆက်ရတယ်။ ချေဟာ ပီပီရိရိ ပြင်ဆင်ခဲ့ပါတယ်။ စနစ်တကျ ပြင်ဆင်ပြီးမှ သူက ခရီးသွားခဲ့တာပါ။ တကယ်ကို ရုပ်ဖျက်တဲ့နေရာမှာ အလွန်တော်ပါတယ်။ ဘယ်သူကမှ သူ့ကို မမှတ်မိဘူး။ သူနဲ့ အရင်းနှီးဆုံး ရဲဘော်တွေတောင် မမှတ်မိပါဘူး။ သူရောက်လာတော့ ရဲဘော်တွေက သူ့ကို ဧည့်သည်တစ်ယောက်လိုပဲ ဆက်ဆံခဲ့ကြတာပေါ့။

အဲ့ဒီမှာ ကျွန်တော်တို့ဟာ နောက်ပြောင်ကျီစယ်ရင်း ရွှေဟောင်းနှောင်း ဖြစ်တွေပြောရင်း ကုန်ဆုံးခဲ့ပါတယ်။

မေး (ဂီယန်နီမီနာ) - *သမ္မတကြီးအနေနဲ့ ကျွန်တော်မေးသမျှကို အခုလို ပြောပြတဲ့အတွက် အလွန်ကျေးဇူးတင်ပါတယ်။ သမ္မတကြီး ဆီက အဖြစ်အပျက်တွေကို ကြားရတဲ့အတွက်လည်း အလွန်ကြည်နူးမိပါတယ်။ ကျွန်တော်တို့ခေတ်ရဲ့ သမိုင်း၊ ကျွန်တော်တို့ဖြတ်သန်းခဲ့ရတဲ့သမိုင်းကို ပြောပြတဲ့အတွက်လည်း အလွန်ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ တွေးထင်ခဲ့တဲ့အကြောင်းအရာတွေကို ရှင်းပြတဲ့အတွက်လည်း အလွန် ကျေးဇူးတင်ပါတယ်။ အခုလို ကျွန်တော်မေးသမျှ မခြွင်းမချန် ဖြေကြား ပေးခဲ့တဲ့အတွက် ကျေးဇူးတင်ကြောင်း အလေးအနက် ပြောကြားလိုပါ တယ်။*

ဖြေ (ဖီဒယ်လ်ကက်စထရို) - ကျွန်တော်တို့မှာ အမှန်အတိုင်း သိရှိဖို့အတွက် ပြောရမယ့်တာဝန် ရှိပါတယ်။ တချို့ ကြားနေရတဲ့ သတင်းတွေက ကောလဟလနဲ့ မမှန်သတင်းတွေ များပါတယ်။ အခု ဖြေကြားတဲ့အထဲမှာ ဘယ်သူ့ကိုမှ စွပ်စွဲတိုက်ခိုက်တာ၊ အပြစ်ပုံချတာ မရှိပါဘူး။ ကျွန်တော်တို့မှာ တာဝန်ရှိတယ်ဆိုရင်လည်း ပြောမှာပါပဲ။ ဒီလိုပဲ မွန်ဂျေးမှာ တာဝန်ရှိတယ်။ အခြားသူတွေမှာ တာဝန်ရှိတယ် ဆိုတာကိုလည်း ပြောရမှာပဲ။ ကျွန်တော်တို့ရဲဘော်ကြီးအကြောင်းကို အသေးစိတ် ရှင်းလင်းပြောပြခဲ့ပါတယ်။ ဒါဟာ ပြောသင့်တဲ့အရာ ဖြစ်တယ်လို့ ယူဆပြီး ကျွန်တော်ပြောခဲ့တာပါ။

ယခု အဖြစ်အပျက်နဲ့သူ့အကြောင်းရေးတဲ့စာအုပ်မှာ ဘာ ကြောင့် ကျွန်တော်နိဒါန်းရေးခဲ့ရသလဲဆိုရင် စာဖတ်သူတွေ အဖြစ်မှန် အတိုင်း သိအောင်ပါ။ လိုအပ်တဲ့နိဒါန်းလို့ ပြောရလိမ့်မယ်။ ချေရဲ့နေ့စဉ် မှတ်တမ်း (ဘိုလီဗီးယားဒိုင်ယာရီ)ကို ပုံနှိပ်တဲ့အခါမှာ ကျွန်တော် လိုအပ်တဲ့နိဒါန်းကို ရေးခဲ့ပါတယ်။ အားလုံးကို ကျွန်တော် ရှင်းပြထား တယ်။ ပါဝင်ပတ်သက်တဲ့သူတွေကိုလည်း အားလုံးရေး ထည့်ထားတယ်။

ဖြစ်စဉ်တွေကို အစဉ်အတိုင်း ရေးခဲ့တာဖြစ်တယ်။ ဒါကို ပုံနှိပ်ထုတ်ဝေပါတယ်။ နေ့စဉ်မှတ်တမ်းကို တစ်ကမ္ဘာလုံးကို ဖြန့်ချိမှာဖြစ်တယ်။ ကမ္ဘာပြည်သူတွေသိဖို့ ကျွန်တော်တို့မှာ တာဝန်ရှိတယ်လို့လည်း ယူဆပါတယ်။

ဖြစ်စဉ်အားလုံးလိုလို ကျွန်တော် ကောင်းကောင်းသိပါတယ်။ ဒီအကြောင်းနဲ့ပတ်သက်ပြီး ကျွန်တော်နဲ့ဆက်စပ်နေမှုတွေလည်း အများကြီးရှိပါတယ်။ ချေကျဆုံးသွားတာနဲ့ ပတ်သက်ပြီး ပြန်လည် သုံးသပ်ကြည့်တယ်။ ကျွန်တော်က ချေရဲ့အကြောင်းကို ကောင်း ကောင်းသိတယ်။ သူရဲ့ စိတ်ဓာတ်၊ အမူအကျင့်တွေကိုလည်း အလွန် အလွန် အလွန်သိပါတယ်။ ဒါကြောင့် သူတို့ ဘယ်လိုဖြစ်ခဲ့တယ်၊ ဒီအဖြစ်အပျက်တွေမှာ ဘယ်လို လွှမ်းမိုးမှုတွေ ရှိတယ်ဆိုတာ သိပါတယ်။ ဒီအကြောင်းကို အရင်က ကျွန်တော်ဘာမှ မပြောခဲ့ပါဘူး။ သမိုင်းရဲ့စာမျက်နှာကို ရေးတဲ့အခါမှာ အဲ့ဒီအချက်တွေ ပါဝင်အောင် ထည့်သွင်းရမယ့် လွတ်နေတဲ့အချက်တွေ၊ ပျောက်ဆုံးနေတဲ့ အကြောင်းအရာတွေရှိရင်လည်း ရှာဖွေဖော်ထုတ်ပြီး ပျောက်မသွားအောင် ရေးသားထားရပါမယ်။ သမိုင်းအမှန်ကို သိဖို့ ဖော်ထုတ်ရေးသားရမယ့် အချိန်ရောက်လာပြီလို့ ကျွန်တော် ယူဆပါတယ်။

အခန်း (၇)

အောက်ဖော်ပြပါ မိန့်ခွန်းသည် ၁၉၈၇ ခုနှစ်၊ အောက်တိုဘာလ (၈)ရက်နေ့တွင် ဖီဒယ်လ်ကက်စထရို ပြောကြားသော မိန့်ခွန်းဖြစ်ပါသည်။ ထိုနေ့သည် အာနက်စတိုချေဂွေဗားရား ကျဆုံးသော အထိမ်းအမှတ် အကြိမ် ၂၀ မြောက် အခမ်းအနားတွင် ပြောကြားသော မိန့်ခွန်းလည်း ဖြစ်သည်။ ထိုအခမ်းအနားကို ပီနာဒဲလ်ရီယိုမြို့ရှိ အသစ် ဆောက်လုပ်ထားသော ခေတ်မီအီလက်ထရောနစ် စက်ပစ္စည်းများ တပ်ဆင်ထားသော ခန်းမကြီးတွင် ပြောကြားခြင်းဖြစ်လေသည်။

လွန်ခဲ့တဲ့ အနှစ် ၂၀ လောက်က ရဲဘော်အာနက်စတို ချေဂွေဗားရားကို ဂုဏ်ပြုတဲ့ လူထုစည်းဝေးပွဲကြီးကို တော်လှန်ရေး ပလာဇာမှာ ကျင်းပခဲ့တာကို ကျွန်တော်ကြုံတွေ့ခဲ့ရပါတယ်။ အဲဒီနေ့က ၁၉၆၇ ခုနှစ် အောက်တိုဘာလ (၁၈) ရက်နေ့ ဖြစ်ပါတယ်။ အဲဒီတုန်းကလူထုစည်းဝေးပွဲကြီးမှာ အလွန်ခါးသီးခက်ခဲ အလွန် နာကြည်းစရာကောင်းတဲ့ နေ့ရက်တွေကို ကျွန်တော်တို့ ကြုံတွေ့ခဲ့တာ ဖြစ်တယ်။ ယူရိုတောင်ကြားမှာ ချေကျဆုံးသွားတယ်ဆိုတဲ့သတင်းကို သတင်းဌာနတွေက လွှင့်ထုတ်ခဲ့ပြီးတဲ့နောက် ကြေကွဲစရာကောင်းတဲ့ အဲဒီသတင်းကို ကျွန်တော်တို့အားလုံး ခံစားခဲ့ကြရတယ်။

အစပိုင်းကတော့ ဒီသတင်းကို ဘယ်သူမှ ယုံကြည်လက်ခံမှု

အခန်း (၇)

အောက်ဖော်ပြပါ မိန့်ခွန်းသည် ၁၉၈၇ ခုနှစ်၊ အောက်တိုဘာလ (၈)ရက်နေ့တွင် ဖီဒယ်လ်ကက်စထရို ပြောကြားသော မိန့်ခွန်းဖြစ်ပါသည်။ ထိုနေ့သည် အာနက်စတိုချေဂွေဗားရား ကျဆုံးသော အထိမ်းအမှတ် အကြိမ် ၂၀ မြောက် အခမ်းအနားတွင် ပြောကြားသော မိန့်ခွန်းလည်း ဖြစ်သည်။ ထိုအခမ်းအနားကို ပီနာဒဲလ်ရီယိုမြို့ရှိ အသစ် ဆောက်လုပ်ထားသော ခေတ်မီအီလက်ထရောနစ် စက်ပစ္စည်းများ တပ်ဆင်ထားသော ခန်းမကြီးတွင် ပြောကြားခြင်းဖြစ်လေသည်။

လွန်ခဲ့တဲ့ အနှစ် ၂၀ လောက်က ရဲဘော်အာနက်စတို ချေဂွေဗားရားကို ဂုဏ်ပြုတဲ့ လူထုစည်းဝေးပွဲကြီးကို တော်လှန်ရေး ပလာဇာမှာ ကျင်းပခဲ့တာကို ကျွန်တော်ကြုံတွေ့ခဲ့ရပါတယ်။ အဲဒီနေ့က ၁၉၆၇ ခုနှစ် အောက်တိုဘာလ (၁၈) ရက်နေ့ ဖြစ်ပါတယ်။ အဲဒီတုန်းကလူထုစည်းဝေးပွဲကြီးမှာ အလွန်ခါးသီးခက်ခဲ အလွန် နာကြည်းစရာကောင်းတဲ့ နေ့ရက်တွေကို ကျွန်တော်တို့ ကြုံတွေ့ခဲ့တာ ဖြစ်တယ်။ ယူရိုတောင်ကြားမှာ ချေကျဆုံးသွားတယ်ဆိုတဲ့သတင်းကို သတင်းဌာနတွေက လွှင့်ထုတ်ခဲ့ပြီးတဲ့နောက် ကြေကွဲစရာကောင်းတဲ့ အဲဒီသတင်းကို ကျွန်တော်တို့အားလုံး ခံစားခဲ့ကြရတယ်။

အစပိုင်းကတော့ ဒီသတင်းကို ဘယ်သူမှ ယုံကြည်လက်ခံမှု

မရှိကြသေးပါဘူး။ တဖြည်းဖြည်းနဲ့ ဒီသတင်းဟာ ခိုင်လုံတိကျလာတဲ့အတွက် အမှန်ပဲလို့ ကျွန်တော်တို့ လက်ခံခဲ့ကြတယ်။ သူ ရုပ်အလောင်းကို ရိုက်ကူးထားတဲ့ပုံကို ကြည့်ရတယ်။ ခိုင်လုံတဲ့ သတင်းအချက် အလက်တွေကိုလည်း ကျွန်တော်တို့ ရခဲ့တယ်။ အသေးစိတ်အချက်တွေရရှိပြီး ကျွန်တော်တို့ လက်ခံခဲ့တဲ့အတွက် သူ့အတွက် ဂုဏ်ပြုအခမ်းအနား ကျင်းပခဲ့တာပါ။ အဲဒီတုန်းက ကျွန်တော်တို့နိုင်ငံက ပြည်သူထောင်ပေါင်းများစွာဟာ လူအုပ်ကြီးနဲ့ သူ့အတွက် ဂုဏ်ပြုအခမ်းအနား ကျင်းပခဲ့ပါတယ်။ ကျဆုံးသွားတဲ့ ရဲဘော်ကြီးကို အလေးပြုပြီး သူ့အတွက် ကြေကွဲဝမ်းနည်းတဲ့ အခမ်းအနား ကျင်းပလိုက်တာပါ။

ယခုဆိုရင် သူ ကျဆုံးခဲ့တာ အနှစ် ၂၀ ရှိပါပြီ။ ယခု အောက်တိုဘာ (၈)ရက်နေ့ဆိုရင် ကျွန်တော်တို့ရဲ့ ချစ်လှစွာသော ရဲဘော်ကြီး တိုက်ပွဲမှာ ကျဆုံးခဲ့တာ အနှစ် ၂၀ မြောက် အခမ်းအနားကို ကျင်းပနေတာပါ။ ယုံကြည်လောက်တဲ့ သတင်းပေးပို့ချက်တွေအရ သူဟာ အမှန်တကယ်ကို သတ်ဖြတ်ခံလိုက်ရတာ ဖြစ်တယ်။ တိုက်ပွဲ မှာ ဒဏ်ရာရပြီး သူ အဖမ်းခံရပြီးနောက် ဒဏ်ရာရ၊ လက်နက်မဲ့နေ သူကို ရက်ရက်စက်စက် သတ်ဖြတ်လိုက်ကြတာပါ။ ဒါကြောင့် အခုလို ဘာကြောင့် ဂုဏ်ပြုအခမ်းအနားကျင်းပနေရတာလဲဆိုတာ အားလုံးသဘောပေါက်နားလည်ကြမှာပါ။ အောက်တိုဘာလ (၈)ရက်နေ့ဟာ အာဇာနည်သူရဲကောင်းတစ်ယောက်ကို တခမ်းတနားနဲ့ ဂုဏ်ပြုတဲ့နေ့ ဖြစ်ပါတယ်။

သူ ကျဆုံးခဲ့တဲ့ ပထမနှစ်ကုန်လွန်ပြီးတဲ့နောက် ၅ နှစ်၊ ၁၀ နှစ်၊ ၁၅ နှစ် စတဲ့ နှစ်ပတ်လည်အခမ်းအနားတွေကို နှစ်စဉ်၊ နှစ်စဉ် သတိရအောက်မေ့တဲ့ အခမ်းအနားတွေ ကျင်းပခဲ့သလို ယခု အနှစ် ၂၀ ပြည့်ကိုလည်း ဂုဏ်ပြုအခမ်းအနားပြုလုပ်ပါတယ်။ ယခုလို ကျင်းပတာဟာ သမိုင်းဝင် အဖြစ်အပျက်တစ်ခု၊ သမိုင်းဝင် သူရဲကောင်းတစ်ယောက်ကျဆုံးတဲ့ အခမ်းအနားတစ်ခုကို သတိတရ ပြုလုပ်ရတာဟာ လိုအပ်ချက်ဖြစ်ပါတယ်။ အထူးသဖြင့် သူလိုပုဂ္ဂိုလ် တစ်ဦးကို လုပ်ရ

တာဟာ လိုအပ်ပါတယ်။ ဒါဟာ ပြုလုပ်နေကျ ထုံးစံအတိုင်းပါပဲ။ သမားရိုးကျအနေနဲ့မဟုတ်ဘဲ ထူးခြားတဲ့ အခမ်းအနား အဖြစ်လည်း ပြုလုပ်တာဖြစ်တယ်။ သာမန်စိတ်ကူးပေါက်ရာ ပြုလုပ်တာလည်း မဟုတ်ပါဘူး။ ပြည်သူတွေအားလုံးက လွန်ခဲ့တဲ့ လပေါင်းများစွာကတည်းက ဒီနေ့ကို မှတ်မှတ်ရရ မှတ်သားပြီး ယခုလို အနှစ် ၂၀ ပြည့် အခမ်းအနား ကျင်းပလိုက်ခြင်းဖြစ်တယ်။ ဒီကနေ့ ကျွန်တော်တို့ ဒီအခမ်းအနားကို ရောက်လာတဲ့အခါမှာ လွန်ခဲ့တဲ့ အနှစ် ၂၀ ဟာ မနေ့တစ်နေ့ကလိုပဲ မှတ်ယူနေကြတယ်။ ကြေကွဲ ဝမ်းနည်းစွာနဲ့ ဒီအခမ်းအနားကို ကျွန်တော်တို့ စုဝေးတက်ရောက် လာကြတာဖြစ်တယ်။ စုဝေးလာတဲ့ပြည်သူတွေဟာ နိုင်းလပ်စ်ဂူလင်ရဲ့ ကဗျာကိုရွတ်ဆိုပြီး ဒီအခမ်းအနားကို တက်ရောက်လာကြတယ်။ လွန်ခဲ့တဲ့ အနှစ် ၂၀ က ကြားရတဲ့ကဗျာကို ရွတ်ဆိုပြီး ဒီအခမ်းအနားကို တက်ရောက်လာကြတာ ဖြစ်ပါတယ်။

ဒီအခမ်းအနားမှာ ကျွန်တော့်အနေနဲ့ စိတ်မကောင်းကြီးစွာနဲ့ စကားပြောဖို့ အစီအစဉ်ရှိပါတယ်။ ကျွန်တော်စကားပြောတဲ့အခါ ကျွန်တော်တို့ ဂုဏ်ပြုရတဲ့ရဲဘော်ကြီးအတွက် ကြိုးစားပြီး ပြောဖို့ စဉ်းစားထားပါတယ်။ စာရေးပြီး ပြောချင်လည်း ပြောပါလိမ့်မယ်။ နှုတ်တိုက်လည်း ပြောဖြစ်ချင် ပြောဖြစ်ပါမယ်။ ကျွန်တော့်အနေနဲ့ အလုပ်ပိနေတဲ့ကြားက ကျွန်တော်တို့ရဲဘော်ကြီးအတွက် တစ်မိနစ်ပဲ ဖြစ်ဖြစ် လေးလေးနက်နက် ပြောရပါလိမ့်မယ်။ အဖြစ်အပျက်တွေနဲ့ ပတ်သက်ပြီး စဉ်းစားမိတဲ့ အဖြစ်တွေ၊ အောက်မေ့တသဖြစ်စရာ အဖြစ်တွေကို ပြောရပါမယ်။ ပြောမယ့်ဟာတွေကို ကျွန်တော်တစ်ယောက်တည်း စဉ်းစားချိန်ယူခဲ့ရပါတယ်။

ကျွန်တော့် အနေနဲ့ ချေကို ပြန်ပြောင်းသတိရနေတာကို ဘာကြောင့် လိုလားနှစ်ခြိုက်ရပါသလဲ။ ခင်ဗျားတို့နဲ့အတူ သူ့အကြောင်း စဉ်းစားရတာကို ဘာကြောင့် သဘောကျရပါသလဲ။ ဘာကြောင့်လဲဆိုတော့ ချေအကြောင်း စဉ်းစားစရာ မကုန်မခမ်းနိုင် ရှိနေလို့ပါပဲ။

မနေ့ကဆိုရင် ကျွန်တော်ဟာ တွေ့ဆုံအင်တာဗျူးတစ်ခု လုပ်ခဲ့ပါတယ်။ ကျွန်တော်တို့နိုင်ငံထဲမှာပဲ လုပ်ခဲ့တာပါ။ အီတလီ သတင်းစာဆရာ ဂျီယန်နီမီနာနဲ့ တွေ့ဆုံပြီး သူမေးတာတွေ ဖြေကြားခဲ့တာပါ။ ရုပ်မြင်သံကြားကင်မရာရှေ့မှာ ၁၆ နာရီလောက်ကြာအောင် ထိုင်ပြီး စကားပြောခဲ့တယ်။ သူမေးတာက မေးခွန်းပေါင်း ၁၀၀ ကျော် ပါတယ်။ လာမေးတဲ့သတင်းစာဆရာက ချေအကြောင်းကို အလွန် စိတ်ဝင်စားပါတယ်။ သူမေးသမျှကို တီဗွီရိုက်ပြီး ထုတ်လွှင့်ပြသမယ် ထင်ပါတယ်။ မနက် ၃ နာရီကနေ ညနေ (၄)နာရီအထိကတော့ မေးမယ့်အကြောင်းအရာတွေကို ပြောကြတယ်။ ကျွန်တော်က မေးခွန်းတစ်ခုတိုင်းကို ကြိုးစားပြီး ဖြေဖို့လည်း စီစဉ်ရတယ်။ ချေနဲ့ ပတ်သက်ပြီး ကျွန်တော်မှတ်မိသမျှကို ပြန်လည်သုံးသပ်ပြီး အထူးပြုကြိုးစားဖြေဆိုရပါတယ်။

ကျွန်တော်ရင်ထဲမှာ ခံစားခဲ့ရတဲ့ သတိရစရာတွေအကြောင်းကိုလည်း ပြောပြပါတယ်။ တခြားရဲဘော်တွေလည်း ကျွန်တော့်လိုပဲ ခံစားရမယ်လို့ ထင်တယ်။ ချေဟာ ကျွန်တော်တို့ရင်ထဲမှာ အမြဲ ထာဝရရှိနေဆဲပဲလို့ ယုံကြည်ပါတယ်။ ချေနဲ့ဆက်ဆံခဲ့ရတာတွေကို လည်း မှတ်မိနေသလို သူနဲ့ ကျွန်တော်တို့ရဲ့ ရင်းနှီးမှု၊ ချစ်ခင်မှု၊ တကယ့်ရဲဘော်တွေအဖြစ် အနစ်နာခံနေထိုင်မှုတွေကိုလည်း ထာဝရ သိမ်းဆည်းထားပါတယ်။ ၁၂ နှစ်နီးပါး စည်းလုံးစွာ တိုက်ပွဲဝင်ခဲ့တာကိုလည်း သတိရနေတယ်။ မက္ကဆီကိုမှာ သူနဲ့ စတင်တွေ့ရှိပြီး သူကွယ်လွန်တဲ့အထိပေါင်းသင်းဆက်ဆံခဲ့တာတွေကိုလည်း သတိရနေပါတယ်။ သမိုင်းဖြစ်ရပ်တွေထဲက ကြွယ်ဝတဲ့၊ ကြည်နူးစရာကောင်းတဲ့ အဖြစ်တွေကို မမေ့နိုင်ခဲ့ပါဘူး။ အတူလက်တွဲပြီး ဒုက္ခရောက်ခဲ့တဲ့ ဆင်းရဲတဲ့နှစ်ကာလတွေကိုလည်း မမေ့ကြပါဘူး။ သူနဲ့တွေ့ဆုံခဲ့တဲ့ နောက်ဆုံးရက်တွေကို ကျွန်တော်တို့ ယခုတိုင် အမှတ်ရနေဆဲပါပဲ။

ကျွန်တော်တို့ဟာ ချေနဲ့အတူ ဂရမ်မာရွက်လှေနဲ့ ခရီးသွားခဲ့တဲ့အချိန်ကို သတိရနေပါတယ်။ ရဲစွမ်းသတ္တိနဲ့ ဂုဏ်ပြောင်လှတဲ့ အဲဒီ

ကာလတွေဟာ လုံးဝမေ့မရတဲ့ အဖြစ်တွေပါ။ ဂရမ်မာရွက်လှေနဲ့ ကျူးဘားကမ်းကိုတက်ပြီး ခက်ခဲကြမ်းတမ်းတဲ့နေ့ရက်တွေကို ဖြတ်ကျော်ခဲ့တယ်။ တောင်တန်းတွေပေါ် ခက်ခက်ခဲခဲတက်ပြီး တိုက်ပွဲတွေဆင်နွှဲခဲ့တယ်။ တပ်မတော်ကို တည်ဆောက်ခဲ့ပါတယ်။ ပထမဆုံးတိုက်ပွဲကနေ နောက်ဆုံးတိုက်ပွဲတွေအထိ အမြဲသတိရနေခဲ့ပါတယ်။

ခက်ခဲပြင်းထန်တဲ့ကာလတွေကို ဖြတ်ကျော်ပြီးတဲ့အခါမှာ တော်လှန်ရေးအောင်ပွဲရခဲ့တယ်။ ပထမဆုံးတော်လှန်ရေးဥပဒေတွေ ပြဋ္ဌာန်းခဲ့ကြတယ်။ ပြည်သူတွေကို သစ္စာရှိဖို့၊ ပြည်သူတွေရဲ့ဘဝ လုံးဝပြောင်းလဲဖို့ ဆုံးဖြတ်ခဲ့ကြတယ်။ တော်လှန်ရေးအောင်မြင်ပြီးတဲ့အခါ နယ်ချဲ့သမားတွေရဲ့ ရန်ပြုမှုကို ခံခဲ့ကြရတယ်။ နယ်ချဲ့သမားတွေရဲ့ မမှန်သတင်းလွှင့်မှုတွေကို ရင်ဆိုင်ခဲ့ရတယ်။ တော်လှန်ရေးကို ဆန့်ကျင်တဲ့သူတွေဟာ လူရမ်းကားတွေရဲ့ ရာဇဝတ်ပြစ်မှုတွေကို ဖန်တီးလာကြတယ်။ နယ်ချဲ့သမားရဲ့ လက်ပါးစေတွေကလည်း ကျွန်တော်တို့ပြည်သူတွေကို သတ်ဖြတ်ခဲ့ကြတယ်။ စီးပွားရေးပိတ်ဆို့မှုတွေ၊ ဝက်ပင်လယ်အော် ကျူးကျော်မှုတွေကို နယ်ချဲ့သမားက ပြုလုပ်လာတယ်။ ကျွန်တော်တို့ဟာ ခကြေးစားတွေကို ဆန့်ကျင်တဲ့တိုက်ပွဲတွေ ဝင်ခဲ့ရတယ်။ အောက်တိုဘာဒုံးပျံအကျပ်အတည်းကိုလည်း ရင်ဆိုင်ခဲ့ရတယ်။ ဆိုရှယ်လစ်ဝါဒ တည်ဆောက်ရေး ပထမခြေလှမ်းတွေကို ကျွန်တော်တို့လှမ်းခဲ့ကြပါတယ်။ အတွေ့အကြုံလည်း မရှိ၊ ကေဒါလည်း ရှားပါး၊ အင်ဂျင်နီယာလည်း နည်းပါးတဲ့အတွက် စီးပွားရေးဟာ မျှော်လင့်သလို မဖြစ်ထွန်းခဲ့ပါဘူး။ ကျွန်တော်တို့မှာ ကျွမ်းကျင်တဲ့ပညာရှင်တွေ ရှားပါးပါတယ်။ တစ်နိုင်ငံလုံးမှာ လူထုကို ကုသဖို့ ဆရာဝန် ၆၀၀၀ ထဲမှာ ၃၀၀၀ ပဲ ရှိတော့တယ်။

ဒီလိုနဲ့ ပထမနဲ့ဒုတိယဟာ ဟားဗားနားကြေညာချက်တွေထွက်လာခဲ့တယ်။ အထိုးကျန်အောင်လုပ်ထားတဲ့ ကျွန်တော်တို့နိုင်ငံ ဟာကိုယ့်အားကိုယ်ကိုး ကြိုးစားခဲ့တယ်။ လက်တင်အမေရိကနိုင်ငံ တွေနဲ့

သံတမန်ဆက်ဆံနိုင်အောင် အားထုတ်ခဲ့တယ်။ မက္ကဆီကိုက လွဲပြီး ကျန်နိုင်ငံတွေနဲ့ သံတမန်ဆက်ဆံနိုင်ခဲ့တယ်။ အဲဒီလို ခက်ခဲ ကြမ်းတမ်းတဲ့ကာလတွေကို ကျွန်တော်တို့ ဖြတ်သန်းခဲ့ရတဲ့အခါမှာ ကျွန်တော်တို့ ရဲဘော်တွေဟာ စည်းစည်းလုံးလုံးနဲ့ နိုင်ငံစီးပွားရေး နာလန်ထူအောင် အားသွန်ခွန်စိုက် ကြိုးစားခဲ့တယ်။ မအိပ်မနေ ကြိုးစားအားထုတ်တဲ့ နှစ်ကာလတွေကို မမေ့နိုင်စရာပါပဲ။ နိုင်ငံရဲ့ စီးပွားရေးကို တည်ဆောက်ဖို့အတွက် ပြည်သူတွေကို စည်းရုံးခဲ့ပါ တယ်။ ဒီအဖြစ်အပျက်တွေကြောင့် ကျွန်တော်တို့ဟာ အောင်ပွဲ အသီးအပွင့်တွေကို ခံစားခဲ့ကြရတယ်။

အဲဒီလို ကျူးဘားမှာ ဆိုရှယ်လစ်စနစ် တည်ဆောက်ချိန်မှာပဲ ချေကတော့ သူရဲ့ဆန္ဒဟောင်းကို အကောင်အထည်ဖော်ဖို့ စိတ်ဓာတ် ပြင်းပြလာခဲ့တယ်။ အဲဒါက သူရဲ့အယူအဆဟောင်းပါပဲ။ တောင် အမေရိကကို ပြန်သွားမယ်။ သူ့နိုင်ငံကို ပြန်သွားပြီး အဲဒီမှာ တော်လှန်ရေးအခြေခံဒေသ တည်ဆောက်ပြီး ကျွန်တော်တို့နိုင်ငံမှာ ရခဲ့တဲ့အတွေ့အကြုံနဲ့ တော်လှန်ရေးဆင်နွှဲမယ်ဆိုတဲ့ သူရဲ့ယခင်က ဆန္ဒပါပဲ။ ချေဟာ အဲဒီမှာ တော်လှန်ရေးဆင်နွှဲဖို့ သူ့ဘာသာသူ ကြိုးစားစည်းရုံးတယ်။ ကျူးဘားမှာ တော်လှန်ရေး အောင်မြင်ခဲ့သလို လက်တင်အမေရိကမှာ တော်လှန်ရေး အောင်မြင်စေချင်ပါတယ်။ သူ အယူအဆကို လက်မခံသူတွေ ဆန့်ကျင်သူတွေ ရှိပါတယ်။ ကျူးဘား ကနေ ချေပြောက်သွားပါတယ်။ အဲဒီမှာပဲ ချေကိုသတ်ပစ် လိုက်ကြပြီ။ ကျူးဘားခေါင်းဆောင်တွေကြားမှာ သဘောထားကွဲလွဲပြီး ချေကို သတ်ပစ်လိုက်ကြပြီဆိုတဲ့ နယ်ချဲ့သမားရဲ့ ကောလဟလတွေ ဖြစ်ပေါ် လာပါတယ်။

အဲဒီအချိန်မှာ တော်လှန်ရေးကတော့ အေးအေးဆေးဆေး ခိုင်ခိုင်မာမာ ဆင်နွှဲနေပါတယ်။ ရက်စက်တဲ့တိုက်ခိုက်မှုတွေကိုလည်း ခံရတယ်။ ခါးသီးတဲ့ ခက်ခဲတဲ့ ဖြတ်သန်းမှုတွေကိုလည်း ကြုံတွေ့ခဲ့ရ တယ်။ ဝါဒဖြန့်လှုံ့ဆော်မှုတွေ၊ လုပ်ကြံဖန်တီးမှုတွေ ကြုံရပါတယ်။

အရေးကြီးတာကတော့ ချေရဲ့ သူပန်းတိုင်ကို အကောင်အထည်ဖော်နိုင်ဖို့နဲ့ သူတိုက်ပွဲတွေ အောင်မြင်ဖို့ပဲ လိုအပ်ပါတယ်။ သူ လုံခြုံစွာနဲ့ သူသမိုင်းဝင် တာဝန်ကို ထမ်းဆောင်ရင်း အောင်ပွဲရဖို့က အရေးကြီးပါတယ်။

ကျွန်တော်တို့တွေ့ဆုံမေးမြန်းတုန်းက ကျွန်တော်ရှင်းပြတဲ့ အတိုင်းပါပဲ။ သူ ကျွန်တော်တို့နဲ့ ဘယ်လိုဆက်သွယ်ခဲ့တယ်။ တော်လှန်ရေးမှာ ဘယ်လိုပါဝင်ခဲ့တယ်ဆိုတာတွေမှာ သူက ကျွန်တော်တို့ဆီက ကတိတစ်ခုတောင်းပါတယ်။ ကျူးဘားတော်လှန် ရေးအောင်မြင်ပြီးတဲ့ အခါမှာ တောင်အမေရိကကို သူပြန်ပြီး တော်လှန်ရေးဆင်နွှဲဖို့ဆိုတဲ့ သဘောတူညီချက်ပါပဲ။ ဒါကြောင့် ကျူးဘားတော်လှန်ရေးအောင်မြင်တဲ့ အခါမှာ သူရဲ့အယူအဆဟောင်းနဲ့ ဆန္ဒဟောင်းကို ထုတ်ဖော်လာတာပါ။ ကျွန်တော်တို့ကလည်း ကတိအတိုင်း သူ့ကို အကူအညီပေးမယ်လို့ သူဆန္ဒအတိုင်း လိုက်လျောမယ်လို့ သဘောတူလိုက်တယ်။ သူထွက်ခွာတဲ့ အခါမှာ သတင်းကို ဘယ်သူမှမသိအောင် ထိန်းသိမ်းထားဖို့၊ သူ ဆင်နွှဲမယ့် တော်လှန်ရေးအတွက်လည်း ကူညီဖို့ ကျွန်တော်တို့ နားလည်သဘောတူခဲ့ကြတယ်။

ဒါကြောင့် သူ ထွက်ခွာတဲ့အခါမှာ ကတိပြုထားတဲ့အတိုင်း သတင်းကို လုံလုံခြုံခြုံ ထိန်းသိမ်းခဲ့တယ်။ သူလိုအပ်တာကို ကူညီပေးပါတယ်။ တစ်ခုပဲ ရှိပါတယ်။ သူ ထွက်ခွာတဲ့အခါ အနည်းငယ် နောက်ကျပြီးတော့ ထွက်ခွာခဲ့ရတယ်။ သူ့မှာ ပြောက်ကျားစစ်ပွဲအတွေ့အကြုံတွေရှိတဲ့အတွက် ကျွန်တော်တို့က လိုအပ်တဲ့ တခြားအကူအညီတွေကိုပဲ ပေးခဲ့တယ်။ ပထမဆုံး ပြောက်ကျားစစ်ပွဲအတွက် အင်အားရအောင် စည်းရုံးဖို့ သူ့ကို အကြံပေးပါတယ်။ သူလည်း ဘိုလီဗီးယားရောက်တဲ့အခါ သူရဲ့စည်းရုံးမှုဟာ ကျွန်တော်တို့ အတွေ့အကြုံအရဆိုရင် အစပိုင်းမှာ အလွန်ကောင်းတယ်လို့ ဆိုရမယ်။

ကျွန်တော်တို့ဟာ ချေရဲ့ ဉာဏ်ရည်ဉာဏ်သွေးကို ကောင်း

ကောင်းသိပါတယ်။ သူရဲ့အတွေ့အကြုံ၊ ဉာဏ်ရည်ဉာဏ်သွေးအရ ဗျူဟာမြောက်တဲ့တာဝန်တွေကို ထမ်းဆောင်နိုင်တဲ့ကေဒါဖြစ်တယ် ဆိုတာကို ကောင်းကောင်းနားလည်တယ်။ ဒါကြောင့် သူရဲ့စည်းရုံး ရေးလုပ်ငန်းတွေကို လုပ်နိုင်လိမ့်မယ်လို့ ယုံကြည်တယ်။ စစ်ပွဲအတွင်းမှာ ကေဒါတွေကို ထိန်းချုပ်နိုင်ဖို့နဲ့ တိုးချဲ့နိုင်ဖို့ အရေးကြီးပါတယ်။ မဟာ ဗျူဟာမြောက်တဲ့တာဝန်တွေကို ကောင်းအောင် ဆောင်ရွက် နိုင်ဖို့ပဲ လိုတယ်။ ကျွန်တော်တို့မှာ သိပ်ကြီးမားတဲ့ကေဒါ များများစားစား မရှိပါဘူး။ ကေဒါတွေကလည်း တော်လှန်ရေးအတွင်းမှာ ပေါက်ဖွားလာ တာပါ။ တော်လှန်ရေးအတွေ့အကြုံအရ ပိုမိုရင့်ကျက် ပြီး ပိုမိုထူးချွန် တဲ့ကေဒါတွေကို တိုက်ပွဲအတွင်းမှာသာ မွေးဖွားနိုင်တာ ဖြစ်တယ်။

ဒါကြောင့် ဘာတစ်စတာကို တော်လှန်ခဲ့တဲ့ ကျူးဘားတော် လှန်ရေးကာလက အဖြစ်အပျက်တွေကို ကျွန်တော်ပြန်သတိရပါ တယ်။ ဆီးရားယားမေစထရာတောင်တန်းတွေမှာ ဘာတစ်စတာရဲ့ နောက်ဆုံး ထိုးစစ်ကြီးကို ကျွန်တော်တို့ ပြန်တွန်းလှန်တဲ့အခါန်ပါ။ ကျွန်တော်တို့မှာ အင်အားသိပ်မရှိပါဘူး။ ရှေ့တန်းစစ်မျက်နှာမှာ လည်း အတွေ့အကြုံ ရှိပြီးသား ကေဒါနည်းပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ဟာ မဟာဗျူဟာ မြောက်တဲ့ ခေါင်းဆောင်မှုကို ရယူပြီး ရဲဘော်တွေကို ထိန်းကားနိုင်တယ်။ ရန်သူကိုလည်း တန်ပြန်ထိုးစစ်ဆင်ပြီး ရန်သူနောက်လန်းမွားအောင် တိုက်ခိုက်ခဲ့တယ်။ အဲ့ဒီထဲမှာ ချေ၊ ကာမီလို (ဆီရင်ဖြူဂေါ့စ်)နဲ့ တခြား ရဲဘော်တွေတိုက်ခိုက်ခဲ့တာ ကို သတိရပါတယ်။ သူတို့ဟာ တပ်ဖွဲ့တွေကို ဦးဆောင်ပြီး တိုက်ပွဲအတော်များများ တိုက်ခဲ့ပါတယ်။ ရန်သူရဲ့ထိုးစစ်ကို ကြံ့ကြံ့ခံရင်ဆိုင်ပြီး တန်ပြန်ထိုးစစ်ဆင်နိုင်ခဲ့တယ်။ အရေးကြီးတဲ့တာဝန် တွေကို ရယူနိုင်ခဲ့တယ်။ ရန်သူကို ပြန်လည်ချေမှုန်းနိုင်ခဲ့ပါတယ်။ ကျွန်တော်တို့ တပ်ဖွဲ့တွေဟာ ရန်သူနယ်ထဲ ထိုးဖောက်ဝင်ရောက်ပြီး ရန်သူစခန်းတွေကို ဝင်ရောက်စီးနင်းပါတယ်။ ချေနဲ့ကာမီလိုတို့ ဦး ဆောင်ပြီး လပ်စ်ဗီလာခန်းကို ဝင်တိုက်ခဲ့တာ အမှတ်ရစရာပါပဲ။ ဒါဟာ

သာမန်မဟုတ်ဘဲ အလွန်ခက်ခဲပင်ပန်းတဲ့တိုက်ပွဲပဲ။ အတွေ့အကြုံရင့်ကျက်တဲ့ သူတွေသာ တိုက်နိုင်တဲ့တိုက်ပွဲမျိုးပါ။ ဒီရဲဘော်တွေဟာ သူတို့ရဲ့ ပြောက်ကျားရဲဘော်တွေကို ဦးဆောင်ပြီး ရန်သူ့စခန်းကို ဝင်ရောက် စီးနင်းသိမ်းပိုက်လိုက်တာပါပဲ။

ချေဟာ အဲ့ဒီလို တိုက်ပွဲတွေမှာ ထူးထူးချွန်ချွန် ခေါင်းဆောင်ပြီး တိုက်နိုင်ခဲ့တဲ့ ရဲဘော်တစ်ယောက်ပဲ။ သူဟာ တော်လှန်ရေးကို စကတည်းက ပြတ်ပြတ်သားသား တိုက်နိုင်သူဖြစ်တယ်။ သူ့ကို ပေးလိုက်တဲ့ခေါင်းဆောင်တာဝန်ကို သူက ကျေပွန်စွာထမ်းဆောင်နိုင်သူဖြစ်ပါတယ်။ ဒါပေမဲ့ သူက စိတ်မရှည်ပါဘူး။ အလွန်ကို စိတ်ဆတ်တဲ့သူပါ။ တိုက်ပွဲတွင်းမှာ တခြားအာဂျင်တီးနားရဲဘော်တချို့ဟာ ကျဆုံးသွားခဲ့တယ်။ အဲ့ဒီထဲမှာ ရီကာဒိုမာဆက်တီလည်း ပါဝင်ပါတယ်။ သူဟာ ပရင်ဆာလာတီနာကို တည်ထောင်ခဲ့သူတစ်ယောက်ပဲ။ ချေကတော့ ဒီလို စိတ်မရှည်ပေမဲ့လည်း သူ့တာဝန်ကို သူ ကျေပွန်အောင် ထမ်းဆောင်နိုင်တယ်။ သူဟာ အသက်ရှင် ကျန်ရစ်ခဲ့ပြီး ရန်သူကို ချေမှုန်းနိုင်ခဲ့သူပဲ ဖြစ်ပါတယ်။

ကျွန်တော်တို့အနေနဲ့ တော်လှန်ရေးအပေါ် သူရဲ့အမြင်နဲ့ သူရဲ့လုပ်ဆောင်ချက်တွေကို အမြဲသတိရနေပါတယ်။ သူနဲ့ဆက်ဆံရေးကလည်း ယုံကြည်မှုအပေါ် တည်ဆောက်ထားတာဖြစ်တယ်။ လုံးဝဥဿုံယုံကြည်ပြီး ညီအစ်ကိုတော်တွေအဖြစ် လက်တွဲခဲ့တာဖြစ်တယ်။ သူဘဝနဲ့ သူ့ကိုယ်ကျိုးအားလုံးကိုစွန့်ပြီး တော်လှန်ရေးထဲပါခဲ့သူဖြစ်ပါတယ်။ ဒါကြောင့် တောင်အမေရိကသွားပြီး တော်လှန်ရေး ဆင်နွှဲမယ်ဆိုကတည်းက သူလိုအပ်တဲ့ လက်နက်၊ ရိက္ခာ စတာတွေကို ကျွန်တော်တို့ ထောက်ပံ့ခဲ့ပါတယ်။

ပထမဆုံးတိုက်ပွဲတွေဖြစ်ပေါ်ခဲ့တဲ့သတင်းတွေရပြီးတဲ့အခါ အဆက်အသွယ် လုံးဝပြတ်တောက်သွားတယ်။ ချေ ဘိုလီဗီးယား ရောက်ပြီး ပြောက်ကျားစစ်ပွဲတွေ ဖြစ်တာပဲသိရတယ်။ ရန်သူကလည်း ဘယ်သူမှ

မသိအောင် သတင်းတွေ ဖြတ်တောက်လိုက်ပုံရပါတယ်။ လပေါင်း အတော်ကြာတဲ့အခါ နိုင်ငံတကာ သတင်းဌာနတွေကရတဲ့ သတင်းတွေလောက်ပဲ သိရတယ်။ အဲဒီသတင်းတွေလောက်နဲ့ ကျွန်တော်တို့က အဖြစ်မှန်ကို ဘယ်လိုလုပ် ပုံဖော်လို့ရမှာလဲ။ ကျွန်တော်တို့ရဲ့ တော်လှန်ရေးကာလမှာ အတွေ့အကြုံတွေ အများကြီး ရှိခဲ့ပါတယ်။ သတင်းတွေ၊ အစီရင်ခံချက်တွေဆိုရင်လည်း ယုံကြည်နိုင်လောက်မှ လက်ခံလို့ရပါတယ်။ သတင်းမှားဆိုရင်လည်း လက်ခံလို့ မရပါဘူး။ ဒါကြောင့် ရရှိတဲ့ သတင်းကို ဖြစ်နိုင်၊ မဖြစ်နိုင် အသေအချာ ဆန်းစစ်ပြီးမှ လက်ခံရတာပါ။

ဥပမာအနေနဲ့ ကျွန်တော်ရရှိတဲ့သတင်းတစ်ခုအကြောင်းကို ပြောချင်ပါတယ်။ အဲဒီအဖြစ်ကို ကျွန်တော်မှတ်မိနေတုန်းပဲ။ ဘိုလီးဗီးယားက သတင်းတစ်ခုကို ကျွန်တော်ရရှိခဲ့ပါတယ်။ အဲဒီ သတင်းက ဂျီကွင်းအုပ်စု ကျဆုံးကုန်ပြီ ဆိုတာပါပဲ။ (ဂျီကွင်းရဲ့ နာမည်အရင်းက ဇွိလိုအာကူနာ ဖြစ်ပါတယ်။) အဲဒီသတင်းကို ရတော့ အသေအချာ စစ်ဆေးကြည့်ကြတယ်။ ဖြစ်နိုင်၊ မဖြစ်နိုင်ပေါ့လေ။ နောက်ဆုံး ကျွန်တော်တို့ ဒီသတင်းမှန်တယ်လို့ ကောက်ချက်ချခဲ့ကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီအုပ်စုဟာ နေရာရွှေ့ပြောင်းရင်း မြစ် ကို ဖြတ်ကူးတဲ့အခါ အသင့်စောင့်နေတဲ့ ရန်သူက ချေမှုန်းပစ်လိုက် တာပါပဲ။ ကျွန်တော်တို့ရဲ့ ပြောက်ကျားစစ်ပွဲအတွေ့အကြုံအရ ပြောက်ကျားတွေဟာ ရန်သူကို ရှောင်ပုန်းရသလို၊ တစ်နေရာနဲ့ တစ်နေရာကိုလည်း တိတ်တဆိတ် ရွှေ့ပြောင်းရတယ်။ ပြောက်ကျား အုပ်စုအသေးလေးတွေအနေနဲ့ အခုလို တိတ်တဆိတ်ဖြတ်ကူးတာလည်း လုပ်ကြရတယ်။ အခုလည်း ရန်သူ မသိဘူး အထင်နဲ့ မြစ်ကိုဖြတ်ကူးရာက ချေမှုန်းခံလိုက်ရတာ ဖြစ်ပါတယ်။

နောက် သတင်းရရှိတာက ပြောက်ကျားတွေနဲ့ အဆက်အသွယ်ရှိတဲ့ လယ်သမားက ရန်သူကို သတင်းပို့လိုက်တာပါ။ အဲဒီ လယ်သမားက စစ်တပ်နဲ့ အဆက်အသွယ်လုပ်ပြီး ပြောက်ကျားတွေရဲ့ သတင်းအပြည့်အစုံ

ကို ပေးပို့လိုက်တယ်။ ပြောက်ကျားတပ်ဖွဲ့ရဲ့ တည်နေရာ၊ ဘယ်ကို သွားမယ်ဆိုတာ သတင်းပို့ပါတယ်။ ဘယ်က ဖြတ်မယ်ဆိုတာကအစ သတင်းပေးပို့ခဲ့တော့ ရန်သူက ပြောက်ကျား တပ်ဖွဲ့တက်လာမယ့် ကမ်းကနေစောင့်ပြီး ပစ်တော့တာပေါ့။ ဒီ လယ်သမားက ရန်သူရဲ့ လက်ကလွတ်အောင် ဘယ်နေရာကသွားရမယ်၊ ဘယ်နေရာက ဖြတ်သွားရမယ်ဆိုတာကို ပြောက်ကျားတပ်ဖွဲ့တွေကို ပြောပြတယ်။ ပြောက်ကျားတပ်ဖွဲ့ကလည်း လယ်သမားကို ယုံယုံကြည်ကြည်နဲ့ သွားတာပါ။ ရန်သူကလည်း ပြောက်ကျားတပ်ဖွဲ့တွေ မြစ်ကူးပြီး အလယ်လောက်ရောက်တော့ စိန်ပြေနပြေ ပစ်ခတ်ပါတယ်။ ပြောက်ကျားတပ်ဖွဲ့က ဘယ်လိုမှ မခုခံနိုင်တော့ဘဲ ရေထဲမှာပဲ ကျဆုံးကုန်ကြပါတယ်။ ကျွန်တော်တို့ဆီ သတင်းမှားပို့တာလည်း ရှိတယ်။ အတော်များများဟာ သတင်းမှားတွေ ဖြစ်တယ်။ ဒါကြောင့် သတင်းမှန်၊ မမှန် ချိန်ထိုးကြည့်ရတယ်။ ရန်သူကလည်း လုပ်ကြံသတင်းတွေ လွှင့်ပါတယ်။ သတင်းလိမ်တွေကို သတင်းမှန်တွေဖြစ် အောင် လုပ်ကြံဖန်တီးတယ်။ ကျွန်တော်တို့မှာသာ စုံစမ်းထောက်လှမ်းဖို့ရှိရင် သတင်းမှားတွေကို မှားမှန်းသိရမှာပေါ့။ သတင်းတွေကို ဖြစ်နိုင်၊ မဖြစ်နိုင်တွက်ချက်ပြီးမှ လက်ခံရပါတယ်။ ဒါကြောင့် သတင်းမှန်တွေ ဖြစ်တယ်ဆိုတာ အချက်အလက်တွေ ခိုင်လုံမှ အကဲဖြတ်ကြရတယ်။

ကျွန်တော်တို့ရှင်းလင်းပြောကြားတဲ့အတိုင်းပါပဲ။ ပြောက်ကျားတပ်ဖွဲ့ဆိုတာ လူဦးရေ အနည်းအများကို အခြေမခံပါဘူး။ တိုက်နိုင်စွမ်းပဲ ဖြစ်ပါတယ်။ သူတို့ဟာသူတို့ စည်းရုံးထားတဲ့ လယ်သမားတွေ ရှိတဲ့ နယ်မြေကိုဦးတည်ပြီး သွားလို့ရတယ်။ ဘိုလီဗီးယားက ကေဒါကောင်တွေဟာ လယ်သမားတွေအပေါ် ဩဇာရှိပါတယ်။ နောက်ဆုံး ရန်သူက ပိတ်ဆို့ထားပြီး အဆုံးသတ်တော့မယ်လို့ ထင်နေတဲ့အထိ သူတို့ဟာရရှိတဲ့ အခွင့်အရေးကို အသုံးချတတ်တယ်။ ရန်သူတွေကြားထဲက ဖောက်ထွက်ပြီး လယ်သမားတွေဆီရောက်ရင် သူတို့ အတွက်

အန္တရာယ်ကင်းသွားတော့တာပါပဲ။

ကျွန်တော်နဲ့ချေတို့ရဲ့ ဆက်ဆံရေးဟာ တစ်ယောက်အကြောင်း တစ်ယောက် ကောင်းကောင်းသိပြီး အလွန်ရင်းနှီးပါတယ်။ ဘယ်သူနဲ့မှ မတူဘဲ တရင်းတနှီး ဆက်ဆံခဲ့ကြတယ်။ ဒါကြောင့် သူရဲ့စရိုက်ကို ကောင်းကောင်း သိပါတယ်။ စတွေ့ကတည်းက သူဟာ ဘယ်လိုလူ လဲ၊ သူ့စိတ်ဓာတ် ဘယ်လိုရှိသလဲဆိုတာ သိရှိခဲ့ရတယ်။ တော်လှန်ရေးနှစ်ကာလတွေမှာ အချင်းချင်း ဆွေးနွေးတိုင်ပင်ပြီး တစ်ဦးရဲ့သဘောထားကို တစ်ဦးက နားလည်ခဲ့တယ်။ မဖြစ်နိုင်ဘူး ထင်ရတဲ့ ဖြစ်နိုင်ချက်တွေကိုလည်း တွက်ချက်ပြီး လုပ်ဆောင်နိုင်ခဲ့ ကြပါတယ်။ လွန်ခဲ့တဲ့ရက်က သတင်းစာဆရာတစ်ယောက်ကို ကျွန်တော် ချေ အကြောင်း အကုန်ပြောပြခဲ့တယ်။ သူက ချေကျဆုံးတာကို မယုံနိုင်တဲ့သူပဲ။ ချေဟာ အခုထိ အသက်ရှင်နေသေးတယ်။ ကျဆုံးတဲ့သူ မဟုတ်ဘူး။ သူဟာ မမေ့ပျောက်နိုင်တဲ့သူ၊ သာမန်နဲ့ မတူတဲ့သူ ဖြစ်တယ်။ ချေ ကျဆုံးသွားတဲ့သတင်းကို သူ ဘယ်လိုမှ မယုံနိုင်ဘူးလို့ ပြောတယ်။

တစ်ခါတစ်ရံမှာ ကျွန်တော်အိပ်မက် မက်ပါတယ်။ ကျွန်တော်တို့အားလုံးလည်း အိပ်မက်တွေ မက်ကြပါတယ်။ အဲဒီ အိပ်မက်တွေထဲမှာ တိုက်ပွဲတွေအကြောင်းနဲ့ ကျွန်တော်တို့ဘဝတွေ အကြောင်းကို မက်ကြပါတယ်။ ကျွန်တော့်အိပ်မက်ထဲမှာ ချေကို တွေ့ရပါတယ်။ သူက အသက်ရှင်ရက် ကျွန်တော်တို့ဆီ ပြန်လာတာပါ။ အဲဒီအကြောင်းကို သတင်းစာဆရာကို ကျွန်တော်ပြောပြခဲ့တယ်။ တကယ်တော့ ကျွန်တော်တို့စိတ်ထဲဖြစ်ပေါ်နေတဲ့ ခံစားချက်ကို အဓိကထားပြီး သူ မသေပါဘူးလို့ ယုံကြည်နေတဲ့အကြောင်း သူကို ချစ်ခင်လေးစားလွန်းတဲ့အတွက် သူ သေတာကို မယုံနိုင်တဲ့ အကြောင်း၊ မိမိမျက်စိနဲ့ မမြင်ရမချင်း ချေကျဆုံးသွားပြီလို့ မယုံကြည်နိုင်ပါဘူး။ ချေက သာမန်လူ မဟုတ်ပါဘူး။ အနစ်နာခံပြီး ရဲစွမ်းသတ္တိလည်း အလွန်ရှိသူ ဖြစ်တယ်။ ချေသေမှာ မဟုတ်ဘူး။ အသက် ရှင်သေးတယ်လို့ မိမိဆန္ဒနဲ့ အသက်ရှင်ခိုင်းခဲ့တယ်။ ဒါဟာ

တကယ့် တော့ လက်တွေ့ရုပ် မဟုတ်ပါဘူး။ သူက ကျန်တဲ့သူတွေအပေါ် နမူနာပြသွားတာပဲ။ တော်လှန်ရေးဆက်လုပ်သင့်တယ်ဆိုတဲ့ အဘိဓမ္မာ အတိုင်း သူလျှောက်ရမယ့်လမ်းကို လျှောက်သွားတာပါ။ သူ့ကို ချစ်ခင် လေးစားတဲ့သူတွေဟာ လက်တင်အမေရိကတိုက်တင် မဟုတ်ဘူး၊ ဥရောပတိုက်တင် မဟုတ်ဘူး၊ တစ်ကမ္ဘာလုံးမှာရှိနေပါတယ်။

လွန်ခဲ့တဲ့ အနှစ် ၂၀ အောက်တိုဘာ (၁၈)ရက်နေ့မှာ ချေဟာ အဖိနှိပ်ခံပြည်သူအားလုံးအတွက် သင်္ကေတတစ်ခုဖြစ်လာခဲ့ ပါတယ်။ သွေးစုတ်ခံရတဲ့ပြည်သူအားလုံးအတွက်၊ မျိုးချစ်ပြည်သူ အားလုံးအတွက်၊ တော်လှန်ရေးသမားအားလုံးအတွက် သူဟာ သင်္ကေတတစ်ခုဖြစ်သွား ခဲ့ပါပြီ။ သူရဲ့ပုံရိပ်ဟာ အမြဲထာဝရရှိနေပြီး ဘယ်တော့မှလည်း ပျောက် ပျက်မှာ မဟုတ်ဘူးလို့ ကျွန်တော်ပြောရဲပါတယ်။

ဒီအကြောင်းအချက်တွေအားလုံးကြောင့်ပဲ ချေဟာ ရှိနေသေး တယ်လို့ ကျွန်တော်ခံစားရတာပါ။ သူဟာ မမေ့နိုင်လောက်တဲ့ လုပ်ရပ် တွေ ပြောင်မြောက်တဲ့စွန့်လွှတ်မှုတွေကြောင့် ဒီကနေ့အထိ ကျွန်တော် တို့နဲ့ သူအတူရှိနေတယ်လို့ ခံစားရတယ်။ အနှစ် ၂၀ ပြောင်းလဲခဲ့ပေမဲ့ ချေဟာ ကျွန်တော်တို့နဲ့အတူ ရှိနေပါတယ်။ ကျွန်တော်တို့စိတ်ထဲမှာ သူနဲ့ပတ်သက်ပြီး ကဗျာတစ်ပုဒ်လို၊ စစ်ခ်ီ ခရာသံတစ်ခုလို ကြားနေရ တယ်။ အချိန်ပိုင်းတစ်ခုအတွင်း တိတ်ဆိတ်သွားပေမဲ့ ကျွန်တော်တို့ နားထဲမှာ အဲဒီ စစ်ခ်ီခရာသံကို ခပ်သဲ့သဲ့လေးကြားနေရသေးတယ်။ ကျွန်တော်တို့ဆီက သတင်းစာ တွေထဲမှာ ချေရဲ့ပုံကို အမြဲပါနေတယ်။ ပုံချင်းမတူချင်နေပေမဲ့ ချေရဲ့အကြောင်း၊ သူရဲ့ပုံရိပ်တွေဟာ တစ် နေရာမဟုတ် တစ်နေရာတော့ ပါနေဆဲပါပဲ။ ချေဟာ လူသားအားလုံးရဲ့ အကျိုးအတွက် စွန့်လွှတ်အနစ်နာခံသွားသူအဖြစ်နဲ့ လူတိုင်းက သူ့ကို သတိရနေပါတယ်။ လူတွေရဲ့သင်္ကေတတစ်ခုအဖြစ် သူရဲ့ စိတ်ဓာတ်ကို အားလုံးနားလည် သဘောပေါက်နေကြပါတယ်။ တော်လှန်ရေးရဲ့ သင်္ကေတ၊ အနစ်နာခံမှုရဲ့ သင်္ကေတအဖြစ် သူရဲ့သင်္ကေတပုံရိပ်ကို

ကျွန်တော်တို့ မြင်တွေ့နေရသလို စိတ်ထဲမှာလည်း မေ့ပျောက်လို့ မရပါဘူး။ သူရဲ့ ပုံရိပ်၊ သူရဲ့စိတ်ဓာတ်၊ သူရဲ့ အကြည့်စတာတွေဟာ သူ့စရိုက်ကို ပေါ်လွင်စေတယ်။ ချေအကြောင်းပြောတဲ့အခါမှာ ချေရဲ့ အရည်အချင်းတွေကို အားလုံးက သတိရနေတာပါ။ ဉာဏ်အမြော်အမြင်ကြီးတဲ့သူ၊ ဖြူစင်သန့်ရှင်းတဲ့သူအဖြစ်လည်း သူ့ကို သတိရနေတယ်။ သူအကြောင်းရေးခဲ့တဲ့ ကဗျာတွေ၊ သူအကြောင်းရေးခဲ့တဲ့ အဖြစ်အပျက်တွေဟာ ထပ်ခါတလဲ ဖတ်ရှုခဲ့ရပေမဲ့ ကျွန်တော်တို့ဟာ ဖတ်လို့ကို မဝပါဘူး။ ဒါကြောင့် ချေဟာ ယခုထက်တိုင် အသက်ရှင်လျက်ရှိတယ်လို့ ကျွန်တော်တို့ ရင်ထဲမှာ ခံစားနေရပါတယ်။

သူ့အကြောင်းကိုတွေးတဲ့အခါ ချေဟာ အသက်ရှင်နေတယ်၊ ဘယ်တော့မှ မသေဘူး၊ ကျွန်တော်တို့ရဲ့ နိစ္စဓူဝအလုပ်တွေထဲမှာ သူ့ကို တွေ့ရတယ်။ အိပ်မက်ထဲမှာတောင် ရှိနေတယ်လို့ ကျွန်တော်တို့ စိတ်ထဲမှာ မှတ်ယူထားတယ်။ တော်လှန်ရေးဘဝထဲမှာ အမြဲရှင် သန်ခဲ့သူဖြစ်လို့ တော်လှန်ရေးမပြီးသေးတဲ့ ကျွန်တော်တို့နိုင်ငံမှာ ချေဟာ ဘယ်တော့မှ မသေဘူးလို့ စွဲမှတ်ထားတာဖြစ်ပါတယ်။ နယ်ချဲ့စနစ်ကို အပြင်းအထန် တိုက်ပွဲဝင်ခဲ့တဲ့ ပုဂ္ဂိုလ်တစ်ယောက် အဖြစ် ယခုထက်တိုင် တည်ရှိနေတာ ဖြစ်ပါတယ်။

သူတို့ဟာ ချေရဲ့ရုပ်အလောင်းကို ဖျောက်ဖျက်ပစ်လိုက်တာဟာ သူတို့ရဲ့ သူရဲဘောကြောင့်မှန့် အားနည်းမှုကို ဖော်ပြလိုက်တာပါ။ ဘာကြောင့်လဲဆိုတော့ သူတို့ဟာ ချေရဲ့စိတ်ဓာတ်ကို ကြောက်လန့်တဲ့အတွက် ချေရဲ့ ရုပ်အလောင်းကို ဖျောက်ဖျက်ပစ်လိုက်တာပါ။ အဖိနှိပ်ခံ၊ သွေးစုပ်ခံရတဲ့ လယ်သမားတွေကို သူတို့ မလိုလားပါဘူး။ အဖိနှိပ်ခံ၊ အညှင်းခံနေရတဲ့ အလုပ်သမားတွေ၊ ကျောင်းသားတွေနဲ့ ဒီမိုကရေစီ လိုလားသူတွေ၊ တိုးတက်တဲ့သူတွေကိုလည်းသူတို့ မမြင်ချင်ပါဘူး။ ဒီလူတွေအားလုံးဟာ ချေကို ဦးညွတ်နေသူတွေ ဖြစ်ပါတယ်။ ဒီကနေ့ ကမ္ဘာမှာရှိတဲ့ အဖိနှိပ်ခံပြည်သူတွေက ချေကို ဂုဏ်ပြုနေကြ

တယ်။ သက်ရှိထင်ရှားရှိနေတယ်ဆိုတဲ့ ခံစားမှုနဲ့ သူ့ကို ဂုဏ်ပြုနေကြတာ ဖြစ်တယ်။ ကမ္ဘာ့ဒေသအသီးသီးက အဖိနှိပ်ခံလူထု တွေရှိတဲ့နေရာတိုင်းက ချေကို အလေးပြုနေကြတာချည်းပဲ။

ယခု အနှစ် ၂၀ ပြည့် ချေ အမှတ်တရနေ့မှာ ကျွန်တော်တို့ အားလုံး မမေ့မလျော့ဘဲ လွမ်းဆွတ်သတိရစွာနဲ့ ချေ ကွယ်လွန်ခြင်း အခမ်းအနားကျင်းပကြတာ ဖြစ်တယ်။ ဒီလိုကျင်းပတာ ၁ နှစ်တည်း မဟုတ်ပါဘူး။ ၅ နှစ်၊ ၁၀ နှစ်၊ ၁၅ နှစ် မဟုတ်ပါဘူး။ နှစ်စဉ်နှစ်စဉ်၊ လတိုင်းနေ့တိုင်း ဂုဏ်ပြုနေတာပါပဲ။ ကျောင်းတွေ၊ ရုံးတွေ၊ အလုပ်ရုံတွေ၊ စစ်စခန်းတွေမှာလည်း သူ့ကို ဂုဏ်ပြုနေကြပါတယ်။ လူငယ် တွေ၊ ကလေးတွေကြားမှာလည်း သူ့ကို ဂုဏ်တင်ပြီး ပြောဆိုကြတယ်။ ချေလို လူမျိုးဟာ ကျွန်တော်တို့ စံပြဖြစ်တယ်ဆိုတာကို တော်လှန်တဲ့ လူငယ် တွေအားလုံးက ဂုဏ်ယူဝင့်ကြွားစွာ ပြောဆိုနေကြပါတယ်။

ကျွန်တော်တို့နိုင်ငံအတွက်ကတော့ ချေကို ကျွန်တော်တို့ ပြည်သူတွေရဲ့ သားကောင်းတစ်ယောက်အဖြစ် အခုလို ဂုဏ်ပြုတဲ့ အခမ်းအနား ကျင်းပရတာကို အခွင့်အရေးတစ်ခုလို့ မြင်မိပါတယ်။ သူဟာ ကျွန်တော်တို့နိုင်ငံသားတစ်ယောက်မဟုတ်ပေမယ့် ကျွန်တော်တို့ နိုင်ငံ တော်လှန်ရေးအတွက် ဦးစီးဦးဆောင်ပြုခဲ့သူ ဖြစ်ပါတယ်။ ဒါကြောင့် ချေကို ကျွန်တော်တို့နိုင်ငံရဲ့ သားကောင်း သားမြတ်အဖြစ် အသိအမှတ်ပြုတာဖြစ်ပါတယ်။

လူထုကြားမှာ ခြွင်းချက်ထားရမယ့်လူဆိုတာ ရှားပါတယ်။ ချေဟာ အဲ့ဒီလို ရှားပါးတဲ့လူတစ်ယောက်ဖြစ်တယ်ဆိုတာကို အထွေ အထူးပြောစရာ မလိုပါဘူး။ ယောကျ်ား၊ မိန်းမ ရာပေါင်း၊ ထောင် ပေါင်း၊ သန်းပေါင်းများစွာထဲမှာ သူဟာ အထူးခြားဆုံးလူအဖြစ် တည်ရှိနေတာ ပါ။ အဲ့ဒီလို စကားကို ကျွန်တော်ကာမိုလို ကျဆုံးသွားစဉ်က ပြောခဲ့ဖူး တယ်။ ကာမိုလိုဟာ ဘယ်လိုလူမျိုးဖြစ်တာလဲ၊ သမိုင်းမှာ ကာမိုလိုကို ဘာကြောင့် ပြောကြားနေရလဲ၊ ကာမိုလိုကဲ့သို့လူမျိုးတွေ ကျွန်တော်တို့

ထဲမှာ ဘယ်လောက်ရှိနေသလဲဆိုတာကို ကျွန်တော်ပြောဖူးတယ်။ အဲ့ဒီတုန်းက "ကျွန်တော်တို့ပြည်သူတွေကြားမှာ ကာမိလိုလို လူမျိုးတွေ အများကြီးရှိပါတယ်"လို့ ပြောခဲ့သလို အခုလည်း "ကျွန်တော်တို့ပြည်သူတွေကြားထဲနဲ့ ကမ္ဘာပြည်သူတွေ ကြားထဲမှာ ချေလိုလူမျိုးတွေ အများကြီးရှိပါတယ်"လို့ ပြောလိုက်ချင် ပါတယ်။ သူတို့လိုလူမျိုးတွေဟာ လောကမှာ ခြွင်းချက်ရှိသလို သူတို့လို လူတွေဟာ လောကမှာ ပေါက်ဖွားလာတဲ့ ရှားပါးတဲ့သူမျိုးတွေ ဖြစ်တယ်။

လူထုကြားထဲမှာ ယောကျ်ား၊ မိန်းမအများကြီး ရှိပါတယ်။ မရေမတွက်နိုင်အောင် ရှိပါတယ်။ ဒါပေမဲ့ အဲ့ဒီထဲမှာ စံထားရမယ့် လူတွေ၊ တန်ဖိုးရှိတဲ့လူတွေ အများကြီးရှိပါတယ်။ သူရဲကောင်းဝါဒ မှာ အမျိုးမျိုးရှိတယ်။ ကျွန်တော်သဘောကျတဲ့ သူရဲကောင်းဝါဒတွေ ရှိပါတယ်။ ငြိမ်သက်တိတ်ဆိတ်တဲ့ သူရဲကောင်းဝါဒ၊ အမည်ဖော်ပြလို့ မရတဲ့ သူရဲကောင်းဝါဒ၊ ငြိမ်သက်တိတ်ဆိတ်တဲ့ ကောင်းမြတ်မှု၊ အမည်ဖော်ပြမှုမရှိတဲ့ ကောင်းမြတ်မှု စတာတွေကို ကျွန်တော် သဘောကျပါတယ်။ ချေဟာ အဲ့ဒီလို သူရဲကောင်းနဲ့ အဲ့ဒီလို ကောင်း မြတ်မှုထဲကနေ ပေါက်ဖွားလာသူ ဖြစ်ပါတယ်။ သူဟာ ကမ္ဘာလောကကြီးအတွက် ထူးခြားတဲ့သင်္ကေတအဖြစ် ယနေ့ပေးထွက်လာခဲ့ပါပြီ။ တော်လှန်ရေးကနေ ပေါက်ဖွားလာခဲ့တဲ့ အဲ့ဒီလို သူရဲကောင်း တစ်ယောက်၊ သင်္ကေတတစ်ရပ်ကို ကျွန်တော်တို့ဟာ ကြီးကြီးမားမား ဂုဏ်ပြုနေခြင်းဖြစ်ပါတယ်။

ယခု ကျွန်တော်ပြောနေတဲ့ အကြောင်းတွေက ချေရဲ့ အစောပိုင်းအဖြစ်အပျက်တွေနဲ့ ယနေ့ ချေကို သတိရတမ်းတနေတဲ့ အဖြစ်တွေပါပဲ။ ချေဟာ ယခုလို စွန့်လွှတ်အနစ်နာခံသူမျိုး၊ ယခုလို ဉာဏ်ပညာရှိသူမျိုး၊ ပိုင်းဖြတ်မှုရှိသူမျိုးဆိုတာ ကျွန်တော်ပြောခဲ့ပြီး ပါပြီ။ သူ ကျဆုံးတဲ့နေ့ကို နေ့ကောင်းနေ့မြတ်အဖြစ် ဘာကြောင့် အခုလို နှစ်ပတ်လည် အခမ်းအနားကြီးတွေ ကျင်းပခဲ့ရသလဲ။ သူရဲ့ ကြိုးပမ်းမှုကို ကျေးဇူးတင်တာနဲ့ သူခံယူချက်ကို လေးစားလို့ သတိတရ ကျင်းပတာမျိုး မဟုတ်လား။

နိုင်ငံကို ပြုပြင်ပြောင်းလဲမှုအတွက် သူရဲ့ ကြိုးပမ်းအားထုတ်မှုကို အမှတ်ရကြလို့ ကျွန်တော်တို့ အခုလို လုပ်ကြတာ မဟုတ်လား။ ယခုဆိုရင် ကျွန်တော်တို့ဟာ ပြုပြင်ပြောင်းလဲမှု ဖြစ်စဉ်ကြီးရဲ့အလယ်ကို ရောက်နေပြီ မဟုတ်လား။

အဲ့ဒီပြုပြင်ပြောင်းလဲမှုက ဘာလဲ။ ပြုပြင်ပြောင်းလဲမှုတွေ အများကြီး လုပ်ရမှာပဲ။ တော်လှန်ရေးကနေ လမ်းလွဲလိုက်သွားတဲ့ ဖြစ်စဉ်တွေကို ပြုပြင်ပြောင်းလဲမှု လုပ်ရမယ်။ ချေကျဆုံးတဲ့ အနှစ် ၂၀ ပြည့် အခမ်းအနားဟာ ချေရဲ့ စွန့်လွှတ်အနစ်နာခံမှု၊ အဖိနှိပ်ခံ ပြည်သူများအတွက် အသက်ပေးသွားမှု စတာတွေအတွက် အခမ်းအနားကျင်းပတာ ဖြစ်တယ်။ သူ့ကို အထိမ်းအမှတ်ပြုတာဟာ တော်လှန်ရေးကို အထိမ်းအမှတ်ပြုတာပါပဲ။ နယ်ချဲ့စနစ်နဲ့ အရင်းရှင်စနစ် ကမ္ဘာမြေပေါ်က ပျောက်ကွယ်သွားဖို့ ချေလျှောက်လှမ်းခဲ့တဲ့ နိုင်ငံတကာ တော်လှန်ရေးလမ်းကြောင်း၊ ဆိုရှယ်လစ်တော်လှန်ရေး လမ်းကြောင်း အတိုင်း ကျွန်တော်တို့တွေ လျှောက်လှမ်းကြဖို့ အဓိဋ္ဌာန်ပြုကြမှာ ဖြစ်တယ်။ ချေကို အမှတ်ရတာဟာ တော်လှန်ရေးကို အမှတ်ရတာဖြစ်သလို ချေကျဆုံးခြင်းကို အထိမ်းအမှတ်ပြုတာဟာ ကမ္ဘာ့ပြည်သူတွေ လွတ်မြောက်ဖို့အထိမ်းအမှတ်ပြုတာပါပဲ။

ကျွန်တော်တို့ဟာ ဆိုရှယ်လစ် တော်လှန်ရေးအောင်မြင်ဖို့ ပြည်သူလူထုကြီးနဲ့လက်တွဲပြီး လုပ်ရမှာဖြစ်တယ်။ အခြေခံမှု၊ ဂုဏ်သိက္ခာတွေနဲ့ အလုပ်လုပ်ရမယ့်ပါတီဝင်တွေ၊ လူငယ်တွေ၊ အလုပ်သမားတွေ၊ လယ်သမားတွေ၊ ပညာတတ်တွေနဲ့အတူ အလုပ် လုပ်ရပါလိမ့်မယ်။ အခုလို ချေအတွက် ဂုဏ်ပြုအခမ်းအနားပြုလုပ်ရတာကို ဂုဏ်ယူပါတယ်။ ဂုဏ်ပြုထိုက်သူကို ဂုဏ်ပြုတဲ့အခမ်းအနားမှာ စကားပြောခွင့်၊ တက်ရောက်ခွင့်ရတဲ့အတွက် ကျွန်တော်ဂုဏ်ယူပါတယ်။ ကျေနပ်အားရမှုလည်း ရှိပါတယ်။ သူအသက်ရှင်နေခဲ့လို့ သူရဲ့ မွေးဇာတိမှာရှိနေခဲ့ရင်လည်း သူဟာ နယ်ချဲ့သမားကို ပြတ်ပြတ်သားသား တိုက်ပွဲဝင်

မှာဖြစ်တယ်။ နယ်ချဲ့သမားရဲ့ ပုပ်သိုး ဆွေးမြေနေတဲ့ သဘောတရားကို ချေမှုန်းပြီး တော်လှန်ရေးလမ်း ကြောင်းကို လျှောက်လှမ်းမှာပါပဲ။ နိုင်ငံကို ဆိုရှယ်လစ်လမ်းကြောင်း ပေါ်ရောက်ဖို့ စည်းရုံးမှာဖြစ်တယ်။ ကမ္ဘာပေါ်က ယောကျ်ား၊ မိန်းမ သန်းပေါင်းများစွာဟာ ချေလိုဖြစ်အောင် ကြိုးပမ်းအားထုတ်ကြပါစို့။

ဟိုဆေးမာတီက ပြောပါတယ်။ "ဂုဏ်သိက္ခာမရှိတဲ့သူတွေအတွက် ဂုဏ်သိက္ခာရှိတဲ့သူတွေက ဂုဏ်သိက္ခာရှိအောင် လုပ်ပေးကြရမယ်။ ကမ္ဘာကြီးမှာရှိတဲ့ ဂုဏ်သိက္ခာတွေကို ကမ္ဘာ့ပြည်သူတွေအတွက် ကျွန်တော်တို့က ပေးကြရလိမ့်မယ်"လို့ ပြောခဲ့ပါတယ်။ အဲဒီလို ဂုဏ်သိက္ခာပေးခဲ့တဲ့သူတွေထဲမှာ တစ်ယောက်အပါအဝင် ဖြစ်ပါတယ်။

နောက်ဆက်တွဲ

ချေဂွေဗားရားနှင့် ဖီဒဲလ်ကက်စထရိုတို့၏ ရင်းနှီးချစ်ခင်မှု၊ အတူလက်တွဲတိုက်ပွဲဝင်ခဲ့မှုများသည် ကျူးဘားသမိုင်းတွင် အမြဲ ထာဝရတည်ရှိနေခဲ့ပါသည်။ အရောင်များ၊ ပုံပန်းသဏ္ဌာန်များ မည်ကဲ့သို့ ပြောင်းလဲသွားသည်ဖြစ်စေ၊ ကျူးဘား၏ ၃၅ နှစ်တာ တော်လှန်ရေးသမိုင်းကား ပြောင်းလဲသွားမည်မဟုတ်ပေ။ ကျူးဘား တော်လှန်ရေးသမိုင်းတွင် ချေဂွေဗားရား၏ စံနမူနာပြခဲ့သော ပုံရိပ်မှာလည်း ပျောက်ကွယ်သွားမည် မဟုတ်ပေ။ ယခုတင်ပြသော ချေဂွေဗားရားနှင့်ပတ်သက်သည်များမှာ ဖီဒဲလ်ကက်စထရို၏ မိန့်ခွန်းများ၊ တခြားသူများ ပြောပြချက်များ၊ ဖီဒဲလ်ကက်စထရို၏ပြောကြား ချက်များမှနေ၍ ချေ၏ရုပ်ပုံလွှာကို မြင်ကြပါလိမ့်မည်။ ကျူးဘားတော်လှန်ရေးအကြောင်းကို ပြောပြမည်ဆိုလျှင် ချေသည် မပါမဖြစ်သော ဇာတ်ကောင်တစ်ယောက် အဖြစ် ပါဝင်ပတ်သက်နေပါသည်။ ကျူးဘားအကြောင်းကို သုတေသနလုပ်မည်၊ လေ့လာဆန်းစစ်မည်ဆိုလျှင် ချေဂွေဗားရားလို၊ ဖီဒဲလ်ကက်စထရိုလို ပုဂ္ဂိုလ်များကို ချန်လှပ် ထား၍ ရမည်မဟုတ်ပေ။ ယခုၵ် ကက်စထရိုက ချေအကြောင်းကို ဖော်ပြခဲ့သည်။ သူသည် ချေအကြောင်းကို အသိဆုံးဖြစ်ပြီး ချေ၏ အကျင့်စရိုက်များ၊ တော်လှန်ရေးအတွက် အတူလက်တွဲတိုက်ပွဲဝင်ပုံ များကိုလည်း ဖော်ပြထားသည်။ ယခု ဖော်ပြလိုက်သည်မှာ

၁၉၉၂ ခုနှစ်က နီကရာဂွာမှတိုမက်ဝေါ်ဂီကာဖီဒဲလ်ကက်စထရို၏နှင့် တွေ့ဆုံမေးမြန်းထားချက်မှ ထုတ်နုတ်ဖော်ပြခြင်းဖြစ်သည်။ ကျူးဘားနှင့်ပတ်သက်ပြီး ချေရေးထားခဲ့သည့် စာအုပ်အကြောင်းကိုလည်း ကျူးဘားခေါင်းဆောင်ကြီးက ပြောပြထားခြင်း ဖြစ်ပါသည်။

"ကျွန်တော်တို့ဟာ ချေရဲ့တွေးခေါ်မှုကို ကျူးဘားမှာ အလွန်အလေးအနက် ထားပါတယ်။ အမြဲတမ်းလည်း ချေရဲ့အယူအဆကို လက်ခံယုံကြည်ခဲ့ပါတယ်။ ကျွန်တော်တို့ရဲ့ရင်ထဲမှာ သူရဲ့အယူအဆကို ဆတက်ထမ်းပိုး တိုးပြီး ယုံကြည်ခဲ့တယ်။ ကျူးဘားနိုင်ငံတိုးတက်ပြောင်းလဲရေးအတွက် ကြိုးပမ်းအားထုတ်မှု စကတည်းက သူ့ အယူအဆကို လက်ခံကျင့်သုံးခဲ့တာဖြစ်တယ်။ မကြာသေးခင်က ဆိုရှယ်လစ်အုပ်စုထဲမှာ ပြဿနာတွေ အများကြီး ကြုံခဲ့ပါတယ်။ သဘောတရား အယူအဆ ပြောင်းလဲဖို့ဆိုတဲ့ ပဲရီစထရိုက်က အယူအဆဟာ ဝင်ရိုးစွန်းတစ်ဖက်ကနေ ပြောင်းလဲလာခဲ့တယ်။ ချေ ကျဆုံးတဲ့ နှစ်ပတ်လည် တစ်ခုမှာ ဒီအယူအဆ ကျယ်လောင်လာတယ်လို့ ကျွန်တော် သတိထားမိပါတယ်။ ချေ ကွယ်လွန်ခြင်း အနှစ် ၂၀ မြောက်မှာ ဒီအယူအဆကို ကြားရတယ်လို့ ကျွန်တော်ထင်ပါတယ်။ ဒါကို ကြားရစဉ်မှာ ကျွန်တော် ချေရဲ့အယူအဆကို ပိုသတိရမိပါတယ်။

ချေက ဆိုရှယ်လစ်အုပ်စုမှာ ဖြစ်လာနိုင်တာကို ကြိုမြင်ခဲ့တာကို သတိရမိတယ်။ သူက ဆိုရှယ်လစ်စနစ်တည်ဆောက်ဖို့ အရင်းရှင်စနစ်ရဲ့နည်းနာတွေကို သုံးစွဲဖို့ကို ဆန့်ကျင်ခဲ့တယ်။ အရင်းရှင်စနစ်ရဲ့ကျင့်သုံးပုံတွေအတိုင်း ကျင့်သုံးမယ်ဆိုရင် ဘယ်လိုလုပ်ပြီး ဆိုရှယ်လစ်စနစ် တည်ဆောက်နိုင်မှာလဲ။ ကျွန်တော်တို့ရဲ့ဘော်တွေ၊ စီးပွားရေးပညာရှင်တွေအနေနဲ့ ချေရဲ့အယူအဆတွေ၊ သူရဲ့ မိန့်ခွန်း တွေ၊ သူ ကျင့်သုံးခဲ့တာတွေကို ပြန်လေ့လာဖို့ လိုတယ်။ ဆိုရှယ်လစ် စီးပွားရေး တည်ဆောက်ဖို့ သူ လေ့လာတင်ပြခဲ့တာတွေကို ပြန်သုံးသပ်ဖို့ လိုတယ်။ သူတင်ပြခဲ့တာတွေ ကြီးမားတဲ့တန်ဖိုးနဲ့အကျိုးကျေးဇူး အများကြီးရှိတာ

တွေ့ရမယ်။ ယခုအခါမှာ ဆိုရှယ်လစ်နိုင်ငံတွေမှာ အရင်းရှင်စနစ်နည်းနာတွေနဲ့ လုပ်ထုံးလုပ်နည်းတွေ လွှမ်းမိုးနေတာကို တွေ့ရလိမ့်မယ်။ ဆိုရှယ်လစ်စနစ်ကို အရင်းရှင်နည်းနာတွေနဲ့ တည် ဆောက်နိုင်မယ်လို့ ထင်နေကြပါတယ်။

ဒီနိုင်ငံတွေမှာ ဆိုရှယ်လစ်ဝါဒ ကျရှုံးသွားရတာ ဘာကြောင့်လဲလို့ မေးချင်မေးကြပါလိမ့်မယ်။ သူတို့ဟာ ဆိုရှယ်လစ်စနစ်ကို မှန်မှန်ကန်ကန် မတည်ဆောက်နိုင်လို့၊ ဆိုရှယ်လစ်ဝါဒကို စနစ်တကျ မကျင့်သုံးနိုင်လို့ ကျရှုံးသွားရတယ်လို့ပဲ ဖြေရလိမ့်မယ်။

အဲဒီလို ဆိုရှယ်လစ်ဝါဒ ကျဆုံးသွားနိုင်တာကို ၁၉၆၀ ခုနှစ်တွေရဲ့ ပထမနှစ်ပိုင်းတွေအတွင်းမှာပဲ ချေက ကြိုတင်ဟောကိန်းထုတ်ခဲ့ပါတယ်။ အရှေ့ဥရောပမှာ ဆိုရှယ်လစ်စနစ် တည်ဆောက်နေပုံကိုကြည့်ပြီး ဆိုရှယ်လစ်ဝါဒနောက်ဆုတ်သွားနိုင်တယ်။ အဲဒီလို ကျင့်သုံးနေပုံရဲ့ အကျိုးဆက်တွေကို အဲဒီနိုင်ငံတွေခံရမယ်လို့ သူက ကြိုတင်သိမြင်ခဲ့ပါတယ်။

ချေက အရင်းရှင်အဘိဓမ္မာနဲ့ နည်းနာတွေကို ကျွန်တော်တို့ လက်ခံကျင့်သုံးဖို့ မလိုဘူးလို့ ပြောပါတယ်။ ဆိုရှယ်လစ်စီးပွားရေးဟာ စီမံကိန်းချစီးပွားရေးစနစ်ဖြစ်ပြီး ဒီစနစ်ကို အုပ်ချုပ်ရေးနည်းနာတွေနဲ့ စတင်ကျင့်သုံးခဲ့ပါတယ်။ အဲဒီလို ဆိုရှယ်လစ်စနစ်ကို စနစ်တကျ ကျင့်သုံးတာဟာ ဥရောပဆိုရှယ်လစ်နိုင်ငံတွေကနေ ရရှိခဲ့တာပါ။ ဒီအယူအဆဟာ အောင်မြင်မှုရှိပါတယ်။ ဂုဏ်သိက္ခာကြီးမားခဲ့တဲ့ ဆိုဗီယက်ယူနီယံနဲ့ တခြားဆိုရှယ်လစ်နိုင်ငံတွေမှာ မှန်မှန်ကန်ကန် သုံးစွဲခဲ့တဲ့အတွက် အောင်မြင်မှုရခဲ့ပါတယ်။ ကျူးဘားနိုင်ငံဟာ အမှားအယွင်းတွေ ရှိခဲ့ပါတယ်။ နည်းနာနဲ့ပတ်သက်တဲ့ အမှားအယွင်းတွေ၊ အတွေ့အကြုံနည်းတာတွေ ရှိခဲ့ပါတယ်။ နောက်ဆိုဗီယက်ယူနီယံနဲ့ တခြားနိုင်ငံတွေရဲ့ လုပ်ထုံးလုပ်နည်းတွေကိုလေ့လာပြီး လက်တွေ့ကျင့်သုံးခဲ့ပါတယ်။

ကျွန်တော့်အနေနဲ့ အမြဲသတိထားတာက ဆိုဗီယက်ယူနီယံနဲ့ တခြားနိုင်ငံတွေရဲ့ မတူကွဲပြားချက်တွေကို သတိထားပါတယ်။ ဆိုရှယ်လစ်ဝါဒကို တည်ဆောက်တဲ့အခါမှာ မတူခြားနားချက်တွေ အများအပြား ရှိနိုင်ပါတယ်။ ဆိုဗီယက်ယူနီယံနဲ့ တခြားနိုင်ငံတွေနဲ့ မတူတာတွေရှိတယ်။ ဆိုဗီယက်အုပ်စုမှာ နိုင်ငံအသေးတွေဟာ နိုင်ငံကြီးတွေနဲ့ မတူနိုင်ပါဘူး။ ဆိုဗီယက်ယူနီယံဟာ အလွန်အင်အား ကြီးနိုင်ငံဖြစ်တာကြောင့် သူနိုင်ငံ ကျင့်သုံးသလို တခြားနိုင်ငံတွေက လိုက်ပြီး မကျင့်သုံးနိုင်ဘူး။ ဆိုဗီယက်ရဲ့ဖွဲ့ဖြိုးလှတဲ့ စီးပွားရေးကို တခြားနိုင်ငံတွေက ရရှိချင်မှ ရှိပါလိမ့်မယ်။ ဒါကြောင့် အခြေအနေတွေကို သဘောပေါက်ဖို့ လိုပါတယ်။

ဒါကြောင့် ဒီအယူအဆကို ကျွန်တော်တို့နိုင်ငံမှာ လက်ခံကျင့်သုံးခဲ့တယ်။ တော်လှန်ရေးပြီးဆုံးပြီး ၁၀ နှစ်၊ ၁၁ နှစ်အကြာမှာ ကျူးဘားတိုးတက်လာတာကို တွေ့ရပါတယ်။ ပျက်စီးသွားတာတွေ၊ သွေဖည်သွားတာတွေလည်း ရှိပါတယ်။ အဲဒီလို ချို့ယွင်းသွားတာတွေကို ကျွန်တော်တို့က ရပ်ဆိုင်းပစ်တယ်၊ ပြင်လို့ရတာတွေလည်း ပြင်ခဲ့ ပါတယ်။ ချေ ချမှတ်ခဲ့တဲ့ မူဝါဒတွေအတိုင်း ကျွန်တော်တို့ ကျင့်သုံးခဲ့ပါတယ်။ ဆိုရှယ်လစ်အုပ်စုက အမှားအယွင်းတွေကို ချေက ပယ်ဖျက်ခဲ့ပါတယ်။ ချေရဲ့စီးပွားရေးအတွေးအခေါ်ဟာ အခြိန်ကိုက် ဖြစ်ပြီး ဆိုရှယ်လစ်အုပ်စုက လုပ်ထုံး၊ လုပ်နည်းအယူအဆတွေနဲ့ ကွဲပြားခြားနားတာတွေ ရှိပါတယ်။ ဆိုရှယ်လစ်စနစ် တည်ဆောက်ဖို့နဲ့ လူနေမှုစနစ် ပြောင်းလဲရေး စတင်တဲ့အခါမှာ ချေရဲ့စီးပွားရေးအမြင် တွေကို စာအုပ်တွေအဖြစ် ရိုက်နှိပ်ပြီး ပြည်သူတွေကို ဖြန့်ချိခဲ့တယ်။ မိမိတို့လက်တွေ့နဲ့ စာအုပ်ထဲမှာပါတဲ့အယူအဆတွေကို ကျင့်သုံးကြည့် ဖို့လည်း ညွှန်ကြားပါတယ်။ လက်တွေ့ထဲမှာရရှိတဲ့ အတွေ့အကြုံဟာ ကျောင်းသင်ခန်းစာက ရရှိမှာမဟုတ်ဘူး။ နိုင်ငံရေးသမား၊ သဘောတရားရေးသမားတွေ ဆီကနေ ရရှိမှာ မဟုတ်ဘူး။

စာအုပ်ထဲမှာပါတဲ့ သဘောတရားတွေဟာ တစ်ခါတစ်ရံ တရားသေဖြစ်ပြီး တစ်ခါတစ်ရံ လျော့ရဲလွန်းတာတွေ တွေ့ရတယ်။

ကျွန်တော့်ဘဝတစ်ခုလုံးမှာ တရားသေဖြစ်တာကို ဆန့်ကျင်ခဲ့ပါတယ်။ ကျွန်တော်ဟာ တရားသေဝါဒရဲ့ ရန်သူပါပဲ။ ကျွန်တော်တို့ဟာ မျှမျှတတ တွေးခေါ်နိုင်တဲ့ နိုင်ငံရေးသမားတွေဖြစ်ရမယ်။ တရားသေဝါဒက ဖောက်ထွက်နိုင်တဲ့ တော်လှန်ရေးသမားတွေ ဖြစ်ရပါမယ်။ အခြေအနေပေါ်မှာသုံးသပ်ပြီး လက်တွေ့လုပ်ဆောင် နိုင်ရမယ့်အတွေ့အကြုံနဲ့သတင်းကို စုစည်းပြီး လက်တွေ့ကျင့်သုံးနိုင်ရ မယ်။ လီနင်ဟာ သူ့နိုင်ငံရဲ့အခြေအနေနဲ့ တော်လှန်ရေးကို ပေါင်းစပ်ခဲ့တဲ့ အတွက် အောင်မြင်မှုရခဲ့တယ်။ မတူကွဲပြားတဲ့ အခြေအနေမျိုးကို သဘောပေါက်ပြီး လက်တွေ့ကျင့်သုံးနိုင်ရပါမယ်။

မာ့က်စ်၊ အိန်ဂျယ်လ်၊ လီနင်နဲ့ချေတို့ရဲ့ အယူအဆတွေဟာ တရားသေကျတဲ့ အယူအဆတွေ မဟုတ်ပါဘူး။ အယူအဆတွေဟာ သစ်လွင်တောက်ပပြီး စံနမူနာပြတွေဖြစ်သလို၊ ဉာဏ်ပညာအခြေခံ အမြင်ရှိတဲ့အယူအဆတွေပါပဲ။ နိုင်ငံရေး၊ လူမှုရေးနဲ့ တော်လှန်ရေး အမြင်တွေကို တီထွင်ဖန်တီးနိုင်တဲ့ အယူအဆတွေဖြစ်တယ်။ ဒီ အယူအဆတွေဟာ တရားသေမကျသလို အခြေအနေ၊ အချိန်အခါနဲ့ လုပ်ဆောင်နိုင်တဲ့ အယူအဆတွေပါပဲ။ သိပ္ပံနည်းကျစမ်းသပ်ခဲ့တဲ့ အယူအဆတွေပါပဲ။ နိုင်ငံရေးနဲ့ ဘာသာရေးအရ လက်ခံနိုင်တဲ့ အယူအဆတွေပဲ ဖြစ်ပါတယ်။

ကျွန်တော်ကချေရဲ့ သဘောတရားနဲ့ အယူအဆတွေကို ကျယ်ပြန့်အောင် ကြိုးစားအားထုတ်ပေမဲ့ ဆိုဗီယက်ယူနီယံနဲ့ ဆိုရှယ်လစ်အုပ်စုက လမ်းကြောင်းပြောင်းသွားတယ်ဆိုပေမဲ့ ကျွန်တော်တို့ကချေရဲ့သဘောတရားအတိုင်း ဆိုရှယ်လစ်လမ်းကြောင်းအပေါ် ဆက်လျှောက်မှာပါပဲ။ အရင်းရှင်စနစ်ရဲ့ စက်မှုစနစ်ကို ကျွန်တော်တို့ တည်ဆောက်မယ်။ ဆိုရှယ်လစ်ဝါဒအတွက် စက်မှုစနစ်ကို တည်

ဆောက်မှာ ဖြစ်ပါတယ်။ ဆိုရှယ်လစ်စနစ်တိုးတက် ဖြစ်ထွန်းရေးအတွက် ကျွန်တော်တို့အစွမ်းကုန် ဆောင်ရွက်မယ်။ ဆိုရှယ်လစ်ဝါဒကို အဆိပ်ခတ် သတ်ဖြတ်ဖို့ ကြိုးစားတာကို ဆန့်ကျင်သွားမယ်။ ဆိုရှယ်လစ်အုပ်စု ဘယ်လိုပဲဖြစ်နေပါစေ ကျွန်တော်တို့က ဆိုရှယ်လစ်ဝါဒကို ဦးတည်ပြီး ချီတက်သွားမှာ ဖြစ်ပါတယ်။

လူပုဂ္ဂိုလ်အညွှန်း

ရိုဂျီလီယိုအေစီပေဒို - တပ်မှူးကြီးအာနက်စတိုချေဂွေဗားရား အထိမ်းအမှတ် ကျင်းပရေးကော်မရှင် ထိန်းသိမ်းရေးအဖွဲ့ဝင်၊ လက်ရှိ ကျူးဘားကွန်မြူနစ်ပါတီ ဗဟိုကော်မတီဝင်။

ဟွမ်ဗီတာလီယို (ဂျိုကွင်း)အာကူနာ (၁၉၂၅-၁၉၆၇) - ကျူးဘားတော်လှန်ရေးစစ်ပွဲရဲဘော်ဟောင်းကြီး၊ ကျူးဘားကွန်မြူနစ် ပါတီ ဗဟိုကော်မတီဝင်။ ဘိုလီဗီးယားရှိ ချေဂွေဗာရာ၏ တပ်ဖွဲ့ ခေါင်း ဆောင်တစ်ဦး၊ ၁၉၆၇ ခုနှစ်၊ ဧပြေလ (၁၇)ရက်တွင် သူတို့ တပ်ဖွဲ့သည် ပင်မတပ်ဖွဲ့ကြီးမှ ခွဲထွက်ပြီး ၁၉၆၇ ခု၊ ဩဂုတ်လ (၃၁)ရက်နေ့တွင် ချုံခိုတိုက်ခိုက်ခံရပြီး သေဆုံး။

ဟွမ်အယ်လ်မေဒါ (၁၉၂၇-) - ၁၉၅၃ မွန်ကားဒါး စစ်စခန်းကို တိုက်ခိုက်ရာတွင် ပါဝင်သူ။ နောက်ဖမ်းဆီးအကျဉ်းချ ခံရသည်။ ဂရမ်မာရွက်လှေဖြင့် သူပုန်တပ်မတော်ကို ဦးဆောင်ပြီး တိုက်ပွဲဝင်ရာတွင် ပါဝင်ခဲ့သူ။ လက်ရှိကျူးဘားကွန်မြူနစ်ပါတီ ဗဟို ကော်မတီနိုင်ငံရေးဦးဆောင်အဖွဲ့ဝင်။ အာနက်စတိုချေဂွေဗားရား အထိမ်းအမှတ်ကော်မတီ၏ ဦးဆောင်မှုအဖွဲ့ဝင်။

ရီနီဘာရီယန်တော့စ် (၁၉၁၉-၁၉၆၉) - ဘိုလီဗီးယား ဗိုလ်ချုပ်ကြီး၊ ၁၉၆၄ ခု နိုဝင်ဘာလက စစ်အာဏာသိမ်းအဖွဲ့ ခေါင်း

ဆောင်။ ၁၉၆၆ ဇူလိုင်လ ရဟတ်ယာဉ်ပျက်ကျသည်အထိ သမ္မတအဖြစ် အာဏာကို ဆုပ်ကိုင်ထားခဲ့သူ။

ဂျာကိုဘိုအာဘင့်ဇ် (၁၉၁၄-၁၉၇၁) - ၁၉၅၁ ခုနှစ်မှ ၁၉၅၄ ခုနှစ်အထိ ဂွာတီမာလာသမ္မတအဖြစ် တာဝန်ယူခဲ့သူ။ ၁၉၅၄ တွင် CIA နောက်ခံကူညီမှုဖြင့် စစ်တပ်က အာဏာသိမ်းပြီး သူ့ကို ဖြုတ်ချခဲ့သည်။

ဖူဂျန်ဆီယိုဘာတစ်စတာ (၁၉၀၁-၁၉၇၃) - တပ်မတော်တပ်ကြပ်ကြီးတစ်ယောက်ဖြစ်ပြီး ၁၉၃၄ တွင် ကျူးဘားအစိုးရကို ဖွဲ့စည်းအုပ်ချုပ်နိုင်ခဲ့လေသည်။ ၁၉၄၄ ခုတွင် စစ်တပ်မှထွက်ပြီး ၁၉၅၂ ခုနှစ်၊ မတ်လတွင် အာဏာသိမ်းအဖွဲ့ကို ခေါင်းဆောင်ခဲ့ သည်။ ၁၉၅၉ ခုနှစ်၊ ဇန်နဝါရီလ (၁)ရက်နေ့အထိ အာဏာရှင်အဖြစ် ကျူးဘားနိုင်ငံကို အုပ်ချုပ်ခဲ့ပြီး ကျူးဘားမှ ထွက်ပြေးခဲ့သည်။

တာမာရာဘန်ကေ (တာနီးယား) (၁၉၃၇-၁၉၆၇) - အာဂျင်တီးနားနိုင်ငံတွင် မွေးဖွားပြီး ဂျာမန်ဒီမိုကရက်တစ် သမ္မတနိုင်ငံ၌ ကြီးပြင်းခဲ့သည်။ ၁၉၆၁ မှ ၁၉၆၄ အထိ ကျူးဘားတွင် နေထိုင်ခဲ့သည်။ ၁၉၆၄ တွင် ဘိုလီဗီးယားသို့သွားပြီး ပြောက်ကျား လှုပ်ရှားမှုများကို ရှေ့ပြေးလုပ်ဆောင်ခဲ့သည်။ ၁၉၆၇ ဧပြီလအထိ ဂွေဗားရား၏တပ်ဖွဲ့တွင် ပူးပေါင်းပါဝင်ပြီး ၁၉၆၇ ခု ဩဂုတ်လ (၃၁)ရက်တွင် ချုံခို တိုက်ခိုက်ခံရပြီး ကျဆုံးခဲ့သည်။

ဖရန်စစ္စကိုကာမာနို(၁၉၃၂-၁၉၇၃) - ဒိုမီနီကန်သမ္မတနိုင်ငံ လက်နက်ကိုင်တပ်ဖွဲ့များမှ ဗိုလ်မှူးကြီးဖြစ်သည်။ ၁၉၄၅ ခု၊ ဧပြီလတွင် ဒိုမီနီကန်၌ တော်လှန်ရေးဖြစ်ပွားသောအခါ အဓိက အခန်းမှပါဝင်ခဲ့ပြီး အမေရိကန်တပ်ဖွဲ့များ ကျူးကျော်မှုကို ရှေ့ဆုံးမှ ဆန့်ကျင်ခဲ့သည်။ နောက် ကျူးဘားသို့ထွက်ပြေးလာခဲ့၏။ ၁၉၇၃ တွင် ဒိုမီနီကန်သမ္မတနိုင်ငံတွင် ပြောက်ကျားများကို ဦးဆောင်တိုက်ပွဲဝင်ခဲ့သည်။ ထိုသို့တိုက်ခိုက်ပြီး မကြာခင်မှာပင် အစိုးရအဖွဲ့များက သူ့ကို ဖမ်းမိပြီး သတ်ပစ်ခဲ့

လေသည်။

ဖီဒဲလ်ကက်စထရို (၁၉၂၆-) - ချမ်းသာသော မြေရှင် မိသားစုတစ်ခုမှ မွေးဖွားလာသူဖြစ်သည်။ ဟားဗားနာတက္ကသိုလ်မှ ဥပဒေဘွဲ့ ရရှိခဲ့သည်။ တက္ကသိုလ်တက်နေစဉ် ကျောင်းသားအုပ်စု တစ်စုနှင့်ပူးပေါင်းပြီး တိုင်းပြည်မှ နိုင်ငံရေးအကျင့်ပျက်မှုများ၊ မသမာမှုများကို ဆန့်ကျင်တိုက်ပွဲဝင်ခဲ့သူ ဖြစ်သည်။ နောက် ကျူးဘား ပြည်သူ့ပါတီ (အော်သိုဒေါက်ပါတီဟုလည်း သိရှိကြသည်။) အဖွဲ့ဝင် တစ်ဦး ဖြစ်ခဲ့သည်။ နောက် လက်ဝဲအုပ်စုတစ်စုကို ဦးဆောင်ပြီး တည်ထောင်ခဲ့သည်။ ထိုနှစ်မှာပင် သူသည် ဒိုမီနီကန်သမ္မတနိုင်ငံ၏ ထရူဂျီလိုအာဏာရှင် စနစ်ကို ဆန့်ကျင်တိုက်ပွဲဝင်ရန် ထွက်ခွာသွားခဲ့သည်။ ထိုသို့တိုက်ပွဲဝင်စဉ် ကျူးဘားသို့ မပြန်နိုင်သေးဘဲ ဒိုမီနီကန်တွင် သောင်တင်ခဲ့ပါသည်။ နောက် ကျောင်းသားခေါင်းဆောင် တစ်ယောက်ဖြစ်သော ကက်စထရိုသည် ကိုလံဘီယာနိုင်ငံသို့ သွား ရောက်ခဲ့ပြီး လက်တင်အမေရိကနယ်ခဲ့ဆန့်ကျင်ရေးကျောင်းသား သမဂ္ဂများကွန်ဂရက်သို့ တက်ရောက်ခဲ့သည်။ ထို့နောက် ၁၉၄၈ ဧပြီလတွင် ဘိုဂိုတာပုန်ကန်မှုတွင် ပါဝင်ခဲ့ပြန်သည်။ ၁၉၅၂ ခုနှစ် မတ်လ၌ ဖူဂျန်ဆီယိုဘာတစ်စတာက ကျူးဘားကို အာဏာသိမ်းပြီးသည်နောက် ကက်စထရိုသည် ကျောင်းသားပြည်သူများနှင့် လက်နက်ကိုင်တပ်ဖွဲ့ဝင်များကို စည်းရုံးကာ အာဏာရှင် ဆန့်ကျင်ရေးအတွက် ကြိုးပမ်းခဲ့သည်။ သူသည် ၁၉၅၃ ခုနှစ် ဇူလိုင်လ (၂၆)ရက်နေ့တွင် ကက်စထရိုသည် ဆန်တီယာဂိုဒီ ကျူးဘားရှိ မွန်ကားဒါးစစ်စခန်းကို သူ စည်းရုံးထားသော လူတစ်စုဖြင့် ဝင်ရောက် စီးနင်းတိုက်ခိုက်ခဲ့ရာ မအောင်မြင်ဘဲ အဖမ်းခံခဲ့ရလေသည်။ သူနှင့် အတူ အဖမ်းခံရသော လူ (၂၅)ယောက်ကျော်ကို ထောင်ဒဏ်ချမှတ်လိုက်၏။ ထိုသို့ဝင်ရောက်တိုက်ခိုက်ခဲ့စဉ်က အတူပါလာသော ရဲဘော် ၆၀ ကျော်မှာမူ အပစ်သတ်ခံခဲ့ရလေသည်။ ထိုတိုက်ခိုက်မှု နှင့်ပတ်သက်ပြီး ကက်စထရိုနှင့် သူ့ရဲဘော်များကို ရုံးတင်တရားစွဲဆိုရာ ကက်စထရိုက ထုချေ

လျှောက်လဲရာ ထိုလျှောက်လဲချက်မှာ ထင်ရှား၏။ ထိုလျှောက်လဲချက်မှာ "သမိုင်းက ကျွန်တော့်ကို အဖြေပေး ပါလိမ့်မည်"ဆိုသော လျှောက်လဲချက်ဖြစ်သည်။ ဇူလိုင် ၂၆ ရက် လှုပ်ရှားမှုနှင့် ပတ်သက်၍ ကြေညာချက် ထောင်ပေါင်းများစွာကို လူထုကြားထဲတွင် ဖြန့်ချိခဲ့လေသည်။ လူထုကလည်း လူထုအခွင့်အရေး ကာကွယ်မှု၊ လှုပ်ရှားမှုများ၊ ထိုလှုပ်ရှားမှုများကို ထောက်ခံမှုများ ပြုလုပ်ခဲ့သည်။ လူထုတိုက်ပွဲများ ပေါ်ပေါက်ခဲ့လေသည်။ ၂၂လတာ အကျဉ်းချခံရပြီးနောက် ၁၉၅၅ ခု မေလတွင် ကက်စထရိုနှင့် သူ့ ရဲဘော်များမှာ အကျဉ်းထောင်မှ လွတ်မြောက်ခဲ့သည်။ ၁၉၅၅ ခု ဇူလိုင်လ (၇)ရက်၌ ကက်စထရိုသည် မက္ကဆီကိုသို့ ထွက်ခွာသွားခဲ့သည်။ မက္ကဆီကိုတွင် သူ၏ပြောက်ကျားစစ်အတွက် လှုပ်ရှားမှု များကို စတင်လုပ်ဆောင်ခဲ့သည်။ ၁၉၅၆ ခုနှစ်၊ ဒီဇင်ဘာလ (၂)ရက် နေ့၌ ကက်စထရိုနှင့် သူ၏ရဲဘော် စ၁ ယောက်သည် ဂရန်မာ Granma စက်လှေဖြင့် မက္ကဆီကိုမှ ထွက်ခွာလာပြီး ကျူးဘား ကမ်းခြေသို့ ဆိုက်ကပ်ခဲ့သည်။ ကက်စထရိုနှင့် သူ့ရဲဘော်များသည် ၂ နှစ်ခန့်ကြာအောင် တော်လှန်ရေးအဖွဲ့ ဖွဲ့စည်းကာ ပြောက်ကျားစစ်များ ဖန်တီးခဲ့၏။ ဇူလိုင် (၂၆) လှုပ်ရှားမှုက တိုက်ခိုက်ခဲ့သလို အခုအချိန်၌လည်း လှုပ်ရှားတိုက်ခိုက်ခဲ့ပါသည်။ တော်လှန်ရေး အစပိုင်းတွင် ခက်ခက်ခဲခဲ ရုန်းကန်လှုပ်ရှားခဲ့သော်လည်း ပြည်သူလူထုကို စည်းရုံးနိုင်ခဲ့သဖြင့် လူအင်အား တစ်စထက်တစ်စများပြားကာ ၁၉၅၈ ခုနှစ်တွင် အောင်မြင်မှုများကို ရယူနိုင်ခဲ့သည်။ ဆီးရားယားမေစထရာ တောင်တန်းမှနေ၍ တော်လှန်စစ်ကို အားကောင်းကောင်း ဆင်နွှဲနိုင်ခဲ့သည်။ ကျူးဘားနိုင်ငံ အလယ်ပိုင်းအထိ တော်လှန်ရေးစစ်ကို တိုးချဲ့နိုင်ခဲ့ကာ နောက်ဆုံးကက်စထရို၏ တော်လှန်ရေးတပ်ဖွဲ့များက ဘာတစ်စတာအစိုးရအဖွဲ့ကို တိုက်နိုင်ခဲ့သည်။ ၁၉၅၉ ခု ဇန်နဝါရီ (၁၁)ရက်တွင် ဘာတစ်စတာမှာ ကျူးဘားနိုင်ငံမှ ထွက်ပြေးခဲ့ရသည်။ ကက်စထရို၏ စည်းရုံးမှုဖြင့် စစ်အစိုးရ ဆန့်ကျင်ရေးအထွေထွေ သပိတ်ကြီးကို ဆင်နွှဲခဲ့သည်။ ၁၉၅၉ ဇန်နဝါရီ (၈)

ရက်နေ့တွင် ကက်စထရိုနှင့် သူ၏တပ်ဖွဲ့များသည် ဟားဗားနား မြို့တော်ကို သိမ်းပိုက်ခဲ့ပါသည်။ ၁၉၅၉ ခု ဖေဖော်ဝါရီလ (၁၃)ရက်တွင် ကက်စထရိုသည် ဝန်ကြီးချုပ်အဖြစ် ကျူးဘားအစိုးရ အဖွဲ့သစ်ကို ဖွဲ့စည်းခဲ့သည်။ ၁၉၇၆ ခုနှစ်တွင် ကက်စထရိုသည် နိုင်ငံတော်ကောင်စီ နှင့် ဝန်ကြီးများကောင်စီ၏ဥက္ကဋ္ဌ ဖြစ်လာလေသည်။ ၁၉၆၅ ခုနှစ်က ကျူးဘားကွန်မြူနစ်ပါတီကို ထူထောင်ကာ ကက်စထရိုသည် ပထမ အတွင်းရေးမှူးဖြစ်လာခဲ့သည်။

ရာအူးလ်ကက်စထရို (၁၉၃၁-) - မွန်ကားဒါးစစ်စခန်းကို ဝင်ရောက်တိုက်ခိုက်ရာတွင် ပါဝင်ခဲ့သူဖြစ်ပြီး အဖမ်းခံရ၍ ထောင် ကျသွားခဲ့သည်။ ဂရန်မာစက်လေ့ဖြင့် မက္ကဆီကိုမှ ကျူးဘားသို့ လာရောက်တိုက်ခိုက်ရာတွင်လည်း ပါဝင်ခဲ့ပြီး သူပုန်တပ်မတော်၏ တပ်မှူးတစ်ယောက်လည်း ဖြစ်သည်။ ၁၉၅၉ ခုနှစ်မှစ၍ ၇၆ ခုနှစ် အထိ ဒုတိယဝန်ကြီးချုပ်ဖြစ်သည်။ ၁၉၇၆ ခုနှစ်တွင် နိုင်ငံတော် ကောင်စီနှင့် ဝန်ကြီးများကောင်စီ၏ ပထမဒုတိယဥက္ကဋ္ဌအဖြစ် တင် မြှောက်ခံရသည်။ ၁၉၆၅ ခုနှစ်တွင် ကျူးဘားကွန်မြူနစ်ပါတီ၏ ဒုတိယအတွင်းရေးမှူးအဖြစ် တာဝန်ယူခဲ့သည်။ ဖီဒဲလ်ကက်စထရို၏ ညီလည်း ဖြစ်သည်။

ကာမီလိုဆီယန်ဖြူဂေါ့စ်(၁၉၃၂-၁၉၅၉) - ဂရန်မာစက်လေ့ ဖြင့် ကျူးဘားကမ်းခြေကို ဆိုက်ကပ်စဉ်က ပါခဲ့သူဖြစ်ပြီး သူပုန်တပ်ဖွဲ့၏ တပ်မှူးလည်း ဖြစ်သည်။ ငွေဗားရားနှင့်အတူ ဆီးရားယားမေစထရာမှ အနောက်ဘက် လပ်ဗီလက်စ်ပြည်နယ်သို့ ဦးဆောင်ချီတက်ခဲ့ရာတွင် ပါဝင်ခဲ့သည်။ ၁၉၅၉ ဇန်နဝါရီလတွင် သူပုန်တပ်မတော်၏ ကာကွယ် ရေးဦးစီးချုပ်ဖြစ်လာသည်။ ၁၉၅၉ အောက်တိုဘာလ (၂၈)ရက်နေ့၌ ပင်လယ်ထဲလေယာဉ်ပျက်ကျပြီး သေဆုံးခဲ့သည်။

ရီဂစ်ဒီဘရေး (၁၉၄၀-) - ပြင်သစ်သတင်းစာဆရာ ဖြစ်ပြီး ကျူးဘားတော်လှန်ရေးကို ထောက်ခံကူညီသူဖြစ်သည်။ သူသည်

ဂွေဗားရား၏ပြောက်ကျားတပ်ဖွဲ့နှင့်အတူ ရက်ပေါင်းများစွာ လိုက်ပါ ခြီတက်ခဲ့သူဖြစ်သည်။ ဂွေဗားရား၏တပ်ကို ဘိုလီဗီးယား အစိုးရက တိုက်ခိုက်ရာ သူက ထွက်ပြေးခဲ့သော်လည်း အဖမ်းခံခဲ့ရသည်။ ဘိုလီဗီးယားတွင် အနှစ် ၃၀ ကြာ အကျဉ်းချခံခဲ့ရပြီး ၁၉၇၀ ခုနှစ်တွင် လွတ်ငြိမ်းခွင့်ပေးပြီး လွတ်မြောက်လာသည်။ နောင်အခါ သူသည် ပြင်သစ်ဆိုရှယ်လစ်ပါတီ၌ ထင်ရှားသောနိုင်ငံရေးသမား ဖြစ်လာလေသည်။

ဂရန်မာ - ဂရန်မာမှာ စက်လှေတစ်ခုဖြစ်သည်။ ခရီးသည်များစီးသော သဘော်အမျိုးအစားဖြစ်ကာ မက္ကဆီကိုမှနေ ကျူးဘားသို့ တော်လှန်ရေးသမားများကိုတင်ပြီး ရောက်ရှိလာခဲ့သည်။ ၁၉၅၆ ခုနှစ် နိုဝင်ဘာနှင့် ဒီဇင်ဘာလအတွင်းတွင် ဂရန်မာစက်လှေဖြင့် ကျူးဘားသို့ ဆိုက်ကပ်ခဲ့သည်။ ထိုစက်လှေနာမည်ကိုယူ၍ ၁၉၆၅ ခုနှစ်က စတင် ထုတ်ဝေသော ကျူးဘားကွန်မြူနစ်ပါတီ၏ သတင်းစာကို ဂရန်မာဟု နာမည်ပေးထားလေသည်။

အာနက်စတိုချေဂွေဗားရား (၁၉၂၈-၁၉၆၇) - အာဂျင်တီးနား နိုင်ငံ ရိုဆာရီယိုတွင် မွေးဖွားခဲ့သည်။ မြို့တော်ဗြူရိုအေးရက်စ်တွင် ဆေးကျောင်းသားအဖြစ် တက်ရောက်ခဲ့ပြီး ဆရာဝန်ဘွဲ့ရရှိခဲ့ပါသည်။ ဆရာဝန်ဘွဲ့ရပြီး၊ သူသည် လက်တင်အမေရိကတစ်ခွင် လှည့်လည်သွားလာခဲ့သည်။ ၁၉၅၄ ခုနှစ်တွင်း ဂွာတီမာလာတွင် နေထိုင်ခဲ့ သည်။ ထိုအချိန်က ဂျာကိုဘိုအာဘင့်စ်အစိုးရအဖွဲ့ကို ပြည်သူလူထုက ရွေးချယ်တင်မြှောက်ခဲ့သည်။ ဂွာတီမာလာတွင်နေရင်း နိုင်ငံရေး လှုပ်ရှားမှုတွင် ပါဝင်ပတ်သက်လာသည်။ ထိုသို့ လူထုရွေးချယ်ထား သော အစိုးရအဖွဲ့ကို CIA က နောက်ခံအားပေးသော စစ်တပ်က အာဏာသိမ်းခဲ့သည်။ စစ်အစိုးရက ချေကို နိုင်ငံမှ နှင်ထုတ်ခဲ့သည်။ ချေသည် မက္ကဆီကိုစီးတီးသို့ သွားရောက်ခဲ့သည်။ ထိုတွင် ကျူးဘား တော်လှန်ရေးသမားများနှင့် တွေ့ဆုံခဲ့သည်။ ဖူဂျန်ဆီယိုဘာတစ်စတာ အစိုးရကို ကျူးဘားတော်လှန်

ရေးသမားများ ဖြိုချရန် ကြံစည်နေခြိန် ဖြစ်သည်။ ၁၉၅၅ ခု ဇူလိုင်လ တွင် သူသည် ဖီဒဲလ်ကက်စထရိုနှင့် တွေ့ဆုံခဲ့ပြီး ကျူးဘားတော်လှန်ရေး တွင်ပါဝင်တိုက်ခိုက်ရန် ချက်ချင်းစာရင်းပေးသွင်းခဲ့သည်။ ထိုသို့ ကက်စထရို၏ရဲဘော်များနှင့် တွေ့ဆုံရာတွင် သူ့ကို ကျူးဘားလို့က 'ချေ'ဟု နာမည်ပေး ခေါ်ဆိုခဲ့လေသည်။ ထိုနာမည်မှာ အာဂျင်တီးနား တွင်လည်း လူသိများသော နာမည်ဖြစ်လေသည်။ ၁၉၅၆ ခုနှစ် နိုဝင်ဘာ (၂၅)မှ ဒီဇင်ဘာ (၂)ရက်နေ့အတွင်း ချေဂြေဗာရာသည် ဂရန်မာစက်လှေဖြင့် ကျူးဘားသို့ သွားရောက်ရာတွင် ပါဝင်ခဲ့ပါသည်။ သူသည် ဆရာဝန်တစ်ယောက် ဖြစ်၏။ သို့သော် ၁၉၅၇ တွင် ကျူးဘား သူပုန်တပ်ဖွဲ့၏တပ်မှူး တစ်ယောက်ဖြစ်လာခဲ့ပါသည်။ ၁၉၅၈ ခု စက်တင်ဘာတွင် ကာမီလိုဆီယန်ဖြူရော့နှင့် ချေတို့သည် ပြောက်ကျား အဖွဲ့ကို ဦးဆောင်ကာ ဆီးရားယားမေစထရာမှ ကျူးဘားနိုင်ငံ၏ အလယ်ပိုင်းသို့ ချီတက်ခဲ့လေသည်။ ၁၉၅၈ ခု ဒီဇင်ဘာတွင် ဂြေဗာရာ သည် တော်လှန်ရေးသူပုန်တပ်ဖွဲ့ကို ဦးဆောင်၍ စင်တာကလာရာ တိုက်ပွဲကို အောင်မြင်စွာတိုက်ခိုက်အနိုင်ယူခဲ့လေသည်။ ၁၉၅၉ ဇန်နဝါရီလ (၁)ရက်တွင် သူ၏စွမ်းဆောင်မှုနှင့် အောင်ပွဲကြောင့် ဂြေဗားရားသည် ထိပ်တန်းခေါင်းဆောင်တစ်ယောက် ဖြစ်လာကာ တော်လှန်ရေးအစိုးရအဖွဲ့သစ်တွင် ဦးဆောင်သူတစ်ယောက်ဖြစ်လာ ခဲ့ပါသည်။ ၁၉၅၉ ခု၊ စက်တင်ဘာလတွင် သူသည် လယ်ယာမြေ ပြုပြင်ပြောင်းလဲမှု အမျိုးသားရေးအဖွဲ့ စက်မှုဌာနတွင် ဦးဆောင်သူ ဖြစ်လာသည်။ ၁၉၅၉ ခုနှစ် နိုဝင်ဘာလတွင် သူ့ကို ကျူးဘားအမျိုး သားဘဏ်၏ဥက္ကဋ္ဌအဖြစ် တာဝန်ပေးခဲ့သည်။ ၁၉၆၁ ခု ဖေဖော်ဝါရီလ တွင် သူသည် စက်မှုဝန်ကြီးဖြစ်လာခဲ့သည်။ ဂြေဗားရားသည် ကမ္ဘာ့ ညီလာခံများကို တက်ရောက်ရာတွင် ကျူးဘားနိုင်ငံ၏ ကိုယ်စားလှယ် အဖြစ် ဦးဆောင်တက်ရောက်ခဲ့သည်။ ကျူးဘား ကိုယ်စားလှယ်အဖွဲ့ ပေါင်းများစွာကို ဦးဆောင်ပြီး နိုင်ငံပေါင်းစုံ၊ ညီလာခံများ၊ အစည်းအဝေး

များသို့ တက်ရောက်ခဲ့သည်။ ၁၉၆၄ ခုနှစ်၌ ကုလသမဂ္ဂညီလာခံတွင် ကျူးဘားနိုင်ငံကို ကိုယ်စားပြု၍ မိန့်ခွန်းတက်ရောက်ပြောခဲ့သည်။ ၁၉၆၅ တွင် ဂွေဗားရားသည် ကျူးဘားမှထွက်ခွာပြီး အာဖရိကနှင့် လက်တင် အမေရိကမှ မလွတ်မြောက်သေးသောနိုင်ငံများအတွက် တော်လှန်ရေး များတွင် ပါဝင် တိုက်ခိုက်ခဲ့ပါသည်။ အာဖရိကတိုက်ရှိ ကွန်ဂိုနိုင်ငံတွင် လပေါင်း များစွာနေထိုင်ခဲ့ပြီး တော်လှန်ရေးများတွင် ပါဝင်ခဲ့သည်။ ၁၉၆၅ ခုနှစ်၊ ဒီဇင်ဘာလတွင် ကျူးဘားနိုင်ငံသို့ ပြန်သွားခဲ့ပါသည်။ ၁၉၆၆ ခု၊ နိုဝင်ဘာလတွင် ဘိုလီဗီးယားနိုင်ငံသို့ သူရောက်ရှိခဲ့သည်။ ပြောက်ကျားအုပ်စုတစ်စုကို ဦးဆောင်၍ ထိုနိုင်ငံမှ စစ်အာဏာရှင် အစိုးရကို တိုက်ပွဲဝင်ခဲ့သည်။ ထိုသို့ တိုက်ခိုက်ရင်း အမေရိကန်က လေ့ကျင့်သင်ကြားပေးထားသော ဘိုလီဗီးယားစစ်သားများနှင့် တိုက် ခိုက်ရပြီး ဒဏ်ရာရကာ အဖမ်းခံခဲ့ရသည်။ ထိုတပ်သားများကို CIAက အေးဂျင့်များက ညွှန်ကြားခဲ့သည်။ ၁၉၆၇ အောက်တိုဘာ (၈)ရက် တွင် ဒဏ်ရာဖြင့် ဖမ်းမိထားသော ချေဂွေဗာရာကို CIA က နောက်ခံ ပြုထားသော ဘိုလီဗီးယားတပ်သားများက သတ်ဖြတ်ခဲ့ပါသည်။

မိုက်ဆီဂွေဗာရာ (၁၉၃၉-၁၉၆၇) - ဘိုလီဗီးယားမိုင်း အလုပ်သမားများ၏ ခေါင်းဆောင်ဖြစ်သည်။ သူသည် ဘိုလီဗီးယား ကွန်မြူနစ်ပါတီမှ ခွဲထွက်ကာ အော်စကာဇာမိုရာခေါင်းဆောင်သော စင်ပြိုင်ပါတီ၏ခေါင်းဆောင်ဖြစ်လာသည်။ သူသည် သူ့အဖွဲ့မှထွက်၍ ဂွေဗားရား၏ပြောက်ကျားတပ်ဖွဲ့တွင် ပါဝင်ခဲ့သည်။ ၁၉၆၇ ခု အောက်တို ဘာ (၂၁)ရက်နေ့ ချုံခိုတိုက်ခိုက်ရာတွင် ကျဆုံးခဲ့လေသည်။

ဇူလိုင် ၂၆ လှုပ်ရှားမှုအဖွဲ့ - ၁၉၅၅ ခုနှစ်က ဖီဒဲလ်ကက်စထရို နှင့် အခြားတော်လှန်ရေးသမားများဖွဲ့စည်းတည်ထောင်ခဲ့သော အဖွဲ့ ၏ လှုပ်ရှားမှုဖြစ်သည်။ ကျူးဘားတော်လှန်ရေးတွင် ဦးဆောင်မှု အခန်း ကဏ္ဍကပါဝင်ခဲ့သည်။ ၁၉၆၁ ခုနှစ်တွင် တခြားအဖွဲ့ ၂ ဖွဲ့ကလည်း ထိုလှုပ်ရှားမှုတွင်ပါဝင်လာခဲ့ပြီး နောင်အခါ ကျူးဘား ကွန်မြူနစ်ပါတီ

ဖြစ်လာခဲ့လေသည်။

ကျော့ရှ်ကောလေး - ဘိုလီဗီးယားကွန်မြူနစ်ပါတီ၏ ခေါင်းဆောင်ဖြစ်သည်။ ၁၉၆၇ ခု၊ ဒီဇင်ဘာလတွင် ပါတီ၏ အထွေထွေအတွင်းရေးမှူး မွန်ဂျေး၏နေရာတွင် တာဝန်ယူခဲ့သူ ဖြစ်သည်။

မက်ထရစ်လူမွန်ဘာ (၁၉၂၅-၁၉၆၁) - ကွန်ဂိုအမျိုးသားလှုပ်ရှားမှုအဖွဲ့ ဥက္ကဋ္ဌနှင့် တည်ထောင်သူ။ ၁၉၆၀ ဇွန်လတွင် ဘယ်လ်ဂျီယံ ကိုလိုနီလက်အောက်မှ လွတ်လပ်ရေးရလာသည့်အခါတွင် ကွန်ဂိုနိုင်ငံ၏ ပထမဆုံးဝန်ကြီးချုပ် (ယခု ဇိုင်ယာနိုင်ငံ)ဖြစ်လာသည့် ဝန်ကြီးချုပ်ဖြစ်ပြီး ၃ လ အကြာတွင် နယ်ခြဲအလိုကျ စစ်တပ်က အာဏာသိမ်းကာ လူမွန်ဘာကို ဖမ်းဆီးခဲ့သည်။ ၁၉၆၁ ခု၊ ဖေဖော်ဝါရီလတွင် ထောင်တွင်းဒဏ်ပင် သတ်ဖြတ်ခဲ့လေသည်။

အန်တိုနီယိုမာဆီယို (၁၉၄၅-၁၈၉၆) - ထင်ရှားသော စစ်ရေးခေါင်းဆောင်တစ်ယောက်ဖြစ်သလို ကျူးဘားလွတ်လပ်ရေး စစ်ပွဲ ၃ ခုစလုံးတွင် သေနင်္ဂဗျူဟာ ထူးချွန်သူတစ်ယောက်အဖြစ်သို့ ဦးဆောင်ခဲ့သူဖြစ်သည်။ ၁၈၇၈ ခုနှစ်တွင် တစ်ဖက်သတ်ရေးဆွဲထားသော စာချုပ်ကို ဖျက်သိမ်းကာ ပထမဆုံး ကျူးဘားလွတ်လပ်ရေး တိုက်ပွဲကို ဆင်နွှဲခဲ့သည်။ ၁၈၉၅-၉၆ ခုနှစ်များတွင် ကျွန်းအရှေ့ပိုင်းမှနေ အနောက်ပိုင်းအထိ ချီတက်၍ သိမ်းပိုက်ခဲ့သည်။ ထိုစစ်ပွဲမှာပင် ကျဆုံးသွားပါသည်။

အလိုက်ဒါမက်ရှ် (၁၉၃၄-) - ဇူလိုင် ၂၆ ရက် လှုပ်ရှားမှုအဖွဲ့ဝင်တစ်ယောက်ဖြစ်ပြီး မြေအောက်လှုပ်ရှားမှုများတွင် ဂွေဗားရားနှင့်အတူ ပါဝင်ခဲ့သည်။ ၁၉၅၉ ခုနှစ်တွင် ဂွေဗားရားနှင့် အိမ်ထောင်ကျခဲ့သည်။

ဟိုဆေးမာတီ (၁၈၅၃-၁၈၉၅) - ကျူးဘားအမျိုးသား သူရဲကောင်းဖြစ်သည်။ သူသည် နိုင်ငံရေးအရ ကျူးဘားပြည်သူများ၏ အမျိုးသားခေါင်းဆောင်ဖြစ်သလို ကဗျာဆရာ၊ စာရေးဆရာ၊ အပြော

အဟောကောင်းသူ သတင်းစာဆရာတစ်ယောက်လည်း ဖြစ်သည်။ ၁၈၉၂ တွင် ကျူဘားတော်လှန်ရေးပါတီကို တည်ထောင်ခဲ့သူဖြစ်ပြီး စပိန်အုပ်ချုပ်ရေးကို လက်နက်ကိုင် တိုက်ပွဲဝင်သူဖြစ်သလို ကျူဘားကို အမေရိကန်နှင့် ပူးတွဲအုပ်ချုပ်ရေးကို ဆန့်ကျင်ခဲ့သူလည်း ဖြစ်၏။ ၁၈၉၅ ခုနှစ် လွတ်လပ်ရေးစစ်ပွဲတွင် ဦးဆောင်တိုက်ပွဲဝင် ခဲ့ပြီး ထိုတိုက်ပွဲ၌ပင် ကျဆုံးခဲ့လေသည်။

ကွော့ရှ်ရီကာဒိုမက်ဆက်တီ (၁၉၂၉-၁၉၆၄) - အာဂျင်တီးနား သတင်းစာဆရာတစ်ဦးဖြစ်ပြီး ၁၉၅၈ ဇန်နဝါရီလတွင် ဆီးရားယား မေစထရာသို့ ရောက်ရှိလာခဲ့ပြီး သူပုန်လှုပ်ရှားမှုတွင် ပါဝင်ခဲ့လေသည်။ ကျူဘားသတင်းဌာနဖြစ်သော ပရင်ဆာလက်တီနာကို စတင်ထူထောင်ကာ ထိုသတင်းဌာန၏ ညွှန်ကြားရေးမှူးလည်း ဖြစ်သည်။ အာဂျင်တီးနား သို့ပြန်ပြီး ပြောက်ကျားလှုပ်ရှားမှုများကို စည်းရုံးလှုံ့ဆော်နေစဉ်မှာပင် အသတ်ခံခဲ့ရလေသည်။

ဟူဘာမာတော့စ် (၁၉၁၉-) - သူပုန်တပ်မတော်၏ တပ်မှူးဖြစ်သည်။ ၁၉၅၉ ခုနှစ် အောက်တိုဘာလတွင် ကမာဂွေးပြည်နယ်တွင် တန်ပြန်တော်လှန်ရေးလှုပ်ရှားမှုကို ပြုလုပ်သောကြောင့် ဖမ်းဆီးခံရပြီး ၁၉၇၉ ခုနှစ်အထိ အကျဉ်းချထားခံရသည်။ ယခုအခါ အမေရိကန်ပြည်ထောင်စု၌ နေထိုင်သည်။

ဂျူလီယိုအန်တိုနီယိုမဲလ်လာ (၁၉၀၃-၁၉၂၉) - ၁၉၂၃ ခုနှစ် တက္ကသိုလ်ပြုပြင်ပြောင်းလဲရေးလှုပ်ရှားမှုတွင် ခေါင်းဆောင်ခဲ့သူ ဖြစ်သည်။ ၁၉၂၅ ခုနှစ် ပထမကျူဘားကွန်မြူနစ်ပါတီကို ခေါင်းဆောင်ခဲ့သူတစ်ယောက်လည်းဖြစ်သည်။ ကျူဘား၏ မာချာဒိုအာဏာရှင် စနစ်အုပ်ချုပ်စဉ်က ထိုအစိုးရ၏ အေးဂျင့်များက မက္ကဆီကိုတွင် သူ့ကို လုပ်ကြံသတ်ဖြတ်ခဲ့လေသည်။

မွန်ကာဒါးစစ်စခန်း - ကျူဘားနိုင်ငံ၊ ဆန်တီယာဂိုဒီ ကျူဘား ဒေသ၌ရှိသော ယခင်က စစ်စခန်းတစ်ခု၏ နာမည်ဖြစ်ပါသည်။ ၁၉၅၃

ဇူလိုင် ၂၆ ရက်နေ့တွင် ဖီဒဲလ်ကက်စထရိုနှင့် သူ့ရဲဘော် ၁၀၀ ကျော်က ထိုစစ်စခန်းကို တိုက်ခိုက်ခဲ့သည်။ တိုက်ခိုက်မှုရုံးနိမ့်ပြီး ဒါဇင်ပေါင်း များစွာ အဖမ်းခံရသည်။ အများအပြား အသတ်ခံရသည်။ ဖီဒဲလ်ကက် စထရိုလည်း ဖမ်းဆီး အကျဉ်းချခံခဲ့ရသည်။ ထိုတိုက်ပွဲက ဘာတစ်စတာ အာဏာရှင်စနစ်ကို တော်လှန်သော တိုက်ပွဲအဖြစ် မှတ်တမ်းအတင် ခံရလေသည်။

မာရီယိုမွန်ဂျေး - ၁၉၆၇ ဒီဇင်ဘာလအထိ ဘိုလီဗီးယား ကွန်မြူနစ်ပါတီ၏ အထွေထွေအတွင်းရေးမှူးဖြစ်သည်။ ယခုအချိန် အထိ ဗဟိုကော်မတီဝင်တစ်ဦးအဖြစ် ရှိနေခဲ့သည်။

လယ်ယာမြေပြုပြင်ပြောင်းလဲရေး အမျိုးသားအဖွဲ့ (INRA) ၁၉၅၉ ခုနှစ် မေလ (၁၇)ရက်နေ့တွင် ဖွဲ့စည်းပြီး လယ်ယာမြေပြုပြင် ပြောင်းလဲရေး ဥပဒေကို ရေးဆွဲခဲ့သည်။ ကျူးဘားစက်ရုံများမှ ကုန် ထုတ်လုပ်မှု မြင့်မားရေးစီမံကိန်းနှင့် ပူးတွဲတည်ရှိခဲ့ပြီး ၁၉၆၁ ခုနှစ်တွင် စက်မှုဝန်ကြီးဌာနက ပူးတွဲတာဝန်ယူခဲ့၏။ ၁၉၇၆ ခုနှစ် တွင် ထိုအဖွဲ့ကို ဖျက်သိမ်းခဲ့သည်။

အယ်လ်ဖရက်ဒို့အိုဗန်ဒို(၁၉၁၈ -) - ဘိုလီဗီးယား ဗိုလ်ချုပ်ကြီးဖြစ်သည်။ ၁၉၆၄ ခု၊ နိုဝင်ဘာအာဏာသိမ်းပွဲတွင် ဦးဆောင်ကူညီခဲ့သူ ဖြစ်သည်။ ၁၉၆၅-၆၆, ၁၉၆၉-၇၀ နှစ်များတွင် ဘိုလီဗီးယားသမ္မတအဖြစ် အုပ်ချုပ်ခဲ့သည်။ ဂွေဗားရားကို ဖမ်းဆီး သတ်ဖြတ်ရန်အတွက် စစ်ရေးလှုပ်ရှားမှုများကို သူကိုယ်တိုင် ဦးဆောင် ညွှန်ကြားခဲ့ပါသည်။

ကိုကိုပီရေဒို (၁၉၃၈-၁၉၆၇) - ဘိုလီဗီးယားကွန်မြူနစ်ပါတီဝင် တစ်ဦးဖြစ်သည်။ ချေဂွေဗားရား၏တော်လှန်ရေးတွင် ဝင်ရောက်တိုက် ခိုက်ခဲ့သည်။ ၁၉၆၇ ခုနှစ်၊ စက်တင်ဘာ (၂၆)ရက်နေ့တွင် အသတ် ခံခဲ့ရလေသည်။

အင်တီပီရေဒို (၁၉၃၇-၁၉၆၉) - ဘိုလီးဗီးယားကွန်မြူနစ်

ပါတီဝင်တစ်ဦးဖြစ်သည်။ ချွေဝေဟားရား၏ ပြောက်ကျားအဖွဲ့ အတိုက်ခံရစဉ်က လွတ်သွားသူတစ်ဦးဖြစ်သည်။ ပြောက်ကျားတိုက်ပွဲကို တက်ကြွစွာ ဆက်လက်ပြုလုပ်ခဲ့သည်။ ၁၉၆၉ ခု စက်တင်ဘာလ (၉)ရက်နေ့တွင် လာပက်ဇ်တွင် အသတ်ခံရလေသည်။

ဂီရွန်ပလာရာ - ဝက်ပင်လယ်အော်အနီးရှိ ကမ်းခြေတစ်ခု အမည်ဖြစ်သည်။ ၁၉၆၁ ခု၊ ဧပြီလ (၁၉)ရက်နေ့က ကျူးဘားနိုင်ငံကို တိုက်ခိုက်ရန်အတွက် ကြေးစားတပ်ဖွဲ့ဝင် ၁၅၀၀ ထိုကမ်းခြေကို တက်ရောက်ခဲ့ရာ ကျူးဘားတပ်မတော်က ထိုကြေးစားစစ်သားများကို ချေမှုန်းနိုင်ခဲ့၏။ ထိုနာမည်ကို ကျူးဘားတို့က ရန်သူကို ချေမှုန်းနိုင်သော နာမည်အဖြစ် မမေ့ကြပေ။

ဂါရီပရာဒို - ဘိုလီဗီးယားဗိုလ်ကြီးတစ်ယောက်ဖြစ်သည်။ ဂွေဗားရားကိုဖမ်းဆီးတိုက်ခိုက်ခဲ့သည့် ရိန်းဂျားတပ်ဖွဲ့၏ ခေါင်းဆောင်ဖြစ်သည်။ နောက် ဗိုလ်ချုပ်ကြီးဖြစ်လာသည်။ နောင် သူက 'ချေကို ကျွန်တော် ဘယ်လိုဖမ်းဆီးခဲ့သလဲ'ဆိုသည့် စာအုပ်ကို ရေးခဲ့လေသည်။

သူပုန်တပ်မတော် - ဇူလိုင် ၂၆ ရက်နေ့ လှုပ်ရှားမှုတွင် ဘာတစ်စတာအစိုးရကို တော်လှန်ပုန်ကန်ခဲ့သည့် သူပုန်တပ်ဖွဲ့ ဖြစ်သည်။ ထိုတပ်မတော်ကို သူပုန်တပ်မတော်ဟုပင် ခေါ်တွင်ခဲ့ပြီး ၁၉၅၉ ခုနှစ်ရောက်သောအခါ တော်လှန်သောလက်နက်ကိုင်တပ်ဖွဲ့ဟု နာမည်ပြောင်း ခေါ်ဝေါ်ခဲ့သည်။

ဆိုင်မွန်ရီးယက်စ် - ဘိုလီဗီးယားကွန်မြူနစ်ပါတီခေါင်းဆောင်တစ်ယောက်ဖြစ်သလို မိုင်းအလုပ်သမားများ သမဂ္ဂခေါင်းဆောင်လည်းဖြစ်သည်။ နောက် ကွန်မြူနစ်ပါတီ အထွေထွေအတွင်းရေးမှူးဖြစ်လာလေသည်။

အိုနိုရာတိုရိုဂျက်စ် - ဘိုလီဗီးယားလယ်သမားတစ်ယောက်ဖြစ်သည်။ ပြောက်ကျားတပ်ဖွဲ့မှားရှိသောနေရာကို စစ်တပ်အား အကြောင်းကြားခဲ့သဖြင့် ဂျီကွင်းအုပ်စုမှာ တိုက်ခိုက်ချေမှုန်းခံခဲ့ရသည်။

၁၉၆၉ ခုတွင် ပြောက်ကျားများက သူ့ကို လက်တုံ့ပြန်သည့် အနေဖြင့် သတ်ပစ်ခဲ့လေသည်။

အန်တိုနီယိုဆန်ချက်စ် (မားကို့စ်) (၁၉၂၇-၁၉၆၇) - ကျူးဘား တော်လှန်ရေးစစ်ပွဲတွင် ရဲဘော်ဟောင်းကြီးဖြစ်ပြီး ကျူးဘား ကွန်မြူနစ် ပါတီ ဗဟိုကော်မတီဝင်တစ်ဦးလည်း ဖြစ်သည်။ ဘိုလီဗီးယားတွင် ဂွေဗားရား၏ပြောက်ကျားအဖွဲ့၌ ပါဝင်ခဲ့သူဖြစ်သည်။ ၁၉၆၇ ခု၊ ဇွန်လ (၂)ရက်တွင် ချုံခိုတိုက်ခိုက်ခံရကာ ကျဆုံးခဲ့သည်။

ဂက်စ်တွန်အီမီလီဆူမီယာလော့ - ကွန်ဂိုပြည်သူ့သမ္မတနိုင်ငံ၏ ကာကွယ်ရေးဝန်ကြီးနှင့် တပ်မတော်စစ်ဦးစီးချုပ်လည်း ဖြစ်၏။ ကွန်ဂိုပြည်သူ့သမ္မတနိုင်ငံနှင့် တပ်မတော်ကို လူမွန်ဘာက ၁၉၆၄ တွင် သူပုန်အစိုးရအဖြစ် ဖွဲ့စည်းခဲ့သည်။ စတန်လေဘီးမြို့တွင် ဖွဲ့စည်းခဲ့ကာ သူသည် လူမွန်ဘာ၏ သစ္စာခံလည်း ဖြစ်သည်။ ထိုတပ်မတော်ကို ဘယ်လ်ဂျီယံတပ်ဖွဲ့များနှင့် ကြေးစားစစ်သားများက တိုက်ခိုက်ခဲ့သည်။ ထိုတပ်မတော်ကို ဂွေဗားရားနှင့် နိုင်ငံတကာ တော်လှန်ရေးသမားများက ကူညီတိုက်ပွဲဝင်ခဲ့လေသည်။

ရာမီရိုဗဲလ်ဒစ် (၁၉၃၂-) - မွန်ကားဒါးစစ်စခန်းကို တိုက်ခိုက်ရာ၌ ပါဝင်ခဲ့သလို ဂရန်မာစက်လှေဖြင့် ကျူးဘားသို့ တိုက် ခိုက်ရာ၌လည်း ပါဝင်ခဲ့သည်။ သူပုန်တပ်မတော်၏ တပ်မှူးကြီးလည်း ဖြစ်သည်။ ယခု ကျူးဘားကွန်မြူနစ်ပါတီ၏ ဗဟိုကော်မတီဝင်တစ်ဦး အဖြစ်လည်း ရှိနေသည်။

အော်စကာဇာမိုရာ - ၁၉၆၅ ခုနှစ် ဘိုလီဗီးယားကွန်မြူနစ် ပါတီမှ ခွဲထွက်ခဲ့သူလည်း ဖြစ်သည်။ ကွန်မြူနစ်ပါတီ၏ အထွေထွေ အတွင်းရေးမှူးလည်း ဖြစ်သည်။

အယ်မွန်ဆိုဇာယက်စ် - တပ်မှူးကြီးအာနက်စတိုဂွေဗားရား အထိမ်းအမှတ်ကော်မရှင် အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး ကျူးဘားကွန်မြူနစ် ပါတီ ဗဟိုကော်မတီဝင်အဖြစ် နှစ်ပေါင်းများစွာ တာဝန်ထမ်းဆောင်

နေသူဖြစ်ပါသည်။

ဂျိုကွင်းဇန်တီနို - ဘိုလီဗီးယားဗိုလ်မှူးကြီးတစ်ဦးဖြစ်သည်။ ဂွေဗာရာ၏တပ်ဖွဲ့ကို ဝိုင်းဝန်းချေမှုန်းခဲ့သော အမှတ် (၈)တပ်မ၏ တပ်မှူးကြီးလည်း ဖြစ်ပါသည်။

CHE
A MEMOIR BY
FIDEL CASTRO

ပြန်လည်တူးဖော်ရရှိသော ချေဂွေဗားရား

နှစ်ပေါင်းသုံးဆယ် ကြာမြင့်ခဲ့ပါပြီ။ မြင့်မားမတ်စောက်တဲ့ ဘိုလီဗီးယားတောင်တန်းတွေပေါ်မှာ ဒဏ္ဍာရီဆန်လှတဲ့ ပြောက်ကျားခေါင်းဆောင် အာနက်စတိုချေဂွေဗားရားရဲ့ နောက်ဆုံးလှုပ်ရှားမှုကိန်းဝပ်လို့နေပါတယ်။ ဘိုလီဗီးယားနိုင်ငံ မြို့တော်နဲ့ အလွန်အလှမ်းဝေးတဲ့ ဗယ်လီဂရန်ဒေမြို့ငယ်လေးက ခပ်စုတ်စုတ်လေယာဉ် ကွင်းလေးနားမှာ ဖြစ်ပါတယ်။ ကျူးဘားနဲ့ အာဂျင်တီးနား သိပ္ပံပညာရှင်များ အဖွဲ့တစ်ဖွဲ့ဟာ ခပ်နက်နက်တူးထားတဲ့ ကျင်းတစ်ကျင်းရှေ့မှာ ဒူးထောက်ထိုင်နေကြတယ်။ ကျင်းထဲမှာတော့ ဖုန်အလိမ်းလိမ်းနဲ့ လူအရိုးစုခုနစ်ခု၊ ဒီအရိုးတွေထဲမှာ ပျောက်ဆုံးနေတဲ့ ချေဂွေဗားရားရဲ့ အရိုးတွေရှိမှာ လုံးဝသေချာတယ်လို့ သူတို့ ယူဆကြတယ်။ ၁၉၆၇ ခု၊ အောက်တိုဘာလ ၉ ရက်နေ့မှာ ဘိုလီဗီးယား တပ်မတော်က "ချေ"ကိုဖမ်းမိပြီး ကွပ်မျက်ပစ်ခဲ့ပါတယ်။ အရိုးစုတွေနဲ့ ပတ်သက်ပြီး အထူးကျွမ်းကျင်တဲ့ ရုပ်ကြွင်းသိပ္ပံပညာရှင်တွေဟာ မျက်နှာပိုင်း မြေမှာအုပ်နေတဲ့ "အရိုးစု အမှတ် ၂ "ကို မြေမှုန်တွေဖယ်ပြီး ကြည့်လိုက်ကြတယ်။ ဦးခွံကိုတော့ သံလွင်ရောင်စစ်ကျာကင်အင်္ကျီတစ်ထည်နဲ့ ပတ်ထားပါတယ်။ "ချေ"ကို ဖမ်းမိပြီးရိုက်ထားတဲ့ ဓာတ်ပုံထဲမှာ ချေဝတ်ထားတဲ့အင်္ကျီနဲ့ အတော်တူတာပေါ့။ နောက်ထပ် ထိတ်လန့် ရင်နာစရာကောင်းတဲ့ သဲလွန်စတစ်ခုကိုလည်း

ထပ်တွေ့လိုက်ပြန်တယ်။ အရိုးစုမှာ ဘယ်ညာလက်နှစ်ဖက်စလုံး မရှိတော့ဘူးလေ။ "ချေ"ကို ပစ်သတ်ပြီးတော့ "ချေ"ရဲ့ လက်နှစ်ဖက်စလုံးကို လက်မောင်းရင်းကနေ လွှဲနဲ့ဖြတ်ယူလိုက်ကြတယ်။ လက်ပြတ်တွေကို မပုပ်အောင် ဆေးစိမ်၊ မယုံတဲ့သူတွေကို ပြမယ်။ "ချေ"ဆိုတဲ့ တော်လှန်ရေးသမားကို အမှန်တကယ်သတ်ပစ်လိုက်ပြီဆိုတာ အထောက်အထား ပြဖို့အတွက်ပဲပေါ့။

ခေါင်းခွံမှာ ဖုံးထားတဲ့ အစိမ်းရောင်စစ်ဂျာကင်ကို မဖယ်ခင် စက္ကန့်ပိုင်းအတွင်းမှာ ကျူးဘားလူမျိုး ဘူမိဗေဒပညာရှင်တစ်ဦးဟာ အရိုးစုတွေကို ဦးညွတ်ပြီး ငြိမ်သက်စွာ အလေးပြုလိုက်ပါတယ်။ ဘေးမှာရှိတဲ့ သတင်းစာဆရာတွေ၊ ဒေသခံပြည်သူတွေအားလုံးဟာလည်း ငြိမ်တိတ်စွာ စောင့်ကြည့်နေကြတယ်။ နောက် ဂျာကင်အင်္ကျီကို ဖယ်လိုက်ကြတဲ့အခါ ကျူးဘားသိပ္ပံပညာရှင်တွေဟာ နာကြည်းကြေကွဲစွာနဲ့ရှိုက်ပြီး ငိုနေကြပါတယ်။ နှစ်ယောက်ကတော့ မျက်ရည်အရွဲသားနဲ့ ငိုကြွေးရင်း တစ်ယောက်ကိုတစ်ယောက် တင်းတင်းကျပ်ကျပ် ဖက်ထားကြပါတယ်။

"ကျူးဘားတွေတင် မဟုတ်ပါဘူး။ အားလုံးလိုလို စိတ်လှုပ်ရှားနေကြပါတယ်"လို့ အာဂျင်တီးနား ရုပ်ကြွင်းမနုဿဗေဒပညာရှင် ပက်ထရီရှာဘာနာဒီက ပြောပါတယ်။ အာဂျင်တီးနားနိုင်ငံက လွှတ်လိုက်တဲ့ တူးဖော်ရေးအဖွဲ့ ပညာရှင်သုံးဦးအနက် တစ်ဦးဖြစ်ပါတယ်။

"ချေ"ဟာ ဒဏ္ဍာရီဆန်တဲ့ သူရဲကောင်းပုံလို ဖြစ်နေတယ်။ သူဘာဖြစ်ခဲ့တယ်ဆိုတာနဲ့ပတ်သက်ပြီး အမျိုးမျိုး ပြောကြတယ်။ မူကွဲတွေချည်း တစ်ရာလောက်ရှိမယ်ထင်တယ်။ ဟော အခုတော့ လျှို့ဝှက်ဆန်းကြယ်တဲ့ ဒီအဖြစ်ဟာ အနှစ်သုံးဆယ်ကြာမှ ဖြေရှင်းလို့ရပြီး နောက်ဆုံးစာမျက်နှာကို ရေးခဲ့ကြပြီပေါ့"လို့လည်း ပြောပါသေးတယ်။

အချိန်ကြာမြင့်စွာ စောင့်မျှော်နေကြတဲ့ ငွေဗားရားရဲ့ အရိုးစု

တွေကို ရှာဖွေတွေ့လိုက်ကြပါပြီ။ တော်လှန်ရေးသမားတစ်ဦးရဲ့ ရုပ်တုတစ်ခု ပြန်လည်ရှင်သန်လာတယ်လို့ ပြောရသလို စီးပွားရေးသမားတွေအတွက် စီးပွားရေးအရလည်း ကမ္ဘာနဲ့အဝှန်း ဟန်ကျသွားတယ်လို့ ပြောရပါလိမ့်မယ်။ "ချေ"ဟာ ချက်ချင်း ရေပန်းစားလာတယ်။ သူ ကျဆုံးတဲ့ အနှစ်သုံးဆယ်မြောက် နှစ်ပတ်လည်မှာ စာအုပ်တွေ အဖြစ်နဲ့ရော၊ ရုပ်ရှင်တွေအဖြစ်နဲ့ရော ရုတ်တရက် ထွက်ပေါ်လာကြပါတယ်။ ငယ်ငယ်ရွယ်ရွယ်နဲ့ သေဆုံးခဲ့ရတဲ့ ရုပ်ရှင်မင်းသားဂျိမ်းဒင်းလိုဖြစ်နေတယ်။ "ချေ"ဟာ ပုန်ကန်မှုရဲ့ သင်္ကေတလို၊ စိတ်ကူးရုပ်ပုံတစ်ခုရဲ့ သင်္ကေတလို ကာလရှည်ကြာစွာ တည်ရှိခဲ့ပါတယ်။ ဒါပေမဲ့ ယခုအခါ စီးပွားရေးစနစ်ရဲ့ ယဉ်ကျေးမှုမှာတော့ စျေးကွက်သမားတွေ အသုံးချရာ သင်္ကေတဖြစ်နေပါပြီ။ တော်လှန်ရေး သမားဟောင်းကြီးဟာ ယနေ့ခေတ် စီးပွားရေးသမားတွေရဲ့ စျေးကွက်မှာ ရှေ့တန်းရောက်ကြော်ငြာမင်းသားလို ဖြစ်နေရှာပြီ။ ရော့ခ်ဂီတမှာရော၊ အဝတ်အစားဒီဇိုင်းတွေမှာရော "ချို"ရဲ့ ပုံတွေနဲ့ အရောင်းသွက်အောင် လုပ်ကြတယ်။ နမူနာပေးတဲ့ နာရီတွေနဲ့ ဖစ်ရှာရေခဲလျှောစီး ဖိနပ်ကြော်ငြာမှာလည်း "ချို"ရဲ့ပုံတွေနဲ့ ရောင်းအားမြှင့်နေကြပါတယ်။

ကျူးဘားအစိုးရကတော့ "ချေ"နဲ့ပတ်သက်တာ မှန်သမျှကို အရေးအပါဆုံးအခန်းက တာဝန်ယူ လှုပ်ရှားနေပါတယ်။ ကြွင်းကျန်ရစ်တဲ့ ချီရဲ့ အရိုးတွေကို စနေနေ့ညမှာ ဘိုလီဗီးယားကနေ ကျူးဘားကို သယ်ဆောင်သွားကြတယ်။ ဟားဗားနားရောက်တဲ့အခါ ကက်စ်စထရိုးနဲ့ "ချေ"ရဲ့အရိုးစုတွေကို ကြိုဆိုလက်ခံကြတယ်။ ယခုနှစ် အောက်တိုဘာလအထိ ဟားဗားနားမှာ အရိုးတွေကို ထားရှိလိမ့်မယ်။ ဒါပေမယ့် အောက်တိုဘာ ၉ ရက်နေ့ "ချေ"ကျဆုံးတဲ့ နှစ်ပတ်လည်နေ့မှာတော့ "စန်တာကလာရာ"ကို ရွှေ့ပြောင်းသွားမှာပါ။ အဲဒီမှာက "ချေ"ရဲ့ ပြတိုက်ရှိတယ်။ တန်ချိန် ၂၃ တန် လေးပြီး ရိုင်ဖယ်သေနတ်ကို ကိုင်မြောက်ထားတဲ့ "ချေ"ရဲ့ ရုပ်တုခြေရင်းမှာ ပြတိုက်ကို တည်

ဆောက်ထားပါတယ်။ "ချေ"ရဲ့ ကြွင်းကျန်တဲ့အရိုးစုတွေ ပြန်ရလာတာဟာ ကျူးဘားနိုင်ငံကို အားသစ်လောင်းပေးသလို ဖြစ်တယ်လို့ သူတို့ခံယူထားကြတယ်။ နှစ်နဲ့ချီပြီး အလေးအနက် အမှတ်တရ လုပ်ကြလိမ့်မယ်။ တစ်ချိန်တည်းမှာပဲ "ချေ"ကို အထိမ်းအမှတ်ပြုထားတဲ့ ပစ္စည်းတွေဟာလည်း ရောင်းကောင်းဦးမှာပေါ့။ ကျူးဘားမှာ "ချေ" ရုပ်ပုံရိုက်ထားတဲ့ တီရှပ်တွေ ဈေးကောင်းပါတယ်။ "ချေ"ပုံအောက်မှာ **"ဒုးထောက်အသက်ရှင်ရတာထက် ရပ်ပြီးသေရတာက ပိုကောင်းတယ်"** ဆိုတဲ့ စာတမ်းကို ရေးထားတယ်။ ဈေးနှုန်းက ၁၃ ဒေါ်လာနဲ့ ၉၅ ဆင့်ပါ။ ကျူးဘားလူမျိုးတစ်ဦးရဲ့ တစ်လဝင်ငွေထက် ပိုပါတယ်။ ကမ္ဘာလှည့်ခရီးသည်တွေကတော့ ကောက်ဝယ်သွားကြတာပါပဲ။

ကျူးဘားအစိုးရကတော့ "ချေ"ရဲ့ရုပ်ပုံ ခတ်နှိပ်ထားတဲ့ "ရီဗို လူရှင်း" (Revolution)ဆိုတဲ့ နာရီတွေ အများကြီးဝယ်ထား ပါတယ်။ သိမ်းထားဖို့ မဟုတ်ပါဘူး။ ကမ္ဘာလှည့်ခရီးသည်တွေကို ပြန်ရောင်းဖို့ပါ။ အီတလီကနေ နော်ဝေးအထိ အီတလီဘာသာ၊ နော်ဝေဘာသာ အစရှိသဖြင့် ဘာသာပေါင်းစုံနဲ့ "ချေ"ရဲ့အခန်းဆိုပြီး ကွန်ပျူတာ ကွန်ရက်ထဲမှာလည်း ထည့်သွင်းထားလေရဲ့။ ဖင်လန်နိုင်ငံ ဟယ်လ်ဆင်ကီမြို့ ကနိနင်အရောင်းဆိုင်ဆိုတဲ့ ဈေးဆိုင်မှာ "ချေ"ကော်ဖီမှန့်ဟာ အလွန်လူကြိုက်များပါတယ်။ လွန်ခဲ့တဲ့နှစ်က အင်္ဂလိပ်ကုမ္ပဏီတစ်ခုဟာ ချေရုပ်ပုံတံဆိပ်ကပ်ထားတဲ့ ဘီယာအအေးစက်တွေကို ရောင်းပါတယ်။ "အမေရိကန်ပြည်ထောင်စုမှာ ပိတ်ထားတော့ ဒါဟာ ကောင်းမှာသေချာတာပေါ့"ဆိုတဲ့ စာတန်းကို ဒီစက်မှာ ရေးထိုးထားတယ်။ ဒါပေမဲ့ ဒီစက်အမျိုးအစားကို အမေရိကန်နိုင်ငံမှာတော့ မပိတ်ပါဘူး။ ကျူးဘားနိုင်ငံမှာပဲ အပိတ်ခံရတယ်။ ဘာကြောင့်လည်းဆိုတော့ ချေဂွေဗားရားရဲ့မိန်းမ "အလိုင်ဒါ"က ကန့်ကွက်လို့ပါပဲ။

ယခုလအတွင်းမှာ ထွက်လာတဲ့ "ဒေါက်တာချေဂွေဗားရား"ဆိုတဲ့ ဓာတ်ပြားအယ်လ်ဘမ်တစ်ခုဟာ ဂီတနယ်မှာ ရောင်းအားကောင်း

ပါတယ်။ ဒါပေမဲ့ "တော်လှန်ရေး"လို့ အမည်ပေးထားတဲ့ ရေခဲလျှောစီးဖိနပ်တွေက ပိုရောင်းရတယ်။ ဘာကြောင့်လည်းဆိုတော့ ရေခဲလျှောစီးမယ့် တောင်တန်းမျက်နှာစာမှာ "ချေ"ရဲ့ မျက်နှာပုံ အကြီးကြီးတွေကို ပလာစတာနဲ့ ကပ်ထားပြီး ကြော်ငြာလို့ပါပဲ။ ချေ ရုပ်ပုံ လှလှပပနဲ့ ထားတဲ့ နေရာတွေကတော့ တီရှပ်တွေနဲ့ ကျောင်းသားတွေရဲ့ အိပ်ဆောင်နံရံတွေမှာဖြစ်ပါတယ်။ ပိုထူးခြားတာက ချေနဲ့ပတ်သက်တဲ့ စာအုပ်တွေပါပဲ။ "မော်တော်ဆိုင်ကယ် မှတ်တမ်းများ" ဆိုတဲ့ ချေရဲ့အကြောင်း စာအုပ်ဟာ အလွန်ရောင်းရတယ်။ ကျူးဘားအစိုးရကတော့ ဒီစာအုပ်ကို ၁၉၉၅ ခုနှစ်အထိ ကျူးဘားနိုင်ငံမှာ ထုတ်ဝေရောင်းချခွင့် မပြုပါဘူး။ ဘာကြောင့်လည်း ဆိုတော့ ချေဟာ အစာငမ်းတဲ့သူ၊ မိန်းမပွေတဲ့သူအဖြစ် ရေးထားတာဟာ ဘူဇွာဆန်လွန်းတယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ပါ။ ဒါပေမဲ့ ဒီစာအုပ်ဟာ အမေရိကန်နဲ့ အင်္ဂလန်နိုင်ငံတွေမှာတော့ အံ့သြလောက်အောင် အရောင်းသွက်ခဲ့ပါတယ်။ နှစ်နိုင်ငံစလုံး အုပ်ရေ ၃၀,၀၀၀ ကျော်စီ ရောင်းရသတဲ့။ အီတလီနိုင်ငံမှာတော့ ၈၀,၀၀၀ တောင် ရောင်းရပါတယ်။ ယခုဆိုရင် ဒီစာအုပ်မှာပါတဲ့အတိုင်း ချေဂွေဗားရားအကြောင်း ဟောလီးဝုဒ်မှာ ရုပ်ရှင်ရိုက်တော့မယ်။ ဝါနာဘရားသားရုပ်ရှင်ကုမ္ပဏီက ရိုက်မှာပါ။ ချေဂွေဗားရားနဲ့ အရွှေ့ဂျာမန်က အေးဂျင့်မလေး တမာရာဘန်ကေ (တနီယာဘန်ကေ)တို့ရဲ့ အချစ်ဇာတ်လမ်းပါပဲ။ တမာရာဟာ ဘိုလီဗီးယားစစ်ဆင်ရေးမှာ ကျဆုံးခဲ့သူလေးပါ။ ဒီကားကို ဒါရိုက်တာ မိုက်ကယ်ရက်ဖို့ဒ်က ရိုက်လိမ့်မယ်။ ထုတ်လုပ်သူက မစ်ဂျက်ဂါဖြစ်ပါတယ်။ "အီဗစ်တာ"ရုပ်ရှင်ကားမှာလည်း ချေအဖြစ် သရုပ်ဆောင်ခဲ့တဲ့ အန်တိုနီယိုဘန်ဒေးရပ်စ် (Antonio Banderas) ကပဲ ဒီကားမှာ ချေအဖြစ် သရုပ်ဆောင်မှာ ဖြစ်ပါတယ်။

အာနက်စ်တိုချေဂွေဗားရားဟာ အာဂျင်တီးနားလူမျိုး ဆရာဝန်တစ်ဦးဖြစ်ပါတယ်။ တောင်အမေရိကတစ်ခွင် တော်လှန်စစ်ဆင်မယ်ဆိုပြီး တော်လှန်ရေးခရီး စခဲ့တာ ဖီဒဲယ်လ်ကက်စ်စထရိုနဲ့ ၁၉၅၅ ခုနှစ်

မှာ မကွဆီကိုမှာ ပေါင်းမိကြတယ်။ ကျူးဘားအာဏာရှင် ဖူလ်ဂျင်စီယို ဘာတစ္စတာကို တော်လှန်ခဲ့တာ ၁၉၅၉ ခုနှစ် ဇန်နဝါရီလမှာ ဟားဗားနားကို သိမ်းပိုက်နိုင်ခဲ့တယ်။ သူငယ်နာမည် အာနက်စ်တိုဂွေဗာရာမှာ "ချေ"ဆိုတာ ထည့်လိုက်တယ်။ "ချေ"ဆိုတာက အာဂျင်တီးနားလို "အလွန်ရင်းနှီးတဲ့"တ်ဆွေ၊ အပေါင်းအသင်း ရဲဘော်ရဲဘက်"လို့ အဓိပ္ပာယ်ရပါတယ်။ အခုတော့ "ချေ"ဆိုတာ တစ်ကမ္ဘာလုံးက သူ့ကိုခေါ်တဲ့ အများသုံးနာမည်ဖြစ်နေပါပြီ။ သူက ဆိုရှယ်လစ် လူသားသစ်အတွက် တိုက်ပွဲဝင်ရမယ်လို့ ဆိုတယ်။ သူဟာ ကြောက်ရွံ့မှုမရှိဘဲ စည်းစနစ်ကျကျနဲ့ သူရည်မှန်းရာ အကျိုးစီးပွားအတွက် အသက်စွန့်ဖို့ ဝန်မလေးတဲ့သူလည်းဖြစ်ပါတယ်။ သူ့ရဲ့ပညာ၊ ချောမောခန့်ညားတဲ့ ရုပ်ရည်၊ ရိုးသားဖြောင့်မတ်တဲ့ ကိုယ်ကျင့်တရားတွေကြောင့် လူတွေက လေးစားကြည်ညိုကြတယ်။ ဆိုဗီယက်တွေက သူတို့ရဲ့ အေးဂျင့်မ ချောချောလေးတစ်ယောက်နဲ့ သူ့ကို မြူဆွယ်စည်းရုံးဖို့ ကြိုးစားခဲ့ဖူးတယ်။ ဒါပေမဲ့ အဲဒီညွတ်ကွင်း ထဲကို "ချေ" မဆင်းခဲ့ပါဘူး။ ဥရောပက လက်ဝဲသမား သန်းပေါင်းများစွာဟာ ချေအပေါ် တိမ်းညွတ်ကြတယ်။

"ချေဟာ ဒဏ္ဍာရီရုပ်ပုံ တစ်ခုထက် သာလွန်တဲ့သူပါ။ ကျွန်တော်တို့ဟာ သူ့ကို အလွန်လေးစားကြည်ညိုတယ်။ စံပြလူသား တစ်ယောက်အဖြစ် တော်လှန်ရေးမှာ သူ့ဘဝတစ်ခုလုံး မြှုပ်နှံခဲ့တာကိုလည်း ကျွန်တော်တို့ အားကျမိပါတယ်"လို့ အီတလီက တက်ကြွတဲ့ ကွန်မြူနစ်ခေါင်းဆောင် နီကီဗင်ဒိုလာက ပြောပါတယ်။

ချေရဲ့ ဘိုလီဗီးယားခရီးဟာ မိမိကိုယ်ကို သေကြောင်းကြံတဲ့ခရီးပါပဲ။ ကျူးဘားမှာရှိတုန်းက ဆိုဗီယက်ယူနီယံနဲ့ ဖက်လဲတကင်း လုပ်လွန်းတဲ့ ကက်စ်ထရိုကို ချေ သိပ်မကြိုက်ဘူး။ အဲဒီလို အမှိုခိုခံတဲ့ မူကိုလည်း ချေ လက်မခံဘူး။ ကိုယ့်ဘာသာ လွတ်လွတ်လပ်လပ် နေစေချင်တယ်။ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်စေချင်တယ်။ ဒါကြောင့် တော်လှန်ရေးခရီးတွေ သူစခဲ့တယ်။ အစောဆုံးကတော့ အာဂျင်တီးနားနဲ့

အာဖရိကတိုက် ကွန်ဂိုမှာ တော်လှန်ရေးလုပ်ဖို့ပါပဲ။ ဒါပေမဲ့ မအောင်မြင်ခဲ့ဘူး။ ပြန်ဆုတ်ခဲ့ရတယ်။ ဘိုလီဗီးယား တော်လှန်ရေးခရီးကလည်း အခွင့်အလမ်း သာတယ်တော့ မဟုတ်ပါ ဘူး။ တော်လှန်ရေးတစ်ရပ် ဆင်နွှဲဖို့အခြေအနေတွေလည်း မရှိသေးဘူး။ သူ မျှော်လင့်သလို တော်လှန်ရေးမျိုးစေ့ချဖို့ အခွင့်အလမ်းတွေလည်း အများကြီး နည်းပါသေးတယ်။ ဗီယက်နမ်ရဲဘော်၊ လက်တင် အမေရိကရဲဘော် တစ်ဒါဇင်နဲ့ ဘိုလီဗီးယားတော်လှန်ရေးကို ချေ စတင်ခဲ့တယ်။ ဒါကြောင့် ချေ အဖမ်းခံရ၊ အသတ်ခံလိုက်ရတာပါပဲ။ အယ်လ်ဘာတိုဂရန်နာဒိုဆိုတဲ့ ချေရဲ့ အာဂျင်တီးနား သူငယ်ချင်း၊ တောင်အမေရိကမှာတုန်းက အတူတူခရီးထွက်ခဲ့သူ၊ ယခု ဟာဗားနားမှာ ရှိနေတဲ့ ချေရဲ့ ရဲဘော်ကြီးက "ချေဟာ အလဟဿ သေဆုံးသွားတာ မဟုတ်ဘူး၊ သူသေဆုံးတာ မြင့်မြတ်ပါတယ်"လို့ ပြောပါတယ်။ ချေသေဆုံးခဲ့တာနဲ့ပတ်သက်ပြီး မျက်မြင်ကိုယ်တွေ့ အဖြစ်အပျက်ကို ဂျူလာအာဟမ္မားက ဒီလို ရေးထားတယ်။

"သေနတ်ဒဏ်ရာ ဗရပွနဲ့ ချေရဲ့အလောင်းကို သယ်လာတဲ့ မွန်းတည့်ချိန်ကို "နက်စ်တာလိအိုစီနာဂါ"ဟာ ဘယ်တော့မှ မမေ့ပါဘူး။ ဒီတုန်းက အသက် ၁၉ နှစ်အရွယ် အိုစီနာဂါဟာ ဗယ်လီဂရန်ဒေဆေးရုံပန်းခြံရှိ နှင်းဆီခြုံနောက်က ချောင်းကြည့် နေခဲ့တယ်။ စစ်သားတွေဟာ သွေးအလိမ်းလိမ်း၊ ကျည်ဆံရာ ဆန်ခါ ပေါက်နဲ့ ချီဂွေဗားရာရဲ့ အလောင်းကို ထမ်းစင်ပေါ်ကနေ ကွန်ကရစ်အလောင်းစင်ပေါ် တင်လိုက်ကြတယ်။ ချေ သေပြီဆိုတာ လူတွေကိုပြဖို့ပေါ့၊ သူမျက်လုံးတွေဟာ ပွင့်နေတယ်။ ဒဏ်ရာတွေကလည် သွေး အလိမ်းလိမ်းနဲ့၊ အဲဒီညကျတော့ သူ့အလောင်းကို စစ်သားတွေ ပြန်သယ်သွားကြတယ်။ အစစအရာရာကို တိတ်တိတ်လေး လုပ်သွား ကြတယ်။ လျှို့လျှို့ဝှက်ဝှက်ပါပဲ"လို့ အိုစီနာဂါက ပြောပြတယ်။ ချေ အကြောင်း သူ သိပ်မသိပါဘူး။ သူပုန်ခေါင်းဆောင်တစ်ယောက်ဆိုတာရယ်၊ ဘိုလီဗီးယားတောင်ပေါ်ရွာလေးတွေဆီ တော်လှန်ရေးလုပ်ဖို့ ရောက်လာတယ်ဆိုတာရယ်၊ အစိုးရက

တော်တော်ကြောက်ပုံရ တယ်ဆိုတာရယ်လောက်ပဲ သူ သိပါတယ်။

လွန်ခဲ့တဲ့လကတော့ အမှန်တရားအတွက် အလင်းရောင် ရလာပါတယ်၊ ဗယ်လီဂရန်ဒေလေယာဉ်ကွင်းလေးနားက အရိုးစု ခုနစ်ခုကို ရှုပ်ကြွင်း မနုဿဗေဒပညာရှင်တွေက တွေ့ရှိပြီး ဖုန်တွေ ဖယ်နေတာ တွေ့ရတယ်။ "အရိုးစုအမှတ် ၂" ဆိုတာမှာ သားရေ ခါးပတ် အနက် တစ်ခုတွေ့ရတော့ အိုစီနာဂါ မှတ်မိလိုက်ပြီ။ ၁၉၆၇ခု၊ အောက်တိုဘာလ တုန်းက ပစ်သတ်ထားတဲ့ ပြောက်ကျားခေါင်းဆောင် ဒီခါးပတ် ပတ်ထားတာပေါ့။ "ကျွန်တော် ချက်ချင်း သိလိုက်ပြီ၊ ဒါဟာ ချေရဲ့ အရိုးစုပေါ့"လို့ အိုစီနာဂါက ပြောတယ်။ အနှစ်သုံးဆယ်လုံးလုံး လူ ၅၀၀၀ လောက်နေတဲ့ တောင်ပေါ်ရွာလေးမှာ ချေအကြောင်းဟာ ဒဏ္ဍာရီတစ်ပုဒ်ဖြစ်ခဲ့သလို နတ်ဘုရားတစ်ဆူလည်း ဖြစ်သွားခဲ့ပါတယ်။ ချေရဲ့အလောင်းကို ရဟတ်ယာဉ်နဲ့ သယ်သွားကတည်းက သူဟာ လူသားမဟုတ်တော့ဘူးလို့ ရွာသားတွေ ယုံခဲ့တယ်။ ဆေးရုံမှာ သူ့ကို ပစ်သတ်ပြီး ပြသခဲ့တဲ့အလောင်းကို ရွာသားတွေကြည့်ပြီး ကိုယ်အထက်ပိုင်းအဝတ်ဗလာနဲ့၊ သွေးအလိမ်းလိမ်းနဲ့၊ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးတွေနဲ့ ချေရဲ့ပုံဟာ ယေရှုနဲ့ သိပ်တူတာပဲလို့ ရွာသားတွေက ပြောကြတယ်။ နောက် မကြာခင်မှာပဲ ဗယ်လီဂရန်ဒေရဲ့ သူတော်စင် "စန်တိုအာနက်စ်တို" ဆိုပြီး ရွာသားတွေက ကိုးကွယ်ဆည်းကပ်ကြ တော့တာပဲ။ တိတ်တဆိတ်ဖယောင်းတိုင်တွေ ထွန်းညှိပြီး ဝတ်ပြု ဆုတောင်းပွဲတွေ လုပ်ကြတယ်။ "ချေ"ဟာ ဗယ်ရီဂရန်ဒေ အနီးအနား တစ်ဝိုက်မှာတော့ သူတော်စင်တစ်ပါး၊ နတ်ဘုရားတစ်ဆူ ဖြစ်နေပါပြီ။

ပြီးခဲ့တဲ့ ၂ နှစ် ၁၉၉၅ ခု နိုဝင်ဘာလက ချေရဲ့ ကိုယ်ရေးအတ္ထုပ္ပတ္တိရေးတဲ့ အမေရိကန်စာရေးဆရာ ဂျွန်လီးအင်ဒါဆန်၊ ဗယ်ရီဂရန်ဒေကို ရောက်လာတယ်။ သူ့ကို ဘိုလီဗီးယား အငြိမ်းစားဗိုလ်ချုပ်ကြီးတစ်ဦးက ပြောတယ်။ ချေနဲ့ သူ့ရဲဘော်ခြောက်ယောက်ရဲ့ အလောင်းတွေကို ဒီရွာရဲ့ လေယာဉ်ကွင်းနားမှာ မြုပ်ထားသတဲ့။

သူစကားကို ဘုဒ္ဓိဇာမောင်းသမားတစ်ဦးကလည်း အတည်ပြုပြောဆို တယ်။ ဒီသတင်းနဲ့ပတ်သက်ပြီး မိသားစုတွေကလည်း တောင်းဆိုပြီး ဘိလီဗီးယားအစိုးရကို ဖိအားပေးလာကြတယ်။ ဒါနဲ့ အာဂျင်တီးနားနဲ့ ကျူးဘားရုပ်ကြွင်းပညာရှင်တွေ ရှာဖွေခွင့်ပြုလိုက်ရတယ်။ ဘိလီဗီးယား စစ်သားတွေနဲ့အတူ ရှာဖွေကြည့်တဲ့အခါ ပြောက်ကျား ၄ ဦးရဲ့ အရိုးစု တွေကိုပဲ တွေ့ရတယ်။ 'ချေ'မပါဘူး။

ယခု အရိုးစုတွေကို တွေ့တဲ့အခါ ရုပ်ကြွင်းပညာရှင်တစ်ဦးက ကွန်ပျူတာဖန်သားပြင်ပေါ်မှာ ပြောက်ကျားတွေရဲ့ ဦးခွံဓာတ်ပုံတွေကို ပုံကြီးချဲ့ပြီး ကြည့်တယ်။ ကျည်ဆန်မှန်ထားတဲ့ အရိုးတွေရဲ့ ဓာတ်မှန် တွေကို ကြည့်တယ်။ ၁၉၆၇ ခု၊ ဘိလီဗီးယားစစ်တပ်က အလောင်း တွေကို ခွဲစိပ်ကြည့်ခဲ့တဲ့ အစီရင်ခံစာနဲ့ တိုက်ကြည့်တယ်။ အရိုးစု အမှတ် ၂ မှာ လက်နှစ်ဖက်စလုံး မရှိတာဟာ အရေးအကြီးဆုံး သဲလွန်စဖြစ်နေ တယ်။ သွားတွေကိုလည်း သွားမှတ်တမ်းတွေနဲ့ စစ် ဆေးကြည့်တယ်။ ဇူလိုင်လ ၁၀ ရက်နေ့မှာ အရိုးစု အမှတ် ၂ ဟာ စစ်ဆေးတွေ့ရှိချက်တွေ အရ ချေဂြေဗားရားရဲ့ အရိုးစုဖြစ်တာ သေချာသလောက်ရှိတယ်လို့ ဆုံးဖြတ်ချက်ချလိုက်ကြတယ်။ နောက်ဆုံး တွေ့ရှိတဲ့ ဆုံးဖြတ်ချက်ကိုတော့ ကျူးဘားရောက်မှ စစ်ဆေးဆုံးဖြတ်မယ်ဆိုပြီး ကျူးဘားကို သယ် ဆောင်သွားပါတယ်။

ဗယ်လီဂရန်ဒေသကတော့ ဘိလီဗီးယားနိုင်ငံမှာ ရှေ့တန်း အရောက်ဆုံး ဒေသဖြစ်သွားပြီး နိုင်ငံတကာကလည်း အာရုံစိုက် လာကြတယ်။ ဘိလီဗီးယား ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဌာနတွေဟာ အဲဒီကို ရောက်လာကြတယ်။ 'ချေလမ်းကြောင်း'လို့ အမည်ပေးထားပြီး ချေရဲ့ အလောင်းထားရာ အဝတ်လျှော်တဲ့ အခန်း၊ အလောင်းမြုပ်နှံ နေရာ စသည်ဖြင့် ချေနဲ့ပတ်သက်တာ မှန်သမျှကို ပြင်ဆင်မွမ်းမံပြီး ကမ္ဘာ လှည့်တွေကို ပြကြတယ်။ ချေရဲ့အရိုးတွေ ကျူးဘားကို ယူသွားပေမယ့် တခြားအရိုးတွေကိုတော့ ဇူလိုင် ၅ ရက်နေ့မှာ အစိုးရ အရာရှိတွေက

သေတ္တာထဲ ထည့်ပိတ်ပြီး တိတ်တဆိတ် ယူသွားကြတယ်။ "လွန်ခဲ့တဲ့ အနှစ် ၃၀ ကလိုပဲ အမှောင်ကို အကာအကွယ်ယူပြီး သူတို့တစ်တွေကို တိတ်တိတ်လေး ရွှေ့ပြောင်းသွားကြတာပဲပေါ့"လို့ ဂျရာဒိုကာရပ်စ်ကို ဆိုတဲ့ ရွာလူကြီးတစ်ယောက်က ပြောတယ်။ သူဟာ ဗယ်လီဂရန်ဒေသ ရွာလေးရဲ့ မြင့်မြတ်တဲ့နေရာမှာ ထာဝရ တည်ရှိနေမယ့် "ချေ"ဘုရားကျောင်း ရဲ့ ဘုရားလူကြီးတစ်ယောက်ပဲပေါ့။

ဂျိုရှုအာဟမ္မားကိုယ်တိုင် သွားရောက်ရေးသားတဲ့ မြင်ကွင်း ပါပဲ။ ကျူးဘားနိုင်ငံ ဟားဗားနားမှာတော့ နေရာတိုင်းမှာ ချေရဲ့ပုံတွေ ချည်းပဲ။ ငွေအကြွေစေ့တွေပေါ်မှာ၊ မတ်ခွက်တွေပေါ်မှာ၊ ဆေးလိပ် ပြာခွက်တွေမှာ၊ ရှပ်အင်္ကျီတွေပေါ်မှာ၊ ပိုစတာတွေပေါ်မှာ အနီရောင် ရေးခြယ်ထားတဲ့ ချေပုံတွေကို တွေ့ကြရတယ်။

ချေဂျေဗားရားမှာ ဇနီးသည် အလိုင်ဒါနဲ့ သမီးဖြစ်သူ အလျှူရှာတို့ ကျန်ရစ်ပါတယ်။ ကျူးဘားနိုင်ငံ ဟားဗားနားမြို့က နေအိမ်မှာပဲ နေ ကြတယ်။ လွန်ခဲ့တဲ့ နှစ်ပေါင်း ၃၀ က ဘိုလီဗီးယားမှာ ချေဂျေဗာရာ ကျဆုံးခဲ့ပေမဲ့ သူ့အလောင်းကို မရခဲ့ကြဘူး။ ယခုတော့ သူ့အရိုး တွေကို ပြန်ယူလို့ သူဂုဗီမာန်မှာ သူဝိညာဉ်ဟာ အေးအေးချမ်းချမ်း လဲလျောင်း လို့ ရသွားပြီပေါ့။ သူ့အယူဝါဒကို ကြိုက်တာ၊ မကြိုက်တာထား၊ သူ့ရဲ့ကိုယ်ကျိုးစွန့်မှု၊ ရဲရင့်ပြတ်သားမှု၊ ရိုးသားတည်ကြည်မှု၊ ချောမော ခန့်ညားမှုတွေကတော့ ကမ္ဘာအရပ်ရပ်က လူငယ်တွေ ရင်ထဲမှာ ကိန်းဝပ် တည်ရှိနေမှာ မလွဲပါဘူး။

ချေရဲ့နောက်ဆုံးအချိန်

[THE LAST STAND BY JORGE G. CASTANEDA]

အောက်တိုဘာလ ၇ ရက်နေ့ညမှာ လူ ၁၇ ယောက်ဟာ ယူဂို (သို့မဟုတ်) ချူရီလို့ခေါ်တဲ့ တောင်ကြားအောက်ခြေကို ရောက်လာကြပါတယ်။ မုတ်ဆိတ်မွေးဗရပျစ်နဲ့ သေနတ်တွေ ကျောပိုးအိတ်တွေနဲ့ ချောင်းကိုဖြတ်လာတဲ့ လူတစ်စုကို အာလူးစိုက်တဲ့ လယ်သမားကြီးတစ်ယောက်က တွေ့လိုက်တယ်။ ပြောက်ကျားတွေပဲဆိုတာ သူသိလိုက်တာနဲ့ သူ့သားကိုလွှတ်ပြီး အနီးဆုံးတပ်စခန်းကို အကြောင်းကြားလိုက်ပါတယ်။ တပ်စခန်းမှူး ကပ္ပတိန်ဂယ်ရီပရာဒို ဆော်လ်မွန်ဟာ သူ့တပ်သားတွေကို ချက်ချင်းအမိန့်ပေးတယ်။ တောင်ကြားရဲ့ဝင်ပေါက်ထွက်ပေါက်တွေမှာ တပ်ဖွဲ့တွေနဲ့ ပိတ်စောင့်ထားတယ်။ တောင်ကြားအပေါ်ပိုင်း နေရာတွေမှာလည်း နေရာယူထားခိုင်းလိုက်ပါတယ်။ ချေရဲ့နောက်ဆုံးတိုက်ပွဲ စတင်ခဲ့ပါပြီ။ ငွေဗားရားကလည်း သူ့တပ်ဖွဲ့ကို ညွှန်ကြားချက်တွေ ပေးထားတယ်။ စစ်တပ်က သူတို့ဒီနေရာရောက်နေတာကို မသိသေးဘူးလို့ သူကထင်နေတာကိုး။ တပ်ဖွဲ့တစ်ခုလုံး အစုလေးတွေ အများကြီးခွဲထားတယ်။ ချောင်းရိုးတစ်လျှောက် ချီတက်ပြီး တောင်ကြားကနေ ထွက်ပေါက်ရှာမယ်ပေါ့။ နေမြင့်လာတဲ့အခါ ပြောက်ကျားတပ်ဖွဲ့ဝင်တွေ ဖြစ်တဲ့ ဘင်နင်နိုနဲ့ ပါချိုတို့က သူတို့အထက်

နေရာကောင်းတွေမှာ စစ်တပ်က နေရာယူထားလိုက်ပြီဆိုတာ သိလိုက်ကြပါတယ်။ ချေအဖို့ ရွှေးစရာ နှစ်လမ်းပဲ ရှိတယ်။ တစ်လမ်းက သူတို့ကို မပိတ်မိခင် နောက်ပိုင်း လာလမ်းအတိုင်း ပြန်ဆုတ်ဖို့။ နောက်တစ်လမ်းက ညမှောင်တဲ့အထိ မလှုပ်မရှားဘဲ ငြိမ်နေကြဖို့ဖြစ်တယ်။ စစ်တပ်က သူတို့ကို မပိုင်းမိသေးဘူးလို့ ထင်ထားဆဲပဲ။ ဒါကြောင့် ဒုတိယလမ်းကို ချေရွေးလိုက်တယ်။ စစ်တပ်ကတော့ သူတို့ကို တွေ့နေပြီ။ အောက်တိုဘာလ ၈ ရက် နေ့လယ် ၁ နာရီခွဲလောက်မှာ တောင်ကြားအဝကနေ သူတို့ကို စ,ပစ်တော့တာပါပဲ။ ဂျက်တိုက် လေယာဉ်ပျံနှစ်စင်းနဲ့ စစ်ရဟတ်ယာဉ်တစ်စင်းကလည်း တောင်ကြား အပေါ်ပိုင်းမှာ ပျံသန်းနေတယ်။ ဒါပေမဲ့ ဗုံးကြဲတာတို့၊ ပစ်ခတ်တာတို့ မလုပ်ပါဘူး။ ပြောက်ကျား ၇ ယောက်ဟာ တောင်ကြားအတွင်းပိုင်း ပြန်ဝင်ဖို့ ကြိုးစားကြသေးတယ်။ ဒါပေမဲ့ မဝင်နိုင်ပါဘူး။

မိနစ်အနည်းငယ်ကြာတဲ့အခါ ဂွေဗားရားလက်ထဲက အမ်ဝမ်းကာဘိုင်ကို ကျည်မှန်ပြီး လက်ကလွတ်ကျသွားတယ်။ မကြာခင် သူ့ခြေသလုံးကို သေနတ်မှန်တော့တာပဲ။ လမ်းလျှောက်ဖို့ မလွယ်တော့ဘူး။ ဝီလီခေါ်ဆိုင်မွန် ကျူးဘားဆိုတဲ့ ရဲဘော်လေးက သူ့ကို တွဲခေါ်ခဲ့တယ်။ လက်တစ်ဖက်ကတော့ စက်သေနတ်ကိုကိုင်လို့ သူတို့နှစ်ယောက် တောင်ကြားလေးတစ်ခုကို တက်နေတာ ရှေ့က စစ်သားသုံးယောက်ကမြင်တော့ "လက်မြောက်၊ သေနတ်တွေ ချလိုက်"လို့ အော်လိုက်ကြတယ်။

"မပစ်ကြနဲ့ ငါဟာ ချေဂွေဗားရားပဲ၊ မင်းတို့ ငါ့ကို အသေထက် အရှင် ပိုလိုချင်တယ် မဟုတ်လား"

နောက် မူကွဲတစ်ခုကတော့ "ငါဟာ ချေဂွေဗားရားပဲ၊ ငါ့သူးသွားပြီ"လို့လည်း ပြောကြလေရဲ့၊ ကပွတိန် ဂယ်ရီပရာဒိုကတော့ ချေကို ဖမ်းမိတာနဲ့ တပ်မ ၈ ၊ ဌာနချုပ်ကို စက်နဲ့ သတင်းပို့လိုက်တယ်။ ချေကို ခေါ်လာရမယ်လို့ အမိန့်ရတော့ နှစ်ကီလိုမီတာလောက်ဝေးတဲ့ လာဟီဂွာရာရွာကို ပြောက်ကျားတွေ တန်းစီပြီး ခေါ်လာတယ်။ ရွာ

ရောက်တော့ စာသင်ကျောင်း အခန်းတစ်ခန်းထဲက မြေပြင်ပေါ် ချေကို တွန်းထည့်လိုက်တယ်။

"ငါဟာ မင်းတို့အတွက် အသေထက် အရှင်က ပိုတန်ဖိုးရှိတယ်မဟုတ်လား"လို့ သူက ပြောခဲ့တယ်ဆိုရင် ဘိုလီဗီးယားအစိုးရအနေနဲ့ သူ့ကို အရှင်ဖမ်းမိတာ သူတို့အတွက် ပိုကောင်းတယ်။ သူလို လူမျိုး ဖမ်းမိလိုက်ပြီ၊ နိုင်ငံခြား ကျူးကျော်မှုရှိနေတာကို အောင်မြင်စွာ ချေမှုန်းလိုက်ပြီလို့ ကမ္ဘာကို ကြေညာလို့ရတယ်။ သူ့ကိုသတ်ပစ်လိုက်တာထက် ပိုပြီး အမြတ်ထွက်တယ်လို့ သူထင်မိလိမ့်မယ်။ ဒါပေမဲ့ သူထင်တာနဲ့ တခြားစီပါ။ ညရောက်တဲ့အခါ ဂယ်ရီပရာဒို့နဲ့ အင်ဒရက်စ်ဆဲလစ်ခ်ဆိုတဲ့ အရာရှိတစ်ဦး ချီလွေဗားရားကို အဖြစ်သဘောစစ်ဆေးကြသေးတယ်။ နောက်နေ့မနက် ၆ နာရီခွဲလောက် မှာတော့ ဗယ်ရီဂရန်ဒေကနေ ရဟတ်ယာဉ်တစ်စင်းရောက်လာပါ တယ်။ ရဟတ်ယာဉ်မောင်းတဲ့ ဗိုလ်မှူး နီနိုဂွတ်ဇ်မင်း၊ တပ်မ ၈၊ တပ်မမှူး ဗိုလ်မှူးကြီး ဂျိုကွင်ဇင်တေနို၊ နောက် ကျူးဘား အမေရိကန်ကပြား စီအိုင်အေကိုယ်စားလှယ် ရေဒီယိုသမား ဖီးလစ်ရော့ဒ်ရီဂွက်ဇ်တို့ လိုက်ပါလာတယ်။

ရီဂွက်ဇ်ကပဲ ကျန်တဲ့အရာရှိတွေကို ညွှန်ကြားပြီး ချေကို ဓာတ်ပုံရိုက်ကြ၊ စစ်ဆေးကြတယ်။ သူမှတ်တမ်းနဲ့ အခြား အထောက်အထားတွေကိုလည်း ဓာတ်ပုံရိုက်ယူကြပါတယ်။ ဘိုလီဗီးယားအစိုးရနဲ့ စစ်တပ်အဖို့ ချေကို ဖမ်းမိထားတာ ခေါင်းခဲစရာဖြစ်နေတယ်။ ဘာကြောင့်လဲဆိုတော့ ဘိုလီဗီးယားမှာ သေဒဏ်မရှိဘူး။ ချေလိုပုဂ္ဂိုလ်မျိုးကို လုံလုံခြုံခြုံ ဖမ်းထားဖို့ စနစ်တကျလုံခြုံတဲ့ အကျဉ်းထောင် လည်း မရှိဘူး။ ဘိုလီဗီးယားထောင်ထဲ ချေကို ထည့်ထားလိုက်ရင် ကျူးဘားကွန်မင်ဒိုတွေ လာရောက်စီးနင်း ထုတ်ယူသွားလို့ ရနိုင်တယ်။ ဒါမှမဟုတ် ဘိုလီဗီးယားမားစာခံတွေ ဖမ်းထားပြီး သုံ့ပန်းချင်း လဲနိုင်တယ်။ အမေရိကန်ကို ပို့မယ်ဆိုရင်လည်း ဖြတ်သွားရမယ့် ပနားမားလိုနိုင်ငံမျိုးက လက်မခံတာတို့နဲ့ အလွန်ကို ပြဿနာရှုပ်ပါတယ်။ ဒါကြောင့်

ဘိုလီဗီးယားအာဏာပိုင်တွေက ဆုံးဖြတ်လိုက်တယ်။ ချေဂွေဗားရားကို အမြန်ဆုံးပစ်သတ်လိုက်တော့ . . ။

သတ်မိန့်ကို မနက်ပိုင်းမှာ လာပတ်ဇ်က ရောက်လာတယ်။ လာဟီဂွာရာက လက်ခံရယူတယ်။ လက်မရွံ့တပ်ဖွဲ့ ဖွဲ့လိုက်ပြီး ဗိုလ် မာရီယိုတေရန်က ခေါင်းဆောင်တယ်။ လာဟီရွာရာက စာသင်ကျောင်း လေးရဲ့ ကြမ်းပြင်ပေါ်မှာလဲနေတဲ့ သားကောင်ကို လက်မရွံ့တွေက ခေါ်ဆောင်ကြတယ်။ ဒဏ်ရာရ စိတ်ပျက်နေပေမဲ့ "ချေ"နောက်ဆုံး ပြောခဲ့တာတွေ၊ ရပ်တည်ခဲ့တာတွေကို မှတ်တမ်းတင်ထားခဲ့ပါတယ်။

"မင်းတို့ ငါ့ကို ပစ်သတ်ကြတော့မယ်ဆိုတာ ငါသိတယ်၊ အသက်ရှင်စရာအကြောင်းလည်း မရှိတော့ဘူး။ ဖီဒဲယ်လ်ကို ပြော လိုက်ပါ၊ အခု ရုန်းနိမ့်မှုဟာ တော်လှန်ရေးပြီးဆုံးသွားပြီဆိုတဲ့ သဘောမဟုတ်ပါဘူး။ တခြားတစ်နေရာရာမှာ တော်လှန်ရေး အောင်ပွဲ ရနေပါလိမ့်မယ်။ အလိုင်ဒါကိုလည်း ပြောပြလိုက်ပါ၊ (ချေရဲ့ဇနီး) ဒီအဖြစ် အပျက်ကို မေ့ပစ်လိုက်တော့၊ နောက် အိမ် ထောင်ပြုလိုက်ပြီး ပျော်ပျော်ရွှင်ရွှင် နေကြပါ၊ ကလေးတွေကိုလည်း ဂရုစိုက်ပြီး ပညာ သင်ပေးပါ။ ဒါပါပဲ၊ ကဲ ပစ်မယ့်သူတွေ သေသေ ချာချာ ချိန်ပစ်ကြ"

သေဆုံးသွားတဲ့ ချေရဲ့အလောင်းကို ဇင်တီနိုရဲ့ ရဟတ်ယာဉ် ပေါ်ဆွဲတင်ပြီး ဗယ်လီဂရန်ဒေကို ပျံသန်းခဲ့တယ်။ ရောက်တဲ့အခါ သွေးတွေကို ဆေးကြောသန့်ရှင်းပြီး ဆေးရုံအဝတ်လျှော်တဲ့ အခန်းထဲ မှာထားပြီး လူတွေကို ပြသခဲ့ပါတယ်။ ဒါဟာ ချေဂွေဗားရားရဲ့ နောက် ဆုံးအချိန် အဖြစ်အပျက် ရပ်တည်ချက်ပါပဲ။

ထက်မြက်